# City MAGAZINE

Vol- 243, 2016



## ဒုတိယကမ္ဘာစစ်မီးတောက် ကူးစက်ခံရသော မြို့၏
## မြူနီစီပါယ် ကော်မတီအဖြေ့ဖြင်းအလဲ

# City MAGAZINE

VOL - 243, 2016

အယ်ဒီတာချုပ်
ကိုရာဇာ

အမှုဆောင်အရာရှိ
စောလှဦး

အကြံပေးအယ်ဒီတာ
ဖိုးမောင်သက်

အယ်ဒီတာ
ကိုစော(ပထဝီဝင်)

စာပြင်
သင်မိုးနီ၊ အောင်ကျော်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
MOE-Z

စာစီစာရိုက်
မြတ်မြတ်၊ သျှင်မင်း

စာတ်ပုံ
သန့်စင်၊ စောသိန်းဝင်း

ပန်းချီသရုပ်ဖော်
အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ကျော်စွာသိန်း

ပုံနှိပ်ထုတ်ဝေသူ
ဦးသစ္စာ
ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

ပုံနှိပ်တိုက်
မြို့တော်ပုံနှိပ်တိုက်မြဲ(၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊
ကြည့်မြင်တိုင်မြို့နယ်။

ဖြန့်ချိရေး
ကျော်မင်းထိုက်၊ အောင်မျိုးသန့်၊
ဖုန်း - ၀၉၂၅၂၄၂၁၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်။
ဖုန်း ၀၁-၅၀၃၆၇၀၊

ဖက်(စ်) ၀၁-၅၀၃၆၂၆



Email: yangoncitynews@gmail.com



တန်ဖိုး
၂၀၀၀ ကျပ်

အုပ်ရေ
၂၀၀၀

# City MAGAZINE



# CONTENTS

VOL:243,2016


4 EDITORIAL NOTE

## POEM

5 တောစီးဖိနပ်ကလေးတစ်ရံ — မြင်းမှုမောင်နိုင်မိုး
6 ဥမကွဲ သိုက်မပျက် — ကျော်စောဟန်
7 ဘဝကျောင်း — မောင်လွမ်းနိုင်(စံပယ်ငုံ)
8 ရပါတယ် — မောင်စိမ်းနောင်(လယ်ဝေး)
27 ဘဝနှင့် အလှ — မွှေးငယ်ငယ်
28 ငြိမ်းချမ်းရေး — အေးမျိုးကြည်
81 ကဗျာလမ်း — ခက်လှိုင်းကျော်
82 မျက်ရည်များနှင့် ရေးလိုက်တယ်အမေ — နေဦး (အ . စ၊ အောင်ဆန်း)
117 ဝေးရက် — မင်းဇော်ထွေး
118 ချစ်ခြင်းတရားဖြင့် — မင်းသွေးနွယ်(ဇီးကုန်း)

## CARTOON

9 ကိုကျော်
10 ကျော်ကိုကို
11 အောင်အောင်ထွေး
12 ဖြိုးလေး
13 မြေရှိင်း
33 ရန်ကြီးအောင်
67 ဇက်တီ
68 မောင်မောင်ညွှက်
96 ဇိန်းသော်
97 စောဟန်

## COVER ESSAY

48 ဒုတိယကမ္ဘာစစ်မီးတောက် ကူးစက်ခံရသောမြို့၏ မြူနီစီပါယ်ကော်မတီ အပြောင်းအလဲ — မြူလင်း

## RELIGION

18 မဟာသကျ အတုလမာရ်အောင် ငါးထပ်ကြီးဘုရား — မောင်မြတ်မွန်
22 စိတ်ရဲ့အလင်း — ကိုဇော်

## CITY ARTICLE

14 မြို့ပြအရေးနဲ့ ဘောဂဗေဒအတွေး — ဇော်ဟိန်း
29 ရေသန့်တွေက တကယ်သန့်ရဲ့လား — ကိုကိုအောင်
41 သေမင်းကို ရင်ဆိုင်ရဲသော ဗိုလ်ရာကွတ် — ရဲဘော်ကျော်ဆန်း
98 သူဌေးဖြစ်နည်း — ထင်ကျော်(အော်ဂဲနစ်မြေသြဇာ)


















## ESSAY


69 ခြေချစရာ နေရာတစ်နေရာဆီသို့ — ယော်နု(နေရှုရာ)
83 မိသားစုတွေ စုံစုံညီညီ အိပ်မောကျချင်ပါသည် — မောင်သာစိုး


## PHOTO


72 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ — သန့်စင်


## CELEBRITY


103 CELEBRITY AND SHOWBIZ — ကိုသားကြီး


## SHORT STORY


34 မစင်တစ်ရွေး — ဆင်ဖြူကျွန်းအောင်သိန်း
43 အထင် — မစန္ဒာ
53 မငိုနဲ့နော် မလွမ်းဘို — သောင်းဝေဦး
76 မေတ္တာစက်ဝိုင်း — မြတ်ကိုကို(ရကွ)
91 မီးရောင်အောက်တွင် ဇာတ်ရုပ်ထင်သည် — အောင်သူရိန်(ပုလဲ)
107 မြန်မာပြည်ကျောက်တိုင်အမှတ်(၅၅) — နီသင်အောင်ကျော်မိုး
124 ရေးချင်ဦးဟဲ့ ကိုယ်တွေ့ဝတ္ထု — ကောင်းကင်မေ([illegible])
131 လက်မှုပညာရှင် — ပန်းတနော်နောင်လတ်
137 သင်ဦးချ၍ အမျှဝေရာ — မင်းထက်ငြိုင်


## YOUTH


150 ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန် — ကိုဇော(ပထဝီဝင်)


## JOKE


61, 66, 80, 90, 95, 102, 116 — မောင်သီဟ


## HEALTH


62 အသည်းရောဂါအကြောင်း တစေ့တစောင်း — လွင်မိုးဟန်(DIO)
87 သွေးတိုးနှင့် စားသောက်မှုပုံစံ — ဒေါက်တာရဲကို
119 မှုးယစ်ကင်းစင်ဒွိဘဝအသွင် အစဉ်ဖွံ့ဖြိုးကြီးပမ်းစို့ — စိန်မေရီလွင်မိုး


## LONG STORY


154 မေတ္တာရှင်မလေး ဂျိန်း — မောင်သီဟ

# ရှေးဦးစကား

"ဆိုရေးရှိက၊ ဆိုအပ်လှ၊ ဆိုစများလျှား။
ထားပချေမိ ငှါဝန်ရှိခဲ့" ဟူသည့်
ရှေးပညာရှင်များ အဆိုအမိန့်ကို ဦးထိပ်ပန်ဆင်ပြီး
City Magazine 243 နှင့်ပတ်သက်၍ ရှေးဦးစကား ဆိုချင်ပါသည်။

မင်္ဂလာဗင်းကို ယခင်ဆိုခဲ့ဖူးသည့်အတိုင်း အဖိုးနည်းဝန်ပါဖြစ်အောင်
ကြိုးစားထုတ်ဝေရာတွင် တစ်ခါတစ်ရံ ဝန်နှင့်အား မမျှသည်များလည်း
ကြုံတွေ့ရပါသည်။ "မဂ္ဂဇင်း" ဟူသည့်အလျောက် ကဏ္ဍစုံစေချင်ပါသည်။
အလေးအပေါ့မျှစေချင်ပါသည်။ လေးလွန်းသဖြင့် ဝန်ပိသွားသည်မျိုး၊
ပေါ့လွန်းသဖြင့် ဘာမှမကျန်သည်မျိုး ဖြစ်သွားမှာစိုးပါသည်။

သို့ဖြင့် ဖတ်စရာမှတ်စရာဆောင်းပါးများရအောင် စုဆောင်းရင်း၊
လောက၏အခြင်းအရာကို တစ်ထောင့်တစ်နေရာမှ စေ့ငုရှုမြင်နိုင်သည့်
ရသဝတ္ထု၊ စာတမ်းများကိုလည်း ဖော်ပြထားပါသည်။

အတိတ်ကိုအောက်မေ့၍ ပစ္စုပ္ပန်တွင် ရှန်းကန်လျက်
အနာဂတ်ကို ထုဆစ်ပုံဖော်လိုသည့် အတွေးအမြင်ကို နှီးနွှောထားပါသည်။
ခေတ်ကို မျက်ခြေမပြတ်စေဘဲ ဆင်ခြင်သုံးသပ်နိုင်အောင်
City Magazine 243ပါ စာစုများက တစ်စုံတစ်ရာ
တွန်းအားပေးထားကြောင်း၊ စာဖတ်ပရိတ်သတ်က
လက်ခံအသိအမှတ်ပြုပါလျှင် မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက်
ဝိုင်းဝန်းကြိုးပမ်းကြသူ အားလုံးက ကျေနပ်အားရစွာဖြင့်
ဆက်လက်အားထုတ်သွားမည်ဟု ကတိပြုပါကြောင်း။ ။

အယ်ဒီတာချုပ်

# တောစီးဖိနပ်ကလေးတစ်ရံ

သမီးလေးက၊ ချက်ချာလှ၏
မွေးမြို့ နအိ၊ မြတ်သီရိတဲ့
ဖ မိနစ်ပါး၊ အချစ်မွှားအောင်
ပါးလည်း ပါးနပ်၊ စကားတတ်ဘိ
စာဖတ် ဝါသနာ၊ သူ့ တွင် ပါ၏။
ကျောင်းစာသင်ခန်း၊ မှုလတန်း မင့်
လက်လှမ်း မီရာ၊ ဂျာနယ် မဂ္ဂဇင်း
ရင်းနှီး ထိတွေ့၊ သူဖတ်လေ့၏။
အဖေ့ သေတ္တာ၊ မွှေနှောက်ရှာလျက်
စာအုပ်ဟောင်းတွေ၊ သူမှ မွှေရင်း
"အဖေရေ . ..ဒီမှာ၊ အမေ့စာတော့
ထာဝရ ကိုကို၊ အို . .ဘယ်လိုတွေလဲ"
ရယ်ကျဲကျဲနှင့်
ဆိုလည်း ဆိုတတ်၊ ကျီစယ်တတ်ကာ
ပါးစပ်ကမေး၊ လက်ကရွေးသည့်
ဖေ့သွေးပါတဲ့ သမီးလေးငယ်။
သေတ္တာ ဟောင်းတွေ ဖွမွှေတယ်။
ကြိုက်ရာ စာအုပ် ရှာမြဲကွယ်။
တစ်နေ့လယ်မှာ၊ စာအုပ်ရှာရင်း
"သဝဏ်လွှာ ပို့စကတ်"
"လွတ်လပ်ရေးနေ့ အမှတ်တရ"
"တပ်မွေးနေ့ အမှတ်တရ"
မှတ်တရလေးတွေ၊ ဟောင်းနွမ်းနေပြီ
အဖေရေ . . .သမီးမက်စွဲ၊ ပန်းချီဆွဲဖို့
ခုပဲ ယူလိုက်တော့မယ်နော် . . .တဲ့။

"ဟော . . .အဖေ
စာအုပ်ဟောင်းတွေ၊ ကောင်းနေတာလေး
သမီးကိုပေးနော်၊ ဟောင်းဆွေခြကိုက်
အမှိုက်နီးပါး၊ စာအုပ်များတော့
မထားနဲ့တော့ သံယောဇဉ်။
သေတ္တာရှင်းအောင် စွန့်ပစ်ချင်။"

"အဖေရေ ဒီမှာ၊ တွေ့ပြန်ပါပြီ
ဘာမှအသုံးမကျ၊ ဟောင်းလွန်းလှပေ့ါ
အရောင်က ပြယ်၊ အသွင်ရယ်နွမ်း
ရှေ့တန်း ခရီး၊ အဖေစီးတဲ့
တောစီးဖိနပ်၊ ပြားချပ်ချပ်လေး
ကြိုးပြတ်လှပြီ၊ သီကာရီနှင့်
သည့်သေတ္တာထဲ မထားချင်။
လွှင့်ပစ်လိုက်လျှင် ကောင်းမည်ထင်။"

ဩော် . . .သမီးရေ . . .
စာအုပ်လေးတွေ၊ ပို့စကတ်တွေ
ဓာတ်ပုံလေးတွေ၊ ပေးစာတွေ
ဒါတွေအားလုံး၊ သမီးသုံးပါ
သုံး၍မရ၊ ပစ်လိုက်ပါကွယ်
မွေးဖ သဘော၊ မနမြောဓိ
တောစီး ဖိနပ်၊ ပြားချပ်ချပ်ကလေး
ကြိုးပြတ် လှပေ၊ သည့်အခြေလည်း
အဖေ မက်မော၊ သူကို နမြောတယ်
သဘောပေါက်အောင် ရှင်းပြမယ်။
သမီးလေးရယ် နားထောင်ကွယ်။




အဖေတို့ စစ်သား၊ ဆိုစကားမှာ
ပါးကမန်း၊ ဖဝါးကနသတဲ့
ဖုထစ်ကြမ်းတမ်း၊ ခရီးလမ်းမှာ
ခြေလှမ်း မပြတ်၊ နေ့ညဉ့် ထပ်လို့
ဖိနပ် တောစီး၊ အမြဲ စီးရင်း
ခရီးပေါက်ခဲ့ ရတယ်ကွယ်။
သူကိုနင်း၍
ဆူးခင်းသောလမ်း၊ ဘေးမသန်းဘဲ
ဖြတ်သန်းနိုင်ခဲ့ ပါတယ်ကွယ်။
သူကိုဝတ်၍
စွတ်စို မိုးသည်း၊ ချောင်းရေထဲလည်း
ရဲရဲဆင်းနိုင် ခဲ့တယ်ကွယ်။

အဖေ့ဘဝ
စဆုံးခရီး၊ မငြီး မဖောက်
သွေးသောက်ရင်းချာ၊ ပုံပမာလျှင်
မကွာ အသင့်၊ အဖေနင့်တည့်
မြင့်မား မတ်စောက်၊ တောင်ကို လျှောက်စဉ်
လျှို ချောက် ကမ်းပါး၊ ဆင်း၍သွားစဉ်
ကျည်များ ပျံဝဲ၊ စစ်ဆင်နွှဲစဉ်
မခွဲခွာသော၊
တောစီး ဖိနပ်၊ ပြားချပ်ချပ်ကလေး
မြတ်နိုး နေတုန်း၊ ခင်မင် တုန်းကွယ်
နောက်ဆုံး စီးခဲ့၊ ဝတ်ဆင်ခဲ့လို့
တကယ့်ရင်းချစ်၊ ဖော်မွန်စစ်သို့
သေတ္တာထဲမှာ သိမ်းထားချင်။
အဖေ့အတွက် အမှတ်တရပင်။

ဩော် . . .သမီးလေးရယ်
အဖေ လျှောက်လာ၊ ခရီးတာဝယ်
သစ္စာလေးချက်၊ ဦးထိပ်ရွက်ရင်း
အသက်လျှူစွန့်၊ ရဲဝံ့စွန့်စား
တာဝန်များနှင့်
သားဝန် သမီးဝန်၊ အိမ်ထောင့်ဝန်ကို
ကျေပွန် စွမ်းအား၊ ထမ်းနိုင်ခြားအောင်
ဖဝါး အောက်မှာ၊ နေခဲ့ရှာလျက်
ပါဝင်ခဲ့သေး၊ တောစီးလေးကို
တွေးတိုင်း အဖေ၊ မြတ်နိုးပေသည့်
"အဖေလည်း သွား၊ သူလည်း သွားခဲ့
အဖေလည်း နား၊ သူလည်း နားပစေ"
သွားတူ လာဖက်၊ မပစ်ရက်ဘူး
ချစ်မက် တွယ်ဆဲ၊ သေတ္တာထဲဝယ်
လဲလျောင်း ပန်းဖြေ နေပါစေ
ခွင့်လွှတ် လိုက်ပါ သမီးလေးရေ။ ။

မြင်းမှုမောင်နိုင်မိုး



# ဥမကွဲ သိုက်မပျက်

ရှေးပဝေ စဥ်အဆက်
ဝတ်မပျက် ထုံးစဥ်လာ
သွေးစည်းကာ ညီနောင်များ
မပြားညီညာ၊
လွတ်လပ်တဲ့ ချုပ်အခြာ
တိုက်ယူခါ တွလက်တွဲ
ဖွံ့ဖြိုးသာ ညီညာကဲ့၊
မကွာစေ ဝေခန့်ခွဲ
မျှဝေကြမြဲ။

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး
ကိုယ့်ခရီး လမ်းသာအောင်
ကိုယ့်“မူ” “ဘောင်” ကိုယ်တိုင်ရွေး
ရှေ့ရေးဖော်ဆောင်၊
လွတ်လပ်တဲ့ တို့ပြည်ထောင်
ညီနဲ့နောင် တွတွတွဲ
အေးအတူ ပူမခွဲ
တစ်သက်အမြဲ။

တိုင်းပြည်နယ် ဆယ့်လေးခု
ပြည်ထောင်စု သာသာယာ
သွေးရင်းချာ တစ်အူထုံ့ဆင်း
ရှိုင်းပင်းညီညာ၊
ကျစ်ကျစ်လျစ် သိပ်သည်းသေချာ
ချစ်ကြည်စွာ တွလက်တွဲ
သွေးစည်းကာ ဥမကွဲ
သိုက်မြုံနိုင်မြဲ။

ကိုယ့်ပြည်ကို မမြတ်နိုး
ပုဆိန်ရိုး ကလိကမာ
သွေးခွဲလှာ မာယာအပြား
ဖယ်ရှားညီညာ၊
သွေးစစ်တဲ့ အင်အားခိုင်မာ
ရန်တကာ ကျော်ကာလွှား၊
သပ်လျှိုတဲ့ ဘေးစကား
မြဲသတိထား။

ကျော်စောဟန်

# ဘဝကျောင်း

အမှားလုပ်မိ၊ အမှန်သိက
တိကန့်ရပ်၊ သတိချပ်ပါ
ဖြစ်တတ်နိုင်သည့် သဘောတရား။

မမှန်ပြောမိ၊ အမှန်သိက
ငြိနွမ်းမထင်၊ ချက်ချင်းပြင်ပါ
ဖြစ်စဉ်လမ်းကြောင်း ဆိုးအကောင်း။

ခြေအနေဆိုး၊ ဝင်တိုးမျှော်ကြည့်
ခြေဆန့်မိသော်၊ မှားသည့်အင့်
တန့်ကန့်ဖြတ်၊ ချက်ချင်းရပ်လော့
ဖြောင့်မတ်ခြင်း၏ သဘောတရား။

အမှားလုပ်ရပ်၊ မပြင်တတ်လျှင်
လုပ်ရပ်အမှန်၊ ရှက်တတ်ရန်နှင့်
မမှန်သဘော၊ အမှန်ပြောက
စစ်ကြောပိုင်းဖြတ်၊ ပြုပြင်တတ်မှ
လူ့ရပ်ဝန်းကျင်၊ အလှဆင်လိမ့်
ပြုပြင်ထိန်းမ၊ ဤလောကလျှင်
ဘဝကျောင်း၏ လေးညို့သံ။ ■

မောင်လွှမ်းနိုင်(စံပယ်ငုံ)



# ရပါတယ်


ခဏတာအလွှယ် ချိုနွဲ့ပျားရယ်နဲ့
"ရပါတယ်"ဆိုတဲ့ စကားရယ်ကြောင့်
မှားခဲ့ပေါင်းများချေပြီ။

အလွှယ်တွေးတာကြောင့်
ဘယ်အရေးဟာ ဘယ်လိုမြင့်တယ်လို့
ဘယ်အတွေးဟာ ဘယ်လိုသင့်မယ်လို့
ချင့်တွက်မှုမပါ
ရင့်ကျက်မှုဗလာနဲ့
အရာရာ သို့ဆုံးဖြတ်
ရလဒ်မပီ။

အကြုံ့အတွေ့အမှန်နဲ့
ဘုံ့ဓလေ့ဟန် သဘာဝကိုဖြင့်
ပမာပြုကာ ဘယ်ပုံဆိုလည်း
မလိုရာ ပိုကာကဲတယ်လို့
လိုရာခွဲ ဆိုတတ်သည့်
ကြားရမည့် ဘယ်မဆန်း။

မြင်တတ်ပါစေ . . .
ပြင်တတ်စေ ဘယ်လိုပြုပေလည်း
ရလိုသူ မယူတတ်ရင်ဖြင့်
ကြောင်းရပ်အဖြာဖြာ၌
အမှားသာ ဖန်ဖန်ဆင့်မည့်မို့
ရှောင်သင့်သည့်ရှောင်
ဆောင်သင့်ဆောင် အမှန်ချဉ်းလို့
"ရပါတယ်"ပယ်ခွာရှင်းကြရင်
သတင်းဂုဏ် သင်းထုံမွှေးလို့ရယ်
ထွေးပိုက်အောင်ပန်း။ ။

မောင်စိမ်းနောင်(လယ်ဝေး)



# City CARTOON



# City CARTOON



# City CARTOON



# City CARTOON



# City CARTOON





# မြို့ပြအရေးနဲ့ ဘောဂဗေဒ အတွေး

ဇော်ဟိန်း

၂၀၁၆ ခုနှစ်အလွန် အစိုးရသစ် တက်လာတဲ့အခါ ပြည်သူအများစုက ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရ ဒီမိုကရေစီလမ်းကြောင်းအတိုင်း တစိုက်မတ်မတ် လျှောက်လှမ်းမယ့် အရပ်သားစစ်စစ် အစိုးရဆိုပြီး နိုင်ငံနဲ့အဝန်း ဒေသအတော်များများက ကြိုဆိုထောက်ခံခဲ့ကြပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း အသိအမှတ်ပြုခဲ့ကြပါတယ်။ အစိုးရအဖွဲ့ကလည်း အမျိုးသား ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ထားရှိပြီး တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။





ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် စတဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာ အကူအညီ အထောက်အပံ့များရယူပြီး အာဆီယံဒေသတွင်း ဈေးကွက်မှ ကမ္ဘာ့ဈေးကွက်အတွင်းကို ထိုးဖောက် ဝင်ရောက်နိုင်မယ့် ဈေးကွက်စီးပွားရေးရဲ့ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်း အကောင်အထည်ဖော်နေတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံဟာ ငွေကြေး စုဆောင်းနိုင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ နည်းပညာနဲ့ ကျွမ်းကျင်လုပ်သား ရရှိနိုင်မှုတို့အပြင် အခြေခံအဆောက်အအုံဆိုင်ရာ အားနည်းချက်တွေကြောင့် ကာလတိုအတွင်းမှာ တိုင်းပြည်ရဲ့စီးပွားရေး မြင့်တက်လာအောင် လုပ်ဆောင်နိုင်ဖို့ ခဲယဉ်းပါတယ်။ လတ်တလော ပြုပြင်ဆောင်ရွက်ရမယ့်ကိစ္စ၊ ရေတိုရေရှည် စီမံကိန်းချပြီး လုပ်ရမယ့်ကိစ္စ စသည်ဖြင့် ဦးစားပေးအလိုက် ပိုင်းခြားသတ်မှတ်ပြီး လမ်းကြောင်းမမှားအောင် သွားနိုင်၊ လုပ်နိုင်မှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ပြည်သူလူထုကတော့ နိစ္စဓူဝ တွေ့ကြုံနေရတဲ့ စားဝတ်နေရေးကိစ္စတွေကိုသာ အာရုံထားပြီး အဆင်ပြေသွားအောင် ဘယ်လို လုပ်ပေးမှာလဲဆိုတဲ့ အတွေးအမြင်များသာ လွှမ်းမိုးနေကြတာ တွေ့မြင်ရပါတယ်။ လယ်ယာကဏ္ဍမှာ မြေသိမ်းယာသိမ်းကိစ္စတွေကို ရှေ့တန်းတင်ထားသလို၊ စက်မှုကဏ္ဍမှာလည်း အလုပ်ရှင်၊ အလုပ်သမား ပြဿနာတွေကို ဖြေရှင်းပေးဖို့ လိုလားနေကြပါတယ်။ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်ပြည်သူများနဲ့ မြို့နေလူတန်းစား၊ မြို့ပြဆင်းရဲသားများကတော့ ခေတ်အဆက်ဆက်ကြုံတွေ့နေရတဲ့ အကြပ်အတည်းများကြားက ရုန်းမထွက်နိုင်သေးတဲ့ အခြေအနေမှာ ရှိနေပါတယ်။ ဒါဟာ ဒီမိုကရေစီအသွင်ပြောင်း ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ကြုံတွေ့ရလေ့ရှိတဲ့ ဖြစ်စဉ်များသာ ဖြစ်ပါတယ်။ အထူးသဖြင့် မြို့ပြလူထုရဲ့ အတွေ့တွေ့မွန်းကြပ်မှုဟာ ထင်သာမြင်သာရှိတဲ့အတွက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မြို့ပြ ကြပ်တည်းမှုကို ကျေးလက်နဲ့ ဆက်စပ်ဆောင်ရွက်ခြင်းအားဖြင့် ထွက်ပေါက်တစ်ခုကိုရရှိမှာ ဖြစ်ပါတယ်။



မြို့နေလူထုရဲ့ နေထိုင်စားသောက်မှု၊ လှုပ်ရှားသွားလာမှုတို့ကို အဆင်ပြေအောင် ဆောင်ရွက်ပေးဖို့ မြို့ပြအုပ်ချုပ်ရေး အဖွဲ့အစည်းများကို တောင်းဆိုတဲ့အခါ အစိုးရအဖွဲ့ရဲ့ ဖြည့်ဆည်းပေးနိုင်မှုအပေါ် မကျေမနပ် ဖြစ်ကြလေ့ရှိပါတယ်။ ဒီနေရာမှာ မြူနီစီပယ်၊ မြို့ပြစည်ပင်သာယာရေးမြို့ဝန်ကို လက်ညှိုးထိုးကြပါတယ်။ ဘောဂဗေဒပညာရှင် အဒမ်စမစ်ရဲ့ အရိုးရှင်းဆုံး သီအိုရီနည်းစဉ်ဖြစ်တဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအား၊ လူတို့ရဲ့ လိုအင်နဲ့ လိုအပ်ချက်ဆိုတာတွေကို မြို့ပြရဲ့ ပြဿနာမှာ ထည့်သွင်းချိန်စက်ကြည့်ရင် ဟိုဘက်သည်ဘက် အားမျှတဲ့ အဖြေတစ်ခု ထွက်မယ်လို့ ယူဆပါတယ်။ လူ့ယဉ်ကျေးမှုသမိုင်း ဖြစ်စဉ်တစ်လျှောက်မှာ သမိုင်းဦးဘုံမြေခေတ်မှသည် ယနေ့ခေတ် ၂၁ ရာစုရောက်တဲ့အထိ လူတွေဟာ တစ်ဦးချင်းရော၊ အဖွဲ့အစည်းလိုက်ပါ တိုးတက်မှုကိုရှာဖွေပြီး ရပ်တည်ရှင်သန်နေကြပါတယ်။ လူတွေရဲ့ ဆန္ဒအရ တီထွင်ကြံဆလုပ်ကိုင်ကြရင်း လူ့အသိုင်းအဝိုင်းရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေဟာ မြင့်မားလာကြပါတယ်။ အတွေးအခေါ် အယူအဆအမျိုးမျိုးပေါ်အခြေခံပြီး လူ့သမိုင်းရဲ့ တိုးတက်ခြင်း၊ ဆုတ်ယုတ်



**လိုအင်ဆန္ဒနောက်ကို အမြဲလိုက်တတ်တဲ့လူတွေဟာ တစ်ခုရလည်း နောက်တစ်ခုတောင်းဆိုဖို့ ဝန်လေးမယ် မဟုတ်ပါ။ ဒါကိုလည်း အစိုးရအဖွဲ့က အရေထူထူနဲ့ ခံနိုင်စိတ်မွေးပြီး ဝန်ဆောင်မှုပေးနိုင်အောင် ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။**

ခြင်းတွေကလည်း ဖြစ်ပေါ်လာပါတယ်။ လူတွေဟာ လိုအင်ဆန္ဒနဲ့ လိုအပ်ချက်ကို ကွဲကွဲပြားပြားသိပြီး ဦးစားပေးအလိုက် ရွေးချယ်လုပ်ဆောင်ကြရလေ့ရှိပါတယ်။

လူတွေရဲ့လိုအင်ဟာ အကန့်အသတ်မဲ့တဲ့အတွက် စိတ်ကူးရှိသလောက် အကျယ်ချဲ့နိုင်ပါတယ်။ ဒါပေမဲ့ အရေးကြီးတာက လူတွေရဲ့လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးခြင်းသာဖြစ်တယ်လို့ အဒမ်စမစ်က ဆိုပါတယ်။ ပစ္စည်းမဲ့လူတန်းစားတွေဘက်က ရပ်တည်တဲ့ ကားလ်ဟိန်းနရစ်၊ မာ့က်(စ်)ကတော့ လူတွေရဲ့ အခြေခံလိုအပ်ချက်ကို ဦးစားပေးဖြည့်ဆည်းရမယ်လို့ ဆိုပါတယ်။ ၁၉ ရာစုမှ ၂၀ ရာစုကို ပြောင်းလာသလို၊ ဒီကနေ့ကာလ ၂၁ ရာစုမှာတော့ တစ်ချိန်က ဇိမ်ခံပစ္စည်းတွေဟာ အခြေခံလိုအပ်ချက်ပစ္စည်းတွေအဖြစ် ပြောင်းလဲသွားပါတယ်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရောနစ် ပစ္စည်းတွေဟာ ခေတ်ဟောင်းရဲ့ ဇိမ်ခံပစ္စည်းဖြစ်ပေမယ့် ခေတ်သစ်မှာ ပြည်သူလူထုအတွက် အခြေခံလိုအပ်ချက်တွေ ဖြစ်လာပါတယ်။ မီးဖိုချောင်သုံး၊ အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းတွေဟာ မြို့ပြအိမ်ထောင်မှုသုံးပစ္စည်းတွေဖြစ်လာသလို မော်တော်ယာဉ်တွေဟာလည်း အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်တွေ ဖြစ်လာပါတယ်။ ဒါကြောင့် ခေတ်ကာလအခြေအနေကိုလိုက်ပြီး လူတို့ရဲ့ အခြေခံလိုအပ်ချက်တွေဟာ ပြောင်းလဲလာတတ်ပါတယ်။ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့၊ အခက်အခဲမရှိ အဆင်ပြေစွာ အသုံးပြုနိုင်ဖို့ ဖန်တီးရာမှာ အများပြည်သူနဲ့ သက်ဆိုင်တယ်ဆိုရင် အစိုးရအဖွဲ့အစည်းက တာဝန်ယူ လုပ်ဆောင်ပေးရသလို၊ ပြည်သူတစ်ဦးချင်းက မှန်မှန်ကန်ကန် စနစ်တကျ အသုံးပြုဖို့ တာဝန်ရှိပါတယ်။




မြို့ပြတွေထဲက အထင်ကရဖြစ်တဲ့ ရန်ကုန်မြို့မှာ လူပြောအများဆုံးဖြစ်တဲ့ ယာဉ်ကြောကြပ်တည်းမှုပြဿနာကို အစိုးရအဖွဲ့က နည်းလမ်းမျိုးစုံအသုံးပြုပြီး ဖြေရှင်းပေးရမယ်။ အများပြည်သူ ပို့ဆောင်ရေးကဏ္ဍကို အစိုးရအဖွဲ့ရဲ့ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်တယ်ဆိုတာ ကောင်းစွာသဘောပေါက်ပြီး ဖြည့်ဆည်းပေးရမယ်။ ခရီးသွားပြည်သူတွေကလည်း သတ်မှတ် စည်းကမ်းတွေနဲ့အညီ လိုက်နာပြီး လိုက်ပါစီးနင်းရမယ်။ အလားတူပဲ ကျူးကျော်ဆိုင်ခန်း၊ လမ်းဘေးဈေးသည်တွေရဲ့ ကိစ္စကိုလည်း အစိုးရအဖွဲ့၊ စည်ပင်သာယာရေးကော်မတီနဲ့ ဈေးရောင်းဈေးဝယ်၊ ပြည်သူတို့က ပူးပေါင်းဖြေရှင်းကြရပါလိမ့်မယ်။ မော်တော်ယာဉ်လမ်းဟာ မော်တော်ယာဉ်များ စည်း



ကမ်းတကျ သွားလာမောင်းနှင် ရပ်နားဖို့ ဖြစ်သလို၊ လူသွားစင်္ကြံန်ဟာလည်း လူတွေ သွားလာဖို့သာဖြစ်ပါတယ်။ လမ်းအသွယ် သွယ်ဟာ ဈေးဆိုင်ခင်းဖို့မဟုတ်သလို သတ် မှတ်ဈေးဆိုင်တန်းတွေဟာလည်း မော်တော် ယာဉ်သွားဖို့ မဟုတ်ဘူးလို့ ကွဲပြားခြားနား စွာ သိတတ်ရပါမယ်။ ဒီ သဘောတရား အတိုင်း နောက်ဖေးလမ်းကြားနဲ့ လမ်းမ တန်းတွေဟာ အမှိုက်ပစ်ဖို့ မဟုတ်သလို အမှိုက်ပစ်နေရာ၊ အမှိုက်ပုံးတွေဟာလည်း စည်ပင်သာယာရဲ့ အမှိုက်သိမ်းစုရပ်များ ဖြစ် ပါတယ်။ ရေနုတ်မြောင်း၊ ရေထုတ်မြောင်း တွေဟာ အမှိုက်စွန့်မြောင်း မဟုတ်သလို၊ ရေမြောင်းများ ရေစီးရေလာကောင်းဖို့ မြို့ တော်စည်ပင်က ကြပ်မတ်လုပ်ဆောင်ပေးရ ပါလိမ့်မယ်။

မြို့နေလူထုရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်စွမ်းနည်းပြီး စီမံခန့်ခွဲမှု လိုအပ်ချက်မှာ များပြားနေတဲ့ ကာလက ဆယ်စုနှစ်တွေနဲ့ချီပြီး ကြာခဲ့တာကြောင့် မြို့ပြပြည်သူတွေဟာ အစိုးရသစ်လက်ထက် မှာ မျှော်လင့်တကြီး တောင်းဆိုမှုတွေ များ ပြားနေတာကိုလည်း သဘာဝကျကျ တွေ့ မြင်ရပါတယ်။ ဒါဟာ အခြေခံလိုအပ်ချက် ဝယ်လိုအားဖြစ်ပါတယ်။ အဂတိလိုက်စားမှု တွေနဲ့ ယိုယွင်းနေတဲ့ အစိုးရယန္တရားကို ပြု ပြင်ရင်း ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရခြင်းဆိုတာကတော့ အစိုးရ အဖွဲ့ရဲ့ ရောင်းလိုအားပဲဖြစ်ပါတယ်။ ဘောဂ ဗေဒ သီအိုရီအရ ဝယ်လိုအားကများပြီး ရောင်းလိုအားနည်းရင် ကုန်ဈေးနှုန်းတက်ပါ လိမ့်မယ်။ မြို့ပြလူထုရဲ့ လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်ရင် အစိုးရ အဖွဲ့ကို ပြစ်တင်ဝေဖန် ပြောဆိုကြပါလိမ့် မယ်။ ရောင်းလိုအားကများပြီး ဝယ်လိုအား ကနည်းရင် ကုန်ဈေးနှုန်းကျဆင်းပါလိမ့် မယ်။ အစိုးရရဲ့ ဖြည့်ဆည်းပေးနိုင်မှုက ပြည်သူလူထုရဲ့ လိုအပ်ချက်ထက်ပိုပြီး ဖြည့် ဆည်းနိုင်ရင်တော့ အစိုးရအဖွဲ့အပေါ် တခြားလိုအပ်ချက်၊ တောင်းဆိုမှုတွေ ရလာ ပါလိမ့်မယ်။ ဒီနေရာမှာတော့ ဘောဂဗေဒ သီအိုရီနဲ့ ကွဲလွဲပါတယ်။ လိုအင်ဆန္ဒနောက် ကို အမြဲလိုက်တတ်တဲ့လူတွေဟာ တစ်ခုရ လည်း နောက်တစ်ခုတောင်းဆိုဖို့ ဝန်လေး မယ် မဟုတ်ပါ။ ဒါကိုလည်း အစိုးရအဖွဲ့က အရေထူထူနဲ့ ခံနိုင်စိတ်မွေးပြီး ဝန်ဆောင်မှု ပေးနိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ အစည်းအသီးသီးဟာ ရန်ကုန်လူထုရဲ့နိစ္စဓူဝ ကြုံတွေ့နေရတဲ့ အများပြည်သူ ပို့ဆောင် ရေးကို မော်တော်ယာဉ်၊ ရေယာဉ်၊ မီးရထား နည်းစုံသုံးပြီးလည်းကောင်း၊ ကျူးကျော် ပျံကျ၊ လမ်းဘေးဈေးသည်၊ ဆိုင်ခန်းတွေ ကို စည်းစနစ်ကျနစေဖို့ ပညာပေး အရေး ယူ၊ နေရာချထား စတဲ့နည်းစနစ်ကောင်း တွေနဲ့လည်းကောင်း၊ အမှိုက်သိမ်း၊ အမှိုက် ပစ် မှန်ကန်စေဖို့ အမှိုက်ပုံး အမှိုက်သယ် ယာဉ်၊ သန့်ရှင်းရေးသွင်းအားစု အစုံသုံးပြီး လည်းကောင်း ဆောင်ရွက်ကြရပါလိမ့်မယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေအပါအဝင် ရပ်ကွက် အဆင့်ထိ အစိုးရဝန်ထမ်း၊ လူမှုဝန်ထမ်း၊ ပြည်သူ့ရဲ၊ စည်ပင်ရဲ၊ မီးရထားရဲ တိုင်းခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး စတဲ့ တာဝန်ရှိပုဂ္ဂိုလ်အားလုံး ပိုင်းဝန်းဆောင်ရွက် ကြရပါလိမ့်မယ်။ အလုံးစုံအောင်မြင်ဖို့ဆိုရင် တော့ ပြည်သူလူထု၊ ရန်ကုန်လူထုသာလျှင် အခရာကျပါကြောင်း မြို့ပြအရေးကို ဘောဂ ဗေဒ သီအိုရီနဲ့တွေးဆပြီး ရေးလိုက်ရပါ တယ်။

**ဇော်ဟိန်း**



# ရန်ကုန်မြို့က ပထမအင်္ဂတေရုပ်တုတော်
# မဟာသက္ကျ အတုလမာရ်အောင် ငါးထပ်ကြီးဘုရား

မောင်မြတ်မွန် (ဆေးလေ)



စစ်ကိုင်းငါးထပ်ကြီးရုပ်တုတော်သည် မြန်မာပြည်၌ အင်္ဂတေဖြင့် ထုဆစ်ကိုးကွယ်သည့် ရုပ်တုတော်တွင် ပထမအကြီးဆုံးဖြစ်သည်။ ရန်ကုန်မြို့တွင် ပထမဦးစွာ တည်ထားကိုးကွယ်သော ''မဟာသက္ကျ အတုလမာရ်အောင် ဘွဲ့တော်ဆောင် ငါးထပ်ကြီး အင်္ဂတေရုပ်တုတော်သည် အောက်မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်မူ ဒုတိယအကြီးဆုံး ဖြစ်ပေသည်။

**ရန်ကုန်မြို့တွင် အင်္ဂတေဖြင့်ထုဆစ်သော ငါးထပ်ကြီး ရုပ်တုတော် တည်ထားကိုးကွယ်ခြင်း**

မြတ်ဘုရား ရွှေတိဂုံတည်ထားရာမှ အရှေ့မြောက်ယွန်းယွန်း ''တာ''ငါးရာခန့် အကွာအဝေး၌ သိင်္ဂုတ္တရကုန်းတော်မြတ်၏ အရံ(၉၉)ကုန်းတွင် အပါအဝင်ဖြစ်သည့် ''အရှေ့တောရကြီး''သည် သူတော်စင်တို့ အစုအစဉ် ''ရုက္ခမူအကျင့်မြတ်''ကျင့်ဆောင်ရာ အရပ်ဖြစ်သည်။ ထိုစဉ်က ရန်ကုန်မြို့သည် ဘုရားဖူးစခန်းမြို့ ဖြစ်သည့်အတွက် တောရကြီးများဖြင့် ဝန်းရံနေခဲ့သည်။ ရွှေတိဂုံဝန်းကျင်တွင် ကြားတောရနှင့် ဦးပြား တောရဟုလည်း ခေါ်သော ''အလယ်တောရ''တို့တည်ရှိနေသည်။ အနောက်ဘက်တွင်မူ ဗားကရာ (ဘာကရ်း(မွန်) ခရာဆူးချုံ) တောရတို့ တည်ရှိနေသည်။ လျှိုမြောင်ချိုင့် ဝှမ်းပေါ်များသည့် အရှေ့တောရ တောအုပ်ကြီး သားရဲတိရစ္ဆာန်တို့ ခိုအောင်းကျက်စားရာဖြစ်သဖြင့် ခရစ်–၁၉၀၃၊ မတ်လ(၂) ရက်နေ့တွင် ရွှေတိဂုံဘုရားသို့တက်သော 'ဇ'တောင်ရှိသည့် 'ကျားမ'သည် အရှေ့တောရကြီးသို့ ဝင်ရောက်ကျက်စားဖူးသည်ဟု မှတ်တမ်းပြုထားပေသည်။

ထို အရှေ့တောရအတွင်းရှိ ကျောင်းသခ်ိန်းတွင် အောက်မြန်မာပြည် ဟံသာဝတီလေးရပ်၏ အကြီးအချုပ် ဂိုဏ်းအုပ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ဦးအာသဘ သီတင်းသုံးတော်မူသည်။ ကောဇာသက္ကရာဇ် ၁၂၄၉/ ခရစ်–၁၈၈၇ခုနှစ်တွင် ဆရာတော်ကြီးအား ရန်ကုန်မြို့ ကုန်ဈေးတန်း(ကုန်သေးတန်း)ရပ်နေ ကုန်သည် ဦးဘေကြီး+ဒေါ်အုန်းခိုင်တို့က ''ဘုံငါးဆင့် ငါးထပ်ရှိသော အတုလရတနာမဟာ မင်္ဂလာဘုံကျော်' စံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ရာ

တိုင်ပေါင်းတစ်ရာပါဝင်၍ တိုင်တစ်ရာကျောင်းဟု အမည်တွင်သည်။ (ရှေးဟောင်းလက်ရာ အဆောက်အအုံ စာရင်းဝင် ဖြစ်သည်)။ ကောဇာ ၁၂၆၂၊ ခရစ်−၁၉၀၀ ပြည့်နှစ်တွင် ကျောင်းဒါယကာ ဦးဘေကြီး+ဒေါ်အုန်းခိုင်တို့၏ သားဖြစ်သူ ကောဇာသက္ကလတ်နှင့် ပရိက္ခရာကုန်သည်ကြီး ဦးဘိုးအောင်+ ဒေါ်စိမ်းရင်တို့က အရှေ့တောရကြီး အရပ်အတွင်းရှိ ဟောင်းနွမ်းယိုယွင်းနေသော ရှေးဟောင်းရုပ်ပွားဆင်းတုတော်များကို ဖြိုဖျက်ပြီး တောင်ကုန်းထိပ်သို့ ရွှေ့ပြောင်း၍ ဓာတ်ပေါင်းစုတင်ပူဇော်ခဲ့ ရုပ်ပွားတော်ကြီးတစ်ဆူကို ''သာလွန်မင်းတရားကြီး၏ သားတော် မင်းရဲနန္ဒမိတ် ကောင်းမှုတော်ဖြစ်သည့် စစ်ကိုင်းမြို့ရှိ ငါးထပ်ကြီး အင်္ဂတေရုပ်တုတော်ကို နမူနာယူကာ၊ ရန်ကုန်မြို့တွင် ပထမဦးဆုံးဖြစ်သည့် အင်္ဂတေရုပ်တုတော်အဖြစ် တည်ထားကိုးကွယ်သည်''။ စစ်ကိုင်းမြို့မှ ငါးထပ်ကြီး ဘုရားပုံတော်ကို နမူနာယူ၍ တည်ထားခဲ့သောကြောင့်လည်းကောင်း၊ ဘုံငါးဆင့် ငါးထပ်ရှိသော ဂန္ဓကုဋိ စံကျောင်းတော်ကြီးကို အစွဲပြု၍လည်းကောင်း 'ငါးထပ်ကြီးဘုရားဟုပင် အမည်တွင်သည်'။ ဆရာတော်ကြီး ဦးအာသဘက ဘုရားကြီးဘွဲ့တော်ကို 'မဟာသကျ အတုလမာရ်အောင်ဘုရားကြီး'ဟု ကမ္ပည်းတင်ခဲ့လေသည်။ အင်္ဂတေရုပ်တုတော်ကြီး၏ဉာဏ်တော်မှာ အမြင့်သံတောင် (၃၁) တောင်ရှိသည်။ အချိုးစနစ်တော်ကို 'သံ ပေါက်'ကဗျာဖြင့် မှတ်တမ်းပြုထားသည်ကား− 'နှစ်ဆယ့်ငါးပါး၊ ပိုင်ခြားနား၊ ငါးထပ်မြတ်ဘုန်းခေါင်၊ ညွတ်တွားကော်ရော်၊ ရှိမှုဖော်၊ ရည်ရော်နိဗ္ဗူတောင်'ဟု ရုပ်တုတော်ကြီးအား (၂၅)ပိုင်း ပိုင်းခြားပြီး အချိုးစနစ်ညီညွတ်ပြေပြစ်စွာဖြင့် ထုဆစ်ပူဇော်ထားပေသည်။

**ကျူးကျော်ရပ်ကွက်မီး 'ခ'ခဲ့ရရှာသော မူလဂန္ဓကုဋီစံကျောင်းတော်ကြီး**

ကောဇာ ၁၃၂၈၊ ခရစ် ၂၃−၂−၆၇ နေ့လယ် (၁)နာရီအချိန်တွင် ငါးထပ်ကြီးဘုရားဝင်းအတွင်း တည်ရှိခဲ့သော ကျူးကျော်ငါးထပ်ကြီးရပ်ကွက်အတွင်းရှိ 'တံမြက်စည်း' လုပ်သော နေအိမ်မှစ၍ မီးလောင်ကျွမ်းခဲ့ရာ ငါးထပ်ကြီးဘုရားတန်ဆောင်းတော်ကြီးနှင့် ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများပါ မီးကူးစက်လောင်ကျွမ်းခံခဲ့ရသည်။ မီးလောင်ခြင်းမခံရသေးမီကလည်း ကျူးကျော်အဆောက်အအုံများကို ဖြစ်သလိုဆောက်လုပ်နေထိုင်ကြခြင်းကြောင့် အရှေ့တောရကြီး၏ သဘာဝပတ်ဝန်းကျင်ယိုယွင်းကာ မူလဂန္ဓကုဋီ စံကျောင်းတော်ကြီးသည် မြန်မာမှု အပြောက်အမွမ်းများဖြစ်သော ပန်းဆွဲ၊ ပန်းတောင်း၊ ခြူးပန်း၊ ခြူးနွယ်၊ ရုပ်လုံး၊ ရုပ်ကြွတို့ဖြင့် ဝေဆာတင့်ဆန်း ဝေဇယန္တာ နတ်နန်းကြီးပမာ၊ ရှုမငြီးနိုင်ဖွယ်ရာ အနုပညာလက်ရာတို့ဖြင့် ထည်ဝါတင့်တယ်ခံ့ညား လှပလှပါပေသည်။ ထိုဂန္ဓကုဋီစံကျောင်းတော်ကြီးနှင့် တစ်ဆက်တည်းဖြစ်သည့် ရုပ်တုတော်ကြီးကျောဘက်(တောင်ဘက်)တွင် မှန်စီဒွ္ဓဂါမဏိဓာတ်တော်ပန်းပု၊ ရုပ်တုတန်ဆောင်းကြီးကို ဒေးအရဲမြို့မှ ဦးဝဏ္ဏ+ဒေါ်သော့(သား) ဦးကျင်သိန်းတို့က တည်ဆောက်လှူဒါန်းထားသည်။ ယင်း တန်ဆောင်းမျက်နှာကြက်တွင် ဥဒဘုံရုပ်ပုံနှင့် နက္ခတ်တာရာပုံများကို လက်ခုပ်ကုန်းမှ ဦးကျော်+ဖနီး မိသားစုက ကောင်းမှုပြု လှူဒါန်းထားသည်။ ကြူးခင်းမှန်စီ အပြောက်အမွန်းများ၊ နတ်သားကဟန်၊ ကိန္နရာကဟန်၊ ဘီလူးကဟန်သစ်လုံးထွင်း မျက်နှာကျက်ကပ်ရုပ်ကြွများ၊ ဓာတ်ကြီးဆယ်ဘွဲ့ ပန်းပုရုပ်စုံ၊ ရွှေပိန်းချသစ်သား ခြူးပန်း ခြူးနွယ်လက်ရာများနှင့် ဒုဋ္ဌဂါမဏိမင်းက ဧဠာရကျည်းမင်းကို နှိမ်နင်း၍ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားအောင် သာသနာပြုဟန်ထွင်းထုထားသည့် ပန်းပုရုပ်တုများမှာ အစားထိုးမရလောက်အောင်ပင် အနုပညာလက်ရာ တန်ဖိုးကြီးမြတ်လှပါပေသည်။

သာသနိကအဆောက်အအုံများသည် သက်တမ်းရှည်ကြာလာသည်နှင့်အမျှ ''ရာဟု၊ သူရိန်၊မြူ၊ တိမ်၊ မီးခိုး စသည့်



ဖျက်ငါးမျိုးကြောင့် ပျက်စီးယိုယွင်းတတ်မြဲဖြစ်ပေသည်။ သို့ရာတွင် ငါးထပ်ကြီးဘုရား၏ မြန်မာမှု အနုလက်ရာများဖြင့် ထုံမွှန်းထားအပ်သော မူလတန်ဆောင်းကြီး 'မီးခ' ပျက်စီးရခြင်းမှာမူ သာသနာ့ နယ်မြေ (ဘုရားပရဝဏ်အတွင်း) ကျူးကျော်လူနေအိမ်ခြေများတည်ဆောက်နေထိုင်ကြပြီး 'အလှုံ့ညီးညီးလောင်မည့်မီး' ကို အလေးမထားခဲ့ကြ၍သာ ယဉ်ကျေးမှုအမွေအနှစ်များ ဆုံးရှုံးခဲ့ရခြင်း ဖြစ်ပေသည်။

> **ဘုံငါးဆင့် ငါးထပ်ရှိသော ဂန္ဓကုဋိစံကျောင်းတော်ကြီးကို အစွဲပြု၍လည်းကောင်း "ငါးထပ်ကြီးဘုရားဟုပင် အမည်တွင်သည်"**

**ဂန္ဓကုဋီသံစေတီတော် အသစ်ဆောက်လုပ်ခြင်း**

မူလဂန္ဓကုဋီကျောင်းတော်ကြီးသည် သာသနာ့နယ်မြေအတွင်း ကျူးကျော်ရပ်ကွက်တည်ရှိလာရာမှ ပေါ့ဆမီးကြောင့် ပျက်စီးခဲ့ရသည်။ မဟာသကျအတုလမာန်အောင် ငါးထပ်ကြီးဘုရားရုပ်တုတော်ကြီး သီတင်းသုံးရန် ဂန္ဓကုဋီသံစေတီတော်ကြီး အသစ်တည်ဆောက်ရန် အုတ်မြစ်မင်္ဂလာကို သာသနာ–၂၅၀၇၊ ကောဇာ ၁၃၂၅၊ ခရစ် ၂၇–၁၀–၆၃(တနင်္ဂနွေနေ့)တွင် အောင်ဓာတ်ယှဉ်၍ ကျင်းပခဲ့သည်။ သက်တော်ရှည် ဆရာတော်ကြီး တစ်ရာကျော်တို့က ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် အုတ်မြစ်စီပေးခဲ့ကြသည်။ အုတ်မြစ်စီရန်တူးထားသည့် မြေကျင်းအတွင်း မိုးတစ်ပြိုက်ရွာထားသဖြင့် မိုးရေတဖလားသာသာမျှသာရှိသည့် ကျင်းအတွင်း လက်သန်းခန့်ရှိ ရွှေရောင်ငါးတစ်ကောင်ကိုတွေ့ရှိရသည့် ဝိသေသအပြင်၊ အင်ဂျင်နီယာကြီး ဦးအောင်ခင်(စတလကဥက္ကဋ္ဌ)ရေးဆွဲပေးသည့် အဆောက်အအုံပုံစံအရ ဂန္ဓကုဋီသံစေတီတော်ကြီးအတွက် လိုအပ်မည့်သံထည်ပစ္စည်းများကို မင်္ဂလာဒုံလေယာဉ်ကွင်း တည်ဆောက်ပြီးစီးချိန်နှင့် ကြုံကြိုက်သည့်အတွက် သံထည်ပစ္စည်းများကို လေလံဆွဲဝယ်ယူခွင့်ရသော ဝိသေသနှင့် အဆောက်အအုံဆောက်လုပ်နိုင်မည့် ကျွမ်းကျင်လုပ်သားများ လိုအပ်နေချိန်တွင် ရွှေတိဂုံစေတီတော် အနောက်ဘက် ဓာတ်လှေကား ဆောက်လုပ်နေကြသည့် အလုပ်သမားများက ၎င်းတို့အား ခိုင်းစေနိုင်ပါကြောင်း လာရောက်ပြောကြားခြင်းစသော ဝိသေသ(၃)ရပ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်ခဲ့ရလေသည်။ ထို့ပြင် တဝဂန္ဓကုဋီသံစေတီတော်ကြီး တည်ဆောက်ရာတွင် သံဃာတော်များ၊ စက်မှုလက်မှု ကျောင်းသား/သူများ တပ်မတော်သားများနှင့် လုပ်အားဒါနရှင်ပြည်သူများက တပျော်တပါး စုပေါင်းလုပ်အားပေးခဲ့ကြ၍လည်း အချိန်တိုအတွင်း အောင်မြင်ပြီးမြောက်ခဲ့ခြင်းဖြစ်ပေရာ စုပေါင်းညီညာ၊ အောင်ကြောင်းဖြာခဲ့သည့် သမိုင်းသက်သေပင်ဖြစ်ပေသည်။

ဂန္ဓကုဋီသံစေတီတော် အဆောက်အအုံကြီး၏ အကျယ်အဝန်းမှာ အရှေ့/ အနောက် ၂၂၇ပေနှင့် တောင်/ မြောက် ၁၇၂ ပေရှိသည်။ သံစေတီတော်ကြီး၏ ထီးတော်ကြီးကို သံ၊ ကြေးတို့ဖြင့် ပြုလုပ်ထားခြင်းမဟုတ်ပဲ၊ ဒန်သတ္တု(အလူမီနီယံ)ဖြင့် ပြုလုပ်ထားပြီး ဓာတုဗေဒဆေးရည်ဖြင့် ရွှေရောင်စိမ်ထားသည်။ ၎က်မြတ်နားကို ငွေသား(စစ်စစ်)ဖြင့် ဟင်္သာရုပ်ပုံပြုလုပ်ထားသည်။ ထီးတော်အထွတ်ရှိ စိန်ဖူးတော်ကြီးကို ဘုရားဒါယကာကြီး ဦးဘိုးအောင်+ ဒေါ်စိမ်းရင် သားသမီးများနှင့်အတူ အများပြည်သူဒါနအလှူဖြင့် ထုဆစ်ပူဇော်ထားခြင်းဖြစ်ပေသည်။

**မှတ်ဖွယ်မှတ်ရာ ငါးထပ်ကြီးဘုရားမှာ–**

ရန်ကုန်မြို့၏ ပထမအထပ်ကြီး အင်္ဂတေရုပ်တုတော် ငါးထပ်ကြီးဘုရားတည်ရှိရာ 'အရမ်မြေ'သည် ပိန္နဲ၊ စောင်းလျား၊ ထန်းသီးနှံများ (၁၂)ရာသီ သီးပွင့်မြဲဖြစ်သည့် ပတိရူပဒေသမြတ် ဖြစ်၏။ ကျေးငှက်များ နေ့ညမပြတ် မြူးတူးရွှင်ပျခြင်းရှိကြ၏။ မြတ်ဘုရား ရွှေတိဂုံစေတီတည်ရာ အရှေ့မြောက်ယွန်းတာငါးရာခန့်တွင် လျှိုမြောင်၊ ဂနိုင်၊ စိမ့်၊ စမ်းတောပန်း၊ တောင်ပန်းတို့ဖြင့် စိတ်နှလုံးကို မွေ့လျော်ကြည်နူးစေကာ၊ အေးချမ်းဆိတ်ငြိမ်မှု သန္တိသုခကို ပေးစွမ်းနိုင်၏။ ရွှေခုံတိုင်/ရွှေဂုံတိုင်လမ်းမကြီး မဖောက်လုပ်ရသေးမီအထိ ကင်းမွန်းစခန်းမှ ကျိုက်ထီးရိုးတောင်တက်လမ်းပမာ သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာသည့် ရန်ကုန်မြို့၏ မြောက်ဘက်နယ်နိမိတ်တွင် ခုံသမာဓိလူကြီးများ ဦးစွာလာရောက်နေထိုင်ကြသောကြောင့် ရွှေခုံတိုင်ရပ်အရမည်ကာ၊ ရွှေခုံတိုင်စေတီတော်ကို အထိမ်းအမှတ်ပြု တည်ထားကိုးကွယ်ထားခြင်းဖြစ်ပေသည်။ (ထို့ကြောင့်ပင်– ရွှေခုံတိုင်ရပ်မှသည် ရွှေတိဂုံအမည်တွင်လာရခြင်းဖြစ်ပေသည်။)

ငါးထပ်ကြီးဘုရားတည်ရာ အရပ်နှင့် အဆောက်အအုံများကို ပရိယတ်၊ ပဋိပတ်၊ မုံသောက်မာတင်ဖြစ်တော်မူကြသည့် ဆရာတော် အဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသည်။ ပထမငါးထပ်ကြီး ဆရာတော်ကြီး ဦးအာသဘသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဟံသာဝတီဂိုဏ်းအုပ်ဆရာတော်ကြီးဖြစ်သည်။ ဆရာတော်ကြီးကို နယ်ချဲ့ဗြိတိသျှတို့က ဘွဲ့တံဆိပ်တော်ဆက်ကပ်ရာတွင် ဘွဲ့တံဆိပ်ဆက်ကပ်မည့် အင်္ဂလိပ်က စင်မြင့်ပေါ်မှ ဆက်ကပ်ခံဆရာတော်ကြီးက စင်မြင့်အောက်မှ မတ်တပ်ရပ်အနေအထားဖြင့် 'ဘုရားကားအောက်၊ မျောက်ကားအထက်' ဆိုစကားအတိုင်း ''ဘွဲ့တံဆိပ်တော်''ကို လက်ခံတော်မူခဲ့ရသည့် သမိုင်းမှတ်တမ်း Page of memory ကို ငါးထပ်ကြီးဘုရား သမိုင်း

စာအုပ်တွင် ဖော်ပြထားလေသည်။ ဒုတိယ ငါးထပ်ကြီးဆရာတော် ဦးဝမ္မိလမှာမှ သက်တော် ၄၂၊ ဝါတော် ၂၂ ၌ပင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းခံရ၍ ဘွဲ့တံဆိပ်တော်သမိုင်းတွင် အသက်အငယ်ဆုံးဖြစ်ကြောင်းလည်း မှတ်တမ်းပြုထားပေသည်။

ငါးထပ်ကြီးဘုရားသို့အတက် ညာဘက်တောင်ကုန်းမှုပေါ်တွင် ''လွမ်းစေတီ'' ကို လှမ်းမျှော်ဖူးမြင်နိုင်သည်။ ''ပြည်ပအားကိုး၊ ပုဆိန်ရိုး''တို့အတွက် သင်ခန်းစာယူဖွယ်ရာ သမိုင်းမှတ်တမ်းတင် စေတီငယ်ပင်ဖြစ်သည်။ ကောဇာ ၁၂၂၈၊ ခရစ် ၁၈၆၇ ခုနှစ်တွင် ဘခင်ထွေးတော်၊ ယောက္ခမတော် အိမ်ရှေ့မင်း ကနောင်မင်းသားကြီးကို လုပ်ကြံပြီး ခမည်းတော် မင်းတုန်းမင်းတရားကြီးကိုပါ လုပ်ကြံပုန်ကန်သူ မြင်ကွန်းမင်းသားကြီးသည် ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်ထားပြီးဖြစ်သော ရန်ကုန်မြို့သို့ ထွက်ပြေးတိမ်းရှောင်လာသည်။ နယ်ချဲ့ဗြိတိသျှတို့က လက်မခံသဖြင့် ဆရာတော် ဦးအာဘာသထံ ခွင့်ပန်ပြီး ငါးထပ်ကြီးဘုရားတည်ထားကိုးကွယ်မည့် ''အရှေ့တောရကြီး''တွင် ခိုလှုံနေရာမှ အင်ဒိုချိုင်းနား(ဗီယက်နမ်)သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ နယ်ချဲ့တို့၏ ''ငှက်တစ်ကောင်၊ လေတစ်စင်း''၊ သွေးခွဲအုပ်ချုပ်ရေးမူအရ မြင်ကွန်းမင်းသားကြီးကို လမ်းခရီးတွင်ကြားဖြတ်ဖမ်းဆီးပြီး အိန္ဒိယနိုင်ငံတွင် ကာလကြာမြင့်အကျယ်ချုပ်ဖြင့်ထားခဲ့ပြီးမှ အင်ဒိုချိုင်းနားသို့ ထွက်ခွာခွင့်ပြုခဲ့သည်။ မြင်ကွန်းမင်းသားကြီးသည် အင်ဒိုချိုင်းနားတွင် ကွယ်လွန်ခဲ့သည်။ ''မြင်ကွန်းမင်းသားကြီးသည် ခေါင်းပေါင်းပေါင်းပြီး ဘောင်းဘီဝတ်ထား၍ ရန်ကုန်မြို့တော်ခန်းမကြီး ပုံသဏ္ဌာန်နှင့်တူသည်'' ဟု The Nation သတင်းစာက ကာတွန်းဖြင့် သရော်ခဲ့ဖူးသည်။ ''အမေကျော်ဒွေးတော်လွမ်း'' တတ်သူများ၏ လွမ်းခန်းကို လွမ်းစေတီတည်ထားကာ နိမိတ်ပုံကို ထင်ဟပ်ပေးသူများကား မြင်ကွန်းမင်းသားကြီး၏ အနွယ်တော်များဖြစ်ကြောင်း ဘုရားသမိုင်းတွင် မှတ်တမ်းပြုထားလေသည်။

ငါးထပ်ကြီးဘုရားနှင့် ခြောက်ထပ်ကြီး ဘုရားတည်ရာ တောင်ကုန်းတော်



ဖွယ်များရှိရာသို့ ရန်ကုန်မြို့တွင်းနေ ဘုရားဒါယကာများဖြစ်ကြသည့် ငါးထပ်ကြီးဘုရားဒါယကာ ဦးဘိုးအောင်နှင့် ခြောက်ထပ်ကြီးဘုရားဒါယကာ ဆာဘိုးသာတို့သည် နေ့စဉ် လာရောက်နေရသောကြောင့် ''ပတ္တာခြံများ'' ဝယ်ယူနေထိုင်၍ အချိန်ပြည့်ပေးကာ ဘုရားတည်ထားကိုးကွယ်မှုကို ကြီးကြပ်ပေးခဲ့ကြသည်။ ထို့ကြောင့် ခရစ် ၁၉၂၈ ခုနှစ်တွင် ရွှေခုံ/ဂုံတိုင်လမ်း ဖောက်လုပ်သောအခါ ''ပတ္တာခြံ''များဖြစ်ကြသည့် ''ဦးဘိုးအောင်ခြံ''နှင့် ''ဆာဘိုးသာခြံ'' အမည်တို့ ထင်ရှားမှတ်တမ်းဝင်ခဲ့သည်။ မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီးဘုရားသမိုင်းကို ကျောက်စာချပ်ကြီးများဖြင့် ထည်ဝါသပ်ရပ်စွာ အခိုင်အမာရေးထိုး မှတ်တမ်းပြုထားသကဲ့သို့ ကောင်းမှုတော် မှတ်တမ်းအဖြစ်လည်း အမြင့် ၈တောင်၊ လုံးပတ် ၁၀တောင်တစ်မိုက်၊ အချင်းလေးတောင်လေးသစ်၊ ကြေးပီသသာချိန် ငါးထောင်ကျော်ရှိသော ''မဟာမင်္ဂလာခေါင်းလောင်းတော်ကြီး''ကို သာသနာ ၂၄၄၈(ကောဇာ ၁၂၆၆)တွင် သာသနာတော်နှစ် ၂၅၀၀ကို ကြိုဆို၍ သွန်းလုပ်လှူဒါန်းထားလေသည်။ အလားတူ သာသနာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်သည့် ဓာတ်တော်ဌာန၊ သာသနာပြုလွှတ်ရာ ကိုးတိုင်းကိုးဌာန၊ ဖူးတော်မြတ်ရောက်ရာနှစ်ဌာနနှင့် ပါဒစက်တော်ရာ ချထားတော်မူရာ နှစ်ဌာနတို့ကို မြေပုံကားချပ်များဖြင့် ဖော်ပြထားပေသည်။

ငါးထပ်ကြီးဘုရားသို့ သွားရောက်ဖူးမြော်ရန်လမ်းကို ငါးထပ်ကြီးဘုရားလမ်းဟု အမည်ပေးထားခဲ့ရာမှ ကိုလိုနီကာလ ၁၉၀၄ ခုနှစ်တွင် ရာဇဝင်လူဆိုးနယ်ချဲ့မျိုးရိုးဖြစ်သူ ''အာချီဘောလ်ကင်း ဘဲလ်''အမည်ဖြင့် ''ကင်းဘဲလ်လမ်း''အမည်သို့ ပြောင်းခဲ့သည်။ ထိုစဉ်က ရွှေခုံ/ဂုံတိုင်လမ်းမဖောက်လုပ်ရသေးပေ။ ခရစ် ၁၉၂၈ ခုနှစ်တွင် ရွှေခုံ/ ဂုံတိုင်လမ်းဖောက်လုပ်ပြီးစီးသော်လည်း ငါးထပ်ကြီးဘုရားမုခ်ဦးမရှိသေးပဲ၊ ငါးထပ်ကြီးကျူးကျော်ရပ်ကွက်သာ တည်ရှိခဲ့သည်။ ၁၉၈၉ ခုနှစ် ''ဘက်စုံဖွံ့ဖြိုးမှုတည်ဆောက်ရေး''ကာလတွင် ''ချိန့်တုန်းခါသင့်'' ၌ ရွှေခုံ/ဂုံတိုင်လမ်းဘက်တွင် မုခ်ဦး တန်ဆောင်တော်ကြီး (အသစ်)တည်ဆောက်ပြီး ဘက်စုံဖွံ့ဖြိုးမှုတည်ဆောက်မှု အောင်ပွဲဖြင့် မုခ်ဦးအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ထို့နည်းတူ ကိုလိုနီအမည်ဖြစ်သည့် ကင်းဘဲလ်လမ်းကိုလည်း မူလအမည်ဖြစ်သော ''ငါးထပ်ကြီးဘုရားလမ်း''အမည်သို့ပြန်လည်ပြောင်းပေးရင်း နိုင်လွန်ကတ္တရာခင်းလမ်းအဖြစ်ပါ တိုးမြှင့်ဆောင်ရွက်ပေးကာ လမ်းညွှန်ဆိုင်းဘုတ်တွင်လည်း ငါးထပ်ကြီးဘုရားလမ်းဟု ထင်ထင်ရှားရှားရေးသား၍လည်း လမ်းညွှန်မှုပြုပေးထားသည်။ သို့ရာတွင် ရန်ကုန်မြို့၏ ပထမဦးဆုံး အင်္ဂတေရုပ်တုတော်ဖြစ်သည့် မဟာသကျအတုလမာရ်အောင်ငါးထပ်ကြီးဘုရား၏ ဂုဏ်ဟိတ်နှင့် သမိုင်းတန်ဖိုးကို အလေးဂရုမပြုကြပဲ၊ ယာဉ်နောက်လိုက်(စပယ်ယာ)များ ခေါ်သလိုသာ ''ကင်းဘဲလ်လမ်း''ဟု စပယ်ယာအော်ချက်အတိုင်း လိုက်၍ ခေါ်ဝေါ်နေကြဆဲဖြစ်လေရာ **ငါးထပ်ကြီးဘုရားလမ်း** ဟုသာ ဗုဒ္ဓဘာသာဝင်ပီသစွာ ခေါ်ဝေါ်ကြပါရန် တိုက်တွန်းမှုပြုလုပ်လိုက်ရပေသတည်း။

**မောင်မြတ်မွန် (ဆူးလေ)**

# စိတ်ရဲ့အလင်း

ကိုဇော်



လူ့လောကီဘုံဘဝမှာ ရေစက်ဆုံရင် ကြုံတွေ့နေရဆဲပါ။ ကံကြမ္မာဝဋ်ကြွေးတွေ မကုန်ဆုံးသရွေ့ပါပဲ။ လောကုတ္တရာတွင် ပဋ္ဌာန်းဆက်ပါခဲ့ရင် ဗုဒ္ဓတရား ဓမ္မကြောင်းအား ကြုံဆုံသိမြင်နိုင်ခွင့်ရခဲ့ပြီပဲ။ ဤရွေ့ဤမျှ အကြောင်းအကျိုးတရားတွေနှင့်အညီ၊ ကိုယ်တရား ကိုယ်ပြန်ကြားပြီး၊ ကိုယ့်အကြားတွေကိုပဲ ကိုယ်နာခံလာတတ်ကာ ခံစားတုံ့ပြန်မှု သတိပဋ္ဌာန်တရားနှင့်ယှဉ်ကာ ဘဝသံသရာခရီးရဲ့ မနက်ဖြန်ဆိုသောခရီးကို သွားနေဆဲပါ။

\+ + + + + + + + + + + +

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရဲ့ ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းတွင်ရှိသော ဆားလင်းကြီးမြို့နယ်ထဲမှ မိုးကြိုးပြင် မြောက်ရွာရဲ့ ဓမ္မရက္ခိတကျောင်းတိုက် ပရဝဏ်အတွင်းဝယ် လူ့ဘဝ ရတောင့်ရခဲမှ မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ဝိနည်းတော်နှင့်အညီ ဒုလ္လဘရဟန်း ဝတ်ခဲ့ပါသည်။

ဦးဇ္ဇနဘွဲ့ကိုခံယူပြီး တမလွန်ဘဝ ရောက်သွားသော မိခင်ရဲ့ မွေးကျေးဖူးအား ရည်စူးကာ မိမိပြုသမျှ ကုသိုလ် ဒါန သီလ ဘာဝနာ



အကျိုးတရားနှင့် ကိုယ်တတ်နိုင်စွမ်းအားရှိသရွေ့ ပြန်လည်ပေးဆပ်နေစဉ်မှာပဲ၊ တစ်လကျော်ပြီးနောက် ကွယ်လွန်သူ ဇနီးသည်ကို ရည်စူးကာ ဒုလ္လဘရဟန်း လာဝတ်သော ကိုယ်တော် ဦးစိတ္တနှင့် ပဌာန်းဆက်အရ ကြုံဆုံတွေ့ခဲ့ရလေသည်။

လူ့ဘဝ တစ်ခဏလေးမှာ လူတွေအကြောင်း ပေါင်းကြည့်မှသိလို့ ဆိုကြပါသည်။ စိတ်ကူးရောင်စုံလို့ တင်စားကြသော အရွယ်စိတ်သန္တာန်အရ မိမိနှင့် စိတ်ခံစားမှုအရောင်ချင်း ကိုက်ညီမှုတာမှုတွေမှတစ်ဆင့် ကျိုးကြောင်းဆက်နွယ်ကာ ချစ်ခင်ရင်းနှီးလာကြသကဲ့သို့ မကိုက်ညီ မမျှတမှုတွေနှင့် မေးထူးခေါ်ပြောအဆင့်မှာတင် ပြီးပြတ်ခဲ့ရတာတွေလည်း ရှိနေပါသည်။

လောကဓူတ္တရာတွင် ဆာဝရလို့ အာမဘန္တေ မခံနိုင်သေးသော်လည်း မိမိရဲ့ စိတ်ဆန္ဒရည်စူးမှု ကိုယ်စီကိုယ်ငှနှင့် ကိုယ်တော်အချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖွင့်ဟခဲ့သည်က ပရိယတ္တိ ပဋိပတ္တိအချိန်တွေမှတစ်ပါး အခြားသော အချိန်ကာလတွေမှာပဲ ဖြစ်ပါသည်။

\+ + + + + + + + + + + +

''ကိုယ်တော်ဘုရားရဲ့ ဝါသနာအရ စိတ်၏ တည်ငြိမ်မှုနှင့် စိတ်ချမ်းသာခြင်းအတွက် စာတွေရေးနေသည်မှာ ကောင်းသောကျင့်ကြံမှုတစ်ခုလို့ ဆိုနိုင်ပေမယ့် ဝင်ငွေရဖို့အတွက်လည်း ရေးနေတာလား''

''တပည့်တော်အနေနဲ့ကတော့ မဟုတ်ပါဘူးလို့ အာမဘန္တေခံနိုင်ပါတယ်''

''တပည့်တော် ဖတ်ခဲ့ဖူးတဲ့ အင်္ဂလိပ်အဘိဓာန်ကျမ်းပြုဆရာကြီး ဒေါက်တာဂျွန်ဆင်ရဲ့ အဆိုအရ လူရိုးလူပေါတွေကလွဲရင် ငွေအတွက်မဟုတ်တဲ့ ဘယ်သူမှ စာမရေးကြပါဘူးလို့ ဆိုတယ်''

''ဆရာကြီး ဒေါက်တာဂျွန်ဆင်ရဲ့ စကားထဲမှာ ပါပြီးသားပဲ၊ လူရိုးလူပေါတွေဟာ ငွေအတွက်သက်သက် စာမရေးကြပါဘူးတဲ့။ သူကိုယ်တိုင် အောင်မြင်တဲ့စာရေးဆရာ ပညာရှင်ကြီးဖြစ်သော်လည်း ငွေအတွက်သက်သက် စာရေးအားထုတ်မှု မပြုလုပ်ခဲ့တာကြောင့် ချမ်းသာကြွယ်ဝမှုမရှိဘဲ စိတ်ချမ်းသာတဲ့ လူရိုးကြီးလို့ ဆိုရမယ်၊ တချို့သော စာရေးဆရာမျှ ရှုနေသူတွေဆိုရင် ဖြစ်ချင်လွန်းလို့ လူပေါပဲ ဆိုချင်ဆိုကြပါစေ၊ သူတို့ရေးတဲ့စာတွေ ပုံနှိပ်ထားတာမြင်ရရင် ပြီးရော၊ ငွေကုန်ကြေးကျခံပြီး ထုတ်ဝေကြတယ်''

''ဒါပေမဲ့ စာရေးဆရာတွေက စာမူခဆိုတဲ့ ဥာဏ်ပူဇော်ခလို့ စကားလှအောင် ပညတ်ကာ ငွေယူနေကြတာကြတော့ရော''

''ဒါကလည်း စာစရေးကတည်းက ဘယ်ရွေ့ဘယ်မျှ ငွေရမှုလို့ ရေးခဲ့ကြတာမဟုတ်ပါဘူး။ ငွေရရင်ပြီးရော ရေးကြတာမျိုး (ဂျဒိုး)တချို့ ရှိကောင်းရှိမယ်၊ သို့သော်လည်း များသောအားဖြင့် ဝါသနာကိုအရင်းပြု စာရေးသူအဖြစ်နဲ့ မှုဝေခံစား စာရေးနေကြတာ ငွေအတွက် တစ်ခုတည်းသော ရည်ရွယ်ချက် မဟုတ်တာတော့ သေချာပေါက်ဖြစ်ပါတယ်''

''ဒီလိုသာဆိုရင် စာမူခတို့ မူပိုင်အခွင့်အရေးဆိုတာကို ပြောစရာပြဿနာ ဖြစ်နေကြတာကရော--''

''ဒါကတော့ နာခြောက်နာနဲ့ စာရေးဆရာဘဝမှာ ရသရဲ့ မှုဝေခံစားမှုအပေါ် ခေါင်းပုံဖြတ် ဦးနှောက်ဖောက်စားတာတော့ မခံနိုင်ဘူးပေ့။ ရသင့်ရထိုက်တဲ့ အခွင့်အရေးတစ်ခုလို့ပဲ ယူဆထားကြပါတယ်။ စာရေးသူအဖြစ်နဲ့ စာပေလောကထဲကို ဝင်လာကတည်းက ငွေရချောင်လို့ မီလျံနာသူဌေးကြီးဖြစ်ရချေသေးရဲ့ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့ စိမ်ကိန်းချပြီး ဝင်လာတဲ့သူမရှိအောင် ရှားပါးလွန်းလှပါတယ်၊ နောက်ပြီး စာမူခနဲ့ မူပိုင်အခွင့်အရေးဆိုတာကလည်း စာရေးပြီးတဲ့ နောက်ပိုင်းမှ ဖြစ်လာနိုင်မှုယ်ရှိတဲ့ ပြဿနာရဲ့အစပါ။ ဘယ်သူမှ စာရေးခြင်းတစ်ခုတည်းနဲ့ မိမိအတွက် ဘဝစိတ်တစ်ပိုင်း အထောက်အကူပြုမှုကလွဲလို့ စီးပွားရေးကုန်သည်ကြီးတွေလို လုပ်မစားကြပါဘူး''

''ဒီလို ငွေအတွက်မဟုတ်ဘူးဆိုရင် စာရေးဆရာဆိုတဲ့ ဂုဏ်နဲ့ နာမည်ကြီးချင်လို့ရော မဆိုနိုင်ဘူးလား''

''အဲဒီလို မဆိုလိုက်ပါနဲ့၊ များသောအားဖြင့် ကိုယ့်နာမည်ရင်းကို လူသိခံမရေးကြတဲ့ ကိုယ့်စိတ်ကြိုက် ကလောင်နာမည်တွေနဲ့ စာရေးနေကြသော ကလောင်ရှင်တွေ ဒုနဲ့ဒေးရှိနေကြပါတယ်၊ အနုပညာစျေးကွက်ကြီးမှာ အားကြိုးမာန်တက် ကြိုးစားအားထုတ်နေကြတဲ့ ကလောင်ရှင်တွေရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ၊ စန်းလာဘ်ပေါ်မှာ မူတည်ပြီး ပျော်ဝင်ရင်း ဘက်တကျိုး ရုံးစုံးမြုပ်သွားသူတွေရှိသလို စာပေရေစီးကြောင်းပေါ်မှာ ခရီးပေါက်မြောက်နေသူတွေလည်း တွေ့သိမြင်နိုင်ပါတယ်၊ သူတို့ရဲ့ ရသမျှဝေခံစားမှုက ရောင်ပြန်ဟပ်လို့ နေရာလေးတစ်ခုပေးနေသော စာဖတ်ပရိသတ်ကြီးရဲ့ နှစ်ခြိုက်အားပေးတုံ့ပြန်မှုအပေါ် ကြည်နူးနှစ်သိမ့် ပီတိစားနေသူပါ။ ဥပမာပေးပြောရရင် ရုပ်ရုံစင်ပေါ်က ရုပ်သေးရုပ်တွေ သဘာဝကျကျ သက်ဝင်လှုပ်ရှားလာအောင် ဖျော်ဖြေတင်ဆက်ကပြနေကြတဲ့ ရုပ်သေးကြိုးဆွဲဆရာတွေလိုပါပဲ၊ ကန့်လန့်ကာရဲ့ နောက်ကွယ်မှ သူတို့ဥာဏ်လက် အတတ်ပညာနဲ့ အသုံးတော်ခံမှုဝေခံစားမှုကို ကြည့်ရှုနေကြကုန်သော ပရိသတ်တွေဆီက နှစ်ခြိုက်သဘောကျ လက်ခုပ်တီးအားပေးသံတွေနာခံရင်း ဝမ်းသာကျေနပ်ပီတိဖြစ်ကာ အား

တတ်သလောက် ကြိုးစားကာပြ အသုံးတော်ခံနေကြတာပါ''

''ကိုယ်တော် ဣန္ဒ မိန့်ဆိုနေတာ သာမန် ယေဘုယျသဘောသဘာဝတရားလို့ပဲ ဆိုရမှာလား''

''ဤသို့ မဆိုစကောင်းပြီ၊ တပည့်တော်ရဲ့ ဘဝအတွေ့အကြုံနဲ့ သာဓကပြဆိုရရင် စာပေအနုပညာနဲ့ပတ်သက်လို့ မျိုးမိုးမရှိပါဘဲ၊ မရေးဆွဲရရင် မနေနိုင်တာ မွေးရာပါ ဝါသနာဆိုတာ၊ လူလားမြောက်အရွယ်မှာ မြင်ဆရာတွေကို အားကျတဲ့စိတ်နဲ့ အားမွေးကာ ကြိုးစားလေ့ကျင့်ရေးဆွဲခြင်း၊ အစပြုလို့ မိမိရဲ့ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းကို ရရှိစေသော မျှဝေခံစားမှုရဲ့ အကျိုးကျေးဇူးအား နှစ်ခြိုက်ပျော်မွေ့ ပီတိဖြစ်လာ သိရှိခဲ့ရပါတယ်၊ ဘဝတစ်ချက်နှာတွေပေါ်မှာ ဖြတ်သန်းနိုင်စေဖို့ ပစ္စုပ္ပန်အခြေအနေသည် အနုပညာအနုပညါးပါး၊ ဂုဏ်ကျေးဇူးတော်ကြောင့်ပါ၊

နိစ္စဓူဝ စားဝတ်နေရေးသည် မိမိရဲ့ အတတ်နည်းပညာနဲ့ ရှာမွေးလုပ်ကိုင်ခဲ့တာမို့ ချမ်းသာစွာ နေထိုင်စားသောက်မှု အဆင့်မြင့်စေခဲ့ပါသည်၊ ဖြတ်သန်းလာခဲ့သော ဘဝအတွေ့အကြုံတွေက သင်ခန်းစာ ယူစရာတွေ၊ ပျော်ရွှင်ကြည်နူး ဝမ်းသာမှုတွေနှင့်အတူ ခါးသီးနာကြည်းမှုတွေက ရင်ကွဲမြီးလို့ ရင်မှာ ခံစားခဲ့ရမှုပါတယ်။ ဒါတွေကို ကိုကြွမှာလို့ အပြစ်ပုံချနေရုံနဲ့ ပြီးသွားမလား။ နောင်သံသရာ ဝဋ်ကြွေးအတွက်အလှည့် ကျေအေးစေလိုတဲ့ မေတ္တာတရားနဲ့ ဗုဒ္ဓဘာသာ တရားအား သက်ဝင် ယုံကြည်ကိုးကွယ်နေကြသူတွေပီပီ အနုမောဒနာအနုမောဒနာပါးပြော ထေရဝါဒ ဦးထိပ်ပန်ဆင်ကာ ကုသိုလ် ဒါန သီလ ဘာဝနာ ကျင့်ကြံအားထုတ် မှုများနိုင်သော ရတောင့်ရခဲ ပဋ္ဌာန်းဆက်ကြောင့် ဒုလ္လဘရဟန်းအောင် ဝင်နိုင်ခဲ့ကြပြီ မဟုတ်လား။

တပည့်တော်တို့နှင့် ထပ်တူထပ်မျှ သာဝဒေါ်စေနိုင်ဖို့ အနိုင်းမဲ့ တရားဝမ္မ အလှူအား အမျှပေးဝေနေကြတဲ့ သဘောပါပဲ။ အားလုံးသော အနုပညာဖန်တီးရှင်တွေသည်လည်း၊ နာခြောက်နှာနဲ့ မိမိသိမှတ်တွေးခေါ်ယူထ ခံစားချက်တွေကို ရသမျိုးစုံနဲ့ ကိုယ်တတ်နိုင်စွမ်းအားရှိသမျှ ရေးဆွဲဖွဲ့နွဲ့ပြဆိုမှုများသည် ရှုကြည့်နေကြကုန်သော ပရိသတ်အပေါင်းတို့အပေါ်မှာ အမျှအတန်း ခံစားမှုပေးဝေနေကြတာပါ''

''ကိုယ်တော် ဣန္ဒရဲ့ မြွက်ကြားမှုက တပည့်တော်ရဲ့ ဘာမဟုတ်တဲ့ သံသယစိတ်ကို ချေဖျက်နိုင်စွမ်း ရှိပါပေတယ်၊ ကိုယ်တော်ရဲ့ သမ္မတာဂုဏ်မြောက် ကျေးဇူးကြီးလှပါပေတယ်''

''တပည့်တော်ရဲ့ တတ်သိမှတ်သားထားသမျှနဲ့ မျှဝေခွင့်ခြင်းပါ၊ တပည့်တော် မသိနားမလည်သေးတဲ့ လောကီ၊ လောကုတ္တရာ ရေးရာအဖြာဖြာများစွာ ရှိနေပါသေးတယ်၊ ကဲ ဒီနေ့အဖို့တော့ ဒီနေရာမှာ နိဂုံးချုပ်ရင်း ကျန်နေရသေးတဲ့ အချိန်လေးမှာ တရားဘာဝနာ ကျင့်ကြံအားထုတ်မှုများက သိလာနိုင်အောင် ကြိုးစားသွားကြရဦးမှာမို့ တပည့်တော်ကို ခွင့်ပြုပါအုံး ကိုယ်တော် ဣန္ဒ''

+ + + + + + + + + + + +

တရားသေဘစ်ကို ဆင်နွဲကာ တိုက်မိုက် အောင်နိုင်ခဲ့သော စစ်သည်ဘဝ၊ သံလွင်မြစ်ကို မတရားကျူးကျော် ဝင်ရောက်လာသော ရန်သူတာရုတ်ဖြူကို တန့်ယန်း၊ ကြူကုတ်ဒေသအထိ ကြံကြံခိုင် ချေမှုန်း တိုက်ခိုက်မောင်းထုတ်ရင်း၊ စစ်ပွဲရဲ့ အနိဋ္ဌာရုံနှင့်အတူ မိမိကိုယ်တိုင်လည်း၊ ရန်သူလက်ချက်နဲ့ ရှေ့တန်းစစ်မြေပြင် တစ်နေရာမှာ သေကောင်ပေါင်းလဲ တွေ့ကြုံခဲ့ရလေသည်။

ထိုသို့ ရန်သူရဲ့ လှုလိုင်းအားကို ခုခံကာကွယ်တိုက်ထုတ်နေကြကုန်သော ငါတို့စစ်သည်၊ ရဲဘော်မသေ သေသော်ငရဲမလား။ ကြံခိုင်တဲ့စိတ်ဓာတ်နဲ့ အီပ်မက်မရေးနိုင်ငံမှ နီးသလောချိန်၊ ဒဏ်ရာတွေကို ကုသပေးခြင်းခံနေရတဲ့ တပ်မတော်စစ်ဆေးရုံကြီးမှာ ရောက်ရှိနေပါသည်။

မိမိတတ်နိုင်စွမ်းအားတွေနဲ့ တိုင်းပြည်နှင့်လူမျိုးတွေရဲ့ လုံခြုံအေးချမ်းသာယာရေးတာဝန်ကို အသက်ပေး ကာကွယ်စောင့်ရှောက် ထမ်းဆောင်လိုသော စိတ်ဆန္ဒအား မိမိခန္ဓာကိုယ်ရဲ့ ဆေးစစ်ချက် မအောင်ခဲ့သောကြောင့် ဝမ်းနည်းကြေကွဲစရာ ဖြစ်ခဲ့ရပါတော့သည်။

+ + + + + + + + + + + +

အချစ်ရေးထက် တိုင်းပြည်အရေးကို ဦးစားပေးထားခဲ့သော စစ်သည်ဘဝမှသည် သာမန်လူအဖြစ် ပြောင်းလဲသွားချိန်တွင် ကိုယ့်အပေါ် ချစ်ကြင်နာယုယ နားလည်မှုပေးတတ်သော ဘဝဖော်လက်တွဲဖော် ကြင်သူ သက်ထားနဲ့ တွေ့ဆုံလက်ထပ် ပေါင်းစပ်



စာရေးသူအဖြစ်နဲ့
စာပေလောကထဲကို
ဝင်လာကတည်းက
ငွေရချောင်လို့
မီလျံနာသူဌေးကြီး
ဖြစ်ရချေသေးရဲ့ဆိုတဲ့
ရည်ရွယ်ချက်ကြီးနဲ့
စိမ်ကိန်းချပြီး
ဝင်လာတဲ့သူမရှိအောင်
ရှားပါးလွန်းလှပါတယ် . . .

နိုင်ခဲ့ပါသည်။

အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့တာဝန် ကျေပွန်ရေး၊ မိသားစုစားဝတ်နေရေး အတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းလက်မှု ခေါက်ဆွဲ အစို အခြောက်ထုတ်လုပ်မှုကို မောင်တစ်ထမ်း မယ်တစ်ရွက်။ အေးအတူ ပူအမျှ လက်တွဲကာ မိသားစုဘဝ ပျော်လင့်ချက်တွေနဲ့ ပြည့်ဝနေပါသည်။

ချစ်ခြင်းမေတ္တာတရားနဲ့ ပြည့်လျှံနေတဲ့ ချစ်စံအိမ်လေးမှာ လိုအပ်နေသည်က ချစ်သံယောဇဉ်အတွယ်အတာ သားသမီးရတနာ မျိုးဆက်သစ်ဖြစ်ပါသည်။

တိုင်းပြည်နဲ့လူမျိုးအတွက် ပေးဆပ်ခဲ့ရသော ဒဏ်ရာကြောင့် မိသားစုချို့တဲ့ လိုအပ်နေသည်။ ရုက္ခစိုးဘိုးဘိုး ဖြည့်ဆည်းပေးလိုက်သည်လား။ အလွန်လိုချင်တောင့်တနေမိသော သားသမီး။ မိဘ ဘယ်သူ ဘယ်ဝါမှန်းမသိသော မွေးကင်းစကလေးလေးကို ညမှောင်မှောင်အချိန်တွင် အိမ်တံခါးဝရှေ့မှာ လာစွန့်ပစ်သွားခဲ့သည်။

လိုချင်တောင့်တမှုကို အစားထိုးရလိုက်သော သမီးလေးအား သွေးရင်းချာ ဖခင် မဟုတ်၊ မိခင်ဝမ်းနဲ့ လွယ်မွေးခဲ့ရသော ကလေး မဟုတ်၊ မိဘရဲ့ ချစ်မေတ္တာတွေ စုပုံပေးခဲ့ပါသည်။ သက်ဆိုင်ရာဌာနများတွင် တရားဝင် စာချုပ်စာတမ်းနှင့် မှတ်ပုံတင်ကာ အပြီးပိုင်မွေးစားခဲ့လေသည်။

သမီးလေးကို မွေးစားခဲ့သည့် မှစ၍ မိသားစုချစ်စံအိမ်သည် လည်း အိမ်ရဲ့ အညီးလည်းသံ ညံလာ သကဲ့သို့ စီးပွားရေး လာဘ်လာဘတွေက လည်း ဝင်လာမစဲပေ။ အိမ်တွင်း လက်မှု ခေါက်ဆွဲထုတ်လုပ်ရေး လုပ်ငန်းမှသည် လက်ဖက်ရည်ဆိုင်ကို တွဲဖွင့်နိုင်ခဲ့လေသည်။

ဘီးဆရာ၊ မုန့်ဆရာတွေရဲ့ ပညာပြမှုကို အကြိမ်ကြိမ်ခံပြီးနောက် ဆိုင်ပိုင်ရှင်၊ ဘီးဆရာ၊ မုန့်ဆရာ၊ ကိုယ်တွက်ကိုယ်ထတာဝန်နဲ့ ဆင်းရဲပင်ပန်းခံပြီး နီးစပ်ရာဆွေမျိုးတွေနဲ့ ဆက်လက်ရပ်တည် လုပ်ကိုင်နေချိန်မှ သိရှိနားလည်လာခဲ့ရတဲ့ လုပ်ငန်းအတွေ့အကြုံရဲ့ အကျိုးကား ကိုယ့်မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ ကိုယ့်ခြေကိုယ့်လက် စီးပွားရေး လုပ်ငန်းမျိုးက ပိုမိုတိုးတက်လာခြင်းပါပဲ။ ဤသို့သောအခြေအနေမှာ မိသားစုအတွက် လောဘဇောတက်ကာ ဆိုင်ခန်းချဲ့ထွင်ပြီး စားသောက်ဆိုင်ကြီးအဖြစ် ပြောင်းလဲလုပ်ကိုင်ပါတော့သည်။

စားသောက်ဆိုင်ကြီး ဖြစ်လာခဲ့သည်နှင့်အညီ ခေတ်မီမီ စားစရာတွေကို လိုင်စင်ရ အရက်နှင့်တွဲဖက်ပြီး ရောင်းခြင်းဖြင့် ဆိုင်လာဧည့်သည် ပိုမိုစည်ကားလာစေဖို့ ခင်မင်ရင်းနှီး မိတ်ဆွေတွေရဲ့ အားပေး မြှောက်စားမှုတွေလည်း ပါပါသည်။

ဆိုင်လာဧည့်သည်များကိုလည်း ဆွဲဆောင်သကဲ့သို့ မိမိကိုယ်တိုင်လည်း ဝင်ရောက်ဧည့်ခံရင်းနှင့် အရက်ကလေး တမြမြ သောက်စားလာတတ်ခဲ့လေသည်။

\+ + + + + + + + + + + +

ဆင်းရဲပင်ပန်းမှုကို ကြုံကြုံခံကာ ကြိုးစားအားထုတ်လုပ်ကိုင်မှုရဲ့ အကျိုးသည်ကား ချမ်းသာခြင်းရဲ့ စည်းစိမ်ဥစ္စာတွေနှင့် စံစားနေရလေပြီ။

ချမ်းသာခြင်းရဲ့ ဘေးထွက်ဆိုးကျိုးဒဏ်ကို ပြန်လည်ဆန်းစစ်ကြည့်မိချိန်တွင် အဆီအပိုမရှိတဲ့ ယခင် ခန္ဓာကိုယ်မှာ ဝဖိုင့်ဖိုင့် အဆီဖောကာ ဗိုက်ရွှဲလို့ အရက်ကို စွဲလမ်းနေတတ်ပြီ။

နေ့ညမပြတ် အရက်မူးယစ်နေတတ်သည်မို့ မိသားစုတွေရဲ့ အရေး၊ လူမှုရေး ပတ်ဝန်းကျင်ရဲ့ သာရေး၊ နာရေးတွေနှင့် ဆိုင်လုပ်ငန်း စီးပွားရေးတွင်လည်း လစ်ဟာချို့ယွင်းမှုတွေ ရှိလာခဲ့လေသည်။ သိစိတ်ထက် မသိစိတ်က အရက်ရဲ့ ကျေးကျွန်အဖြစ် အနိုင်ယူသွားနေသည်။

\+ + + + + + + + + + + +

နံနက် ခဝလီဝေလင်းအချိန်၊ ညက အရှိန်လေး မပြေယံ့တပြေယ်နှင့် အိပ်ရာမှ နိုးထ



**နေ့ညမပြတ် အရက်မူးယစ်နေတတ်သည်မို့ မိသားစုတွေရဲ့ အရေး၊ လူမှုရေး ပတ်ဝန်းကျင်ရဲ့ သာရေး၊ နာရေးတွေနှင့် ဆိုင်လုပ်ငန်း စီးပွားရေးတွင်လည်း လစ်ဟာချို့ယွင်းမှုတွေ ရှိလာခဲ့လေသည်။ သိစိတ်ထက် မသိစိတ်က အရက်ရဲ့ ကျေးကျွန်အဖြစ် အနိုင်ယူသွားနေသည်။**



လိုက်သည်။ ချစ်ဇနီးသည်နှင့် သမီးလေးတို့ အိပ်ပျော်နေဆဲပါ။ သတိရနေမိတဲ့ စိတ်ကို အလိုလိုက်ကာ ခြေဦးတည့်မိခဲ့လေပြီ။

တစ်ရာတန်တစ်ခွက်ကို တစ်ကျိုက်တည်းချလိုက်မှ အရှိန်ပြန်ဆက်ကာ ကျေနပ်မှန်သွားပြီ။ ယခုမှ အိမ်သူနှင့် ကလေးအတွက် သတိတရဖြစ်လာ၊ လက်ဖက်ရည်နှင့် အကြော်ကွေးကို ရှယ်ပါဆယ်ဆွဲကာ သိုင်းကွက်နင်းပြီး အိမ်ပြန်လာခဲ့လေသည်။

ကိုယ်လက်သန့်စင်ကာ အဝတ်လဲလှယ် ဝတ်ဆင်ပြီးနောက် မုန့်ပါဆယ်ကို နံနက်စာ ပြင်ဆင်လိုက်သည်။ ဆိုင်သို့သွားရန် အိမ်သူကို အသိပေးနှုတ်ဆက်ဖို့ နှိုးလိုက်စဉ်---။

တုတ်တုတ်မျှမလှုပ်တော့တဲ့ အိမ်သူမှာ အသက်ရှူရပ်လို့ ခန္ဓာကိုယ်မှာလည်း အေးစက်နေသည်။

မိမိအိပ်ရာထစဉ်အချိန်က အသက်ရှူနှစ်ခြိုက်စွာ အိပ်ပျော်နေသော အိမ်သူမှာ၊ ယခုတော့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်လောက်အောင်ပင် ဇဝေဇဝါစိတ်နဲ့ ထင်မှတ်ထားသမျှ ကြိုးစားကာ နလုံးပြန်ခုန်လာလိမ့်နိုး မျှော်လင့်ချက်ဖြင့် လုပ်ဆောင်ပေးနေမိပါသည်။

အချိန်အတန်ငယ်ကြာမှ နာမည်ခေါ်သံနှင့် လှုပ်ရှားမှုတွေကြောင့် သမီးလေး လန့်နိုး၊ ငိုချိန်မှာ အိမ်သူရဲ့အခြေအနေသည် ထူးမခြားနား။ ကိုယ့်မှာလည်း မူးယစ်နေတဲ့ အရှိန်တွေက ပျက်ပြယ်လို့ တစ်ကိုယ်လုံးမှာ ဖောချွေးတွေပြန်ကာ၊ ရေပွက်ပမာ အနိစ္စသဘောနဲ့ ထွက်ခွာသွားတဲ့ အိမ်သူအား ကြည့်လို့နေဆဲပါ။ ရင်မှာလည်း မချိတင်ကဲ ယောက်ျားတန်မဲ့ နောင်တမျက်ရည်တွေနဲ့ ဖြေမဆည်နိုင်ခဲ့ပြီ။ ကယောင်ချောက်ချားနဲ့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

ဇနီးသည်ရဲ့ ရုပ်အလောင်း မီးသင်္ဂြိုဟ်ပြီးသည့်တိုင်အောင် မယုံကြည်နိုင်လောက်တဲ့ အဖြစ်အပျက် မြန်ဆန်မှုရဲ့ ဝေဒနာက အရှိန်ပြင်းစွာ ရင်ထဲနှလုံးသားဆီသို့ တိုက်ခိုက်နေဆဲ။ အရာရာအားလုံးကို ဥပေက္ခာပြုကာ မယုံကြည်ချင်သေးတဲ့ စိတ်ရဲ့ထွက်ပေါက်ရှာ၊ အရက်ကို နေ့ညအဖော်ပြုလို့ မူးယစ်နေခြင်းဖြင့် ဖြေဖျောက်ပြီး အသိကျန် ဆန်နေချင်မိသည်။

စိတ္တဇဆန်တဲ့အတွေးက နှုတ်မဆက်ဘဲ ရုတ်တရက်ခွဲခွာ ချန်ထားရစ်ခဲ့ရက်တယ်လို့ ယူကျုံးမရ ခံစားရင်း၊ တစ်ကိုယ်တည်း ရေရွတ်တမ်းတမှုတွေနဲ့ ဖြေသော်လည်း၊ ဖြေမဆည်နိုင်ခဲ့ပြီပဲ။

မိဘ ညီအစ်ကို ပေါင်းမနှင့် ဆွေမျိုး အသိုင်းအဝိုင်းကလည်း ကိုယ်ချင်းစာ နားလည်မှုပေးပြီး မိမိရဲ့ မသိစိတ်နဲ့ မူးယစ်အော်ဟစ်၊ ဆူပူသောင်းကျန်း၊ ဆဲဆိုစော်ကားတဲ့ လုပ်ရပ်တွေအပေါ် သည်းခံခွင့်လွှတ် ပေးနေကြရလေသည်။

ပြန်လည်ပြုပြင်ပြောင်းလဲလို့ မဖြစ်ချင်ဘူးလို့ မရတော့တဲ့ ဖြစ်ပြီးအတိတ်။ ပစ္စက္ခအခြေနှင့် မနက်ဖြန်များအတွက်၊ စကားပြောတတ်ခါစ သမီးလေးရဲ့ မပီကလာ ပြောလာတဲ့ စကားလုံးလေးတွေက မိမိကို သိစိတ် ဝင်လာစေခြင်းရဲ့ အစပင်။ ဖခင်ရဲ့ ချစ်မေတ္တာသံယောဇဉ် သမီးလေးကို လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးလိုတဲ့ တာဝန်အသိစိတ် ဖြစ်ပေါ်လာခဲ့သည်။

ကျေးကျွန်ဖြစ်နေတဲ့အရက်ကိုမကောင်းမှန်းသိလို့ သစ်ကိုင်းခြောက်လို ချိုးဖြတ်လိုက်ဖိသောအခါ ဖြစ်ပေါ်လာသော ဝေဒနာက ပြင်းထန်ရက်စက်လေပြီ။ မသိစိတ်နဲ့ ဖောက်ပြန်ကာ သူတစ်ပါးကို ရန်လို မယုံကြည်မှုတွေက တိုးပွားလာသည်။ မိမိကို မကောင်းကြံ လိုက်လံနှောင့်ယှက်နေသော နာနာဘာဝတွေလို့ ထင်မြင်ကာ တစ်ယောက်တည်း ပြောဆိုတဲ၊ အပြင်းအထန် အလူးအလဲ တိုက်ပွဲတွေဝင်နေရသောကြောင့် အစားအသောက် အိပ်ရေးပျက်ကာ ကျန်းမာရေးထိခိုက်လာတဲ့ ခန္ဓာကိုယ်မှာ ဆွဲယူပစ်လိုက်သကဲ့သို့ ပိန်ချုံးကျသွားသည်။ လူတကာရဲ့အမြင်မှာ ရူးသွပ်ပေါက်ပြောက်သွားရှာပြီလို့ ကရုဏာသက်ကာ တတ်အားသရွေ့ ကူညီဖေးမပေးရုံမှတစ်ပါး အခြား ဆုံးမစကားတွေကို မဆိုဝံ့ခဲ့ကြပြီပဲ။

တစ်ချိန်တစ်ခါက ပုလင်းတူ ဘူးဆိုဖြစ်ခဲ့သော ဘော်ဒါသုံးယောက်ခမျာ၊ ရေနောက်ဆင့်ကာ အနိစ္စသဘောနဲ့ ကိစ္စချောကုန်တော့မှ မိမိရဲ့သိစိတ်က အပြင်းအထန် လှုံ့ဆော်လာလေသည်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃံ သရဏဂုံသုံးပါးမှ တစ်ပါး။ အခြား ကိုးကွယ်အားထားစရာ မရှိတော့ပြီမို့ သင်္ကန်းနှစ်စုံနှင့် ပရိက္ခရာတစ်စုံ ဝယ်ကာ မိုးကြိုးပြင်မြောက်ရွာရဲ့ ဓမ္မရက္ခိတ ကျောင်းတိုက်ဆရာတော်ထံမှာ ဒုလ္လဘရဟန်း၊ ဝတ်ပေးရန် ဦးတိုက်ကန်တော့ လျှောက်ထားအစ်ပါတော့သည်။

ဤအချိန်မှစပြီး မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ ဝိနည်းတော်အတိုင်း ဒုလ္လဘရဟန်း ဦးစိတ္တဘဒ္ဒဘွဲ့ခံယူကာ တရားဘာဝနာ ကြိုးစားကျင့်ကြံအားထုတ်ရင်း ဒီဘဝကို ကုစားသွားနိုင်ခဲ့လေသည်။

ကိုဇော်




# ဘဝနှင့်အလှ

ကြီးကြီးငယ်ငယ်၊ သက်ရွယ်မထောက်
စိုးကြောက်သံသရာ၊ ဆက်တိုင်းမှာလျှင်
နှိုင်းယှဉ်ဂုဏ်ပြု၊ ဖော်ပြုမစွဲရိယ
ကင်းပရှင်းစွာ၊ နေလိုပါမှ
ဘဝကူးပြောင်း၊ ကံကြောင်းလှပ
သင့်လေစွ . . .ဟု
စိတ်ကသိမြင် ဉာဏ်သက်ဝင်။

အရွယ်မထောက်၊ စိတ်နှောက်မာန်ပါ
ယှဉ်ကာပြိုင်ကြည့်၊ မိုးထိမိုက်မဲ
လွန်ကဲအထွာ၊ စိတ်မှိုင်းကြွသည့် . . .
ဘဝမြစ်ပြင် . . .သူ . . .မမြင်။

အသက်အရွယ်၊ ငယ်သော်ငယ်ငြား
စဉ်းစားသိမြင်၊ ဉာဏ်ယှဉ်သုံးသပ်
ဆုံးဖြတ်မှားမှန်၊ ကံ ဉာဏ် ဝီရိယ
သုံးဝမိတ်စစ်၊ ဖော်ညွှန်းလှစ်သို့
အပြစ်မြင်က၊ ကြောက်တတ်ရအောင်
မိုက်မှောင်ရှောင်ကွင်း၊ ဖြတ်ကျော်နှင်းမှ
နေခြင်းမြတ်စွ၊ လူ့ဘဝ
ဂုဏ်သင်းမွှေးမြ ပန်းအလှ။ ။

မွှေးငယ်ငယ်




# ငြိမ်းချမ်းရေး

လူဆိုသည်ကား
စားဝတ်နေရေး၊ ဖူလုံရေးတွက်
မနေးကြိုးပမ်း၊ မနားတမ်း။

သင်နှင့် သူငါ၊ လူတကာသည်
ရှာဖွေနေရင်း၊ ရှန်းကန်ရင်းဖြင့်
သေမင်းနှုတ်ခမ်း၊ ခြေနင်းလှမ်း။

သေမည်ကို သိ၊ သတိရှိလော့

မိမိသက်ရှင်၊ ရှိနေစဉ်ဝယ်
ဖြူစင်နှလုံး၊ အစဉ်သုံးကာ
အမုန်းကိုရှောင်၊ မေတ္တာဆောင်၍
လူ့ဘောင်ငြိမ်းချမ်း၊ ဘေးမသန်းဖို့
ထမ်းရွက်သည့်ပိုး ကြိုးစားစို့။ ။

အေးမျိုးကြည်

# ရေသန့်တွေက တကယ်သန့်ရဲ့လား

‖ သိပ္ပံစာရေးဆရာ ကိုကိုအောင် ‖



လူသားတို့နှင့်တကွ ဇီဝမျိုးစုံမျိုးကွဲတို့ ရှင်သန်ရပ်တည်နေထိုင်လျက် ရှိကြသော ကမ္ဘာကြီး၏ ၇၀ ရာခိုင်နှုန်းကို ရေထုက ဖုံးလွှမ်းထားလျက်ရှိသည်။ သို့ရာတွင် ဤမျှများပြားလှသော ရေထုကြီးထဲ၌ ကမ္ဘာကြီး စိမ်းလန်းစိုပြေပြီး သာယာဝပြောခဲ့စဉ်တုန်းကပင်လျှင် လူတို့သောက်သုံးနိုင်သော ရေချိုမှာ ၃ ရာခိုင်နှုန်းခန့်သာ ရှိနေခဲ့သည်။ ကမ္ဘာ့လူဦးရေသည် တစ်နေ့တစ်ခြား သိသာစွာ တိုးပွားလာလျက်ရှိသော်လည်း ကမ္ဘာပေါ်ရှိ သောက်သုံးရေပမာဏကမူ တိုးလည်းမတိုး၊ လျော့လည်းလျော့မသွားပေ။ တိုးတက်လာသော ကမ္ဘာ့လူဦးရေကြောင့် လွန်ခဲ့သော ရာစုနှစ်ဝက်ကာလအတွင်း၌ သောက်သုံးရေသုံးစွဲမှုပမာဏမှာ သုံးဆအထိ မြင့်တက်ခဲ့သည်။ ကမ္ဘာ့သောက်သုံးရေ ပမာဏသည် တိုးလာခြင်းမရှိသည့်အတွက် လူတစ်ဦးချင်းစီအဖို့ ရနိုင်သော ရေပမာဏမှာ လျော့ကျလာနေပြီဖြစ်သည်။ ယင်းသို့ လူတစ်ဦးချင်းစီအတွက် ရနိုင်သော ရေပမာဏ လျော့ကျလာနေချိန်၌ တစ်ဖက်တွင်လည်း စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကြောင့် သန့်ရှင်းစင်ကြယ်သော ရေအရင်းအမြစ်များစွာတို့မှာ ဆိုးဆိုးရွားရွား ပျက်စီးလျက်ရှိနေသည်။





သံမဏိထုတ်လုပ်ရေးလုပ်ငန်း၊ အလူမီနီယံ ထုတ်လုပ်ရေးလုပ်ငန်း စသည်တို့မှ ထွက်ရှိလာသော အမိုးနီးယား၊ ဓာတ်ကြွင်းများ ပျော်ဝင်နေသည့် ရေဆိုးရေညစ်များသည် ရေနေသတ္တဝါများကို အစုလိုက်အပြုံလိုက် သေကြေစေလျက်ရှိသလို၊ လူတို့သောက်သုံးနိုင်သော ရေများကိုလည်း ပျက်စီးစေလျက်ရှိသည်။ အလားတူပင် စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ၌ အသုံးပြုနေကြသည့် ဓာတုဗေဒ ပစ္စည်းများကြောင့်လည်း သန့်ရှင်းစင်ကြယ်သည့် မြေအောက်ရေများကို ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေလျက်ရှိသည်။

ကမ္ဘာ့လူဦးရေ အများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ရှိနေကြသည့်အတွက် အထွက်နှုန်းကောင်းစေရန် ပိုးသတ်ဆေးများ၊ အသားတိုးဆေးများ၊ ဓာတုဗေဒနည်းဖြင့် စီရင်ထားသော မွေးမြူရေးအစားအစာများကို နေ့စဉ်တန်ချိန်ပေါင်းများစွာ အသုံးပြုလျက်ရှိနေကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုးသတ်ဆေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း သုံးထောင်ခန့် သုံးစွဲလျက် ရှိနေကြသောကြောင့် ဤမျှ ပမာဏများပြားလှသော ပိုးသတ်ဆေး တန်ချိန်ပေါင်းများစွာတို့သည် ကမ္ဘာ့မြေလွှာအတွင်းသို့ စိမ့်ဝင်ရောက်ရှိကာ မြေအောက်ရေများအတွင်း၌ပါ ပျော်ဝင်လျက် ရှိနေသည်။

ပိုးသတ်ဆေး ဓာတ်ကြွင်းများ ပျော်ဝင်နေသောရေသည် ကျောက်ကပ်၏ ခံနိုင်ရည်စနစ်နှင့် ဗဟိုနာဗ်ကြောတို့ကို ပြင်းထန်စွာ ထိခိုက်စေသည့်အပြင် ကင်ဆာရောဂါများလည်း ဖြစ်ပွားလာနိုင်ကြောင်း သုတေသနပြု တွေ့ရှိရသည်။ ထို့ကြောင့်ပင်လျှင် မြေအောက်ရေကို တူးဖော်ရယူ သုံးစွဲကြရာ၌ ပိုးသတ်ဆေးပျော်ဝင်နေမှု ကင်းစင်သော ရေမျိုးကိုသာ ရယူသုံးစွဲကြရန် အလွန်အရေးကြီးသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခေတ်မီနည်းစနစ်များသုံး၍ သောက်ရေသန့်များကို သန့်စင်ထုတ်လုပ်ရောင်းချလျက် ရှိနေကြသော်လည်း၊ သောက်ရေသန့်အများစုတွင် ပိုးသတ်ဆေး၊ ဓာတ်ကြွင်းများ ပျော်ဝင်လျက်ရှိနေသည်ကို သိပ္ပံသုတေသီတို့က တွေ့ရှိခဲ့ကြသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ထုတ်လုပ်ရောင်းချလျက်ရှိနေသော သောက်ရေသန့်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ ပါဝင်နေသည်ကို ဖော်ထုတ်တွေ့ရှိနေရသဖြင့် ကျန်းမာရေးအတွက် ရင်လေးစရာ ဖြစ်နေတော့သည်။

ဤတွင် ကမ္ဘာပေါ်ရှိ လူသားအားလုံး သက်ရှည်ကျန်းမာစွာ နေထိုင်သွားနိုင်ရေးအတွက် သန့်ရှင်းစင်ကြယ်သော သောက်ရေ သုံးရေများ ရရှိရေးသည် အလွန်အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်လာတော့သည်။ စိတ်ချလက်ချ သောက်သုံးနိုင်သော သန့်ရှင်းစင်ကြယ်သည့် ရေဆိုသည်မှာ အရောင်အနံ့အရသာမရှိခြင်း၊ ရောဂါဖြစ်စေသော ပိုးမွှားများ ကင်းစင်ခြင်း၊ အန္တရာယ်ရှိနိုင်သော ဓာတုပစ္စည်းများ ကင်းစင်ခြင်း စသည့်အချက်များနှင့် ကိုက်ညီပြည့်စုံရမည် ဖြစ်သည်။

ကမ္ဘာပေါ်ရှိ ဒေသနိုင်ငံများအနက် အချို့သော ဒေသများတွင် သန့်ရှင်းစင်ကြယ်သော ရေမျိုးကို ကြားဖူးရုံမျှသာရှိပြီး လက်တွေ့အားဖြင့်မမြင်ဘူး၊ မသောက်ဘူးကြပေ။ ကမ္ဘာ့လူဦးရေ၏ ခုနစ်ပုံ တစ်ပုံနီးပါးခန့်ဖြစ်သော လူဦးရေ သန်း ၁၀၀၀ သည် သန့်ရှင်းစင်ကြယ်သော ရေကို မသောက် ကြရရှာပေ။ ယင်းတို့အနက် တစ်နှစ်လျှင် လူသန်းပေါင်း ၅၇၀ သည် မသန့်ရှင်းသောရေကို သောက်သုံးမိခြင်းကြောင့် ဆက်နွယ်ရရှိလာသော ရောဂါဝေဒနာများကို ခံစားနေကြရသည်။ အဆိုပါ ဝေဒနာများကြောင့် ကမ္ဘာအရပ်ရပ်၌

သောက်ရေသန့် အများစုတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းများ ပျော်ဝင်လျက် ရှိနေသည်ကို သိပ္ပံသုတေသီတို့က တွေ့ရှိခဲ့ကြသည်။



ပြည်တွင်းထုတ် ရေသန့်အမျိုးအစား ၁၃၀ ကျော်အနက် ၃ပုံ၁ပုံမှာ ရေမသန့်ခြင်းနှင့် ဘူးမသန့်ခြင်းများ ဖြစ်နေကြောင်း...

သေသုံးနေကြရသော လူဦးရေသည် စစ်ပွဲများကြောင့် သေဆုံးရသော လူဦးရေထက် ပိုမိုများပြားလျက် ရှိနေသည်။

ကမ္ဘာ့လူဦးရေ အဆမတန် တိုးပွားလာခြင်းနှင့် ရေကြည်ရေသန့် ရှားပါးလာခြင်းတို့သည် ရေသန့်ဘူးသောက်သုံးသော ခေတ်တစ်ခေတ်ကို ဖြစ်ထွန်းလာစေခဲ့သည်။ ၂၀ ရာစု၏ နှောင်းပိုင်းကာလမတိုင်မီ အချိန်အထိ ရေသန့်ဘူးသောက်သုံးသည့် ဓလေ့မှာ ဖြစ်ထွန်းလာခြင်း မရှိသေးပေ။ ထိုစဉ်ကာလများက ကမ္ဘာ့မြို့ပြများ၌နေထိုင်ပြီး အသိပညာ ဗဟုသုတနှင့် ပြည့်စုံသူတို့က ရေကို ကျိုချက်ပြီးမှ သောက်သုံးကြသော်လည်း မြို့ပြနေသူအချို့နှင့် ကျေးလက်ဒေသများ၌ နေထိုင်သူတို့ကမူ ရေကို သဘာဝအတိုင်းသာ သောက်သုံးခဲ့ကြသည်။

ထိုစဉ်ကာလများက Distilled Water ဟု ခေါ်ဆိုသော ပေါင်းခံရည်ကို စက်မှုလုပ်ငန်းအချို့နှင့် ရောဂါဝေဒနာ ခံစားနေကြရသူအချို့အတွက် သီးသန့်ထုတ်လုပ်ပေးသည့် စက်ရုံများရှိခဲ့သော်လည်း ရေသန့်ဘူးဟူ၍ ထုတ်လုပ်ရောင်းချခြင်း မရှိခဲ့သေးပေ။ နောက်ပိုင်းတွင် အမေရိကန် ပြည်ထောင်စုနှင့် ဥရောပနိုင်ငံအချို့တို့က သောက်သုံးရေ သေးအန္တရာယ် ကင်းရှင်းရေးကို ဦးစားပေး ဆောင်ရွက်လာကြရာမှ ဓာတုဗေဒနည်းစဉ်ဖြင့် ရေသန့်များကို ထုတ်ရာစ်သောက်သုံးခဲ့ကြသည်။

ထိုအချိန်မှစ၍ ရေသန့်ဘူးသောက်သုံးသော အလေ့အထဖြစ်ပေါ်လာကာ ၂၀၀၂ ခုနှစ်အရောက်တွင် တစ်ကမ္ဘာလုံး၏ ရေသန့်ဘူးသောက်သုံးသည့် ပမာဏမှာ လီတာပေါင်း ၄၅ ဘီလီယံအထိ ရှိလာခဲ့သည်။ ထိုမှတစ်ဖန် ၂၀၀၇ ခုနှစ်အရောက်တွင် ရေသန့်ဘူးသောက်သုံးသည့် ပမာဏမှာ ၈ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာပြီး လီတာပေါင်း ၅၉ ဘီလီယံအထိ ရှိလာသည်။ ၂၀၀၉ ခုနှစ်အရောက်တွင်မူ ရေသန့်ဘူးသောက်သုံးသည့် ပမာဏ အဆမတန်မြင့်တက်လာပြီး ၄၅၀ ရာခိုင်နှုန်းတိုးမြင့်ကာ လီတာပေါင်း ၂၇၃ ဘီလီယံအထိပင် ရှိလာသည်။

ရေသန့်ခေတ်ဦးကာလများက ထုတ်လုပ်ပြီးသော ရေသန့်များကို ဖန်ပုလင်းများတွင် ထည့်သွင်း၍ ရောင်းချခဲ့ကြသည်။ သို့ရာတွင် ရေသန့်ဘူးရောင်းချရမှု တွင်ကျယ်လာသည်နှင့်အမျှ စီးပွားရေးအရ တွက်ခြေကိုက်သော ပလတ်စတစ်ပုလင်းနှင့် စက္ကူဘူးများဖြင့် ပြောင်းလဲထုတ်လုပ်လာခဲ့ကြသည်။ ၁၉၉၉ ခုနှစ်အရောက်တွင် NRDC ခေါ် အမေရိကန်ပြည်ထောင်စု သဘာဝ သယံဇာတများ ကာကွယ်စောင့်ရှောက်မှု ကောင်စီ၏ စစ်ဆေးချက်အရ ပြည်တွင်း ထုတ် ရေသန့်အမျိုးအစား ၁၃၀ ကျော် အနက် ၃ပုံ၁ပုံမှာ ရေမသန့်ခြင်းနှင့် ဘူး မသန့်ခြင်းများ ဖြစ်နေကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

ရောဂါဖြစ်စေသော ပိုးမွှားများ ပါရှိနေခြင်း၊ အန္တရာယ်ရှိ ဓာတုပစ္စည်းများ ပါဝင်နေခြင်း စသည့် ရေမသန့်ခြင်းများကို တွေ့ရှိခဲ့ရသလို ရေသန့်ထည့်သွင်းသည့် ပလတ်စတစ်ဘူးများ အရည်အသွေး ညံ့ဖျင်းနိမ့်ကျမှုကြောင့် ထည့်သွင်းထားသော ရေ၏ သန့်ရှင်းစင်ကြယ်မှုကို ပျက်ပြားသွားစေသည့် ဘူး မသန့်ခြင်းများကိုလည်း တွေ့ရှိခဲ့ကြရသည်။

ရေသန့်ထည့်သွင်းသည့် ပလတ်စတစ်ဘူး ထုတ်လုပ်သော စက်ရုံများအနက် အနည်းစုတို့ကသာလျှင် ကော်စေ့အသစ်များကိုသုံး၍ထုတ်လုပ်ကြသော်လည်း အများစုတို့ကမူ ရေသန့်ဘူးခွံ အဟောင်းများဖြင့် တစ်ကျော့ပြန် ထုတ်လုပ်ထားသည့် ကော်စေ့အဟောင်းများကိုသာ အသုံးပြုထုတ်လုပ်လျက် ရှိနေကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများတွင် ပလတ်စတစ် ရေသန့်ဘူးခွံများကို တစ်ကျော့ပြန်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များအပေါ် စိစစ်မှု အလွန်အားနည်းသည့်အတွက် အရည်အသွေးနိမ့်ကျသော ပလတ်စတစ်ဘူးခွံများသည် ရေသန့်၏ အရည်အသွေးကို ထိခိုက်ပျက်ပြယ်စေလျက် ရှိနေသည်။

ရေသန့်ထုတ်လုပ်သည့် စက်ရုံများမှသည် သောက်သုံးသူထံ မရောက်မီစပ်ကြား အဆင့်ဆင့်သော သိုလှောင်၊ သယ်ယူ၊ ဖြန့်ဖြူးသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံး၌လည်း နည်းမှန်လမ်းမှန် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်မှုမရှိကြခြင်းကြောင့် ရေသန့်သောက်သုံးသူများသည် အခကြေးငွေပေး ရသောရေကို သောက်သုံးရင်း ကျန်းမာရေး ထိခိုက်မှုများ ဖြစ်ပွားလျက်ရှိနေကြသည်။



ထုတ်လုပ်ပြီးသော ရေသန့်များကို ပလတ်စတစ်ဘူးများတွင် ထည့်သွင်းကာ တာ ရှည်သိုလှောင်ထားခြင်း၊ အမိုးအကာမဲ့ မော်တော်ကားများပေါ်၌ နာရီနှင့်ချီ၍ တင်ဆောင်သယ်ယူလာခြင်း၊ ရေသန့်ဘူးများကို နေပူထဲ၌ နာရီကြာမြင့်စွာ ထားသိုခြင်း၊ ပလတ်စတစ် ရေသန့်ဘူးများကို ဓာတ်ငွေ့နှင့် ဓာတုပစ္စည်းများရှိသည့် အခန်းထဲ၌ သိုလှောင်သိမ်းဆည်းထားခြင်း စသည်တို့သည် ပလတ်စတစ်တွင် ပါဝင်သော စတိုင်ရင်းနှင့် ဒိုင်အောက်ဇင် ဓာတုပစ္စည်းများကို ထွက်ပေါ်လာစေကာ ရေ၌ ရောနှောပျော်ဝင်သွားခြင်းဖြင့် သောက်ရေသန့်၏ အရည်အသွေးကို လုံးဝပျက်ပြားသွားစေသည်သာမက သောက်သုံးသူများကိုပါ ချက်ချင်းလက်ငင်း၌ မသိသာသော ကျန်းမာရေးထိခိုက်မှုများကို ဖြစ်ပေါ်စေသည်။

> ပလတ်စတစ်တွင် ပါဝင်သော
> စတိုင်ရင်းနှင့် ဒိုင်အောက်ဇင်
> ဓာတုပစ္စည်းများကို
> ထွက်ပေါ်လာစေကာ
> ရေ၌ ရောနှောပျော်ဝင်
> သွားခြင်းဖြင့်
> သောက်ရေသန့်၏
> အရည်အသွေးကို
> လုံးဝပျက်ပြား…



အချို့သောနိုင်ငံများတွင် ရေသန့်ထုတ်လုပ်သည့် စက်ရုံများကို လူမနေသော ကျွန်းများပေါ်၌ တည်ဆောက်ထားကြကာ စက်ရုံထွက် ရေသန့်ဘူးများကို သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ပေးကြသည်။ ယင်းကဲ့သို့ သင်္ဘောဝမ်းဗိုက်အတွင်း နာရီပေါင်းများစွာ ကြာအောင် တင်ဆောင်သယ်ယူလာသော ပလတ်စတစ်ဘူးများအတွင်းရှိ ရေများသည်လည်း ရေသန့်စံချိန်စံညွှန်း ပျက်ပြယ်ပြီး သောက်သုံးသူများကို ဘေးဥပါဒ် ဖြစ်စေနိုင်သည်။

သောက်သုံးမည့် ပလတ်စတစ် ရေသန့်ဘူးများကို ဓာတ်ဆီ၊ ရေနံဆီ၊ မက်သနော စသည့် ရေနံထွက်ပစ္စည်းများ ထည့်ထားသော ပုံး၊ ခွက်၊ ပုလင်း စသည်တို့နှင့် နီးကပ်စွာထားရှိပြီး သောက်သုံးခြင်းသည်လည်း ကျန်းမာရေးကို ထိခိုက်စေမည့် အပြုအမူမျိုး ဖြစ်သည်။ အလားတူပင် ရေသန့်ဘူး လဲလှယ်ရာ၌ ဘူးမသန့်ခြင်း၊ လက်မသန့်ခြင်း၊ ခြင်တွယ်သည့် ခွက်နှင့်ကဘောများ မသန့်ခြင်း စသည်တို့သည်လည်း ရေသန့်ဘူးသောက်သုံးရင်း ရောဂါရစေနိုင်သော အကြောင်းရင်းများ ဖြစ်ကြသည်။

မသန့်သည့်ရေကို သောက်သုံးခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှော ရောဂါကဲ့သို့သော ဝေဒနာများကို ချက်ချင်းလက်ငင်း ခံစားကြရနိုင်သလို၊ ကင်ဆာရောဂါနှင့် ကျောက်ကပ်ပျက်စီးခြင်းကဲ့သို့သော နှစ်ပေါင်းအတန်ကြာမှ ဖြစ်ပွားလာမည့် ရောဂါဝေဒနာဆိုးကြီးများကိုလည်း ခံစားကြရနိုင်သည်ကို သတိပြုသင့်ကြသည်။

သို့ဖြစ်၍ မသန့်ရှင်းသော ရေကအများစုဖြစ်နေသည့် ရေသန့်ဘူး ခေတ်ကာလကြီးထဲတွင် တစ်ပိုင်တစ်နိုင် ရေသန့်စက်များကို အသုံးပြုခြင်း၊ သယ်ယူရွှေ့ပြောင်းရလွယ်ကူသော တစ်ကိုယ်ရည်သုံး ရေသန့်စက်များကို အသုံးပြုခြင်း၊ ရှေးရိုးစဉ်လာ နည်းလမ်းဖြစ်သည့် ရေကိုကျိုချက်ပြီး စစ်ယူသောက်သုံးခြင်းတို့သည် သောက်ရေကြောင့်ဖြစ်ရသည့် ရောဂါဘယများမှ ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းကောင်းများပင် ဖြစ်ပေသည်။

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

# City CARTOON





ဆက်ရက်သံများ ညံစာနေပေသည်။ ကွင်းလေမှာ တဖြူးဖြူးနှင့် ရိုက်မြူးနေပေ၏။ ပွင့်ပေါက်ဖွေးဖြူသော ဝါခင်းကြီးသည် လေနှင့်တိမ်း၍ ယိမ်းလှုပ်နေလေသည်။

မျှော်လေလေရာ၌ မြရင့်အိုအိုတွင် ငွေကိုထုလုပ် ချိတ်ဆွဲထားသော ဝါတောနှင့် ပွင့်ငွေဆိုင်တို့က မြိုင်ဆိုင်လှပေ၏။ သည်နှစ်၌ ဝါစိုက်သူနှင့် ဝါစိုက်ကေ ပိုလာသောကြောင့် အောင်ချမ်းသာတို့၏ တစ်ကွင်းလုံး၌ ဝါကင်းသော လယ်ပွဲဟူ၍ မရှိချေ။ သို့မို့ကြောင့် မျှော်လေတိုင်း ငွေပွင့်နှင့် မြသင်တိုင်းတို့ ဖွဲ့ဆိုင်းနေခြင်းဖြစ်ပေ၏။

တစ်ကွင်းလုံး၌ ဝါပင်မရောက် မြတောမဖောက်သော နေရာသည် နှမ်းကြဲ အကောတန်းများသာ ဖြစ်ပေ၏။

ပုရွက်ဆိတ်တို့ မိုးအစဲ၌ တွင်းဝထွက်ကာ သူ့ထက်ငါ အစာရှာဖွေကြဘိသို့ မိုးအဆိုင်းတွင် ကျင်ကောင် (ကရင်နီကောင်)တို့ တွင်းမြေစာ သယ်ထုတ်ဘိသို့ ဦးဆေးရိုးတို့ ကွင်းထဲ၌ ဝါကောက်သူ နှမ်းကြဲသူ နှမ်းခင်းထွန်သူများဖြင့် မွနေ ရှုနေချေသည်။

အဖိုးတန်သော မိုးကလေး တပြိုက်သည် လွန်ခဲ့သော သုံးရက်က ရပ်တန့်သွားခဲ့၏။ မိုးအစဲ၌ နေကျဲကျဲပူလိုက်သည့်အတွက် အောင်ချမ်းသာတို့အဖို့ ပို၍ အဖိုးတန်သွားခဲ့ပြန်သည်။ ထိုမိုးကလေးအစဲ၌ ကျွဲတရေး (ထွန်ရေး)ကလေးလုပ်ကာ အစိုမခွာမီ သူ့ထက်ငါကောင်း ထွန်ယက်နေကြ၊ ကျဲနေကြခြင်းဖြစ်သည်။

နောက်မိုးတစ်ပေါက်သည် တစ်လ ကိုးသီတင်းအထိ ခွာချင်ခွာမည်။ သို့မဟုတ် ရုတ်ခြည်း လာချင်လည်း လာပေမည်။

ဝါပေါက်များသည် တစ်နေလွတ်လွတ် ပူလိုက်ရုံဖြင့် ကြွရွလွင့်လန်လာခဲ့သည်။ ဝါခင်းတိုင်းမှာ အလျင်အမြန် ဝါကောက်ရန် လူလိုလာ၏။

အောင်ချမ်းသာ၏ မယား စိန်ငွေးမှာ ဝါကောက်ရန်နေ့စား



> **မိုးသည်**
> **ချက်ခြင်း ပြန်ရွာလိမ့်မည်ဟု**
> **လူအယ်ယောက်တွင်**
> **ကိုးယောက်က ယူဆကာ**
> **နှမ်းကြဲပြီးလျှင် သုံးသွားဖြင့်**
> **အုပ်ခြင်းကိုသာ**
> **သဘောတူကြပေသည်။**
> **သို့သော်**
> **မိုးဝေးလျှင်ကား**
> **တုံးရိုက်ခြင်းသာလျှင် ကောင်း၏။**

အလုပ်သမား နှစ်ယောက်နှင့် ပုတ်ပြတ်အလုပ်သမားနှစ်ယောက်ကို မှီးစွသည့်ရက်များအတွင်းက ကြိုတင်ရှာဖွေထားခဲ့သည့် တိုင်အောင် လူလိုအပ်သလောက် မရခဲ့ချေ။ လိုအပ်သော လူမှာ လေးယောက်ထက် မနည်းဖြစ်၏။ ယခုမူ နှစ်ယောက်သာ ရချေသည်။

''ကောင်မလေးတွေနော်၊ ဟိုလျှောက်သွဲ့ ဒီလျှောက်သွဲ့ မလုပ်ကြနဲ့တော့။ တစ်ငန်းဆီ သပ်သပ်ဆွဲကြ။ မစင်ရင်တော့လား။ ညည်းတို့နဲ့ငါနဲ့ အသတ်ပဲပေါ့''

''ဒီက ပစ္စည်းချင်း ကိုယ်ချင်းစာပါတယ် ကောင်းမရဲ့''

စိန်ငွေးသည် ယောက်ျားဝတ် လုံချည်စုတ်ကို ခေါင်းပေါင်းထားကာ ဖါပင်များကြား၌ တိုးဝှေ့နေ၏။ တစ်ပွင့်ပြီးတစ်ပွင့်၊ တစ်ကိုင်းပြီးတစ်ကိုင်း၊ တစ်စုပြီးတစ်စု၊ တစ်တန်းပြီး တစ်တန်း သစ်ပင်ဆီတ်ဝါးသလို ဖါပေါက်အကျန်အကြွင်းများကိုလိုက်ကောက်ရန် လူငှားများကို လှမ်းသတိပေးရာ တစ်ယောက်၏ ပြန်ပြောသံမှုမဆုံးမီ ထွန်ရေးဖွင့်နေသည့်ဘက်သို့ ရောက်သွားပြန်၏။

ဖါခင်းတန်းကြီးသောအရှို့ အကောဘန်း၌ အောင်ချမ်းသာက နှမ်းထွန်ရေးဖွင့်နေသဖြင့် စိန်ငွေးက အမှိုက်ပြေးကောက်လိုက်၊ ဖါပွင့်လေးပြေးကောက်လိုက် လုပ်နေသည်။

တစ်ချီတစ်ချီတွင်မူ ညိုမဲသော တိမ်တိုက်များသည် ဖါခင်းရှင်များကို သရော်ကျီစယ်သည့်အနေဖြင့် မဲကာနဲ၊ လိမ်ကာနဲ စနေထောင့်မှ ထွက်လာတတ်သည်။ ရုတ်ကာနဲ နေရောင်ခြည်ကွယ်သွားတိုင်း စိန်ငွေးသည် တိမ်လိပ်များကို မော့ကြည့်ကာ ''မိုးနော် မိုး၊ မလိုတစ်မျိုး လိုတစ်မျိုး လုပ်ပြန်ပြီလား''ဟု ရန်တွေ့၏။ ဖါခင်းရှင်တိုင်းမှာ ဒီစိန်ငွေးလိုချည်း ဖြစ်ကြပေလိမ့်မည်။

တိမ်စိုင်များရဲ့၍ နေခြည် ဘွားခနဲ ပွင့်လာလျှင် စိန်ငွေးသည် ဟင်းကာနဲ သက်မချလိုက်နိုင်၏။ နှမ်းကြဲမြေမှ အမှိုက်များ၊ မြက်များကို သွက်လက်စွာကောက်ပြန်လေ၏။ တေးသံချိုချိုများသည် မြမောင်းသည့် ဖါခင်းထဲမှ စီကာနဲညံလာတတ်သည်။ စီကာနဲလည်း ဟားတိုက်ရယ်သံများ လွင့်ပျံလာတတ်သေး၏။

အောင်ချမ်းသာသည် တစ်ကွင်းနှမ်းကြဲပြီးတိုင်း သုံးသွားထွန်ဖြင့် တစ်ခါအုပ်ပေးနေသည်။

''ဟယ်…သွားစမ်းပါဟ နွားအိုကြီးရ''

သူသည် ကန်ကြိုးနှစ်ချောင်းနှင့် ဇော့ပူးချို့ကိုင်ထားသော နဝဲ(နှင်တံ)ကို မြှောက်ကာဖြင့် နွားနှစ်ကောင်အား ကြိမ်ပြလျက်ရှိ၏။ သို့သော်လည်း မရိုက်ပေ။

အောင်ချမ်းသာ၏ နေရာမှာမူ ဖါကောက်သူအလုပ်သမားတို့၏ တေးသီချင်းသံက ဆက်ရက်သံများအောက်၌ နစ်မြုပ်နေသည်။ ဆက်ရက်များသည် ထွန်ရေးတစ်လျှောက်၌ မြေပိုးမြေမွှားများကို ငြိမ်းချမ်းခြင်းကင်းမဲ့စွာ လုယက်စားသောက်နေကြလေ၏။

အောင်ချမ်းသာသည် အထက်လယ်ကွက်တစ်ကွက်ကို သုံးသွားထွန်ဖြင့် အုပ်ပေးပြီးနောက် အောက်ကွက်သို့ရွှေ့၍ နှမ်းကြဲသည်။ တောင်လေတိုက်နေသဖြင့် သူက တောင်ဘက်မှစ၍ ကြဲ၏၊ သူ့လက်ဆုပ်သည် ကြီး၏။ နှမ်းစေ့များသည် ထွန်ရေးပြင်ပေါ်သို့ ထုထပ်စွာကျရောက်လေသည်။

နှမ်းကြဲပြီးလျှင် အသွားမပါသော ထွန်တုံးဖြင့် တုံးအုပ်မည်။ တုံးရိုက်မည်ဆိုပါက ယခုကဲ့သို့ လက်ဆုပ်ကြီးကြီး မကျဲရပေ။ သို့ရာတွင် အောင်ချမ်းသာက မိုးသည် ချက်ချင်းပြန်ရွာ၍ ဖွားခြင်းဖြစ်သည်ဟု ယူဆသည့်အတွက် သုံးသွားဖြင့် အုပ်ခြင်းဖြစ်ပေ၏။

အောင်ချမ်းသာသည် အထက်အောက် လယ်ပွဲမှ လူများနှင့်ရော အိမ်နီးနားချင်းများနှင့်ပါ နှီးနှောဆွေးနွေးကြည့်ပြီးပြီ။ မိုးသည် ချက်ခြင်း ပြန်ရွာလိမ့်မည်ဟု လူဆယ်ယောက်တွင် ကိုးယောက်က ယူဆကာ နှမ်းကြဲပြီးလျှင် သုံးသွားဖြင့်အုပ်ခြင်းကိုသာ သဘောတူကြပေသည်။ သို့သော် မိုးဝေးလျှင်ကား တုံးရိုက်ခြင်းသာလျှင် ကောင်း၏။

အဘယ့်ကြောင့်ဆိုသော် တုံးရိုက်သဖြင့် တစ်ညီတည်း၊ တစ်သားတည်းဖြစ်သွားသော ထွန်ရေးသည် အစိုကိုထိန်းထား၏။ ကြာရှည်၌လည်း လက်ဆုပ်ကြီးရန် စိတ်ရန်မလိုပေ။ ဆက်ရက်နှင့် ချိုးတို့ ကောက်ယူနိုင်သော အစေ့ရေမှာလည်း နည်းပါး၏။

တုံးရိုက်သည့်ထွန်ရေးက အစိုထိန်းထားသဖြင့် နှမ်းပင်သည် လှပယ်လင့်တကျ ပေါက်လာနိုင်သည်ကား မှန်ပါ၏။ သို့ရာတွင် မိုးသည် ဝေးဝေးမသွားဘဲ ရွာချလာပါမူ တုံးရိုက်ထားသော နှမ်းစေ့များ အပင်မဖြစ်မီ ပုပ်ကုန်လေတော့၏။

သုံးသွားဖြင့်အုပ်လျှင် ငှက်ကောက်သဖြင့် အပင်ပေါက်နည်းပါးသည်။ အစိုကို ထိန်းမထားသဖြင့် မိုးဝေးလျှင် ပျိုးဆုံး၏။ သို့သော် မိုးနီးကပ်လျှင်ကား သုံးသွားဖြင့် အုပ်ထားသော နှမ်းမျိုးမှာ ကောင်းမွန်စွာ ပေါက်ရောက်လာလေ၏။ ယခု အောင်ချမ်းသာက ငှက်စာအတွက် လက်ဆုပ်ကြီးကြီး မကျဲ၍ မိုး မကြာမီရွာချမည်ထင်သဖြင့် သုံးသွားအုပ်သည်။

''ကဲကွ…ကဲကွ''

အောင်ချမ်းသာသည် တွဲနေးတွဲနေး လုပ်နေသော နွားနှစ်ကောင်ကို အသံပေးရင်း ထွန်တုံးကို တစ်ဖက်ထောင်ပေးလိုက်၏၊ ထွန်နီးကပ်လာသဖြင့် ဆက်ရက်အုပ်ကြီးက ပြင်းထန်သော တောင်ပံခတ်သံပေး၍ ထပျံသွားကြလေသည်။

ကန်သင်းနား ရောက်လာသည်တွင် အောင်ချမ်းသာက ထွန်တုံး၏ အခြားတစ်ဖက်ကို ထောင်ပေးလိုက်ပြန်သည်၊ သူသည် ထွန်ကြောင်းများတစ်လျှောက်လုံး အငြိမ်မနေပေ။ ထွန်တုံး၏ ဝဲယာအစွန်းများသည် မကြာခဏ ထောင်သွား၏။ ဤသို့လုပ်ခြင်း

ကား အမှိုက်များစုပြုံ ငြိမ်မလာစေရန် ဖြစ်သည်။ အုံလိုက်ကြီး ငြိမ်လာကာမှ ချပစ်ခဲ့သောနေရာသည် အပင်ပေါက်သောအခါ ပြွတ်ကျပ်၍ တောကြီးဖြစ်နေပေတော့သည်။

နေသည် တိုး၍မှုလောင်လာသည်။ ကွင်း၏ လှုပ်ရှားမှုကား တုံ့နှေးမသွားပေ။ ထွန်များသည် သွက်လက်စွာ ရွေ့လျား၍ ဝါပေါက်ဖြူဖြူများသည် ကြည့်ရင်းကြည့်ရင်း ပျောက်ကွယ်သွားကြ၏။ သာယာသော တေးများသည်လည်း ရှင်မြဲရှင်နေသည်။

"တကူကူး-ကူးကူး"ဟူသော သံဆင့်ထပ် ချိုးကူသံက နေမြင့်ပြီဖြစ်ကြောင်း သက်သေပြလာပေသည်။

အောင်ချမ်းသာ သတိထား မှတ်သားမိသလောက်ဆိုပါက မိမိလယ်ပွဲရှိ ချောင်ချဉ်ပင်သို့ သံဆင့်ချိုးရောက်လာကာ စတင်ကူလိုက်ပြီး မကြာမီပင် ခေါင်းလောင်းထိုးချိန်တည်းဟု နားလည်၏။ မှတ်မိ၏။

"ကဲ-သားတို့ရေ နားလို့ မဖြစ်တော့ဘူးဟေ့…ကဲ…ကဲ"

သူသည် ထွန်ရပ်နားရန် ကန်ကြိုးကို တုံ့ဆွဲပြီးမှ ပြန်လည် မောင်းနှင်သည်။ နွမ်းကြဲစရာကား နှစ်ယောက်စိုက် လယ်ကွက်ကလေးတစ်ကွက်သာ ကျန်တော့၏။ အချိန်က ကုန်လွယ်၍ နေကမြင့်ပြီ။ နားနေလိုက်လျှင် ဒါကလေးအတွက်နှင့် နောက်တစ်နေ့တစ်နေကုန်ရဦးမည်။ နွားနှစ်ကောင်မှာလည်း မောလှပေပြီ။ အောင်ချမ်းသာလည်း သိသည်။ သို့ရာတွင် အချိန်လင့်သွားမည်စိုးသဖြင့် ထွန်ရေးကို ခပ်လောလောကလေး ထပ်မွှေလိုက်ပြီး နွမ်းပက်ရန် ထွန်ကိုရပ်လိုက်စဉ် မနီးမဝေးရှိ ဘုန်းကြီးကျောင်းမှ ဆွမ်းစားခေါင်းလောင်းသံများ လျှံဝေလာလေ၏။

"ပြီးသွားပြီလားဟေ့"

ကန်သင်းတစ်ခုခြားသော လယ်ပွဲမှ သိုက်မောင်ဖြစ်လေသည်။

အောင်ချမ်းသာသည် ခပ်သွက်သွက် လက်လွှဲလမ်းလျှောက်ကာ လက်ဆုပ်ထဲမှ နွမ်းစေ့များကို မှန်မှန်ဖွင့်သွန်လွှတ်ပေးရင်းက လှည့်မကြည့်ဘဲ ပြန်ပြော၏။

"အေးကွ၊ မင်းရော"

"ညနေပါ ဆက်ရလိမ့်မယ်၊ မနေ့သိပ်ပူတော့ နွားတွေ မောတယ်ကွ"



"အေး…မိုးရွာနေရာက ပြန်းကနဲ ထပူတော့ ပိုပြီး မောတာပေါ့ကွာ"

အောင်ချမ်းသာသည် နွမ်းမျိုးတောင်းကို ကန်သင်းပေါ်ချထားလိုက်ပြီး သုံးသွားတပ်၍ စတင်မောင်းလေ၏။ လယ်ကွက်မှာ သေးငယ်သောကြောင့် သိုက်မောင်သည် ရပ်မြဲရပ်ရင်း လှမ်းစကားပြောနိုင်၏။

"လယ်သမားနေ့ မိန့်ခွန်း ထောက်ခံပွဲ တုန်းက မင်းပါသေးလားဟေ့…အောင်ချမ်းသာ"

"မပါဘူးကွ"

"ငါ ဒါကြောင့် မတွေ့တာကိုး"

"ငါ့အဖေ တက်တယ်ကွ၊ နို့ရွာက မတက်တဲ့လူဆိုလို့ ငါနဲ့မှ လေးယောက်ပဲ ရှိထင်ပါ့ကွာ"

"မင်းတို့ရွာမှာကော အဲဒီ ထောက်ခံပွဲ တက်ဖို့ မဲနှိုက်ရသေးလား"

"ဘာကွ"

အောင်ချမ်းသာ မျက်လုံးပြူးသွား၏။ သူက မျက်လုံးအပြူးသားဖြင့် သိုက်မောင်အား လည်ပြန်လှည့်ကြည့်သည်။ သို့စဉ်တွင် ထွန်ကကွေ့၍ သိုက်မောင်ဘက်သို့ မျက်နှာမူကာ မောင်းလာသည့်အတွက် အောင်ချမ်းသာက ထပ်ဆင့်မေးလိုက်၏။

"ဘာလဲကွ…မဲနှိုက်တယ်ဆိုတာ"

"ဟ-ငါတို့ရွာမှာ မဲနှိုက်ရတယ်၊ မဲကျတဲ့လူ ထောက်ခံပွဲတက်ရတာပေါ့ကွ"

"ဟော…မင်းတို့ရွာက တက်ချင်တဲ့လူ မရှိလို့ လုပ်ရသလို ဖြစ်နေပါကောလား"

"ရှိပါတယ်ကွာ၊ လယ်သမားတိုင်းဟာ ဒီမိန့်ခွန်း ထောက်ခံပွဲကို အလုအယက် တက်ချင်ပါတယ်ကွ"

"ဒါဖြင့် မင်းတို့ဟာက ဘာဖြစ်ရတာလဲဟေ…"

"ဒို့ရွာမှာ လူကြီးလုပ်စားနေတဲ့ လူတွေပေါ့ကွာ။ ဘယ်နေ့ဘယ်ရက်မှာ မိန့်ခွန်းထောက်ခံပွဲရှိတယ်၊ တက်မယ့်လူစာရင်းပေးပါ၊ ဒီလိုမလာဘူးကွ။ သိလား"

"ဒါဖြင့် ဘယ်လိုလာလဲ၊ ကင်းမြီးကောက် ထောင်ပြီး လာသလား"

"မင်းဖေကလွှား၊ ကင်းမြီးကောက် ထောင်ရမှာလား"

သိုက်မောင်ကဆဲလိုက်ပြီး အောင်ချမ်းသာနှင့် ရောနှောရယ်မောဲ၏။ သူက "ငါပြောသလို ဒွေးနွေးလို့ သတင်းပေးလို့

မဟုတ်ဘူးကွာရေ့ ဟော့–ငါရယ်၊ ငါ့သားရယ်၊ ငါ့ယောက်ဖရယ်၊ ငါ့သားမက်ရယ် ထောက်ခံပွဲတက်မလို့ တစ်အိမ်တစ်ကျပ် ထည့်ရမယ်တဲ့လေ''

''အင်း…အင်း''

''ဒို့က ဘယ်ထည့်မလဲကွ၊ မထည့်ဘူးဟေ့ဆိုတော့၊ ဒါဖြင့် မဲနှိက်ရမယ်တဲ့''

''ဟုတ်ပေ့ကွာ''

''ငါတို့ရွာမှာ လယ်သမား ၃၀ ရှိတာ ၆ ယောက်မဲကျတော့ ၆ ယောက်ပဲ တက်တာပေါ့ကွ''

''အကုန်လုံး တက်ကြရောပေါ့ကွာ၊ မင်းတို့မလဲ''

''လူကြီးလုပ်စားနေတဲ့ အဲဒီ လူလယ်ကို မုန်းတာနဲ့ပဲ မဲနှိက်လိုက်ကြတာဟေ့''

''မင်းတို့ရွာက လူကြီးလုပ်စားတဲ့ လူ လုပ်ပုံနဲ့တော့ တစ်ခါတည်း ငါးပါးမှောက်သွားတော့တာပါကလား၊ သိုက်မောင်ရာ''

အောင်ချမ်းသာက ထွန်ကိုရပ်၍ ဆင်းလာရင်း ညည်းတွားလိုက်သည်။

''ဟ–ဘယ့်နှယ်လုပ်မလဲကွ၊ တော်ရုံတန်ရုံ စေတနာ သဒ္ဓါတရားဟာ အဲဒီလူကြီးကြောင့် ယုတ်ယုတ်သွားတယ်။ ငွေဝင်တဲ့လုပ်ငန်းဆိုလို့ ဘာမှမရှိတော့ ဘယ်လိုထွင်ရင် ငါစားရပါ့မလဲ၊ ဒါပဲ ကြည့်နေတာကွ သိလား''

''ထားပါလေ၊ သူ ဘယ်လိုလုပ်ဆိုတာကျတော့ တစ်မျိုးကွ၊ ဒီ ထောက်ခံပွဲကို မဲနှိက်ပြီး တက်တယ်ဆိုတာကတော့ သူ့ကို မထိနိုက်ဘူး။ ငါတို့ လယ်သမားတွေကို ပြန်ပြီး ထိနိုက်နေတယ်ကွ''

''အေးကွာ၊ ငါတို့လည်း သူ့ကို ရွဲ့လိုက်မိတာပဲ၊ ဘာမှ မစဉ်းစား…''

''ဟော့…အောင်ချမ်းသာ…''

မြောင်းခေါင်း၏ အသံဖြစ်ပေသည်။ မြောင်းခေါင်းက ဝါးခင်းကြားမှထွက်လာစဉ် သိုက်မောင်သည် ဆက်မပြောဘဲ မြောင်းခေါင်းအား ငေးကြည့်နေ၏။

''အောင်ချမ်းသာရေ အထက်နားမှာ မြောင်းကျိုးနေလို့ လိုက်ခဲ့ပါအုံးကွ''

''ဘယ်သူ့ လယ်နားကလဲဗျ''

အောင်ချမ်းသာက မြောင်းခေါင်းအား သီး၍မေးသည်။

''ဦးဖိုးထွန်း လယ်ဘေးကပေါ့ကွ၊ သူ့လယ်ထဲက တစ်ကျိတ်စိုက်ပါခင်းတစ်ခင်း တော့ သွားပြီ၊ အဲဒါ အခုနေ ပိတ်ကြပါမှ ဟေ့၊ မိုးရွာလာရင် နိုင်မှာမဟုတ်ဘူး''

မြောင်းခေါင်းက ဆက်လက်ပြောဆိုနေစဉ် အောင်ချမ်းသာက ဆေးလိပ်တိုကို သွားယူပြီး မီးညှိလိုက်ကာ–

''သိုက်မောင်ရေ၊ ငါ့နွားတွေဖြုတ်ပြီး လွှတ်ထားလိုက်စမ်းပါကွာ''

ဟု လှမ်းမှာရင်း ချုံထဲမှ ငန်းပြားကို ဆွဲ၍ မြောင်းခေါင်းနောက်သို့ လိုက်လာခဲ့၏။

''ဟိုကောင်က ဘယ်သူလဲကွ''

အတန်လှမ်းလာမိပြီးမှ မြောင်းခေါင်းက မေး၏။

''စိန်ပန်းပင် လယ်ပွဲကပါဗျာ''

''ဩ–ဩ ငါတာကွဒ်မြောင်းသောက် ပေါ့ ဟုတ်လား''

''ဟုတ်ပါတယ်၊ ကျုပ်တို့ဝါပင်တွေ ဆယ့်ငါးရက် သားလောက်တုန်းက တက်ရတဲ့ ထောက်ခံပွဲကို သူတို့ရွာက မဲချပြီး လူလွှတ်ဆိုပါကော''

''ကြားတယ်ကွ၊ တို့လယ်သမားဘက်က တော်တော်အရှုပ်ဆိုးတာပဲ၊ ဒါပေသည့် ဘယ်သူကမှ အရေးမယူတော့လည်း ခက်သားပဲကွာ''

''အဲ––သိုက်မောင်တို့ရွာမှာ တစ်ယောက်ဖျက်လို့ အဲဒီအတိုင်း အရှုပ်ဆိုးသလို ကျုပ်တို့မြောင်းမှာလည်း အဲဒီ ဦးဖိုးထွန်း ဖျက်နေတာပဲဗျ၊ အခု သူ့လယ်ထိပ်က ကျိုးတာပဲမဟုတ်လား''

''ခက်တယ်ကွာ''

''ဘာခက်ရမှာလဲဗျ၊ မြောင်းတာလည်း ကောင်းကောင်းမတူး၊ ဘောင်ကလေး နည်းနည်းပါးနေတာတောင် ဖို့လိုက်မယ်လို့ မရှိတဲ့လူ၊ ရေလှည့်မိုးလှည့် ကြုံတဲ့အခါမှာသာ ဒီလိုထပ်ကျိုးနေရင် ဘယ်လိုလုပ်မလဲ''

''အမယ်–မြောင်းခေါင်းက ဒီကောင်ကလေးကိုများဗျာ၊ သွားခေါ်နေရသေးသလား''

မြောင်းကျိုးသည့်နေရာ၌ ထိုမြောင်းသောက် လယ်သမားခပ်များများ ရောက်ရှိနေကြ၏။ သူတို့သည် သစ်ခက်ခုတ်သူကခုတ်၊ ဆည်တိုင် စိုက်သူကစိုက်၊ ကောက်ရိုးထုံး သိပ်သူကသိပ်ဖြင့် မြောင်းကျိုးကို အတွင်းမှ စတင်ပိတ်နေကြပေပြီ။

စင်စစ်အားဖြင့် မြောင်းကျိုးရာတွင် ကျိုးသည့်နေရာ၏အထက်မှ လယ်သမားများမှာ နေသာပေသည်။ အဓိက သက်



ဆိုင်သူ ထိခိုက်သူများမှာ ကျိုးသည့်နေရာ၏ အောက်ပိုင်းမှ လယ်သမားများသာဖြစ်၏။ သို့ရာတွင် ယခု မြောင်းကျိုးပိတ်ဆို့ရာသို့ အထက်သား အတော်များများ ရောက်လာကြပေသည်။

အောင်ချမ်းသာအား စတင်ခန့်သူမှာ အထက်သားတစ်ယောက်ဖြစ်သော ကိုစိန်ဘပင်။

"ဒီချာတိတ်ကိုသွားခေါ်လို့ ပြေရှုပ်ရုံပဲ ရှိမှာပေါ့ မြောင်းခေါင်းရ"

အောင်ချမ်းသာက နားလည်ပါသည်။ ကိုစိန်ဘမှာ မိမိနှင့် လယ်ချင်းစပ်၍ ရွာချင်းလည်း နီးကပ်ပေသည့် မိမိအား ခင်မင်သည့်အလျောက် စနေခြင်းဖြစ်ကြောင်း သိ၏။ သို့ရာတွင် ပြန်မပြောဘဲ ဆေးလိပ်ကို မဲ့ဖွာရင်း ကမူတစ်ခုမှမြေများကို တူးဆွကော်ပက်နေ၏။

"ကြည့်လေ၊ တစ်ခါကော်မှ လက်သီးဆုပ်လောက်ပဲပါတယ်"

မြောင်းပိတ်သူများသည် အောင်ချမ်းသာအား လှည့်ကြည့်ကာ ရယ်မောကြ၏။

"အကိုစိန်ဘရာ၊ ခင်ဗျားက အထက်သား၊ ကျနော်က အောက်သားပါဗျ၊ အကိုစိန်ဘနဲ့ မဆိုင်ပါဘူး"

"ငါလည်း ဒီမြောင်းသောက်မို့ ငါနဲ့ဆိုင်တယ်ဆိုတာ မင်းမေ့နေပြီလား"

"သိပါဘူးဗျာ၊ ငါနဲ့မဆိုင်ဘူးဆိုပြီးများ ကပ်နေကြမလားလို့··ဟဲ··ဟဲ သတိပေးတာပါ"

"ငါတို့က နားလည်မှု၊ သိတတ်မှု၊ ယိုင်းပင်းမှုအပြည့်ရှိပါတယ်ကွာ၊ ကိုယ့်တာဝန်ကို ကိုယ်မလုပ်တာကိုပဲ ငါဟုတ်လှပြီ မထင်ပါဘူးကွ"

ထိုစကားမှာ မြောင်းကျိုးနေရာမှ ဦးဖိုးထွန်းနှင့် သူ့သား ရွှေဘအား သေချာစွာ ထိပါးသွားလေ၏။

မြောင်းမည်းသည် ကြွက်ပေါက်ကို သေးသေးက ပိတ်ရသည်။ ပုစွန်လုံးပေါက်ကို ငယ်ငယ်က ဆို့ပစ်ရသည်။ ဘောင်ပေါ်ရေကျော်လျှင် ချက်ခြင်းဖို့ပစ်၊ ဆင့်ပစ်ရသည်။ ယင်းသို့မဟုတ်လျှင် နေ့ချင်း ညချင်း မြောင်းကျိုးကျရာနေရာမှ လယ်များ ပျက်စီးရုံသာမက အောက်ဘက်မှ ရေလိုသော လယ်များမှာ ရေမရသဖြင့် လုပ်ငန်းထိခိုက်၏။ သို့သော် ဦးဖိုးထွန်းတို့သားအဖမှာ မပကပ်ကပ်နှင့်၊ မိမိနှင့် မဆိုင်သလို ဆိုင်သလို လုပ်နေလေ့ရှိကြ၏။

တစ်မြောင်းတည်းသောက် လယ်သမားများက မတွယ်ကပ်ဘဲ ရှောက်လုပ်သွားကြခြင်းကိုပင် ဦးဖိုးထွန်းက လူနုံတွေဟု သမုတ်ခဲ့ကာ၊ သားရွှေဘကမူ လယ်သလိုနေခြင်းဖြစ်သည်ဟု ရင်ကော့ခဲ့၏။ ထိုသို့ လူကြားသူကြား မကြာခဏပြောခဲ့ကြသဖြင့် ကိုစိန်ဘ၏စကားမှာ ဦးဖိုးထွန်းသားအဖအား ဒက်ထိ ထိခိုက်သွားခြင်းဖြစ်ပေသည်။

ဦးဖိုးထွန်းမှာ မျက်နှာပျက်သွား၏။ သူ၏သား ရွှေဘမှာကား သံလျှက်ဖြင့် အထိုးခံရသူလို ဆတ်ကနဲမော့ကြည့်၏။ ဤသို့ ဆတ်ကနဲ မော့ကြည့်ခြင်းကိုပင် အောင်ချမ်းသာတို့တစ်တွေက မလိုလားပေ။ သို့ကြောင့် ကိုစိန်ဘက ဆက်လက်၍ စောင်းမြောင်း စကားဆိုသည်။

"အောင်ချမ်းသာရာ၊ ငါတို့ အထက်သားတွေက ငါနဲ့မဆိုင်ဘူး၊ ဆိုင်တယ်၊ ဒီသဘောမျိုး မမွေးပါဘူးကွ၊ ဒီမြောင်းဟာ ငါ့မြောင်းဆိုပြီး ချဲ့တွေ့ရင် ရှင်းတယ်၊ ပေါက်နေတာတွေ့ရင် ပိတ်တယ်၊ ကျော်နေတာ တွေ့ရင် ဖို့တယ်"

"ဒီလိုမှပေါ့ကွ"

မြောင်းခေါင်းက ဝင်၍ထောက်ခံသည်။

"အဲဒီလို စေတနာထားပေမယ့် တချို့တလေ မိုချင်ကပ်ချင်တဲ့လူတွေ၊ အပါးဝသလိုလိုလုပ်တဲ့ လူတွေကြောင့် ရိုးပြီးသား စေတနာကလေးက ယုတ်ယုတ်သွားတယ်"

"ဟော-ကြားပြန်ပြီ"ဟု စိတ်ထဲမှ ရေရွတ်လိုက်ကာ အောင်ချမ်းသာ၏ခါးမှာ စန့်ကနဲဖြစ်သွားရလေ၏။

စောစောက "ရိုးပြီးသား စေတနာကလေး ယုတ်ယုတ်သွားတယ်"ဟု နှမ်းခင်းဘေးတွင် ပြောခဲ့သူမှာ သိုက်မောင်ဖြစ်သည်။ ယခု မြောင်းကျိုးပိတ်ရင်း ပြောလိုက်သူမှာ ကိုစိန်ဘဖြစ်ချေသည်။

သိုက်မောင်၏ စေတနာပျက်ယွင်းရခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်းမှာ ရွာထဲမှ လူပေါ်ကြော့ တစ်ပွဲစားတစ်ယောက်ကြောင့်ဖြစ်၏။ ကိုစိန်ဘ၏ စေတနာနှင့် စိတ်ဓာတ် ယုတ်လျော့သွားခြင်းကား လူလူချင်း၏ မျက်နှာပေါ် လမ်းလျှောက်ချင်သော

မြောင်းမည်းသည်
ကြွက်ပေါက်ကို
သေးသေးက ပိတ်ရသည်။
ပုစွန်လုံးပေါက်ကို
ငယ်ငယ်က ဆို့ပစ်ရသည်။

ဦးဖိုးထွန်းသားအဖကြောင့်ဖြစ်သည်။ သို့ရာတွင် လူအင်အားဖြင့် တက်ညီလက်ညီ ဆောင်ရွက်လိုက်သည့်အတွက် မြောင်းကျိုးမှာ တစ်နာရီအတွင်း ပြီးစီးသွားလေ၏။

မြောင်းထဲတွင် ငန်းပြားပေါက်ပြား ဆေးသူက ဆေးနေသည်။ အချို့က ခြေလက် ဆေးကြောနေကြသည်။

"ကဲ···ဦးဖိုးထွန်း"

မြောင်းခေါင်းက ဦးဖိုးထွန်းအား လှမ်းကြည့်ပြီး စကားစလိုက်၏။ ကျန်လူများမှာလည်း မြောင်းခေါင်း၏အပြောကို စောင့်နေကြခြင်းဖြစ်သဖြင့် ကျေနပ်စွာ လှမ်းကြည့်နေကြ၏။

"ခင်ဗျားဟာ ကိုယ့်လယ်ဘေးက မြောင်းကိုတောင် မပြုပြင်ချင်ဘူး၊ အပေါက်ကလေးတစ်ပေါက်ကမှလည်း မဖာချင်ဘူးလို့ အများကပြောနေကြတယ်၊ ကျုပ်တော်လည်း သိတယ်၊ အဲဒီလို ရေသာခိုလို့ အခု တစ်ကျိတ်စိုက်လောက်ရှိတဲ့ ပိန်ခင်းကြီး ပျက်စီးသွားပြီ မဟုတ်လား"

ရွှေဘကတော့ မြောင်းခေါင်းအား စိုက်ကြည့်နေ၏။

"တစ်မြောင်းလုံးဟာ ခင်ဗျားလိုသာ တွက်ကပ်နေကြရင်တော့ မြောင်းဟာ မကြာခဏကျိုးပြီ၊ တော်တော်ကြာ ဖျိုးခင်းရေ စိုက်ခင်းရေလိုလာတဲ့အချိန်ကျရင် အားလုံး ခက်ကုန်မှာပဲ"

''တစ်ယောက်တစ်လက် ကိုယ့်တာ ကိုယ် ထိန်းကျရမှာပေါ့ကွာ''

ဘပန်းညိုက ဝင်ထောက်လိုက်ပြီး နောက် မြောင်းခေါင်းက ဆက်ပြောသည်။

''အဲဒီတော့ ကိုယ့်တာကို ကိုယ်ဂရု စိုက်ရတာ မပင်ပန်းပါဘူးဗျာ။ တကယ်လို့ ဦးဖိုးထွန်းနေရာက ထပ်ပျက်ရင်တော့ ကျွန် တော်က မြေယာကော်မတီကို တိုင်ရလိမ့် မယ်''

ဦးဖိုးထွန်းက ခေါင်းညိတ်ပြ၏။ ''နောက် ငါလည်း ဂရုစိုက်ပါမယ်ကွာ၊ နောက်တော့ မဖြစ်စေရပါဘူး။ စိတ်ချပါ'' ဟု ဝန်ခံစကားပြော၏။

အောင်ချမ်းသာသည် ကိုစိန်ဘ လှမ်း နောက်နေဆဲမှာပင် မိမိလယ်ပွဲဘက်သို့ ခုန်း ဆောင်ကာပြန်လာခဲ့၏။ မွန်းတိမ်းနေပြီမို့ ဝမ်းက ပို၍သိသည်။ အောင်ချမ်းသာက ကန်သင်းရိုးအတိုင်း လျှောက်လာပေ၏။

ဦးဖိုးထွန်းလို လူတစ်ယောက်က အများနှင့် ဆက်လက်မဆန့်ကျင်ရဲသော စကား ဆိုလိုက်သည့်အတွက် သူက ကျေ နပ်သည်။ သို့ရာတွင် ရွှေဘက မိုက်ကြည့် ကြည့်လိုက်သည့်အတွက် မကျေနပ်။ ဆာ လောင်ခြင်းနှင့် ကျေနပ်ခြင်း၊ မကျေနပ်ခြင်း တို့မှာ တစ်မျိုးစီ သန့်နေကြ၏။

နေသည် တိုး၍ပူလာသည်။ အပူရှိန် သည် တိုးဆင့်ပြင်းထန်လာသည်။ နေပူပူ ဝယ် နယ်လုသော ချိုးကူသံတို့သည် သာယာ၏သို့ မသာ၏သို့ ထင်ရ၏။

''ဒီမြောင်းမှာတော့ တစ်ယောက် မကောင်းလို့ မြောင်းကျိုးပြီးပြီ၊ ဒါပေမဲ့ အဲဒီ မကောင်းတဲ့ဒဏ်က အဲဒီ မကောင်းတဲ့လူ အပေါ်ကိုပဲ ပိသွားတယ်''

အောင်ချမ်းသာ၏ခြေများက သွက် သွက်လှမ်းလာသည်နှင့်အမျှ စိတ်တွင်းမှ လျင်မြန်စွာလှုပ်ရှားတွေးတောမိခြင်းများ ဖြစ် ပေသည်။

''အဲ…ဟုတ်ပြီ၊ သိုက်မောင်တို့ရွာမှာ တစ်ယောက်မကောင်းလို့ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရတဲ့ဒဏ်ကျတော့ သိုက်မောင်တို့ တစ်ရွာလုံးပဲ ခံနေရပါကလား။ အို--မဟုတ် သေးပါဘူး''

အောင်ချမ်းသာသည် ခေါင်းကို ခပ် ကြမ်းကြမ်းကုတ်လိုက်ပြီးနောက် ပါးစပ်တွင် ခဲထားသော ဆေးလိပ်တိုကို မြောင်းထဲသို့ ထောင့်၍ပစ်ချလိုက်၏။ ဆေးလိပ်နှင့် မြေပြင် ထိသံ၊ ရေနှင့်မီးတွေ့သံက ရှေ့ဆင့်နောက် ဆင့် ပေါ်လာသည်။ လှိုင်းကလေး တစ်ချက် နှစ်ချက် မှက်သွားသည်။

မဖြစ်သင့်သော မလုပ်ကောင်းအလုပ် ကို လုပ်ခဲ့သည်။ ဖြစ်မှားခဲ့သည်ဟု သူပင် လျှင် သိုက်မောင်အား အပြစ်ဆိုခဲ့လျက်က ယခု သိုက်မောင်တို့အကြောင်းကို ဆက်စပ် တွေးတောပြီး စိတ်တိုသလိုလိုဖြစ်နေ၏။

စိန်ရွှေသည် ဝါကောက်သော အမျိုး သမီးနှစ်ယောက်ကို ထမင်းကျွေးနှင့်သော် လည်း သူမှု မစားသေးဘဲ အောင်ချမ်းသာ ကို စောင့်မျှော်နေသည်။

''ကြာလိုက်တာတော်''

တဲနံရံ၌ အောင်ချမ်းသာက ငန်းပြား ကို ပစ်ထောင်လိုက်စဉ် စိန်ရွှေက ဆီးကြို အပြစ်တင်၏။

''မြောင်းကျိုးနေတဲ့ဟာကို ဒါလောက် တော့ ကြာမှာပေါ့ကွ''

အောင်ချမ်းသာ၏ စိတ်တိုခြင်းမှာ တံထဲအထိ ကူးစက်လိုက်ပါလာသည်။ သူက သုန်မှုန်စွာစောင့်ကြည့်ရင်း ထန်း ဖလပ်ပြား ထိုင်ခုံကို ဖင်ခုထိုင်လိုက်၏။

''အောင်ချမ်းသာကလည်းဟယ်၊ အလကား စိတ်တိုနေ''

အမဲအုံချက် ပန်းကန်ထဲသို့

လက်လှမ်းနှိုက်လိုက်စဉ်

အောင်ချမ်းသာ၏

ထမင်းဇလုံထဲသို့

တစ်စုံတစ်ခုကျလာ၏။

ငုံ့ကြည့်လိုက်သောအခါ

အိမ်မြောင်ချေးက . . .

''အကိုစိန်ဘက ဇလိုက်ပြီထင်တယ်''

ဝါကောက်သော အလုပ်သမနှစ် ယောက်က ထင်မြင်ချက်အမျိုးမျိုးပေးကြ သဖြင့် ''မဟုတ်ပါဘူးဟာ၊ နင်တို့ မသိပါ ဘူး။ အသာနေကြစမ်းပါ''ဟု ခပ်ညည်း ညည်းပြောရာက စိန်ရွှေကမ်းသော ထမင်း ဇလုံကို လှမ်းယူသည်။ ထမင်းဇလုံထဲ၌ ထမင်းက အပြည့်ပါ၏။ တစ်ဇယ်ချက်ဆက် အောက်မည်မဟုတ်ပေ။

ဝါကောက်သော အလုပ်သမ နှစ် ယောက်၏ရှေ့၌ ဟင်းခွက်နှစ်ခွက်ရှိသည်။ တစ်ခွက်မှာ ဆီးဖြူသီးထောင်းဖြစ်၍ တစ် ခွက်မှာ အမဲအုံချက်ဖြစ်၏။

ဟင်းကိုမြင်ရုံဖြင့် အောင်ချမ်းသာမှာ သွားရည်မထိန်းနိုင်အောင် ဖြစ်သွားသည့် အတွက် ထမင်းတစ်လုတ် ကပျာကရာ ခွံ့ လိုက်ရသည်။ ထမင်းချည်း မျိုချလိုက်ရခြင်း ကပင် အရသာရှိနေရာ ဟင်းနှင့်စားလိုက် သောအခါ ပြောစရာမရှိအောင် ကောင်းလှ ချေ၏။

အောင်ချမ်းသာသည် ထမင်းလုတ်ကို ဆက်ကာဆက်ကာ ခွံ့သည်။ တစ်ချက်နှစ် ချက် ဝါးပြီးမျိုချ၏။ နောက်တစ်လုတ်ကို အပြေးအလွှားခွံ့သည်။

အမဲအုံချက် ပန်းကန်ထဲသို့ လက် လှမ်းနှိုက်လိုက်စဉ် အောင်ချမ်းသာ၏ ထမင်းဇလုံထဲသို့ တစ်စုံတစ်ခုကျလာ၏။ ငုံ့ ကြည့်လိုက်သောအခါ အိမ်မြောင်ချေးက ထမင်းပေါ်တွင် ပြန့်ကျဲနေသည်။ မော့ကြည့် လိုက်ရာ တဲခေါင်တွင် အိမ်မြောင် တစ် ကောင် ကပ်နေ၏။

''တယ်လေ--ငါ''

အောင်ချမ်းသာ ဒေါင်းကာနဲ့ စိတ်ထ လာ၏။ ထမင်းဇလုံပါ လွှင့်ပစ်ရန် တဲဝသို့ ရွယ်လိုက်စဉ် ''ဖြေ--ဖယ်ပစ်လိုက် ပြီး ရော့ပေါ့ဟယ်''ဟု အလုပ်သမတစ်ယောက် လှမ်းပြောသဖြင့် အောင်ချမ်းသာ၏လက်မှာ တန့်သွားသည်။

စိန်ရွှေက ''မြန်မြန်ဖယ်လိုက်လေ၊ အို--ထမင်းထဲကို စိမ့်ဝင်ကုန်လိုက်မယ်။ မြန် မြန် သုံ့ယူပြီး ဖယ်လိုက်ပါ''ဟု ကသော ကမြောပြောမှ အောင်ချမ်းသာသည် အိမ် မြောင်ချေးကို ဖယ်ရှားရန် လက်မြောက် လိုက်ပေ၏။

**ဆင်ဖြူကျွန်းအောင်သိန်း**

ရဲဘော်ကျော်ဆန်း



# သေမင်းကို ရင်ခိုင်ရဲသော ဗိုလ်ရာကွတ်

ဗိုလ်ရာကွတ်ကို မြန်မာသက္ကရာဇ် ၁၂၀၅ ခုနှစ်တွင် ဆင်ဖြူကျွန်းနယ်၊ စညောင်ရွာ၌ မွေးဖွားသည်။ ခညောင်ရွာသူကြီး ဦးထာသည် ဗိုလ်ရာကွတ်၏ ဖခင်ဖြစ်သည်။ ဖခင်ဦးထာ၏ အစ်ကို ပေါက်မြို့ဝန် ဦးဖောတွင် ဦးသာထင်၊ ဦးမှတ်ကြီး၊ မလေးဆိုသည့် သားသမီးများထွန်းကားရာ ဗိုလ်ရာကွတ်သည် မလေးနှင့် သင့်မြတ်သဖြင့် ပေါက်မြို့နယ် ရေမရွာရှိ မြို့ဝန်ဦးဖောထံတွင် ရွှေတိုက်စားရင်းဝင် စာရေးကြီးအဖြစ် အမှုထမ်းသည်။ အမှုထမ်းကောင်းသဖြင့် ဘုရင့်ရိက္ခာတော်ကို ရရှိသည်။ ဗိုလ်ရာကွတ်သည် ငယ်စဉ်က သဒ္ဒါ-သင်္ဂြိုဟ် ဓမ္မသတ်-ရာဇသတ် ဥပဒေများ သင်ကြားခဲ့ဖူးသည်။

၁၂၄၇ခုနှစ် သီပေါဘုရင် နန်းကျပြီးနောက် ကုလားဖြူတပ်များသည် ပခုက္ကူ မြစ်ခြေကို ဖြတ်ကျော်ပြီး ယောလေးမြို့သို့ ချီတက်လာကြသည်။ ထိုသတင်းကို ကြားသိရသော ဗိုလ်ရာကွတ်သည် မြန်မာတပ်များကို စုစည်းကာ ကုလားဖြူများကို ဝင်ရောက်တိုက်ခိုက်သည်။ ဗိုလ်ရာကွတ်သည် သားဖြစ်သူ မောင်ချော၊ မောင်တုတ်၊ သမီးဖြစ်သူ မစင်နှင့် ဇနီးဖြစ်သူတို့ကို ယောနယ်ကြီးနေ့ရွာသို့ သွားရောက်တိမ်းရှောင်နေစေသည်။

ယင်းအခါက အင်္ဂလိပ်များသည် ဗိုလ်ရာကွတ်ကို ရာထူးနှင့်များခေါ်သော်လည်း ''သူ့ကျွန်မခံလို''ဟုဆိုကာ ရှိသမျှ လက်နက်၊

ရှိသမျှလူအင်အားနှင့်ပင် နယ်ချဲ့ကို ခုခံတော်လှန်သည်။ ဗိုလ်ရာကွတ်သည် နယ်ချဲ့တော်လှန်ရေးတပ်၌ ယောလေးမြို့ မျိုးချစ်မြန်မာများ စုပေါင်းထားသည်ဖြစ်ရာ ဖန်ချီဦးထောင်ဗိုလ်တပ်၊ ပျဉ်းချောင်း ဦးရန်ကြီးတပ်၊ ဦးစကားတပ်၊ လင်တောင်ရွာ ဦးသာလဲတပ်၊ ဦးကြာတူး၏ တင်းဆုတ်တင်းမတပ် စသည်တို့ဖြစ်သည်။

ဗိုလ်ရာကွတ်သည် ဖနီးနှင့်သားသမီးများကို ယောတွင်ထားခဲ့ပြီးနောက် ပေါက်သို့ ပြန်လာကာ မြန်မာ့တော်လှန်ရေး တပ်များကို အုပ်ချုပ်လျက် ပခုက္ကူမှ ချီတက်လာသော နယ်ချဲ့တပ်များကို တပ်မ တောင်ကြား ပပေါက်ကြပ်စခန်းမှနေပြီး ကြံ့ကြံ့တင်း၍ စောင့်ဆိုင်းနေသည်။ အခြားတပ် တစ်တပ်ကိုလည်း မြစ်ခြေကျွန်းပင်လမ်း ခေ့တဲ့တားဖက်မှ အသင့်စောင့်ဆိုင်းခုခံစေသည်။

သို့သော် မြန်မာတပ်များသည် နယ်ချဲ့တို့နှင့် လက်နက်အင်အား၊ လူအင်အားချင်း မမျှတသဖြင့် လမ်းမှုင့်သွားရလေသည်။ ယင်းကြောင့်ပင် နယ်ချဲ့တပ်များသည် ထိုအခွင့်ကောင်းကို လက်လွှတ်မခံဘဲ ဖိပြီးတိုက်လာသဖြင့် ဗိုလ်ရာကွတ်သည် နှံသာညောင်ဝန်းကို လက်လွှတ်ခဲ့ပြီး ပပေါက်ကြပ်မှ ဆုတ်ခွာကာ ပျဉ်းမချောင်းရှိ ဦးရန်ကြီးတပ်နှင့် ပူးပေါင်း၍ သဖားတော်ရွာမှ ပြန်လည်ခုခံပြန်သည်။

သို့သော် ဗိုလ်ရာကွတ်သည် နယ်ချဲ့တပ်များကို ဆက်လက်မခုခံနိုင်သဖြင့် ပေါက်မြို့အထိ ဆုတ်ခွာပြီး ရှင်ဘုရင်ဘုရား၊ အနီးရှိ ကုန်းမြင့်၌လည်းကောင်း၊ ကန်တွင်းကုန်းမှလည်းကောင်း၊ မြေကတုတ်ကျင်းများကို ပြုလုပ်ပြီး နယ်ချဲ့ကို အရှုံးမပေးဘဲ ဆက်လက်ခုခံပြန်သည်။ ဗိုလ်ရာကွတ်တပ်များနှင့် ဒေါ်သာရွာဘက်မှ ချီတက်လာသော အင်္ဂလိပ်တပ်များသည် ပြင်းပြင်းထန်ထန်တိုက်ပွဲဖြစ်ပွားရာ မြန်မာမျိုးချစ်တပ်များသည် ယောနယ်အထိ ဆုတ်ခွာပေးရသည်။ ယောနယ်၌ သမီးနှင့်ဖနီး သေဆုံးကြောင်း သိရသည်။

သို့သော် စိတ်ဓာတ်ခိုင်ကျည်သော ဗိုလ်ရာကွတ်သည် ဗိုလ်ထောင်ဘို၊ ဗိုလ်သာလံတို့နှင့် ပူးပေါင်းပြီး တစ်နှစ်ကျော်မျှ ပြောက်ကျားစနစ်ကိုသုံးကာ နယ်ချဲ့ကို ဆက်လက်တော်လှန်ခဲ့သည်။ ဗိုလ်ရာကွတ်

**စိတ်ဓာတ်ခိုင်ကျည်သော ဗိုလ်ရာကွတ်သည် ဗိုလ်ထောင်ဘို၊ ဗိုလ်သာလံတို့နှင့် ပူးပေါင်းပြီး တစ်နှစ်ကျော်မျှ ပြောက်ကျားစနစ်ကိုသုံးကာ နယ်ချဲ့ကို ဆက်လက်တော်လှန်ခဲ့သည်။**

အား အင်္ဂလိပ်တို့က ရာထူးပြန်၍ သွေးဆောင်သော်လည်း ဗိုလ်ရာကွတ်သည် အညံ့မခံဘဲ ဆက်လက်၍သာ တိုက်ပွဲဝင်ပြန်သည်။ ထိုကဲ့သို့ တိုက်ပွဲများကို မနားတမ်း တိုက်ခိုက်နေရသောကြောင့်ပင် ဗိုလ်ရာကွတ်သည် နာမကျန်းဖြစ်လာသည်။ သို့သော် တပ်သား နကြားပိုရန်အေးက သယ်ဆောင်ပြီး သေအတူ ရှင်မကွဲ ဆက်လက်တိုက်ပွဲဝင်ခဲ့ပြန်သည်။

ယင်းသို့ ဗိုလ်ရာကွတ် နာမကျန်းဖြစ်နေစဉ်တွင် အင်္ဂလိပ်တပ်များက ဗိုလ်ရာကွတ်ကို ခင်းရွာအနီး၌ လက်ရဖမ်းဆီးမိသွားသည်။ အင်္ဂလိပ်တပ်က ဗိုလ်ရာကွတ်ကို ပေါက်မြို့သို့ခေါ်သွားကာ သတ္တဋ္ဌာနဘုရားသိမ်၌ ကန့်လန့်ကာ ကာရံ၍ ချုပ်ထားသည်။ ပေါက်မြို့ရှိ ဆွေမျိုးများက ကျောက်စိမ်းခေါင်းပေါင်း၊ သားမွေးအင်္ကျီ၊ ပိုးသားပုဆိုးများကိုပေးပြီး ကောင်းသော အဝတ်များနှင့် လဲလှယ်ဝတ်စေသည်။ ထိုစဉ်က ဦးသာခွာဆိုသူသည် စောင့်ကြပ်နေသော အစောင့်များကြားမှ အတင်းဝင်ရောက်ပြီးလျှင် ဗိုလ်ရာကွတ်မှာ အပြစ်မရှိသဖြင့် လွှတ်ပေးရန်ပြောဆိုခဲ့ရာ နယ်ချဲ့တို့က ဦးသာခွာကိုဖမ်းပြီး မှုဍ္ဍလီနှာဘုရား၌ ကြိုးတုပ်ထားပြန်သည်။ ပေါက်မြို့သူ မြို့သားများက ကရုဏာမကင်းသဖြင့် ဗိုလ်ရာကွတ်အား ကြည့်ရှုခွင့်ရရှိ၍ ကြည့်ရှုကြရာ

''ငါ့ထံ မည်သူမျှမလာရ၊ ပုဆိုးစိုပျက်သည်''ဟု တစ်ဦးတစ်ယောက်ကိုပင် အတွေ့မခံဘဲနေသည်။

အင်္ဂလိပ်တို့သည် နောက်ဆုံးအနေနှင့် ဗိုလ်ရာကွတ်ကို ဆင်ကဲရာထူးပေးသည်။ မိမိတို့ဘက်တွင် အမှုထမ်းရန် အမျိုးမျိုးဖျောင်းဖျပြောဆိုသော်လည်း ငြင်းဆန်နေသဖြင့် ဓာတ်သာသည်အဆုံး၌ ကြိုးမိန့်ချလိုက်ရလေသည်။

မကြာမီ ပေါက်မြို့ ညောင်ပင်ရပ်တွင် ကြိုးစင်ဆောက်ပြီး မြို့ပေါ်ရှိ မြို့သူမြို့သားများကို လာရောက်ကြည့်ရှုရန် မောင်းခတ်ဆင့်ဆိုသည်။ ကြိုးစင်ပတ်ဝန်းကျင်တွင်လည်း ဂေါ်ရာမြင်းတပ်၊ ခြေလျင်ကုလားတပ်များကို အစောင့်ချထားသည်။ ထိုအချိန်တွင် ဗိုလ်ရာကွတ်သည် မိမိအား ကြိုးစင်မတင်မီ ကွမ်းယာတစ်ယာတောင်းပြီး ဣန္ဒြေမပျက် ကွမ်းစားနေသည်။ အတန်ကြာသော် သက်ဆိုင်ရာတို့က ဗိုလ်ရာကွတ်အား ကြိုးစင်သို့မတင်မီ ကျောက်စိမ်းခေါင်းပေါင်း၊ သားမွေးအင်္ကျီနှင့် ပိုးသားပုဆိုးကို အလဲခိုင်းလေသည်။

ထိုအခါ ဗိုလ်ရာကွတ်က မိမိရာထူး အလျောက် ဝတ်သည်ကို မလဲနိုင်ကြောင်း ပြန်ပြောရာ သက်ဆိုင်ရာတို့က ဝတ်ခွင့်ပြုပေးရသည်။ ကြိုးစင်တင်အံ့ဆဲဆဲတွင်ပင် မြို့သူမြို့သားများက ဗိုလ်ရာကွတ်ကို ငွေကျပ် တစ်ထောင်းနှင့် ရွေးယူပါမည်ဟု ပြောသေးသည်။ အင်္ဂလိပ်တို့က လက်မခံခဲ့ပေ။

ထိုနေ့ညတွင်ပင် ဗိုလ်ရာကွတ်အား ကြိုးစင်သို့ တပ်များခြံရံခေါ်ယူလာသည်။ ဗိုလ်ရာကွတ်သည် ကြိုးစင်ပေါ်သို့ မျက်နှာထား တည်တည်နှင့် ဣန္ဒြေရရွာပင် တက်၍ အသေခံသွားလေသည်။ ကြိုးစင်တင်ပြီးသည်နှင့်တစ်ပြိုင်နက် အထက်မှ စစ်ကဲရာထူးခန့်လွှာရောက်ရှိလာသည်ဟုဆိုသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာ့မျိုးချစ်အာဇာနည်များသည် လက်နက်နှင့်ခြောက်ပြီး ရာထူးနှင့်မြှောက်သော်လည်း မခြောက်ခဲ့၊ မကြောက်ခဲ့ပေ။ အနုနည်းနှင့် ချော့သော်လည်း မပျော့ခဲ့ပေ။ ထို့ကြောင့်လည်း ဗိုလ်ရာကွတ်၏ သူရဲကောင်းပီသသော သာဓကကို နောင်းလူတို့ အတုယူနိုင်ရန်အတွက် ညွှန်ပြရမည်သာ ဖြစ်ပေသည်။

**ရဲတော်ကျော်ထန်း**

# မစန္ဒာ

## အဝင်



လူ တစ်ကိုယ် ထင်တစ်လုံးဟု ပြောလေ့ရှိကြသည်။ အထင်ဟူသည်မှာ အတွေးသာလျှင် ဖြစ်လေသည်။ အတွေးကို မည်သူမျှ တားဆီး၍မရပေ။ မည်သူကမျှလည်း ချုပ်ချယ်ခွင့်မရှိပေ။

လူတိုင်းလူတိုင်းမှာ သူ့စိတ်ကြိုက်၊ သူ့သဘောကျ တွေးနိုင်ခွင့်၊ ထင်နိုင်ခွင့်ရှိနေလေသည်။

''လိုက်မလား အန်ကယ်လ်ကြီး။ လူဆန့်သေးတယ်''

ခပ်သုတ်သုတ်လျှောက်လာသောသူ့ကို အသက် ဆယ့်ငါးနှစ်ခန့်ရှိ ချာတိတ်ကလေးက ပြုံးရွှင်စွာမေးသည်။ ဓာတ်လှေကားခလုတ်ကို လက်နှင့်ဖိထားကာ သူလှမ်းပြီးဝင်သာအောင် ကိုယ်ကိုရွှေ့ပေးသည်။

''ကျေးဇူးပဲ သားရေ၊ ကျူရှင်ပြန်လာတာလား''

''ဒီနေ့ ဆရာ မလာတာနဲ့ စောစောပြန်ခဲ့တာ အန်ကယ်လ်ကြီးရေ''

ဓာတ်လှေကားခန်း ကျဉ်းကျဉ်းထဲ လှမ်းဝင်လိုက်တော့ ဒုံးရင်းသီးအနံ့က လှိုင်သွားသည်။

''ဒီတစ်ခါ သာယာရေးကော်မတီ အစည်းအဝေးခေါ်ရင်တော့ ဒူးရင်းသီးသယ်ချင်ရင် ဓာတ်လှေကားမသုံးဖို့ တင်ပြမှဖြစ်မယ်…အောင်မလေး၊ ဆိုးလိုက်တဲ့အနံ့''

ဟုတွေးရင်း မျက်စိဝေ့ဝဲကြည့်လိုက်တော့ ဒူးရင်းသီးနှစ်လုံး ဆွဲကိုင်ထားသော အသက်ငါးဆယ်ကျော် အမျိုးသမီးပိန်ပိန်တစ်ဦးက သူ့ကို အားနာပြုံး ပြုံးပြသည်။ သူက ပြန်မပြုံးချင်သည့်အတွက် ချက်ချင်း မျက်နှာလွှဲကာ ခုနတုန်းက ချာတိတ်ကလေး အား-

''ဆရာ မလာတော့ မင်းတို့တွေ ပျော်မှ ပျော်သွားကြရဲ့လား''ဟု လှမ်းမေးလိုက်သည်။

သူနေသော တိုက်ခန်းက ကွန်ဒိုမီနီယမ်ဟု ခေါ်နေကြသော ဓာတ်လှေကား နှစ်စင်းပါ တိုက်ခန်းကျယ်ဖြစ်သည်။ တစ်လွှာလျှင် အခန်းပေါင်း ခြောက်ခန်း၊ စုစုပေါင်း ဆယ့်နှစ်လွှာဆိုတော့ ခုနစ်ဆယ့်နှစ်ခန်းသော အခန်းများအတွက် ဓာတ်လှေကား နှစ်စီးရှိသည်။ တိုက်ခန်းနေသူ အပေါင်း သူတော်ကောင်း အသီးသီးမှာလည်း လူပီပီ လူမှုကိစ္စတွေက ရှုပ်ထွေးလှတော့ တပျော်တပါးကြီး ဆင်းလိုက်ကြ၊ တက်လိုက်ကြနိုင်ဖို့ ဓာတ်လှေကားနှစ်စီး အများမှာ နားရသည်ဟူ၍ မရှိရာချေ။ လူသာ ဆိုလျှင် မောပြီးအသက်ထွက်နေတာ ကြာလှချေပြီ။

''ကိုမောင်မောင်ထွန်း မဟုတ်လား ဟင်''

သူမြင်ပြင်းကပ်နေသော အမျိုးသမီးကြီးက ခပ်တိုးတိုးမေးသည်။ မတောင်းတတောင်း ကဲကြည့်လိုက်တော့…အင်း… ဒီမျက်နှာ မြင်ဖူးသလိုလိုတော့ အရိပ်သာမယ်၊

''အို…မမှတ်မိဘူးလား။ ကျွန်မ ကြူကြူလေ၊ အင်္ဂလိပ်ဆောင်က ခင်မြကြူလေ''

''ဟာ…ခင်မြကြူ''

သူက အလန့်တကြားအော်လိုက်မိသည်။ ကြည့်စမ်း…ခင်မြကြူ။

''မကြည့်မိလို့ပါဗျာ၊ ဒီမျက်နှာကို ဘယ်မေ့တတ်မိတဲ့ ရှိပါ့မလဲ၊ ကြည့်စမ်း အရင်တုန်း

> **အတွင်းစိတ်ထဲကတော့ 'ကြည့်ပါအုံးဗျာ… အိုစာသွားလိုက်တာ၊ မပြောရင် မှတ်မိပါ့ မလားတောင် မသိဘူး။ ပိန်လိုက်တာ ကလည်း ကပ်လို့'ဟု တွေးနေမိလေသည်။**

ကအတိုင်း၊ ရုပ်မပြောင်းဘူးနော်၊ ဘော်ဒီက လည်း ထိန်းနိုင်လိုက်တာ၊ တကယ့်ကို စလင်းမ်ပဲ၊ ဘာလဲ ဒီခေတ် မော်ဒယ်ကောင်မလေးတွေ ငိုသွားအောင်လို့ ကက်တို(ဝ်) လျှောက်အုံးမလို့လား''

တကယ့်တကယ်က ''ကျွန်မ…ကျွန်မ ခင်မြကြူလေ''ဟု ပြောမှ ဇဝေဇဝါနှင့် အပြေးအလွှား သိလာခြင်းဖြစ်လေသည်။ သို့သော် သူက စီးပွားရေးလောကထဲ တိုးဝင်ရင်း သူများအကြိုက်လိုက်ခါ နှုတ်ပေါ့လျှာပေါ့နှင့် ရွှန်းရွှန်းဝေဝေအောင် ပြောတတ်သည်မှာ အကျင့်ပါနေပြီဖြစ်သည်၊ နှုတ်မှသာ ရုပ်မပြောင်းဘူးနော်၊ တကယ့် စလင်း(မ်)ပဲ ဟု ပြောနေသော်လည်း အတွင်းစိတ်ထဲက တော့ 'ကြည့်ပါအုံးဗျာ…အိုစာသွားလိုက်တာ၊ မပြောရင် မှတ်မိပါ့မလားတောင် မသိဘူး။ ပိန်လိုက်တာကလည်း ကပ်လို့'ဟု တွေးနေမိလေသည်။

''ကိုမောင်မောင်ထွန်းလည်း ရုပ် မပြောင်းပါဘူး''

''ဒီလိုပဲ…ကျွန်မှာဝရေလေး ဘာလေး လိုက်စားရတာပေါ့ဗျာ၊ ဟော…ဟော ရောက်ပြီ၊ ကျွန်တော်က ဆဲဗင်း(သ်)မှာ၊ သွားမယ်နော်''

''ဟုတ်…ကျွန်မက နိုင်း(န်)မှာရှင့်''

ဦးမောင်မောင်ထွန်းက ဓာတ်လှေကား ထဲမှ ကမန်းကတန်း တိုးထွက်လိုက်သည်။ အပြင်ရောက်သောအခါမှ လတ်လတ်ဆတ်ဆတ်၊ အေးအေးသန့်သန့်လေကို တစ်ဝကြီး ရှိုက်ရှူလိုက်သည်။ ခေါ်ဒူးရင်းသီးနှင့် ခင်မြကြူ…အဲလေ…ခေါ်ခင်မြကြူနှင့် ဒူးရင်းသီးတို့ကတော့ ဓာတ်လှေကားနှင့်အတူ ဆက်ပြီးမြောက်တက်သွားလေသည်။

''အင်း…ကျောင်းတုန်းက အတော် လှတဲ့မိန်းမ၊ ပိုးတဲ့ပန်းတဲ့သူတွေလည်း ပိုင်းပိုင်းလည်လို့၊ ဟုတ်ဟား…ငါတောင် ပါခဲ့သေးလား မသိပါဘူး''

ဦးမောင်မောင်ထွန်းက စိတ်ထဲမှဝေ့ပြီး ခပ်ရှင်ရှင်တွေးသည်။ ပါခဲ့သေးလား မဟုတ်ပါ၊ ပါကိုပါခဲ့ပါသေးသည်။ သို့သော် ထို အချိန်တွင် သူက ပညာကိုသာ မိုးမိုးကုပ်ကုပ် ကြိုးစားနေသော စာကြမ်းပိုးလေး တစ်ယောက်ဖြစ်သည့်ဖို့ ခင်မြကြူကလည်း အထင်ကြီးဟန်မရှိပါ၊ သူကလည်း နှုတ်နှင့် သော်လည်းကောင်း၊ စာနှင့်သော် လည်း ကောင်း ချစ်ခွင့်ပန်ခြင်း မရှိခဲ့ဖူးချေ။

''နေပါအုံးဟာ…ခင်မြကြူ ဘယ်သူနဲ့များ ရသွားပါလိမ့်''

သူက အခန်းတံခါးသော့ကို လှည့်ဖွင့်ရင်း စဉ်းစားသည်။ ကျောင်းမှ ထွက်ပြီးနောက်ပိုင်း အဆက်အသွယ် သိပ်မရှိသဖြင့် ခင်မြကြူတစ်ယောက် ဘယ်သူနှင့် ဘယ်အချိန်တုန်းက ဘယ်လိုအိမ်ထောင်ကျသွားသနည်း မှတ်မှတ်သားသား မရှိလှပေ။

သူကတော့ အမေရှာပေးသော သူဌေးသမီးတစ်ဦးနှင့် ရခဲ့သည်။ မိန်းမက သူ့အတွက် သားလေးတစ်ယောက် မွေးပေးသည်။ ထို့နောက် ပစ္စည်းတွေ တစ်ပုံတစ်ပင်ကြီးထားခဲ့ကာ ဝဋ်ကျွတ်ဘဝသို့ ခပ်သုတ်သုတ်ထွက်ခွာသွားသည်။ သူလည်း နောက်အိမ်ထောင်ပြုရန် စိတ်မဝင်စားသည့်အတွက် စီးပွားရေးလောကထဲသို့ ကိုယ်ရောစိတ်ပါ ပစ်ပြီးဝင်ခဲ့သည်။ သူတစ်သက်လုံး ကုသိုလ်ကံကောင်းခဲ့သူဖြစ်သဖြင့် ရှုံးသည်က နည်း၊ နည်း။ နိုင်သည်က များများဖို့ ပစ္စည်းဥစ္စာတွေလည်း တစ်နေ့တစ်ခြား တိုးပွားခဲ့လေသည်။ အခုတော့ တစ်ဦးတည်းသောသားက စင်ကာပူနိုင်ငံတွင် သူ့အိမ်ထောင်နှင့်သူ အခြေကျနေချေပြီ။ သူ့အသက်ကလည်း

ငါးဆယ်နှင့် ခြောက်ဆယ်အကြား အလယ်တိတိ ငါးဆယ်ငါးနှစ် ရှိခဲ့ပြီဖြစ်လေသည်။

အခုတော့ သူက အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ရန် သိပ်ပြီး စိတ်မဝင်စားတော့ပေ။ အလားအလာကောင်းသော ကုမ္ပဏီများတွင်သာ ရှယ်ယာများများထည့်ဝင်ပြီး ကုမ္ပဏီဒါရိုက်တာဟူသောအမည်ကို လှုရှိသေ ရှင်ရှိသေ ခံယူထားသည်။ ကံကောင်းချင်တော့ သူ ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီတွေကလည်း အကျိုးအမြတ် တော်တော်လေး ဖြစ်ထွန်းလေသည်။ သူ့အတွက်ကတော့ ဘဝက သက်သောင့်သက်သာရှိလွန်းသည်။ အင်းလျားလမ်းက လုံးချင်းတိုက်ကလေးကို ငှားထားသည့်ငွေကိုပင် သူတစ်ဦးတည်း ကုန်အောင် မသုံးနိုင်ချေ။ အပျော်အပါးဝါသနာမပါလှသဖြင့် အဖြုန်းမရှိသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ အလှူအတန်း ဝါသနာမပါသောကြောင့်လည်း ဖြစ်နိုင်ပါသေးသည်။

အခုတော့ ဆံပင် အတန်ငယ်ကျဲ၊ ဗိုက်အနည်းငယ်ရွှဲသော သူ့ငွေကြေးဘဝသို့ ရောက်နေပြီမို့ ရေကာလေးကူးလိုက်၊ ဂေါက်သီးလေး ရိုက်လိုက်နှင့် ကိုယ့်ကျန်းမာရေး ကိုယ့်ဟာကိုယ် ဂရုစိုက်နေရသည်။ သေးပေး မီးယူလေးအတွက် နောက်အိမ်ထောင်များ ပြုရရင်ကောင်းမလားဟု တစ်ခါတစ်ရံ စဉ်းစားနေမိသည်။ လူပျိုကြီးဟု ခေါ်ခေါ်၊ လူပြိုကြီးဟု ခေါ်ခေါ်၊ ခေါ်ချင်သလို ဘယ်လို ခေါ်ခေါ်၊ သူက အိမ်ထောင်မရှိသော လူလွတ် ယောကျ်ားတစ်ဦးဖြစ်သည်။ ဒီတော့လည်း သူ၏ စည်းစိမ်ဥစ္စာနှင့်တကွ သူ့ကိုပါ အိမ်ထောင်မရှိသော လူလွတ်မိန်းမများက စိတ်ဝင်တစား ရှိနေကြလိမ့်မည်ဟု အတွင်းစိတ်က အမြဲထင်နေတတ်လေသည်။

အခန်းတံခါးဖွင့်လိုက်တော့ တပည့်ကျော် မောင်ဦး၏စာက ထုံးစံအတိုင်း ဆီးကြိုနေသည်။

ဦးလေး

ကြက်သား။ ကြက်သွန်နှင့် ကြက်ဥ သွားဝယ်နေပါသည်။

မောင်ဦး

''အင်း…ကြည့်ရတာတော့ သူကိုယ်တိုင် ကြက်ဖြစ်ပြီးမှ ပြန်လာတော့မယ် ထင်ပါရဲ့''

သူက မှန်ဘောင်တွင်ကပ်ထားသော စာကို စိတ်တိုတိုနှင့် ဆွဲဆုတ်လိုက်သည်။ မောင်ဦးက အပေါင်းအသင်းလည်း ဆုံ၊ စပ်လည်း စပ်စုတော့ ရောက်ရာအရပ်တွင် တွေ့ရာလူနှင့် စကားလက်ဆုံကျနိုင်စွမ်း ရှိသူဖြစ်သည်။ သူပြန်လာလျှင်လည်း သတင်းစကားအစုံ ပါလာတတ်သည်။

ထမင်းအုပ်ဆောင်း ဖွင့်ကြည့်တော့ အဆင်သင့်ပြင်ထားသည်ကို တွေ့ရသည်။ မဆာသေးသဖြင့် အသာပြန်အုပ်ခဲ့ကာ ပြူတင်းပေါက်ကြည့်လိုက်သည်။ ခဏနေတော့ ဒူးရင်းသီးကိုလည်းကောင်း၊ ခင်မြကြူကိုလည်း သူမေ့သွားလေသည်။

\+ + + + + + +

အင်း…ခက်သည်က သူက မေ့သော်လည်း ခင်မြကြူက မမေ့ခြင်းပင် ဖြစ်သည်။ နောက်နှစ်ရက်နေတော့ သူ့ဆီကို ခင်မှုမှုဝင်းရောက်လာသည်။

''မှုမှုက ဒေါ်ခင်မြကြူရဲ့ တူမပါ အန်ကယ်လ်၊ ဒေါ်လေးကြူက မုန့်ဟင်းခါး ပို့ခိုင်းလိုက်လို့ပါ၊ ဒီနေ့ မေမေဆုံးတာ သယ်နှစ်ပြည့်မို့ ဘုန်းကြီးဆွမ်းကျွေးပါတယ်''

စိုပြည်ဝင်းဝါသော မိန်းကလေးကို ငေးကြည့်ရင်း ဦးမောင်မောင်ထွန်းက သူ့ကိုယ်သူပင် အသက်သုံးဆယ်လောက် ငယ်သွားသည်ဟု ထင်မိသည်။

''အဲဒါမှ ခင်မြကြူ၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်က တွေ့ခဲ့ဖူးတဲ့ ခင်မြကြူအစစ်''

တပည့်ကျော် မောင်ဦးက မုန့်ဟင်းခါးချိုင့်ကို လှမ်းနေစဉ် မှုမှုက ဧည့်ခန်းတွင် ဝင်ထိုင်သည်။ မှုမှုဆီမှ နံ့သာဖြူသနပ်ခါးနံ့လေးက တသင်းသင်း မွှေးနေသည်။ သူငယ်ငယ်တုန်းက ခင်မြကြူဆီ သွားလည်တုန်းကလည်း နံ့သာဖြူနံ့လေး ရှူရှိုက်ခဲ့ရဖူးသည်ကို သတိရသည်။

''မှုမှုက ခင်မြကြူနဲ့ အတော်တူတာနော်၊ ခင်မြကြူသမီးဆိုရင်လည်း ယုံမှာပဲ''

''အို…ဒေါ်လေးက အပျိုကြီးပါနော်၊ အန်ကယ်လ်ကလည်း''

''ဟာ…ကျောင်းမှာတုန်းက ဝိုင်းဝိုင်းကို လည်နေတာ၊ ဘာလို့ အပျိုကြီးဖြစ်ရ



တာတဲ့။''

''ရွှေလွှန်းလို့နေမှာပေါ့ အန်ကယ်လ်ရဲ့ ငါးသိုင်းများတော့ ဟင်းဟုန်တယ်တဲ့''

ဦးမောင်မောင်ထွန်းနှင့် ခင်မှုမှုဝင်းသည် ချက်ချင်း ရင်းနှီးသွားကြသည်။

''အေး...အေး ညည်းလည်း ညည်းအဖေါ်လို သိပ်ရွှေမနေနဲ့''

သူက စွတ်ပေါ့ပေါ့နှင့် နောက်ပြောင်သည်။ ပြောမိပြီးမှ စိတ်များဆိုးသွားလေမလား စိုးရိမ်မိသော်လည်း ခင်မှုမှုဝင်းက ပြုံးနေလေသည်။ ပြန်ခါနီးတော့ ''အန်ကယ်လ်တို့ စားချင်သောက်ချင်တာရှိရင် ပြောလေ၊ မှုမှုတို့ ချက်ပေးပါမယ်''ဟု ပြောသွားသည်။

ခင်မှုမှုဝင်းပြန်သွားတော့ သူ့စိတ်ထဲတွင် အလိုလို့ရွှင်နေသည်။ မောင်ဦးက မုန့်ဟင်းခါးထည့်ပေးတော့လည်း တော်တော်လေး အရသာတွေ့ပြီး စားလို့ကောင်းနေ၍ နောက်ထပ် တစ်ပန်းကန်ပင် ထပ်ထည့်ခိုင်းရသည်။

''သူတို့က ကိုးထပ်မှာနေတာလေ၊ အဒေါ်နဲ့ တူမနှစ်ယောက်တည်းနေတာ၊ အိမ်ဖော် ကောင်မလေးတစ်ယောက်တော့ ရှိတယ်ထင်ပါရဲ့၊ အခုတစ်လောတော့ မတွေ့ပြန်ဘူး။ တောပြန်သွားတယ်ထင်တယ်၊ ခုနတုန်းက အစ်မပဲ ဈေးဝယ်နေတာ တွေ့ရတယ်''

မောင်ဦးက သတင်းစကားဖုံသည်။

''သူကရော ဘာလုပ်သလဲ''

''တက္ကသိုလ်က ဆရာမလို့ပြောတာပဲ၊ သိပ်ချစ်းသာပုံတော့ မရဘူး ဦးလေးရဲ့၊ ချမ်းသာရင် ကိုယ်ပိုင်ကားလေးမောင်းပြီး ကျောင်းသွားမှာပေါ့၊ အခုတော့ ဘတ်(စ်)ကားနဲ့''

ဦးမောင်မောင်ထွန်းက-

'ဪ–သူမှာ ဘတ်(စ်)ကားတိုးပြီး ကျောင်းသွားနေရရှာတာကိုး'ဟု တွေးပြီး ကရုဏာတွေ ပိုချင်ချင်ဖြစ်သွားသည်။ 'လမ်းကြုံရင်တော့ လိုက်ပို့ချင်ပါတယ်ကွယ်'ဟု စိတ်ထဲမှဆက်တွေးနေမိသည်။

ကုမ္ပဏီက အစီရင်ခံစာတွေ ရောက်နေသည်မှာ သုံးလေးရက်ရှိပြီဖြစ်သည်။ ဒီနေ့မနက် ဖတ်မည်ဟု စိတ်ကူးထားသော်လည်း၊ အခုတော့ မဖတ်ချင်သေးသဖြင့် အသာပြန်ချထားလိုက်သည်။ ပြူဟတ်တုသတင်း ဖွင့်

ဒေါ်ခင်မြကြူက သူ၏ဆံပင်များကို ဖြန့်ချပြီး ဘီးနှင့် ညှာညှာတာတာဖီးသည်။ ဆံပင်တွေက တအားကျွတ်ပြီး တဖြည်းဖြည်းပါးလာတော့ အရင်တုန်းကလို အားရပါးရ မဖီးရဲချေ။



ကြည့်လိုက်တော့ မိန့်ခွန်းပြောနေသော အမေရိကန်သမ္မတကိုတွေ့ရသည်။ ခဏနေတော့ သမ္မတ၏မျက်နှာပေါ်တွင် ပြုံးနေသော ခင်မှုမှုဝင်း၏မျက်နှာက ထပ်ပြီးပေါ်လာသည်။ 'အိမ်လာလည်ပါနော်အန်ကယ်လ်'ဟု အပြုံးချိုချိုနှင့် ပြောသည်။

''အင်း...သွားလည်အုံးမှ၊ လည်အုံးမှ''

\+ + + + + + +

ဒေါ်ခင်မြကြူက သူ၏ ဆံပင်များကို ဖြန့်ချပြီး ဘီးနှင့် ညှာညှာတာတာဖီးသည်။ ဆံပင်တွေက တအားကျွတ်ပြီး တဖြည်းဖြည်း ပါးလာတော့ အရင်တုန်းကလို အားရပါးရ မဖီးရဲချေ။ ဆံပင်ဖီးနေရင်း ဦးမောင်မောင်ထွန်းကို သတိရသည်။ ကျောင်းတုန်းကလို နွတ်မနည်းတော့ဘဲ နွတ်သွက်လျှာသွက်နှင့် အာပဖွန်းရွှင်လာသည်ကတော့ အမှန်ပင်။

''ဒေါ်လေး''

ကုတင်ပေါ်တွင်ထိုင်နေသော မှုမှုက လှမ်းခေါ်သည်။ မျက်နှာကလည်း မချိုမချို လေး ပြုံးနေသည်။

''အန်ကယ်လ်ကြီးကတော့ မရိုးဘူးနော်...သိလား''

''ဘာမရိုးလို့လဲ မှုမှုရဲ့''

''ဒေါ်လေးကို အပျိုကြီးပါလို့ပြောလိုက်တော့ ပြုံးသွားလိုက်တာများ...ဒေါ်လေးကို ပြချင်တယ်''

အင်း...သူလည်း မြင်ခွင့်ရလျှင် မြင်ချင်ပါသည်။ ရိုးရိုးကုပ်ကုပ်နှင့် စာကြိုးစားလှသော မောင်မောင်ထွန်းကလေး သူ့ကို တမ်းတမြတ်နိုးသော မျက်လုံးများနှင့် ငေးကြည့်တတ်တာကို သူမမေ့သေးပါ။ စက်မှုတက္ကသိုလ်မှ ကိုညွှန့်မောင်နှင့် သူ ရယ်ရယ်မောမော စကားပြောနေသည်ကို တွေ့တုန်းကလည်း မျက်နှာလေးညှိုးကာ ခေါင်းငိုက်စိုက်နှင့် ပြန်သွားသည်ကို မှတ်မိပါသေးသည်။ ရှက်တတ်တာလား။ ကြောက်တတ်တာလား။ အားမရစရာ ကောင်းလှသည်က ပွင့်ပွင့်လင်းလင်းပင် ဖွင့်ဟပြီး ချစ်ခွင့်မပန်ခဲ့ချေ။

''အခုလည်း ကြည့်ပါလား။ လက်ဆောင်တွေ တစ်ခုပြီးတစ်ခုယူပြီး လာလာလည်နေလိုက်တာ၊ ချောင်းပေါက်တော့မယ်၊ အဟင်း...ဟင်း'' ခင်မှုမှုဝင်းက ရယ်နေသည်။

''ဒေါ်လေးကြူ တူမဆိုတော့ မှုမှုကလည်း မျက်နှာတွေကြီးလို့၊ အဒေါ်လိုချင်သူ တူမကို မျှားလိုက်လိမ့်၊ ထိပ်ပေါ်တင်''

''ဟဲ့...ကောင်မလေး၊ ဘာတွေလျှောက်ပြောနေတာလဲ''

''ဟုတ်တူးလား ဒေါ်လေးကလည်း။ ကျောင်းကို ကားနဲ့လိုက်ပို့တာလည်း၊ နှစ်ခါရှိပြီ၊ တစ်လမ်းလုံး သူတို့ငယ်ငယ်တုန်းက အကြောင်း၊ ကျောင်းတုန်းက အကြောင်း

တွေ ပြောပြပြီး တဟားဟားနဲ့ ဒေါ်လေးကို မကြိုက်ခဲ့ဘူးလားလို့ မေးလိုက်တယ် သိလား''

''သူက ဘာပြန်ပြောတုံး''

ဒေါ်ခင်မြကြူက မသိမသာ ရင်ခုန်သွားလေသည်။

''အန်ကယ်လ်ကြီးက ရယ်လိုက်တာလေ၊ ဒေါ်လေးက လှတော့ ကြိုက်တာပေါ့တဲ့၊ ဒေါ်လေးရဲ့အလှက ကျောင်းမှာ သိပ်ထင်ရှားခဲ့တာတဲ့''

မွှေးက ဒေါ်ခင်မြကြူ၏ ဆံပင်များကို နောက်ဖက်မှစုသိမ်းကာ ပွံပွံကလေး ထုံးဖွဲ့ပေးသည်။ ထို့နောက် မှန်တင်ခုံပေါ်တွင် အသင့်ရှိနေသော စံပယ်ပန်းကုံးကလေးကို ရစ်ခွေပန်ဆင်ပေးသည်။

ဒေါ်ခင်မြကြူက မှန်ထဲတွင်ပေါ်နေသော မွှေး၏အရိပ်ကို ငေးစိုက်ကြည့်နေရင်း သူ့ကိုယ်သူလည်း အဲဒီလောက်နီးပါး လှနေသေးသည်ဟု ထင်နေသည်။ ကိုမောင်မောင်ထွန်းကတောင် ပြောလိုက်သေးသည် မဟုတ်လား။ အရင်တုန်းကအတိုင်းပဲ ရုပ်မပြောင်းဘူးတဲ့၊ မော်ဒယ်တွေတောင် ငိုသွားမယ်တဲ့၊ အို…ဒါကတော့ သူ ပိုတာပါကွယ်၊ ကြူကြူ အဲဒီလောက်တော့ မလှနိုင်တော့ပါဘူး။

ဒေါ်ခင်မြကြူသည် မှန်ထဲကို ငေးကြည့်ရင်း ကြည်ကြည်နူးနူးလေး ပြုံးနေမိသည်။ တစ်နေ့တုန်းကတော့ သူ့ကိုယ်သူ တစ်ပေါင်းများစွာနဲ့ မောင်မောင်ထွန်းဟု ပြောနေသေးသည်။

'မိန်းမတစ်ယောက်၊ သား တစ်ယောက်။ ကားတစ်စီး။ တိုက်တစ်လုံး။ တိုက်ခန်း တစ်ခန်း။ တယည့်တစ်ယောက်··ဟာ- တစ်တွေအရမ်းများနေတယ် ခင်မြကြူရဲ့၊ အဲဒီထဲမှာ မိန်းမတစ်ယောက်က ဆုံးသွားတာ ကြာပြီဆိုတော့ အစားထိုးလို့ရနေပြီ'ဟု ပြုံးချိုချိုဝေစွာပြောသည်။ ကြည့်…မွှေးပြောတာတော့ ဟုတ်နေပြီ ထင်ပါတယ်။

''ကိုကျော်က လက်ထပ်ဖို့မှာလှပြီ ဒေါ်လေးရဲ့ နိုင်ငံခြားမှာတစ်ယောက်တည်း အလုပ်လုပ်နေတာဆိုတော့ မွှေးကလည်း သိပ်ပြီး စိတ်မချဘူး။ ဒေါ်လေးကို တစ်ယောက်တည်း ထားခဲ့ရမှာစိုးလို့သာ အချိန်ဆွဲနေရတာ၊ အခုတော့ အေးဆေးပဲ၊ အန်ကယ်လ်ကြီးလက်ထဲမှာ စိတ်ချလက်ချ အပ်ခဲ့မှာ သိလား''

''ကြည့်– ဒီကောင်မလေး။ ပြောလေကဲလေပါလားဟဲ့''

ဒေါ်ခင်မြကြူက ရှက်စနိုးဖြစ်နေသည်။ ကိုမောင်မောင်ထွန်းခမျာ သနားစရာ။ ယူလာလိုက်သည့် ပန်းသီးတွေ၊ စပျစ်သီးတွေဆိုတာ စားချိုပင်မကုန်နိုင်။ ခရမ်းသေတ္တာထဲတွင်လည်း ချောကလက်တွေ ရှိနေသေးသည်။ မွှေးကိုလည်း မျက်နှာလုပ်ရရှာသည့်မှာလည်း အမော။ မွှေးကလည်း သူ့ကို ခင်ရှာပါသည်။ ခင်လွန်းလို့ သူ အင်မတန်ချစ်သည့် ဒေါ်လေးနှင့် သဘောတူတာပေါ့။ ဒါပေမဲ့ ကိုယ်ကလည်း အသက်ငါးဆယ်ကျော်နေပြီကွယ်၊ သူဖွင့်ပြောလာရင် ငြင်းတော့ ငြင်းရဦးမှာပေါ့၊ ဟန်ဆောင်လေးဖြစ်ဖြစ် ငြင်းရဦးမှာပေါ့နော်။

ဒီနေ့တော့ စိတ်မရှည်တော့သော မွှေးက သူတို့နှစ်ဦးကို ပေါ်တင်ကြီးပင် စတော့နောက်တော့သည်။

''ဒါပဲနော် အန်ကယ်လ်ကြီး။ မွှေး မရှိတော့ရင် ဒေါ်လေးကို ပစ်မထားရဘူးနော်''

''မွှေးက ဘာလို့မရှိရမှာလဲ''

''မွှေးက လက်ထပ်တော့မှာလေ''

''ဟင်''

''မွှေး လက်ထပ်ပြီး သူ့နောက်လိုက်သွားရရင် ဒေါ်လေးကို စောင့်ရှောက်ရမှာနော်၊ မွှေးဒေါ်လေးကို အန်ကယ်လ်ကြီးကလွဲလို့ ဘယ်သူနဲ့မှ စိတ်မချဘူး''

''ဟဲ့…မွှေး လူကြီးတွေကို နောက်စရာလား''



ဒေါ်လေးက အသံတုန်တုန်လေးနှင့် အော်ရင်း ခေါင်းငုံ့ထားသည်။ အန်ကယ်လ်ကြီးကတော့ မျက်နှာကြီး နီနေလေသည်။

\+ \+ \+ \+ \+ \+ \+

ဦးမောင်မောင်ထွန်းသည် ထိုနေ့မှစ၍ ဒေါ်ခင်မြကြူတို့၏ တိုက်ခန်းဆီသို့ အလည်မလာတော့ပေ။ ဒေါ်ခင်မြကြူကတော့ 'သူ့ခမျာ ဟိုးအရင်ကတည်းက သိပ်ရှက်တတ်တာ၊ မွှေးက အတင်းစတော့ ရှက်ပြီး မလာရဲတော့ဘူးပေါ့ကွယ်…သနားစရာ''ဟု ခပ်ဆွေးဆွေးလေး ပြောရှာလေသည်။

**မစန္ဒာ**




# ဒုတိယကမ္ဘာစစ်မီးတောက် ကူးစက်ခံရသောမြို့၏ မြူနီစီပါယ် ကော်မတီအပြောင်းအလဲ

မြူလင်း

ရန်ကုန်သည် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ ၁၈၅၂ခုနှစ်နောက်ပိုင်းတွင် ဗြိတိသျှကိုလိုနီနယ်မြေဖြစ်ခဲ့ရလေသည်။ "ရန်ကုန်မြူနီစပါယ်ကော်မတီ"ကိုမူ ၁၈၇၄ ခုနှစ် မြူနီစီပါယ် အက်ဥပဒေအရ ဖွဲ့စည်းခဲ့ပါသည်။ (၁-၈-၁၈၇၄)နေ့တွင် ရန်ကုန်မြူနီစပါယ်ကော်မတီသည် မြို့ပြအုပ်ချုပ်ရေးဆိုင်ရာများကို ရန်ကုန်မြို့၏နောက်ဆုံးမြို့ဝန်ကြီးဖြစ်သော ကပ္ပတိန်အား၊ ဒီ၊ အီဗန်ဆင်ထံမှ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့သည်။ ထူးခြားမှုမှာ မြူနီစီပါယ်၏ လုပ်ပိုင်ခွင့်များ အားလုံးကို (CHIEF COMMISSSION-ER) ကော်မရှင်နာမင်းကြီးက ခွင့်ပြုမှသာလျှင် ဆောင်ရွက်နိုင်ပါသည်။ ကော်မရှင်နာမင်းကြီးသည် မြူနီစီပါယ်ကော်မတီ၏ ဆောင်ရွက်မှုများအပေါ် ကန့်ကွက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်ခဲ့လေသည်။

**ဒုတိယကမ္ဘာစစ်မတိုင်မီကာလ**

၁၈၇၄ခုနှစ် မြူနီစီပါယ်





အက်ဥပဒေပြဋ္ဌာန်းပြီးသောအခါ ထိုအက်ဥပဒေအရ မြူနီစီပါယ် ရွေးကောက်ပွဲပြုလုပ်ပြီး၊ ရွေးကောက်ပွဲဖြင့်(၁၉)ဦး၊ အစိုးရခန့်(၆)ဦးဖြင့် မြူနီစီပါယ်ကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ပထမအကြိမ်ရွေးကောက်ပွဲကို ၁၈၈၂ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။ တစ်ဖန် ဥပဒေအမှတ်(၇)ဖြင့်၊ ၁-၈-၁၈၈၅ ရက်နေ့တွင် ၁၈၈၄ ခုနှစ် မြူနီစီပါယ် အက်ဥပဒေကို ထပ်မံပြဋ္ဌာန်းခဲ့ပါသည်။ ၁၈၈၅ ခုနှစ်မှာပင် မြန်မာနိုင်ငံသည် ကိုလိုနီနိုင်ငံ လုံးလုံးဖြစ်ခဲ့ရပြီးနောက် ၁၈၉၈ခုနှစ်တွင် မြူနီစီပါယ် အက်ဥပဒေအသစ်ကို ထပ်မံပြဋ္ဌာန်းခဲ့သည်။

၁၉၂၂ ခုနှစ်တွင် ရန်ကုန်မြူနီစီပါယ် အက်ဥပဒေမူကြမ်းကို မြန်မာနိုင်ငံ ဥပဒေပြုကောင်စီသို့ တင်သွင်းပြီး၊ ပြင်ဆင်ပြီးသော ယင်း အက်ဥပဒေသည် ၁၉၂၂ ခု ဩဂုတ်လ(၁) ရက်နေ့တွင် ရန်ကုန် မြူနီစီပါယ် အက်ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထိုသို့ ပြဋ္ဌာန်းပြီး ရန်ကုန်မြူနီ

စီပါယ် ကော်ပိုရေးရှင်းပေါ်ပေါက်လာခဲ့ ပါသည်။ ယင်းအက်ဥပဒေ (၁၇)အရ မြူနီစီပါယ်ကော်ပိုရေးရှင်းသည် ၎င်း၏ ပထမအစည်းအဝေး၌ မြူနီစီပါယ်ကော်မတီ လူကြီးများထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ရပါသည်။ အင်္ဂလိပ်ဘာသာဖြင့် President ဟုခေါ်ဝေါ်ပါသည်။ ယင်းအက်ဥပဒေပုဒ်မ (၂၇)အရ အစိုးရ၏ ကြိုတင်အတည်ပြုချက်ဖြင့် ကော်ပိုရေးရှင်းအနေဖြင့် မြူနီစီပါယ်မင်းကြီး (CHIEF EXECUTIVE OFFICER, CEO) တစ်ဦးကို ခန့်အပ်ခဲ့ရပါသည်။ မြူနီစီပါယ်ကော်ပိုရေးရှင်း စတင်ဖွဲ့စည်းစဉ်က မြူနီစီပါယ်ဥက္ကဋ္ဌ(President) သည် မြူနီစီပါယ်လုပ်ငန်းများကို ဆောင်ရွက်နေသည့် မြူနီစီပါယ်မင်းကြီးကို ကြီးကြပ်ကွပ်ကဲခြင်းမပြုနိုင်ခဲ့ပေ။ ဥက္ကဋ္ဌ၏ သက်တမ်းမှာ (၁)နှစ်သာလျှင် ဖြစ်သည်။ ၁၉၃၄ခုနှစ်ရောက်မှသာ မြူနီစီပါယ် အက်ဥပဒေကို ပြင်ဆင်ပြီး၊ မြူနီစီပါယ်ဥက္ကဋ္ဌကို မြို့တော်ဝန်(Mayor) အမည်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ သို့ရာတွင် မြို့တော်ဝန်သည် မြူ မင်းကြီးနှင့် မြူနီစီပါယ်လုပ်ငန်းများကိုမူ ကြီးကြပ်နိုင်ခြင်း မရှိခဲ့ပေ။ ၁၉၅၈ခုနှစ် ရောက်သည့်အခါ၊ ၁၉၂၂ ခုနှစ် ရန်ကုန် မြူနီစီပါယ် အက်ဥပဒေကို ထပ်မံပြင်ဆင်ခဲ့သည်။ ယင်းပြင်ဆင်ချက် အက်ဥပဒေအရ (Mayor) မြို့တော်ဝန်သည် မြူနီစီပါယ်မင်းကြီး (CEO) အား ကြီးကြပ်ခွင့်ရရှိလာခဲ့ပါသည်။

မြူနီစီပါယ်ကော်ပိုရေးရှင်းအနေဖြင့် တိုးတက်လာသော လူဦးရေနှင့်အတူ လုပ်ငန်းဆောင်တာများပြားလာသည့်အလျောက်၊ ၁၉၅၈ ခုနှစ် နောက်ပိုင်းတွင် ဌာနကြီး(၆)ခုနှင့်ဌာနငယ်(၅)ခုကို အောက်ပါအတိုင်း ဖွဲ့စည်းထားခဲ့ပါသည်။

**(က) ဌာနကြီးများ**

(၁) အတွင်းရေးမှူးဌာန
(၂) စာရင်းကိုင်ချုပ်ဌာန
(၃) ရာပြတ်ဌာန
(၄) ရေနှင့်မိလ္လာ(အင်ဂျင်နီယာ)ဌာန
(၅) လမ်းနှင့်အဆောက်အအုံ(အင်ဂျင်နီယာ)ဌာန
(၆) ပြည်သူ့ကျန်းမာရေးဌာန

**(ခ)** ဌာနငယ်များ

(၁) ဈေးဌာန
(၂) တိရစ္ဆာန်ဆေးကုဌာန
(၃) မီးသတ်ဌာန
(၄) အခွန်ဌာနတို့ဖြစ်ကြပါသည်။

စတိုပစ္စည်းထိန်း(ဗဟိုကုန်ရုံ)နှင့် ပန်းခြံများ ပန်းဥယျာဉ်လုပ်ငန်းများကိုမူ သီးခြားဌာနဖွဲ့စည်းခြင်းမပြုပဲ၊ ဌာနခွဲအနေဖြင့် လမ်းနှင့် အဆောက်အအုံ(အင်ဂျင်နီယာ) ဌာနလက်အောက် လုပ်ငန်းခွဲများအဖြစ် ထားရှိခဲ့ပါသည်။ ထို့အတူ မူလတန်းပညာရေးကို မြူနီစီပါယ်ကော်ပိုရေးရှင်းက ပညာရေးဘုတ်အဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပြီး၊ ၁၉၅၉ ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့တွင် အစိုးရ ပညာရေးဌာနလက်အောက်သို့ လွှဲပြောင်းပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

ထိုစဉ်က မြူနီစီပါယ်လုပ်ငန်းများကို လေ့လာကြည့်လျှင် အဓိကလုပ်ငန်းတာဝန်များနှင့် ရုံးပုံငွေအခြေအနေအရ ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များဟူ၍ ခွဲခြားတွေ့မြင်ရပါသည်။

**(က) အဓိကလုပ်ငန်းတာဝန်များ**

(၁) မြို့ပြစီမံကိန်းများ(Town Planning)အရ မြို့သစ်များ တည်ထောင်ခြင်း
(၂) အဆောက်အအုံများကြီးကြပ်ခြင်း



(က) အိမ်ပုံစံများ အတည်ပြုပေးခြင်း။
(ခ) သောအန္တရာယ်ဖြစ်စေမည့် အဆောက်အအုံများ ဖျက်သိမ်းခြင်း။
(ဂ) ကျူးကျော်အဆောက်အအုံများကိုဖျက်သိမ်းစေခြင်း ပြုပြင်စေခြင်း။
(ဃ) ဈေးများတည်ဆောက်ခြင်း၊ ကြီးကြပ်ခြင်း။
(င) သားသတ်ရုံများ တည်ဆောက်ခြင်း၊ ကြီးကြပ်ခြင်း၊ လေလွင့်တိရစ္ဆာန်များကို အရေးယူခြင်း။
(စ) လမ်းမီးထွန်းခြင်း။
(ဆ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
(ဇ) ထမ်း/တံတားများ ဆောင်ရွက်ခြင်း။
(ဈ) စီးသတ်လုပ်ငန်းများ ဆောင်ရွက်ခြင်း။
(ည) ရေတွင်းရေကန်များ သန့်ရှင်းရေးကို ဆောင်ရွက်ခြင်း။
(၁၀) မီလွှာနှင့် အမှိုက်များ သိမ်းဆည်းခြင်း။
(၁၁) သချိုင်းများ၊ မီးသင်္ဂြိုဟ်စက်များ တည်ဆောက်ခြင်း၊ ကြီးကြပ်ခြင်း။
(၁၂) ရေမြောင်းများ ဆောက်လုပ်ထိန်းသိမ်းခြင်း။
(၁၃) ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
(၁၄) အပေါင်ဆိုင်များ တည်ဆောက်ခြင်း၊ ကြီးကြပ်ခြင်း။
(၁၅) တည်းခိုခန်းများ၊ အစားအသောက်ဆိုင်များ၊ လိုင်စင်ခွင့်ပြုခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း။
(၁၆) အနေးယာဉ်များ ကြီးကြပ်ခြင်း။
(၁၇) ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်း။
(၁၈) ကုဋ္ဌအနာကြီးရောဂါသည်များနှင့် စိတ်ရောဂါသည်များကို သက်ဆိုင်ရာရောဂါ ကုဋ္ဌာများသို့ပို့ဆောင်ပေးခြင်း။

**(ခ) ရန်ပုံငွေအခြေအနေအရ ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များ**

(၁) ဥယျာဉ်များ၊ ပန်းခြံများတည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊ ကြီးကြပ်ခြင်း။
(၂) ကစားကွင်းများတည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း။
(၃) ပြခန်း၊ ပြိုင်ပွဲများ ကျင်းပပေးခြင်း။
(၄) စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးခြင်း၊ ထောက်ပံ့ငွေပေးခြင်း။
(၅) ခဝါရုံများ တည်ထောင်ပေးခြင်း။

အထက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့သော ရန်ကုန်မြို့နယ်စီပါယ်လုပ်ငန်း ဆောင်ရွက်ချက်များကို ကောက်နုတ်ဖော်ပြကြည့်လျှင် ဤသို့တွေ့ရမည်ဖြစ်ပါသည်-

(၁) ရေပေးဝေရေးကို ၁၈၇၈ ခုနှစ်တွင် ကန်တော်ကြီးကန်ရေဖြင့် စတင်ဖြန့်ဝေခဲ့ပါသည်။
(၂) ၁၈၈၄ ခုနှစ်တွင် ကုက္ကိုင်းရေလှောင်ကန်စီမံကိန်းကို စတင်အကောင်အထည်ဖော်ပါသည်။ ရေလှောင်ကန်ကို ရှေးဦးစွာ ဗိတိုရိယကန်ဟုခေါ်ခဲ့ပြီး၊ နောက်ပိုင်းတွင် အင်းယားကန်ဟု ခေါ်ခဲ့ပါသည်။ ရေဖြန့်ဝေရာတွင် ပိုမိုအဆင်ပြေစေရန် ရွှေတိဂုံကုန်းမြင့်တွင် ရေလှောင်ကန်တည်ဆောက်ပြီး၊ အမြင့်မှ အနိမ့်သို့ စီးဆင်းသည့်ရေအား (Gravity Flow) ဖြင့် ထိုရေလှောင်ကန်မှတစ်ဆင့် ရေဖြန့်ဝေခြင်းပြုခဲ့ပါသည်။ ထိုသို့ ဖြန့်ဝေခြင်းကို ၁၈၉၄ ခုနှစ် စတင်ခဲ့ပါသည်။

၁၈၈၄ ခုနှစ်တွင် ကုက္ကိုင်းရေလှောင်ကန်စီမံကိန်းကို စတင်အကောင်အထည်ဖော်ပါသည်။ ရေလှောင်ကန်ကို ရှေးဦးစွာ ဗိတိုရိယကန်ဟုခေါ် ခဲ့ပြီး၊ နောက်ပိုင်းတွင် အင်းယားကန်ဟု ခေါ် ခဲ့ပါသည်။

(၃) ၁၉၀၄ ခုနှစ်တွင် ရေဂါလံသန်း (၁၂၀၀၀)ဆံ့ လှော်ကားရေလှောင်ကန်ကို တည်ဆောက်ခဲ့ပါသည်။ ၄-၂-၁၉၀၄ ရက်နေ့တွင် ရေလှောင်ကန်ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။
(၄) ၁၉၁၆ ခုနှစ်တွင် လှော်ကားရေကို ထပ်ဆင့်ဖြန့်ဝေနိုင်ရေးအတွက် ရေကူးရေတွန်းစက် ၃ လုံးကို ထပ်မံတည်ဆောက်ခဲ့ပြီး ရေဖြန့်ဝေခြင်း ပြုပါသည်။
(၅) ရန်ကုန်မြို့ လူဦးရေတိုးတက်လာမှုအလျောက်၊ ရေဖြန့်ဝေခြင်း၊ ပိုမိုလိုအပ်လာခဲ့ပါသည်။ ၁၉၃၂ ခုနှစ်တွင် ဂျိုးဖြူရေလှောင်တမံ စီမံကိန်းကို စတင်ခဲ့ပါသည်။ Binney,Beacon Courley Co. မှ တာဝန်ယူ၍ ဂျိုးဖြူရေလှောင်ကန်စီမံကိန်းကို ၁၉၄၀ ခုနှစ်တွင် ပြီးစီးကာ ရေဖြန့်ဝေနိုင်ခဲ့ပါသည်။
(၆) မြို့ထဲရှိ အဓိကလမ်းများကိုလည်း ပေ ၁၀၀ ကျယ်လျှင် ကျောက်ခင်း ၃၂ ပေ၊ ပေ ၅၀ ကျယ်လျှင် ကျောက်ခင်း ၁၅ ပေနှင့် ၂၅ ပေကျယ်လျှင် ကျောက်ခင်း ၁၅ ပေနှုန်းဖြင့် လမ်းများပြုပြင် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၁၀ ပြည့်နှစ်ရောက်ရှိသောအခါ ကတ္တရာလမ်းခင်းခြင်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။
(၇) ၁၈၉၃ ခုနှစ်မှ စတင်၍ ပြေးဆွဲခဲ့နေသော လှည်းဓာတ်နှင့် လက်



တွန်းလှည်းများနေရာတွင် ၁၉၀၅ ခုနှစ်၌ ကိုယ်ပိုင်မော်တော်ကားများ ရှိလာခြင်း၊ ၁၉၁၃ ခုနှစ်တွင် ဘတ်(စ်)ကားများ စတင်ပြေးဆွဲစေခြင်းတို့ဖြင့် ပြောင်းလဲလာခဲ့ပါသည်။ အဆိုပါ အသုံးပြုသောယာဉ်များအား မြူနီစီပါယ်ကော်ပိုရေးရှင်းအနေဖြင့် အသုံးပြုသည့် အခွန်နှင့် လိုင်စင်ခများကို အခွန်ငွေအဖြစ် ကောက်ခံခဲ့ပါသည်။

(၈) ၁၉၀၆ ခုနှစ်တွင် ဓာတ်ရထားလမ်းစီမံကိန်း စတင်ခဲ့ပြီး၊ ၁၅-၁၂-၁၉၀၆ ရက်နေ့တွင် လျှပ်စစ်ဓာတ်အားသုံး ဓာတ်ရထား စတင် စတင်ပြေးဆွဲခဲ့လေသည်။

**ရန်ကုန်ရှိ အမှတ်တရ အဆောက်အအုံများ**

(၁) ၁၈၅၃ ခုနှစ်တွင် စူရတီဈေး(ယခု သိမ်ကြီးဈေး)ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

(၂) ကမ်းနားလမ်းရှိ ယခု စာတိုက်ကြီးအဖြစ် အသုံးပြုနေသော အဆောက်အဦမှာ ၁၈၆၇ ခုနှစ်တွင် အတွင်းဝန်ရုံးဖြစ်ခဲ့ပါသည်။ ၁၈၉၅ ခုနှစ်တွင် ကြေးနန်းရုံးအဖြစ် ပြောင်းလဲသွားပြီး။ ၁၉၁၇ ခုနှစ်မှစတင်၍ စာတိုက်ကြီးအဖြစ် အသုံးပြုခဲ့ကြောင်း တွေ့ရှိရပါသည်။

(၃) ယခု မြို့တော်ခန်းမနေရာ၌ ယခင်အဆောက်အဦဟောင်းရှိပြီး ၁၈၈၆ ခုနှစ်တွင် ဆောက်လုပ်ခဲ့ကာ၊ ၁၈-၁၁-၁၈၈၆ နေ့တွင် မြို့တော်ခန်းမအဖြစ် စတင်ရုံးဖွင့်လှစ်ခဲ့ပါသည်။

(၄) ၁၈၇၆ ခုနှစ်တွင် ကမ်းနားဈေးကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

(၅) ယခု ဗဟိုအမျိုးသမီးဆေးရုံမှာ ၁၈၈၇ ခုနှစ် တည်ဆောက်ပြီး နောက်ပိုင်းကာလများအထိ ဒပ်ဖရင် သားဖွားဆေးရုံဟု ခေါ်တွင်ခဲ့သည်။

(၆) ဝန်ကြီးများရုံးကို ယခင်က အတွင်းဝန်ရုံးဟု ခေါ်ခဲ့ပါသည်။ ယင်း အဆောက်အအုံများကို ၁၈၉၃ တွင် စတင်ဆောက်လုပ်ပြီးနောက် ၁၉၀၅ ခုနှစ်တွင် လက်ရှိအဆောက်အအုံများ ပြီးစီးခဲ့ပါသည်။

(၇) ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်ကို ယခင်က ဂျူဗလီဟောဟု ခေါ်ခဲ့ပါသည်။ ၁၈၉၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

(၈) ဆူးလေစေတီတော်အနီးရှိ ပန်းခြံကို မူလက ဝိတိုရိယဘုရင်မ အထိမ်းအမှတ်ပန်းခြံဟု ၁၉၀၆ ခုနှစ်တွင် သတ်မှတ်ဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါ မဟာဗန္ဓုလပန်းခြံဟု ခေါ်တွင်ပါသည်။

(၉) ၁၉၁၆ ခုနှစ်မှာပင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

(၁၀) ၁၉၁၁ ခုနှစ်တွင်မှ -

(က) ယခု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆောက်အဦကို လည်းကောင်း၊

(ခ) ဟိုက်ကုတ်ခေါ်သော ဗဟိုတရားရုံးချုပ် အဆောက်အဦကို လည်းကောင်း ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

**ဒုတိယကမ္ဘာစစ်၊ စစ်အတွင်းကာလ၊ ရန်ကုန်**

၁၉၃၉ ခုနှစ်တွင် ဥရောပစစ်မျက်နှာပြင်မှ စတင်ကာ၊ ဒုတိယကမ္ဘာစစ်၏ စစ်မီးတောက်များ စတင်တောက်လောင်ခဲ့ပါသည်။ ဂျပန်သည် ၇-၁၂-၁၉၄၁ ခုနှစ်တွင် စစ်ပွဲအတွင်းဝင်ရောက်ကာ အာရှတိုက်သို့ စစ်မျက်နှာဖွင့်ခဲ့ပါသည်။

> **ဂျပန်တပ်မတော်သည် လေကြောင်းမှ ၂၃-၁၂-၁၉၄၁ နေ့နှင့် ၂၅-၁၂-၁၉၄၁ နေ့များတွင် ရန်ကုန်ကို ဗုံးကြဲတိုက်ခိုက်ခြင်း စတင်ခဲ့ပါသည်။**

ဂျပန်တပ်မတော်သည် လေကြောင်းမှ ၂၃-၁၂-၁၉၄၁ နေ့နှင့် ၂၅-၁၂-၁၉၄၁ နေ့များတွင် ရန်ကုန်ကို ဗုံးကြဲတိုက်ခိုက်ခြင်း စတင်ခဲ့ပါသည်။ ရန်ကုန်မြို့စောင့် ဗြိတိသျှကိုလိုနီတပ်သည် ၂၀-၂-၁၉၄၂ ရက်နေ့တွင် ရန်ကုန်မြို့သူမြို့သားများကို ၄၈ နာရီအတွင်း ရန်ကုန်မြို့မှ ထွက်ခွာကြရန် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

ဗြိတိသျှကိုလိုနီစစ်တပ်သည် ၂၀-၁၂-၁၉၄၂ ရက်နေ့မှ စတင်၍ ရန်ကုန်မြို့ကြီးတွင် မြေလှန်စနစ်အသုံးပြုကာ၊ ဗုံးခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပါသည်။ ရန်ကုန်ကျဆုံးသောအခါ အထင်ကရနေရာနှင့် အဆောက်အအုံများ အကောင်းမကျန်ရစ်အောင် ဖန်တီးကာ ရန်ကုန်ကို စွန့်ခွာသွားကြခြင်းဖြစ်ပါသည်။

၎င်းတို့၏ စွန့်ခွာမှုများနှင့်အတူ ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်းမှ အရာရှိကြီးအချို့နှင့် မြူနီစီပါယ်ရန်ပုံငွေများပါ အိန္ဒိယနိုင်ငံ ဆင်းမလားမြို့သို့ ပါသွားခဲ့ကြပါသည်။ အမှုထမ်းလခစာ၊ စရိတ်၊ အိုနာစာငွေကြေး၊ အိန္ဒိယသို့သွားသည့် ခရီးစရိတ်၊ ကရုဏာကြေး၊ စီမံအုပ်ချုပ်စရိတ်များကို ပါသွားသည့်ငွေများမှယူ၍ နောင်တွင် စာရင်းဇယားများ ရှင်းလင်းခဲ့ပါသည်။ ရွှေ့ပြောင်းစွာ အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့တွင် ၁၉၄၃ ခုနှစ်၊ ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း(ရပ်ဆိုင်းရေး) အက်ဥပဒေဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယင်းအက်ဥပဒေအရ (Trustees) ယုံကြည်အပ်နှံရေးအဖွဲ့ကို ဖွဲ့စည်းကာ စာရင်းရှင်းပြီးငွေများကို ထိန်းသိမ်းထားခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ထိန်းသိမ်းရန်ငွေများ၏ စာရင်းရှင်းတမ်းအရ ထိုစဉ်က ပါသွားခဲ့သော ရန်ပုံငွေအရပ်ရပ်ကျပ် ၈၈ သိန်းကျော်အနက် စာရင်းအရ အပ်နှံငွေမှာ ကျပ် ၇သိန်းနှင့် ၅ သောင်းကျော်သာ ရှိခဲ့ပါသည်။

ဤသို့ဖြင့် ရန်ကုန်သည် အင်္ဂလိပ်ဗြိတိသျှကိုလိုနီလက်အောက်မှ ဂျပန်နယ်ချဲ့အောက်သို့ ရောက်ရှိခဲ့ရပါသည်။ ဂျပန်နယ်ချဲ့သည် (စက္ကူဖြူလွတ်လပ်ရေးဟု ခေါ်ဆိုခဲ့ကြသော) မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့အဖြစ် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့တွင် ဒေါက်တာဘမော် ကြီးမှူးသော အတိုင်ပင်ခံလွှတ်တော်တစ်ရပ် ဖွဲ့စည်းပါဝင်သည့် အစိုးရအဖွဲ့မှ ကြေညာခဲ့ပါသည်။ ထို့ကြောင့် ဂျပန်ခေတ်တွင် မြန်မာလူမျိုးနိုင်ငံတော် အဓိပတိကြီးမှူးသည့် အစိုးရတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ထိုအစိုးရသည် ရန်ကုန်မြို့တွင် မြူနီစီပါယ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နေပြည်တော် စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြို့လင်း၊





# ဆောင်းဝေဦး

ဧည့်ခန်းထဲတွင် အမျိုးသမီးကြီးတစ်ဦး ရောက်နှင့်နေ၏။

သူမနှင့် မျက်နှာချင်းဆိုင်ခုံသို့ ကျွန်တော် ဝင်ထိုင်လိုက်သည်နှင့် ကျွန်တော့်ကို အကဲခတ်သလို ကြည့်လိုက်ပြီး သူမကာပင် စတင်ပြီး စကားဆိုသည်။

''မြင်ဖူးသလိုရှိတယ်နော်''

''မလွှမ်းပိုကလည်း လုပ်ပြန်ပြီ''

''ဟယ်...ကိုသက်ဦး''

သူမက အလွန်ဝမ်းသာသွားသည်။ ကျွန်တော့်အသံကို မှတ်မိသွားပြီး မုန့်ရသည့် ကလေးလေးလိုလည်း ပျော်မြူးသွား၏။

''ကိုသက်ဦးက သိပ်ဝလာတာကိုး၊ ကျွန်မ ဘယ်မှတ်မိမှာလဲ၊ မတွေ့ကြတာလည်း ကြာပြီနော်''

''ဟုတ်တယ်၊ အနှစ်ငါးဆယ်နီးပါးရှိပြီ၊ တစ်ခါမှ ပြန်မဆုံကြတော့ဘူး''

''အနှစ်ငါးဆယ်နီးပါး ရှိပြီနော်''

''ဟုတ်တယ်လေ''

"ကိုသက်ဦး အခု ဘာလုပ်နေလဲ"

"Free Lance Writer လေ။ အငြိမ်းစား စာရေးဆရာ၊ စာပဲရေးတယ်၊ မလွှမ်းပိုရော"

"အတူတူပါပဲရှင်"

"နေတော့ရော၊ အခု ဘယ်သူတွေနဲ့လဲ၊ Family နဲ့လား"

သူမက ကျွန်တော့်အမေးကို မချိုမချဉ် အပြုံးဖြင့် နားထောင်ပြီး အသာအယာ ခေါင်းရမ်းကာ–

"အရင်လိုပါပဲ၊ နေတာလည်း အရင် မြို့မှာပဲလေ၊ ရန်ကုန်ရောက်တုန်း စာမူကိစ္စတွေနဲ့ မဂ္ဂဇင်းတိုက် ခဏဝင်လာတာ၊ ကိုသက်ဦးကရော"

"ကျွန်တော်က ဒီ ရန်ကုန်မှာပဲ၊ ဒီကို မကြာမကြာရောက်ပါတယ်၊ မလွှမ်းပိုနဲ့ မဆုံဖြစ်ကြလို့ပါ"

"ဆုံဖို့ကြုံဖို့ဆိုတာကလည်း အကြောင်းတိုက်ဆိုင်မှုလေ"

"ဟုတ်တာပေါ့"

"ဒါနဲ့ ဟိုလူတွေရော"

"သူတို့လည်း ပင်စင်စားတွေ ဖြစ်ကုန်ကြပြီ၊ ကိုအေးကိုက တောင်ကြီးမှာ အခြေချတယ်လို့ကြားတယ်၊ ကိုကျော်ကျော်ကတော့ ရန်ကုန်မှာပဲ ရှိပါတယ်၊ မနှစ်က ကျွန်တော် ဗုဒ္ဓဂါယာ ဘုရားဖူးသွားတော့ သူနဲ့ နီပေါမှာ တွေ့ခဲ့သေးတယ်၊ သူတို့အဖွဲ့နဲ့ ကျွန်တော်တို့ အဖွဲ့ လုမ္ဗိနီမှာ သွားဆုံတာ"

"ဪ…တွေ့ရင်ပြောပေးအုံးနော်၊ ကျွန်မက သတိရလျက်ပါဆိုတာ"

ကျွန်တော်က ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

သူမနှင့် ကျွန်တော် ရှေးဟောင်းနှောင်းဖြစ်များပြောပြီး စကားကောင်းနေစဉ်၊ မဂ္ဂဇင်းတိုက်မှ တာဝန်ရှိသူများရောက်လာ၍ စကားစ ပြတ်သွား၏။ အယ်ဒီတာအဖွဲ့နှင့် ကိုယ့်ကိစ္စများ ကိုယ်ပြောဖြစ်ကြသည်။ ကိစ္စများ ပြီးသွားမှ သူမနှင့် အချိန်အတော်ကြာအောင် စကားပြန်ဆက်ဖြစ်၏။ အယ်ဒီတာအဖွဲ့က ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ပြီး အံ့သြနေ၏။

"ဆရာမကြီးတို့နှစ်ယောက်က အသိတွေလား"

"သူငယ်ချင်းတွေ"

"ဪ"

"ကိုသက်ဦး စာတွေရေးမှန်း ကျွန်မ မသိဘူး။ အရင် ကျွန်မနဲ့တွေ့တုန်းကတည်းက ရေးနေတာလား"

"အဲဒီကတည်းက မလွှမ်းပို အားကျလို့ ကဗျာအတိုအစလေးတွေ ရေးကြည့်နေပြီ"

"ဟင်း…လုပ်ပြီ ဟုတ်လည်း မဟုတ်ဘဲနဲ့"

"တကယ်ပါ၊ အဲဒီတုန်းက ရေးထားတဲ့ ကဗျာလက်ရေးမူ စာအုပ်ကလေးတောင် သိမ်းထားတာ အခုထက်ထိရှိသေးတယ်"

"ဪ…တကယ်နော်"

"တကယ်ပါ"

ဆိုနေ့က မဂ္ဂဇင်းတိုက်တွင် မလွှမ်းပိုနှင့် ကျွန်တော်တို့ အချိန်အတော်ကြာအောင် စကားပြောဖြစ်ခဲ့သည်။ သူ မြို့ပြန်ရန် ကားလက်မှတ်ဝယ်ထားပြီးဖြစ်သဖြင့် ကားထွက်ချိန်နီး၍ ကျွန်တော့်ကို နှုတ်ဆက်ကာ ထွက်ခွာသွားတော့၏။ အသက်ကြီးသော်လည်း မလွှမ်းပိုက ရှေးယခင်ကလို သွက်သွက်လက်လက်နှင့် ငယ်မူငယ်သွေးအချို့ ကျန်နေပါသေးသည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်နှင့် လာတွေ့သွား၍ အလွန်လည်း သူမ ဝမ်းသာသွားပုံရ၏။ ဝမ်းသာမည်ဆိုလည်း ဝမ်းသာလောက်၏။ မလွှမ်းပိုနှင့် ကျွန်တော့်ကြားတွင် ပြောစရာများ အတော်များများ ရှိခဲ့ဖူးပါသည်။

ထိုပြောစရာများကား …။

✤ ✤ ✤ ✤ ✤ ✤ ✤

၁၉၇၃ မိုးတွင်းကာလ။

ရန်ကုန်ချော်တွင်းကုန်းရှိ ပြည်သူ့ ဆက်ဆံရေးတပ်တွင် ကျွန်တော် သင်တန်းတက်ရသည်။ သင်တန်းက သဘောတရား ရေးရာသင်တန်း။ စည်းပြုအဆင့်ဖြစ်၍ သင်တန်းသားအတော်များများမှာ စီနီယာ အရာရှိကြီးများသာ ဖြစ်ကြ၏။ ဗိုလ်ပေါက်စ သုံးလေး ငါးဦးသာပါဝင်ရာ ကျွန်တော်၊ ကိုကျော်ကျော်၊ ကိုအေးကို၊ ကိုဟန်တင်တို့ ဖြစ်ကြ၏။ ကျွန်တော်တို့က ဗိုလ်အဆင့် လက်ဖတင်နှင့် Lieutenant လေးတွေ။ ကျန် သင်တန်းသားများမှာ ဗိုလ်ကြီး Captain နှင့် Major များသာ ဖြစ်၏။

သင်တန်းသားက ၄၀ ကျော်သည်။ လူကြီးများကို ဗိုလ်မှူးတစ်ယောက်တစ်ခန်း၊ ဗိုလ်ကြီး နှစ်ယောက်တစ်ခန်းထားသော်လည်း ကျွန်တော်တို့ နောက်ဆုံးက လူငယ်လေးဦးကိုမူ လေးယောက်တစ်ခန်း၌ စုပြီး အတူထားသည်။ ကျွန်တော်တို့လေးဦးသည် ရောက်ခါစက တစ်ယောက်အကြောင်း တစ်ယောက် မသိကြသေးသဖြင့် ခပ်တည်တည်နှင့် လုပ်နေကြ၏။ ရက်အနည်းငယ်အကြာတွင်မူကား လေးဦးလုံး ငယ်ပေါင်းကြီးဖော် ပမာ စိတ်သဘောဝိဝိ ရင်းရင်းနှီးနှီး စကားပြောဖြစ်ကြတော့၏။ အားလုံး အသက်သုံးဆယ် ပင် မရှိကြသေးပါ။ သို့ရာတွင် လူပျိုကမူ အသက်သုံးဆယ်ပြည့်ခါနီး ကိုကျော်ကျော် တစ်ဦးသာပါ၏။ ကျန် ကျွန်တော်တို့ သုံးဦးက ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်သည် ကလေးအဖေများ။

ကျွန်တော်တို့အထဲ၌ ကိုအေးကိုနှင့် ကိုဟန်တင်တို့က အလွန်သွက်သည်။ အစ အနောက်လည်းသန်သည်။ ကိုကျော်ကျော်က ခပ်အေးအေးသမား။ စကားကိုပင် ပြည်းပြည်းလေးလေးပြောတတ်သူ။ အလွန် လည်း ရိုး၏။ ထို့ကြောင့် ကိုအေးကိုနှင့် ကိုဟန်တင်တို့က မကြာခဏ စကြသည်။

"ဒီသူငယ်ချင်း၊ လူပျိုကြီးကို မိန်းမ ပေးစားရမယ်ဟေ့"

ဟုလည်း ဆိုကြသည်။ ဒါသာမက ညည စာကြည့်ချိန်များ၌ စာကောင်းကောင်း မကြည့်ဘဲ ကိုကျော်ကျော်ကို အိမ်ရာဝင် တိုးတိုးပုံပြင်များ ပြောပြကြ၏။

"ဒါမှ လူပျိုကြီး မိန်းမလိုချင်လာမှာ"

ကျွန်တော်တို့ ဘယ်လိုပြောပြော စစ ကိုကျော်ကျော်ကမူ သူကား မတုန်မလှုပ် ကျောက်ရုပ်ဟုဆိုရမည့် ဗန်းမော်တင်အောင် ဝတ္ထုထဲက ဓာတ်လိုက်နယ် သိပ်မလှုပ်ပါချေ။

သို့ရာတွင် ကျွန်တော်တို့ သင်တန်းဖွင့်ပြီး နှစ်ပတ်ခန့်အကြာ၌ နယ်တက်မှ သမဝါယမရေးရာ သင်တန်းကြီးတစ်ခု လာဖွင့်သည်။ လူပေါင်း တစ်ရာခန့်ရှိသည်။ အတော်များများမှာ အမျိုးသမီးများသာ ဖြစ်ကြ၏။ အမျိုးသား သင်တန်းသားကား နှစ်ဆယ်၊ အစိတ်ထက် ပိုမည်မထင်ပါ။ သူတို့ရောက်လာ၍ ကျွန်တော်တို့ ထမင်းစားနေကျ ထမင်းစားဆောင် Dining Hall ကြီး လူပြည့်ကြပ်သွားသည်။ စားချိန်

သောက်ချိန်များ၌ ယခင်ကလိုမဟုတ်တော့။ ယူနီဖောင်းအစိမ်းများသာမကတော့ဘဲ မြူနီပြာဝါ ရောင်စုံဖြာသည့် လိပ်ပြာလေးများ ပမာ သင်တန်းသူလေးများက ဟိုမှသည် မှ လူးလွန့်သွားလာပျံဝဲနေကြ၏။ သာယာနာ ပျော်ဖွယ် အသံသာလေးများဖြင့် မ,သံပေး ကာ ဟန်ရေးပြနေကြ၏။ အစွမ်းကုန် ဗီးလိမ်း ပြင်ဆင်ဝတ်စားကာ သူနိုင်ငါနိုင် အလှချင်း ပြိုင်နေကြ၏။

သင်တန်းသားလူကြီးများက ရောင်စုံ လိပ်ပြာလေးများကြောင့် ဘာမှ ဟုတ်တိ ပတ်တိ မထူးခြားလာသော်လည်း ကျွန် တော်တို့ လူငယ်အရာရှိအတွက်ကား ထူး ခြားမှုရှိ၏။ မတုန့်လှုပ်သော ကိုကျော်ကျော် တစ်ယောက်ပင် လှုပ်လာ၏။

ညည စကားဝိုင်းတွင် အဖြူလေး လည်း စိမ်းပဲ၊ အပြာလေးလည်း စိမ်းပဲ၊ အနီလေးလည်း စိမ်းပဲဖြစ်လာ၏။ ထမင်းစား ချိန် မလှမ်းမကမ်း ထမင်းဝိုင်းမှ တောင့် တောင့်ဖြောင့်ဖြောင့် အပျိုချောလေးနှစ်ဦးကို သူ သဘောအလွန်ကျနေသည်။ ဒါကိုသိ သည့် ကိုအေးကိုက တွန်းပို့လေကာလုပ်၏။

"ပျော့လှ။ ဒီတစ်ခါတော့ ခင်ဗျား ဟန် ကျပြီ၊ ချစ်သူရွေးမယ် ချစ်ဝံ့လည်းပဲ၊ သမဝါ ယမ အရာရှိမလေးတွေက အချောချည်း။ အနိပ်စားလေးတွေဗျ"

"မိတ်ဆက်ဖို့ လိုသေးတယ်လေ"

"ဒါက မခက်ပါဘူး။ ကျွန်တော်တို့ တာဝန်ထားပါ၊ ဆေးရှိပါတယ်၊ ကဲ– ခင်ဗျား ကြိုက်တာသာပြော၊ သောကြာရောက်လာ ရင် ထူးစေရမယ်၊ ဟိုက်–ငါဆရာအမိန့် အာချလောင်း"

ကိုအေးကိုက ပျောက်စေဆရာလိုလို၊ ဂိုဏ်းဆရာလိုလို၊ ဝိပဿနာဆရာလိုလိုနှင့် အိတ်ထဲမှ လက်ဖွဲ့သဏ္ဍာန် ပစ္စည်းတစ်ခုကို ထုတ်ပြီး လက်ကိုင်ပုဝါဖြင့်အုပ်၍ ဟန်နဲ့ပန်နဲ့ မြှောက်ပြကာ ဆိုလိုက်ရာ ကျွန်တော်တို့ တစ်ဖွဲ့လုံး မပြုံးဘဲနှင့် ဝါးလုံးကွဲရယ်လိုက်ရ ပါသည့်ခင်ဗျား။

✤ ✤ ✤ ✤ ✤ ✤ ✤

ချော်တွင်းကုန်း သင်တန်းကျောင်းက သင်တန်းသူ၊ သင်တန်းသားများအား သင် တန်းနားရက် Holiday များ၌ အပြင်ထွက် ခွင့် Outpass ပေးလေ့ရှိ၏။ ရန်ကုန်တွင်



မိသားစု ခေါ်ထားသူများက Family Pass ပြန်ကြသည်။ အချို့က ပဲခူး၊ ပြည်၊ တောင်ငူ စသည့် မြို့များသို့ Station Pass ပြန်ကြ သည်။

ကျွန်တော်တို့ အဖွဲ့သားလေးဦး၌ ကို ဟန်တင်က သူ့ဇနီး ကျောင်းဆရာမကြီး ရန်ကုန်မှာရှိနေသဖြင့် စနေ၊ တနင်္ဂနွေ အိမ် ပြန်သည်။ ကျွန်တော်နှင့် ကိုအေးကိုတို့က တော့ မိသားစု ခေါ်မလာနိုင်ပါ။ ကျွန်တော် က ဖာပွန်မှာ ထားခဲ့ရသည်။ ကိုအေးကိုက ကျိုင်းတုံမှာထားခဲ့ရသည်။

ထို့ကြောင့် စနေ၊ တနင်္ဂနွေများ၌ ကျွန်တော်တို့နှစ်ဦးနှင့် လူပျိုကြီး ကိုကျော် ကျော် ပေါင်းသုံးဦး ဟိုဟိုဒီဒီသွားကြသည်။ မကြာခဏ အသွားဖြစ်ဆုံးမှာ မနီးမဝေးက ကမ္ဘာအေးစေတီသို့သာဖြစ်၏။ ဘုရားဖူး သည်။ ဘုရားဈေးတန်းမှာ ဗေဒင်လက္ခဏာ များ အပျင်းပြေဝင်မေးသည်။ ပြီးတော့ "ချိန်တန်ပြီ"အမည်ရ လက်ဖက်ရည်ဆိုင် ဝင်ထိုင်၍ လက်ဖက်ရည်သောက်ပြီး ရောက် တတ်ရာရာများ ပြောဖြစ်သည်။

ယနေ့ စနေနေ့။

နေ့ဝက်သင်တန်းပြီး၍ နေ့လယ်စာ စားပြီး အပျင်းပြေ သုံးယောက်သား ကမ္ဘာ အေး ဘုရားဘက် ထွက်ခဲ့သည်။ မိုးကညို့ နေသဖြင့် ဝေးဝေးလံလံမသွားရဲ။ ဘုရား ကန်တော့ပြီး ထိုင်နေကျ ချိန်တန်ပြီ ဝင်ခဲ့၏။

"ဟိတ်၊ ကိုကျော်ကျော်၊ ဆိုင်ထဲမှာ ခင်ဗျားပြောတဲ့ စားပွဲဝိုင်းက မြူနီပြာဝါလေး တွေ ရောက်နေတယ်ဗျို့၊ ကျုပ်ဆေးက အစွမ်းပြပြီ"

ကိုအေးကိုက ဆိုသည်။

ဟုတ်၏။

ဆိုင်ထဲ၌ ကိုကျော်ကျော် သဘောကျ နေသည်ဆိုသော ကျွန်တော်တို့အဘေး ထမင်း ဝိုင်းမှ မိန်းကလေးနှစ်ဦးနှင့် အခြားတစ်ဦးတို့ ကြိုရောက်ပြီးနေနှင့်၏။ ထမင်းစားမကောင်း ၍ တစ်ခုခုမှာစားနေကြသည်ထင်ပါ၏။

ကျွန်တော်တို့သုံးဦးက ဘေးစားပွဲဝင် ထိုင်ပြီး နေရာယူလိုက်၏။ ပြီးတော့ အဖွဲ့ နှစ်ဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကဲခတ်ကြသည်။ မျက်လုံးများဖြင့် Message များ ပို့လွှတ်ကြ သည်။ အမျိုးသမီးသုံးဦးအနက် အကြီးဆုံး ထင်ရသူ အမျိုးသမီးက အနီးဆုံး ကျွန်တော့် မျက်နှာကို အသေအချာကြည့်ပြီး အပြုံး လှလှဖြင့်–

"မြင်ဖူးသလိုလို ရှိတယ်နော်"

ဟု ဆိုလိုက်၏။ ကိုအေးကိုက လက် ကုတ်လိုက်သည်။ သူ့ဆေး အစွမ်းပြပြီပေါ့။

"မလွှမ်းပိုက ကျွန်တော့် မြင်ဖူးမှာ ပေါ့၊ ကျွန်တော်က ဘီအိုစီ စဖွင့်တော့ V.Com-bination က ကိုထွန်းသိန်းရဲ့

သူငယ်ချင်းလေ''

''ရှင်''

''ဟုတ်ပါတယ်၊ ကျွန်တော် ကိုထွန်း သိန်းရဲ့ သူငယ်ချင်းပါ''

''ဪ---ဒါကြောင့် ကျွန်မနာမည်ကို သိနေတာကိုး''

''မလွမ်းပိုတင်မကပါဘူး၊ ကျွန်တော်တို့ V.Combination က ရွှေမြိုင်ဝတ်မှုံဦးတို့ တက္ကသိုလ် မောင်လှချောတို့၊ တက္ကသိုလ် စိုးအောင်တို့ ကလောင်ရှင်အားလုံး ကျွန်တော် သိပါတယ်၊ သူတို့ကိုတော့ မလွမ်းပို ထက် ပိုရင်းနှီးပါတယ်''

''ဪ ရှင်က တော်တော်သိတာကိုး''

''ဟုတ်ကဲ့- မလွမ်းပို၊ GG Combination ကဆိုတာရော၊ နာမည်ရင်းက မလွင်လွင်မြင့်ဆိုတာရော၊ ပြည်ဘက်ကဆိုတာရော သိပါတယ်''

သူမက အတော်အံ့ဩသွား၏။ ဝမ်းသာ သွားပုံလည်းရသည်။

''သဘောကျသွားပြီရှင်၊ ရှင့်နာမည်က''

''သက်ဦးပါ၊ ကျွန်တော်က ဇိုလ်သက်ဦး၊ ဒါက ဇိုလ်ကျော်ကျော်၊ ဒါက ဇိုလ်အေးကို၊ တစ်ခန်းတည်းအတူနေ Room Mate တွေပါ။ မလွမ်းပိုတို့လိုပဲ ချော်တွင်းကုန်း သင်တန်းကပါ''

''တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မကလည်း ပြန်မိတ်ဆက်ပေးပါအုံးမယ်''

''ကျွန်မက ရှင်တို့သူငယ်ချင်းပြောတဲ့ အတိုင်း မလွမ်းပိုပေါ့ လွင်လွင်မြင့်၊ ဒါက မြို့မြို့ဝေ၊ ဒါက ကြည်ကြည်ခင်၊ အားလုံး B.com ဘွဲ့ရ သင်္ဘောသမီး ဒုတိယ ထေရာနိုဒွ ပါ''

အဖော်နှစ်ဦးက ပြုံးပြကြသည်။ အားလုံး အသက် နှစ်ဆယ်သာသာ၊ ငယ်ငယ် ချောချောတွေ။ မလွမ်းပိုကတော့ အသက် သုံးဆယ်နား ကပ်နေပြီထင်၏။ ဟိုနှစ် ယောက်နှင့်စာသော် အရည်းငယ် ပိုပြီးရင့် ကျက်ပုံရ၏။

ထိုနေ့ကစကားဝိုင်းတွင် B.O.C ကောလိပ် အတူတက်ခဲ့ကြသည့် မလွမ်းပိုနှင့် ကျွန်တော်က ဒိုင်ခံအပြောသမားများ ဖြစ်ကြ၏။ ပြောဖြစ်ကြသည့် အကြောင်းအရာ များမှာ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က တက္ကသိုလ်ကျောင်းသားဘဝ ဘီအိုစီ ကောလိပ်၌ စာသင်ခဲ့ရသည့် စာသင်သား ဘဝကို လွမ်းတရင်း ကုံကော်တော၊ အင်းလျားကန်နဲ့ အင်းလျားလေ၊ သစ်ပုတ်ပင်၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် အဓိပတိလမ်းမကြီး များ အကြောင်းသာ ဖြစ်ခဲ့ပါ၏။

လူချင်းခွဲတော့

''ကိုသက်ဦးတို့နဲ့ပြန်တွေ့ရတာ ကျွန်မတို့ အသက်တွေ ပြန်ငယ်သွားပြီ။ ဒီလို သင်တန်းနားတဲ့ရက်တွေမှာ အခုလိုပဲ စကား ပြောချင်တယ်ရှင်''

''ရပါတယ်၊ တွေ့ကြတာပေါ့''

ကျွန်တော် မပြောရသေးမီ အလွန် သွက်သော ကိုအေးကိုက ဝင်ပြောလိုက်၏။ ထိုအခါ အားလုံးက တစ်ပြိုင်နက်ပြုံးလိုက်ကြ၏။

ဪ - - -အဖိုနဲ့အမဆိုတော့လည်း ဒီလို ရှိပေမပေါ့လေ။

✣ ✣ ✣ ✣ ✣ ✣ ✣

''ဟေ့လူ ကိုသက်ဦး။ ဒီည ခင်ဗျားရဲ့ မလွမ်းပိုအကြောင်း ပြောဗျာ''

ကိုအေးကိုက စပြော၏။

''မလွမ်းပိုက နည်းနည်းအသက်ကြီး ပြီ ကျွန်ုပ်ကတော့ အငယ်လေးနှစ်ယောက်ပဲ သဘောကျတယ်''

ကိုကျော်ကျော်က ဆို၏။

''ဟေ့လူ ဓာတ်လမ်းက အခုမှစရမှာ၊ အရိုးမျှားသော ချေးခါးသော လုပ်မနေနဲ့၊ မှန်ဆီကြော်က နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား မလုပ်နဲ့၊ ခင်ဗျား အဲဒါကြောင့် လူပျိုကြီး ဖြစ်နေတာ''

ကိုအေးကိုက ဆိုသည်။

''ကိုသက်ဦး၊ ခင်ဗျား မလွမ်းပိုကြီး အကြောင်း ပြောဗျာ၊ အမှုင်းပြေ နားထောင် ရအောင်''

ယနေ့ညမှ အထောင်စောစောပြန် ရောက်လာသည့် ကိုဟန်တင်က ဝင်ပြောသည်။ သူကလည်း ဒါမျိုးဆို ပါသနာကိုး။

''ဒီလိုဗျ၊ ၁၉၆၁-၆၂ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်စတက်တော့ Arts and Science University ဆိုပြီး ရန်ကုန်မှာနဲ့ သိပ္ပံတက္ကသိုလ်လို့ ဖြစ်ရောဗျာ၊ အရင် ထီးတန်းနဲ့ ရန်ကင်းကိုဖျက်ပြီး အားလုံး Main University ပင်မမှာ လာစုကြတာ၊ Arts က B.O.C မှာ၊ Science က Dome လီပ်ဖုံးမှာ၊ ဘာသာတွဲ Combination တွေ ကလည်း အများကြီးပဲ၊ သိပ္ပံတွဲကတော့ မသိဘူး၊ ကျွန်တော်တို့ ဝိဇ္ဇာတွဲကတော့ CC, GG, FF, SS တဲ့ MN တဲ့၊ V တဲ့၊ အတွဲပေါင်းကို သုံးလေးဆယ်လောက် ရှိတယ်''

''ခင်ဗျား ဘာသာတွဲတွေနဲ့ မလွမ်းပိုက ဘာဆိုင်လို့လဲဗျာ''

''လာမယ်လေ ဆရာကြီးရဲ့၊ မလောပါနဲ့အုံး''

''အဲဒီမှာ ကျွန်တော်က V.com-

ထိုနေ့က စကားဝိုင်းတွင် B.O.C ကောလိပ် အတူတက်ခဲ့ကြသည့်
မလွမ်းပိုနှင့် ကျွန်တော်က ဒိုင်ခံအပြောသမားများ ဖြစ်ကြ၏။
ပြောဖြစ်ကြသည့် အကြောင်းအရာများမှာ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က
တက္ကသိုလ်ကျောင်းသားဘဝ…

bination က စိတ်ကြိုက် မြန်မာစာ၊ အနောက်တိုင်းသမိုင်း၊ ပထဝီ၊ အစက GG ယူတာဗျ။ GG က လူ ၁၀၀၀ ကျော်၊ V က လူ ၂၀၀ ကျော်ပဲရှိတယ်၊ မလွှမ်းပိုက GG ကား V က လူနည်းတော့ ကျွန်တော်တို့ လူ ၂၀၀ လောက်က ခဏလေးနဲ့ ခင်သွားကြတာ၊ ဇာတ်လမ်းက အဲဒီမှာ စတော့တာပဲဗျို့"

"ဘယ်လို စတာလဲ"

"ဒီလိုဗျ ကျွန်တော်တို့ V.Combination က ရွှေကျောင်းသားအုပ်စုမှာ စောစောက ကျွန်တော်ပြောခဲ့တဲ့ ကိုထွန်းသိန်းဆိုတဲ့ သူငယ်ချင်းကြီးရှိတယ်၊ ဒီကောင်ကြီးက ထောင်ထောင်မောင်းမောင်းနဲ့ ရုပ်ချောကြီး၊ ပြောရမယ်ဆိုရင်ဗျာ ပညတ်တော်ဆယ်ပါး ဆရာကြီး ဦးလှရွှေတို့၊ မြန်မာဂုဏ် ဦးတင်မောင်ဖွေးတို့၊ ဆရာဦးအောင်သင်းတို့လေ"

"မလွှမ်းပိုက ကျောတွေလည်း ဖေးတယ်၊ ကျောင်းက နံရံကပ်စာစောင်တွေမှာ ရေးရုံတင်မကဘူး၊ အပြင်က အမျိုးသမီးမဂ္ဂဇင်းတွေမှာတောင် သူ့ကဗျာတွေက ပါတယ်၊ မလွှမ်းပိုဆိုတဲ့ နာမည်နဲ့လိုက်တဲ့ အချစ်၊ အလွမ်းကဗျာတွေပါပဲ"

"ဘယ်လို ကဗျာတွေလဲဗျ **တစ်ဖက်သတ်ချစ်တာ ဆိုးပါသည်၊ အသက်မကချစ်တာ ခက်လှသည်၊ အသည်းထဲစွဲကာနေသူဆီ၊ အမြဲတမ်း၊ သူ့ကို မျှော်ကာရီ** ဆိုတာမျိုးလေး"

ကိုအေးကိုက ဝင်နောက်လိုက်သည်။ ကို ကျော်ကျော်က ပြုံးနေသည်။

ရင်း နောက်ဆုံးနှစ်ကို လုပ်သားကောလိပ် ပြောင်းတက်တယ်၊ အောင်မယ် အဲဒီမှာ မလွှမ်းပိုက ပင်မတက္ကသိုလ်ကနေပြီး ညည လုပ်သား ကောလိပ်လာတက်တယ်ဗျာ၊ ကိုထွန်းသိန်းကြီး တွေ့ရအောင်လေ"

"ဒီလောက် ဖွဲ့ကောင်းတာ ခင်ဗျား မိတ်ဆွေကြီးက နည်းနည်းလေးမှ ပြန်မကြိုက်ဘူးလား"

"ပြန်မကြိုက်လို့ မလွှမ်းပို့ အိမ်ထောင်မကျသေးတာ ခင်ဗျားတို့အမြင်ပဲလေ"

"နောက်––ခင်ဗျားလူကြီးကရော"

"သူငယ်ရည်းစားနဲ့ ဘွဲ့ရပြီးတော့ ယူသွားပါလေရောဗျာ၊ မလွှမ်းပိုကတော့ အချစ်အလွမ်းတွေတွေ ဖိုရေးပြီးတော့ စာပေလောကမှာ ပိုနာမည်ကြီးလာတယ်ဖေ့၊ အခု

**ဒီကောင်ကြီးက ထောင်ထောင်မောင်းမောင်းနဲ့ ရုပ်ချောကြီး၊**
**ပြောရမယ်ဆိုရင်ဗျာ ပညတ်တော်ဆယ်ပါး ဇာတ်ကားထဲက**
**အမေရိကန်ရုပ်ရှင်မင်းသားကြီး ချာလ်တန်ဟက်စတန် Charlton Heston ရုပ်မျိုး၊**
**မလွှမ်းပိုက အဲဒီကောင်ကြီးကို တအားသဘောကျနေတာ•••**

ဇာတ်ကားထဲက အမေရိကန်ရုပ်ရှင်မင်းသားကြီး ချာလ်တန်ဟက်စတန် Charlton Heston ရုပ်မျိုး၊ မလွှမ်းပိုက အဲဒီကောင်ကြီးကို တအားသဘောကျနေတာ၊ ကိုထွန်းသိန်းကြီးက အားကစားလည်းတော်တယ်၊ သူနဲ့ ကိုအုန်းမောင်တို့နှစ်ယောက်က မြန်မာ့လက်ရွေးစင် ဘော်လီဘောသမား၊ ရွှေကျောင်းသားတွေ၊ ဘော်လီဘောကစားရတော့ ကျောင်း ခဏခဏနောက်ကျပြီး ထိုင်ရင် နောက်ဆုံးတန်းက ထိုင်ကြတယ်၊ မလွှမ်းပိုက အဲဒါကိုစောင့်ပြီး ကိုထွန်းသိန်းတို့ဘေး ဝင်ဝင်ထိုင်တတ်တယ်။ သူ တစ်ယောက်တည်း Solo ပဲ၊ အဲဒါ တစ်ရက်မကဘူး၊ လနဲ့ချီကြာတယ်"

"ခင်ဗျားမလွှမ်းပိုက တကယ့် ဇာမဏီပါလား"

"ဟုတ်ပါ့ဗျာ၊ သင်ရတာကလည်း စိတ်ကြိုက်မြန်မာစာ၊ သင်တဲ့ဆရာတွေကလည်း အပြောကောင်း၊ အဟောကောင်း၊

"ခင်ဗျားက လုပ်ပြီ၊ အဲဒီ ကိုမြကြီး သီချင်းမျိုး မဟုတ်ပါဘူးဗျာ၊ လှိုင်ထိပ်ခေါင်တင်ရဲ့ အပျိုဖော်ရွယ် မစုခင်က ငယ်စလေ့ဂေါ်ရီဆိုတဲ့ဟာမျိုးတွေလို ပြောတာပါပဲ၊ ထားပါတော့၊ ခက်တာက ကိုထွန်းသိန်းကြီးမှာ သူ့ Girl Friend ရှိတယ်ဗျာ၊ သူက မလွှမ်းပိုကို ကျောင်းနေဘက် သာမန်သူငယ်ချင်း၊ မိတ်ဆွေထက်မပိုဘူး၊ အဲဒါကြောင့် ဇာတ်လမ်းက B.O.C ကောလိပ်မှာတော့ Half-Cock နဲ့ ပြီးသွားရောဗျာ၊ B.O.C ကနေ Social Science ပြောင်းတော့ ကျွန်တော်တို့လည်း ဘာသာတွဲတွေ ပြောင်းလိုက်တာနဲ့ သူတို့အတွဲကို မျက်ခြည်ပြတ်သွားတယ်ဗျာ"

"ခင်ဗျားဟာက ဒါပဲလားဗျ"

"မဟုတ်သေးဘူး၊ တောအုံးမယ်လေ၊ ၆၄/၆၅ ကျွန်တော် လုပ်သားကောလိပ်မှာ ဘီအေနောက်ဆုံးနှစ်တက်တော့ ကိုထွန်းသိန်းကြီးလည်း အပြင်မှာ အလုပ်တွက်လုပ်

လည်း သူက နာမည်ကြီး စာရေးဆရာမပဲ"

"ဟာ––ပေ့လူ ဖြစ်ပုံမလား၊ တော်နေကြာ ကျွပ်တို့ကို သူဝတ္ထုထဲထည့်ပြီး နှိပ်နေအုံးမယ်ဗျ"

တစ်ချိန်လုံး ငြိမ်နားထောင်နေသည့် ကို ကျော်ကျော်က ဝင်ပြောဘ်။

"ကိုကျော်ကျော် ခင်ဗျားက စတောင်မစရသေးဘူး၊ ကြောက်နေပလား၊ မလွှမ်းပိုက ခင်ဗျားကို ကိုက်မစားပါဘူးဗျာ"

ကျွန်တော်၏ စကားဆုံးသည်ဆိုလျှင်ပင် ကျွန်တော်တို့လေးယောက်တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဟားဟားဟားနဲ့ ရယ်မောလိုက်ကြပါသည်ခင်ဗျား။

❖ ❖ ❖ ❖ ❖ ❖ ❖

သင်တန်းနားရက် အချိန်ကျသည်နှင့် မရှောသုံးယောက် ကိုယ်သုံးယောက်တို့ "ချိန်တန်ပြီ"၌ ပုံမှန်တွေ့ဖြစ်ကြ၏။ နောက်ထပ် နှစ်ကြိမ် သုံးကြိမ်မျှ တွေ့ပြီးသည်နှင့်



ကျွန်တော်တို့အားလုံး တစ်ဦးအကြောင်း တစ်ဦး သိသင့်သိထိုက်သည်များ သိကြတော့၏။

ပထမက ကျွန်တော်တို့အကြောင်း။

ကျွန်တော်တို့သုံးဦးတွင် ကျွန်တော်က တပ်ထဲရောက်ပြီး မကြာမီ အိမ်ထောင်ကျခဲ့သည်။ ကလေးတစ်ယောက်အဖေ၊ နက်ဖြန်သဘက် နှစ်ယောက်အဖေ ဖြစ်တော့မည်။ တပ်ကြပ်ကြီးဘဝမှ အားကစားထူးချွန်သဖြင့် အရာရှိဖြစ်လာသူ ကိုအေးကိုက ကလေးသုံးယောက်အဖေ။ ကိုအေးကိုက လွန်ခဲ့သည့် ဖွန်စ်ခန့်က တပ်မတော် တာတိုအပြေးချန်ပီယံ မြန်မာ့လက်ရွေးစင် စိုးဝင်း၊ စိုးအောင်၊ ယောဟန်တို့နှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း တာတိုပြေးလာသူဖြစ်၏။ အပြေးသွက်ရုံသာမက အရာရာသွက်သဖြင့် သူလည်း ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျပြီး ယခု အသက် ၃၀ မရှိမီမှာပင် ကလေးသုံးယောက်ရပြီးသူဖြစ်၏။ လူပျိုကား စကားနည်းသော၊ ဥပဓိရုပ်ကောင်းကောင်း မင်းသားကြီး ဖေယျာပုံဖမ်းနေသည့် ကိုကျော်ကျော် တစ်ဦးသာပင်။ အားလုံးထဲ၌ ကိုကျော်ကျော်က အသက်အကြီးဆုံး။ သုံးဆယ်နား ကပ်နေ၏။ သူကမှ မလွှမ်းပိုကြိုက်တတ်သည့် အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်း။

ကျွန်တော်တို့အကြောင်းပြီးတော့ သူတို့အကြောင်း။ သူတို့အကြောင်းကိုတော့ ကိုအေးကို မှတ်တမ်းတင်ထားသလို ဖော်ပြပါမည်။

(က) မလွှမ်းပို (ခေါ်) မလွင်လွင်မြင့်
အသက် - ၂၈နှစ်
အလုပ်အကိုင် - အထက်တန်းပြဆရာမ
ပညာအရည်အချင်း - BA. BED
အိမ်ထောင်ရေးအခြေအနေ - အပျို
အရပ်အမောင်း - ၅ပေ၊ ၂လက်မ
ကိုယ်အတိုင်းအတွာ(ခန့်မှန်း)
၃၂-၂၀-၃၄
ကိုယ်အလေးချိန် - ပေါင် ၁၁၀ ခန့်
အသားရောင် - မဖြူမညို
ဝါသနာ - စာပေအနုပညာ
လူမျိုးဘာသာ - ဗမာ၊ ဗုဒ္ဓ
မှတ်ချက် - (ချစ်လျှင် သတိထား။ ဗို့ ၁၅၀၀ အား)

(ခ) မကြည်ကြည်ခင် (ခေါ်) ရွှေမေ
အသက် - ၂၂နှစ်
အလုပ်အကိုင် - လက်ထောက်မြို့နယ်
ဦးစီးမှူး၊ သမဝါယမ
ပညာအရည်အချင်း - B.Com
အိမ်ထောင်ရေးအခြေအနေ - အပျို
အရပ်အမောင်း - ၅ပေ၊ ၃လက်မ
ကိုယ်အတိုင်းအတွာ(ခန့်မှန်း)
၃၄-၂၂-၃၆
ကိုယ်အလေးချိန် - ၁၁၅ ပေါင်
အသားရောင် - အဖြူ
ဝါသနာ - Indoor Game များ
လူမျိုးဘာသာ -
တရုတ်ဗမာကပြား၊ ဗုဒ္ဓ
မှတ်ချက် - (ချစ်ချင်စရာကောင်း၏။ ပစ္စည်းများ ကောင်းသည်)

(ဂ) မပြုံးပြုံးငွေ (ခေါ်) မိုးမိုး
အသက် - ၂၂နှစ်
အလုပ်အကိုင် - လက်ထောက်မြို့နယ်
ဦးစီးမှူး၊ သမဝါယမ
ပညာအရည်အချင်း -
အိမ်ထောင်ရေးအခြေအနေ - အပျို
အရပ်အမောင်း - ၅ပေ ၄ လက်မ
ကိုယ်အတိုင်းအတွာ(ခန့်မှန်း)-
၃၅-၂၂-၃၆
ကိုယ်အလေးချိန် - ၁၂၀ ပေါင်
အသားရောင် - အညို
ဝါသနာ - Indoor Game များ
လူမျိုးဘာသာ - မြန်မာ၊ ဗုဒ္ဓ
မှတ်ချက်- (ပစ္စည်းအလွန်ကောင်းသည်။
• အထူးချစ်သင့်သည်)

သူတို့သုံးဦးအနက် မလွှမ်းပိုက အားကစား ဝါသနာမပါ။ စာပေအနုပညာနှင့် Feeling သမား။ ခံစားချက်အတိုင်း လုပ်ချင်သူ။ မကြည်ကြည်ခင်နှင့် မပြုံးပြုံးငွေတို့က အားကစားသမားများ။ သုံးယောက်လုံး ပြည်ခရိုင်က လာကြသူတွေ။ သို့ရာတွင် အသက်က လေးငါးခြောက်နှစ် ကွာသည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသူဘဝ၌ တစ်ဦးနှင့်တစ်ဦး ကျောင်းနေခဲ့ကြရပုံချင်းလည်း ကွာခြားကြ၏။

ကိုယ်ကာယ အချိုးအဆက်အရလည်းကောင်း၊ အသက်အရွယ် ငယ်နုမှုအရလည်းကောင်း၊ ကျွန်တော်တို့ ရှေ့တန်းတင်ထားသည့် ဇာတ်လိုက်ကြီး ကိုကျော်ကျော်က အငယ်မလေးနှစ်ဦးကို ပိုသဘောကျသတဲ့။

''ဟော့ လူကြီး၊ ခင်များ ဘယ်လိုသဘောရလဲ၊ အဖြူလား၊ အညိုလား၊ မဖြူမညိုလား''

ကိုအေးကိုက ညကျ စသည်။

''ကျုပ်ကတော့ ခင်များတို့ပြောချင်တာပြော၊ ဒွေးချိုး လေးတိုးဆိုတဲ့ စာဆို

အတိုင်းပဲဗျာ''

''ဒါဆို အငယ်နှစ်ယောက်ပေါ့''

''ဒါပေါ့ဗျာ၊ ကိုသက်ဦး၊ ဆရာမကြီး တော့ လန့်တယ်ဗျ''

ပျော့လူ--ကိုကျော်ကျော်၊ ကျွန်တော့် ဆရာမကြီး မဟုတ်ရပါဘူးဗျာ၊ ကျောင်းနေ ဘက် သူငယ်ချင်းပါ''

''ခင်ဗျား ကျောင်းနေဘက်ကြီးက ခင်ဗျားနဲ့ပဲ စကားတွေ ပြောစရာရှိတယ်ဗျ ကျွန်တော်နဲ့ ဘာမှ မရှိဘူး''

''အခုက အစပဲလေ၊ နောက်တော့ ရှိလာမှာပေါ့၊ ကဲပါဗျာ၊ ခင်ဗျားကြိုက်တာ ခင်ဗျားဟာပဲ ကြိုးစားပါ၊ စကားကတော့ ဒီလိုပဲ ဆက်စပ်ပြီး ပြောရတာပေါ့ဗျာ၊ အကြောင်းမရှိ အကြောင်းရှာ လျှောက်ပြော ရတာပေါ့၊ မိန်းမ ပိုးတယ်ဆိုတာ လွယ်လွယ် နဲ့တော့ ဘယ်ရမလဲ၊ နည်းနည်းတော့ အပင်ပန်းခံရတာပေါ့၊ ဆရာကြီးက ပို့ဆွမ်း ချည်းစားချင်လို့တော့ ဘယ်ရမှာလဲ''

သို့ကလို ဆွေးနွေးပြီး ထိုးစစ် တိုက် စစ်အတွက် ပြင်ဆင်နေစဉ်မှာပင် အခြေ အနေက ရုတ်ချည်းပြောင်းလဲသွားသည်။ နောက်တစ်ခါ ''ချိန်တန်ပြီ''သို့ မလွှမ်းပို တစ်ယောက်တည်း ရောက်လာ၏။

အငယ်နှစ်ယောက်က Indoor Game ကြက်တောင်ပြိုင်ပွဲဝင်ရန်အတွက် လေ့ကျင့် ပြီး ကျန်ခဲ့သတဲ့။ သူတို့သင်တန်းတွင် အမျိုး သမီး၊ အမျိုးသား ကြက်တောင်နှင့် ဘော်လီ ဘောပြိုင်ပွဲ ရှိသည်ဆို၏။ မကြည်ကြည်ခင် နှင့် မပြုံးပြုံးဝေတို့က တက္ကသိုလ်တွင် ကြက် တောင် Women Double နှစ်ယောက်တွဲ ဆုရဖူးသူများဖြစ်၏။

ထိုနေ့က ဘာစိတ်ကူးရသည်မသိ၊ မလွှမ်းပိုက–

''ကိုသက်ဦး၊ အလွှမ်းပြေ လုပ်သား ကောလိပ်သွားရအောင်''

ဟု ဆိုသဖြင့် ကျွန်တော်တို့ သုံးဦး သား သူမကို လုပ်သားကောလိပ် လိုက်ပို့ရ သည်။ ကောလိပ်၌ အပေါ်တက်၊ အောက် ဆင်း တစ်ခန်းဝင်၊ တစ်ခန်းထွက် လုပ်ပြီး တော့ ဗိုလ်တာထောင်ဘုရား ဝင်ဖူးဖြစ်သည်။ ဘုရားတွင် မလွှမ်းပိုအတွက် ပန်းဆီမီး၊ ဖယောင်းတိုင် အစရှိသည်တို့ကို သွက်လက် သော ကိုအေးကိုက သွားဝယ်ပေးသည်။ သူမ ဘုရားရှိခိုးနေသည်ကို ကျွန်တော်တို့က

မိန်းမ ပိုးတယ်ဆိုတာ
လွယ်လွယ်နဲ့တော့ ဘယ်ရမလဲ၊
နည်းနည်းတော့
အပင်ပန်းခံရတာပေါ့၊
ဆရာကြီးက
ပို့ဆွမ်းချည်းစားချင်လို့တော့
ဘယ်ရမှာလဲ…

စောင့်ပေးရသည်။ အတော်ကြာ၏။ ဘာ တွေများ ဆုတောင်းသလဲတော့ မသိ။ ကျွန် တော်တို့ သုံးဦးကတော့ စစ်သားမို့ ဘုရား အား ဦးချကာ ပြိုကာသလောက်နှင့် ခပ်တို တိုသာ ကန်တော့ထတ်ကြ၏။ အပြန်အတွက် ကားသော၊ ကားငှား စသည်များကိုလည်း ကိုအေးကိုကပင် လုပ်ပေးသည်။ ကိုကျော် ကျော်ကတော့ သူ့ထုံးစံအတိုင်း၊ မတုန် မလှုပ်ဖြင့်သာ…

အပြန်ကားပေါ်၌ ကျွန်တော်က

''ကိုကျော်ကျော် ခင်ဗျားက အမိက ဓာတ်လိုက်လေ၊ နည်းနည်းပါးပါး လှုပ်ရှား လေဗျာ၊ ကျုပ်တို့က ဓာတ်ရံ''

ဟု မထိတထိ စလိုက်၏။

ကိုကျော်ကျော်က ဘာမှပြန်မပြော။ ပြုံး၍သာနေ၏။ ကိုအေးကိုကမူ ရယ်ပြီပြီ လုပ်၏။

ထိုအခါ မလွှမ်းပိုက ခပ်တည်တည်ဖြင့် စကားတစ်ခွန်းဆို၏။

''ကျွန်မကတော့ ဓာတ်ရံကိုပဲ သဘောကျနေပြီ''

ဟိုက်–ဓာတ်ရံဆိုတာ ဘယ်သူပါလိမ့်၊ ကိုယ်လား၊ သူလား၊ ကျွန်တော်လား၊ ကို အေးကိုလား။

ကျောင်းရောက်လို့ မလွှမ်းပိုကို အဆောင်ပြန်ပို့ပေးတော့–

''နောက်အပတ်ရော သွားကြဦးစို့ ကို သက်ဦး၊ ဒီတစ်ခါတော့ B.O.C ကို လိုက်ပို့ နော်''

ဟု သူမကပင် ပြောသွားသည်။ ဘာ ပြောရမှန်းမသိ၍ ခေါင်းညိတ်ပြခဲ့ရ၏။

ထိုညက အခန်း၌ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် တစ်ယောက်ကို တစ်ယောက် ဓာတ်ရံလား၊ ဓာတ်လိုက်လား၊ ထစ်ဦးကိုတစ်ဦး စောကြောကြရင်း၊ စရင်း၊ နောက်ရင်း၊ ရယ်ရင်း၊ မောရင်း အိပ်ရာဝင် ဖြစ်ခဲ့ကြပါသည်ခင်ဗျာ။

❖ ❖ ❖ ❖ ❖ ❖ ❖

အချိန်က ဩဂုတ်လကုန်ခါနီးဖြစ် သည်။

ကျွန်တော်တို့ သုံးလသင်တန်းက နှစ်လကျော်သွားပြီ။ သူတို့ နှစ်လသင်တန်း က တစ်လကျော်ပြီ။ စက်တင်ဘာလလယ် လောက် သင်တန်းဆင်းမည်။ ကျွန်တော်တို့ မချော သုံးယောက်ကိုယ်သုံးယောက် ဓာတ် လမ်းက ဓာတ်ရှိန်သိပ်မတက်တဲ့ ဓာတ်မျော နေ၏။ ဒီအချိန်မှာပင် အမိကဓာတ်ဆောင် ကျွန်တော်လည်း ရုတ်တရက် သရုပ်ဆောင် အဖြစ်မှ နုတ်ထွက်လိုက်ရ၏။

မလွှမ်းပို ချိန်ဆိုသည့်နေ့မှ ကျွန်တော် က ဆိုင်းမဆင့် ဗုံမပါ ရန်ကုန်ရောက်ချလာ သည့် မေ့ကို မင်္ဂလာဒုံလေဆိပ် သွားကြို လိုက်ရ၏။ ဒုတိယကလေးအား အမှတ်(၂) စစ်ဆေးရုံတွင်မွေးရန် တပ်ရင်းတင်ပြ၍ ခွင့် ပြုချက်ရသဖြင့် ရန်ကုန်လိုက်လာသည်ဆို ၏။ မေက အမြဲတွေလုပ်တတ်သည်။ မော် လမြိုင် ကန်သုံးကန်၌ တိုင်းတပ်တွင်၊ ပညာ ပေး သင်တန်းတက်စဉ်ကလည်း သားဦး လေးမွေးရန် ယခုလို လိုက်လာဖူးသည်။ ယခု ဒုတိယကလေးမွေးရန်အတွက် ကျွန် တော်လည်း ရန်ကုန်မှာရှိနေသဖြင့် လိုက် လာသည်ဆို၏။ အမှတ်(၂) စစ်ဆေးရုံတွင် သူမ၏ အစ်မ ဝမ်းကွဲတစ်ဦးက Maternity Ward သားဖွားဆောင်တွင် ရှိသည်လေ။

မေရောက်လာ၍ သင်တန်းပိတ်ရက် များ၌ မလွှမ်းပိုနှင့် မတွေ့ဖြစ်တော့။ တာ ဝန်ကို ထောက်(၄) ဘောက်ချာဖြင့် ကိုအေး ကိုအား အပြီးလွှဲပေးလိုက်သည်။

''ကဲ--ကျွန်တော်လည်း စနေ၊ တနင်္ဂ နွေ အိမ်ပြန်တဲ့ ကိုဟန်တင်လိုဖြစ်သွားပြီ၊

မိန်းမဒိုက် ပွတ်ပေးဖို့ တာဝန်ကျလာပြီဗျာ၊ ကျွန်တော့်ကို နားလည်ပေးကြပါ''

''နားလည်ပါတယ်ဗျာ။ ပွတ်စရာရှိရင် သွားသာ ပွတ်ပါ၊ ကျန်တာ ကျွန်တော်တို့ တာဝန်ထား၊ ဆက်လုပ်လိုက်မယ်၊ ဟဲ-ဟဲ''

ကိုအေးကိုကပင်ပြောဏ်။

မေရောက်လာ၍ မေ့အား ကန်တော်လေး လမ်း ၉၀ က သူ့အစ်ကိုအိမ် လိုက်ပို့ရသည်။ အမှတ်(၂) စစ်ဆေးရုံမှာ တာဝန်ကျသည့် ဝမ်းကွဲအစ်မကလည်း ထိုအိမ်မှာပင် နေသည်။ မိန်းမရောက်လာတော့ ကျွန်တော်သည်း အလိုက်သိစွာ သင်တန်းနားရက်၌ ကန်တော်လေး သွားအိပ်ရတော့၏။

မေရောက်ပြီးနှစ်ပတ်အကြာ၌ ဒုတိယကလေးအား အမှတ်(၂) စစ်ဆေးရုံမှာ မွေးသည်။ သမီးကလေးဖြစ်၏။ မိန်းမကိစ္စ၊ သမီးကိစ္စနှင့် အလုပ်များနေသဖြင့် ညအိမ်ပြန်အိပ်ခွင့် တရားဝင်သင်တန်းသို့တင်ပြရာ ခွင့်ပြုချက်ရ၍ သူငယ်ချင်းများနှင့် ညရောက်တတ်ရာရာပြောခြင်းအမှု မပြုဖြစ်တော့ပါ။ ဒီကြားထဲ မေက ကလေးအမွေးခက်နေသဖြင့် မီးနေစောင့်ခွင့်ကလည်း သုံးရက်ယူလိုက်သေးရာ မလွှမ်းပိုနှင့် စာတ်လမ်းများ လုံးဝအဆက်ပြတ်သွား၏။ ယောက်ျားဖောင်စီး၊ မိန်းမ မီးနေဖို့ မေ့ကို အထူးဂရုစိုက်နေရ၏။ မိန်းမနှင့် ကလေးကိစ္စ များများနေသဖြင့် ပြင်ပကမ္ဘာကို သေတ္တလည်း မေ့သွားတော့၏။

ထိုအချိန်မှာပင် မလွှမ်းပိုတို့ သင်တန်းဆင်းသွားပါလေတော့သည်။

ကျွန်တော် ခွင့်စေ့၍ သင်တန်းပြန်ဟက်တော့-

''ဟေ့လူ၊ ခင်ဗျား ဆရာမကြီးတော့ သွားပြီဗျို့၊ နှုတ်ဆက်သွားတယ်၊ အငယ်မလေး နှစ်ယောက်ကလည်း တာ့တာတို့တီတွေ လုပ်သွားသေးတယ်၊ ကိုကျော်ကျော်က ပြန်ခါနီးမှ Lady တွေကို သွားချွဲနေလိုက်သေးတယ်ဗျာ။ ဒီလူ စောစောက ငြိမ်နေပြီးတော့''

''ဟြော်--မေ့လို့ချို့၊ မလွှမ်းပိုက ခင်ဗျားအတွက် စာတစ်စောင်လည်း ပေးခဲ့တယ်၊ ဟောဒီမှာဗျာ၊ ဟဲ--ဟဲ''

ထိုနေ့က သင်တန်းမတက်မီ ကိုအေးကိုက ဆီးပြောပြီး စာကိုထုတ်ပေးပါတော့သည်။

**ကိုသက်ဦး၊**

ကျွန်မ စာရေးခဲ့ပါတယ်။

သင်တန်းပြီးလို့ ပြန်သွားပြီ။ သင်တန်းကာလမှာ ကိုသက်ဦးတို့နဲ့တွေ့ရလို့ ရွှေးဖြစ်ဟောင်း အောက်မေ့ပြီး ကျွန်မ အရမ်းပျော်မိတယ်။ ကိုယ့်ဟာကိုယ် ကျောင်းဆရာမကြီးလို့ မထင်တော့ဘဲ ကျောင်းသူလေးလို့ ထင်မိတယ်။ ဘဝမေ့နေတာပေါ့။ မေ့လည်း ထားချင်တယ်။ ဒါက ဆန္ဒလေ။

ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းမကျပါဘူး။ ဖြန်းဆို ကိုသက်ဦးက Family ရောက်လာတော့ ချိန်တစ်ပြိုကို မလာနိုင်တော့ဘူးလေ။ ကျွန်မ နားလည်ပါတယ်။ အရင်းနှီးဆုံး ကိုသက်ဦးမရှိတော့ တစ်မျိုးပါပဲ။ ဒါပေမဲ့ ဟိုနှစ်ယောက်က ကျွန်မကို စောင့်ရှောက်ပါတယ်။ ကျွန်မသွားချင်တဲ့နေရာတွေ လိုက်ပို့ပါတယ်။ ကျေးဇူးတောင်ရပါတယ်။

ကျွန်မက Lonely Life တစ်မိပေါက်တစ်ယောက်ဆိုတော့ အဖော်ခင်တယ်ရှင့်။ ဒါကြောင့် မြို့မှာလည်း တပည့်လေးတွေ၊ တူ၊ တူမလေးတွေကို အိမ်ခေါ်ထားတယ်။ ဒီမှာလည်း ညီမလေး ကြည်ကြည်ခင်နဲ့ ပြုံးပြုံးငွေကို အဖော်လုပ်နေတာလေ။ ကိုသက်ဦးတို့နဲ့တွေ့တော့ ပိုပျော်သွားတာပေါ့။ အပျော်မရှိတဲ့ ကျွန်မဘဝမှာ ဒီသင်တန်းကာလလေးက ရွှေးပါးအပျော်ကာလလေးပါ။

ကိုသက်ဦး

ကျွန်မ စာရေးခဲ့ပါတယ်။

သင်တန်းပြီးလို့ ပြန်သွားပြီ။

သင်တန်းကာလမှာ

ကိုသက်ဦးတို့နဲ့တွေ့ရလို့

ရွှေးဖြစ်ဟောင်း အောက်မေ့ပြီး

ကျွန်မ အရမ်းပျော်မိတယ်။

ကိုယ့်ဟာကိုယ်

ကျောင်းဆရာမကြီးလို့

မထင်တော့ဘဲ . . .

အလိုက်ကမ်းဆိုးမသိစွာနဲ့ ကိုသက်ဦးကို ဟိုဟိုဒီဒီ လိုက်ပို့ခိုင်းမိတာကို နားလည်ခွင့်လွှတ်ပေးပါ။ သင်တန်းမှာ ကျွန်မကို တတ်နိုင်တာ ကူညီစောင့်ရှောက်ပေးခဲ့တာအတွက် အထူးကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မတို့ မြို့လေးကို ရောက်တဲ့အခါလည်း ဝင်ခဲ့ပါရှင်။

**အမြဲသတိရ ခင်မင်နေမယ့်**

**မလွှမ်းပို**

သူ့စာဖတ်ပြီး ကျွန်တော်က ဇာတ်လိုက်လား။ ဇာတ်ရံလားဆိုတာကိုပင် ကိုယ့်ဟာကို မပြောနိုင်တော့ပါ။

ဪ--မလွှမ်းပိုရယ်။

❖ ❖ ❖ ❖ ❖ ❖ ❖

ဝက်တင်ဘာလကုန်တွင် သင်တန်းပြီးဆုံး၍ ဟာ့ခ်တပ်သို့ လေယာဉ်ဖြင့် ရန်ကုန်မှ ပြန်ခဲ့၏။

အပြန်၌ ကျွန်တော်တို့ မိသားစုသုံးဦးသာမက တစ်ခန်းတည်း အတူနေခဲ့သည့် ကို ဟာန်တင်လည်း လိုက်ပါလာ၏။ သူက လှိုင်းဘွဲ့တပ်က။ ဘားအံတွင်ဆင်းပြီး ဘားအံမှ လှိုင်းဘွဲ့ကို ကားဆက်စီးရမည်ဖြစ်သည်။

လေယာဉ်ပေါ်၌ တစ်ခန်းတည်း အတူနေ ရဲဘော်အကြောင်း၊ စပ်မိစပ်ရာ ပြောဖြစ်ကြရာ မဖြစ်မနေ မလွှမ်းပို အကြောင်း ပါလာ၏။ ဘေးမှ မေပါတော၌ တိုးတိုးတိတ်တိတ် ပြောရသည်။ တိုးတိုးတိတ်တိတ်ပြောရသဖြင့် ပြောလို့ ပိုပြီးခံတွင်းတွေ့နေသည်။ မေကတော့ မွေးကင်းစ သူ့သမီးငယ်ဖြင့် အလုပ်များနေရှာ၏။

''ဟေ့လူ- ခင်ဗျားဆရာမကြီးရဲ့ နောက်ဆုံးအခြေအနေရော သိပြီလား။ ခင်ဗျားကို ဟိုလူနှစ်ယောက် ဘာမှမပြောဘူးလား''

''မပြောဘူးဗျ''

''မလွှမ်းပိုက ကိုကျော်ကျော်ကြီးကို သဘောမကျဘူးဗျ၊ ခုနက လှလှချီဆိုပေမယ့် ခပ်တည်တည်ကြီးဆိုတော့ ခံတွင်းတွေ့ပုံမရ

ဘူး။ ပြီးတော့ ဒီလူက သင်တန်းပြီးခါနီးမှ အဆောင်မှူးအိမ် သွားသွားလည်ပြီး အဆောင်မှူးညီမ ဘွဲ့ရခါစလေးနဲ့ အဆင်ပြေသွားတယ်ဗျ။ ယူတောင် ယူတော့မှာတဲ့''

''ဩော် ဟုတ်လား''

''ဟုတ်တယ်၊ ခင်ဗျားဆရာမကြီးကိုတော့ ကိုအေးကိုကပဲ ဆက်ပြီး တက်နိုင်တာလေးတွေ ကူညီနေတာ၊ ကိုအေးကိုက လူပျော်လူသွက်၊ ရုပ်ကလည်း ကောလိပ်ကျင်နေဝင်းလိုလို၊ ညွန့်ဝင်းလိုလို ခပ်ပြောင်ပြောင်ဆိုတော့ မလွှမ်းပိုက ကြွေတယ်ဗျာ''

''အင်းလေ၊ ဖေယျကြီး ဘယ်ကြိုက်မှာလဲ၊ ကောလိပ်ကျင်နေဝင်းတို့၊ ညွန့်ဝင်းတို့ပဲ ကြိုက်တော့မှာပေါ့''

''အဲဒါနဲ့ သင်တန်းပြီးတော့ မလွှမ်းပိုက အဆောင်လာနှုတ်ဆက်ရင်း ငိုသွားသေးတယ်ဗျ၊ ငိုတာတောင် ကိုအေးကို့ကို မက်ငိုသွားတယ်လို့ ကိုကျော်ကျော်က ပြောတာပဲ၊ ကျွန်တော်က အဲဒီတုန်းက အဆောင်မှာ မရှိတော့ဘူး၊ အိမ်ပြန်သွားပြီ၊ ဒါကြောင့် သူတို့နဲ့ မတွေ့လိုက်ရဘူး၊ မလွှမ်းပိုရဲ့ လွှမ်းခန်းကို ကိုယ်တိုင်ကိုယ်ကျ မမြင်လိုက်ရဘူးပေါ့ဗျာ''

''ဩော်''

ကိုဟန်တင်နဲ့ တိုးတိုးတိတ်တိတ် မလွှမ်းပိုအကြောင်း ပြောပြီးချိန်၌ လေယာဉ်က ဘားအံလေဆိပ်သို့ ဆင်းသက်ရောက်ရှိတော့၏။

''ကဲ ကိုသက်ဦးရေ၊ သွားပြီဗျို့''

ကိုဟန်တင်က နှုတ်ဆက်ပြီး ဆင်းချသွား၏။ ဘားအံခရီးသည်အချို့ ဆင်းပြီးသည်နှင့် လေယာဉ်က မော်လမြိုင်သို့ဆက်ထွက်သည်။

မကြာ သူကလေးနှင့်သူ အလုပ်များနေစဉ် ကျွန်တော်က မမေ့သိသည့် မလွှမ်းပိုအကြောင်း စဉ်းစားနေမိ၏။

မလွှမ်းပိုက ဘဝနှင့်ဆန့်အနက် ဆန့်ကို ပိုဦးစားပေးပုံရ၏။ B.O.C တုန်းက ကိုထွန်းသိန်းကြီးကို သူမ လေပေါ်အတော်ကြာအောင် ရင်းနှီးကျွမ်းဝင်ရေး အားထုတ်ခဲ့သည်။ ကိုထွန်းသိန်းကြီး မတိုင်မီကလည်း ကျွန်တော်နှင့်အတူတူ တပ်ထဲဝင်ခဲ့သည့် ဒါးဝယ်မှ မောင်တက္ကသိုလ် ကိုမောင်မောင်သန်းကြီးကိုလည်း ဤနည်းနှင်နှင်ပင် သူမ ချဉ်းကပ်ဖူးသည်ဟု ကြားဖူး၏။ ယခုလည်း ကိုအေးကိုဆီလာပြီး ငိုသွားသေးသတဲ့။

ဩော် . . . မလွှမ်းပိုရယ် ပြစ်မှုပြစ်ရပလေ။

✤ ✤ ✤ ✤ ✤ ✤ ✤

မဂ္ဂဇင်းတိုက်က ပြန်အထွက်တွင်လည်း မလွှမ်းပို မျက်ရည်ဝဲသွားခဲ့သည်ကို ကျွန်တော် မမြင်ချင်ယောင်ဆောင်ခဲ့၏။ မျက်ရည်လွယ်သလား၊ မလွှမ်းပိုရယ်။

မလွှမ်းပိုအကြောင်းကို စဉ်းစားရင်း အဆိုတော် ဗိုင်ရဲ့ မလွှမ်းပိုအမည်ရ သီချင်းလေးကို ပြန်သတိရမိသည်။ ၁၉၈၁ ခုနှစ်က ကျွန်တော်တို့ ကျိုင်းတုံဒေသ စစ်ဆင်ရေးတော့ ဗိုဘော်တိုင်း ပါးစပ်ဖျားမှ ရေပန်းစားခဲ့သည့် သီချင်းဖြစ်၏။ သူတို့ ဆိုလွန်းအားကြီး၍ နားစွဲခဲ့ခြင်းပင်။ အားလုံးတော့ အလွတ်မရပါ။ ရသလောက် တစ်ပိုင်းတစ်စကို ဆိုကြည့်ပါ၏။

**''မလွှမ်းပို မငိုပါနဲ့ကွယ် x x x x**
**မောင်ချစ်ရင် မငိုပါဘူးကွယ် x x x x**
**နေစိမ့်နိုင်သူကြီးရယ် x x x x**
**ဘယ်တော့ ပြန်လာမလဲကွယ် x x x x**
**မောင်ရေ မောင်ရေ x x x x**
**မလွှမ်းပိုလေး လွှမ်းရင်းမျက်ရည်လည်''**

မလွှမ်းပိုရေ ကျွန်တော်တို့တစ်တွေ အသက်တွေကြီးကြပါပြီ၊ အခုအချိန်မှာတော့ သူငယ်ချင်းမကြီး မလွှမ်းပိုကို တစ်ခုသာ ကျွန်တော် ပြောလိုပါသည်။

အဲဒီတစ်ခုကတော့ ဒီသီချင်းလေးထဲကအတိုင်း **''မလွှမ်းပို မငိုနဲ့နော်''** ဆိုတာပါပဲ။

**သောင်းဝေဦး**

## မိုးလေဝသကျွမ်းကျင်သူ



စတိုးဆိုင်ကို ဈေးလာဝယ်တဲ့ လူစိမ်းဒေ့ညွှဲသည်က ဈေးရောင်းနေတဲ့ စာရေးလေးကို နောက်နေ့ မိုးရွာမလားလို့မေးတယ်။

စာရေးလေးက မသိဘူးတဲ့။ အဲဒီအချိန်မှာ လက်တိုလက်တောင်းဆိုင်းတဲ့ အလုပ်သမားတစ်ယောက် ဆိုင်ထဲဝင်လာတယ်။ သူက ချက်ချင်းဖြေလိုက်တယ်။

''မိုးရွာလိမ့်မယ်၊ မိုးသည်းမယ်''တဲ့ သူပြောသလိုပဲ နောက်တစ်နေ့ မိုးသည်းသည်းမဲမဲရွာတယ်။

နောက်နှစ်ရက်လောက်နေတော့ ကိုလူစိမ်းက စတိုးဆိုင်မှာ ပစ္စည်းဝယ်ရင်း မေးပြန်တယ်။ ဒီတစ်ခါလည်း ဟို မိုးလေဝသကျွမ်းကျင်သူက ''ဒီတစ်ကြိမ် မိုး မရွာဘူး၊ နေသာမယ်''လို့ ခန့်မှန်းပေးလိုက်တယ်။ သူပြောတဲ့အတိုင်း မှန်ပြန်တယ်။

နောက်တစ်ကြိမ် ကိုဒေ့ညွှဲသည်က စတိုးဆိုင် တစ်ခေါက်ရောက်ပြီး မိုးလေဝသ ခန့်မှန်းဖိုင်းတဲ့အခါမှာ အဲဒီအလုပ်သမားက ''ဒီကနေ့မနက်ပိုင်း ကျွဲ ရေဒီယို နားမထောင်လိုက်မိဘူး''တဲ့။ ✦



**မောင်သီဟ**





# အသည်းရောဂါအကြောင်း တစေ့တစောင်း

လွင်မိုးဟန်(DIO)



စာရေးသူ သူငယ်ချင်းတစ်ယောက်မှာ အသည်းကြီးအဆီဖုံးရာမှ အသည်းကင်ဆာ ဖြစ်နေပြီဟု သိလိုက်ရသည်။ ထို့ကြောင့် စိတ်မကောင်းဖြစ်မိသည်။

ပြီးခဲ့သည့် တစ်လကျော်က စာရေးသူ၏ ဆရာမတစ်ဦးဖြစ်သည့် စာရေးဆရာမ မဟာသ်ာ(သချာ)သည်လည်း အသည်းရောဂါနှင့် ဆုံးပါးသွားခဲ့ကြောင်းသိရ၍ စိတ်ထိခိုက်ခဲ့ရသည်။

ဘယ်နေရာသွားသွား ထိုအသည်းရောဂါနှင့်ပတ်သက်၍ မကြားချင်လောက်အောင် ဆိုးဝါးသည့် ''မရဏာရောဂါကြီးလား''ဟု တွေးတောခံစားမိကာ ထိုရောဂါအကြောင်းကို ဗဟုသုတရှိဖို့ လိုအပ်သည်ဟု ယုံကြည်သည့်အတွက် ဤဆောင်းပါးကို ရေးသားခြင်း ဖြစ်ပါသည်။

လောကၣ် လူတို့၏ ပယောဂကြောင့် နွေ၊ မိုး၊ ဆောင်းဟူသော သဘာဝ အလျောက် လည်ပတ်နေသည့် ရာသီဥတုသည် တဖြည်းဖြည်း ပျက်စီးယိုယွင်းလာကြသည်။ နွေသည် ပို၍ပူပြင်းခြောက်သွေ့သည်။ ဆောင်းတွင်း လုံးဝမအေး၊ မိုးတွင်း ရေကြီးသည့်အန္တရာယ်များနှင့် တစ်စတစ်စကြုံတွေ့လာရပေသည်။

ထို့အတူ ပထဝီဟုသည့် မြေဓာတ်သည်လည်း ပျက်စီးလာပေသည်။ ထိုပျက်စီးလာသည့် မဟာပထဝီမြေကြီးပေါ်တွင် လူသားများအသက်ရှင်နေထိုင်ရေးအတွက်သဘာဝမဟုတ်သော ဓာတ်မြေဩဇာများကို သုံးစွဲကာ သီးပင်စားပင်များ စိုက်ပျိုးလာရသည်။ သီးပင် စားပင် ဖြစ်ထွန်းလာပါကလည်း တစ်ဖန် မြားမြောင်လှသော ပိုးမွှားများက အပင်ကို အန္တရာယ်ပြုလာသည်။ လူသားများကလည်း ပိုးမွှားများအန္တရာယ်ကို ကာကွယ်ရန် ပိုးသတ်ဆေးဖြန်းရသည်။ ရရှိလာသော သီးပင်စားပင်များအား ဓာတ်ကြွင်းအန္တရာယ်ရှိနေသည်မှာ အမှန်ပင်။

ဤသည်ကား လူသားများအတွက် အသည်းရောဂါဖြစ်စေနိုင်ရန် အစဟုထင်မိသည်။ လောက၌ လူတို့၏ ပယောဂကြောင့် မူးယစ်ဆေးဝါး၊ ဘိန်းဘင်း၊ အရက်မျိုးစုံ၊ လောင်းကစား၊ ပျော်ပွဲမျိုးစုံနှင့် ကိုယ်ကျင့်တရား ပျက်ပြားသူများ၊ အပျော်အပါးလိုက်စားကာ မိုက်မဲစွာပြုကျင့်သူများမှာ ''ပိုးကူးစက်တတ်ပြီး အသည်းရောဂါမျိုးစုံ ခံစားရလေ့ရှိသည်။

လောက၌ လူတို့၏ ပယောဂကြောင့် စားသောက်ကုန်များတွင် ဆိုးဆေး၊ ဓာတ်ဆေးများ ရောနှောကြခြင်းကြောင့် လူသားများ၊ အန္တရာယ်ကြုံတွေ့ကာ အသည်းကို ထိခိုက်လာပြန်သည်။ ၎င်းဖြစ်စဉ်များနှင့် ကြုံကြိုက်ကာ အသည်းရောဂါဖြစ်လာရသော ဝေဒနာရှင်များသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကို အခြေခံကာ လွန်ယှက်လွဲများနေသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်ကြီးလေးပါးကိုပြုပြင်တတ်ဖို့လိုပါသည်။

ယခုအခါ သီးပင်စားပင်များတွင်လည်း မြေဆီကြွခြင်း၊ ပိုးသတ်ဆေးဖြန်းခြင်း၊ အပင်အားဆေး၊ အသီးအားဆေး၊ အရွက်အားဆေးဟူ၍ ဓာတုဆေးများသုံးစွဲကာ ကြီးပြင်းထွားကျိုင်းကြရသည်။ ထိုအရာများကို ပြည်သူလူထု စားသုံးနေကြရသည်။

ထို့ပြင် မိုးရာသီ၌ ဌာနဆိုင်ရာများမှ တောင်သူလယ်သမားများအား စည်းရုံးလှုံ့ဆော်ကာ စပါးစိုက်ခင်းများအတွင်းသို့ ငါး၊ စပါးဟူ၍ ငါးလွှတ်ပွဲများ ကျင်းပကြသည်။ သို့သော် စာရေးသူတို့မစားဝံ့ပေ။ အကြောင်းမှာ စပါးစိုက်ရာတွင် မြေဆီလောင်းရသည်။ ဒုတိယအနေဖြင့် ဆေးဖြန်းရသည်။ ၎င်းမြေဆီနှင့် လိုသလိုသုံးစွဲရသော ပိုးသတ်ဆေးများအကြားတွင် ရှင်သန်ပေါက်ဖွားလာရသော ငါးများမှာ မည်သို့ပင် ကြီးထွားနေပါစေ၊ သာမန်အရောင်အဆင်း၊ သာမန်အရသာ လုံးဝမရှိတော့ဘဲ ဓာတုဆေးဝါးများ ကိန်းအောင်းနေသော သက်ရှိအဆိပ်ကောင်များဟု တွေးမိသည်။

လူသားအားလုံးတို့တွင် အသည်း၏ လုပ်ဆောင်ချက်မှာ အများဆုံးဖြစ်သည်။ လူသားများ၏ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာများ တိုးတက်ထွန်းကားလာမှုကြောင့် လူသားတို့၏ အသည်း၊ နှလုံး၊ အဆုတ်တို့မှာ ညစ်ညမ်း၍ ရောင်ရမ်းကြီးထွားလာကြသည်ကို သုတေသနစစ်တမ်းများအရ တွေ့ရှိနေရသည်ဟု လေ့လာမှတ်သားခဲ့ဖူးသည်။

''အရင်းစစ်တော့ အမြစ်မြေကြီး'' ဆိုသကဲ့သို့ စက်မှုအတတ်ပညာများ တိုးတက်လာသည်နှင့်အမျှ လူသားတို့၏ ဘဝနေထိုင်မှုအဆင့်အတန်း မြင့်မားလာလေလေ ကမ္ဘာ့လေထုညစ်ညစ်ပြီး အကျည်းတန်လာလေ ဖြစ်သည်။

စာရေးသူတို့ မလွှဲမသွေ ရင်ဆိုင်နေရသည်က Air Pollu ion ဟုခေါ်သော လေထုညစ်ညမ်းမှုပင်ဖြစ်သည်။ လေထုညစ်ညမ်းမှုကို အသွင်အမျိုးမျိုးဖြင့် စက်ရုံ၊ အလုပ်ရုံနှင့် မော်တော်ကားများမှ ထုတ်လွှတ်သော မီးခိုးတန်း၊ မီးခိုးငွေ့၊ အမှိုက်မီးရှို့၊ တောင်ယာခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောက်မီးသွေးနှင့် ဓာတ်သတ္တုတူးဖော်ရေးတို့မှ ထွက်ရှိပျံ့လွင့်လာသော အခိုးအငွေ့များကို ရှူရှိုက်ရင်းမှ အဆုတ်၊ နှလုံး၊ အသည်းတို့ အဆိပ်သင့်ကြရသည်။ မြန်မာနိုင်ငံတွင် အသည်းနှင့်ပတ်သက်သော အသည်းကင်ဆာတို့မှာ ဖြစ်ပွားသူ အတော်လေးပေါ်များ၏။ အသည်းရောင်အသားဝါရောဂါကို ဖြစ်ပွားစေသော ဗိုင်းရပ်(စ်)သည် အမျိုးကွဲ ၅ မျိုးရှိ၏။ အမျိုးကွဲ တစ်ခုနှင့်တစ်ခုသည် များစွာခြားနား၏။

ဥပမာ 'အေ'အမျိုးအစားသည် ကူးစက်လွယ်ကူသလောက် ခေတ္တခဏမျှသာ ဒုက္ခပေး၏။ ဆေးကုသမှု မလိုအပ်ဘဲ အနားယူလိုက်ရုံဖြင့် ရောဂါမှာ ပျောက်ကင်းတတ်သည်။ နောက်ဆက်တွဲပြဿနာ မရှိနိုင်ပါ။ 'ဘီ'အမျိုးအစားသည် ထိုသို့မဟုတ်။ AIDS ရောဂါ ကူးစက်ပုံကူးစက်နည်းနှင့် အတော်လေးဆင်တူသည်။ ဖိုမဆက်ဆံရာမှလည်း ကူးစက်တတ်သလို မိခင်မှ ကလေးဆီသို့လည်း ကူးစက်လေ့ရှိ၏။ ထို့နောက် အသည်းကြွစ်နာရောဂါသည်လည်း ကင်ဆာ ရောဂါတို့ကို ဖြစ်စေတတ်သည်။ အသည်းရောင်အသားဝါသည် ကိုယ်ဝန်ဆောင် အမျိုးသမီးတို့တွင် ဖြစ်ပွားပြီဆိုပါက အဖိတ်အစင်အတော်များများ ဖြစ်တတ်သည်။

**လူတို့၏ ပယောဂကြောင့် စားသောက်ကုန်များတွင် ဆိုးဆေး၊ ဓာတ်ဆေးများ ရောနှောကြခြင်းကြောင့် လူသားများ အန္တရာယ်ကြုံတွေ့ကာ အသည်းကို ထိခိုက်လာပြန်သည်။**

အသည်းကြောင့် ဖြစ်ပေါ်လာသော ရောဂါလက္ခဏာများမှာ ဆယ့်နှစ်မျိုးခန့် တူညီနေတတ်ကြသည်။ ယင်းတို့မှာ ပန်ကရိယ၊ အစာအိမ်(သို့) အူသိမ်အူမတို့တွင် ဖြစ်သော ရောဂါ၊ သည်းခြေ၌ဖြစ်သော ရောဂါတို့နှင့် ဆက်နွယ်သောရောဂါ စသည်တို့ဖြစ်သည်။ ရောဂါဖြစ်စတွင် ဖြစ်လာသည့် လက္ခဏာများမှာ မသဲကွဲလှပေ။ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ်ဓာတ်ပြားခြင်း၊ အော်ဂလီဆန်ခြင်းများ ဖြစ်လေ့ရှိသည်။ အချို့ ကပ်ပါးပိုးကြောင့်လည်း အသည်း



ရောဂါ ရရှိတတ်သည်။ အရေးကြီးသော ရောဂါတစ်ခုမှာ အမီးဘားခေါ် ဝမ်းကိုက် ရောဂါဖြစ်စေသော ကပ်ပါးပိုးကြောင့် အသည်းရောဂါကိုလည်း ဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံတွင် အမီးဘား ဝမ်းကိုက်ရောဂါ သည် အဖြစ်များသည့် ရောဂါတစ်မျိုးဖြစ်သည်။ ယင်းရောဂါဖြစ်စေသော ဝေဒနာရှင် များမှာ ရောဂါကို ဆုံးခန်းတိုင်မကုသပါက ဝမ်းကိုက်ပိုးကြောင့် အသည်းတွင် ပြည် တည်လာနိုင်သည်။ ထိုသို့ ပြည်တည်လာပါ က လူနာ၏အသည်းသည် ကြီးလာပြီး ညာ ဘက်နံစောင်း နေအောင့်လာတတ်သည်။ ထိုအခါ အပူချိန်လည်း တက်လာသည်။ ထို ရောဂါကို လုံးဝပျောက်ကင်းအောင် ဆေး ပတ်လည်သည်အထိ မကုသပါက အသည်း ထဲမှ ပြည်တည်နာပေါက်၍ အဆုတ်၊ နှလုံး အစရှိသော အခြားအင်္ဂါအစိတ်အပိုင်းများကို ရောက်သွားခြင်းကြောင့် အသက်ကို အန္တရာယ်ဖြစ်စေနိုင်ပါသည်။

ငှက်ဖျားပိုးကြောင့်လည်း အသည်း ရောဂါရရှိနိုင်သည်။ ငှက်ဖျားပိုးများ ခန္ဓာ ကိုယ်ထဲသို့ ဝင်ရောက်လာသောအခါ ပထမ ဦးဆုံး တိုက်ခိုက်ခံရသော ကိုယ်အင်္ဂါအစိတ် အပိုင်းသည် အသည်းဖြစ်ပြီး အသည်းရောဂါ သည် အဓိက နှစ်မျိုးနှစ်စားရှိသည်။ ပထမ အမျိုးအစားမှာ ဘက်တီးရီးယားပိုးများ သွေးထဲသို့ရောက်ပြီး အပြင်းအထန်ပွားရာမှ ကိုယ်ခန္ဓာအတွင်းရှိ အင်္ဂါအစိတ်အပိုင်းများ အစုလိုက်အပြုံလိုက် ရောင်ပြီး အသည်း၌ လည်း ပြည်တည်၍ ရောဂါခြင်းဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ပိုအရေးကြီး၏ ဘက် တီးရီးယားပိုးသည် သည်းခြေပြွန်များနှင့် အသည်းဆဲလ်များသို့ရောက်ပြီး ယင်းအင်္ဂါ အစိတ်အပိုင်းများ ရောင်ရာမှ ဘက်တီးရီး ယား အသည်းရောင်ရောဂါ ရရှိခြင်းဖြစ် သည်။ ဤရောဂါရှင် အမျိုးအစားသည် သည်းခြေပြွန်လမ်းကြောင်းတစ်လျှောက်တွင် ကျောက်တည်သော ရောဂါရှင်များအဖြစ် မကြာခဏဖြစ်ပွားတတ်ပြီး အချို့သော ရောဂါရှင်များသည် လက်ပရိုစပိုင်းရားပိုး ကြောင့်ရသော အသည်းရောဂါများလည်း ရရှိသည်။ ထိုပိုးသည် ဘက်တီးရီးယား မဟုတ်ဘဲ ဘက်တီးရီးယားထက်ကြီး၏ ရွံ့ များထဲ၌ရှိသော ယင်းပိုးကြောင့် အဆင် မသင့်ပါက ရွံ့နှင့်အလုပ်လုပ်ရသော လယ် သမားကြီးများ ယင်းပိုးမှတစ်ဆင့် အသည်း ရောဂါရနိုင်သည်။ လက်ပရိုစပိုင်းယားပိုးတို့ သည် ခွေး၊ ဝက်၊ ကြွက်၊ ငှက်စသော တိရစ္ဆာန်တို့၏ သွေးထဲတွင် ရှိနေ၏။ ယင်းတိရစ္ဆာန်များ ဆီးသွားပါက လက်ပရို စပိုင်းယားပိုးများသည် လူ၏အသားကို ဖောက်ကာ ကိုယ်ခန္ဓာထဲသို့ ရောက်လာရာ မှ ရောဂါဖြစ်လာတတ်သည်။ ထိုပိုးကြောင့် ရောဂါရရှိပါက အပူချိန်မြင့်တက်လာသည်။ ဖြန်းခနဲ အဖျားတက်မည်။ ချမ်းတုန်ခြင်းများ ဖြစ်လာမည်။ ခန္ဓာကိုယ်၏ အစိတ်အပိုင်း တို့မှ သွေးယိုစိမ့်မှုများလည်း ဖြစ်လာ၏။ အထင်ရှားဆုံးမှာ ရောဂါသည်၏ မျက်လုံး အိမ်အဖြူ၌ ထိခိုက်၍ နှလုံးရောင်လာ၏။ အသည်းထိခိုက်ခံရသူများမှာ အသားပါ ဝါလာပြီး အသက်အန္တရာယ်ဖြစ်နိုင်သည်။ ထိုရောဂါနှင့် ပတ်သက်၍ ကံကောင်းသည် မှာ လက်ပရိုစပိုင်းယားပိုးများကို ပနစ်စ လင်၊ တက်ထရာဆိုက်ကလင်း စသော ပိုး သတ်ဆေးများနှင့် သုတ်သင်နိုင်ကြောင်း သိ ရသည်။

**ယခင်ကဆိုလျှင် ဗိုင်းရပ်(စ်)အေဘီ နှင့် အေလည်းမဟုတ်၊ ဘီလည်းမဟုတ် သော အမျိုးကွဲသုံးမျိုးရှိသည်ဟု ဆိုခဲ့ကြ သည်။** အေအိုင်ဒီအက်(စ်)ရောဂါလောက် မဆိုးသော်လည်း ဒုတိယ အေအိုင်ဒီ အက်(စ်)ရောဂါဟု ဆိုရလောက်အောင် လူ သားတို့အား ဒုက္ခပေးလျက်ရှိသည်။ ထို ရောဂါကြောင့် အသည်းကြွပ်နာ၊ အသည်း ကင်ဆာရောဂါ ထပ်ဆင့်ခံစားရတတ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် အသည်း ကင်ဆာဖြစ်ပွားမှုနှုန်း အလွန်မြင့်မားနေသည်။ အသည်းရောဂါကို ဖြစ်စေနိုင်သော ဗိုင်းရပ်(စ်) အမျိုးပေါင်း (၅)မျိုးရှိသည်ဟု သိရသည်။ ယင်းတို့မှာ-

၁။ A အမျိုးအစား (ဗိုင်းရပ်(စ်) ရောဂါပိုး)
၂။ B အမျိုးအစား (ဗိုင်းရပ်(စ်) ရောဂါပိုး)
၃။ C အမျိုးအစား (ဗိုင်းရပ်(စ်)ပိုး)
၄။ D အမျိုးအစား(အယ်လ်တာဗိုင်းရပ်(စ်)ပိုး)
၅။ E အမျိုးအစား (ဗိုင်းရပ်(စ်)ရောဂါပိုး)တို့ ဖြစ်သည်။

ဗိုင်းရပ်(စ်)ကြောင့်ဖြစ်သော အသည်း ရောဂါများကို လူနာ၏သွေးအား စစ်ကြည့် ခြင်းဖြင့် သိရှိနိုင်သည်။ အသည်းရောဂါရှိနေ သောသူသည် ပထမတွင် အစားအသောက် ပျက်တတ်ပြီး၊ လေးငါးရက်ခန့် ကြာသော အခါ ညာဘက်နံရိုးအောက် အသည်းရှိရာ နေရာက အောင့်သည်။ ထိုနေရာကို ထိ လိုက်သောအခါ(သို့) လှုပ်ရှားသောအခါ ပို၍ အောင့်သလို၊ ထိုသို့ ပို၍အောင့်ရာမှ အသား ဝါလာတတ်ပြီး အသားဝါလာသောအခါ အဖျားလည်းပြန်ကျသွားတတ်သည်။ အစား အသောက်ပျက်၍ ပျို့တတ်၊ အန်တတ်ကာ အားနည်းပြီး နေရင်းထိုင်ရင်း မောနေတတ် သည်။

အချို့သူများသည် ဝမ်းအနည်းငယ် ပျက်တတ်ပြီး အထူးသဖြင့် ကလေးများ

သည့် အနံခြင်း၊ ဝမ်းပျက်ခြင်း၊ ဗိုက်နာခြင်းတို့ ဖြစ်တတ်သည်။ အသည်းရောဂါသည် တစ်ခါတစ်ရံ အစာမကြေ၊ လေပွ၊ ဝမ်းပျက်ရောဂါများနှင့် မှားတတ်သည်။ အသားဝါသည့် လက္ခဏာစတင်ပြပြီး တနင်္ဂနွေ တစ်ပတ်အကြာတွင် အဝါရောင်တက်လာသည်။ အသည်းရောင်အသားဝါသည် သုံးပတ်ခန့် ကြာမြင့်သည်။ ရောဂါဖြစ်၍ နာခြင်း၊ အောင့်ခြင်းသည် တနင်္ဂနွေနှစ်ပတ်ဆိုက ပျောက်သွားတတ်သော်လည်း အချို့လူနာများတွင် အသားဝါခြင်းသည် သုံးလမှ လေးလအထိ မပျောက်ဘဲရှိနေတတ်သည်။ ရောဂါလက္ခဏာ ဖြစ်ပေါ်ခြင်းသည် ရောဂါဖြစ်ရသည့် ဗိုင်းရပ်(စ်)ပေါ်တွင် မူတည်သည်။ ဗိုင်းရပ်(စ်) B ပိုးကြောင့်ဖြစ်လျှင် (၁) အဆစ်နာခြင်း၊ (၂) ကိုယ်ခန္ဓာတွင် အနီစက်ကလေးများ ပေါ်လာခြင်း ဖြစ်တတ်ပြီး အသားဝါမှုပိုများပါက ခန္ဓာကိုယ်တွင် ယားယံလာလေ့ရှိသည်။ အသည်းရောဂါဖြစ်၍ အသားဝါလာခြင်းမှာ သွေးထဲ၌ ရှိသော ဘီလီယူဘင်ဓာတ်သည် ရှိသည်ထက် များနေသောကြောင့်ဖြစ်သည်။ ဤရောဂါ ကူးစက်ခံရသောသူသည် ရင်ညွန့်ထဲမှ အောင့်သလိုလို၊ နာသလိုလိုခံစားရပြီး အသည်းရောင်အသားဝါရာမှ တစ်လ နှစ်လ လောက်တွင် အလိုလိုပြန်ကောင်းသွားသော်လည်း လူမှာ နုံးချည့်ပြီးကျန်နေတတ်သည်။ ယင်းသို့ဖြစ်ရင်း ရောဂါသည် ခန္ဓာကိုယ်တွင်း၌ ဆယ်နှစ်၊ အနှစ် နှစ်ဆယ်မှ ငုံလျှိုးနေပြီး တစ်ချိန်တွင် အသည်းကြွပ်နာ (ရေဖျဉ်းစွဲနာ) (သို့) အသည်းကင်ဆာရောဂါ ထပ်မံခံစားရသည်။ ထိုရောဂါ ပေါ်ပေါက်လာပါက ဝေဒနာရှင်၏အလားအလာသည် မကောင်းတော့ပေ။

ယနေ့ ကမ္ဘာတွင် အသည်းရောင်အသားဝါ၊ အသည်းအဆီဖုံး၊ အသည်းခြောက်၊ အသည်းကြွပ်၊ အသည်းကင်ဆာ ရောဂါဖြစ်နေသူတို့မှာ တရုတ်၊ ထိုင်ဝမ်၊ မြန်မာ စသည့် အရှေ့တောင်အာရှနိုင်ငံများတွင် နေထိုင်ကြသည်။ ထို့ကြောင့် ဤဒေသတွင် အသည်းကင်ဆာရောဂါ ဖြစ်ပွားသူများ လွန်စွာပေါ်များလျက်ရှိသည်။ သို့သော် ထိုရောဂါကို ကာကွယ်လိုပါက ယခုပေါ်ပေါက်နေသော ကာကွယ်ဆေးဖြင့် ကာကွယ်ပေးမည်ဆိုလျှင် လူတို့ အသက်အန္တရာယ် လျှော့ချနိုင်ဖွယ်ရာရှိသည်။



တကယ်တမ်း ကူးစက်တတ်သောနည်းများက ဖိုမဆက်ဆံခြင်း၊ ဆေးထိုးအပ်မှ ကူးစက်ခြင်းတို့အပြင် သွားပွတ်တံ တစ်ချောင်းတည်း အတူသုံးစွဲခြင်းနှင့် တုတ်ထိုး၊ ဓားထိုးဒဏ်ရာများကို ကိုင်တွယ်ရသူများတွင် ပို၍ကူးစက်လွယ်သည်။ ယင်းရောဂါကိုခံစားပြီးသည့်သူသည် ရင်အတိုင်းထားလျှင် အသည်းကင်ဆာရောဂါ ဖြစ်နိုင်သည်။

အသည်းရောင်ရောဂါ၊ အသည်းကြွပ် ရေဖျဉ်းစွဲရောဂါ၊ အသည်းကင်ဆာရောဂါကို သုံးမျိုးမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။ အသည်းကြွပ်နာ လက္ခဏာအနေဖြင့် အသည်းသည် ချောမွေ့နေရာမှ အဖုအထစ်များဖြစ်လာပြီး သေးငယ်ကျုံ့ဝင်သွားသည်။ ထိုသို့ကျုံ့ဝင်သေးငယ်ရာမှ အသည်းအတွင်းရှိ သွေးကြောများမှာလည်း ပိတ်သွားသည်။ သွေးကြောများ ပိတ်သွားသဖြင့် သွေးများသည်လည်း အခြားသွေးကြောများမှ စီးထွင်းရသဖြင့် သွေးကြောများပွလာပြီး လည်ချောင်းမှ ဆင်းသက်လာသည့် အစာမြွန်နှင့် အစာအိမ်ထိပ်ဝ၌ သွေးကြောအထုံးများ ဖြစ်ပေါ်လာသည်။ ထို သွေးကြောအထုံးများသည် အချိန်မရွေး သွေးကြောပေါက်ကာ သွေးအန်တတ်သည်။ ထို သွေးအန်ခြင်းဖြစ်ပေါ်ပါက သွေးဝမ်းအမည်းများသွားခြင်းသည်လည်း ဖြစ်တတ်သည်။ အသည်းကြွပ်နာဖြစ်လျှင် လက်ဖဝါးများ နီရဲလာပြီး ကိုယ်ခန္ဓာအပေါ်ပိုင်း၌ သွေးကြောများပွလာကာ ပင့်ကူအိမ်သဏ္ဌာန် အနီစက်ကလေးများဖြစ်လာခြင်း၊ နို့အုံသီးများ ကြီးလာခြင်း၊ အင်္ဂါဇာတ်များ ကျုံ့ဝင်သွားခြင်း၊ ထိခိုက်မိပါက အရေပြားအောက်တွင် သွေးခြည်ဥနေခြင်း၊ ဗိုက်ထဲ၌ ရေဖျဉ်းဖြစ်လာပြီး ခေါင်းမကြည်၊ စိတ်မရှည် ဖြစ်



လာခြင်း၊ သတိလစ်ခြင်းများအထိ ဖြစ်ပွားနိုင်ပါသည်။

ရေဖျဉ်းဖြစ်လာရခြင်းအကြောင်းမှာ အသည်းကြွပ်နာဖြစ်လာသော် အသည်းသည် ကျုံ့ဝင်လာသဖြင့် သွေးသည် အသည်းကို ဖြတ်၍ စီးနေကျအတိုင်း မစီးနိုင်တော့ဘဲ ယင်းသွေးများကြောင့် အူနှင့် အစာအိမ်သွေးများ ပိုလာပြီး ဖိအားများလာသည်။ တစ်ချိန်တည်းမှာပင် အသည်းကြွပ်နာဖြစ်နေသော အသည်းသည် ပုံမှန်လုပ်နေကျဖြစ်သော အယ်ဘူမင်ပရိုတိန်း ထုတ်လုပ်မှုကို မထုတ်နိုင်ဘဲ ဖြစ်လာသည်။ ယင်း၏ အာနိသင်မှာ အရည်များကို စုပ်ယူထိန်းသိမ်းထားနိုင်သော သတ္တိရှိသည်။ ထို့ကြောင့် အူနှင့် အစာအိမ် သွေးကြောများတွင် အသည်းမှာ ကျုံ့နေ၍ ရှေ့ဆက်မသွားနိုင်သော သွေးများကြောင့် ဖိအားကလည်းများ၊ ယင်းသွေးများကို စုပ်ယူထိန်းသိမ်းထားနိုင်သော အယ်ဘူမင်ပရို တိန်းထုတ်လုပ်မှုကလည်း ပုံမှန်အတိုင်း မရှိတော့သဖြင့် အူနှင့်အစာအိမ်ထဲမှ အရည် များသည် အပြင်သို့ထွက်ကုန်ပြီး ဗိုက်ထဲသို့ ရေများရောက်လာသည်။ ထိုအခါ ဗိုက်သည် ရေများပြည့်ဖောင်းလာခြင်းကြောင့် ရေဖျဉ်းရောဂါ ရလာခြင်းဖြစ်သည်။ ထို့ကြောင့် လူတို့သည် အသက်လေးဆယ်ကျော်လာသောအချိန်တွင် အာလ်ထရာဆောင်းရိုက်ခြင်း၊ အသည်းတွင် ကင်ဆာရှိ မရှိကို ခေတ်မီ တိုင်းတာသော နည်းများဖြင့် ခြောက်လ တစ်ကြိမ် စစ်ဆေးပေးသင့်သည်။

ထို့ကြောင့် အသည်းရောဂါသည် လူသားအားလုံးကို ခြိမ်းခြောက်နေသော ကြောက်ခမန်းလိလိ ရောဂါဆိုးကြီးဖြစ်နေပြီး ယင်းရောဂါမှ လွတ်ကင်းချမ်းသာစေရန် ဗဟုသုတအဖြစ် ရေးသားတင်ပြအပ်ပါသည်။

**လွင်မိုးဟန်(DIO)**

## ကိုယ်ချင်းစာစိတ်ထားပါ



တစ်ခါက ဟိုးရေ့စ်မန်း(Harace Mann) ဟာ လူငယ်များ စာရိတ္တပြုပြင်ရေးဂေဟာသို့ အဆောက်အဦတစ်ခု လွှဲပြောင်းပေးအပ်တဲ့ အခမ်းအနားမှာ စကားပြောဖို့ဖြစ်တယ်။ အဲဒီအဆောက်အဦက ဒေါ်လာများစွာ အကုန်အကျခံ တည်ဆောက်ထားတာ ဖြစ်ပါတယ်။

"ဒီအဆောက်အဦကြောင့် လူငယ်တစ်ယောက်ကို လူကောင်းတစ်ယောက် ဖြစ်လာအောင် ပျိုးထောင်ပေးနိုင်တယ်ဆိုရင် ငွေကုန်ခံရကျိုး နပ်ပါတယ်"

"ဒေါက်တာမန်းခင်ဗျာ" ပရိသတ်ထဲက တစ်ယောက်ကထပြီး မေးမြန်းတယ်။

"လူငယ်တစ်ယောက်အတွက် ဒီလောက် ငွေအများကြီး သုံးစွဲသင့်တယ်လို့ ဆရာ ယူဆပါလား"

"ဟုတ်ကဲ့! အကယ်၍ အဲဒီတစ်ယောက်ဟာ ကျွန်တော့်ကလေးပဲဖြစ်ဖြစ်၊ ခင်ဗျားကလေးပဲဖြစ်ဖြစ်လို့ စဉ်းစားခဲ့ရင်ပေါ့ဗျာ"

လို့ ဒေါက်တာမန်းက အဖြေပေးလိုက်ပါတယ်"

**မောင်သီဟ**

# City CARTOON



# City CARTOON





# ခြေချစရာ
# နေရာတစ်နေရာဆီသို့

ယော်နု(နေရဥ္စာ)

သဘာဝနိယာမတရားတွေ ဆိုတဲ့အထဲမှာ ဆော်လမွန်ငါးတွေအကြောင်း ပြောရမှာလား။ သိုးတွေအကြောင်း ပြောရမှာလား။ အောက်ချင်း ငှက်ဖို ငှက်မအကြောင်း ပြောရမှာလား။ ပြောစရာတွေ များခဲ့ပါတယ်။

ပြောစကားမှာ ရည်ရွယ်ချက်ရှိနေမယ်ဆိုရင် အဲဒီတစ်ခုတည်းသော ရည်ရွယ်ချက်က စိတ်ဆန္ဒတွေကို ဘယ်လိုထိန်းချုပ်သင့်သလဲဆိုတဲ့ မေးခွန်းကို ဝင်ရောက်ပြီး မေးလိုခြင်းဖြစ်ပါတယ်။

အောက်ချင်းငှက်တွေက ငှက်ဖိုငှက်မ နှစ်ကောင်တွဲနေပြီး အစာရှာတယ်။ အိပ်တန်း တက်တယ်ပေါ့။ တစ်ကောင်မရှိတော့ဘူးဆိုရင် ကျန်တဲ့တစ်ကောင်က မိုးကောင်းကင်အမြင့်ဆုံးအထိ ထောင်မတ်ပျံသန်းသွားပြီး ဦးစိုက်ထိုးချပြီး မြေပြင်မှာ ခေါင်းစိုက် သေပွဲဝင်ကြရတယ်လို့ဆိုတယ်။ အတူတူနေရမှ ဖြစ်မယ်ဆိုတဲ့ သဘာဝစိတ်အတိုင်း ဖြစ်နေတာတွေ့နေရပါတယ်။

သိုးတွေကတော့ ရှေ့ဆုံးက သွားတဲ့ သိုးရှိရာ နောက်ကလိုက်တဲ့ သိုးတွေက အစဉ်တစိုက် လိုက်တတ်ကြတဲ့ သဘာဝရှိတယ်တဲ့။ ရှေ့ဆုံးက



# ဖြစ်မှုသဘော၊ ပျက်မှုသဘော၊ အသက်နဲ့ ခန္ဓာဟာ မမြဲဘူးလို့ ရဲရဲသိမြင် ရင်ဆိုင်နိုင်မှာ၊ ဘဝကူးကောင်းနိုင်မှာ...





သိုးကို ခေါင်းဖြတ်လိုက်လို့ နောက်ကလိုက်တဲ့သိုးက ထွက်ပြေးသလားဆိုတော့ မပြေးဘူးတဲ့။ ခေါင်းထိုးပေးရှာတယ်တဲ့။ ဘာကြောင့်လဲ မသိနိုင်ပေမယ့် အဲဒီသဘာဝဖြစ်နေမှုကိုတော့ မျက်မြင်ဒိဋ္ဌ တွေ့နေရပါတယ်။

ဆော်လမွန်ငါးတွေကျတော့ ဥပေါက်တဲ့ရာသီမှာ ရေချိုရှိရာ သူတို့နေရပ်ရှိရာကို ရေဆန်လမ်းကိုဖြတ်ပြီး မရောက်ရောက်အောင် လာကြတယ်တဲ့။ လမ်းတစ်လျှောက်သေကြေပျောက်ကြပေါ့။ ဒေသရောက်လို့ ဥပေါက်တော့မယ်ဆိုရင် ကိုယ်လုံးတွေက ရဲရဲနီပြီးသွားတယ်။ ဥပေါက်ဖို့ နေရာရှာတယ်၊ ဥ ဥကြရှာတယ်။ ရောက်ရာနေရာမှာ ရေချိုရှိရာကိုရှာပြီးပဲ ဥပေါက်ပါတော့လား။ မဟုတ်ဘူး။ ဥပေါက်တဲ့ဒေသကို ရေဆန်လမ်း ပြန်လာပြီးမှ ဥပေါက်တယ်။ အဲဒီလို ထူးခြားတဲ့ သဘာဝတွေနဲ့ အသိဉာဏ်နည်းပါးတဲ့ တိရိစ္ဆာန်ပင်ဖြစ်ပေမယ့် ပြောစမှတ်ဖြစ်စရာ သာဓကတွေရှိကြတယ်ဆိုတာ ဆယ်မှုးစဥ်းစားမွှယ်ရာတွေနဲ့အတူ မှတ်မှတ်သားသား ရှိခဲ့ကြပါတယ်။

တကယ်တော့ သူတို့သဘာဝဟာ သူတို့ ရပ်တည်ရာနေရာကို ဗီလိုနည်းတွေနဲ့ ရင်ဆိုင်တယ်၊ ဖြတ်သန်းတယ်၊ ရှာတယ်လို့ဆိုပြီး တခြားတွေးထောင့်ကနေပြီး ကြည့်လို့ရနိုင်မယ်ထင်ပါတယ်။ ထို့အတူပဲ လူ့သဘာဝ၊ လူ့စိတ်တွေကိုလည်း နီးရာ၊ စပ်ရာအနေနဲ့ တွေ့ထိတာများကို အမှတ်မထင် တွေ့မြင်သိရှိလာရတာလည်း ရှိပါသေးတယ်။

ဥပမာ- စာအုပ်တစ်အုပ်ထဲမှာ မီးလောင်ခံရတဲ့ အိမ်ရှင်ဖြစ်တဲ့ မိခင်ကို သားဖြစ်သူက မေးလိုက်တဲ့မေးခွန်း။ မိခင်က ဖြေလိုက်တဲ့အဖြေမှာ စိတ်ရဲ့အပြောင်းအလဲဖြစ်ပုံ ပျက်ပုံကို အကဲခတ်လို့ရတာလေးကို မျှဝေချင်ပါတယ်။

"မေမေ၊ ကျွန်တော်တို့အိမ်ကလေး မီးလောင်တုန်းက ကျွန်တော်တို့သားသမီးတွေအတွက် မေမေ ဘယ်လိုများ စိတ်ပူသွားခဲ့သလဲဟင်၊ အဲဒါ မေမေမှတ်မိသေးရဲ့လား"

"မမှတ်မိဘူး သား။ မေမေ့ရဲ့စိတ်တွေလည်း အဲဒီတုန်းက မီးလောင်နေတယ်၊ မီးတွေစွဲနေတယ်၊ ကြွယ်ဝိုးကြွယ်ဝမရှိတဲ့ ငို့ဗိုက်ထဲမှာ မင်းတို့တစ်တွေ လူဖြစ်လာရလေခြင်းလို့တော့ မီးမလောင်ခင်ကတည်းက အမေ ခဏခဏတွေးမိခဲ့တယ်၊ မီးလောင်တုန်းကတော့ ဒီတစ်ခါ ဘုံးဘုံးလဲကျသွားပြီပေါ့လို့ တွေးရင်း ကိုယ့်စိတ်ကို မဖြေနိုင်ခဲ့ဘူးသား"

ဟုတ်မှာပါပဲ။ မီးလောင်နေတဲ့ အိမ်နဲ့ မီးလောင်ပြင်ကြီးကိုငေးရင်း မိခင်ဖြစ်သူမှာလည်း မီးလောင်နေတဲ့စိတ်နဲ့ ဘာကိုမှ သတိမရဘူးဆိုတာ ဖြစ်နိုင်မှာပါပဲ။

ဒါကြောင့် တရားဘာဝနာ အားထုတ်သူတွေက ပြောကြတာနေမှာ။ ဝင်သက်ထွက်သက်ကိုမှတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဆိုပြီး ဆင်ခြင်ရမယ်ဆိုတာကို ပြောကြတယ်။ ဘာဖြစ်လို့လဲလို့ မေးကြည့်တယ်၊ နေ့စဥ် ဝတ်တစ်ခုထားပြီး နာရီဝက်တစ်နာရီ တရားထိုင်တဲ့ပုံစံနဲ့ ဘာဝနာအလုပ်ဖြစ်တဲ့ တရားမှတ်ခြင်း၊ ဖြစ်ပျက်ဆင်ခြင်ခြင်းကို ထုံနေအောင်လေ့ကျင့်ဖို့ လိုတယ်တဲ့။ ဒါမှ အဲဒီအကျင့်က မိမိအသက်ခန္ဓာ သေဆုံးတော့မယ့် နောက်ဆုံးအချိန်မှာ အသိကပ်ပြီး ဘဝကူးကောင်းနိုင်မှာလို့ လူကြီးသူမတွေက ရှင်းပြကြပါတယ်။ အလေ့အကျင့်ကို ဝတ်ထားပြီး ထုံထားကျင့်ထားခြင်း မရှိရင်၊ ကျင့်သားမရရင် သေငယ်စော(ရ)တန် ကပ်နေချိန်မှာ ဘာမှ သတိမရဘဲ စွဲမိစွဲရာ စွဲသွားတတ်တယ်တဲ့။ ဒါကြောင့် ဘာဝနာအလုပ်ကို ကြိုတင်ကြိုးကုတ်စွာ ထုံထားနိုင်မှသာ ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတရားကို အဲဒီအချိန်မှာမြင်ပြီး ဖြစ်မှုသဘော၊ ပျက်မှုသဘော၊ အသက်နဲ့ခန္ဓာဟာ မမြဲဘူးလို့ ရဲရဲသိမြင် ရင်ဆိုင်နိုင်မှာ၊ ဘဝကူးကောင်းနိုင်မှာလို့လဲ ရှင်းပြကြတယ်။

ဒါကလည်း စိတ်ရဲ့အလေ့အကျင့်ကို စွဲမြဲစွာနှီးကြားစေဖို့ တိုက်တွန်းတဲ့ အလုပ်တရားဆိုလည်း၊ မမှားဘူးပေါ့။

ရွာဦးကျောင်းက ဘကြီးဘုန်းကြီး ဆေးရုံတက်တော့ ဖါတော် ၂၀ နဲ့ သက်တော်က ၇၀ ကပ်နေပါပြီ။ ဆေးရုံမှာလည်း သက်သာပုံမရဘူး။ ဘကြီးဘုန်းကြီး မိန့်ကြားသွားတဲ့ နောက်ဆုံးစကားတွေကို အဲဒီ

အရိုနိုဘုန်းက ငယ်သေးတော့ ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပါယ်မသိခဲ့ရှိအမှန်ပါ။ မှတ်တော့ မှတ်မိနေခဲ့ပါတယ်။

''ငါ့မြေး– ဘုန်းဘုန်းက ပဥ္စင်းမျိုအရွယ်က ရပ်ကျိုးရွာကျိုးဆောင်ရွက်၊ သီလပေး၊ တရားဟောပြီး၊ တရားစာများ သင်ရဖတ်ရတာ မဟခဲ့ဘူး။ အရွယ်နုညီးနည်းရတာမှ ကျင့်ကြံအားထုတ်မယ်ပေါ့လေ။ မင်းတို့တစ်တွေ စာသင်တဲ့အထဲမှာ တွေ့ဖူးမှာပါ၊ ငယ်စဉ်အခါ ပညာရှာ၊ အရွယ်ရောက်တော့ ဥစ္စာရှာ၊ အသက်ကြီးတော့ ဘာဝနာပွားပြီး တရားရှာလို့လေ၊ ဟုတ်တယ်မဟုတ်လား''

ဘကြီးဘုန်းကြီးပြောသမျှ ဒီအတိုင်း နားထောင်ခဲ့ပါတယ်။ ဒီအတိုင်း မှတ်သားခဲ့ပါတယ်။

''အဲဒါ မမှန်သေးဘူး ငါ့မြေး ဘုန်းဘုန်း အသက်အရွယ်ထောက်လာတော့ ဘာဝနာအလုပ်တစ်ခုပဲ လုပ်တော့မယ် ဆုံးဖြတ်ပြီး၊ အလုပ်လည်းစရော ကျင့်လို့မရတော့ဘူး။ အရိုးတွေက တောင့်မာနေပြီ၊ ဝေဒနာကိုမခံနိုင်ဘူး။ ဒီအထဲ ရောဂါက စွဲနေသေးတယ်၊ နောက်ကျသွားတာပေါ့ကွယ်၊ တရားအလုပ်ဆိုတာ တရားအသိရှိလာတဲ့အချိန်၊ နားလည်ပြီး စတင်ကြိုးစားကြည့်ချိန် ငယ်ငယ်ရွယ်ရွယ်ကတည်းက ကျင့်ကြံခြင်းသာ အမှန်ဆုံး၊ အကောင်းဆုံးပဲ မှတ်ထား''တဲ့။

ဟုတ်မှာပဲလို့သာ မှတ်ထားခဲ့ပါတယ်။ အလေ့အကျင့်ဆိုတာ ငယ်တုန်းရွယ်တုန်းက လေ့ကျင့်တာတော့ မမှားနိုင်ပါဘူး။ ကာယဗလ စကြာဝဠာမောင်တွေ၊ မယ်တွေ၊ ဘဲလေးအက ထူးချွန်သူတွေ၊ ဂီတပညာ ထူးချွန်သူတွေဟာ ငယ်စဉ်ကတည်းက တစ်ဗိုက်မတ်မတ် ကြိုးစားလာပြီးမှ ထွန်းပေါက်ကျန်တာတော့ မျက်မြင်ဒိဋ္ဌပဲလေ။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း ငယ်စဉ်ကဖခင်ကြီး လယ်ထွန်မင်္ဂလာကျင်းပစဉ်က တရားကျင့်ခဲ့တဲ့နည်းကို ပြန်ပြီးသုံးသပ်တာကို ဖတ်ရမှတ်ရတော့ အလေ့အကျင့်ကောင်းဆိုတာ စောလေကောင်းလေလို့တောင် ဆိုရမလား ထင်မိတယ်။

အဲဒါတွေက စိတ်နဲ့ဆိုင်တဲ့ အလေ့အကျင့်တွေချည်းပဲ မဟုတ်လား။ ကိုင်းပြည်ကို အုပ်ချုပ်တဲ့ စနစ်ဆိုတာလည်း ခေါင်းဆောင်လုပ်တဲ့သူတွေရဲ့ စိတ်အစဉ်က စုပေါင်း ဆုံးဖြတ်လိုက်တဲ့နည်းလမ်းပဲ မဟုတ်လား။

ကွန်မြူနစ်စနစ်၊ အရင်းရှင်စနစ်၊ ဘုရင်စနစ် အစရှိသဖြင့် ပြောကြ၊ ရေးကြရာစဝင်တွေ ခင်းပြကြ၊ သမိုင်းတင်ကြတာတွေကို တွေ့မြင်ကြရမှာပါ။

အုပ်ချုပ်သူနဲ့ အအုပ်ချုပ်ခံတို့ရဲ့ အပြန်အလှန် ထိန်းကျောင်းမှုကို စနစ်အဖြစ်ပုံဖော်ပြီး အုပ်ချုပ်သူတွေဟာ ဘယ်လိုလူတွေပဲဖြစ်သင့်တယ်၊ အအုပ်ချုပ်ခံရသူတွေကလည်း ဘာတွေလိုက်နာရမယ်ဆိုတဲ့ မူဝါဒပြဋ္ဌာန်းချက်တွေနဲ့ ကမ္ဘာလောကကြီးမှာ ရှင်သန်လှုပ်ရှားနေကြတာ မဟုတ်လား။

ဒါကြောင့် အစကနေ ပြန်ပြောရရင် သဘာဝနိယာမတရားဆိုပြီး တီရစ္ဆာန်တွေရဲ့ သဘာဝလှုပ်ရှားမှုတွေကို အသိပေးမှုဝေကြတယ်။ အသိဉာဏ်ရှိတဲ့လူတွေကတော့ သဘာဝနိယာမတွေနဲ့ အားမရနိုင်တော့တဲ့ တီထွင်မှု၊ ဆန်းသစ်မှု၊ သိပ္ပံပညာရပ်၊ စကြာဝဠာဆိုင်ရာ သုတေသနတွေနဲ့ ကမ္ဘာ့နိုင်ငံများမှာ ရှေ့ခရီးစဉ်တွေကို ဆက်နေကြတယ်။

လူတိုင်းလူတိုင်းဟာ ကောင်းသော လေ့ကျင့်မှုနဲ့ ကောင်းမွန်တဲ့ ရွေးချယ်မှုအလျောက် ငယ်စဉ်ကတည်းက မိမိကိုယ်ကို စောင့်ရှောက်ရင်း ကြိုးစားလာမယ်ဆိုရင် ကမ္ဘာကြီး ဘယ်လိုပဲပြောင်းလဲနေပါစေ၊ ကမ္ဘာ့နိုင်ငံများမှာ လမ်းစဉ်တွေ ဘယ်လိုပြောင်းလဲနေပါစေ၊ ဒီအထဲက ပြည်သူတစ်ယောက်အနေနဲ့ မှန်ကန်သော အလေ့အကျင့်ကောင်းနဲ့ ကောင်းမွန်ကြီးပြင်းလာသူ လူတစ်ယောက်ဖြစ်ခဲ့ပြီဆိုရင်တော့ ကမ္ဘာပေါ်မှာ ရပ်တည်စရာ၊ ခြေချစရာ နေရာတစ်နေရာ ကျိန်းသေရှိနေမှာပါလို့ ယုံကြည်မိပါတယ်။

**ဝေယံနု(နေရဥ္စရာ)**

**အသက်အရွယ်ထောက်လာတော့ ဘာဝနာအလုပ်တစ်ခုပဲ လုပ်တော့မယ်**
**ဆုံးဖြတ်ပြီး အလုပ်လည်းစရော ကျင့်လို့မရတော့ဘူး။**
**အရိုးတွေက တောင့်မာနေပြီ၊ ဝေဒနာကိုမခံနိုင်ဘူး။ ဒီအထဲ ...**



မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

သန့်ဇင်

စံပြအလှမယ် (Model) ဖွန့်သီရိနိုင်



ပထမ
ပေတောလွှင်



PHOTO



ဒီဇိုင်း
သွယ်သွယ်ထွန်း

ဓာတ်ပုံ
ဝဏ္ဏဝင်း



မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

OUTING အစီအစဉ်

တိရစ္ဆာန်ဉယျာဉ်

ပထမ

ဟေမာအောင်





ဒုတိယ
မေဇာကွင်

တတိယ
ရဲနိုင်အောင်



# မေတ္တာစက်ဝိုင်း

မြတ်ကိုကို (ဂျူ)

သူ နာရီကြည့်လိုက်တော့ ခုနစ်နာရီထိုးဖို့ ငါးမိနစ်၊ နောက်တစ်နာရီလောက်ဆိုလျှင် သူတို့ရောက်လာကြတော့မည်။ ထိုအခါ သူ၏ တစ်ညတာအလုပ်ချိန် ပြီးဆုံးပြီ။ နားရွက်ကြားထဲ ညှပ်ထားသော ဆေးလိပ်တိုကိုယူ၍ မီးညှိလိုက်သည်။ လွင့်တက်လာသည့် မီးခိုးငွေ့များကိုကြည့်ရင်း သူ၏ စိတ်အစဉ်တို့သည် အတိတ်ကာလတစ်ခုဆီသို့ ဝေ့ကာဝဲကာဖြင့် ရောက်ရှိသွားပါတော့သည်။

သူ၏အိမ်ထောင်ဖက် ဒေါ်နှင်းရီသည် သမီးအငယ်ဆုံးလေး ခြောက်လအရွယ်၌ မပြည့်စုံခြင်းတို့မှ ကူးစက်သော မွဲတေမှုရောဂါဆိုးဖြင့် ကွယ်လွန်ရှာသည်။ ဥမမယ် စာမမြောက် သမီးသုံးယောက်နှင့် လောကကြီးထဲ ယောင်ချာချာ သူကျန်ခဲ့ရသည်။ သူတွင် အတူနေ မိခင်မှဆိုးမကြီးမှလွဲပြီး ဆွေမျိုးသားချင်းဟူ၍ လက်ညှိုးထိုးပြစရာ လောက်လောက်လားလား မရှိပေ။

အိမ်သူ ဒေါ်နှင်းရီ ကွယ်လွန်တော့ သူ့အသက် သုံးဆယ်မပြည့်တတ်သေး။ အတန်းပညာကလည်း ဟုတ်တိပတ်တိ တတ်ရလောက်အောင် စနစ်ဖေယားတို့ဖြင့် ပြုစုပျိုးထောင်ပေးသော အသိုက်အမြုံမှ ဆင်းသက်လာခဲ့ခြင်း မဟုတ်သဖြင့် ရေးလို့ရ ဖတ်လို့ကောင်းရုံသာ။ မိဘတိုင်းကတော့ သားသမီးကို ပညာအမွေပေးသည်ချည်းပါ။ သို့သော်လည်း ဖန်လာသည့်အခြေအနေတွေအရ စာသင်ခန်းနှင့် ကျောင်းစာအုပ်များကို "နင်နေခဲ့၊ ငါသွားမယ်" လုပ်ခဲ့ရသည်။

အတန်းပညာ ဟုတ်တိပတ်တိငြားငြား မရှိတော့သည့် ထုံးစံအတိုင်း ရိုးရာမပျက်ရလေအောင် အလုပ်ကြမ်းကြမ်း၊ ချောချော မရွေး အားဘဲ ရရာအလုပ် လုပ်ခဲ့ရသည်။ ထိုအခါ လက်သမားပညာကို အထိုက်အလျောက်လေး သူ ကျွမ်းကျင်တတ်မြောက်ပြီးနောက် ဘဝတူ ပန်းရံသမလေး မနှင်းရီနှင့်တွေ့ကာ နှုတ်ခမ်းပုံချင်း ကြည်ဖြူစွာ မီးမှုတ်ခဲ့ကြသည်။ ရရစားစား၊ ဝါးဝါးမြိုမြိုဘဝဖြင့် တာထွက်ခဲ့ရာ သမီးလေးနှစ်ယောက် ရသည်အထိ ရစား၊ ဝါးမြိုပင်။



ရည်မှန်းချက်ကြီးကြီးမားမားဟူ၍ သူ ဘဝ၌ မထားခဲ့ဖူး။ ထားရကောင်းမှန်းလည်း မသိ။ ဘဝတူတွေကို ကြည့်လိုက်ပြန်တော့ အကုန်လုံးက ဖိုးသိုးဖပ်သပ်တွေချည်း။ သည်တော့လည်း ငါတို့ချည်းမှ မဟုတ်တာဆိုသည့် အတွေးဖြင့် လက်တစ်ဆုပ်စာ ပတ်ဝန်းကျင်ကို လျော့လျော့ရဲရဲသုံးသပ်ပြီး ၎င်းပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် သူ လွဲမှားစွာ ဘဝကို တည့်မတ်ခဲ့သည်။

နောက်ဆုံး သမီးလေးမွေးပြီးတော့ မနှင်းရီတစ်ယောက် အလျင်မပီခြင်းဒဏ်တွေကို လက်မခံနိုင်စွာဖြင့် လက်ခံလိုက်ရင်း စိတ်ပျက်လက်ပျက်နှင့် ဘဝအသစ်တစ်ခုသို့ ထွက်ခွာသွားခဲ့လေသည်။ သူ ဝမ်းနည်းဝမ်းကွဲ ပြောဖြစ်လိုက်ပါသေးသည်။

သမီးလေးသုံးယောက်ကို အူမကြောက်စေရုံမျှဖြင့် လူလားမြောက်စေခဲ့ရခြင်းကို ဘယ်သောအခါကမျှ သူကိုယ်သူ ခွင့်မလွှတ်ခဲ့။ ကံကြမ္မာကလည်း သူ့ကို သည့်ထက်ပိုပြီး မျက်နှာသာမပေးခဲ့ပါ။ သူတို့လေးတွေကလည်း မျိုးရိုးလိုက်ကြလို့ထင်သည်။ တစ်ယောက်မှ ဘွဲ့ရဖို့မပြောနှင့် အထက်တန်းကျောင်းပညာရေးအဆင့်တောင် မရောက်မှုခဲ့ကြရှာပေ။ သူတို့ကံတွေပဲလေဟု သူ ဖြေတွေးတွေးခဲ့ရသည်။

သူတုန်းကလည်း သည်လိုအခြေအနေမျိုးနဲ့ ကြီးခဲ့ရတာပဲ။ သည်လို အသိုင်းအဝိုင်းမျိုးက ပေါက်ဖွားလာရတာဆိုတော့ အကြမ်းဖျင်း သည်လိုပဲဖြစ်ရလိမ့်မယ်လို့ မဦးမခွ ဖျောင်းဖျလည်းမရသည်နှင့် ဈေးထဲက အသိ ကုန်ခြောက်ဆိုင်မှာ အလုပ်ဝင်လုပ်စေလိုက်သည်။ အဲသည် ကုန်ခြောက်ဆိုင်မှာပဲ မွဲမွဲပြာပြာလုပ်ခဲ့တာ အရွယ်ရောက်လို့ အိမ်ထောင်ရက်သား ကျတဲ့အထိပဲ ဆိုပါတော့။ သည်သမီး ထွေးမိုရဲ့ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး သူ တော်တော်လေး စိတ်ကောင်း ဖြစ်ခဲ့ရှာသည်။

ထွေးမိုက ဆယ့်ရှစ်နှစ်နဲ့ အိမ်ထောင်ကျတာ။ ကျမယ့်ကျတော့လည်း သူတို့ဆိုင်ကို ကုန်ခြောက်ပစ္စည်းတွေ လာလာပို့တဲ့ ဆိုက်ကားဆရာလေးနဲ့ ညားရရှာတာ။ ဒါလည်း မျိုးရိုးလိုက်တာပဲနဲ့ တူပါတယ်။ သူတို့လေးတွေရဲ့ ရုပ်ရည်ဟန်ပန်က ဖြစ်ဖြစ်မြောက်မြောက်မှ မရှိလှဘဲ။ သည်တော့

**ဘဝတူ ပန်းရုံသမလေး မနှင်းရီနှင့်တွေ့ကာ နှုတ်ခမ်းပဲ့ချင်း ကြည်ဖြူစွာ မီးမှုတ်ခဲ့ကြသည်။ ရရစားစား၊ ဝါးဝါးမြိုမြိုဘဝဖြင့် တာထွက်ခဲ့ရာ သမီးလေးနှစ်ယောက် ရသည်အထိ ရစား၊ ဝါးမြိုပင်။**

သားပေါ့။ ဆိုးတူကောင်းဘက် ပွဲထွက်သွားသဖြင့် ဖော်မပြနိုင်လောက်အောင် သူ ကြေကွဲရသည်။ သို့သော် ကင်ဆာဆိုသော ရောဂါဆိုးကြီး၏ နှိပ်စက်ကလူပြုခြင်းမှ ရာသက်ပန် ကင်းလွတ်ခွင့်ရသွား၍ အကောင်းဘက်လှည့်တွေးပြီး သူ အနည်းငယ်တော့ ဖြေဆည်ရာရခဲ့သည်။

မနှင်းရီ အသုဘမြေချသည့်နေ့က မြေပုံပေါ်သို့ မြေစာခဲတွေပစ်တင်ရင်း...

"သွားနှင့်အုံးတော့ မနှင်းရေ ကိုထွန်း ကျေနပ်ပါတယ်၊ သည်လိုဘဝဆိုးမျိုးထဲကို လည်း ဘယ်သောအခါမှ ပြန်မလာပါနဲ့ မနှင်းရယ်"

ဟု ဆိုသောစကားတွေကို မနှင်းရီတစ်ယောက် ကြားနိုင်တော့မှာ မဟုတ်ပေမယ့် သူကတော့ စိတ်ထဲကနေ ကြေကြေကွဲ ကတည်းက သူ ကြိုတွေးပြီးသားပါ။ တကယ်တမ်း ထင်သည့်အတိုင်း ဖြစ်လာတော့လည်း သိပ်မခံစားရတော့ပေ။ ဘာပဲဖြစ်ဖြစ် မိဘတစ်ယောက်အနေနှင့် သမီးတွေကို ပညာတတ်ကြီးတွေ ဖြစ်စေချင်ခဲ့တာ အမှန်ပါ။

သည်လိုနဲ့ သမီးတွေက အပြိုင်းအရိုင်း အရွယ်ရောက်လာကြတော့သည်။ တစ်ယောက်နဲ့တစ်ယောက်ကလည်း နှစ်နှစ်ကြီး နှစ်နှစ်ငယ်စီပဲကွာပြီး ဘွားအေရဲ့ ဆုံးမမှုနဲ့ ပအေရဲ့ ဆုံးမမှုအောက်မှာ ကြီးပြင်းလာကြရတာဆိုသည့်အခါ မအေလုပ်သူရဲ့ အုပ်ထိန်းမှုအောက်၌ ကြီးပြင်းလာရပုံမျိုးနှင့်တော့ မတူနိုင်ဟု သူတွက်ဆမိသည်။

အကြီးဆုံးသမီး ထွေးမိုက ခြောက်တန်းကျပြီး ကျောင်းမနေချင်တော့ပါဘူးဆို၍ သင်စစ်ရွေးဖို့ အခွင့်အရေး သူတို့မှာမရှိဘူးပေါ့။ ဒါပေမဲ့ မိဘတစ်ယောက်အနေနဲ့က ကိုယ့်သမီးကို ဘယ် အခြေအနေမှာပင် ဖြစ်ပါစေ အနေးယာဉ်လုပ်သား တစ်ယောက်နဲ့တော့ ဘယ်အကြောင်းပါစေချင်ပါ့မလဲ။

ဒါ–သူတို့လည်း ပြောရမယ်ဆို နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ကြတာပဲမဟုတ်လား။ သည်လို နှုတ်ခမ်းပဲ့ချင်း မှုတ်လိုက်တဲ့မီးက "ဟုပ်"ခနဲ ပဲနေတာ။ "ဟုန်း"ခနဲ ဘယ်မှာ နေခဲ့ဖူးလို့လဲ။ ဒါပေမဲ့ ဖြစ်လာပြီးပြီ ဘာမှမတတ်နိုင်တော့ဘူး။ ရွေးချယ်စရာ အခွင့်အလမ်း၊ နှမ်းတစ်စေ့စာမျှ လက်ထဲ ကိုင်ဆုပ်မထားနိုင်မှတော့ ကံစီမံရာကို ခေါင်းညိတ်ရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူး။ သူ အဲလိုပဲသတ်မှတ်ပြီး စိတ်ကို ယတိပြတ် ဒုံးဒုံးချခဲ့ရသည်။

သမီးထွေးရီအကြောင်းတွေးရင်း ဟိုတုန်းက လက်သမား လုပ်ဖော်ကိုင်ဖက် ကိုဘရီ သမီးလေး အေးမာကိုတောင် သွားသတိရမိသေးတယ်။ ထွေးရီနဲ့ အေးမာက အသက်တူ အရွယ်တူတွေ။ အတန်းပညာဆိုလည်း အေးမာက ရှစ်တန်းလား၊ ကိုးတန်းလားပဲ။ ဒါပေမဲ့ ရုပ်ရည်လေးကတော့ သည်အလှူကာပါလို့ကို မထင်ရဘူး။ အေးမာ အိမ်ထောင်ကျတော့ အင်ဂျင်နီယာတစ်ယောက်နဲ့။ သည်မှာတင် ကွာသွားတာပေါ့။ မိဘအလုပ်အကိုင်ချင်း အတူတူ၊ ပညာမတောက်မပေါက်ချင်း အတူတူ။ အဲ・・・ရုပ်ရည်လေး ခြားနားမှုရှိသွားတော့ ခုဆိုရင် အေးမာက ကားပေါ်ကနေ လောကကြီးကို ငေးတယ်။ သမီးထွေးရီက ဆိုက်ကားပေါ်ကနေ လောကကြီးကိုငေးတယ်။ မုဒိတာစိတ်နဲ့ ဝမ်းနည်းစိတ်တို့ အချိုးကျကျ ခံစားရတာပေါ့။

ဒုတိယသမီး နွဲ့ရီကလည်း ရှစ်တန်းကို နှစ်နှစ်ဆက်တိုက်ကျပြီး ပညာတတ်တာနဲ့ လွဲခဲ့ပြန်ပြီ။ ဒါနဲ့ပဲ အချုပ်အလုပ်လေးသင်ပြီး အိမ်မှာပဲ တစ်နိုင်တစ်ပိုင်လေးလုပ်ပေါ့။ သူ့အဘွားရဲ့ အိမ်အလုပ်တွေကိုလည်း ဝိုင်းကူရင်း၊ အပ်ထည်လေးတွေပါးရင် သူ့အစ်မထွေးရီတို့နေတဲ့ လှိုင်သာယာဘက်ကူးပြီး သူ့တူလေးကို သွားသွားထိန်းပေးရင်း၊ နွဲ့ရီလည်း အသက် နှစ်ဆယ်လောက်အရောက်မှာ ရုံးတစ်ရုံးက အောက်တန်းစာရေးလေး တစ်ယောက်နဲ့ အိမ်ထောင်ကျသွားသည်။

အိမ်ထောင်ကျခါစက အဆင်သင့်မဖြစ်သေးတဲ့ ဘဝတွေမို့ သူတို့လင်မယားကို အိမ်မှာ ခေါ်ထားရသေးသည်။ နောက်ပိုင်း နည်းနည်းလေး အဆင်ပြေတော့မှ ဒဂုံ အရှေ့ပိုင်း ပြောင်းသွားကြတာ။ သူတို့ကလည်း လင်ကိုယ်မယား နှစ်ယောက်တည်းဆိုပေမယ့် ဖိုးသိုးဖယ်သယ်ပါပဲ။ သည်လိုဘဝမျိုးက လွတ်အောင်ရုန်းကြပါလို့ ဘာမှ အမွေမပေးနိုင်တဲ့အတွက် သည်စကားတစ်ခွန်းကိုပဲ အမွေပေးတဲ့ဟာ ဖိုးသိုးဖယ်သယ် ဘဝတွေထဲကိုချည်း တိုးဝင်နေကြတော့လည်း ခက်သည်။

ဘာကိုမှ တွန်းလှန်ဖြိုခွင်းနိုင်စွမ်းမရှိတဲ့ ဘဝမျိုးနဲ့ အလိုမကျဝိုင်း ကံကြမ္မာအပေါ် အပြစ်ဖို့နေနိုင်တာကိုပဲ အခွင့်အရေးတစ်ရပ်လို့ ခံယူထားရတာ။ နွေ၊ မိုး၊ ဆောင်း အသစ်တွေ ပြောင်းလဲသွားခဲ့ပေမယ့် ဘဝတွေကတော့ဖြင့် အသစ်ဖြစ်ခွင့် မရသေးပါဘူး။ တစ်ခါတစ်ခါတော့ သွားနှင့်လေသူ မနှင်းကို သူတမ်းတမိပါရဲ့။

ကံဇာတ်ဆရာက ယိုးမယ်ဖွဲ့ရလောက်အောင် သူတို့မိသားစုကို ညှိုးဟာန်ဖွဲ့လေသလားမသိ။ အငယ်ဆုံးသမီးလေး လဲ့ရီ အရွယ်ရောက်လာတော့ မလေးရှားတို့၊ ယိုးဒယားတို့ တရုတ်ပြည်တို့ဆိုတာတွေက ရပ်ကွက်ထဲမှာ နောက်ဆုံးပေါ် အဆန်းပဲ။ ပြောသံဆိုသံတွေ ကြားရတာနဲ့တင် သွားရည်ယိုစရာ။ သမီးလဲ့ရီက ဉာဏ် နည်းနည်းထိုင်းတော့ လေးတန်းမှာ သူ့ပညာရေးက တစ်ခန်းရပ်သွားသည်။ အိမ်မှာနေရင်း သူ့အစ်မ နွဲ့ရီကို ဝိုင်းကူလုပ်ပေး၊ နွဲ့ရီ အိမ်ခွဲထွက်တော့ နွဲ့ရီအမွေကို ဆက်ခံပြီး အချုပ်အလုပ်လေး ဆက်လုပ်ကာ အိမ်ဝင်ငွေကို တစ်ဖက်တစ်လမ်းက ဖြည့်တင်းပေးရှာပါသည်။



သည်လိုနဲ့ လဲ့ရီလည်း
သူ့နဲ့ ရွယ်တူတွေလို
ဝတ်ချင်စားချင်လာခဲ့ပြီ။
သည်မှာတင် မလေးရှား၊
ယိုးဒယားရောက်
စွဲကပ်ပါလေရော။
အာမခံသူတွေကလည်း
မစားရ ဝခမန်း။ အတန်းပညာ
တတ်စရာမလိုဘူးဆိုပဲ။

သည်လိုနဲ့ လဲ့ရီလည်း သူ့နဲ့ ရွယ်တူတွေလို ဝတ်ချင်စားချင်လာခဲ့ပြီ။ သည်မှာတင် မလေးရှား၊ ယိုးဒယားရောက် စွဲကပ်ပါလေရော။ အာမခံသူတွေကလည်း မစားရ ဝခမန်း။ အတန်းပညာ တတ်စရာမလိုဘူးဆိုပဲ။ အလုပ်ကြမ်းလုပ်နိုင်၊ အပင်ပန်းခံနိုင်ရင် အဆင်ပြေသတဲ့။ ဒါနဲ့ပဲ အိမ်ဂရံလေး ပေါင်ပြီး ပွဲစားခတစ်ဝက်ပေး၊ ကျန်တစ်ဝက်ကို လခထဲက ခုနှိမ်ဆိုတဲ့ သဘောတူညီချက်တွေနဲ့ ယိုးဒယားဘက် ထွက်သွားလိုက်တာ ခုဆို သုံးနှစ်ကျော် လေးနှစ်ထဲ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ။

လဲ့ရီသွားပြီး ခြောက်လလောက်နေတော့ လူကြုံကနေတစ်ဆင့် ငွေတစ်သိန်း တစ်ခါပို့ဖူးတယ်။ အဲသည်အချိန်ကစလို့ သည်နေ့အထိ စာမလာ၊ သတင်းမကြားရ



လှဲရိန့်
အတူတူသွားတဲ့
ကလေးမလေးနှစ်ယောက်လည်း
သည်အတိုင်းပဲ။
ပွဲစားတွေဆိုတာကတော့
ကြက်ပျောက်၊ ငှက်ပျောက်။

တော့ဘူး။ နယ်စပ်မှာပဲ သေသွားသလိုလို၊ ရောင်းစား ခံလိုက်ရသလိုလိုနဲ့ ဘာမှကို သေသေချာချာ စုံစမ်းမရတဲ့အဖြစ်။ လှဲရိန့် အတူတူသွားတဲ့ ကလေးမလေးနှစ်ယောက် လည်း သည်အတိုင်းပဲ။ ပွဲစားတွေဆိုတာက တော့ ကြက်ပျောက်၊ ငှက်ပျောက်။ သည် တော့မှ သူ့ကို ကိုယ်အပြစ်တင်၊ ကိုယ့်ကို သူအပြစ်တင်တွေဖြစ်ကုန်ကြရော။ ကံကြမ္မာ ကိုလည်း အပြစ်တင်ရတာ များလာတဲ့အခါ မျက်နှာပူလာပြီး သည်တစ်ခါ ကိုယ့်ကိုယ် ကိုယ်ပဲ သူအပြစ်တင်လိုက်တော့သည်။

အပူပေါ် အပူဆင့်ဆိုသလို သမီးကြီး တွေးရီကလည်း တစ်ဒုက္ခ၊ ငယ်ငယ်ရွယ် ရွယ်နဲ့ မုဆိုးမ ဖြစ်သွားရရှာသည်။ သူ့ ယောက်ျား ဆိုက်ကားနင်းရင်း ကားနဲ့တိုးလို့ ပွဲချင်းပြီးပဲ။ သူ့ယောက်ျားဘက်က မှားတယ် လို့ပြောတာပဲ။ လျော်ကြေးလား၊ သနား ကြေးလားတော့ မသိဘူး။ ငွေလေး ငါးသိန်း ပိုက်ပြီး ကလေးနှစ်ယောက်နဲ့ အိမ်ပေါ်ပြန် ရောက်လာခဲ့သည်။

တော်သေးသည်ဟု ပြောရမည်။ သူ့ အမေ ထွေးရီတို့ရဲ့ အဘွားက အသက် ခုနစ်ဆယ်ကျော်နေတာတောင် မျက်မှန်မပါ ဘဲ စပါးလုံးရွေးနိုင်သေးသည်။ ကျန်းမာရေး ကလည်း ခေါင်ခေါင်မြည်။ ဒီတော့ အမေ ကလည်း ခေတ်ရေစီးကြောင်းရဲ့ တောင်းဆို မှုအရ မြေးထိန်းရတော့ပြီ။ ခေတ်ဆန်ဆန် ဝန်ကြေးတစ်မျိုးဟုဆိုက မမှားနိုင်ပေ။ အလတ်မ န္တဲ့ရီဆီကလည်း ဘာအထောက် အပံ့မှမရသည့်အပြင် တစ်ခါတလေ ပြန် တောင် ထောက်ရသေးသည်။ တင်ကျွေး ထားရတာထက်စာရင် တော်သေးတာပေါ့ ဟု ပြောရမလိုမျိုးပေ။

ဒါကြောင့်မို့လည်း စက်ရုံတစ်ရုံမှာ သူ ညစောင့်အလုပ် ဝင်လုပ်နေရခြင်းဖြစ်သည်။ လက်သမားအလုပ်ဆိုတာ အရင်တုန်းကလို မကောင်းတော့။ လူနေရာမှာ စက်တွေ အစားထိုးလာတာလည်း ပါလိမ့်မည်။ သမီး ကြီး တွေးရီကတော့ သူရလာတဲ့ ငွေငါး သိန်းနဲ့ အိမ်ဆိုင်လေးတည်မည်ဟု ပြောနေ သည်။ အိမ်လခကလည်း ပေးရတော့မှာ။ ကိုယ့်အိမ်ကိုယ်ပြန်ငှားနေရသည့်ဘဝ။ လူငါး ယောက် ရှိနေသော အိမ်ထောင်စုတစ်စု ဝယ် သူ့ဝင်ငွေ တစ်ခုတည်းနှင့်တော့ မလောက်ငတာ အမှန်ပဲမဟုတ်လား။

စက်ရုံပြီဝင်းတံခါးဖွင့်သံကြားတော့ သူ အတွေးတွေ ရပ်တန့်သွားခဲ့ရသည်။ စက်ရုံ ပိုင်ရှင်နဲ့ အလုပ်သမားတချို့ ရောက်လာကြ ပြီ။ စက်ရုံပိုင်ရှင်ကလည်း နေ့တိုင်းမဟုတ် သည့်တိုင် တစ်ပတ်နှစ်ရက်၊ သုံးရက် လောက်တော့ စက်ရုံကို စောစောလာတတ် သည်။ ဝီရိယဦးဆောင်ပြီး ကံအကျိုးပေး လေး ကောင်းတော့လည်း အသက်ငယ် ငယ်ရွယ်ရွယ်နဲ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ် နေရတာပေါ့ဟု သူ တွေးဖြစ်လိုက်သေး သည်။

စက်ရုံပိုင်ရှင်ထံ ရုံးခန်းတံခါးသော့ ကိုပေါင် သော့တို့ သူအပ်လိုက်သည်။ သူက လုံခြုံ ရေးအဖွဲ့ခေါင်းဆောင်ဆိုတော့ သော့မှန် သမျှ သူပဲကိုင်ရတာ။ ပိုင်ရှင်မပါတဲ့နေ့ဆို မန်နေဂျာကို အပ်ပြီးရင် သူ့ဂျူတီ ပြီးသွားပြီ။ ညနေ ခြောက်နာရီ အရောက်ပြန်လာ၊ ဒါပဲ နှစ်ရှည်အလုပ် ဖြစ်လေသည်။

သူ သော့အပ်ပြီး လှည့်အထွက် စက်ရုံ ပိုင်ရှင်ကတော်က လှမ်းပြီးခေါ်သည်။

''ဦးလေးထွန်း…ရော့ ဒီမှာ ဦးလေး ထွန်းအတွက် လိမ္မော်သီးငါးလုံး ယူလာ တယ်၊ အောင်ပန်းက အမျိုးတွေလာလို့ ပါ လာတာ''

ဟုဆိုပြီး ပလတ်စတစ်အိတ်အကြည်လေးနဲ့ ထည့်ထားသည့် လိမ္မော်သီးငါးလုံးကို လှမ်းပေးသည်။

''ကျေးဇူးပါပဲ ဆရာကတော်ရယ်''

ဟု ပြောရင်း လိမ္မော်သီးအိတ်ကို တရိုတသေ လက်နှစ်ဖက်ဖြင့်လှမ်းယူကာ အိမ်ပြန်ဖို့ ခြေလှမ်းများအား စက်ရုံဂိတ်ဝဆီ ဦးတည်လိုက်သည်။

ကိုယ့်ဘာသာကိုယ်ဖြင့် ဘယ်ဝယ်စားနိုင်မှာလဲ။ ခုလို ပေါ်ဦးပေါ်ဖျားအချိန် သည်လို လိမ္မော်သီးအရွယ်လောက်ဆို တစ်လုံးလေးရာ၊ ငါးရာလောက် ပေးရလိမ့်မည်ထင်သည်။ ထိုငါးလုံးထဲမှ တစ်လုံးကို ဘုရားဆွမ်းတော်ကပ်မည်။ တစ်လုံးကို အမေ့ကျွေးမည်။ ဘာလိုလို့နဲ့ အမေလည်း လိမ္မော်သီးမစားရတာ ကြာလှပေါ့။ တစ်လုံးက သမီးထွေးဖို့၊ တစ်လုံးကို မြေးနှစ်ယောက် တစ်ယောက်တစ်ဝက်၊ ကျန်တစ်လုံးကတော့ သူ့ဖို့ပေါ့ဆိုပြီး စိတ်ကူးဖြင့် လိမ္မော်သီးငါးလုံးအား ခွဲတမ်းချနေမိသည်။

အဲသည်လို စိတ်ကူးဖြင့် ခွဲတမ်းချပြီး လျှောက်လာတုန်း ရုတ်တရက် သူ့ရှေ့မှာ ဦးမွှင်းတစ်ပါး သပိတ်ပိုက်လျက် ဆွမ်းခံရပ်တော့ သူ့ယောင်ကာ သူ့အိတ်ထောင်အား စမ်းမိသည်။ စမ်းမယ့်သာစမ်းရတာ သူ့အိတ်ထောင်ထဲ ပိုက်ဆံမပြောနဲ့ စက္ကူစုတ်တောင်မပါ။ အိမ်နှင့်စက်ရုံက လေးဖာလုံလောက်ပဲ ဝေးတာဆိုသည့်အခါ ကားခတွေဘာတွေလည်း ဆောင်စရာမလို။ ကွမ်းနဲ့ ဆေးပေါ့လိပ်က မရှိမဖြစ် အလုံအလောက် တစ်ပါတည်း ယူသွားသည်။ ဆိုတော့အခါ ပိုက်ဆံမဆောင်ဖြစ်။ ဆောင်ရလောက်အောင်လည်း အပိုအလျှံက မရှိသည်ပဲလေ။

လှုပ်တစ်ပြက် စဉ်းစားလိုက်တော့ အဖြေက လက်ထဲကိုင်ထားသည့် လိမ္မော်သီးများထံ၌ ဂိတ်ဆုံးသွားသည်။ ထို့နောက် လိမ္မော်သီးတစ်လုံးကိုယူပြီး ဖိနပ်လေးချွတ်ကာ သပိတ်ပေါ် လိမ္မော်သီးအား လက်နှစ်ဖက်ဖြင့် တရိုတသေတင်လိုက်သည်။ တစ်ဆက်တည်း ကြာဖူးပုံ လက်နှစ်ဖက်ကို ရင်မှာယှက်လျက် မတ်ရပ်အနေအထားမှာပဲ ခေါင်းလေးငုံ့ ဦးတင်လိုက်တော့သည်။

အိမ်ရောက်ရောက်ချင်း လိမ္မော်သီးတစ်လုံး ရေဆေးကာ ဘုရားဆွမ်းတော်တင်လိုက်သည်။ ထို့နောက် အမေ့ကို တစ်လုံး၊ သမီးထွေးဓိုကို တစ်လုံးပေးသည်။ မြေးနှစ်ယောက်ဖို့ဆိုပြီး ကလေးတွေအမေလက်ထဲ တစ်လုံးထည့်ပေးခဲ့သည်။ သူ့အတွက်ကတော့ လောလောဆယ် . . .။ ဒါပေမဲ့ ဘုရားဆွမ်းတော်စွန့်ရင် စားမယ်လေလို့ စိတ်ထဲကနေ တေးထားလိုက်ပါ၏။

နောက်ရက် ဘုရားဆွမ်းတော်စွန့်တော့ အဖိုးလက်ထဲက လိမ္မော်သီးကိုမြင်ပြီး မြေးနှစ်ယောက် ဝိုင်းလာခဲ့သည်။ သားအချစ်၊ မြေးအနှစ်တဲ့။ ရော့-အင့် တစ်မွှာနဲ့ နောက်ဆုံး လိမ္မော်သီးလေး နှစ်မွှာသာ သူ့ကိုယ်တာအဖြစ် ခေစုရလိုက်သည်။ ဒါပေမဲ့ သူက ကျေကျေနပ်နပ်ကြီးပြုံးရင်း လိမ္မော်သီးနှစ်မွှာကို အရသာခံကာ မြို့နေလေတော့သည်။

မြတ်ကိုကို(ရကွ)

မဟုတ်လို့ ငြိမ်နေတာပေါ့



တစ်ခါက လူဝီ(၁၄) (Louis XIV) ဟာ နန်းတွင်းမှာ အပျော်အပျက်သဘောနဲ့ နန်းတွင်းသားတစ်ယောက်နဲ့ အတု (Backgammon) ဆိုတဲ့ ဂိမ်းကစားတယ်။ အနားမှာလည်း မှူးကြီးမတ်ရာတွေရံလို့ပေါ့။ တစ်ခါမှာတော့ လူဝီနဲ့ နန်းတွင်းသားနဲ့ သူမှန်တယ်၊ ငါမှန်တယ်နဲ့ အငြင်းပွားတယ်။ ဘေးက မောင်းတော်ညီတော်၊ စိတ်တော်သိတွေက ဘာတစ်ခွန်းမှ ဝင်မပြောကြဘူး။

အဲဒီအချိန် တစ်ယောက်သော (De Grammont) ဝင်ရောက်လာတယ်။ လူဝီက အားကိုးတကြီးနဲ့ သူ့ကိုမေးတယ်၊

''ငါမှန်သလား၊ မှားသလား၊ အသင်ဆုံးဖြတ်ပေးပါ''တဲ့ ချက်ချင်းပဲ (De Grammont) က အဖြေပေးတယ်–

''အရှင်မင်းကြီး မှားပါတယ်''တဲ့

လူဝီဘုရင်က မျက်လုံးကြီးပြူးပြီး အံ့ဩစွာနဲ့–

''ဘယ်လို၊ ကျုပ်ရဲ့ အသင့်ကို ဘာမှတောင် မပြောရသေးဘူးလေ''လို့ တေအကဘာက်တယ်။

''မှန်ပါတယ်အရှင်၊ ဒါပေမဲ့ အရှင်မင်းကြီးသာမှန်ရင် ဘေးက အမတ်တွေက ဝိုင်းပြီးထောက်ခံပေးမှာပေါ့''လို့ ပြန်ပြောပါတယ်။

မောင်သီဟ



# ကဗျာလမ်း

ဓမ္မဒဿန၊ မြတ်ဗုဒ္ဓ၏
နှုတ်ဟာခြေရာ၊ ဒေသနာလည်း
ကဗျာဖွဲ့စီ၊ ပန်းကုံးသီသော်
ရတီမှန်စွ၊ ပြည့်တန်မြ။

ဘဝဒဿန၊ လူ့ဂါမဝယ်
တွေ့ရကြုံပြန်၊ လောကဓံ၏
သုခဒုက္ခ၊ ထိုနှစ်ဝလည်း
ကဗျာ့ညဉ့်လယ်၊ လင်းလက်ကြွယ်။

စာဂဒဿနာ၊ ကျင့်ဆောင်ရာဟု
ကောင်းရာညွှန်ပြ၊ ပျို့ရတုဖြင့်
အနုစာပေ၊ လန်းလန်းဝေဘိ
အောင်မြေမြကွန်း၊ ရောင်စုံထွန်း။

အလှဒဿန၊ သိဂီရဲ့
ကဗျာ့စာဆို၊ ကဝေပျိုတို့
ဖွဲ့ဆိုမှတ်တမ်း၊ ချစ်ဇာတ်လမ်းမှာ
ပန်းတွေလည်းဖွေ၊ စမ်းရေအေး။
ဩော်–
ကဗျာတစ်ပုဒ်၊ အားထုတ်လေတိုင်း
ရင်လှိုင်းခတ်သံ၊ စောင်းညှို့သံဖြင့်
ကာရန်ထုံမွမ်း၊ ကဗျာလမ်းသည်
ဘေးဘျမ်းမငြိ၊ အေးချမ်း၏။
စာဆိုရှင်မှ သွန့်တီ။
ပန်ဆင်ဝေငှ လှုစေဘိ။ ။

ခက်လှိုင်းကျော်



# မျက်ရည်များနှင့် ရေးလိုက်တယ်အမေ

အသုပ်ဈေးဗန်းခေါင်းပေါ်ရွက်ရင်း
တစ်လမ်းဝင်ကာ တစ်လမ်းထွက်လို့
မောပန်းခြင်းမရှိ ကျွန်တော်စားဖို့
ရှာဖွေကျွေး၏ . . .။

အသုပ်ဈေးဗန်းသိမ်းလို့လာလည်း
နဖူးထိပ်က ချွေးမသိပ်ခင်
ကျွန်တော်ဝတ်ဖို့ လျှော်ကာဖွပ်ရင်း
မီးဖိုခန်းသို့ ဝင်ကာချက်၏ . . .။

ဒီဟင်းလေးနဲ့ စားနှင့်လိုက်နော်
အမေနောက်မှ စားတော့မယ်လို့
ပြောကာဆိုပြီး ကျွန်တော်အိပ်ဖို့
အိပ်ယာပြင်၏ . . .။

အားလုံးလူခြေ တိတ်ကာနေမှ
အသုပ်ဗန်းက လက်ကျန်ငေါ်ဖီ
ငပြာရည်နဲ့သခွားသီးရယ်ကို
တဂျွတ်ဂျွတ်နဲ့ ကိုက်လို့ဝါးသံ
ကျွန်တော့်နားမှာ ကြားယောင်လာလို့
ခြင်ထောင်ထဲမှာ မျက်ရည်ကျ၏ . . .။

ရပ်ကွက်ထဲမှာ ရန်ဖြစ်လေတိုင်း
အသုပ်သည်မသား လူပါးဝလို့
နှိမ့်ချလက်ညှိုး ဝိုင်းပြီးထိုးလည်း
မှန်မှန်မှားမှား ငြိမ်ခံလိုက်ပါ
သည်းခံခြင်းက အောင်မြင်ခြင်းကို
တွန်းပို့လိမ့်မယ် ငါ့သားရယ်တဲ့ . . .။

မရှိခိုးနိုး ထင်ကြေးမျိုးနဲ့
ဘဝကကြမ်းလို့ အမေနားပါ
သားရှာကျွေးမယ်ပြောပေမယ့်လည်း
သားကအရွယ် ငယ်ပါသေးတယ်
ပညာကိုသာ ကြိုးစားရှာတဲ့ . . .။

အမေ့စကား တန်ဖိုးထားလို့
အမေပေးတဲ့ ပညာအမွေနဲ့
ကဗျာတွေစာတွေ ရေးကာပို့ရင်း
တစ်ဖက်ကမ်းမှား ကုန်းရှန်းရှာလို့
အောင်မြင်ခြင်းက ဆီးကြိုနေတာ
လက်တစ်ကမ်းမှာပါ . . .။

အခုအချိန်မှာတော့ အမေတစ်လှည့်
နားလိုက်ပါနော် သားရှာကျွေးတာ
ထိုင်လို့စားရင်း အမေ့ရဲ့ကျေးဇူး
ဆပ်ခွင့်ပြုပါ . . .။

တစ်ချိန်ကထိုးခဲ့ နှိမ့်ချလက်ညှိုး
အစုံစုံကိုလည်း ကျေးဇူးတင်မဆုံး
ရှိနေဆဲပါ မခံချင်စိတ်က
အောင်မြင်ဖို့ရာ ဘဝအတွက်ခွန်အား
ဖြစ်စေခဲ့လို့ . . .။

ဒါပေမဲ့လည်းဘယ်ဘဝရောက်ရောက်
ဘဝင်မမြင့်ပါဘူး ဂုဏ်ဝင့်စွာနဲ့
ပြောလိုက်ချင်ရဲ့ ကဗျာရေးသူဟာ
တစ်ချိန်တုန်းက တစ်လမ်းဝင်ကာ
တစ်လမ်းထွက်လို့ ဈေးဗန်းရွက်ကာ
အော်ပြီးရောင်းတဲ့ အသုပ်သည်မရဲ့
သားပါပဲလို့ . . .။ ။

နေဦး
(အ.စ၊ အောင်ဆန်း)


City MAGAZINE
မောင်သာနိုး



## (တစ်)

'နောင်တ'

သည့်စကားလုံးကို ရွတ်ဆိုလိုက်တိုင်း ကျွန်တော့်မျက်ဝန်း၌ မျက်ရည်စတို့ စို့သီလာ ရပြီ။ ကျွန်တော်စိတ်တို့ နှင်းမြူဆိုင်းသလို မှိုင်းအုံ့ညို့လာရပြီ။ စကားလုံးလေးတစ်လုံး၊ ဒါမှမဟုတ် စကားစုလေးတစ်စုက လူတစ်ယောက်ကို မျက်ရည်ဖြိုင်ဖြိုင်ကျလာအောင် (သို့မဟုတ်) ထိခိုက်နာကျင်ကြေကွဲဝမ်းနည်းလာအောင် မလုပ်နိုင်ပါ။ မစွမ်းဆောင်နိုင်ပါ။ သို့သော် ကျွန်တော်တို့က စကားလုံးလေးတစ်လုံးရဲ့ နောက်ကအဓိပ္ပါယ်ကို ဆက်စပ်စဉ်းစားတွေးတောရင်း၊ တစ်နည်းပြောရလျှင် စကားစုလေးတစ်စုရဲ့ နောက်က မမြင်နိုင်တဲ့ ခံစားချက်အနက်အဓိပ္ပါယ်တို့ကို တူးဆွမိသွားပြီး ဝမ်းနည်းကြေကွဲသွားရခြင်းဖြစ်သည်ဟု ကျွန်တော်ထင်မြင်မိပါသည်။ စိတ်တို့ မှိုင်းညို့ဆိုင်းစို့သွားရခြင်းဖြစ်သည်ဟု ကျွန်တော်နားလည်မိပါသည်။ ကျွန်တော့်စိတ်ထဲ တိုးတိုးသဲ့သဲ့ကလေး ပြန်ရေရွတ်နေမိသည်။ 'နောင်တ…''။ တိုးတိုးသဲ့သဲ့ကလေး ရေရွတ်နေမိသော်လည်း ထိုအသံ(နောင်တ)တို့က ကျွန်တော့်တစ်ကိုယ်လုံးကို ပဲ့တင်ထပ်လျက် မြည်ဟီးနေပါသည်။ ထိုအသံ(နောင်တ)တို့က ကျွန်တော့်ကို ပြောင်လှောင်သရော်နေကြပါသည်။ ကောင်းကင်ကိုကြည့်လိုက်တော့ ခံသားပုပ်ရောင် တိမ်စိုင် တိမ်လိပ်တွေက လေနှင်ရာ ရွေ့လျားနေဆဲ။ ထို့အတူ ကျွန်တော့်စိတ်တို့ကလည်း ဆောက်တည်ရာမရ လွင့်မျောနေဆဲ…။

ဘဝတွင် ဘယ်လိုမှ ပြန်အစားထိုးလို့ မရသည့် ဆုံးရှုံးမှုကြီး သုံးခုရှိသည်ကို စာဖတ်သူများ အားလုံးအသိဖြစ်ပါသည်။ မိဘ၊ အချိန်နှင့် ပျိုမျစ်မှုတို့ပဲဖြစ်ပါသည်။ ကိုးလလွယ်၊ ဆယ်လဖွား၊ သေမင်းကိုမျက်စောင်းထိုး၊ မိမိတို့ဘဝတွေကို သေမင်းလက်ထဲ ဝကွက်ပုံအပ်၊ အသက်နဲ့ရင်းပြီး မွေးဖွားခဲ့ရတဲ့ ကျေးဇူးရှင်ဖြစ်တဲ့ အမိအဖတို့နေရာမှာ တခြားသူတွေကို ကျွန်တော်တို့ အစားထိုးလို့ ရရဲ့လား။ ကုန်လွန်သွားခဲ့တဲ့ အချိန်တွေကိုရော ကျွန်တော်တို့ ပြန်ဝယ်လို့ရပါ့မလား။ ထို့အတူ ကုန်ခမ်းနွမ်းခြောက်သွားတဲ့ ကျွန်တော်တို့ အားလုံးရဲ့ နုနယ်ပျိုမျစ်ခြင်းတွေကိုရော ကျွန်တော်တို့ ပြန်အစားထိုးလို့ ရပါ့မလား။ မရပါ။ လုံးဝမရပါ။ ဤအရာများအားလုံးက ဘဝတွင် တစ်ကြိမ်သာရသည့် ဆုလာဘ်ကြီးတစ်ခုပဲ ဖြစ်ပါသည်။ တစ်ကြိမ်သာရသည့် အထူးအခွင့်အရေးကြီးကို ကျွန်တော်တို့လက်ဝယ် ပိုင်ပိုင်နိုင်နိုင် အကျိုးရှိစွာ အသုံးချနိုင်မှ လူဖြစ်ရကျိုးနပ်ပါမည်။ သို့မဟုတ်လျှင် နောင်တတွေ တပွေ့တပိုက်။ ဝမ်းနည်းပူဆွေးမှုတွေ ဘဝမှာ အထုပ်လိုက် အခဲလိုက်။

## (နှစ်)

ကျွန်တော်က ညဘက် အိပ်မပျော်တတ်သူတစ်ယောက် ဖြစ်ပါသည်။ တိတိကျကျ ပြောရလျှင် ညဘက်အိပ်ခါနီး၌ လူမစုံလျှင် ဘယ်လိုမှ အိပ်မပျော်တတ်သူ တစ်ယောက် ဖြစ်ပါသည်။ လူစုံလျှင်တော့ အစ်ရေးပဲဖြစ်ပါသည်၊ ကျွန်တော်တို့ မိသားစုဝင်က လေးဦးရှိပါသည်။ ကျွန်တော်ရယ်၊ အစ်ကိုအကြီးဆုံး နှစ်ယောက်ရယ်၊ အမေရယ် ဒါပဲဖြစ်ပါသည်။ (အဖေဆုံးသွားတာကြာပါပြီ)။ အစ်ကိုအကြီးဆုံးတစ်ယောက်က ဟိုးအဝေးဆီမှာ နေပါသည်။ ဒါကြောင့် အိမ်မှာ စုစုပေါင်း၊ မိသားစုဝင်က သုံးယောက်တည်းရှိပါသည်၊ အစ်ကိုလတ်နှင့် အမေက ညဘက်အပြင်အပြဲထွက်ပါသည်၊ ထို့ကြောင့် အိမ်မှာ ကျွန်တော်တစ်ယောက်တည်း။ ကျွန်တော်က စောစောအိပ်ရာဝင်လေ့ရှိပါသည်။ သို့သော် ဘယ်လိုမှ အိပ်မပျော်။ အသံ 'ခြွတ်ခြွတ်'ကြားတိုင်း မျက်လုံးဖွင့်မိရပြီ။ နားစိုက်ထောင်မိရပြီ ဖြစ်ပါသည်။ ''အမေလား၊ အစ်ကိုလေးလား''ဆိုပြီး မေးမိရပြီဖြစ်ပါသည်။ အိမ်ရှိ လူအကုန် အိပ်ရာဝင်တော့မှ ကျွန်တော် ကောင်းကောင်း အိပ်ပျော်နိုင်ပါသည်။ 'အမေနှင့်အစ်ကိုလေး' ပြန်အလာကို စောင့်မျှော်ပြီး ကျွန်တော် အိပ်ရာဝင်ဖြစ်ခဲ့သည်မှာ တစ်ခါနှစ်ခါမက အကြိမ်ကြိမ်အခါခါ ဖြစ်ပါသည်။ လူစုံတက်စုံ အိပ်ရာမဝင်ဖြစ်လျှင် အိမ်ပြန်မရောက်ဖြစ်လျှင် ကျွန်တော်ကတော့ စောင့်နေမြဲ မျှော်နေမြဲ။ ကျွန်တော့်စိတ်၌ လူတစ်ယောက်ကို အထူးအောက်မေ့သတိရမိသွားပါသည်။ လူမစုံလျှင် ဘယ်လိုမှအိပ်မရတဲ့သူ။ အမြဲ မျှော်နေတတ်သူ။ ဩော်…အမေ…အမေ။ သတိရခြင်းတွေနဲ့အတူ နောင်တတွေကလည်း ကျွန်တော့်နှလုံးအိမ်ထဲ တိုးဝင်လာခဲ့

ဘဝတွင်
ဘယ်လိုမှ
ပြန်အစားထိုးလို့
မရသည့်
ဆုံးရှုံးမှုကြီး
သုံးခုရှိသည်ကို
စာဖတ်သူများ
အားလုံးအသိ
ဖြစ်ပါသည်။ မိဘ၊
အချိန်နှင့် ပျိုမျစ်မှုတို့ပဲ
ဖြစ်ပါသည်။

ကာ ဝင်ရောက်လာစမြဲ။ မျက်ရည်တို့ကလည်း ပိုးခနဲ ပေါက်ခနဲ။

ကျွန်တော် အခုရက်ပိုင်းအတွင်း အမေ့ကို ခဏခဏသတိရပါသည်။ အထူးသဖြင့် အိပ်လို့မပျော်သောညတွေဆို အမြဲအောက်မေ့ သတိရတတ်ပါသည်။ ဟိုး… လွန်ခဲ့သော အတိတ်စာမျက်နှာများဆီမှ စာရွက်လေးတစ်ရွက်ကို လှန်လှောကြည့်ရှုရသလို အဖြစ်အပျက်၊ အကြောင်းအရာ၊ စကားသံလေးတချို့ကို မြင်ယောင်၊ ကြားယောင်မိဆဲ။

ကျွန်တော် ၈ တန်းနှစ်လောက်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်အသက် ၁၅ နှစ် ဝန်းကျင်ဖြစ်ပါသည်။ တစ်နေ့ အိမ်ရှိ မိသားစုအကုန် အပြင်ထွက်သွားကြပါသည်။ အိမ်မှာ အမေတစ်ယောက်တည်း ကျန်ခဲ့ပါသည်။ ည ၉နာရီခွဲဝန်းကျင်လောက်မှာ ကျွန်တော် အိမ်ပြန်လာခဲ့ပါသည်။ အိမ်ပေါ်ရောက်သောအခါ အမေက ခြင်ထောင်ထဲကနေ–

"ဘယ်သူလဲ…အငယ်ကောင်လား"

ဟု မေးပါသည်။ ကျွန်တော်က အလိုက်သင့်–

"ဟုတ်–အမေ ကျွန်တော်ပါ၊ အမေ ဘာလို့မအိပ်သေးတာလဲ"

ဟု ဖြေလည်းဖြေ အမေ့ကိုလည်း မေးလိုက်ပါသည်။ အဲသည်ညက အမေပြောခဲ့သော စကားသည် ကျွန်တော့်နားဝမှာ တစ်သက်တာစွဲသွားစေပါသည်။ ယခုထက်တိုင်လည်း အမေ့ရဲ့စကားကို အသွေးထဲ အသားထဲ မြင်ယောင်ကြားယောင်နေမိပါသည်။ အမေက–

"ငါ့သားတို့ အိမ်ပြန်လာတာကို မျှော်နေတာ၊ အမေက အိမ်မှာလူမစုံရင် အိပ်မပျော်ဘူး"

ဒါသည်ပင် အပိုအလိုမပါသော မိခင်တစ်ယောက်၏ ပကတိစိတ်စေတနာ ဖြူစင်စွာဖြင့် ပြန်ဖြေလိုက်သောစကားဖြစ်ပါသည်။ ကျွန်တော်ကတော့–

"ဟာ…အမေကလည်း၊ ဘာဆိုင်လို့လဲ၊ လူမစုံတာနဲ့ အိပ်မပျော်တာ ဘာမှကို ပတ်သက်မှုမရှိဘူး၊ ဆိုင်လည်းမဆိုင်ဘူး"

ဟု နှုတ်ကနေဖွင့်မပြောဘဲ စိတ်ထဲကနေပဲ အမေ့ကိုပြန်ပြောနေမိသည်။ အမေ့အဖြေကိုလည်း စိတ်ထဲဘဝင်မကျခဲ့ပါ။





ကမ္ဘာပေါ်ရှိ
အမေတိုင်းလိုလိုက
သူတို့ သားသမီးတွေ
အိမ်ပြန်လာတာကို
စောင့်တတ်မြဲ။
ထို့အတူ
အမေကလည်း
ကျွန်တော်တို့
ညီအစ်ကိုတစ်တွေ
အိမ်ပြန်လာတာကို
စောင့်မျှော်...

ထိုစဉ်က အမေ့ရဲ့စိတ်ကို ကျွန်တော် နားလည်မပေးမိခဲ့။ အမေ့ရဲ့ခံစားချက်ကို ကိုယ်ချင်းစာနာမပေးမိခဲ့။ ဆယ်တန်းလေးအောင် တက္ကသိုလ်လေးဘာလေး ရောက်ပြီး၊ စာလေး မတောက်တခေါက် ဖတ်မိတော့မှ အမေ့ရဲ့ခံစားချက်ကို ကျွန်တော် မျက်ဝါးထင်ထင် နားလည်ခဲ့ရပါသည်။ အထူးသဖြင့် ကျွန်တော်ကိုယ်တိုင် အိမ်မှာ အမြဲနေသူ တစ်ယောက်ဖြစ်တော့ အမေ့ရဲ့ခံစားချက်ကို တိုးလို့ပိုနားလည်ခဲ့ရပါသည်။ ကျွန်တော် စာနာနားလည် သိတတ်သည့် အရွယ်မှာတော့ အမေမရှိတော့ပါ။ လူ့လောကကြီးထဲမှာ အမေမရှိတော့ပါ။ ကျွန်တော် ပိုလို့ ယူကြုံးမရ ဖြစ်မိပါသည်။ 'နောင်တ'တဲ့။ နောင်အခါမှ သိရတဲ့အရာမှန်သမျှ တရုတ်အရာမှန်သမျှ တစ်ခုမျှမကောင်းပါလေ။

(သုံး)

မိသားစုများ အခန်းကဏ္ဍ
ကမ္ဘာဦးပုံသဏ္ဍာန်
တစ်ဦးပြန်အလာ တစ်ဦးမျှော်ကြ
မီးဖိုကြ။
(ဒွေဒွိမ်၊ ဒီဇင်ဘာ၊ ရှုံ့သစ်)

ဆရာအောင်ခြိမ့်ရဲ့ ''လမ်း''ဆိုတဲ့ ကဗျာတစ်ပိုဒ်ပဲ ဖြစ်ပါသည်။ ကမ္ဘာဦး ပုံသဏ္ဌာန်တဲ့။ ရှေးကမ္ဘာဦးကတည်းက၊ ကျောက်ခေတ်ကတည်းက လူသားများသည် တစ်ဦးပြန်အလာကို တစ်ဦးက စောင့်မျှော်ခဲ့ကြပါသည်။ သွားသူတွေက သွားမြဲဖြစ်သလို၊ စောင့်မျှော်သူတွေကလည်း စောင့်မျှော်စမြဲဖြစ်ပါသည်။ သားကောင်တွေကို ပခုံးထက်မှာထမ်းရင်း မိမိသက်ဆိုင်ရာ ဂူကလေးထဲကိုပဲဖြစ်ဖြစ်၊ အိမ်ကလေးထဲကိုပဲ ဖြစ်ဖြစ် ပြန်လာကြတဲ့သူတွေကို သက်ဆိုင်သူတွေက မျှော်စမြဲလေ။ ရရှိလာကြတဲ့ သားကောင်တွေကို အလျှံတညီးညီးတောက်လောင်နေတဲ့ မီးဖိုထဲကို ထိုးထည့်လိုက်ရင်းက နွေးအောင်လည်းလှုံရင်း၊ ကုန်အောင်လည်း ဝိုင်းဖွဲ့စားသောက်ရင်း စကားတွေ တွတ်ထိုးကြ၊ ဖခင်ဖြစ်သူက တောထဲက မိမိအတွေ့အကြုံတွေကို ပြောပြရင်း မီးဖိုဘေး မျက်ရွှင်ကြည်နူးနေသည့် မိသားစုလေးကို ကဗျာဖတ်ရင်း မြင်ယောင်လာမိပါသည်။ ဪ...မိသားစုများ အခန်းကဏ္ဍတဲ့၊ ကဗျာဆရာ အောင်ခြိမ့်က။ ဪ–အမေလည်း ကျွန်တော်တို့ပြန်အလာကို စောင့်မျှော်နေခဲ့ပါသည်။ ကျွန်တော်တို့ကတော့ ပြန်လာချင်သည့် အချိန်ကျမှ ပြန်လာ၊ အမေမျှော်နေလား၊ ဘာလား၊ မသိ။ ထင်ရာလျှောက်သွားခဲ့ကြပါသည်။ ထင်ရာ စိုင်းခဲ့ကြပါသည်။ အမေကတော့ ကျွန်တော်တို့ ပြန်အလာကို မိုးအလင်းထိ စောင့်ရင်း...။ အမေ့စိတ်ဇောတနာကို ကျွန်တော်တို့ လျစ်လျူရှုမိခဲ့ကြပါသည်။ ဥပေက္ခာပြုမိခဲ့ကြပါသည်။ အမေတစ်ယောက်ရဲ့ စောင့်မျှော်ခြင်းတွေကို ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ မသိကျိုးကျွန် ပြုခဲ့ကြပါသည်။ သို့ပေမင့် ကမ္ဘာပေါ်ရှိ အမေတိုင်းလိုလိုက သူတို့ သားသမီးတွေ အိမ်ပြန်လာတာကို စောင့်တတ်မြဲ။ ထို့အတူ အမေကလည်း ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ အိမ်ပြန်လာတာကို စောင့်မျှော်နေဦးမှာပါပဲလေ။



(လေး)

ကဗျာဆရာ နိုင်မွန်အောင်သွင်ရဲ့ ကဗျာတစ်ပိုင်းတစ်စက ကျွန်တော့်အာရုံ ဖန်သားပြင်ထဲ ငြိကာတွယ်ကာ ဝင်ရောက်လာပါသည်။

**မောင်သာစိုး(ပြည်)**






# သွေးတိုးခြင်း နှင့် စားသောက်မှုပုံစံ

ဒေါက်တာရဲကို

လူတို့၏ ခန္ဓာကိုယ်အတွက် လိုအပ်သော အစားအသောက် အာဟာရဆိုသည်မှာ နေ့စဉ်မပြတ် လှုပ်ရှားရှင်သန်နေထိုင်မှု၊ အချိန်တိုင်းအတွက် အကောင်းဆုံးအခြေအနေနှင့် ကျန်းမာမှုကို ပေးစွမ်းနိုင်သော အရာပင်ဖြစ်သည်။ အစာလည်းဆေး ဆေးလည်းအစာဆိုသည့်အတိုင်းပင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက် နေထိုင်မှုပုံစံ၊ အာဟာရပါဝင်မှုတို့ ပြည့်စုံပါမှ လှပသော အနာဂတ်နေ့ရက်များကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

## သွေးတိုးရောဂါ

လူ့ခန္ဓာကိုယ် သွေးကြောများအတွင်းရှိ သွေးပေါင်ချိန်မြင့်မားမှုကို သွေးတိုးခြင်းဟု ယေဘုယျခေါ်ဆိုနိုင်သည်။ သွေးတိုးခြင်းမှသည် သွေးတိုးရောဂါ ဖြစ်ပွားလာကာ နောက်ဆက်တွဲ အခြား နှလုံးသွေးကြောရောဂါများဖြစ်ပွားလာပြီး အသက်အန္တရာယ် ထိခိုက်စေနိုင်သော အခြေအနေသို့ ရောက်ရှိနိုင်ပေသည်။ သွေးတိုးရောဂါ ဖြစ်ပွားစေနိုင်သော အကြောင်းအချက်များစွာရှိပေသည်။ ကျောက်ကပ်ရောဂါမှ ဖြစ်ခြင်း၊ ဟိုမုန်းပြောင်းလဲမှုကြောင့်ဖြစ်ခြင်း၊ ကိုယ်ဝန်ဆောင်စဉ် ဖြစ်ခြင်း၊ သွေးလွှတ်ကြောမကြီး မှုမမှန်ခြင်းကြောင့်ဖြစ်ခြင်းနှင့် ဆေးများကြောင့်ဖြစ်ခြင်း စသည်ဖြင့် အမျိုးမျိုးသော အကြောင်းခြင်းရာများမှ ဖြစ်ပွားနိုင်ပေသည်။ ထို့အပြင် နေ့စဉ်စားသောက်နေသော အစားအသောက်များနှင့် ပါဝင်သော ဗိုက်တာမင်နှင့် သတ္တုဓာတ်တို့ကြောင့်လည်း သွေးတိုးခြင်း သွေးတိုးရောဂါ ဖြစ်ပွားစေနိုင်ပါသည်။

## ဆားဓာတ်နှင့် သွေးတိုးခြင်း

ဆားဓာတ်(ဆိုဒီယမ်ကလိုရိုက်)သည် သွေးတိုးခြင်း ဖြစ်ပွားစေနိုင်သော အဓိကဓာတ်တစ်မျိုးဖြစ်သည်။ ရှေးပဝေသဏီကပင် ဆားကို လျှော့စားခြင်းဖြင့် သွေးတိုးခြင်းကို လျှော့နည်းစေကြောင်း မှတ်တမ်းမှတ်ရာများ ထားရှိခဲ့ကြပေသည်။

ဆားကို သာမန်စားသုံးမှုထက် လွန်ကဲစွာ နေ့စဉ်စားသုံးမှုကြောင့် သွေးတိုးရောဂါ ဖြစ်ပွားနိုင်ကြောင်း၊ သွေးပေါင်ချိန်မြင့်တက်နိုင်ကြောင်း တွေ့ရှိရသည်။ ပင်လယ်ဆားငံရေဖြင့် နေ့စဉ်စားသောက်



နေသော အစားအစာများကို ချက်ပြုတ်စားသောက်သော ခေတ်လွန် ကျွန်းဒေသမှ ဒေသသူ/သားများတွင် သွေးပေါင်ချိန်မြင့်တက်နေပြီး ဆားရရှိနိုင်ရန် ရှားပါးသောဒေသများဖြစ်သည့် အမေဇုန်ဒေသ၊ ဘော့စဝါနာဒေသ၊ ပစိဖိတ်ကျွန်းဒေသများတွင် နေထိုင်ကြသူများ တွင်မူ သွေးပေါင်ချိန်မြင့်တက်မှု သွေးတိုးရောဂါ ဖြစ်ပွားမှု နည်းပါး ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း ဝေးလံခေါင်ဖျား တောင်တန်းဒေသများ ဖြစ်သည့် ကချင်၊ ချင်းတောင်ဒေသများတွင် ဆားရှားပါးမှုရှိပြီး သွေး တိုးရောဂါ ဖြစ်ပွားမှု မရှိသလောက် နည်းပါးကြောင်း တွေ့ရှိနိုင်ပါ သည်။

လူတိုင်းအတွက် နေ့စဉ် ဆားလိုအပ်မှုပမာဏမှာ (၁ ·၅ဂရမ်) ခန့်သာရှိပါသည်။ ပုံမှန်အားဖြင့် ကောင်းနေသော ကျောက်ကပ်မှ သည် ဆားကို ဆီးမှတစ်ဆင့် စွန့်ထုတ်မှုမရှိပါ။ နေ့စဉ် စားသောက် သော ဆားပမာဏ များလာသောအခါမှသာ ကျောက်ကပ်မှ စွန့်ပစ် ခြင်းဖြစ်သည်။ အာရှတိုက်သားတို့၏ နေ့စဉ် ဆားစားသုံးမှု ပမာဏမှာ (၁၅၀ ဂရမ်)ခန့် ရှိပြီး အနောက်နိုင်ငံသားတို့မှာမူ (၉ ဂရမ်) ခန့်သာ စားသုံးကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ မလိုအပ်တဲ့ နေ့စဉ် ဆားစားသုံးမှု မှတစ်ဆင့် နောက်ဆက်တွဲဆိုးကျိုးများအဖြစ် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ် ရောဂါ စသည်ဖြင့် ရောဂါအမျိုးမျိုး ဆက် လက်ဖြစ်ပေါ် ခံစားရနိုင်ပါသည်။ ကမ္ဘာ့ကျန်း မာရေးအဖွဲ့ကြီး (WHO) မှ အသက်အရွယ် ရောက်သူတိုင်း နေ့စဉ် ဆားစားသုံးမှုကို (၆ ဂရမ်ထက်မပို) သို့မဟုတ် (၂·၃ ဂရမ်ထက် လျှော့နည်း)ကာ စားသုံးသင့်ကြောင်း ညွှန် ကြားမှုပေးထားပါသည်။

ရှေးယခင်ကပင် ဆားကို အစားအစာ များ တာရှည်ခံစေရန် မပုပ်မသိုးစေရန် အတွက် အသုံးပြုခဲ့ကြပါသည်။ ယခုခေတ်အခါတွင်လည်း အစားအစာ များကို ပြင်ဆင်ထုပ်ပိုးရောင်းချရာတွင် တာရှည်ခံစေရန် စည်သွပ်ဗူး များ၊ အသင့်စားအစားအစာများတွင်လည်း ဆားပမာဏကို လိုသည် ထက် ပိုမိုထည့်သွင်းလာကြပေသည်။

လူအများ နေ့စဉ်စားသုံးနေကြသော ဆားဓာတ်များသည် နေ့စဉ် စားသောက်ရန် ချက်ပြုတ်ခြင်းမှ ရရှိခြင်းသည် အဓိကမဟုတ်ဘဲ အများစုမှာ အလွယ်တကူ အသင့်ပြင်ဆင်ထားသော အစား အသောက်များထဲတွင် ပါဝင်နေခြင်းကြောင့် ရရှိခြင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် ဂျုံမှုန့်တွင် ဆားဓာတ်ပါဝင်မှုမှာ (၁၀၀ ဂရမ်)တွင် (၃–၄ မီလီဂရမ်) သာ ပါဝင်သည်။ သို့ရာတွင် ၎င်းဂျုံမှုန့်ဖြင့် ပြုလုပ် ထားသော သာမန်ပေါင်မုန့်တစ်လုံးတွင် (၁၀၀ ဂရမ်) ပမာဏအရွယ် တွင် ဆားဓာတ် (၅၂၀–၅၅၀ မီလီဂရမ်) အထိ ပါဝင်နေကြောင်း တွေ့ရသည်။ အဆီများဖြစ်သော နေကြာဆီ၊ သံလွင်ဆီတို့တွင် ဆား

**လူအများ နေ့စဉ်စားသုံးနေကြသော ဆားဓာတ်များသည် နေ့စဉ်စားသောက်ရန် ချက်ပြုတ်ခြင်းမှ ရရှိခြင်းသည် အဓိကမဟုတ်ဘဲ အများစုမှာ အလွယ်တကူ အသင့်ပြင်ဆင်ထားသော အစားအသောက်များထဲတွင် ပါဝင်နေခြင်းကြောင့် ရရှိခြင်းပင်. . .**



ဓာတ်အနည်းငယ်သာ ပါဝင်သော်လည်း ထောပတ် (၁၀၀ ဂရမ်) တွင် ဆားဓာတ် (၇၅၀ မီလီဂရမ်)၊ မာဂျရင်း (၁၀၀ ဂရမ်)တွင် ဆားဓာတ်ပါဝင်မှုမှာ (၈၀၀ မီလီဂရမ်) အထိ ပါဝင်နေကြောင်း သိရှိရသည်။ ထို့အပြင် ကိတ်မုန့်၊ ဘီစကစ်မုန့် စသည်တို့တွင်လည်း ဆားဓာတ်ပါဝင်မှုများကြောင်း တွေ့ရသည်။ ၎င်းမုန့်များတွင် အချိုအရသာ ထည့်သွင်းထားသဖြင့် ဆားဓာတ်၏အရသာကို ခံစားသိရှိမှု မရနိုင်တော့ပေ။

အောက်တွင် နေ့စဉ်စားသုံးနေသော ဆားပမာဏ၏ ခန့်မှန်းခြေ ရာခိုင်နှုန်းကို ဖော်ပြထားသည်-

| | |
|---|---|
| အစားအသောက် စားသောက်နေစဉ် ဆားစားသုံးမှု | ၉% |
| ချက်ပြုတ်နေစဉ် ဆားအသုံးပြုမှု | ၆% |
| သဘာဝအစားအသောက်များတွင် ဆားပါဝင်မှု | ၁၈·၅% |
| ကာရှည်ခံစေရန် အစားအသောက်များတွင် ဆားပါဝင်မှု | ၅၈·၇% |
| အခြား | ၇·၂% |
| သောက်သုံးရေတွင် ဆားဓာတ်ပါဝင်မှု | ၀·၆% |
| | ၁၀၀% |

ဆားဓာတ်ပါဝင်သော ဒြပ်ပေါင်းများထဲတွင် (Nacl) ဆိုဒီယမ်ကလိုရိုက်သည် အဆိုးရွားဆုံးဖြစ်ပြီး သွေးတိုးခြင်း၊ သွေးတိုးရောဂါများကို ဖြစ်ပွားစေပါသည်။ အခြား (NaHco3) (NaGlutamate) ဆိုဒီယမ်ဒြပ်ပေါင်းများမှာမူ သွေးတိုးမှုနောက်ဆက်တွဲ အဖြစ်အပျက်များကို မဖြစ်စေနိုင်ပေ။

ဆားဓာတ်သည် ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်ကိုပြောင်းလဲစေကာ သွေးတိုးခြင်းကို ဖြစ်ပွားစေသည်။ သွေးတိုးရောဂါ ဖြစ်နိုင်မှုကို အားပေးသည်။ သွေးတိုးရှိနေသူများသည်လည်း ဆားဓာတ်ကို လျှော့စားခြင်းဖြင့် သွေးပေါင်ချိန်ကျစေကာ ရေရှည်သွေးတိုး ကျဆေးများ မှီဝဲရခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နေ့စဉ်စားသောက်မှုပုံစံ ပြောင်းလဲခြင်းမှသည် သွေးတိုးရောဂါ ကာကွယ်နိုင်ခြင်း၊ သွေးတိုးရောဂါ ထိန်းသိမ်းနိုင်

**သွေးတိုးရှိနေသူများသည်လည်း ဆားဓာတ်ကို လျှော့စားခြင်းဖြင့် သွေးပေါင်ချိန်ကျစေကာ ရေရှည်သွေးတိုးကျဆေးများ မှီဝဲရခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်သည်။**






ခြင်းကို ရရှိခံစားနိုင်မည်မှာ မလွဲပင်။

စားသောက်မှုပုံစံတွင် အဆီများသော အစားအစာများ စားသောက်ခြင်းမှသည် ခန္ဓာကိုယ်အလေးချိန်တိုးလာခြင်း၊ ထိုမှ တစ်ဆင့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ စသော ရောဂါအမျိုးမျိုး၏ အကျိုးဆက်များကို ခံစားရနိုင်ပါသည်။ ကိုယ်အလေးချိန် ထိန်းသိမ်းမှုကို လေ့လာကြည့်သော် အဝလွန်သောသူများတွင် သွေးတိုးရောဂါ ပိုမိုဖြစ်စေနိုင်ပြီး အလေးချိန်(၁၀ ကီလိုဂရမ်)တက်တိုင်း သွေးပေါင်ချိန် (Diastolic Blood Pressure) (3 mmhg) မြင့်တက်ကြောင်း တွေ့ရှိရပါသည်။ ကိုယ်အလေးချိန်ကျစေရန် စားသောက်မှုပုံစံ ပြောင်းလဲခြင်း၊ သင့်တင့်မျှတသော လေ့ကျင့်ခန်း ပြုလုပ်ခြင်းမှသည် ကိုယ်အလေးချိန် (၅ ကီလိုဂရမ်) လျော့ကျတိုင်း သွေးပေါင်ချိန် (Systolic Blood Pressure) (10 mmhg), (Diastolic Blood Pressure) (5 mmhg)) ခန့် လျော့ကျစေနိုင်ကြောင်း သိရသည်။

အသီးအရွက်များ စားသောက်ခြင်း၊ သက်သတ်လွတ် စားသုံးခြင်းတို့သည်လည်း နေ့စဉ်စားသောက်နေသော အစားအစာများတွင် အားပေါင်းမှု လျော့နည်းစေခြင်း၊ ခန္ဓာကိုယ် အလေးချိန် ထိန်းညှိစေခြင်းတို့အတွက် အကျိုးဖြစ်စေပါသည်။

နေ့စဉ် ရှင်သန်လှုပ်ရှားမှုအတွက် လိုအပ်သော စွမ်းအင်ရရှိရန် လိုအပ်သည်။ ၎င်းကို နေ့စဉ်စားသောက်နေထိုင်မှုမှ ရရှိနိုင်သည်။ သင့်တင့်မျှတသော ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပုံစံကို စားသုံးခြင်းမှသည် မလိုလားအပ်သော ကျန်းမာရေး ဆိုးကျိုးရောဂါများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အားလျော့စားခြင်း၊ ခန္ဓာကိုယ် အလေးချိန် ထိန်းသိမ်းခြင်း၊ ဆေးလိပ်၊ အရက် စသည်တို့ကို ရှောင်ခြင်းတို့မှသည် သွေးတိုးခြင်း(သွေးတိုးရောဂါ)ကို ရှောင်ရှားနိုင်မည် ဖြစ်သည်။ လုပ်ပျော်ရွှင်ဖွယ် အနာဂတ်ဘဝကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

**ဒေါက်တာရဲကို**

## နှုတ်တစ်ရာ စာတစ်လုံး




လူ့သဘောကလည်း ခက်သားဗျ။ နှုတ်တစ်ရာ စာတစ်လုံး ဆိုသလို စာနဲ့ပေနဲ့ အထောက်အထားနဲ့မှ လက်ခံချင်တတ်ကြတယ်။ သတင်းစာတိုက်က အယ်ဒီတာတစ်ယောက်က သူ့အိမ်က ထမင်းချက်အဘွားကြီးကို တစ်မနက်မှာ ပြောတယ်။ ''ဒီနှစ် အာလူးအထွက်ကောင်းမယ်လို့ ကျုပ်ထင်တယ်'' အဘွားကြီးက မထင်ဘူး။ ''ကျုမအထင်တော့ အထွက်နည်းမယ်ထင်တယ်''

အဘွားကြီးပြောတာကို ဂရုမထားဘဲ အယ်ဒီတာက တိုက်ရောက်တာနဲ့ ညနေထုတ်သတင်းစာမှာ သူ့ခန့်မှန်းချက်ကို သတင်းအဖြစ် ဖော်ပြလိုက်တယ်။ အဲဒီည အယ်ဒီတာကြီး အိမ်ကို ပြန်လာတော့ ထမင်းချက်အဘွားကြီးက ဆီးပြောတယ်။

''ဆရာရေ ကျုမအထင် မှားသွားတယ်၊ သတင်းစာမှာပါတယ်၊ ဒီဆောင်းမှာ သီးနှံတွေအထွက်ကောင်းမယ်''တဲ့။

City MAGAZINE

# မီးရောင်အောက်တွင် ဇာတ်ရုပ်ထင်သည်

⟨ပုလဲ⟩

ချောင်းရိုးမြောင်းရိုးသာ တိမ်ကော လျှင်တိမ်ကောမည်။ လူမျိုးကတော့ မတိမ်ကောတတ်ပေ။

သလ္လာချစ်ခေါ် နဲ့ဆရာကြီး ဦးချစ်လှိုင်သည် ဗလာဆိုင်း၊ နတ်ဆိုင်း၊ ဇာတ်ဆိုင်း စသည်ဖြင့် အလုပ်လုပ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့သည်။

ပညာအခြေခံကောင်းသည်နှင့် အမှု အတွေ့အကြုံကလည်း ရင့်ကျက်၍ ဆိုင်းဆရာ(ရွာစား)တိုင်းက အားကိုးအားထားပြုခြင်းခံခဲ့ရဖူးသည်။

သလ္လာချစ် သို့မဟုတ် ဦးချစ်လှိုင်သည် ဇာတ်ဆိုင်းနှင့်တွဲခဲ့စဉ်မှာ ဇာတ်မင်းသမီး မြယုဝေနှင့်အိမ်ထောင်ကျခဲ့သည်။ မြယုဝေက နောက်ပိုင်းမင်းသမီး။ အဆို၊ အပိုအက၊ အပြော ကျွမ်းကျင်နိုင်နင်းသလို ပရိသတ်ကိုလည်း ဆွဲဆောင်နိုင်သော ပါရမီရှိသည်။



နှဲဆရာနှင့်ဇာတ်မင်းသမီးတို့မှ ပေါက်ဖွားလာသူတစ်ဦးတည်းသော သမီးလေး မြစန်းယဉ်သည်လည်း အနုပညာလောကတွင် ထင်ပေါ်ကျော်ကြားလူကြိုက်များခဲ့သည်။

ချင်းတွင်းဖါတံခါးဝဟု လူသိများသော မုံရွာမြို့၌ ဇလာအငြိမ့်သုံးဆယ်ခန့်ရှိသည့် အနက် ဇာတ်ဆရာကြီး ဦးဆန့ တည်ထောင်သော''မဟာမြန်မာ''ဇာတ်သဘင်လည်း တစ်ခုပါဝင်လေသည်။ မဟာမြန်မာဇာတ်သည် ပွဲရိုးအများဆုံးရရှိပြီး ပရိသတ်လက်ခံသော ဇာတ်တစ်ဇာတ်ဖြစ်ခဲ့သည်။ ထိုဇာတ်တွင် မြစန်းယဉ်သည် အဓိကကျသော ခေါင်းဆောင်မင်းသမီးဖြစ်သလို မြစန်းယဉ်ကြောင့် မဟာမြန်မာဇာတ် ဂုဏ်တက်ခဲ့ရသည်ဆိုက မမှားပေ။

မြစန်းယဉ်၏ ဖခင် နှဲဆရာကြီး ကွယ်လွန်ခဲ့သည်မှာ ငါးနှစ်နီးပါးရှိခဲ့ပြီဖြစ်၏။ မိခင်ဖြစ်သူကလည်း ကျန်းမာရေးမကောင်း၍ ဇာတ်သဘင်လောကမှ အနားယူခဲ့သည်။ ယခု မြစန်းယဉ်က တစ်လှည့် မိခင်ကြီးကို လုပ်ကိုင်ကျွေးမွေးနေရလေသည်။

အသက်ငယ်သော်လည်း နာမည်ကြီး ခေါင်းဆောင်မင်းသမီးဖြစ်၍ မြစန်းယဉ်၏ ညကြေးမှာ ထိပ်ဆုံးစာရင်းတွင် ပါဝင်လေသည်။ မဟာမြန်မာဇာတ်တွင် ဇာတ်မင်းသားဇာမဏီက ညကြေးအများဆုံးရပြီး မြစန်းယဉ်က ဒုတိယနေရာလိုက်သည်။

မိခင်ဖခင်တို့ထံမှ အနုပညာဂီတအမွေကို မလွှတ်တမ်းရယူနိုင်ခဲ့ရုံသာမက မြစန်းယဉ် ကိုယ်တိုင်ကလည်းဇွဲရှိသည်။ ကြိုးစားလေသည်။ အနုပညာဘက်တွင်လည်း ထူးချွန်သောပါရမီရှင်လေးဖြစ်လာခဲ့သည်။ အဆို၊ အက၊ အငို၊ အပြောစွယ်စုံရသည်။

အချိန်တိုတိုအတွင်း ပရိသတ်နှလုံးသားတွင် မြစန်းယဉ်ဟူသော အမည်တစ်ခု ထင်ပေါ်ကျော်ကြားရေပန်းစားခဲ့သည်။ ထင်ပေါ်လျှင် စင်တော်ကတောက်တတ်သည်မှာ ဓမ္မတာ၊ ဇာတ်ထောင်၊ ဇာတ်မန်နေဂျာများက သူ့ထက်ငါအလုအယက် ခေါ်လိုကြသည်။ သို့သော် မြစန်းယဉ်မှာ ဦးလေးတော်စပ်သူ ဦးဆန့၏ မဟာမြန်မာဇာတ်နှင့် အလုပ်လုပ်ဖြစ်သည်။

နှဲဆရာနှင့် ဇာတ်မင်းသမီးတို့မှ
ပေါက်ဖွားလာသူတစ်ဦးတည်းသော သမီးလေး
မြစန်းယဉ်သည်လည်း အနုပညာလောကတွင်
ထင်ပေါ်ကျော်ကြား လူကြိုက်များခဲ့သည်။

ဘုရားပွဲကျောင်းပွဲ အလှူပွဲ ကထိန်ပွဲမှအစ ဘုန်းကြီးပျံ၊ ဘိုးတော်ပျံအဆုံး အညာဒေသ၏ ထုံးစံအတိုင်း ဇလာဇာတ်ငှားကြသည်။ ငှားသူရှိလျှင်အားပေးသူကလည်း ညလုံးပေါက် စက်ဝက်ကွဲအောင်ကြည့်သည်။ ဇလာဇာတ်တို့၏ ထုံးစံအတိုင်း နှစ်ညကပြရလေသည်။ ဘုန်းကြီးပျံပွဲမျိုးမှ ငှားလျှင် မြစန်းယဉ်တို့လို ခေါင်းဆောင်မင်းသမီးတွေက နေ့ခင်းဘက်တွင် ဗယင်ကျူးမေးရသည်။

တချို့ဇာတ်တွေက ရှေ့ပိုင်းမင်းသမီး၊ နောက်ပိုင်းမင်းသမီးဟူ၍ ခွဲခြားကာ တာဝန်ပေးထားသည်။ မဟာမြန်မာဇာတ်ကတော့ အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသွင်၊ နောက်ပိုင်းဇာတ်ထုပ်အားလုံး မြစန်းယဉ်သာ ဦးဆောင်ကသွားသည်။ အော်ပရာနှင့် နောက်ပိုင်းဇာတ်တွင် ဇာတ်မင်းသားဇာမဏီနှင့်တွဲသည်။ ပြဇာတ်ပိုင်းတွင် ချင်းတွင်းရေလှိုင်းနှင့်တွဲရသည်။

မှတ်မှတ်ရရ ထူးခြားမှုတစ်ခုလည်း မြစန်းယဉ်ကြုံခဲ့ရလေသည်။ မနှစ်ပိုင်းက ပွဲခွင်တစ်ခုဖြစ်သော ဆားလင်းကြီးမြို့နယ် အိုးအိုးရွာတွင် ဦးအောင်သင်း၊ ဒေါ်စိန်တို့၏ အလှူပွဲ ကရသည်။ ပွဲဦးထွက်ညတွင် ဇာတ်စုံနောက်ဖေး သတ်မှတ်ထားသော နေရာ၌ မြစန်းယဉ်မိတ်ကပ်လိမ်းနေသည်။ ထိုအချိန် အိုမင်းရင့်ရော်နေပြီဖြစ်သော အဘွားအိုတစ်ယောက် တောင်ဝှေးကို တုန်တုန်ချိချိထောက်ရင်း မြစန်းယဉ်ရှိရာသို့ ဦးတည်လာနေသည်။ အဘွားအိုနှင့်အတူ ဆယ့်လေး၊ငါးနှစ်အရွယ် ကလေးမလေးလည်းပါလာသည်။ အဘွားအိုကို ဦးဆောင်လမ်းပြခေါ်လာသူမှာ လူရွှင်တော်ဦးပေသီး ဖြစ်သည်။

''မင်းသမီးရေ…ဒီအဘွားက မင်းသမီးကို သိပ်တွေ့ချင်လို့တဲ့၊ အဲ့ဒါ ဇာတ်ဆရာထံ အကျိုးအကြောင်းပြောတယ်၊ ဇာတ်ဆရာက မင်းသမီးနဲ့ တွေ့နိုင်ဖို့ ဦးလေးကို အပ်နှင်းလို့ပါ။ ဟာ– အဘွားတွေ့ချင်တဲ့ မင်းသမီး မြစန်းယဉ်ဆိုတာပါပဲ–''

''ဟုတ်ကဲ့– ဦးပေသီး၊ ထိုင်ပါ အဘွား။ ညီမလေးလဲ ထိုင်နော်၊ –ဘာအကြောင်းများရှိလို့လဲ အဘွား– ''

မြစန်းယဉ် နေရာချထားပေးသော ဇာတ်သေတ္တာပေါ်သို့ အဘွားအိုက ဖြည်းလေးစွာထိုင်ရင်း ရီဝေသောမျက်လုံးများနှင့် မြစန်းယဉ်ကို ခြေဆုံးခေါင်းဆုံးကြည့်နေသည်။ ကြည့်ရင်းမှ အဘွားအိုက နှစ်လိုသောအပြုံးကို ပြုံးရင်းလှိုက်လှိုက်လှဲလှဲနှင့် စကားဆိုလေသည်။

''အိမ်းကွယ်– အဘွား အသက်ကိုးဆယ်နားနီးနေပါပြီ၊ အဘွားက ဒီအိုးအိုးရွာမှာ အသက်အကြီးဆုံးလို့ဆိုရမှာပေါ့လေ၊ ဟိုတုန်းကဆိုရင် အဘွားဟာ ရွာစဉ်လှည့်ပြီး ပွဲကြည့်တယ်၊ ပုလဲ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ကျားတက်ရွာတို့မှာ ဇလာပွဲ မဟုတ်တဲ့ ဇာတ်ကြီးတွေ ရုံသွင်းရင်လဲ အဘွားက မလွှတ်တမ်းကြည့်တယ်လေ၊ ပိုးစိန်ကြီး၊ အောင်မောင်းကြီး၊ ရွှေကိုညို– ပဲခူးမြတို့ ရွှေနန်းတင်၊ ရွှေမန်းတင်မောင်တို့ စိန်အောင်မင်းတို့ကနေ စိန်လှကြည်၊ ပန်တျာမြသိန်း၊ ပန်တျာကြည်လင်ဇာတ်

တွေ့ပါမကျန် အိုကွယ် – လာကတဲ့ဓာတ်မှန်သမျှ အဘွားကြည့်ခဲ့ဖူးသူပါ –''

အဘွားအိုက စကားကို ခေတ္တရပ်လိုက်သည်။ ဆက်တိုက်ပြောချလိုက်၍ မောသွားဟန်တူပါသည်။ မြစန်းယဉ်က ရေအေးအေးတစ်ခွက် ကမ်းပေးသည်။ ယခုအချိန်ထိ အဘွားအို၏ လာရင်းကိစ္စကို မြစန်းယဉ် ဇာတ်ရည်မလည်ရှာသေးပေ။

''ဝါသနာဆိုတာ ခက်ပါလားကွယ်၊ ဆိုင်းသံ ဗုံသံကြားရင် အဘွားနေလို့မရဘူး။ ပွဲခင်းရှိရာ ရောက်အောင်လာခဲ့မိတယ်၊ အိမ်ကကွယ်– မင်းသမီးမြစန်းယဉ် နာမည်ကြီးလွန်းလို့ ကြည့်ချင်၊ မြင်ချင်တွေ့ချင်တာနဲ့ အဘွားရောက်အောင်လာခဲ့တာ။ မှန်း– လှလိုက်ပါဘိ ဟရို့– စက်စက်ကိုယိုနေတာပဲ။ အသားကလဲ ဖွေးလို့နုလို့– အင်း ဒီညနာမည်ကြီးမင်းသမီးလေး မြစန်းယဉ်ကတာကို အဘွားကြည့်မယ်၊ ပွဲကြည့်ရင်းသေသွားပါစေကွယ်၊ အဘွား သေပျော်ပါတယ်၊ ပြော်– နောက်ပြီး မနက်ဖြန်မနက်စာကို အဘွားအိမ်မှာကျွေးချင်တယ်၊ မင်းသမီးလေး စားမယ်မဟုတ်လားဟင်''

ထိုအခါ မြစန်းယဉ်က အခြေအနေကို အဘွားအိုအား ရှင်းပြသည်။

''ခုဟာက ဘုံပွဲမဟုတ်တော့ အလှူရှင်က တာဝန်ယူကျွေးနေလို့ ဇာတ်တစ်ဖွဲ့လုံးရောပြီး အလှူမှာစားရမှာ အဘွားရဲ့ အဘွားစေတနာကို မြစန်းနားလည်ပါတယ်၊ နောက်ကြုံတဲ့အခါ အဘွားအိမ်ကထမင်း မြစန်းစားမှာပါ –''

''အေးကွယ် – ဒါဆိုလဲ မင်းသမီးလေး ပြန်ရင်တော့ အဘွားလက်ဆောင်တွေ ပေးလိုက်ချင်သေးတယ်–''

''ကျေးဇူးတင်ပါတယ် အဘွားရယ်''

အဘွားအိုက မြစန်းယဉ်လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း မြစန်းယဉ်ကို တစိမ့်စိမ့်ကြည့်နေရှာသည်။

ထိုည ပွဲထွက်ချိန်မှာလည်း ညဉ့်ဦးပိုင်းက လာသွားသောအဘွားအိုသည် ဆိုင်းဝိုင်းကြီးအနီး ရှေ့ဆုံးမှထိုင်၍ ပွဲကြည့်နေသည်ကို မြစန်းယဉ်တွေ့ရသည်။

အနုပညာရှင်တွေကို မြတ်နိုးပြီး အနုပညာရှင်တွေအပေါ် ချစ်မြတ်နိုးတတ်သော အသက်ကိုးဆယ်အရွယ်အဘွားအိုကို မြစန်းယဉ်တစ်သက်မေ့နိုင်တော့မည်မဟုတ်ပါ။

++++++++++++++++

ဒီနှစ်ပိုင်းရောက်မှ ဒေါ်မြယုဝေ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားလာသည်။ အိမ်မှာခေါ်ထားသော ဒေါ်မြယုဝေညီမ မြစန်းယဉ် အဒေါ် ဒေါ်ခင်အေးက အနီးကပ်ပြုစုနေရသည်။ မြစန်းယဉ်မှာ ပွဲခွင်တွေ စိပ်နေ၍ အိမ်မှာနားရသည်မရှိ၊ ဇာတ်သေတ္တာသွားရာ လှည့်လည်နေရသည်။ မုံရွာဝန်းကျင်သာမက မင်းကင်း၊ ကလေးစသည့်အထိ သွားရောက် ကရသည်။ ရောက်သည့်နေရာ ရောက်သည့်ရွာတိုင်းက မြစန်းယဉ်ပါလာသည်ကိုပဲ လိုလားကြသည်။ မြစန်းယဉ်ကိုကြည့်ပြီး ငှားရကျိုးနပ်သည်ဟုသာ ထုတ်ဖော်ပြောကြသည်။



ဓာတ်ဆောင် ဦးဆန္ဒအပါအဝင် ဇာတ်တစ်ဖွဲ့လုံးကလည်း မြစန်းယဉ်၏ အရည်အချင်းကိုသိထား၍ အားကိုးအားထားပြုကြသည်။ မြစန်းယဉ်မှာ ငယ်ငယ်ရွယ်ရွယ်နှင့် နာမည်ကြီးနေသော်လည်း မာန်မာနမရှိ၊ ပလွှားခြင်းကင်းသည်။ ဖခင်ရှိစဉ်က ဆုံးမမှာကြားသည့်စကားကို အမြဲသတိရနေတတ်သည်။

''သမီး– အနုပညာသည်ဆိုတာ မီးရောင်အောက်ကနေ ပရိသတ်ကျေနပ်အောင် ဖျော်ဖြေရတဲ့အလုပ်ပဲ၊ ပရိသတ်က ကိုယ့်ထမင်းရှင်ဖြစ်လို့ ပရိသတ်ကို မစော်ကားရဘူး။ မာန်မာနမထောင်လွှားရဘူး။ မိဘဆရာသမားတို့ရဲ့ ဂုဏ်ကျေးဇူးကို အမြဲဦးညွှတ်ရမယ်။ ကျေးဇူးရှင်ပရိသတ်အပေါ် လေးစားရမယ်။ မေတ္တာထားရမယ်။ အောင်မြင်မှုကို ယစ်မူးပြီး သာယာနေမယ်၊ မာန်မာနတက်နေမယ်ဆိုရင် အဲဒီအနုပညာသည်ဟာ အချိန်တိုတိုအတွင်း ကျဆင်းမှာပဲကွယ်–''

ဖခင်၏ ဆိုဆုံးမမှု၊ မိခင်၏ သွန်သင်မှုအောက်တွင် ကြီးပြင်းလာခဲ့သူပီပီ မြစန်းယဉ်ကိုယ်တိုင်ကလည်း လိုက်နာကျင့်သုံးခဲ့၍ အောင်မြင်မှုတွေဆက်ကာ ဆက်ကာ ရနေသည်ဟု ဆိုရမလိုဖြစ်နေသည်။

ယခုရက်ပိုင်းအတွင်း မြစန်းယဉ်တို့ဇာတ် အိမ်မှာ နှစ်ရက်နားရသည်။ ဖြစ်ချင်တော့ နားသည့်ရက်အတွင်း မိခင်၏ ကျန်းမာရေးအခြေအနေမှာ သိသိသာသာ ဆိုးဝါးလာသည်။ နှစ်ရက်နားပြီး ပွဲထွက်ရမည်။

''မြစန်းရေ –တို့ ဇာတ် ကား နေ့ခင်းဆယ့်နှစ်နာရီတိတိထွက်မယ်၊ မြစန်းအိမ်ကပဲစောင့်နေနော်– ဦးလေးတို့ကားလာမှ သွားကြတာပေါ့–''

''ဟုတ်– ဟုတ်ကဲ့–''

ပွဲထွက်မည့်ရက် မနက်စောစော



အဝမ အမောမောက်၍ လမ်းထိပ်ရှိ ဒေါက်တာတင်ဝင်းဦးကို ပြေးခေါ်ရသည်။ ဒေါက်တာတင်ဝင်းဦး ရောက်လာပြီး ဆေးထိုး ဆေးတိုက်လုပ်သည်။ ထိုအခါကျမှ သက်သာသလိုဖြစ်သွားသည်။ ဒေါက်တာ တင်ဝင်းဦးက ပြန်ခါနီးတွင် မြစန်းယဉ်ကို ခပ်တိုးတိုး မှာသွားသည်။

''မြစန်းရေ အန်တီ့ကိုဂရုစိုက်ပါနော်– သူ့မှာ အသက်ကလဲကြီးပြီဆိုတော့ ဆေးသက်ပဲရှိနေတယ်။ သူ့ရောဂါက အချိန်မရွေး ဒုက္ခပေးနိုင်တယ်။ လိုအပ်ရင် ဆေးရုံတင်ဖို့ ကျွန်တော်စီစဉ်ပေးပါ့မယ်–''

ဒေါက်တာတင်ဝင်းဦးက လိုအပ်သည်ကို မှာကြားပြီး ပြန်သွားသည်။ မြစန်းယဉ် တစ်ယောက် အမေ့အခန်းသို့ ခပ်ဖွဖွဝင်လာခဲ့သည်။ အမေ့ကြည့်ရသည်မှာ စောစောကလို မဟုတ်တော့။ ကြည်ကြည်လင်လင်ဖြစ်နေသည်။

''သက်သာရဲ့လား–အမေ''

''သက်သာပါတယ်ကွယ်– ဒါထက်သမီး နေ့ခင်းပွဲထွက်ရမယ်မဟုတ်လား''

''ထွက်ရမယ် အမေ–ဒါ–ဒါပေမယ့် အမေနေမကောင်းဖြစ်နေမှတော့ သမီး ဦးလေးဦးဆန္ဒကို အကျိုးအကြောင်းပြောပြီး နေခဲ့မလားလို့ စဉ်းစားတယ်''

မြစန်းယဉ်စကားကြောင့် ဒေါ်မြယုဝေက သမီးကို ရီဝေသော မျက်လုံးအစုံနှင့် ကြည့်နေရှာသည်။ ခဏကြာမှ မိခင့်နှုတ်က အသံထွက်လာသည်။

''အို – မဟုတ်တာ သမီးရယ်၊ သမီးက သာမန်ယိမ်းသမလေးမဟုတ်ဘူး။ မဟာမြန်မာဇာတ်ရဲ့ အဓိကကျတဲ့ ခေါင်းဆောင်မင်းသမီးတစ်ယောက် ပရိသတ်က သမီးကို အားထားပြီး ငှားတယ်ဆိုတာလဲ ဇာတ်အဖွဲ့သားတွေအသိ၊ သမီးမပါရင် မဟာမြန်မာဇာတ်အတွက်အားလျော့သွားမယ်၊ ပရိသတ်ကလည်း ကျေနပ်မှာမဟုတ်ဘူး။ လိုက်သွားပါ သမီးရယ်–နော်။ မေမေ့အနားမှာ သမီးအဒေါ်ခင်အေးလည်းရှိနေတာပဲ။ မေမေ နေကောင်းသွားမှာပါ။ နောက်ပြီး ပွဲကလည်း ခင်မွန်ရွာ ကရမှာဆိုတော့ မုံရွာနဲ့ နီးနီးလေးပဲ –''

ဒေါ်မြယုဝေက လေသံအေးအေးနှင့် တစ်လုံးချင်းပြောနေသည်။

ဟုတ်တော့လည်းဟုတ်သည်။ မြစန်းယဉ်သာ မပါလျှင် မြစန်းယဉ်နေရာ အစားထိုးရန်မလွယ်။ အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးခွင်၊ နောက်ပိုင်းဇာတ်ထုပ် အားလုံးလိုလို မြစန်းယဉ်က ဦးဆောင်ကနေရသည်။ လက်ရှိအခြေအနေကလည်း မြစန်းယဉ်နေရာအတွက် အစားထိုးနိုင်မည့် မင်းသမီး မရှိဖြစ်နေသည်။ ပရိသတ်၏ဆန္ဒကို ကြည့်ပြန်တော့လည်း မဟာမြန်မာဇာတ်ကို ငှားခြင်းမှာ မြစန်းယဉ်၏ အနုပညာကို သဘောကျ၍ ငှားခြင်းသာ ဖြစ်နေတတ်သည်။ ဇာတ်ဆရာကိုယ်တိုင်ကလည်း ထိုအရာကို သိရှိနားလည်ထားသည်။

ထိုနေ့က မြစန်းယဉ် ပွဲထွက်ရသော်လည်း ခါတိုင်းလိုမပျော်။ အဒေါ်ဖြစ်သူကို အထပ်ထပ်မှာ၍ မကြည့်မသာနှင့် ထွက်ခဲ့ရသည်။

ခင်မွန်ရွာ ဆုတောင်းပြည့်ဘုရားပွဲတွင် မဟာမြန်မာဇာတ် မနှစ်ကလည်း က ခဲ့ရသည်။ ဒီနှစ်လည်း ဆက်ပြီး ကရပြန်သည်။ ဇလာဇာတ်တို့၏ ထုံးစံအတိုင်း ရွာခံပွဲကြည့်ပရိသတ်သာမက ရွာနီးချုပ်စပ်များမှ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်၊ ကား၊ လှည်းများဖြင့် လာရောက်ကြည့်ကြသည်။ ကွင်းပြင်တွင် ဇာတ်စင်ကြီးကို ထီးထီးဆောက်ထားပြီး ဇာတ်စင်ရှေ့တွင် ဖျာဝိုင်း၊ လှည်းဝိုင်း၊ ဈေးတန်း စသည်ဖြင့် အကွက်ကျကျစီစဉ်ထားသည်။

ခင်မွန်ရွာမှာ ရွာကြီးဖြစ်ပြီး မြင်းမူ–မုံရွာကားလမ်းဘေးတွင်ရှိသည်။ မုံရွာနှင့်နီးသလို မဟာမြန်မာကို ချစ်သော မုံရွာပရိသတ်တစ်ချို့လည်း မော်တော်ဆိုင်ကယ်၊ စက်ဘီးများနှင့် ပွဲလာကြည့်ကြသည်။ ထို့အတူ ချောင်းဦး၊ အောင်ချမ်းသာ–မုံရွေး ကြေးမုံဝန်းကလည်း ပွဲလာကြည့်ကြသည်။ ပရိသတ်စည်တော့ ကရသည့် ဇာတ်အဖွဲ့လည်း အားရှိသည်။ ပျော်သည်။

ပွဲဦးထွက်ညတွင် ကပြသော ''ပုဂံသွေး ပုဂံသား'' အော်ပရာအသစ်ကို ပရိသတ်အကြိုက်တွေ့သွားသည်။ ထို့အတူ ပြဇာတ်မင်းသား ချင်းတွင်းရေလှိုင်း၏ ''အလွမ်းဆက်ပန်းဖျက်လိပ်ပြာ'' ပြဇာတ်ကလည်း ရသစုံပေးနိုင်၍ ရွှေပွဲလာတို့ ရင်ထဲစွဲငြိသွားသည်။

''မဟာမြန်မာဇာတ် ဒါကြောင့် နာမည်ကြီးတာပဲ''

''မြစန်းယဉ်ကလည်း အော်ပရာရော ပြဇာတ်ပါ သရုပ်ဆောင်သွားတာ ရှာမှရှားပဲကွာ–''

ပရိသတ်ထံမှ မဟာမြန်မာနှင့်မြစန်းယဉ်ကို ယှဉ်တွဲပြီး ချီးကျူးသံတို့ လျှံထွက်လာလေသည်။

ဒုတိယည —။

နောက်ဆုံးအောင်ပွဲခံမည့်ညမှာလည်း ပွဲခင်းတစ်ခုလုံး ပရိသတ်ကြိတ်ကြိတ်တိုး အောင် စည်ကားလှသည်။ ယိမ်းပျို့မြူးတို့ ကပြနေချိန် မကြာမီထွက်ရမည့် အော်ပရာ အတွက် မြစ်နှယောင်မိတ်ကပ်လိမ်းနေသည်။ ဒီည အော်ပရာမှာ ''ကျေးဇူးဂုဏ်အင်-အိုမိခင် –'' ဖြစ်သည်။

ထိုအချိန် ဇာတ်ဆရာ ဦးဆာနှတ်သား ကလေးသရုပ်ဆောင် ခေါင်ခေါင်တစ်ယောက် မြစ်နှယောင်အနီး ရောက်လာသည်။

''မမြ-မမြ–''

''ဟင်– ဘာလဲ ခေါင်ခေါင်ရဲ့ မှုန်ပိုးလို နေပြီလား–''

အခါတိုင်းလို ပွဲဈေးတန်းထွက်ပြီး မုန့်စားမည်ထင်၍ မြစ်နှယောင်က လေအေး အေးနှင့် မေးလိုက်သည်။

''မ– မဟုတ်ဘူး –မမြ–ဟို – ဟို လေ မှုံရွာကလာတဲ့ ဦးလေးဦးငြိမ်းဝင်းနဲ့ ဖေဖေတို့စကားပြောနေတာ သား ကြား ခဲ့တယ်၊ မမြ အမေဆုံးသွားပြီတဲ့ –''

''ဘာ–ဘာပြောတယ်– ခေါင်ခေါင်''

ကလေးထံမှ မမျှော်လင့်သည့်စကား ရုတ်တရက်ကြားရ၍ လက်တွင် ကိုင်ထား သော မှန်ဝိုင်းလေးလည်း လွတ်ကျသွား သည်။ မြစ်နှယောင်တစ်ယောက် ဘာမှမပြော နိုင်ရှာပဲ ခေါင်ခေါင့်ကိုသာ မျက်လုံးဝိုင်းကြီး နှင့် စိုက်ကြည့်နေသည်။ ထိုအချိန် ဦးဆာနှ အပြေးအလွှားရောက်လာသည်။

''ယော့ – သား ခေါင်ခေါင် မင်း မမ ကို ဘာဖြစ်လို့ သွားပြောရတာလဲ၊ တို့က နောက်မိုးလင်းမှ အသိပေးဖို့ တိုင်ပင်ထား တာ၊ တော်တော်ခက်တဲ့ ကလေးပါကွာ– ဟင်း– အရေးကြီးတဲ့ညမှာ ပွဲခွင်ဝတွေတော့ ပျက်တော့မှာပဲ–''

မြစ်နှယောင်သည် မျက်လုံးအစုံမှ စီးကျ လာသော မျက်ရည်ပူများကို မသုတ်နိုင် သေးပဲ ဦးဆာနှအား ရီဝေစွာကြည့်ရင်း ဆို့ဆို့နစ်နစ် ပြောလာသည်။

''အဟင်း – ကလေးကို အပြစ်မတင် ပါနဲ့တော့ ဦးလေးရယ်၊ အမေဆုံးတယ်ဆို တာ သိရလို့ မြစ်နှရင်ထဲမှာ မီးတောက်မ တတ် ခံစားရပါတယ်။ မြစ်နှအတွက် မြင်းမိုရ်တောင်ကြီးပြိုကျပြီး ကမ္ဘာပျက် သွားသလိုပဲ– ဒါ –ဒါပေမယ့် မြစ်နှကို အားပေးတဲ့ ပရိသတ် မဟာမြန်မာရဲ့ ပရိသတ်ကိုတော့ မြစ်နှရဲ့အပူရှပ်ကို ဟန် လုပ်ဖုံးကွယ်ပြီး ဒီညပိုင်းလေးမှာ တာဝန် ကျေအောင် ဖျော်ဖြေမှာပါ။ ပတ်စာရွာ မျာလိပ်ရှိန်ကြမှ မြစ်နှအမေ့အတွက် အားရ ပါးရှိမှာပါ– မြစ်နှတို့ဟာ သဘင်သည်ပါ မီးရောင်အောက်ရောက်ရင် ကျတဲ့ ဇာတ် ရုပ်ကို မပြင်းအဲ့ ကရမယ်ဆိုတာ သဘော ပေါက်ပါတယ်–''

''အေးကွယ်– ကျေးဇူးပါ မြစ်နှရယ်၊ တို့လဲ စိတ်ထိခိုက်ကြရပါတယ်။ မိခင်ဆုံးတဲ့ အချိန်မှာတောင် ပွဲကနေရတဲ့ မြစ်နှကို လည်း အားနာပါတယ်ကွယ်–''

''ဦးလေးရယ်– ဒါက မြစ်နှတို့ သဘင်သည်တွေ ဇာတ်ရှုပ်ပန်တီးပြီး ကနေ တဲ့ ဇာတ်ခုံကြီးပါ။ လူ့ဘဝဇာတ်ခုံမှာလည်း မြစ်နှတို့တစ်တွေ ကျရာကြရာ ကပြနေကြ ရတာပဲမဟုတ်လား၊ မြစ်နှလေ ပရိသတ် အပေါ် အစဉ်လေးစားနေမှာပါ–''

မြစ်နှယောင်၏ အဖြစ်ကိုကြည့်ပြီး တစ်ပွဲ သားလုံး စိတ်မကောင်းဖြစ်နေကြသည်။ ပရိသတ်ကတော့ ထိုအဖြစ်အပျက်ကို မသိ။ မြစ်နှယောင်တစ်ယောက် ပူဆွေးမှုတွေ ရင်နှင့် အပြည့် ခံစားနေရချိန် မီးရောင်အောက်တွင် ပူဆွေးမှုတွေဖုံးကွယ်ပြီး ပရိသတ်ကို ကျေနပ် အောင် ကကြိုးတွေစုံလင်စွာနှင့် ကပြသွား ခဲ့သည်။ ပရိသတ်အချစ်တော် မင်းသမီး လေး မြစ်နှယောင်၏ အဖြစ်ကိုသာ ပွဲကြည့် ပရိသတ်သိလျှင် – – ။

**အောင်သူရိန် (ပုလဲ)**

## ဟုတ်တယ်လေ သူသာ လေဖြတ်နေတာ

ကောင်လေးနဲ့ ကောင်မလေး ထောင့်ကျကျ အခန်း တစ်နေရာ အနည်းငယ်မှောင်တဲ့နေရာမှာ ထိုင်နေကြ တယ်။ ကောင်လေးက ပြောတယ်–

''ကိုယ့်ကို အကြင်နာတစ်ချက်လောက် ပေးပါဦး'' ကောင်မလေးဆီက ဘာစကားမှ ထွက်မလာ။

''ကိုယ်မင်းကို အကြင်နာပေးပါရစေနော်''

ကောင်မလေးက မလှုပ်၊ ငုတ်တုတ်၊

''မင်း နားများလေးနေသလား''

ကောင်လေးက မကျေမနပ်နဲ့ အသံနည်းနည်းကျယ် လာတယ်။

''ကျွန်မ နားမလေးပါဘူး။ ရှင်သာ လေဖြတ်နေ တာ''လို့ ကောင်မလေးက ပြန်တွယ်လိုက်ပါတယ်။

**မောင်သီဟ**



# City CARTOON



# City CARTOON



# သူဌေးဖြစ်နည်း

ထင်ကျော်(အော်ဂဲနစ်မြေသြဇာ)



လွတ်လပ်ရေးရပြီးသည့်အချိန် ၁၉၄၈ မှစ၍ ယနေ့ဆိုလျှင် ၆၈နှစ်တိုင် ကြာခဲ့ပြီဖြစ်သည်။ ခေတ်စနစ်များ အလီလီပြောင်းခဲ့ပြီဖြစ်၏။ ယခင်က ရောင်စုံသူပုန်များ ပေါများမှုကြောင့် စီးပွားရေး ကောင်းစွာမလုပ်နိုင်၍ စီးပွားရေးအဆင်မပြေ လူတို့ဆင်းရဲခဲ့၏။ ဆင်းရဲမှုအား လူသားတို့ တွန်းလှန်နေကြသော်လည်း ယနေ့အထိ အနည်းအကျဉ်းသာ တွန်းလှန်နိုင်၏။ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူတို့သည် မြန်မာပြည်တွင် ဆင်းရဲသားပြည်သူ ဟူသော ဘွဲ့အား ဆက်လက်ခံယူပိုင်ဆိုင်ထားကြ၏။

မည်သူမျှ ဆင်းရဲမှု ကွယ်ပျောက်၍ ချမ်းသာခြင်းသို့ရောက်ရန် ငြင်းဆန်ကြမည် မဟုတ်ဟု ယူဆ၏။ ဗဟုသုတအလင်းရပြီး ကြီးပွားစေရန်နည်းလမ်း တင်ပြရေးသားရခြင်းဖြစ်၏။

လူသားတို့သည် နံနက်မိုးသောက် အလင်းရောက်လျှင် ဝမ်းစာရေးအတွက် အလုပ်လုပ်ကြရလေသည်။ အလုပ်မလုပ်သောသူမှာ ရှာဖွေစုဆောင်းထားသော ငွေအားသုံးစွဲကာ စားသောက်၏။ အလုပ်မရှိ သူသည် ဝင်ငွေမရှိသဖြင့် ငွေကြေးရှိသူထံမှ အကြွေးယူရ၏။ အတိုးနှင့် ငွေချေး၏။ အတိုးနှင့် လုံလည်ချာလည်ရှုန်းကန်ရ၏။ ထိုသို့ဖြင့် မြင်နေကျ ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်ဖြစ်၏။

ရုန်းထွက်နိုင်လျှင်လည်း အကြွေးကင်းသူသာဖြစ်၏။ ချမ်းသာခြင်း၏ အရသာကား မည်သို့နည်းဟူ၍ မေးမြန်းလျှင် အဖြေပေးနိုင်သူ ရှားလေ၏။ ကံကိုသာ ယုံးမယ်ဖွဲ့၍ ကံရှိလျှင် ချမ်းသာမည်ဟုသာ မိမိကိုယ်ကိုယ် ကံကိုယုံးမယ်ဖွဲ့ ဖြေသိမ့်ကြ၏။ ကံဆိုသည်ကား အလုပ်သာဖြစ်၏။ အလုပ်လုပ်မှ ချမ်းသာမည်ဖြစ်၏။



# ရွှေမြန်မာတို့သည် ကိုယ့်မြေကိုယ့်ရေမှာ အလုပ်မလုပ်နိုင်၊ ကမ္ဘာ့အမွေ ကျွန်းသစ်စိုက်လျှင် ဖြစ်ထွန်းကာ ချမ်းသာနိုင်ပါလျက်နှင့် တစ်ပါးနိုင်ငံသို့သွားကာ . . .

ကြက်ကလေးများသည် အစာဝ၍ ညနေမှောင်သောအခါ အိပ်တန်းတက်ကြ၏။ နံနက်မိုးသောက်သော် ဝမ်းစာအတွက် ထပ်မံ အစာဆင်းရှာရ၏။ ဝမ်းစာပြည့်သော် အိပ်တန်းတက်၏။ ထို ဝမ်းစာရှာသည့် အလုပ်အား နေ့စဉ်လုပ်ရ၏။ ကြက်တို့တွင် လယ်မရှိ၊ ယာမရှိ၊ နည်းပညာမရှိ၊ မြေပိုင်ဆိုင်မှုသည် နတ္ထိ။

လူတို့သည်လည်း ထိုသို့မခြား ရှာရင်းနှင့်ပင် မတ်တပ်စားသာရှိကြ၏။ လယ်လုပ်သူတို့ ကြီးပွားသွားသည်၊ သိန်းထောင်ချီရှိသည်ဟူ၍ ယနေ့အထိ မည်သူမျှမရှိသေးပေ။ အသက်ကြီးလာ၍ သားသမီးများ အမွေဆက်ခံကာ ဆက်လက်လယ်ထွန်ရပြန်၏။ လယ်ထွန်ခြင်း၊ စိုက်ပျိုးခြင်းနှင့်ပင် လယ်ထွန်ခြင်းအမွေ လက်ဆင့်ကမ်းကာ သားသမီးများ၏ ပေးစာကမ်းစာအား လက်ဖြန့်ရသည့် သက်ကြီးဘဝသို့ ရောက်ခြင်းမလှ ရောက်ကြရလေသည်။

ထိုအဖြစ်အပျက်တို့ကို ထွန်းလှန်လိုသောသူတို့အတွက် ကြီးပွားနည်းသည် အမှန်ရှိလေသည်။ ထိုနည်းသည်ကား နှစ်ရှည်ပင် စိုက်ပျိုးခြင်းဖြစ်၏။ စိုက်သည့်အပင်ကားတခြားမဟုတ်။ မြန်မာနိုင်ငံ၏ သဘာဝပေးသော လက်ဆောင်အမွေကောင်းဖြစ်သော ကျွန်းပင်ဖြစ်၏။ ကျွန်းပင်သည် ကမ္ဘာတွင် မြန်မာကျွန်းသစ် ရွှေလိုတန်ဖိုးရှိ၍ မြန်မာမင်းတို့လက်ထက်၌ ဘုံဘေဘားမားကုမ္ပဏီက သစ်ခိုးသည်ကို မြန်မာမင်း ဒဏ်ရိုက်၍ အပြေကြာ စစ်ဖြစ်ပွား၏။

လူသူလက်နက်အင်အားမမျှ၍ မြန်မာတို့ စစ်ရှုံး၏။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးသောအခါ မြန်မာ့ရေမြေရှိ ကျွန်းတို့ကို စိတ်တိုင်းကျထုတ်ယူကြလေသည်။

အင်္ဂလိပ်အစိုးရ၊ ကျွန်းများနှင့် သစ်မာများကို မြန်မာပြည်သူတို့ မခုတ်ရ၊ မသုံးရလေအောင် ကြိုးဝိုင်း၊ ကြိုးပြင်၊ အပမြေ၊ စားကျက်၊ လှည်းလမ်းဟူ၍ အမျိုးမျိုးသတ်မှတ်လျက် မြန်မာတို့ သစ်တောနှင့်ကင်းကွာအောင် ပတ်ခဲ့ကြလေသည်။

မြန်မာတို့သည် သစ်တောနှင့် ပတ်သက်၍ ကြီးပွားခြင်းလမ်းစ ဝေးသထက်ဝေးကာ သစ်တောဖြင့် ချမ်းသာမှုသည် ကိုယ်နှင့်မသက်ဆိုင်သလို ဖြစ်ခဲ့ကြရလေသည်။ ရွှေမြန်မာတို့သည် ကိုယ့်မြေကိုယ့်ရေမှာ အလုပ်မလုပ်နိုင်၊ ကမ္ဘာ့အမွေ ကျွန်းသစ်စိုက်လျှင် ဖြစ်ထွန်းကာ ချမ်းသာနိုင်ပါလျက်နှင့် တစ်ပါးနိုင်ငံသို့သွားကာ ကျွန်ခံ၍ အလုပ်သမားဘဝ ရောက်ကြရလေသည်။ အလုပ်လုပ်ကြရလေသည်။

တောမှမြို့ပြောင်း။ မြို့မှ နိုင်ငံခြားပြောင်းလျက် ကိုယ့်မြေကိုယ့်ရေကို ပစ်ခွာ၍ ကျွန်ခံရသည်ကိုပင် နိုင်ငံခြားပြန်ဂုဏ်အဖြစ် ထင်ကြလေသည်။

ကိုယ့်မြေ၊ ကိုယ့်ရေတို့သည် နိုင်ငံ၏ လူဦးရေနှင့်စာလျှင် များစွာကျယ်ပြန့်လျက် ရှိနေပေသေးသည်။ သစ်တောစိုက်ခင်း တည်ထောင်ရန် မြေများပေါများပါလျက် ပြည်သူတို့ ကိုယ့်လုပ်အား မစိုက်ထုတ်လျှင် သူဌေးလမ်းကြောင်းနှင့် ဝေးနေပါဦးမည်။

သစ်တောစိုက်ခင်းအား တည်ထောင်ပါလျှင် သင်မုချသူဌေးဖြစ်ပေလိမ့်မည်။ စိုက်ပျိုးမြေနေရာအတွက် နိုင်ငံတော်မှအလကား ပေးနေပါသည်။ တစ်နေ့ အပင် ၁၀၀ စိုက်၊ ၁၀ရက် အပင် ၁၀၀၀ စိုက်ဖြစ်၏။ တစ်ရက် အပင် ၁၅၀ စိုက်သော် ရက်ပေါင်း ၁၀၀ တွင် အပင်ပေါင်း ၁၅၀၀၀ စိုက်ပျိုးပြီးဖြစ်နေပေမည်။ သင် ရက်ပေါင်း ၁၀၀ မျှ ရင်းနှီးမှု မပြုနိုင်လောက်အောင်ဆင်းရဲနေမည်မဟုတ်ဟု ယူဆမိ၏။

တောင်ကတုံးများအား စိုက်ပျိုးလျှင် တောခုတ်ခ သက်သာပေမည်။ တောရှိလျှင် ရှင်းရပေမည်။ မိသားစုအား ပစ်ခွာ၍ နိုင်ငံခြားသို့ထွက်ကာ အလုပ်လုပ်နိုင်သကဲ့သို့ နှစ်အနည်းငယ်မျှ စိုက်ပျိုးရေးသစ်တောတွင် မြှုပ်နှံမှုဖြင့် ကျွန်းသစ်စိုက်ခင်း တည်ထောင်သူ သူဌေးတစ်ဦး ဖြစ်လာပေမည်။

ကျွန်းတစ်ပင် ၁၀ နှစ်ခန့်ကြာသော် တစ်သောင်းတန်ပါလျှင် အပင် ၁၀၀၀၀ သိန်းပေါင်းထောင်ချီ ချမ်းသာလေမည်။ ကျွန်းသစ်တို့သည် ခုတ်ယူပြီးသည်နှင့် ပြန်၍ ရှင်သန်ဖြစ်ထွန်းသည်ဖြစ်ပေရာ ပတ်လည်ခုတ်ယူသည့်စနစ်ဖြင့် ထုတ်လုပ်မှုဖြစ်စဉ်အား ထုတ်ယူနိုင်လျှင် ဝင်ငွေ နှစ်စဉ်ရရှိမည်ဖြစ်သည်။ ပင်ကျပ်ခုတ်ယူသည့် ၁၀နှစ်ခန့်မှ သိန်းရာနှင့်ချီ၍ ချမ်းသာနိုင်ပါလျက် ဤအမွေကောင်းအားစွန့်၍ တိုင်းတစ်ပါးသားတို့က ကျွန်းလာစိုက်ကြ၍ သူဌေးဘဝအခြေအနေ ရောက်နေသည့်တိုင် မြန်မာတို့မှာ အလုပ်သမားဘဝအား မိရိုးဖလာ ခံယူမြဲခံယူနေကြ၏။ ကျွန်းပင်တို့သည် ရတနာတန်းဝင် ရွှေကျွန်းပင်ပိုင်သည့် တစ်ချိန်က ရွှေရောင်လွှမ်းသည့် ရွှေမြန်မာပြည်သားများ အဖြစ် သင့်အိပ်မက်အား အကောင်အထည် ဖော်သင့်ပေသည်။

ဤနည်းလမ်းအား ကျေးရွာပိုင်မြေများ၊ ကွင်းစပ်တောင်ခြေ အပမြေ၊ ကြိုးပြင်/ကြိုးတွင်း၊ မြုန်းတီးမြေပါမကျန် ဒေသခံ ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်လာပါက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လာမည် ဖြစ်ပေသည်။ နိုင်ငံပိုင် သစ်တောအား စိတ်ဝင်စားမှုမရှိ၊ ခိုးယူမှုမရှိရန်မှာ ၎င်းတို့တွင် ကိုယ်ပိုင်သစ်တောများ ရှိနေခြင်းပင်ဖြစ်ပေမည်။ ထို့အပြင် သစ်တောနှင့်ပတ်သက်သည့် (ငွေကြေး၊ နည်းပညာ၊ အချိုးကျပိုင်ဆိုင်ခွင့်) ရှယ်ယာလုပ်ငန်းစနစ်များ ထွန်းကားလာလျက် သစ်တောတည်ထောင်သူတို့အား

ထောက်ပံ့ခြင်း၊ ချေးငွေချပေးခြင်းများကို နိုင်ငံအစိုးရသာမကဘဲ ပုဂ္ဂလိက,ကပ် ရှယ်ယာထည့်ဝင်ခြင်း၊ ထုတ်ရောင်းခြင်း၊ ငွေထုတ်ချေးခြင်း၊ သစ်တောစိုက်ခင်းအတွက် ကြိုတင်ဝယ်ရောင်းများ၊ လုပ်ကိုင်ကြခြင်းတွင်ကျယ်လာအောင် သစ်တောရေးရာဝန်ကြီးဌာနမှ နည်းစနစ်နှင့်အညီ ဘောင်ဝင်အောင် ကူညီပေးရပေမည်။

ထိုသို့ ကျွန်းသစ်စိုက်နိုင်သည့် မြေယာတွင် နေသူမှန်သမျှ နှစ်ရှည် ကျွန်း၊ ပျဉ်းကတိုးစိုက်ပြီး အလုပ်အကိုင်ရရှိစေရုံမျှမက စုဘူးကဲ့သို့ ဤစိုက်ပျိုးခြင်းမှ စုဆောင်းငွေအသားတင်ဖြစ်လာပေမည်။

ဒေသခံ ပြည်သူလူထုအနေဖြင့် အလွယ်တကူ ငွေကြေးရသည့် နည်းလမ်းဖြစ်သော တောင်ယာ၊ ပဲခင်းစိုက်၍ ရောင်းစားရသည်ကို သဘောကျလျက်ရှိကာ တန်ဖိုးရှိသစ်များ ဖြစ်ထွန်းမှန်းသိသော်လည်း ၎င်းတို့ပိုင်ဆိုင်ခွင့်အပေါ် အယုံအကြည်မရှိသေး၍လည်းကောင်း၊ နှစ်ရှည်အကြာကြီး စောင့်ရမည်ကို အယုံအကြည်မရှိသေး၍လည်းကောင်း၊ မိမိလက်ထက် စိုက်ပျိုးခြင်းမရှိမူ အစပြု၍ သားစဉ်မြေးဆက် နှစ်ရှည်ကျွန်းစိုက်သည့် အမွေအားပေးရန် မေ့လျော့နေကြသည်မှာ ယနေ့တိုင်ဖြစ်နေတော့၏။

ပြည်သူများ စိတ်ဝင်စား၍ ပြည်သူ ဖော်ပြကာ လူထုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ငွေကြေးတတ်နိုင်သူမှ ငွေကြေးစိုက်ခြင်းဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် နည်းစနစ်ဖြင့် မိမိတို့ တောတောင်နေပြည်သူ၊ ကျေးလက်ပြည်သူတို့အဝကို မြှင့်တင်လျှင် ၁၀ နှစ်ဆိုသည့် ကာလဖြင့် ၎င်းတို့၏ အိပ်မက်ကို အကောင်အထည် ပေါ်လာမည် ဖြစ်ပေသည်။ ငွေပေးလျှင် သုံး၍ကုန်မည်။ ဟင်းစားပေးလျှင် တစ်နပ်သာစားရမည်။ ငါးမျှားတံ ပေးလျှင် နေ့တိုင်းများကော ဟင်းစားရနိုင်သည်။ လူတိုင်း အလုပ်လုပ်နိုင်ကြရန်၊ အလုပ်လုပ်ချင်လာအောင် နည်းပေါင်းစုံနှင့် ပျိုးထောင်လေ့ကျင့်ရပေမည်။ ဒီမိုကရေစီနိုင်ငံတော်တွင် လူတိုင်း အလုပ်လုပ်ကြရပေမည်။ အတတ်ပညာဟူ၍ ထူးခြားစွာတတ်မြောက်ရန်မလို၊ မြေယာရှိလျှင် ရွှေအတိဖြစ်နိုင်သော ကျွန်း၊ ပျဉ်းကတိုးစိုက်ခင်း တည်ထောင်နိုင်ရန် မြေပေး၍သာမကဘဲ၊ ၃နှစ်သား ကျွန်းစိုက်ခင်းရှိလျှင် နိုင်ငံတော်မှဆင်း၍ ကြိုတင်ဝယ်ယူခြင်း၊ ငွေထုတ်ချေးခြင်း၊ ထောက်ပံ့ခြင်း၊ ဆုချီးမြှင့်ခြင်းတို့ဖြင့် လုပ်ဆောင်လာလျှင် မကြာခင် မြန်မာတို့ ရွှေခေတ်ရောက်ရပေတော့မည်။

ကျေးရွာနေ ပြည်သူတို့ ကျွန်း၊ ပျဉ်းကတိုး စိုက်ခင်းတည်ထောင်ရန် ငွေကြေးမတတ်နိုင်ခြင်း၊ မိမိရေမြေ တောတောင်ကို စွန့်ခွာ၍ ပိုင်ဆိုင်မှုလက်မဲ့နေပါက ခိုးယူမှု၊ ခိုးထုတ်ရောင်းချမည့် သစ်မှောင်ခိုများ ဆက်လက်ဖြစ်ပေါ်နေဦးမည် ဖြစ်ပါသည်။



လုပ်အားရှိသူနှင့် ငွေကြေးရှိသူတို့သည် အလုပ်ရှင်နှင့် အလုပ်သမား သဘောမထားဘဲ အကျိုးတူပူးပေါင်းဆောင်ရွက်သူများအဖြစ် သစ်တောတည်ထောင်ခြင်းအား ပြောင်းလဲရပေမည်။ သစ်တောခုတ်ယူခြင်းနှင့် တည်ထောင်ခြင်းအား နိုင်ငံတော်အစိုးရတစ်ဦးတည်း လုပ်နေခြင်းထက် ပုဂ္ဂလိကတည်ထောင်သူများ ရှိနေခြင်းထက် ပြည်သူအများ ပူးပေါင်းပါဝင်သော သစ်တောတည်ထောင်ခြင်း၊ လုပ်ငန်းများ၊ လုပ်ကိုင်ခြင်း၊ သစ်တောစိုက်ခင်း အများပိုင်လုပ်ငန်းများအဖြစ် ပြည်သူများအား ချမ်းသာမှု ခွဲဝေပေးလျက် ပြည်သူချမ်းသာအောင် နည်းလမ်းများ ဖွင့်လှစ်ပေးရပေမည်။

တိုးတက်ချမ်းသာသော ရေကြည်ရာ မြက်နုရာကို မည်သူမျှ စွန့်ခွာကြမည် မဟုတ်ပေ။ တိုးတက်ဖွံ့ဖြိုးစည်ပင်လာသည့် လူတိုင်းက တောမြေ တောင်မြေ၊ တောတွင်းစိုက်နိုင်သည့် မြေများတွင် နေထိုင်ကြပါသော်လည်း စိုက်ခွင့်မရှိခြင်း၊ ရှိပြန်သော်လည်း စိတ်ဝင်စားမှုနှင့် ထောက်ပံ့မှုများမရှိခြင်းကြောင့် တောနေပြည်သူများ သစ်တောစိုက်ပျိုးထုတ်လုပ်မှုနှင့် ဝေးကွာလျက် သစ်တောသစ်ပင်သာ ပျက်စီးခြင်းမဟုတ်တော့ဘဲ မြေဆီလွှာ၊ ရာသီဥတုဂေဟစနစ်ပါ အကျိုးမဲ့လျက် ကမ္ဘာနှင့်သက်ဆိုင်သော ကိစ္စရပ်အဖြစ် ဦးတည်နေပြီဖြစ်ပါသည်။

မြေပေါ်မြေအောက် သယံဇာတတို့သည် အကန့်အသတ်ဖြင့်သာ တည်ရှိ၍ အနေးနှင့်အမြန် ကုန်ဆုံးခမ်းခြောက်သွားနိုင်သော်လည်း သစ်တောသစ်ပင်များသည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အဖြစ် သားစဉ်မြေးဆက်စိုက်လျှင် စိုက်နိုင်သလောက် ထိန်းသိမ်းမှုကောင်းတိုင်း အဆတိုးကာ ဖြစ်ထွန်းလာမည့် သုံးမကုန်နိုင်သော မြန်မာတို့အတွက် သဘာဝလက်ဆောင်အရင်းအမြစ် ဖြစ်ပေသည်။

ရေ မြေ သဘာဝက ကိုယ့်ဘက် ပါနေပါလျက် နိုင်ငံတော်မှ သစ်တောတည်ထောင်သူ မည်သူကိုမဆို စိုက်ပျိုးပြီး သစ်တောအား ကွင်းဆင်းစစ်ဆေးခြင်း၊ ရှင်သန်လာသော သစ်တောစိုက်ခင်းများအား

ဈေးငွေထောက်ပံ့ခြင်း မရှိမှုတို့ ကြောင့် အလုပ် အကိုင်မဲ့ပြီး ချောင်းကိုပစ်၍ မြစ်ကိုရှာရသကဲ့သို့ ကိုယ့်မြေကိုယ့်ရေကို စွန့်၍ တိုင်းတစ်ပါးသို့ သန်းနှင့်ချီသွားပြီး ကျွန်ခံနေသည့် မြန်မာတို့၊ မြန်မာ့ရေမြေတွင် ဤနည်းလမ်းအား နိုင်ငံတော်မှ ပံ့ပိုးပေးလျှင် ဘုရင်မွေး နေ့ချင်းကြီးသကဲ့သို့ မြန်မာတို့ ကမ္ဘာတွင် ချမ်းသာစာရင်းဝင်ကြပေမည်။ "ပေါ့ ကျူပ်တော့ သစ်တောကျွန်း ၁၀ ဧကပိုင်သူပါ"ဟု ဆိုခါမှဖြင့် ချမ်းသာမှုအား ရေတွက်တိုင်းတာကြည့်ရုံဖြင့် မြန်မာတို့ ချမ်းသာမှု ဂင်းနစ်စံချိန်ဝင်ပေမည်။ ယနေ့မှစ၍ အကောင်အထည်ဖော်လျှင် ၁၀ နှစ်ကြာလျှင် မြန်မာတို့ G.D.P အဆင့်မြင့်၍ ချမ်းသာသော နိုင်ငံစာရင်း ဝင်နေပါလိမ့်မည်။ ပုဂ္ဂလိက ငွေရှင်တို့သည် ကျေးလက်နေပြည်သူတို့နှင့် ဝေးကွာလျက်ရှိနေကြမြဲ နေကြလျှင် တိုးတက်မှုနှင့် ဝေးနေပေလိမ့်မည်။ နိုင်ငံခြားသားများသည် တိုင်းခြားပြည်ခြားမှလာ၍ တစ်တိုက်နှင့်တစ်တိုက်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်နေချိန်တွင် ကျွန်ုပ်တို့ မြန်မာတို့မှာ ကျေးလက်နှင့် မြို့ပြနေလူတန်းစားအချင်းချင်း ဝေးကွာလျက် အလုပ်ရှင်နှင့် အလုပ်သမား ခွဲခြားကာ မိမိချမ်းသာမှုအား ဝေမျှလျက် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ထား ပြောင်းလဲမွေးမြူကာ မြန်မာတိုင်းရင်းသားအချင်းချင်း မြှင့်တင်ပေးရမည့် အပြန်အလှန်ချမ်းသာမှု တည်ဆောက်မည့် ဘဝ၊ သူဌေးဖြစ်နည်းအား အကောင်အထည်ဖော်၍ သစ်တောတည်ထောင် စိုက်ပျိုးကာ ချမ်းသာရေးလမ်းအား လျှောက်လှမ်းကြပါစို့ဟူ၍ တိုက်တွန်းလိုပါသည်။ သစ်တော တည်ထောင်သူများအနေဖြင့် ငွေရှိကြောင်း ဘဏ်အထောက်အထားပြရလေသည်။ ၁ဧကလျှင် ၃သိန်း။ ဧက ၁၀၀ လျှင် သိန်း ၃၀၀ ပြရလေသည်။ ထိုအချက်သည် မကြိုက်မနှစ်သက်သော အချက်ပင်ဖြစ်၏။ လုပ်အားရှိသူတို့အတွက် အခက်တွေ့စေ၏။ တောသူတောင်သားတို့တွင် သိန်း ၃၀၀ အဘယ်၌ရှိအံ့နည်း။ လုပ်အားနှင့် စိုက်ပျိုးနိုင်လျှင်ပင် ငွေထုတ်ချေးပေးသောစနစ် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးရမည် ဖြစ်ပေသည်။



ကျေးလက်နေပြည်သူ သစ်တောများ တည်ထောင်လာနိုင်အောင် လူမှုအသင်း အဖွဲ့များ၊ သစ်တောချစ်ခင်သူများ၊ သစ်တော တည်ထောင်သူများအဖွဲ့ ဖွဲ့စည်းနိုင်အောင် ကူညီပေးရပါမည်။ စိတ်ဝင်စားလာအောင် ဟောပြောစည်းရုံးမှုများ၊ အဖွဲ့အစည်းများကြား စည်းရုံးမှုများ ပြုလုပ်ပေးရပါမည်။ ထိုအဖွဲ့များထံ ကွင်းဆင်း၍ ချေးငွေချပေးပါ။ တည်ထောင်မှုအတွက် ကူညီပါ။ ဆုပေးချီးမြှင့်ပါ။ မီဒီယာများ စေလွှတ်ပါ။ သတင်းထောက်များ ဟာကွက်မရှိအောင် တင်ပြပါစေ၊ ရေးပါစေ၊ လိမ်မှုညာမှု စံပြအရေးယူပါ။ ပြစ်ဒဏ်များ သတ်မှတ်ပါ။ အဓိကမှာ ပြည်သူများပါဝင်လာအောင်၊ ချမ်းသာအောင် ပထမဦးဆုံး စိတ်ပြည်ကို စိုက်ပျိုးပေးရမှာပါ။ နောက်ပိုင်းတွင် သူတို့ဘာသာသူတို့ လမ်းစဉ်အတိုင်း လိုက်လာကြမည်သာ။

ရှေ့က မသွားသော်လည်း ကြီးမှား သတဲ့ဆိုလျှင် နောက်ကလိုက်ပါ လုပ်ဆောင်လာမည်မှာ မလွဲပါ။ ထိုနည်းဖြင့် လက်တွဲခေါ်ပါ။ သဘာဝပေးသည့် ရွှေကျွန်းပင်သည် မြေပြင်ပေါ်မှ ရွှေကြောသာဖြစ်၍ သူဌေးဖြစ်နည်း အစစ်ဖြစ်ကြောင်း ပြည်သူများ သိရှိလာကြပါမည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအတွက် အစိုးရ တပ်မတော်နှင့် ပြည်သူတို့က လက်တွဲ ဆောင်ရွက်လျက်ရှိသောကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပြည်သူတို့ စီးပွားရေးတွင် ဖောက်ချလုပ်ကိုင်နိုင်ကြပြီး တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ၊ ကိုယ့်ဒေသ၊ ကိုယ့်ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်း စသည်ဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူတိုင်း လူတိုင်း အလုပ်လုပ်ကြရမည်ဖြစ်ရာ သစ်တောစိုက်ခင်း တည်ထောင်စိုက်ပျိုးခြင်းသည်ပင်လျှင် အခြေခံကျသော စီးပွားရေး၊ ကြီးပွားရေး လမ်းကြောင်းအမှန် အလုပ်အကိုင်ဖြစ်သည်ကို လူတိုင်းလူတိုင်း သိရှိပြီး လုပ်ဆောင်စိုက်ပျိုးသင့်လှပေသည်။

သင်နေထိုင်ရာ သင့်မြို့ရွာ၊ သင့်ကမ္ဘာ

အတွက် သစ်တောသယံဇာတ ရတနာ တန်းဝင် ရွှေကျွန်းပင်စိုက်ပျိုးခြင်းကို ''သင်ကိုယ်တိုင် ရွှေကြောဖန်တီးနေခြင်း''ဟု ခံယူလျက် သင်ချမ်းသာနိုင်ပြီဖြစ်ကြောင်း သိရှိစေလိုသည်။

ရွှေမှ အောက်ဆီဂျင်မထွက်သော်လည်း ရတနာတန်းဝင် ရွှေကျွန်းပင်သည် ငွေကိုလည်းကောင်း၊ ရွှေကိုလည်းကောင်း၊ အောက်ဆီဂျင်နှင့် သက်ရှိလောကတစ်ခုလုံးအား အပြန်အလှန် သဟဇာတဖြစ်စေသည့် ရေကိုလည်းကောင်း၊ မြေဆီကို လည်းကောင်း ထိန်းသိမ်းလျက် ကျေးငှက် သာရကာ သတ္တဝါအပေါင်းတို့၏ နားခိုရာ အရိပ်အဖြစ် ပေးစွမ်းထား၏။

သင် ယခုနေ့အသက်ရှင်နေခြင်းကပင် ရှူသွင်းရှိုက်ရသော သန့်စင်သည့် လေထုရှိ၍ဖြစ်၏။ သင့်အား ပတ်ဝန်းကျင်လေထု လူသားအကျိုးပြုအတွက် သင့်ကို **''သစ်ပင်စိုက်ပြီးပြီလား''**မေးသော် မည်သို့ ဖြေပါမည်နည်း။ သင်ရှူသွင်းခဲ့သော လေအတွက် **''သင် သစ်ပင်စိုက်မှ ရှူသွင်းခွင့်ရမည်''** ဆိုလျှင် မည်သို့ရှိကုံနည်း။

သင် သစ်ပင်စိုက်ပေးခြင်းကပင် သင့်အား ငွေကြေးရရှိစေမည့် နှစ်ဦးနှစ်ဖက်



သာမက ကမ္ဘာလူသားနှင့် ကမ္ဘာကြီးအတွက် ရတနာတန်းဝင် ရွှေကျွန်းပင်အား စိုက်သင့်ပေသည်။

သင်သေသွားသော် သစ်နေထိုင်ရာ ဤကမ္ဘာမြေတွင် ရွှေကျွန်းပင်သည်ပင် ဤသို့တည်းဟူ၍ ပုံဆွဲမပြရလေအောင် ထိန်းသိမ်းကာကွယ် စိုက်ပျိုးခဲ့သင့်ပေသည်။

ကျွန်းပင်သည် နဂိုမူလ အစေ့ဘဝကပင် တန်ပိုးရှိစွာ အဆင့်ဆင့်ကာရံ ဖုံးအုပ်ထား၏။ ပထမအလွှာအပေါ်ဆုံး၌ အဝတ်ဝတ်ဆင်ထားသကဲ့သို့ ကြွစောင်းသည့် အခွံပါရှိ၏။ ဒုတိယအလွှာအနေဖြင့် အစေ့အား ရေမစိုစေရန် ကတ္တီပါကဲ့သို့သော အမွေးနုများဖြင့် ဖုံးအုပ်ထား၏။ တတိယအလွှာအနေဖြင့် မာသောသစ်သားနှင့်မခြား မာကြောသော အသားများက ကာရံထား၏။ အတွင်း၌ အစေ့ ၂ စေ့၊ သို့မဟုတ် ၃စေ့ပါရှိတတ်၏။ သို့သော် ၂စေ့၊ သို့မဟုတ် ၁စေ့သာ အောင်မြင်ကြီးထွား၏။

ထိုသို့ဆိုလျှင် ကျွန်းပင်သည် အစေ့၌ပင် ဆန်းကြယ်သောအစေ့ဖြစ်၏။

ထိုသို့သော အစေ့၌ ဆန်းကြယ်ပြီး အပင်ဖြစ်သောအခါ တန်ဖိုးရှိ လူသားတို့အကျိုးအတွက် အင်ပတန်အဖိုးတန်သည့် ရွှေကျွန်းပင်ကို ''သင်စိုက်ပျိုးရန် ငြင်းဆန်ရှောင်ဖယ်နေဦးမည်လော''။ သင့်အတွက်၊ တိုင်းပြည်အတွက်၊ ကမ္ဘာအတွက်၊ လောကကြီးအတွက် သစ်ပင်သည် မရှိမဖြစ်ဖြစ်ပေရာ ရတနာတန်းဝင် ရွှေကျွန်းပင်အား စိုက်ပျိုးလျက် သင့်မျက်စိရှေ့မှ သင်ကိုယ်တိုင် ရွှေကြောဖန်တီးရင်း လောကကောင်းကျိုး ကမ္ဘာကြီးအတွက် ရတနာတန်းဝင် ရွှေကျွန်းပင်စိုက်၍ ဝင်ငွေတိုးသည့် ရွှေမြန်မာအဖြစ် ဂုဏ်ရောင်တင်လျက် ရွှေကြောကို ကိုယ်တိုင် ဖန်တီးကြပါစို့။

**ထင်ကျော်(အောင်ဂံနစ်မြေသြဇာ)**

## ဆရာဝန်နဲ့အယ်ဒီတာ မတူ မတူ



အယ်ဒီတာတစ်ယောက်က သတင်းများတစ်ခုကို ဖော်ပြမိရင် အမှားပြင်ဆင်ချက်ထည့်ပြီး တောင်းပန်စကားဆိုရတယ်။ ဆရာဝန်တစ်ယောက်အဖို့တော့ အမှားတစ်ခု ကျူးလွန်မိတာနဲ့ မြေမြှုပ်သင်္ဂြိုဟ်လိုက်ရတယ်။ အယ်ဒီတာက သူ့အမှားအတွက် တရားစွဲခံရတယ်။ ကျမ်းကျိန်ထွက်ဆိုရတယ်။ ဆရာဝန်ကျတော့ လွှမ်းသူ့ပန်းခွေ ပို့လိုက်တာပဲ။

ဆရာဝန်က တစ်ကိုက်လောက်ရှည်လျားတဲ့ ဘာမှဖတ်လို့မရတဲ့ စာတစ်ပုဒ်လောက်ရေးလိုက်လို့ ဘာမှမဖြစ်ဘူး။ အယ်ဒီတာကသာ ဒီလိုမျိုးရေးကြည့်ပါလား။ သတ်ပုံသတ်ညွှန်း မှားလို့မရဘူး။ အေးဗျာ၊ အချုပ်ကတော့ ဘယ်သူဖြစ်ဖြစ် ဆရာဝန်ဖြစ်အောင် ကြိုးစားလို့ရတယ်။ အယ်ဒီတာဖြစ်ဖို့ကျတော့ ပါရမီပါမှဖြစ်တာဗျ။




**မောင်သီဟ**

# CELEBRITY and SHOWBIZ

## ညှို့ဓါတ်တွေက ပြင်းထန်နေဆဲ

ကိုသားကြီး



တကယ့်အရည်အချင်းရှိသူတွေက နေမင်းလိုပါပဲ။ ကမ္ဘာတစ်ဖက်ခြမ်းမှာ မရှိတော့ပေမယ့် တခြားဘက်မှာ ဆက်လက် တောက်ပနေနိုင်တာမျိုးလေ။ အီရီနာရှက်ဖ်ဆိုတာ မြက်ခင်းစိမ်း နောက်ကွယ်က စာမျက်နှာတွေပေါ်မှာ နေရာမယူနိုင်တော့တာ ကြာပါပြီ။ ကမ္ဘာကျော် ဘောလုံးသမား ရော်နယ်ဒိုနဲ့ ခွာပြဲပြီးတဲ့ နောက်ပိုင်းပေါ့။ဒါပေမဲ့ အသက် ၃၀ အရွယ် ရုရှားမော်ဒယ်ဟာ သူ့ရဲ့ ပရော်ဖက်ရှင်နယ် လမ်းကြောင်းပေါ်မှာတော့ အရှိန်အဟုန်တွေ ကြီးမားနေဆဲပါပဲ။ ဟောလီဝုဒ်မင်းသား ဘရက်ဒ်လေကော့ပါးနဲ့ ဇာတ်လမ်းသစ်ဆက်နေတဲ့ အီရီနာကို ဒီတစ်ပတ် ပါရီဖက်ရှင်ပွဲတော်မှာ တွေ့ခဲ့ကြရပါတယ်။ ပြင်သစ်ရဲ့ ကမ္ဘာကျော်ပွဲတော်ဖြစ်တာကြောင့် မော်ဒယ်နဲ့ဖက်ရှင်လောက,က ကြယ်ပွင့်တွေ စုံလင်တဲ့ ရောင်စုံပန်းခင်းကြီးပေါ့။ အဖြူရောင် အဝတ်အစားနဲ့ သူယောင်မယ်လေးလိုလှနေဆဲ အီရီနာဟာ ညှို့ဓါတ်တွေ အပြည့်ရှိနေဆဲဖြစ်ပြီး ကင်မရာမီးပွင့်တွေကို လင်းလက်စေခဲ့ပါသတဲ့။



# သံယောဇဉ်လက်ကျန်တွေနဲ့ ဂျိုလီ




လမ်းခွဲတယ်ဆိုတာ ကျန်ခဲ့သူရော ချန်ခဲ့သူပါ ခံစားရမှာသဘာဝပါ။ အချစ်စစ်မှန်ခဲ့ရင်ပေါ့။ သူတို့နှစ်ယောက်ရဲ့ ချစ်သက်တမ်းက ၁၂ နှစ်ရှိသွားပြီ။ ဝါသနာတူ၊ အသက်မွေးဝမ်းကြောင်းတူတွေမို့ တစ်ဦးနဲ့တစ်ဦး ပေးမခွဲကြတာ အားလုံးအသိ။ ဒါကြောင့် ဂျိုလီနဲ့ဘရက်ပစ်တို့ရင်ထဲမှာ အချစ်စစ်ပေါက်ဖွား ခဲ့မယ်ဆိုတာ သံသယရှိစရာ မလိုလောက်ဘူးထင်တယ်။ TMZ သတင်းဌာနနဲ့ အင်တာဗျူးမှာ ဂျိုလီဖွင့်ဟသွားတဲ့ စကားတွေကလည်း ဒီ သံယောဇဉ်တွေကို မြင်သာစေပါတယ်။ ဘရက်ပစ်ကို ဥပဒေကြောင်းအရ တရားမစွဲချင်ပါဘူးတဲ့။ အသက် ၄၁ နှစ်အရွယ် ဟောလီဝုဒ်မင်းသမီးကြီးဟာ ခင်ပွန်းဖြစ်သူ ဘရက်ပစ်နဲ့ ကွာရှင်းခွင့် တောင်းထားပါတယ်။ စက်တင်ဘာ လလယ်လောက်မှာဖြစ်ခဲ့တဲ့ ဇာတ်လမ်းကြောင့်ပေါ့။ ကိုယ်ပိုင်လေယာဉ်ပေါ်မှာ သားဖြစ်သူ မက်ဒေါ့ မျက်နှာကို ဘရက်ပစ်ဖြတ်ရိုက်ခဲ့တယ်ဆိုတဲ့ ပြဿနာကစခဲ့တဲ့ ကတ္တီပါ လမ်းခွဲပါ။ သူတို့ဇနီးမောင်နှံမှာ သားရင်း သမီးရင်းတွေ အပါအဝင် စုစုပေါင်း ရင်သွေး ၆ ယောက်ရှိပါတယ်။ ခုချိန်မှာတော့ တရားဝင်လမ်းခွဲဖို့ကိစ္စကိုသာ ဦးစားပေးမှာ ဖြစ်ပြီး ကလေးတွေကို ဘရက်ပစ်က ညှင်းပန်းနှိပ်စက် လားလို့ ရဲတွေမေးလာရင် ငြင်းဖို့ပြင်ထားတယ်လို့ ဂျိုလီ က ဆိုလေရဲ့။





# မီယာမီပါပါရာဇီတွေနဲ့ ဂျက်စတင်ဘီဘာ

ဖလော်ရီဒါအခြေစိုက် တရားရုံး တစ်ခုက ပေါ့ပ်ကြယ်ပွင့် ဂျက်စတင် ဘီဘာကို ရာဇသံပေးလိုက်ပါတယ်။ခိုင် လုံတဲ့ သက်သေအထောက်အထားတွေ ကို ရက် ၃၀ အတွင်းတင်ပြပြီး ထုချေ မလား။ ဒါမှမဟုတ် တရားရုံးမှာ အမှု ရင်ဆိုင်မလားဆိုတာပါ။ ဒေသခံမီဒီယာ တွေရဲ့ရေးသားမှုအရ ဂျက်စတင်ဘီ ဘာဟာ သူ့ဘက်က မတုံ့ပြန်နိုင်ရင် ဖမ်းဝရမ်းတောင် အထုတ်ခံရဖို့ရှိပါ သတဲ့။ ပြဿနာက ၂၀၁၄ မှာ စခဲ့ တာပါ။ မန်နျူရယ်မှုနေ့ဇ်လို့ အမည်ရတဲ့ မီယာမီအခြေစိုက် ဓာတ်ပုံသမားတစ်ယောက်က သူ့ ကို ဂျက်စတင်ရဲ့ ကိုယ်ရံတော်တွေ ကိုယ်ထိလက်ရောက် စော်ကားတယ် လို့ တရားစွဲခဲ့ပါတယ်။ ဒါကြောင့် ဖလော်ရီဒါတရားရုံးက ကြေညာချက် ထုတ်လိုက်တာပါ။ မီယာမီဓာတ်ပုံ သမားတွေနဲ့ ဂျက်စတင် ပြဿနာ တက်တာ ဒါ ပထမဆုံးအကြိမ်တော့ မဟုတ်ပါဘူး။ ၂၀၁၃ ခုနှစ်တုန်းက လည်း ဂျက်ဖရီဘီနီယွန်ဆိုသူက သူ့ကို ဂျက်စတင်ရဲ့ကိုယ်ရံတော်တစ်ယောက် ထိုးခဲ့တယ်လို့ စွပ်စွဲခဲ့ဖူးပါတယ်။ ၂၀၁၅ မှာ အဲဒီအမှုကိုစစ်ဆေးတော့ ဂျက် စတင် အနိုင်ရခဲ့သလို ဒီတစ်ခါလည်း အောင်မြင်ဦးမလားဆိုတာတော့---



# လူမြင်ကွင်းက မထိမတို့ရနေရာ

ပါရီဖက်ရှင်သီတင်းပတ်မှာ ကမ္ဘာကျော်မော်ဒယ်တွေ စုံလင်နေပါတယ်။ အားလုံးထဲမှာ အထင်ရှားဆုံးကတော့ ကင်ကာဒါရှီယန်ပေါ့။ ဘယ်လောက်တောင် ကာဒါရှီယန် ဆွဲဆောင်မှုရှိလဲဆိုရင် ပရိသတ်အားလုံး မျက်လုံးပြူးသွားရတဲ့အထိပါပဲ။ စနေညကျင်းပတဲ့ ပါရီဖက်ရှင် ညစာစားပွဲကို တက်ရောက်လာတဲ့ ကာဒါရှီယန်မှာ အောက်ခံဘောင်းဘီ ပါမလာခဲ့ပါဘူး။ လုပတဲ့ အနက်ရောင်၀တ်စုံအောက်နားက မထိရမတို့ရ လှို့ဝှက်နေရာကို အတိုင်းသားတွေ့နေရပါတယ်။ ဒီပွဲကို ကာဒါရှီယန်ဟာ ညီမတွေဖြစ်တဲ့ ကော့နေ၊ ကန်ဒယ်လ်တို့သာမက မိခင်ဖြစ်သူ ဂျန်နာနဲ့အတူ တက်ရောက်လာခဲ့တာပါ။ ချစ်သူ ကန်နီဝက်စ်တော့ ပါမလာခဲ့ပါဘူး။ ဒါပေမဲ့ ကန်နီဝက်စ်ဟာ အစောပိုင်းတုန်းက ကာဒါရှီယန်နဲ့အတူ ပါရီကိုရောက်နေခဲ့တာပါ။ ကန်နီမပါတဲ့ပွဲမှာ ကာဒါရှီယန် တမင်ကဲခဲ့တာလားလို့ ပရိသတ်အများစုက ထင်ကြေးပေးနေကြလေရဲ့။

# သခင့်အတွက် မွေးနေ့ဆုတောင်း

''အကြီးမြတ်ဆုံးလက်ဆောင်''ဆိုတဲ့ စာသားနဲ့အတူ စိတ်ဝင်စားစရာ ဗွီဒီယိုပိုင်တစ်ခုကို Facebook မှာ တင်လာသူက ဂျာဒါပင်ကက်စမစ်ပါ။'' ဒီဗွီဒီယိုကို မနေ့က ကျွန်မကြည့်လိုက်ရပါတယ်။ ရှင့်ရဲ့ အံ့အားသင့်စရာ အရည်အချင်းတွေဟာ ကျွန်မကို ဆက်ပြီး ကြည့်ညို့စေတာပေါ့။ ကမ္ဘာကြီးရဲ့ဘယ်နေရာမှာ ရှင်ရောက်နေသည်ဖြစ်စေ ကျွန်မတို့ အတူတူရှိနေတယ်လို့လည်း ခံစားရတယ်။ ''Happy Birthday ပါ အရှင်။ ရှင့်ကို ကျွန်မ အမြဲချစ်နေမှာပါ''လို့လည်း Gotham မင်းသမီးက ရေးထားပါတယ်။ သူမ တင်လိုက်တဲ့ ဗွီဒီယိုပိုင်မှာ အာဖရိကရောက်နေတဲ့ ဝီလီစမစ်ကို တွေ့ရပါလိမ့်မယ်။ စမစ်ဟာ အဲဒီဒေသမှာ ရေအရင်းအမြစ်ရဖို့အတွက် ရန်ပုံငွေ ဒေါ်လာ ၈ သိန်းလောက် ရှာပေးနိုင်ခဲ့ပါတယ်။ ဂျာဒါနဲ့ ဝီလီတို့ဟာ ၁၉၉၇ ခုနှစ်ကတည်းက လက်ထပ်ခဲ့တာဖြစ်ပြီး သားတစ်ယောက် သမီးတစ်ယောက် ပိုင်ဆိုင်ထားပါတယ်။



# နှစ်နာရီစာ လှို့ဝှက်ချက်များ

ရင်သွေး ၇ ယောက်လောက် အနည်းဆုံးမွေးချင်တယ်လို့ ကိတ်ပရိုက်စ် ဖွင့်ဟခဲ့ဖူးပါတယ်။ သူမရဲ့ ပဥ္စမမြောက် ရင်သွေးလေးမွေးတဲ့ ၂၀၁၄ ခုနှစ်တုန်းကပြောခဲ့တာပါ။ ဒီရည်မှန်းချက်ကို ကိတ် အကောင်အထည်ဖော်ဖို့ ကြိုးစားနေတာလားလို့ ပရိသတ်တွေကတော့ မှတ်ချက်ပေးနေကြပါပြီ။ အသက် ၃၈ နှစ်ရှိနေပြီဖြစ်တဲ့ ဗြိတိန်နာမည်ကြီးမော်ဒယ်ဟာ သူမရဲ့ တတိယမြောက် အိမ်ထောင်ဖက် ကီယန်ဟေလာနဲ့ မကြာခင်က ကွာရှင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ စကော့တီဆိုတဲ့ အဆိုတော်ချာတိတ်နဲ့တွဲနေတဲ့ ကိတ်ကို တွေ့ခဲ့ကြရပါတယ်။ ၂၀၁၆ Big Brother အစီအစဉ်ကနေ လူသိများလာတဲ့ စကော့တီဟာ အသက် ၂၈ နှစ်သာရှိပါသေးတယ်။ BMW ကားကြီးနဲ့ ဟိုတယ်ကို အတူရောက်လာပြီး နှစ်နာရီကြာ ဖဲမွေ့ယာဇာတ်လမ်းခင်းသွားတဲ့ ကိတ်နဲ့ စကော့တီတို့ရဲ့ပုံတွေ အွန်လိုင်းမှာထွက်ပေါ်လာပြီးတဲ့နောက် ရည်မှန်းချက်အတွက်လားဆိုတဲ့အသံတွေ ထွက်လာတာပါ။



# ၈ ရှိလို့ ဇစ်ဆွဲခဲ့တာများလား



သူမနာမည်က ဂျက်ကွီရိုင်လန်ပါ။ ဗြိတိန်မော်ဒယ်လောကမှာ နေရာ တစ်နေရာရဖို့ ကြိုးစားနေသူလေးပေါ့။ စွဲမက်စရာကောက်ကြောင်းတွေ ပိုင်ဆိုင်ထားတာကြောင့် ကြယ်တစ်ပွင့်ဖြစ်လာမယ့်သူလို့ ထင်ကြေးပေးခံထားရသူဆိုရင်လည်း မမှားပါဘူး။ ဒါပေမဲ့ ရိုင်လန်ဟာ သူများချစ်ခြင်းမှာ တတိယလူအဖြစ် ပါဝင်ပတ်သက်ခဲ့မိတာကြောင့် ဝေဖန်မှုတွေခံနေရပါပြီ။ ဆွဲဆောင်မှုရှိတဲ့ အိပ်မက်ထဲက မင်းသားလေးကို အပြင်မှာရှာတွေ့ပြီလို့ သိပ်မကြာခင်က Twitter မှာ သူမ ရေးခဲ့ဖူးတာကလည်း မပြေးသော်ကံရာရှိဖြစ်ခဲ့ရပါတယ်။ ရိုင်လန်နဲ့ ဖဲမွှေ့ယာဇာတ်လမ်းထွက်ခဲ့သူကတော့ နာမည်ကျော် ရုပ်သံဇာတ်လမ်းတွဲ TOWIE မင်းသားပက်တီဝစ်ချ်ပါ။ ချစ်သူ မီဂန် မက်ကင်နာနဲ့လည်း ဒီသတင်းနဲ့ပတ်သက်ပြီး ပက်တီဝစ်ချ် ရှင်းနေရပါတယ်။ တကယ်တော့ မီဂန်နဲ့ မတွေ့ခင်ကတည်းက ပက်တီဟာ ရိုင်လန်နဲ့ ပတ်သက်ခဲ့ဖူးတာပါ။ ပိုဆိုးသွားတာက နိုက်ကလပ်တစ်ခုမှာ ကဲနေတဲ့ ရိုင်လန်ရဲ့ပုံတွေ ထွက်ပေါ်လာတာပါပဲ။ ဒီလို မိန်းကလေးမျိုးက ဒီလိုအလုပ်ပဲ လုပ်မှာပေါ့ဆိုတဲ့ ဝေဖန်သံတွေကြားမှာ ရိုင်လန် တစ်ယောက်---



# ဖက်ရှင်သူခိုးမလေး ရီဟားနား


သူ့လောကနဲ့သူကတော့ ဆရာကြီးတွေပါပဲ။ ရီဟားနားဆိုတာက ပေါ့ပ်ဂီတလိုင်းမှာ ကြယ်တစ်ပွင့်။ ကင်ကာဒါရှီယန်ဆိုတာကလည်း မော်ဒယ်လောကရဲ့ ဘုရင်မတစ်ပါး။ ဒါပေမဲ့ ဖက်ရှင်ဆိုတာက အားလုံးနဲ့ သက်ဆိုင်တဲ့ အိပ်မက်မဟုတ်လား။ မိန်းကလေးသဘာဝကိုက အလှကြိုက်တယ်လေ။ ဒါကြောင့် ကာဒါရှီယန်ရဲ့ဖက်ရှင်ကို ရီဟားနား အတုခိုးတာ သိပ်တော့လည်းမဆန်းပါဘူး။ ပါရီဖက်ရှင် သီတင်းပတ်မှာ ရီဟားနားဟာ FENTY X PUMA အားကစားဝတ်စုံစတိုင်ဖက်ရှင်ကို ဆင်မြန်းပြီး ပွဲတက်လာခဲ့ပါတယ်။ ဒါဟာ ကာဒါရှီယန်ရဲ့ အထိမ်းအမှတ်ဖက်ရှင်ပုံစံတစ်ခုဖြစ်နေတာကြောင့် ဘာဘေးဒီးယန်းအဆိုကျော်ဟာ ဝေဖန်မှုတွေ အတော်လေး ခံနေရတာပါ။ ဒါပေမဲ့ ကာဒါရှီယန်ရဲ့ချစ်သူ ကန်နီဝက်စ်ကတော့ ပုံစံတစ်မျိုး ပြောင်းသွားအောင် စွမ်းဆောင်နိုင်ပါပေတယ်လို့ Twitter မှာ ချီးမွမ်းလိုက်လေရဲ့။



# နီသင်ဒေါ်အောက်ကျော်ဖိုး

မြန်မာပြည်

ကျော်ဖိုင်အမှတ် (၅၅)



အချိန်က ၁၉၉၄ ခုနှစ်၊ မတ်လနှောင်းပိုင်းကာလ။

ဗိုလ်မှူးဝင်းညွှန့်ဦးစီးသော လှုပ်ရှားတပ်ခွဲသည် ရခိုင်ပြည်နယ် မောင်တောမြို့၏ မြောက်ပိုင်းဒေသရှိ လုံကုတ်ရွာကလေးတွင် ခေတ္တအခြေပြုနေစဉ် အရေးကြီး ဝှက်စာကြေးနန်းတစ်စောင် ဝင်လာသည်။ သံဖရောရွာသို့ ချက်ချင်းချီတက် အခြေပြုရန်နှင့် စက်ခေါ်ချိန်ကို တစ်နာရီမှ နာရီဝက်သို့ ပြောင်းလဲကြောင်း စစ်ကြောင်း(၁)မှ ညွှန်ကြားထားသည်။ လုံကုတ်ရွာသည် မြို့တိုင်းရင်းသားများနေထိုင်သော ရွာကလေး ဖြစ်သည်။

''ဆရာကြီးမြသီးကို ဆယ်မိနစ်အတွင်း ထွက်မယ်လို့ပြော၊ ဆရာခင်မောင်စိုး ခင်များလည်း စက်ဖွင့်ထား။ အတတ်နိုင်ဆုံး အာရုံတီ မသုံးနဲ့''

''ဟုတ်''

တပ်ခွဲမှူးနှင့် ဆရာကြီးများ၊ ဆရာများက လှုပ်ရှားတပ်ခွဲကို အမြဲတမ်း စစ်ရေးအသင့်ဖြစ်အောင် လေ့ကျင့်ပေးထားပြီးဖြစ်၍ အသင့်ပြင်ဆင်မှုက မကြာလိုက်ပေ။ အသင့်မဖြစ်သေးသည်က ဆရာအောင်ရွှေ တပ်စိတ်။ နောက်ကျပြီး ကိုးရို့ကားယား အပြေးအလွှားရောက်လာကြသည်။ တပ်ခွဲမှူး မျက်နှာက ရှုတည်တည်ဖြစ်ပြီဆိုတော့ တပ်ခွဲ အရာခံဗိုလ် ဆရာကြီးမြသီးလည်း နှုတ်ခမ်းထူလေပြီ။

နာပြီဆိုရင်တော့ ကိုယ်ဒီရင်ဗိ ပြုစုသည်။ ထို့ကြောင့် ကျွန်တော်တို့ ရဲဘော်တွေက သူ့ကို ချစ်လည်းချစ်ကြသည်၊ ကြောက်လည်း ကြောက်ကြသည်။

တစ်ခုတော့ရှိသည်။ သူ မျက်နှာတည် ပြီဆိုရင်တော့ သူတပည့်ပေတွေ အကုန်လုံး အငြိမ်။ သူတပည့်တွေကလည်း တစ်ကျော့ ပေတွေ။ ပွကြီးစိုးသိန်း၊ ချိုကြီး မှန်အောင် ချစ် စသည့် လူထူးဆန်းတွေ။ လူထူးဆန်းတွေဟု ပြောရခြင်းက သူတို့သည် ဆိုးလွန်းတာလည်း မဟုတ်ကြသလို ကောင်းလွန်းကြသူတွေလည်း မဟုတ်ပေ။ သို့သော် ထို တပ်စိတ်သည် အရေးယာယီ အကြောင်းရယ် ဆိုပါက အားအလွှန်ကိုးရသော တပ်စိတ်ဖြစ်သည်။

**မြို့တိုင်းရင်းသူ အမေအိုက ဘာမှမပြောဘဲ**

**ရဲဘော်တွေကို တစ်ဦးချင်းလိုက်ကြည့်သည်။**

**ကြည့်ရသည်မှာ တစ်စုံတစ်ခုကို လိုက်ရှာနေသည့်ပုံပင်။**

''သူမှားတွေက အသင့်ဖြစ်နေပြီ၊ မင်းတို့ တပ်စိတ်က ဘာလို့နောက်ကျနေတာလဲ''

ပွကြီးစိုးသိန်းက နာရီပြရင်း ထုံးစံအတိုင်း ဆင်ခြေဝင်ပေးသည်။

''အဘကလည်း နောက်မကျပါဘူး။ ဆယ်မိနစ်တောင် မပြည့်သေးဘူး။ ကြည့် ခုနစ်မိနစ်ပဲ ရှိပါသေးတယ်၊ ဟဲ--ဟဲ Right time ၊Right time ''

''ဟေ့ကောင် ပွကြီး၊ လျှာမရှည်နဲ့၊ ကိုယ့်နေရာကိုယ်ယူ၊ ကဲ-အသင့်လုပ်ထား။ အမိန့်ရတာနဲ့ ထွက်မယ်၊ ဆရာကြီး ခွေ့သက် တပ်စုက ဦးဆောင်သွားမယ်''

ဆရာကြီးမြသီးက ဟောက်လိုက်မှ ပွကြီး ကုပ်သွား၏။ ကျွန်တော်တို့တပ်ခွဲမှာတော့ ဆရာအောင်ရွှေတပ်စိတ်က ပွကြီးတပ်စိတ်။ တစ်ခုခုထူးပြီဆိုရင်လည်း ထိုတပ်စိတ်၊ မှုးပြီဆိုရင်လည်း ထိုတပ်စိတ်ပင်။ လူတွေကလည်း လူထူးတွေ၊ တပ်စိတ်မှူး တပ်ကြပ်အောင်ရွှေမှာ လူပျိုကြီးပီပီ ပျော်ပျော်နေတတ်သည်။ စစ်သည်တစ်ဦး ဖြားလှုံသည်နှင့် ကျွန်တော်တို့တပ်ခွဲ စထွက်ခွာသည်။ ထိုအချိန်မှာပင်…။

''ဗိုလ်မှူးတို့…၊ ဆရာတို့ ခဏ… ခဏစောင့်ပါအုံး''

လုံကုတ်ရှာဥက္ကဋ္ဌက အော်ပြောရင်း အပြေးအလွှားရောက်လာ၏။ သူနောက်မှာလည်း အမေအိုတစ်ယောက်နှင့် အသက်ရှစ်နှစ်ခန့် ကောင်လေးတစ်ယောက် ပါလာသည်။

''ဘာထူးလို့လဲ ဥက္ကဋ္ဌကြီး''

''ဘာမှ မထူးပါဘူး ဗိုလ်မှူး၊ ဒေါ်စောက ရဲဘော်တွေကို မသွားခိုင်းပါနဲ့အုံးလို့ လာပြောလို့ပါ''

''ဘာထူးလို့လဲ အမေ၊ ပြောပါအုံး''

မြို့တိုင်းရင်းသူ အမေအိုက ဘာမှ မပြောဘဲ ရဲဘော်တွေကို တစ်ဦးချင်းလိုက်ကြည့်သည်။ ကြည့်ရသည်မှာ တစ်စုံတစ်ခုကို လိုက်ရှာနေသည့်ပုံပင်။ ဘယ်သူတွေက ဘယ်လိုပြဿနာ ရှာခဲ့ပြန်ပြီလည်းမသိ။ ကျွန်တော့်စိတ်အထင် ပွကြီးတပ်စိတ် မြေ့ပမ်းခဲ့ပြန်ပြီထင်၏။

အတွေးမှ မဆုံးသေး။ အမေအိုက ပွကြီး စိုးသိန်းကို တွေ့သွားကာ လက်ညှိုးထိုးရင်း၊ စကားတွေပြောရင်း လက်တွေအတင်း လိုက်ဆွဲ၏။ ပွကြီးပြီးတော့ ချိုကြီးတို့ ဆရာအောင်ရွှေတို့ လက်ကိုဆွဲပြီး ဗိုလ်မှူးရှိရာသို့ အတင်းဆွဲခေါ်လာသည်။ ဆရာအောင်ရွှေ တို့တစ်တွေ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ အောင် မျက်စိမျက်နှာပျက်ကာ ဆွဲခေါ်ရာသို့ ပါလာသည်။

''ဆရာအောင်ရွှေ ခင်ဗျားတပ်စိတ် ဘာလုပ်ခဲ့သလဲ၊ ကြက်ခိုးစားခဲ့တာသား''

''ဟာ…ဟို…ဘာမှ…ဘာမှ မလုပ်ပါဘူး ဗိုလ်မှူး''

ဗိုလ်မှူးမျက်နှာက တည်ရုံတင်မဟုတ်တော့၊ ဒေါသကြောင့် ခက်ထန်ကာ ဖေသမာနေပြီ၊ ထို့ကြောင့် ဥက္ကဋ္ဌက ပြာပြာသလဲ ခင်ရှင်းပြသည်။

''ဟောဒီက ဆရာတွေက ဘာမှမလုပ်ပါဘူး။ သူပြောတာက ဒီက ဆရာတွေကို ထမင်းကျွေးချင်လို့ပါတဲ့''

''ထမင်းကျွေးချင်လို့ ဟုတ်လား''

''ဟုတ်-ဟုတ်ပါတယ်၊ ဒီရဲဘော်တွေက အဖွားအိမ်ကို ပြင်ပေးတယ်၊ ထင်းတွေလည်း ရှာပေး ရေလည်းခပ်ပေးကြတယ်၊ အို… စပါးတွေလည်း ထောင်းပေးတယ်၊ အားကြီးချစ်ဖို့ကောင်းတယ်၊ အဲဒါကြောင့် ကျေးဇူးတင်လွန်းလို့ ကြက်သားဟင်းနဲ့ ထမင်းကျွေးဖို့ ပြင်နေတုန်းမှာ ရဲဘော်တွေက ထမင်းမစားဘဲ ထပြန်သွားကြတယ်၊ အဲဒါ ရဲဘော်တွေ ထမင်းမစားရသေးလို့ ထမင်း ကျွေးဖို့ လာခေါ်တာပါ၊ သူတို့ကို ထမင်း ကျွေးပါရစေနော်''

ရင်ထဲမှာ ဟာကနဲ့ဖြစ်ရလောက် အောင် အငိုက်မိကာ အရှိုက်ထိသွားရ၏။ ထင်တာ တခြား၊ ကြုံရတာက တခြားပါလား။

''ကျွန်တော်တို့ မစားတော့ဘူးနော်၊ အမေတို့ မြေးအမွှာနဲ့ပဲ စားလိုက်တော့နော်၊ နောက်ကြုံမှပဲ စားမယ်နော်အမေ''

''အို…ရဲဘော်တို့မှ ထမင်းမစားရသေးတာ၊ လမ်းမှာ ဆာနေကြမှာပေါ့''

''အချိန်မရလို့ပါ အမေရယ်၊ နော်-အမေ နောက်ကြုံမှ စားမယ်သိလား''

''ဦးချိုကြီး…ကျွန်တော့်ကို စာသင်ပေး မယ်ဆို၊ ခုတော့ ထွက်သွားတော့တယ်၊ ဦးချိုကြီး

ညာတယ်''

ကောင်လေးကလည်း ချိုကြီးလက်ကို ဆွဲကာ ပြောသည်။

''ပြန်လာတော့ သင်ပေးမယ်နော်၊ အဲ-ခုတော့ ဦးတိုင်ပေးထားတဲ့ ကဗျာလေးကို မမေ့အောင် လုပ်ထားနော်။ အဲဒါ ဦးတို့ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ ကျောင်းစာကဗျာကိုတွေးရ''

ချိုကြီးက ကောင်လေးကို နှစ်သိမ့်သလို အရာအောင်ရွှေတို့ကလည်း အမေ့ကို စိတ်ကျေနပ်အောင် တဖွဖွနှစ်သိမ့်သည်။ ဗိုလ်မှူးကလည်း အချိန်မရတော့သည့်အကြောင်း ဝင်ရှင်းပြပေးသည်။ စစ်ကြောင်းထွက်လာတော့ အမေအိုမှာ မျက်ရည်များ ပေါ့ဝဲလျက် ငိုမဲ့မဲ့ကျန်နေခဲ့ရှာသည်။ ခဲ့တော်တွေကို ငေးတွေကလေး ငေးကြည့်နေရှာသော အမေအို၏ မျက်ရည်စွန်းသော မျက်ဝန်းပုံရိပ်တွေက အာရုံမှာ စွဲထင်ကျန်ခဲ့သည်။ ကိုတူးလေး၏ ''ဦးချိုကြီး မြန်မြန်ပြန်လာနော်'' ဆိုသည့် အသံလေးကလည်း ပဲ့တင်ထပ်လျက် ကပ်ငြိပါလာခဲ့လေသည်။

\+ \+ \+ \+ \+ \+ \+

ပြူးမမြစ်လား။ ပြူးမချောင်းလား မခဝဲခဲ့တတ်တော့။ မြေပြန့်မှာတော့ ပြူးမမြစ်ဟု ခေါ်ကြပြီး ဒုန်းညို့ရွာ လွန်ခဲ့သည်နှင့် ပြူးမချောင်းဟု ခေါ်ဆိုကြပြန်သည်။ ကျွန်တော်တို့ သွားရမည့် ရည်မှန်းချက် သံဖရာရွာသည် ပြူးမချောင်းများ လက်တံတစ်ခု၏ အနီးတွင် တည်ရှိသည်။

ကျွန်တော်တို့သည် ပြူးမချောင်း၊ အတိုင်း ဆန်တက်ခဲ့ကြသည်။ သဲသောင်ပြင်၊ ကျောက်ခဲပြင်မှတစ်မျိုး ချောင်းကမ်းပါးပေါ်မှတစ်သွယ်၊ ရေထဲမှတစ်နည်းဖြင့် ခရီးဆက်ခဲ့ရာ ခြေထောက်ကရေ ခြောက်သည်ဟူ၍ မရှိပေ။ သံဖရာရွာကိုရောက်တော့ ညနေလေးနာရီကျော်ပြီ။ သံဖရာရွာသည် မြို့တိုင်းရင်းသားများနေထိုင်သော ရွာကလေးဖြစ်သည်။

ကျွန်တော်တို့တပ်ခွဲရုံးသည် ရွာလယ်ရှိ ဇရပ်ကြီးတွင် စခန်းချသည်။ မြို့တိုင်းရင်းသား ရွာအချို့တွင် ထိုသို့သော တည်းခိုဇရပ်များကို တွေ့ရတတ်သည်။ သည်ရွာရှိ အမျိုးသားတိုင်းက ရှေးမြန်မာကြီးများကဲ့သို့ ချောင်းဆံထုံး ထုံးကြသည်။ အမျိုးသမီးတွေကလည်း ရင်ဖုံးအင်္ကျီတွေနှင့် ယဉ်ကျေးသိမ်မွေ့၏။ အထူးခြားဆုံးကတော့ အမျိုးသားများက ဆံပင်ရှည်တွေထားကာ ဆံထုံးထုံးကြခြင်းပင်။ အရွယ်ရောက်သည်နှင့် ဆံထုံးထုံးရသည်။ ဆံထုံးမရှိသော ယောက်ျားလေးများကို မိန်းကလေးတွေက စိတ်မဝင်စား။ လူပျိုမဖြစ်သေးကြောင်း သတ်မှတ်ကြသည်ဟု ဆိုပါသည်။ သူတို့ ဆံပင်ရှည်ကြီးများကိုလည်း အမြတ်တနိုးတန်ဖိုးထားကြသည်။ သပြုသီးမှည့်ကို အမြှုပ်ထွက်လာအောင် ကျောက်တုံးဖြင့် ထုချေကာ ကျကျနနခေါင်းလျှော်ကြ၏။ ပြီးလျှင် တစ်ဖက်နိုင်ငံမှလာသော အုန်းဆီမွှေးကို လူးကြသည်။ သည်ရွာကလေး၏ ဆင်ယင်ထုံးဖွဲ့မှုနှင့် ဘာသာတရားကိုင်းရှိုင်းမှုက အခြားသောရွာများထက် ထူးခြားသည်။

သူတို့၏ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုဓလေ့စရိုက်တွေက အခြားသော တိုင်းရင်းသားများနှင့်မတူ။ မှုကွဲပြားနေပုံက စိတ်ဝင်စားစရာပင်။ သူတို့သည် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြသလို ခရစ်ယာန်၊ ဟိန္ဒူ မွတ်စလင် ဘာသာဝင်များလည်း မဟုတ်ပေ။ ထို့အတူ နတ်ကိုးကွယ်သူများလည်း မဟုတ်ကြ။ သူတို့သည် ဘာသာတစ်မျိုးကို ယုံကြည်ကိုးကွယ်ကြသည်။ ရွာကလေး၏ အဝင် ရွာထိပ်မှာ ဆိုင်းဘုတ်တစ်ခုကို မှတ်မှတ်သားသား ဖတ်ခဲ့ရသည်။ မိဿသာမာဒိဂိုဏ်းတဲ့။ ဝေ့လာမိဿလောက် သိရသည်မှာ မြို့ရွာများတွင် အရက်ဆိုင်မရှိ၊ လောင်းကစားဝိုင်းများ မရှိ၊ သူခိုးမရှိ၊ အမှုအခင်းလည်း မရှိပေ။

စခန်းချသည်နှင့် ကင်း၊ ကျင်း၊ ထယင်းကိစ္စတွေနှင့် သူတကာတွေ အလုပ်ရှုပ်နေကြသလို ကျွန်တော်နှင့် ဆရာခင်မောင်စိုးမှာလည်း၊ ဆက်သွယ်စက်တစ်လုံး၊ ဆိုက်ဖာပြား အဝိုင်းတစ်ခုဖြင့် အလုပ်ရှုပ်သည်။ အခုပင်ကြည့် စစ်ကြောင်း(၁)ကပို့သည့် ဇုက်စာကို အမြန်ဖော်နေရပေပြီ။

ကြေးနန်းစာပါ အကြောင်းအရာက မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် နယ်ခြားကျောက်တိုင်(မှတ်တိုင်)(၅၅)ဝန်းကျင် မိမိပိုင်နက် နယ်မြေအတွင်း၊ RSO(Rohinja Solidarity Oraganization) သောင်းကျန်းသူများ ခြေကုပ်ယူလှုပ်ရှားမှုများ ရှိလာသဖြင့် ကျွန်တော်တို့တပ်ခွဲအား ချိုဘက်ရှင်းလင်းရန် ညွှန်ကြားထားသည်။ တစ်ဆက်တည်းမှာပင် နယ်ခြားမှတ်တိုင် အမှတ်(၅၅)အား စစ်ဆေးရမည်ဖြစ်သည်။

နယ်ခြားမှတ်တိုင်(၅၅)ဘက်ကို ကျွန်



တော်တို့တပ်ခွဲ မရောက်ဖူးသေး။ ရွာသားများ၏ ပြောစကားအရ လမ်းကြမ်းသည်၊ တောင်တွေမြို့သဖြင့် လမ်းတွေမျက်နေသည်ဟု သိရသည်။ ကျွန်တော်တို့တပ်ခွဲသည် စစ်ဆင်ရေး တစ်လကျော်ကာလအတွင်းမှာပင် ရခိုင်ပြည်နယ် မောင်တောဒေသမြောက်ခြမ်း၌ လှုပ်ရှားစစ်ဆင်ရင်း နယ်ခြားကျောက်တိုင်များကို စစ်ဆေးရသည်။ မှတ်တိုင်(၅၅) မှအပ နယ်ခြားကျောက်တိုင်များကို သွားရောက်စစ်ဆေးကာ မှတ်တမ်းတင်နိုင်ခဲ့သည်။ သက်ချောင်းရွာကို အခြေပြုလျက် မှတ်တိုင်(၅၁)နှင့် (၅၂)ကို သွားရောက်စစ်ဆေးရင်း နယ်မြေစိုးမိုးရေး လှုပ်ရှားစစ်ဆင်ခဲ့သည်။ မှတ်တိုင် (၅၂)သည် သက်လူမျိုးများနေထိုင်သည့် ဗမ္မူလရွာကလေးအနီးတွင် တည်ရှိသည်။ ထို ရွာကလေးသည် စစ်သူကြီး မဟာဗန္ဓုလ ပန်ဝါတိုက်ပွဲကို အောင်မြင်ပြီးနောက် နေပြည်တော်အပြန်အတွင်း စခန်းချခဲ့သော နေရာဟုသိရပြီး ထိုရွာကလေးကိုပင် မဟာဗန္ဓုလ တည်ပေးခဲ့သည်ဟု ဆိုပါသည်။ ထို့ပြင် ရွာကလေးအနီး တောင်ကုန်းပေါ်မှ ထုံးဖြူဖြူ စေတီကလေးသည်ပင် စစ်သူကြီးမဟာဗန္ဓုလ တည်ခဲ့သောစေတီဟု ရွာသားတို့၏ တစ်ဆင့်စကားဖြင့် ကြားသိခဲ့ရသည်။

ကျွန်တော်တို့တပ်ခွဲသည် ကျောက်တစ်လုံးရွာကို အခြေပြုပြီးတော့လည်း နယ်မြေစိုးမိုးရေး လှုပ်ရှားစစ်ဆင်ရင်း မှတ်တိုင် (၅၆/၅၇/၅၈)တို့ကို စစ်ဆေးခဲ့ကြသည်။ ကျောက်တစ်လုံးရွာသည် လေးမြို့ချောင်းများတွင် တည်ရှိသော မြို့တိုင်းရင်းသားရွာကလေး ဖြစ်သည်။ တောတောင်အလွန်ထူထပ်သည်။ လျှိုမြောင်စိမ့်စမ်း ပေါလှသည်။ ကျွန်တော် လေ့လာသိသလောက် မြို့တိုင်းရင်းသားတို့သည် တောတောင်ထူထပ်ပြီး တိတ်ဆိတ်အေးချမ်းသော ဒေသတွေကို နှစ်သက်ကြသည်။ သူတို့သည် ရခိုင်ရာဇဝင်ကျမ်းများအရ ရှေးကျသော လူမျိုးတစ်မျိုးဟု သိရသည်။ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောမြောက်ခြမ်းဒေသ၊ ချင်းပြည်နယ် ပလက်ဝ၊ မတူပီ ဒေသများတွင် အများစုနေထိုင်ကြသည်။ တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး ရွှေ့ပြောင်းနေထိုင်တတ်ကြသည်။

ကျွန်တော်တို့သည် သံဖရာရွာကလေးတွင် တစ်ညတာစခန်းချပြီး နောက်တစ်နေ့အရုဏ်ဦးမှာ နယ်ခြားကျောက်တိုင်အမှတ်(၅၅)သို့ ချီစစ်ဆင်ခဲ့ကြသည်။ သံဖရာရွာသား မုဆိုးကြီး ဦးထွန်းခိုင်နှင့် အထက်သံဖရာရွာ (ရေတံခွန်ရွာ)သား လမ်းပြကြီး ဦးသာကျော်တို့လည်း ကျွန်တော်တို့နှင့်အတူ လိုက်ပါခဲ့သည်။



\+ + + + + + +

တပြည်းပြည်း နယ်ခြားမှတ်တိုင်နှင့် နီးလာပြီ။ ဝါးပြင်ထင်ရှားသော လူသွားလမ်းတစ်ခုကို တွေ့ရ၏။ တစ်ဖက်နိုင်ငံမှလူတွေ သစ်ဝါးလာခိုးခုတ်သောသောလမ်းဟု မုဆိုးကြီးက ပြောပြသည်။ တကယ်လည်း ပွိုင့်တပ်စုက ဝါးခုတ်သမားသုံးယောက်ကို တွေ့ရှိပြီး တပ်ခွဲမှူးဆီ ခေါ်လာသည်။ မုဆိုးကြီး၏ အကူအညီဖြင့် သောင်းကျန်းသူများ၊ သတင်းစုံစမ်းသည်။ လူကြီးနှစ်ယောက်က မသိဘူးဟုဖြေသည်။ အသက်ကိုးနှစ်ခန့် ကောင်လေးကတော့ သူတို့ မနက်ကအလာမှာ တွေ့ခဲ့ကြောင်းနှင့် ဆယ်ယောက်ခန့်ရှိကြောင်း ပြောပြသည်။ ကောင်လေး ပြောပြသည့်နေရာနှင့် ကျွန်တော်တို့ ရောက်ရှိနေသော နေရာက သိပ်ပြီးမဝေးတော့။

''မုဆိုးကြီးရေ…ဆက်ပြီးတော့ ကူညီအုံး။ သူတို့ကို ဒီမှာပဲနေ၊ ဘယ်မှမသွားနဲ့၊ နောက်တစ်နာရီလောက်ကြာမှ ပြန်လို့ပြောပေးပါ''

''ဟုတ်ကဲ့ပါ ဗိုလ်မှူး''

ထို့နောက် ကျွန်တော်တို့သည် သေနတ်ကို အသင့်အနေအထားဖြင့်ကိုင်ရင်း မျက်စိကိုဖွင့်၊ နားကိုစွင့်ကာ ရှေ့ဆက်ခဲ့ကြသည်။

''ဖန်း…ဖန်း''

သေနတ်သံနှစ်ချက် ဆက်တိုက်ကြားလိုက်ရသည်။ ကျွန်တော့်ရင်ခုန်သံ ဆူညံသွား၏။

''ပေ့ကောင်…ကျော်မိုး၊ နေရာယူလေ၊ ဘာလုပ်နေတာလဲ''

ဆရာကြီးမြသိန်း လှမ်းအော်မှ ကျွန်တော် နေရာယူမိသည်။ ဆရာကြီးတို့ ပြောနေသံအရ ထိုသေနတ်သံသည် ပီမိဘက်မှ မဟုတ်။ ရန်သူဘက်မှ အမ်-၁၆ သံဟု သိရသည်။ တော်လိုက်ကြသည့် ကျွန်တော့်ဆရာများပင်။ သေနတ်သံကိုပင် ချက်ချင်းခွဲခြားနိုင်ကြသည်။

ပွိုင့်တပ်စုက သတိဖြင့် တပြည်းပြည်းချင်း ရှေ့သို့တိုးရင်း ရှင်းလင်းနေပုံရသည်။ ဘယ်တော့ တိုက်ပွဲဖြစ်သံကြားရမလဲဟု

နားစွင့်နေပေမယ့် မထူးခြား။ နယ်ခြားကျောက်တိုင် ရောက်သည်အထိ ဘာမျှထူးခြားမှုမဖြစ်။ ထူးခြားမှုက မြေပုံညွှန်းထဲက နေရာမှာ နယ်ခြားကျောက်တိုင်ကို မတွေ့ရခြင်းပင်။

''ဆရာကြီး မြင့်အောင်နဲ့အဖွဲ့က ကျောက်တိုင်ရှာပြီး ပြန်တွေ့ပါ၊ လျှိုထဲများ ကျသွားသလား မသိဘူး။ ဆင်းရှာကြဖျာ၊ ဝေးဝေးမသွားနဲ့ နယ်စပ်ဆိုတော့ ပြဿနာရှိနိုင်တယ်၊ ပြီးတော့ တောဆင်တွေကိုလည်း ဂရုစိုက်''

နယ်ခြားကျောက်တိုင်က နေရာသာ တွေ့ရပြီး ကျောက်တိုင်မှာမရှိတော့။ တောဆင်ရိုင်းများ၏ ခြေရာတွေကိုသာ မြင်ရသည်။ ကျောက်တိုင်နေရာကို တတ်ပုံရိုက် မှတ်တမ်းတင်နေခိုက်မှာ စက်လတ်သမားကိုသန်းတင်က ကျောက်တိုင်ကြီးထမ်းပြီး ထက်လာသည်။ သူတစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်နေသည်။

''ကျောက်တိုင်က လျှိုထဲကျနေတာ၊ မနည်းကိုရှာရတယ် ဗိုလ်မှူး''

''ပြန်တွေ့လို့ တော်သေးတာပေါ့ကွာ၊ ကဲ…ကဲ ကျောက်တိုင်ပြန်စိုက်ကြရအောင်''

ကျွန်တော်တို့ နယ်ခြားကျောက်တိုင်ကို မူလနေရာမှာ ပြန်စိုက်ကြသည်။ ထိုအချိန်မှာပင် အောက်ဘက်လျှိုစပ်မှ ပစ်ခတ်သံတွေ ကြားရသည်။

''ဟာ…ဆော်ပြီပော့ ဒါ–ဆရာအောင်ရွှေဘက်ကလာတဲ့ အသံပော့''

ဗိုလ်မှူးကပြောရင်း တိုက်ပွဲဖြစ်ရာသို့ ပြေးသွားသည်။ ကျွန်တော်တို့လည်း ထက်ကြပ်မကွာ ပါသွားသည်။ မိမိဘက်မှ သေနတ်သံတွေက ပို၍လွှမ်းမိုးထားသည်။

ကျွန်တော်တို့ရောက်သွားချိန်နှင့် အချိန်ကိုက် အခြားတပ်စုများကလည်း ဆရာအောင်ရွှေ တပ်စိတ်နှင့်အတူ တိုက်ပွဲဝင်နေကြပြီ၊ အင်အားနှင့် လက်နက်ချင်း မမျှမှန်း သိသွား၍ ထင်သည်၊ ရန်သူက ခဏသာခုခံပစ်ပြီး ဆုတ်ပစ်ပစ်ကာ လျှိုထဲသို့ ဆုတ်သွားဖ၏။ ကျွန်တော်တို့ ရောက်သွားပြီး ခဏမှာပင် တိုက်ပွဲကပြီးဆုံးသွားသည်။ ရန်သူလက်နက်ငယ်တစ်လက် ရလိုက်သည်။

''ပွဲကြီး ရေခပ်သွားရင်းက တွေ့ပြီးပစ်တာ၊ အင်အားက အယ်ယောက်လောက်ရှိတယ်၊ သူတို့ဘက်က ဒဏ်ရာရသွားတဲ့သူရှိတယ် ဗိုလ်မှူး''

ဆရာအောင်ရွှေက တိုက်ပွဲအခြေအနေ တင်ပြနေခြင်းပင်။

''ကဲ…ဆက်လိုက်မယ်၊ ဒီလျှိုအတိုင်းသွားရင် ရှေ့မှာ တောင်ပေါ်ကိုတက်လို့ရတဲ့ လမ်းတစ်လမ်းရှိတယ်၊ သူတို့ တောင်ပေါ်မတက်နိုင်ခင် ပိတ်မိဖို့လိုတယ်၊ တောင်ပေါ် ရောက်သွားရင် ဟိုဘက်ကူးသွားလိမ့်မယ်''

ကျွန်တော်တို့ ရန်သူနောက်ကို ထက်ကြပ်မကွာ ဆက်လိုက်ကြသည်။ အစမှာ လျှိုကြီးဟုထင်ခဲ့သော ချောင်းများအတိုင်း

**နယ်ခြားကျောက်တိုင်က နေရာသာတွေ့ရပြီး**

**ကျောက်တိုင်မှာ မရှိတော့။**

**တောဆင်ရိုင်းများ၏ ခြေရာတွေကိုသာ မြင်ရသည်။**

ဆက်လိုက်ကြသည်။ မုဆိုးကြီး၏ ပြောပြချက်အရ လျှိုကြီးမှာ ပြူးမချောင်းလောက်တဲ့ တစ်ခုဟု သိရပေသည်။

\+ + + + + + +

''ခြေရာတွေ မတွေ့တော့ဘူး ဗိုလ်မှူး ဒီကောင်တွေ တောင်ပေါ်တက်သွားကြပြီနဲ့ တူတယ်''

ဆရာကြီးမြသီးတို့ ပြောနေဆိုက်မှာ လမ်းပြကြီးနှင့် မုဆိုးကြီးတို့ ရောက်လာကြသည်။

''ကျွန်တော်တို့ ကျော်ခဲ့ပြီ ဗိုလ်မှူးရေ ဒီဘက်ကို မရောက်တာကြာပြီဆိုတော့ နေရာတွေက သိပ်မှတ်မိချင်ဘူး၊ တောကလည်း ပိုထူလာတာကိုး''

ဗိုလ်မှူးနှင့် ဆရာကြီးများ ခေါင်းချင်းဆိုင် ဆွေးနွေးကြသည်။ ရှေ့ဆက်တိုးမလား၊ နောက်ပြန်လှည့်မလား တိုင်ပင်ကြသည်။ နောက်ဆုံး ဆုံးဖြတ်လိုက်သည်က ရှေ့ဆက်တိုးကြမည်ဟု။

''ကျွန်တော်တို့က ဒီနယ်မြေကို လှည့်ပြီးသွားနေရမှာဆိုတော့ လမ်းနဲ့နယ်မြေ အခြေအနေသိရအောင် ရှေ့ဆက်တိုးမယ်၊ နှုတ်ခမ်းမွေးတွေကလည်း အပေါ်တက်သွားတာလား၊ ခြေရာဖျောက်ပြီး ကျွန်တော်တို့ ရှေ့ကို ရောက်နေသလားဆိုတာ မသိနိုင်ဘူး၊ ရှေ့မှာတော့ အပေါ်တက်လို့ရမယ့်လမ်းတွေ့ မှာပဲ၊ မြေပုံမှာလည်း ပြထားတယ်ဗျ''

ဗိုလ်မှူးက မြေပုံကို လက်ညှိုးဖြင့်ထောက်ပြရင်း ပြောအံ့။ အားလုံးက ဗိုလ်မှူး၏ အစီအစဉ်ကို သဘောကျသည်။ ဦးထွန်းနိုင်တို့ကလည်း၊ နေရာအတိအကျ မပြောနိုင်သော်လည်း ချောင်းထဲဆင်းသည့် လမ်းတစ်ခုရှိကြောင်း ပြောသည်။

ကျွန်တော်တို့ ခဏနားပြီး ဆက်ထွက်ခဲ့သည်။ ချောင်းက တဖြည်းဖြည်းနက်လာသည်။ မွန်းလွဲပိုင်းဆိုပေမယ့် နေရောင်ကို မမြင်ရအောင် သားဘယ်ညာ တောင်ကမ်းပါးယံတွေက မြင့်မြင့်မားမားရှိလာသည်။ သစ်ကြီးဝါးကြီးများကလည်း နေပြောက်မထိုးနိုင်အောင် ဖြစ်ရသည်။ အချို့နေရာများတွင် ကျောက်ကမ်းပါးယံကြီးတွေက ရေတွေစိမ့်ကျနေသည်။ ချောင်းရေက အတိမ်အနက်မညီ၊ အချို့နေရာက ဒူးဆစ်သာသာရှိသော်လည်း အချို့နေရာများမှာတော့ ခါးကျော်အောင် ရေနက်သည်။ ရေတွေက အေးပြီးစိမ့်နေသည်။

ထိုနေ့က ရန်သူနောက် ထက်ကြပ်မကွာလိုက်ရင်း ချောင်းများထဲမှာ စခန်းချ ညအိပ်ခဲ့ကြသည်။

\+ + + + + + +

ဆရာအောင်ရွှေတို့ တပ်စိတ်သို့ ကျွန်တော်ရောက်သွားတော့ မိုးချုပ်နေပြီ။ ပြီးခဲ့

သည့် စစ်ဆင်ရေးတာ ကျွန်တော်သည် ထို တပ်စိတ်၏ အဖွဲ့သားတစ်ဦးဖြစ်သည်။ ယခု အပတ်မှာတော့ တပ်ခွဲရုံးမှာ ဝှက်စာကိုင် စာရေးအဖြစ် တာဝန်ထမ်းဆောင်ရသည်။

"ရေဒီယိုလည်း နားထောင်သွားပါအုံး မယ် ချိုကြီးရာ၊ သတင်းတွေရင်လည်း ပြော ပါအုံး"

ရေဒီယိုအသေးလေးကို နားစကင်ပြီး နားထောင်နေသော ချိုကြီးက ရေဒီယို အား ချပြီး "ဘာမှမထူးပါဘူးကွာ"ဟု ပြော သည်။

"မထူးရင်လည်း လက်ဖက်ရည်လေး ဘာလေး လုပ်လေကွာ"

"အောင်မာ…ခွဲရုံးကကောင်က ချစ် တီးလာကျနေတယ်၊ ရိက္ခာနှစ်ရက်စာပဲ သယ်ရမယ်ဆိုလို့ နို့ဆီတောင် မသယ်ခဲ့ဘူး"

ကျွန်တော့်စကားကို ပွကြီးစိုးသိန်းက အရှက်နှင့်အလက်နှင့် ဝင်ပြောသည်။ သူ ပြောတာလည်း အမှန်ပင်၊ နယ်ခြားကျောက် တိုင် စစ်ရင်း၊ နယ်မြေစိုးမိုးရေး လှုပ်ရှားရ မည်ဖြစ်၍ တပ်ခွဲမှူးက ပေါ့ပေါ့ပါးပါးဖြင့် ချီတက်ရန် ရိက္ခာနှစ်ရက်စာသာ သယ်ခိုင်း သည်။ အလေးအပင် ပစ္စည်းများကိုလည်း သံဖရာရွာမှာ ထားစေခဲ့သည်။

"တပ်စိတ်(၂)က ဝင်းနိုင်ဆီမှာတော့ နို့ဆီရှိတယ်ကွ၊ ငါသွားဖန်လိုက်အုံးမယ်၊ ခဏစောင့်၊ ပွကြီး မင်းက ရေနွေးကျိုထား"

"အိုကေ သူငယ်ချင်း။ ဒါနဲ့ မင်းက ဘာအကြံအဖန် လုပ်အုံးမှာလဲ"

"မင်းကလည်း သိသားနဲ့ ဟိုရုပ်ရှင် မင်းသမီးရဲ့ ကိုယ်လုံးတီးပုံနဲ့လေကွာ၊ ဒီကောင်က ဒါမျိုး သိပ်ဝါသနာပါတာကွ"

ပြောရင်း ချိုကြီးသည် မဂ္ဂဇင်းစာအုပ် အဟောင်းတစ်အုပ်ကိုင်လျက် ထွက်သွား သည်။ စာအုပ်က အဖုံးတောင်မှ မပါ။ ရုပ်ရှင်မင်းသမီး၏ ကိုယ်လုံးတီးပုံတဲ့လား။

"နာမည်ကျော် ရုပ်ရှင်မင်းသမီးက ဒီလိုပုံမျိုး ရိုက်ပါ့မလား"

"နောက်တော့ သိရမှာပေါ့ကွာ"

ပွကြီးက ပြုံးစစဖြင့်ဖြေသည်။

ရေနွေးပွက်ပွက်ဆူချိန်မှာပင် ချိုကြီး သည် နို့ဆီတစ်လုံးကိုင်လျက် ပြန်ရောက် လာသည်။ အောင်ချိုကြီးပါလေ။ ပွကြီးက လည်း အချိန်မဆိုင်းဘဲ လက်ဖက်ရည်ဖျော် သည်။ ခေတ်ထဲတောင်ထဲမှာ ရှားရှားပါးပါး

**နယ်ခြားကျောက်တိုင် စစ်ရင်း**

**နယ်မြေစိုးမိုးရေး**

**လှုပ်ရှားရမည်ဖြစ်၍**

**တပ်ခွဲမှူးက**

**ပေါ့ပေါ့ပါးပါးဖြင့် ချီတက်ရန်**

**ရိက္ခာနှစ်ရက်စာသာ…**



သောက်ရလို့လားတော့ မသိ၊ အရသာ တော်တော်ရှိသည်။

"ကဲ…လုပ်စမ်းပါအုံး။ မင်းပြောတဲ့ နာမည်ကြီးမင်းသမီးရဲ့ ကိုယ်လုံးတီး (Naked) ပုံဆိုတာ တကယ်ရော ဟုတ်လို့လား ကွ"

ချိုကြီးက ဘာမှမပြောဘဲ ပြုံးပြုံးကြီး လက်ဖက်ရည်သောက်နေသည်။ ပွကြီးက ဒွိဟကနဲရယ်သည်။ ထိုအချိန်မှာပင် ဝင်းနိုင် တစ်ယောက်က ရှုံ့မဲ့မဲ့ဖြင့် ဒေါသတကြီး ရောက်လာသည်။

"ဟေ့ကောင် ချိုကြီး။ ငါ့နို့ဆီပြန်ပေး၊ မင်း ကလိမ်ကကျစ်ကောင်"

"ဟာ–ငါ့ဘယ်မှာ လိမ်လို့လဲ၊ မင်း ကြည့်ချင်တဲ့ပုံပဲလေ၊ ဟဲ…ဟဲ နို့ဆီကတော့ အရည်ဖျော်သွားပြီကွ၊ ပွကြီးရေ ငါ့ကောင် ကြီးကို တိုက်လိုက်ပါအုံးဟ"

"မသောက်ဘူး…မတိုက်နဲ့၊ ငါ့ကို တစ်မတ်ရိုက်တာ မကျေနပ်ဘူး။ တပ်ခွဲမှူးနဲ့ တိုင်မယ်"

ပြသနာတာမသေးတော့၊ တပ်ခွဲမှူး အဆင့်ထိ ရောက်လာပြီ။ ကျွန်တော် မနေ သာတော့။

"ဟာ…နေပါအုံး ဝင်းနိုင်ရာ၊ ဘာဖြစ် လို့လဲ"

"ဘာဖြစ်ရမလဲ ကျော်မိုးရ၊ ဒီကောင် ပေါ့၊ ရုပ်တည်ကြီးနဲ့ သူ့မှာ နာမည်ကြီး ရုပ်ရှင်မင်းသမီးရဲ့ Naked ပုံရှိတယ်၊ ကြည့် မလားတဲ့၊ ကြည့်ချင်ရင် ပုံကိုပါအပိုင်ပေး မယ်၊ နို့ဆီတစ်လုံးပေးရမယ်ဆိုပြီး လုပ်ချ သွားတာကွ၊ ဘာရုပ်ရှင်မင်းသမီးရဲ့ Naked ပုံမှမဟုတ်ဘူး"

"ဘာလို့ မဟုတ်ရမှာလဲ၊ မင်းသမီးရဲ့ နာမည်တောင် ပုံနှိပ်စာလုံးကြီးနဲ့ ပါသေး တယ်။ ပုံကလည်း ကြည့်အုံး။ ဘာအဝတ် အစားမှတောင် မပါဘူး။ လုံးဝ Full ပဲ"

"ဘာ Full လဲ၊ မင်းပုံကို မင်းပြန် ကြည့်–ရော့"

ဝင်းနိုင်က ဒေါသတကြီးဖြင့် လက်ထဲ က စာအုပ်ကို ဖုတ်ကနဲပစ်ချသည်။ ကျွန် တော် အမြန်ကောက်ယူပြီး ဓာတ်မီးဖြင့်ထိုး ကြည့်သည်။ ဝင်းနိုင်က ပုံရှိရာစာမျက်နှာကို ပြသည်။ ပုံကိုကြည့်ပြီး ကျွန်တော်တို့ ကြိတ် ပြီး ရယ်ကြသည်။ ပွကြီးကတော့ ပုဆိုးစကို ပါးစပ်ပိတ်ပြီး တခွီးခွီးရယ်သည်။

ကြည့်ပါဦး။ သူတို့ပြောသည့် မင်းသမီး ကိုယ်လုံးတီးပုံဆိုတာက ဒေးကြော်ငြာ တစ်ခုပင်။ ကလေးငယ်လေးတစ်ယောက် ထိုင်နေသည်မှာ ဘာအဝတ်အစားမှမပါ။ ယောကျ်ားလေးပုံဖြစ်ကာ သူ့ဝယ်ပါလေးတော ပင် အတိုင်းသား ပေါ်နေလေသည်။ ကြော် ငြာက "ချိုပြုံး ဝမ်းနုတ်ဆေး"တဲ့။

"မကျေနပ်ဘူး။ လုံးဝမကျေနပ်ဘူး။ တွေ့မယ်"

ဝင်းနိုင် ရှက်ဒေါသတွေပေါက်ကွဲ၍ မဆုံးနိုင်သလို ကျွန်တော်တို့လည်း ရယ်၍ မဆုံးတော့။ သို့သော် နောက်တစ်နေ့မှာ တော့ တပ်ခွဲမှူး၏ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ တစ်ခါကြီး ခံစားလိုက်ရသည်။ နို့ဆီလည်း ပြန်လျော်ပေးရမည်ဟု အမိန့်ချသည်။ ဆုံးမ မှုပြီးတော့ ဒိုလ်မှူးတို့လည်း သဘောကျစွာ ရယ်ကြသည်။

ချိုကြီးသည်လည်း ထိုနေ့မှစကာ ချို ကြီးမှ ချိုပြုံးအမည်တွင်သွားရလေသည်

\+ + + + + + +

''ဟေ့ကောင် ကျော်မိုး နေ့လယ်စာ ဘယ်လိုလုပ်မလဲ''

ခွဲရုံးထမင်းချက် ကိုဝင်းမြင့်က လမ်းသွားရင်းပြောသည်။ ကျွန်တော်ကရော ဘာလုပ်တတ်မည်နည်း။ ပုံမှန်အတိုင်းဆိုပါက ပါသည့်ရိက္ခာ နှစ်ရက်စာကို ဆန့်စားနိုင်သည်။ တစ်နေ့က ရင်ဖို့နီးပါးခန့်နက်သော ချောင်းကိုအဖြတ်မှာ ဆန်တွေအကုန် ရေစိုကုန်သည်။ ထို ရေစိုဆန်မှုန့်တွေကိုပင် ချက်ကာ မနေ့က ညစာအဖြစ် စားခဲ့ကြရသည်။ အခုလောလောဆယ် မိုက်ထဲမှာ မနက်က သောက်ခဲ့ရသော လက်ဖက်ရည်ကျဲကျဲ တစ်ခွက်သာ ရှိသည်။

ညနေမတိုင်မီ ချောင်းပေါ်ကတက်နိုင်ပြီး လမ်းတွေ့ကာ ရွာတစ်ရွာကိုရောက်ရင်ဖြင့် ရိက္ခာအဆင်ပြေမည်။ လမ်းမတွေ့ရင်တော့ ချောင်းထဲမှာ ရေပါသောက်ကြရပေမည်။ ကျွန်တော်တို့ ချောင်းထဲမှာ အိပ်ခဲ့ရသည်ပင် နှစ်ညရှိခဲ့ပြီ။ ချောင်းတစ်လျှောက် ဖြတ်သန်းခဲ့ရသည့် ခရီးက ကြမ်းတမ်း၏။ ကျောက်ဆောင်၊ ကျောက်ကမ်းပါးများကို ဖြတ်ခဲ့ရသည်။ ချောင်းရေနက်သဖြင့် ဖါးဖောင်လုပ်ပြီး ကူးခဲ့ရသည်လည်းရှိသည်။ ရေစိုပြီးချမ်းလွန်း၍ မီးမိုကာလှုံကြတော့ အောက်ခံကျောက်ခဲတွေပူပြီး တဖြောင်းဖြောင်း ထပေါက်သဖြင့် ညှိသကျည်းတွေ မှန်သည်။ နာလိုက်သည့်ဖြစ်ခြင်း။ ထို့ကြောင့် မီးမလှုံခဲ့ကြတော့။ ဗိုလ်မှူးက မီးမလှုံရမှာ အမိန့်ထုတ်သည်။ ကျောက်ပေါက်သည့် အသံ၊ ဖါးပေါက်သည့်အသံတွေ တစ်ဘက် ရန်သူ ကြားသွားနိုင်သည်ပင်။

''ခဏာခုအမယ်၊ နေ့လယ်စာအတွက် တောတွင်းရွာမွှေစားသောက်နည်းနဲ့ ရှာစားမယ်ဟေ့''

သင်တန်းကပေးလိုက်သော သင်ခန်းစာက အခုတော့ လက်တွေ့အသုံးချခွင့်ရပေပြီ။ သင်တန်းဆရာများ၏ ကျေးဇူးတရားကို အခုမှသိလေသည်။ ဗိုလ်မှူးကိုယ်တိုင် စားလို့ရသည့် အသီးအရွက်တွေရှာသည်။ ဖါးချွန်တစ်လုံးဖြင့် ကျောက်ငါးကြင်းထိုးသည်။ ကျောက်ငါးကြင်းနှစ်ကောင်နှင့် ညှော်လာ ဂမုန်းနှင့်တူသော ဂမုန်းပင်တစ်ပင် ရလိုက်သည်။

''ဗိုလ်မှူးကလည်း ဒီဂမုန်းက ဘာလုပ်ဖို့လဲ၊ စိုက်ဖို့လား''

''စားဖို့ကွ။ ဒါ မှဆိုးခရမ်းလို့ ခေါ်တယ်။ မုဆိုးတွေပေးတဲ့ နာမည်ပေါ့ကွာ၊ အရသာက ခရမ်းသီးအတိုင်းပဲ၊ ငါ့အဖေက မုဆိုးကွ''

''ဒါဆို ဗိုလ်မှူးလည်း မုဆိုးလုပ်မှာပေါ့၊ ဒါပေမဲ့ ဗိုလ်မှူးက လိပ်တော့ ဖမ်းမှုပုံ မရပါဘူးဗျာ…ဟဲ…ဟဲ''

''ခွေးကောင်…ဒါကျတော့ အသေမှတ်တယ်''

ဗ ပြောရင်း ဗိုလ်မှူးလည်းရယ်၏။ လိပ်ဖမ်းသည့် အတွေ့အကြုံက ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်အတွက် အမှတ်တရ ဖြစ်ခဲ့သည်။ ကျွန်တော်တို့တပ်ခွဲ မောင်တော တောင်ဘက်ပိုင်းရှိ အလယ်သံကျော်၊ မြင်းလွှတ်ရွာများ၏ အရှေ့ဘက် မေယု တောင်ကြောတွင် စစ်ဆင်ရေးတာဝန် ထမ်းဆောင်စဉ်က ဖြစ်သည်။ တစ်နေ့ တောင်ကြောတစ်လျှောက် နေရာချထားသော တပ်စုများကို လိုက်စစ်ပြီးအပြန် လယ်ကွင်းများအစပ်တွင် အင်းကောတစ်ခု တွေ့ရသည်။ အင်းအစပ်မှာ လိပ်တွေအများကြီး တွေ့သည်။ ကျွန်တော်တို့ လိပ်တွေ အလုအယက် ဖမ်းသည်။ ထည့်စရာကလည်း မပါ။ နောက်ထပ် လိပ်တွေကိုလည်း ဖမ်းချင်သေးသည်။

သင်တန်းကပေးလိုက်သော

သင်ခန်းစာက အခုတော့

လက်တွေ့အသုံးချခွင့်ရပေပြီ။

သင်တန်းဆရာများ၏

ကျေးဇူးတရားကို

အခုမှသိလေသည်။

''လိပ်တွေက အများကြီးရှိသေးတယ်၊ ဒီလိပ်တွေ ဘယ်လိုလုပ်မလဲ''

''ဟာကွာ…ဘာခက်တာမှတ်လို့၊ ပက်လက်လှန်ထားလိုက်၊ လိပ်ပက်လက်လှန် ယက်ကန်ယက်ကန်တဲ့၊ ပက်လက်သာလှန်ထားလိုက်၊ ဒီကောင်တွေ မပြေးတတ်တော့ဘူး''

''ဟုတ်သားပဲ''

ဟုပြောရင်း ဗိုလ်မှူးပြောသည့်အတိုင်း လိပ်တွေကို ပက်လက်လှန်ထားခဲ့ပြီး လိပ်တွေ ဆက်ဖမ်းသည်။ လိပ်တွေ ရေထဲဆင်းငုပ်သွား၍ သိပ်မရလိုက်။ ဖမ်းမိသည့် လိပ်တွေနှင့် ကုန်းပေါ်ရောက်တော့ စောစောက ဖမ်းမိထားသည့် လိပ်တွေ တစ်ကောင်မှ မတွေ့ရတော့ပေ။

''ဟေ့ကောင်…ဘယ်ရောက်ကုန်ပြီလဲ''

''ဗိုလ်မှူးပြောတော့ လိပ်ပက်လက်လှန်ထားရင် ယက်ကန်ယက်ကန်နဲ့ မပြေးနိုင်တော့ဘူးဆို၊ အခု ပြေးကုန်ပြီဗျ''

''အေးလေ ငါကြားဖူးတာ ပြောတာပဲ၊ နေဦးကွာ၊ ဒီကောင်တွေ ဘယ်လိုလုပ်ပြီး ပြေးသလဲဆိုတာ ကြည့်ရအောင်''

ကျွန်တော်တို့နှစ်ယောက် ဖမ်းမိသည့် လိပ်တွေကို ပက်လက်လှန်ပြီး ခပ်လှမ်းလှမ်းက စောင့်ကြည့်ကြသည်။ ထိုအခါမှ သိလိုက်သည်က လိပ်တွေက ခေါင်းမြှင့်ထိုးလှန်ပြီး ပြန်မှောက်သွားခြင်းဖြစ်ကြောင်း သိလိုက်ရသည်။ ဆရာတပည့်နှစ်ယောက် ပြောရင်းရယ်ခဲ့ကြရသည်။ အခုလည်း ထိုအကြောင်းကို ပြန်သတိရပြီး ရယ်မိကြခြင်းပင်။

''ဝင်းမြင့်ရေ…ရော့ ငါး၊ စားလို့ရအောင် ကြိုဖန်လုပ်တော့၊ ဒီဂမုန်းပင်ကို မီးမှုတ်ပြီး ခရမ်းသီးသုပ်သလို သုပ်ကွာ''

ဗိုလ်မှူးက ကိုဝင်းမြင့်ကိုပြောနေစဉ်မှာ ဆရာအောင်ရွှေနှင့် ချိုကြီးတို့ အထုပ်ကလေးတစ်ထုပ်ဖြင့် ရောက်လာသည်။

''ဗိုလ်မှူးစားဖို့ ဆန်လာပေးတာပါ ခင်ဗျ၊ တစ်ပြည်လောက်တော့ ရှိပါသေးတယ်''

''ဟာ…နေပါစေ၊ မင်းတို့ပဲစားကြပါကွာ''

''ကျွန်တော်တို့ကို အားမနာပါနဲ့၊ ယူထားလိုက်ပါ''

"ကဲ…ဒီတော့ ဒီလိုလုပ်၊ အားလုံး စားလို့ရအောင် ဒီဆန်နဲ့ ရသမျှအသီးအရွက်တွေ၊ ငါးတွေနဲ့ရောပြီး ဆန်ပြုတ်လုပ်မယ်၊ ပြီးတော့ အတူတူဝေမျှစားကြတာပေါ့ကွာ"

"ဗိုလ်မှူး ကျွန်တော် စားစရာလိုက်ရှာရင်း ရွာမှာ ခြေရာတွေ တွေ့ခဲ့တယ်"

ဆရာကြီးမြင့်အောင်က လာသတင်းပို့သည်။ ဗိုလ်မှူးက လိုက်ကြည့်သည်။ ယနေ့မှ သွားထားသော ခြေရာများဖြစ်သည်။ တောင်စောင်းလေးအတက်လမ်း ရွှံ့မြေသားပေါ်တွင် ခြေရာတွေက အထင်းသား။

"သူတို့က အရှေ့က၊ ကျွန်တော်တို့က အနောက်ကပဲ၊ ကျွန်တော်တို့လိုက်လာတာ သူတို့သိနေပြီ သူတို့ ချောင်းထဲက ထွက်မရ ဖြစ်နေတာဖြစ်မယ်၊ သိပ်ပြီး ဝေးမှာမဟုတ်ဘူး။ မှိုင်းတပ်စုကို ခွဲလို့ လက်လုံးနဲ့ အမြန်လိုက် ဝိုင်းရမယ်၊ စားပြီးတာနဲ့ ချက်ချင်းထွက်မယ်၊ ကဲ–ဒီတော့ ဆရာကြီးမြင့်အောင်ပဲ မှိုင်း တာဝန်ယူမျာ၊ ကျွန်တော် ဆရာကြီးတပ်စုနဲ့ အနီးကပ်လိုက်မယ်၊ ဆရာကြီး၊ မြသီးက နောက်အဖွဲ့တွေကို ထိန်းပြီးခေါ်ခဲ့မယ်၊ ကျော်မိုးက ဆရာကြီးနဲ့ အတူနေခဲ့"

ဗိုလ်မှူးက ဆရာကြီးမြသီးကို လိုအပ်တာတွေမှာပြီး ကျွန်တော့်ကိုလည်း နောက်ချန်ထားခဲ့သည်။ အမှန်တော့ ကျွန်တော်က မှိုင်းတပ်စုနှင့် အတူလိုက်ချင်သည်။ သို့မှသာ တိုက်ပွဲဖြစ်လျှင် ကျွန်တော်ပါဝင်နွှဲနိုင်မည်။ ခုတော့ ထုံးစံအတိုင်း ခွဲရုံးနှင့်အတူ စစ်ကြောင်းအလယ်က လိုက်ရမည်။

ဧရာသမဗ္ဗေ ဆန်ပြုတ်စားပြီးသည်နှင့် ကျွန်တော်တို့ ဆက်ထွက်ကြသည်။ ဆာနေလို့ လားတော့မသိ။ ဧရာသမဗ္ဗေဆန်ပြုတ်က စား၍အလွန်ကောင်းသည်။ ယနေ့အထိ စားဖူးသမျှ ဆန်ပြုတ်တွေထဲမှာ အရသာ အရှိဆုံးပင်။

\+ + + + + + +

"နိုင်း…နိုင်း"

မိမိဘက်က သေနတ်သံတွေကို ဆူညံစွာ ကြားလိုက်ရသည်။ တစ်ချိန်တည်းမှာပင် တစ်ဘက်ရန်သူ၏ သေနတ်သံများ။ ဝုန်းဒိုင်းကြဲနေသော တောတိုးသံများ။ တော်လဲသံများကိုလည်း ကြားရသည်။

"ချပြီဟေ့၊ နေရာယူထား။ ဘယ်သူမှ မပစ်နဲ့၊ ကိုယ့်လူတွေ ရှေ့မှာရှိတယ်"

ဆရာကြီးမြသီးက အမိန့်ပေးသည်။ ကျွန်တော်တို့ အသင့်နေရာယူပြီး တိုက်ပွဲဖြစ်ရာသို့ စိတ်ရောက်နေကြသည်။ အားလုံးက ပါဝင်ဆင်နွှဲလိုသော ဆန္ဒဖြင့် ဖင်တကြွကြွ၊ ထိုသူတွေထဲမှာ ကျွန်တော်လည်း ပါလေသည်။

တောက်…၊ ဒီတစ်ပွဲလည်း လွဲပြန်ပြီ။

ကျွန်တော့်ကိုယ်ကျွန်တော် အားမလို အားမရဖြစ်နေချိန်မှာ ဆရာအောင်ရွှေတို့၊ ပုကြီးတို့၊ ချိုကြီးတို့က ပွဲကြိုးပွဲကောင်း နွှဲခဲ့ကြသည်။ ရန်သူကို စတင်မြင်ပြီး ဦးဆောင်ပစ်ခဲ့သူက မှိုင်းသမား ပုကြီးစိုးသိန်းနှင့် ချိုကြီး။ ကျွန်တော်တို့နှင့် လက်တစ်ကမ်းအကွာတွင် ရောက်နေသော RSO အဖွဲ့ငယ်သည် တောကောင်များ ရေသောက်ဆင်းသည့် လမ်းကိုအတွေ့မှာ အားရဝမ်းသာဖြင့် ပြေးတက်သွားကြသည်။ ထိုမှာ ရေသောက်ဆင်းလာသော တောဆင်ရိုင်းအုပ်နှင့် ပက်ပင်း တိုးလေသည်။ ဆင်အုပ်ကိုအတွေ့ ကြောက်လန့်တကြား နောက်ပြန်ပြေးအလာတွင် မှိုင်းတပ်စိတ်၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။ အပြန်အလှန်ပစ်ခတ်သံများကြောင့် တောဆင်ရိုင်းအုပ်မှာ ကြောက်လန့်ပြီး ထွက်ပြေးသွားကြရာ သေနတ်သံများနှင့် အတူ တောတိုးသံ၊ ဆင်အော်သံ၊ သစ်ပင်လဲကျသံများဖြင့် ဆူညံသွားခြင်းပင် ဖြစ်သည်။

သို့သော် ရန်သူသည် ခဏတာ ပြန်ပစ်ခတ်ပြီး တောင်ပေါ်ပြေးတက်သွားသည်။

RSO အဖွဲ့မှ တစ်ယောက်ကျခဲ့ပြီး လက်နက်ငယ်နှစ်လက်နှင့် ကျည်ခါးပတ်တစ်ခု ရလိုက်သည်။ ဗိုလ်မှူးက ဆရာကြီးမြသီးအား ရန်သူ့အလောင်းနှင့် လက်နက်များကို စစ်ဆေးရန် မှာကြားပြီး မှိုင်းတပ်စုနှင့် အတူ ရန်သူနောက် ဆက်လိုက်သွားသည်။ ဆရာကြီးဆွေသက်၏ နောက်ချန်တပ်စုလည်း ပါသွားသည်။

ရန်သူ့အလောင်းကို စစ်ဆေး၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဗိုလ်မှူးတို့နောက် ဆက်လိုက်ကြသည်။ ကျွန်တော်တို့အဖွဲ့ တောင်ပေါ်ရောက်သည့်အချိန်မှာပင် ဆရာ အွန်ခမ်းပုံ၏ ကွန်မန်ဒိုစိန်ပြောင်းပစ်ခတ်သံ ကြားရသည်။ နာရီဝက်ခန့်အကြာတွင် ဗိုလ်မှူးတို့အဖွဲ့ ရန်သူ့လက်နက်ငယ်တစ်လက် မြှောက်ပြပြီး ပြန်ရောက်လာသည်။ RSO သောင်းကျန်းသူများမှာ တစ်ဖက်နိုင်ငံထဲ ပြေးဝင်သွားပြီဖြစ်၍ ဆက်မလိုက်ဘဲ ပြန်လှည့်လာခဲ့ခြင်းပင်။ ထိုအချိန်မှာ ကျွန်တော်တို့အားလုံး လုံလုတ်ရွာသို့သွားသည့် လူသွားလမ်းကလေးကို ရှာတွေ့ထားလေပြီ။

\+ + + + + + +

နေဝင်သွားပြီ။ သို့သော် မမှောင်သေး။

ရွာရောက်ခါနီးမှ ဗိုက်က ပိုဆာလောင်လာသည်။ ခြေလှမ်းတွေလည်း အရှင်လို မမြန်တော့။ ရွာမြန်မြန်ရောက်ပါတော့ဟုသာ တွေးနေမိသည်။ ရွာရောက်မှ အတိုးချကာ နားပစ်လိုက်မည်ဟု စိတ်ထဲမှကြုံးဝါးနေမိသည်။

"ရှူး…"

ပဲ့တင်ထပ်သွားသော အသံတစ်သံ၊ စစ်ကြောင်းက ရုတ်ခြည်းရပ်သွားပြီး နေရာယူပြီးသား ဖြစ်သွားသည်။ မှောင်စပြုနေပြီဖြစ်၍ အမြင်အာရုံကို ပိုပြီးစူးစိုက်ရသည်။ ခဏနေတော့ အသံတွေကြားရပြန်သည်။ ပဲ့တင်သံဟု ထင်ခဲ့သောအသံက အဆင့်ဆင့် သတင်းပို့သော အသံဖြစ်နေသည်။ သူတို့ ဘာကိုသတင်းပို့တာပါလဲ၊ ရွာထဲမှာ သောင်း

**ဧရာသမဗ္ဗေ ဆန်ပြုတ်စားပြီးသည်နှင့်**
**ကျွန်တော်တို့ ဆက်ထွက်ကြသည်။ ဆာနေလို့လားတော့မသိ။**
**ဧရာသမဗ္ဗေဆန်ပြုတ်က စား၍အလွန်ကောင်းသည်။**

ကျန်းသူတွေများ ရောက်နေပြီလား။

''ဗိုလ်မှူးတို့ ဘာမှ မစိုးရိမ်ပါနဲ့၊ အဲဒါ ရဲဘော်တွေ ပြန်လာပြီပေါ့လို့ လှမ်းပြောတာ ပါ''

မုဆိုးကြီး၊ ဦးထွန်းဒိုင်က အပြေး အလွှား ရှင်းပြသည်။ ထိုအချိန်မှာပင် မနီး မဝေး၊ သစ်ပင်ကြီးပေါ်မှ လူနှစ်ယောက်ဆင်း လာပြီး ကျွန်တော်တို့ဆီ ပြေးလာကြသည်။ သူနောက်မှာလည်း လူအုပ်ကြီး။ ယောကျ်ား တွေရော၊ မိန်းမတွေရော၊ ကလေးတွေပါ စုံနေသည်။

''ပေား…ရဲဘော်တွေ ပြန်လာကြပြီ ပေါ့''

ဝမ်းသာအားရအော်ဟစ်ရင်း ပြေးလာ ကြသည်။ အနားရောက်တော့ လက်ကို အတင်းဆွဲကာ နှုတ်ဆက်ကြသည်။ ဗူးခါး သီးဖြင့် ခပ်လာသော သောက်ရေတွေတိုက် ကြသည်။ ထို့ပြင် ကျောပိုးအိတ်တွေ အတင်း ချွတ်ခိုင်းကာ ကူသယ်ကြသည်။ သေနတ် တွေကိုပါ အတင်းယူပြီး သယ်ပေးမည်ဆို၍ မနည်းတောင်းပန်ထားရသည်။ ကျွန်တော် တို့ကို ကြိုဆိုကြပုံများက ရေပြန်နိုင်စွမ်းမရှိ အောင် ကြက်သီးဖြန်းဖြန်းထခဲ့ရသည်။

''ဗိုလ်မှူးတို့ ပြန်ရောက်လာမယ်ဆိုတဲ့ နေ့ကတည်းက ကျွန်တော်တို့ ဝက်သားနဲ့ ထမင်းချက်ပြီး မျှော်နေကြတာ၊ ဗိုလ်မှူးတို့ က ရောက်မလာဘူး။ ချက်ထားတဲ့ ထမင်း ဟင်းတွေ ကိုယ့်ဘာသာစားလိုက်ရတယ်၊ နောက်နေ့ကြတော့ ဗိုလ်မှူးတို့ ရန်သူတွေနဲ့ တိုက်ပွဲဖြစ်တယ်ဆိုတဲ့ သတင်းကိုကြား တယ်။ ပြီးတော့ ဘာသတင်းမှမရတော့ဘူး။ ကျွန်တော်တို့ အရမ်းစိတ်ပူနေကြတာ၊ ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းပြီး ထမင်း ဟင်းတွေချက်ပြီး နေ့တိုင်းမျှော်နေကြတာ၊ ဒီနေ့တော့ တကယ်ရောက်လာကြပြီ၊ အရမ်းဝမ်းသာတာပဲ''

ကျေးရွာဥက္ကဋ္ဌက ဝမ်းသာအားရဖြင့် စကားတွေ တရစပ်ပြောတ်။ ဗိုလ်မှူးက ပြုံး ပြုံးကြီး နားထောင်သည်။ ဗိုလ်မှူးလည်း အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ စသည့်ခံစားမှုများဖြင့် နှုတ်ထွက်စကားတို့ ဆွံ့အနေပြီလား မသိပေ။ ဥက္ကဋ္ဌကပင် စကားတွေ ဆက်ပြောသည်။

''ဘာမှမပူနဲ့၊ ဝက်သားနဲ့ ထမင်းချက် ထားတယ်၊ အဝသာစားနော်၊ အဲ-နေအုံး၊

ကြက်သီးများ ဖြန်းဖြန်းထသွားပေါ့။

အို- ကြည့်စမ်းပါအုံး။

အရက်ဆိုတာကို အနံ့ပင်မခံသော

မြို့လူမျိုးတို့က

ရဲဘော်တွေသောက်ရန် အရက်တွေ

သွားဝယ်ထားသည်တဲ့။



ရဲဘော်တွေ ပင်ပန်းလာလို့ သောက်ရ အောင်ဆိုပြီး ဟိုး…ရွှေတိုင်ရွာကနေ အရက် တွေ သွားဝယ်ထားတယ်၊ အားရပါးရ စား ကြ သောက်ကြပေါ့''

ကြက်သီးများ ဖြန်းဖြန်းထသွားပေါ့။ အို- ကြည့်စမ်းပါအုံး။ အရက်ဆိုတာကို အနံ့ပင်မခံသော မြို့လူမျိုးတို့က ရဲဘော်တွေ သောက်ရန် အရက်တွေသွားဝယ်ထားသည် တဲ့။ ရွှေတိုင်ရွာမှာ နေ့တစ်ဝက်ကျော်ကျော် သွားရသော မြေပြန့်ဒေသမှ ရှိုင်းရွာတစ်ရွာ ဖြစ်သည်။

''ရဲဘော်တို့ ဟိုး…ထမင်းမစားရသေး တဲ့ ရဲဘော်လေးတွေ ဘယ်မှာလဲဟင်၊ ဘယ်မှာလဲ''

အမေအိုတစ်ယောက်က ရဲဘော်တွေ ကို လိုက်မေးနေသံကြားရသည်။ ရဲဘော် တစ်ယောက်က ''ဟာ-အမေကလည်း ကျွန်တော်တို့ ရဲဘော်အားလုံး တစ်ယောက် မှ ထမင်းမစားရသေးဘူးလေ''ဟု ပြော သည်။ အမေအိုက-

''ရဲဘော်တို့ မဟုတ်ဘူး မဟုတ်ဘူး''

ဟု ဆိုကာ ခေါင်းခါပြသည်။

''အမေပြောတဲ့ ရဲဘော်တွေကို ကျွန် တော် သိတယ်''

ကျွန်တော်က အမေအိုလက်ကိုဆွဲပြီး ဆရာအောင်ရွှေတို့နှင့် တွေ့ပေးလိုက်သည်။ ဆရာအောင်ရွှေတို့ကို တွေ့သည်နှင့် အမေ အိုက ဝမ်းသာအားရပြေးဖက်သည်။ ဖက် ထားရင်းက ''ငါ့ရဲဘော်တွေ ပြန်လာပြီ''ဟု တဖွဖွရေရွတ်နေသည်။ ပြီးမှ…

''ငါ ရဲဘော်တွေကို နေ့တိုင်းမျှော်နေ တာ၊ အခုမှပဲ ရောက်လာတယ်။ ကဲ…လာ လာ၊ ရဲဘော်တွေ ဆာရောပေါ့၊ ထမင်းစား မယ် လာ…လာ၊ ဒီရဲဘော်လေးလည်း လာ''

အမေအိုက ဆရာအောင်ရွှေတို့ လက် ကိုဆွဲရင်း ကျွန်တော့်ကိုပါ လက်ဆွဲခေါ်သွား သည်။ ငြင်းဆန်သော်လည်း မရပါချေ။

''ရဲဘော်တွေ လိုက်သွားလိုက်ပါ၊ ဗွား စောက ရဲဘော်တွေ စားမသွားရရှာတဲ့ ကြက်သားဟင်းကို ရဲဘော်တွေ ပြန်လာရင် စားရအောင်ဆိုပြီး ပြန်ပြန်နွှေးထားတာ၊ သူ လည်း မစားဘူး၊ သူ့မြေးကိုလည်း အစားမခံ ဘူး။ လိုက်သွားလိုက်ပါ၊ ရွာကဟင်းတွေ လည်း အဲဒီကို ပို့ခိုင်းလိုက်မယ်''

ဥက္ကဋ္ဌကြီးစကားကြောင့် ကျွန်တော်တို့ မှာ ငြင်းပယ်နိုင်အားမရှိတော့။ ဩော်- သူမင်လျှင် မစားဘဲ ရဲဘော်တွေပြန်လာ လျှင် စားရန်ကြက်သားဟင်းကို ချန်ထား သတဲ့လား။ ဩော်-ကြီးမားသော ချစ်ခြင်း မေတ္တာတရားပါလား။

ကျွန်တော်သည် ဆရာအောင်ရွှေတို့ နှင့်အတူ အမေအိုအိမ်ကလေးသို့ ရောက် သွားသည်။ ချိုကြိုကိုမြင်တော့ အမေအိုရဲ့ မြေး ကိုတူးလေးက ဝမ်းသာအားရ ပြေးဖက် သည်။ ပြီးတော့ သူ့ကို စာသင်ပေးမှာလား ဟု မေးသည်။ ကိုတူးလေးသည် ကျောင်း တက်ချင်နေသော သူကလေးဖြစ်သည်။ သို့ သော် ထိုရွာကလေးတွင် ကျောင်းမရှိပါ။ လုံလုတ်ရွာကလေးမှ မဟုတ်။ ခုန်းညို၊ ကျောက်တစ်လုံး၊ သံဖရာ စသည့် တောင် ပေါ်ရွာကလေးများတွင် စာသင်ကျောင်းမရှိ ပါပေ။

''ရဲဘော်တွေ စား…စား၊ အားမနာ နဲ့ သိလား''

အမေဒိုက ကိုယ်တိုင် ထမင်းဟင်းတွေ ပြင်ဆင်ပြီး ကျွေးသည်။ ရွာမှလာပို့သည့် ဟင်းများကြောင့် ထမင်းဝိုင်းက ဟင်းစုံလှသည်။ အမေဒိုက သူ့ကြက်သားဟင်းကိုလည်း စားပါဟုပြောပြီး ဟင်းတွေလိုက်ခပ်ထည့်ပေးသည်။ ကျွန်တော်တို့လည်း ဗိုက်ဆာဆာဖြင့် စားကြသည်။

သို့သော် အမေဒို၏ ကြက်သားဟင်းတွေက သိုးနေပြီ။ ပါးစပ်ထဲရောက်နေသော ဟင်းဖတ်သည်ပင် မြိုရအခက်၊ ထွေးရအခက် ဖြစ်သွား၏။

"ဦးရဲ့ဘော်တွေ စား…စား အဖွားက ကျွန်တော့်ကိုတောင် မကျွေးဘူး သိလား။ ကျွန်တော်က စားချင်နေတာမှ ပါးစပ်ကို ယားနေတာပဲ"

"ဟုတ်တယ်၊ သူက နိုးစားချင်နေသေးတာ၊ ငါက ရဲဘော်တွေစားဖို့ဆိုပြီး မနည်းကို ထားထားရတာ၊ ကဲ-စားကြ…စားကြ"

ပြောရင်း ကြက်သားဟင်းတွေ ခပ်ထည့်ပေးပြန်သည်။ ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ ပွကြီး စိုးသိန်းက-

"တို့တော့ စားပြီပေါ့"

ဟု ဆိုကာ ထမင်းကို အားပါးတရ စားပြတော့သည်။ ကျွန်တော်တို့လည်း စားကြသည်။ အခြား ဟင်းလျာများနှင့်ရောကာ လွေးလိုက်ကြရသည်။ ကျွန်တော်တို့စားနေတာကိုကြည့်ပြီး အမေဒိုမှာ တပြုံးပြုံးဖြစ်နေသည်။ အမေဒိုမှာ မုဆိုးမကြီးဖြစ်ပြီး ကိုတူးလေး၏ မိဘများလည်း ကွယ်လွန်သွားကြပြီဟု သိလိုက်ရသည်။

"အမေ့ရဲ့စေတနာကြောင့် စားလို့ကောင်းလိုက်တာ အမေရယ်။ ဗိုက်ကို ကားသွားတာပဲ"

ဆရာအောင်ရွှေကပြောတော့ အမေဒိုက သဘောကျစွာပြုံးသည်။ ကျွန်တော်တို့ အမေ့အားကို နှုတ်ဆက်ပြီးပြန်ခဲ့ကြသည်။ ကျွန်တော်တို့ စားပြီးထွက်လာသည်နှင့် ကြက်သားဟင်း စားချင်နေသော ကိုတူးလေးက ကြက်သားဟင်းကို မြိန်ရှက်စား၏။ စားပြီးပြီး ထိုးကာနဲ့ တွေ့လုတ်သည်။

"အဖွား…၊ အဖွားရဲ့ကြက်သားဟင်းက သိုးနေပြီ"

မြို့မရောက်ခင်မှာပင် ကိုတူးလေး၏ အော်ပြောသံကို ကြားလိုက်ရသည်။ မရွှေးမနှောင်းမှာပင် အမေဒိုမှာ အပြေးတစ်ပိုင်းရောက်လာပြီး ကျွန်တော်တို့ကိုဖက်ကာ ပြောလည်းပြော၊ ငိုလည်း ငိုပါတော့သည်။

"ရဲဘော်တွေ မကောင်းဘူး။ ကြက်သားဟင်းတွေ သိုးနေမှန်းသိလျက်နဲ့ စားသွားတယ်၊ ဦးကို စိတ်မကောင်းအောင် လုပ်ကြတယ်"

"ကြက်သားဟင်းက သိုးနေပေမယ့် အမေ့စေတနာကြောင့် အရမ်းကို စားလို့ကောင်းခဲ့ပါတယ် အမေရယ်၊ တကယ်ပြောတာပါ အမေ"

ဆရာအောင်ရွှေက အမေဒိုကို ဖက်ကာ နှစ်သိမ့်သည်။ အမေဒိုမှာ မျက်ရည်များဖြင့် ကျွန်တော်တို့ကို ဖက်ပြန်သည်။ သူ့နှုတ်ခမ်းက တစ်စုံတစ်ခုကို ပြောချင်ဟန်ဖြင့် တဆတ်ဆတ်တုန်ခါနေ၏။ သူဘာကို ပြောချင်နေမှန်း မကြားရပါဘဲ ကျွန်တော်တို့ ကြားနေခဲ့ပါသည်။ ထိုစကားတွေကတော့ ချစ်ခြင်းမေတ္တာမှ ပေါက်ဖွားလာသော စကားတွေသာ ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ အမေဒိုကို နှုတ်ဆက်ထွက်လာခိုက်မှာပင် ကိုတူးလေး၏ တအော်ဆိုသံကို ကြားလိုက်ရသည်။ ချိုကြိုမှ နှုတ်တိုက်ချပေးခဲ့သော သူငယ်တန်းဖတ်စာအုပ်ထဲက ကျောင်းစာကဗျာလေးတစ်ပုဒ် ဖြစ်ပါလေသည်။

**တနည်ရဲဘော်**
**လူတော်လူမော်**
**အဖော်ရ၏**
**တော်ပါပေသည်။ ။**

(၁၉၉၄ ခုနှစ် မြန်မာပြည် နယ်ခြားကျောက်တိုင် (၅၉)ခရီးစဉ်မှ ချစ်သော ရဲဘော်များနှင့် ချစ်သော ပြည်သူများသို့ ထာဝရ အမှတ်တရ)

**နီသင်အောင်ကျော်မိုး**

## မနက်စောစော စဉ်းစားမိတာက ဒီလို



ပင်နီဆလင် (Penicillin) ကို ရှာဖွေတွေ့ရှိခဲ့တဲ့ ပညာရှင် ဒေါက်တာ (Alexander Fleming) အလက်ဇန္ဒားဖလီးမင်းဟာ အမေရိကန်ပြည်ထောင်စုကို ခရီးထွက်ရင်းနဲ့ တစ်ခါမှာ နယူးယောက်ရဲ့ ဘစ်မိုးဟိုတယ် (Biltmoe) မှာ တည်းခိုသခိုက် သတင်းထောက်တွေဝိုင်းအုံလာပြီး မေးမြန်းကြတယ်။

"ဒေါက်တာကြီးခင်ဗျား၊ အခုလို မနက်ခင်းမှာ ကျော်ကြားတဲ့ သိပ္ပံပညာရှင်တစ်ယောက်အနေနဲ့ ဘာကိုများ စဉ်းစားမိပါသလဲ"

"ခင်ဗျားတို့ ဒီလိုမေးလိုက်တော့ ကျုပ်ဝမ်းသာတယ်၊ ဒီလို မနက်ခင်းမှာ ကျုပ် အမှန်တကယ်တွေးနေမိတာ ရှိတယ်ဗျ"

ပညာရှင်ကြီးက ဒီလိုစကားစလိုက်တယ်ဆိုရင်ပဲ သတင်းထောက်တွေက ရေးဖို့ချဖို့ မှတ်ဖို့သားဖို့ ပြင်ကြတာပေါ့။ မစ္စတာဖလီးမင်းက ဆက်ပြောတယ်-

"အေးဗျ အခု ကျုပ်စဉ်းစားနေတာက မနက်ခင်းစာကို ကြက်ဥကြော်တစ်လုံးစားရင် ကောင်းမလား၊ နှစ်လုံးစားရင် ကောင်းမလားလို့"

**မောင်သီဟ**



# ဝေးရက်

အတွေးခက်ပါဘိ
ဆွေးတာသက်သက်ရယ်နဲ့
ဝေးရက်တို့ကုန်စေချင်။

ကြာရှည် မဝေးချင်သမို့
ကဗျာကသီ ပြေးပါလို့
နာရီလေးကို မှာထားလျက်နဲ့
စက္ကန့်ရဲ့ အိမ်မြှောင်လေး
နှေးလို့ ငြိုငြင်။

မျက်ကွယ်အဝေးဆီက
ငှက်ငယ်လေးတွေ တေးသီတော့
အေးကြည်နော့ ချိုတယ်မထင်
အို-တကယ်ပင် သက်လို့ခါး
(ငှက်ကလေးရယ်က)
ငိုလွယ်စဉ် လက်တို့သွား။

ပန်းတစ်ခက် ညှိုးသလိုပေါ့
အလွမ်းတစ်ရက် တိုးလေတိုင်း
အခန်းဆက်ပျိုးကာ လွမ်းတာရှည်တော့
လွမ်းကဗျာတွေ ဖွဲ့သီကုံးသော်လည်း
နှလုံးက ဖြေမရှင်
သေနေချင် ဝေးရက်ခဏမှာပေါ့
"အချစ်"လာတော့ ပြန်ရှင်မယ်
မှန်ပင်ကွယ် သည့်စိတ်ကူးကိုဖြင့်
"အရူး"ဆိုချင်ဆိုတော့
ကိုယ်လွမ်းတာ ကိုယ်သာသိပါရဲ့
လွမ်းရက်မှာ ခန်းဆက်ကဗျာ မရေးရအောင်
(အချစ်ရေ-)
ပြေးခဲ့ပါလား။ ။

မင်းဇော်တွေး

# ချစ်ခြင်းတရားဖြင့်

ပြောရဖန်များ . .
တရားလက်လွှတ် ၊သတိချွတ်တိမ်း
စောင့်ထိန်းမှုပျောက်၊ အစွန်းရောက်ခဲ့။

ကြားရဖန်များ . .
မှတ်သားမထင်၊ နားဝင်မဆံ့
ကန့်လန့်ဖောက်ထွက်၊ အယူနက်ခဲ့။

တွေးရဖန်များ . .
ခွဲခြားသုံးသပ်၊ ဆုံးဖြတ်မမှန်
တုံ့ပြန်လွန်ဆွဲ၊ အမြင်လွဲခဲ့။

ဤသို့ကြုံကြိုက်၊ အခိုက်အတန့်
ခြေဆန့်လှမ်းထွက်၊ လမ်းတစ်ဝက်မှာ
လမ်းချက်ဝေဝါး၊ စည်းချက်မှားအောင်
အားပြိုင်မှုတွေ၊ ကြုံးကိုင်နေဘိ . . .။

မတူကွဲပြား၊ အယူအစွဲများနှင့်
အားပြိုင်လေအား၊ လောင်းရိပ်ကြားဝယ်
အမှားဇယ်ဆက်၊ မတွယ်ဖက်အောင်
ရင့်ကျက်နိုင်မှု၊ ကျားကန်မှုဖြင့်
လူ့ဘောင်ဝန်းကျင်၊ အနှစ်ထွင်ရင်း
"ရင်ကြားစေ့လို၊ မှန်းစတို့ရေး"
ရန်ငြိုးဝေးရာ၊ တောင့်တကာလျှင်
မင်္ဂလာရှိရာ၊ လျှောက်လှမ်းစွာတည့်
မေတ္တာယှဉ်သော ငါ့ဆန္ဒ . .
ချစ်ခြင်းတရားဖြင့် မှမ်းချင်ပ . .
ဘဝဟူသည့် အနေမြတ်မှ . .
နေခွင်ကြိုရ ကျေနပ်စွ . . .။

မင်းသွေးနွယ်(ဇီးကုန်း)



# မူးယစ်ကင်းစင် ဒို့ဘဝအသွင်
# အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့

စိန်မေရီလွင်မိုး

ယနေ့ကမ္ဘာတွင် လူသားအားလုံး၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသောအရာသည် မူးယစ်ဆေးပင်ဖြစ်သည်။ လူသားတို့သည် မူးယစ်ဆေး၏ ကျားခံတွင်းသို့ မသက်ဆင်းမိစေရန် သတိမူ ရှောင်ရှားရမည်ဖြစ်သည့်အပြင်၊ မိမိမှတစ်ဆင့် မိသားစု၊ ပတ်ဝန်းကျင်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အသီးသီး အစရှိသည်တို့မှစ၍ မူးယစ်ကင်းစင်သော နိုင်ငံဖြစ်လာစေရန် တာဝန်သိသိ ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ကြရမည်ဖြစ်သည်။



လူတို့သည် နိုင်ငံတော်အတွင်း မူးယစ်ဆေးဝါး ကင်းစင်စေရန် ဝိုင်းဝန်းကူညီပံ့ပိုးရာတွင်–

(၁) တိကျမှန်ကန်သော အချက်အလက်များ

(၂) လက်ရှိဖြစ်ပေါ်နေသော ပြဿနာ၏ အဓိကအကြောင်းရင်းကို ဇစ်ဇစ်မြစ်မြစ်သိရန် လိုအပ်သည်

(၃) အတိတ်၏ လုပ်ဆောင်ချက်၊ အားနည်းချက်များကို မှတ်သား၍ သင်ခန်းစာယူရမည်

စသည့်အချက်များကို ထည့်သွင်းကိုင်တွယ် သတိမူမှသာလျှင် ဖြေရှင်းရလွယ်ကူမည်ဖြစ်သည်။ ယခင်က မူးယစ်စေသော အရာမှာ ဘိန်းဘင်းကဖော်လှော်စာအရက်မှ နောက်ပိုင်းတွင် ဘီယာအမျိုးမျိုးဖြစ်လာပြီး ယခုအခါတွင် ဘိန်းကို ဘန်းစကားဖြင့် အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲလာကြသည်။ OP, Pho, Midnight oil, Bio စသည်ဖြင့် ခေါ်ကြသည်။ Tor နှင့် Dope ကို ဟီးရိုးအင်း။ ဘိန်းဖြူဟုခေါ်သည်။ ဘိန်း၏အရင်းအမြစ်သည် ဥရောပမြေထဲပင်လယ်မှ ဖြစ်သည်။

ဘိန်း၏သမိုင်းကိုကြည့်လျှင် ဆူမေးရီးယား၊ အီဂျစ်၊ အိန္ဒိယ၊ မင်္ဂနိုက်ရီ၊ ရိုမန်၊ ပါရှားနှင့် အာရပ်ဒေသများတွင် ရှိခဲ့သည်။ တရုတ်တွင် ၁၅ ရာစုမှစ၍ ဘိန်းကို သုံးစွဲခဲ့ကြသည်။ ၁၇ ရာစုတွင် ဘိန်းကုန်ကူးသူ များပြား



လာခဲ့သည်။ တရုတ်မှာ ၁၇၂၉ ခုနှစ်ကတည်းက ဘိန်းကိုတားမြစ်ခဲ့သည်။ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီမှ ထိန်းချုပ်ခဲ့သည်။ ၁၈၃၉-၁၈၄၂ တွင် ပထမဘိန်းစစ်ဖြစ်ခဲ့သည်။ ၁၈၅၆-၁၈၆၀ ခုနှစ်တွင် ဒုတိယ ဘိန်းစစ်ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ပြင်သစ်ပါလာ၍ တရုတ်မှာ ရှုံးနိမ့်ခဲ့ရသည်၊ ဘိန်းကို ၁၅၈၀ ပြည့်နှစ်တွင် ပေါ်တူဂီ ကုန်သည်များနှင့် အီတလီလူမျိုး "ဆီဖက်ဒရစ်" ဆိုသူက စတင်ရောင်းချခဲ့သည်။ ဘိန်းကို ၁၆၃၀ ပြည့်နှစ်တွင် "ဒတ်ချ်" ကုမ္ပဏီ၏ မှတ်တမ်းအရ မလက္ကာမြို့မှ နှစ်စဉ် ဘိန်းပေါင်ချိန် ၂၀၀ ကို ကုန်သည်များမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ယူဆောင်ရောင်းချခဲ့သည်။ ဘိန်းမှတစ်ဆင့် မော်ဖိန်း၊ ဟီးရိုးအင်း ထုတ်လုပ်နိုင်ပြီး ဂျာမနီနိုင်ငံနှင့် အီတလီနိုင်ငံတို့တွင် စတင်တီထွင်သည်။ ဘိန်းကို စည်းရုံးရေးပြုခဲ့ရာလက်နက်အဖြစ် ရှေးခေတ် နယ်ချဲ့တို့က တရုတ်ပြည်တွင် အသုံးချခဲ့မှုသည်။ ဘိန်းစစ်ပွဲများဖြင့် ဓာတိဂုဏ်ကြွနိုင်မှု၊ စည်းလုံးညီညွတ်မှုအားမာန်ကို ယိုယွင်းနိုင်စေသည်။ ဘိန်းကြောင့် မြန်မာ့သမိုင်းတွင် ဘပင်ရွှေထီးမင်းသည် ဘဝဇာတ်သိမ်းကျူးကို ခံစားရသည့်အပြင် အသက်အန္တရာယ် ဆုံးရှုံးခဲ့ရသည်။ ဘိန်းဘင်းကဓော်လျော်ဓာအရက်အစရှိသော ယစ်မျိုး ၅ ပါးကို မြန်မာမင်းများလက်ထက် ဘိုးတော်ဘုရား(ခေါ်)ပဒုံမင်း (၁၇၈၂-၁၈၁၉) လက်ထက်တွင် မသုံးစွဲရန် ဥပဒေပြဋ္ဌာန်း အမိန့်ထုတ်ပြန်ခဲ့သည်။ ဘိန်းအစရှိသည့် ယစ်မျိုး ၅ ပါး မသုံးစွဲရေးကို



ကုန်းဘောင်ခေတ်နှောင်း မန္တလေး (ရတနာပုံ)ခေတ် မင်းတုန်းမင်းလက်ထက်တွင် ခရစ်နှစ် ၁၈၆၉ ခုနှစ်၊ သီပေါမင်း၊ ၁၈၇၈-၁၈၈၅ ခုနှစ် လက်ထက်တွင်လည်း တားမြစ်ဥပဒေ ပြဋ္ဌာန်းခဲ့သည်။ ဘိန်းနှင့်ပတ်သက်၍ ဓော်လှန်ရေးကောင်စီလက်ထက် ၁၉၆၂ ခုနှစ်တွင် မူးယစ်ဆေးဝါးဆိုင်ရာစာချုပ်ကို ကမ္ဘာ့ကုလသမဂ္ဂတွင် လက်မှတ်ရေးထိုးခဲ့သည်။

၁၉၇၄ ခုနှစ်၊ ဒီယာက်နမ်၌ မူးယစ်

ဘိန်းကို

၁၅၈၀ ပြည့်နှစ်တွင်

ပေါ်တူဂီ ကုန်သည်များနှင့်

အီတလီလူမျိုး

'ဆီဇက်ဒရစ်' ဆိုသူက

စတင်ရောင်းချခဲ့သည်။

ဆေးဝါး တားဆီးကာကွယ်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းနှင့် ပတ်သက်၍ ၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၌ မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအမြင်ဖြင့် ကာကွယ်တိုက်ဖျက်ရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတကာ မူးယစ်ဆေးဝါး အလွဲသုံးမှု၊ တရားမဝင် ရောင်းဝယ်ရေး တိုက်ဖျက်ရေးနေ့အဖြစ် ဇွန် ၂၆ ရက်နေ့တွင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို နှစ်စဉ် မီးရှို့ဖျက်ဆီးလေ့ရှိသည်။

ဘိန်းကို သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများကိုလည်း တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဌာန၊ အာဏာပိုင်အဖွဲ့အစည်းများက နှစ်စဉ် ဖော်ထုတ်ဖမ်းဆီးနေဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အစိုးရမဟုတ်သည့် လူမှုရေး အဖွဲ့အစည်းအဖြစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကို ၁၉၉၄ ခုနှစ်မှ စတင်၍ ဖွဲ့စည်းခဲ့သည်။ အချို့ ဘိန်းကို ဆေးဝါးများတွင် ထည့်သွင်းထုတ်လုပ် သုံးစွဲခြင်း ရှိခဲ့ကြသည်။

သုံးစွဲမှု လေ့လာသုံးသပ်ချက်များကို ခေါက်ထား တင့်ခွေမှ လူငယ်လူရွယ်များ စိတ်ကြွဆေးသုံးစွဲမှုနှင့်ပတ်သက်၍ သုံးစွဲမှု လွန်ကျူးလျှင် ဒုက္ခရောက်စေမှု များဖြစသည်။ စိတ်ကြွဆေး၏ လက္ခဏာများမှာ Psychosis စိတ်မှုမမှန်ခြင်း၊ Hallucination သူများ မမြင်တာကို မြင်ခြင်း၊ သူများမထိတွေ့တာကို ထိတွေ့နေသည်ဟု ထင်ခြင်း၊ Anxi စိုးရိမ်စိတ်များခြင်း၊ ဆေးကြောင့် Hy Perthermia အပူချိန်လွန်ကဲခြင်း၊ Heart Arrhy Tdmia နှလုံးခုန်မမှန်ခြင်းနှင့် Stroke နှလုံးခုန်မမှန်ခြင်းမှ သေဆုံးနိုင်သည်။ ရေရှည်တွင် နှလုံးအပေါ် ဒဏ်များလာခြင်း၊ သွေးဖိအားတက်ခြင်း၊ နှလုံးနှင့်ဆိုင်သော ရောဂါများရရှိစေရန် ပိုများသည်။

Ice ဟု ခေါ်သော စိတ်ကြွဆေးနှင့် ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများမှာ ကောင်းတာများကို ထင်မြင်နေမည်။ အစပိုင်းတွင် လိင်စိတ်ကို များပြားစေပြီး



အာရုံစူးစိုက်မှုများကို ပိုမိုစေသည်။ မိမိကိုယ်မိမိ အထင်ကြီးစေမည်။ လူများအတွင်း လိုက်လျောမည်။ စိတ်တိုမည်၊ ကြမ်းတမ်းမည်။ ဆံပင်ကိုဆွဲနေမည်။ အရေပြားကို ဆိတ်နေတတ်သည်။ သူများမမြင်၊ မကြားသည်များကို ၎င်းက ကြားနေမည်။ သူ့မှာ ပါဝါများရှိနေသည်ဟု ထင်မည်။ ရုပ်ပိုင်းအနေဖြင့် အစားမစားချင် တက်ကြွနေမည်။ အရေပြားနှင့် မျက်နှာ နီရဲနေမည်။ ချွေးထွက်များမည်။ ဂနာမငြိမ်ဖြစ်မည်။ အာခေါင်ခြောက်မည်။ ခေါင်းကိုက်၍ ရင်တုံမည်။ နှလုံးခုန်မြန်ခြင်း၊ နှေးခြင်းဖြစ်မည်။ နှလုံးခုန်မမှန် အသက်ရှူမြန်မည်။ သွေးဖိအားတက်ခြင်း၊ ကျခြင်းဖြစ်မည်။ ဝမ်းပျက်မည်။ လက်တုန်မည်။ အရေပြားယားခြင်း၊ ဝက်ခြံထွက်ခြင်းဖြစ်မည်။ ဖြူဖတ်ဖြူရော်ဖြစ်မည်။ တက်မည်။ နှလုံးအတက်ရပ်မည်။ (သေမည်)ဟု ဆိုသည်။

အရက်သုံးစွဲသူများနှင့်အတူ စိတ်ကြွဆေးသုံးစွဲသူများသတိထားရမည့် အန္တရာယ်မှာ အပူဒဏ်ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းအဆင့် ၁၀ ကျော်နေပြီဖြစ်သောကြောင့်၊ ယခင်နှစ်က အမြင့်ဆုံးအညွှန်းကိန်း အဆင့် ၁၅ နှင့် ၁၆ကို ကျော်လွှားနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒပညာရှင်မှ ဆိုသည်။ ဇူလိုင်လအတွင်းမှာပင် သက်ဆိုင်ရာမှာ အဖီတမင်ဆေးပြား (၁.၄) သန်းနှင့် ဘိန်းဖြူ (၁၁၆)ကီလိုအပါအဝင် မူးယစ်ဆေးပြားများ ဖမ်းဆီးရမိပြီးနောက်၊ ပိုမိုနက်ရှိုင်းလာသော မူးယစ်ဆေးဝါးအကြပ်အတည်းများကို ရင်ဆိုင်နေရကြောင်း၊ မြန်မာအာဏာပိုင်များမှ ပြောကြားသည်။ ယခုအခါ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာသည် အလွန်အန္တရာယ်ကြီးမား၍ စိုးရိမ်စရာအချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။ "၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါး ကင်းစင်နေရမည်"ဟု သန္နိဋ္ဌာန်ချထားသော်လည်း စိတ်ကြွဆေးပြားပြဿနာကြောင့် မြန်မာအနေဖြင့် ဘိန်းကင်းစင်ရေးကိုသာ မြှလုပ်နိုင်ဖွယ်ရှိသည်ဟု ထင်ရသည်။

၎င်းသုံးစွဲသူတို့သည် အခေါ်အသီး (Wy Amphetamines) စိတ်ကြွဆေးများကို ရန်ကုန်တွင် အရည်အသွေးအမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးနှင့် ဝယ်ယူသုံးစွဲနေကြပြီး (၁၈၈) ဂရမ်ကို ကျပ်ငွေ ၁ သိန်းနီးပါးရှိသည်။ ဈေးနှုန်းမြင့်မားမှုကြောင့် အသီးကိုသာ သုံးစွဲကြသည်။ ယင်းကို ယိုးဒယားနယ်စပ် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်သည်။ ထို့ကြောင့် အသီးကို ယိုးဒယားသီး၊ တမူးသီး၊ ရှမ်းသီးဟူ၍ သုံးစွဲခေါ်ဝေါ်ကြသည်။ အရည်အသွေးအလိုက် 88, WY အတည့် WY အစောင်းဟု ခေါ်ဝေါ်သုံးစွဲကြသည်လည်းရှိသည်။ 88 အသီးသည် ဈေးအကြီးဆုံးဖြစ်သည်။ အသီးကို သုံးစွဲသူတို့သည် ကလပ်များတွင် သုံးစွဲသကဲ့သို့ သင်္ကြန်လို အချိန်များတွင် မြူးတူးရန်အတွက် သုံးစွဲတတ်ကြသည်။ ၎င်းတို့သည် "မတက်ကြွဘဲ နေရသည့်အခြေအနေကို မကြိုက်ကြတော့လို့ပါ"ဟု ဆိုသည်။ သုံးစွဲသူတစ်ဦးမှ "အသီးကိုချတော့ တက်ကြွနေတယ်၊ မချရင် မတက်ကြွတော့ဘူး။ မတက်ကြွဘဲ ဖြစ်နေတာကြီးကို မုန်းတယ်၊ လူက အမြဲတမ်းပဲ တက်ကြွနေချင်တယ်၊ ဒါကြောင့် ပြန်ချရတယ်"ဟု ဆိုကာ မူးယစ်ဆေးဝါးသံသရာလည်ရပြန်ချေသည်။

သင်္ကြန်ကဲ့သို့ အချိန်များတွင်လည်း ကဲရမည်၊ လန်းရမည်၊ မြူးရမည်ဆိုသော လူငယ်လူရွယ်များအကြားတွင် ပြောစရာမလိုအောင် အလိုလိုကြိုက်ရောက်နှင့်သော အတွေးတစ်ခုဆိုလျှင် မမှားနိုင်ပေ။ ကဲဖို့၊ လန်းဖို့၊ မြူးဖို့ဆိုသည်နှင့်အညီ အတူတွဲပါသော အရာသည် အရက်၊ ဘီယာနှင့် မူးယစ်ဆေးများဖြစ်သည်။ ယခင် အရက်၊ ဘီယာလောက်ကိုသာ သုံးစွဲမှုများပြီး၊ ယခုနောက်ပိုင်း မြူးကြွလန်းဆန်းတက်ကြွသော စိတ်ကြွဆေးများကို သုံးစွဲရင်း သင်္ကြန်ကို ဆင်နွှဲလာကြသည်။ ယခုအခါ ရန်ကုန်မြို့တွင် စိတ်ကြွဆေးနှင့် မူးယစ်ဆေးမှုန့်သမျှ ပို၍ပေါ်လာပြီး ဝယ်ယူရသော ဈေးနှုန်းမှာလည်း အရမ်းသက်သာသည်ဟု ရပ်ကွက်ထဲတွင် သုံးစွဲနေသော သူတစ်ဦးမှဆိုသည်။ ယခုအခါ (WY)က ပိုပေါ်လာသည်။ အလွယ်တကူရနိုင်သည်။ ပြီးခဲ့သည့်နှစ်အထိ တစ်လုံးကို ၅၀၀၀ မှ ယခု ၃၀၀၀ သာ ရှိတော့သည်ဟု ဆိုသည်။

ထို့ကြောင့်ပင် လူတို့ကို ဆိုးကျိုးအများဆုံးပေး၍ ဘဝကို အညွှန့်တုံးစေနိုင်သော စိတ်ကြွရူးသွပ် မူးယစ်ဆေးရောင်းဝယ်ဖောက်ကားသောအလုပ်သည် ဓမ်လယ်ဇရကို သောက်မိသကဲ့သို့ သောက်လေသောက်လေ ငတ်မပြေဖြစ်ကြရသည်။ ငွေရလွယ်သည့် စိတ်ကြွဆေးရောင်းဝယ်ရေး၊ သယ်ယူ ပို့ဆောင်ရေးဖြစ်နေသည်။ လူတို့ မမျှော်လင့်သည့် အကျိုးအမြတ်ကို ခံစားရသည့်အခါ အရူးကို အမဲသားကျွေးသကဲ့သို့ ဖြစ်လာသည်။ ကိုယ်ချင်းစာတရားကို လုံးဝလစ်လျူရှုလိုက်ကြသည်။ အကျင့်သီလကို ဘေးဖယ်ထားလိုက်ကြသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်ရေးနှင့် ဘိန်းစိုက်ပျိုးရေး လုပ်ငန်းမှ မြန်မာနိုင်ငံ၏ ဝေးလံခေါင်ဖျားသော နယ်စပ်ဒေသများတွင် လွှမ်းမိုးနေပြီး တိုင်းရင်းသား လူနည်းစု လက်နက်ကိုင်သူပုန်များမှ ယင်းရရှိသော အမြတ်အစွန်းကို

၎င်းတို့၏ စစ်ဆင်ရေးတွင် အသုံးပြုခဲ့ကြောင်း သိရသည်။ ယခင် ပြုပြင်ပြောင်းလဲရေးအစိုးရသည် လွန်ခဲ့သောနှစ် အာဏာရခါစကတည်းက အလုံးစုံ ပြုပြင်ပြောင်းလဲရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် လက်နက်ကိုင် အုပ်စုအတော်များများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးသော်လည်း ဘိန်းထွက်ရှိမှုများမှာ အာဖဂန်ပြီးလျှင် ဒုတိယအကြီးဆုံး ဘိန်းစိုက်ပျိုးသူ ဖြစ်နေဆဲဟု ဆိုသည်။

အကာယ်၍သာ မြန်မာနိုင်ငံတော်ကြီးသည် စစ်မက်ရေးရာများ ချုပ်ငြိမ်းပျောက်ကွယ်ခဲ့လျှင် ယခုကဲ့သို့သော ဘိန်းသံသရာမှာလည်း ချုပ်ငြိမ်း၍ လူမှုဘဝ အသွင်ပြောင်းလဲလာနိုင်သည်ဟု ထင်မြင်မိသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) က နောက်ဆုံး ထုတ်ပြန်သော အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ၉၁ ရာခိုင်နှုန်းသည် ရှမ်းပြည်နယ်တွင်ရှိပြီး ၇ ရာခိုင်နှုန်းမှာ ကချင်ပြည်နယ်၊ ကယားနှင့် ချင်းတို့တွင် ၁ ရာခိုင်နှုန်းစီ ရှိသည်ဟုဆိုသည်။ ဘိန်းခင်းအများစုသည် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့များ ထိန်းချုပ်ရာနယ်မြေတွင် တည်ရှိသည်။

ဘိန်းစိုက်ပျိုးခြင်း၏ အခြေခံအချက်ကို ဖော်ထုတ်ကာ စနစ်တကျတိုက်ဖျက်ရန် လိုသည်။ ယခင်က ဘိန်းခင်းများကို ဖျက်ဆီးခဲ့သော်လည်း ပပျောက်မသွားဘဲ ပြန်လည် စိုက်ပျိုးနေကြသည့်အချက်သည် ဘိန်းခင်းများကို လိုက်လံဖျက်ဆီးရုံမျှနှင့် လုံးဝ ပပျောက်သွားမည်မဟုတ်ဟုသော သက်သေပင်ဖြစ်သည်။ ဘိန်းကို အစားထိုးစိုက်ပျိုးရန်လိုသည်။ ဘိန်းတောင်သူများသည် တစ်နှစ်လျှင် ၎င်းတို့ ဆန်စားခွင့်ရသည်မှာ လေးလခန့်ပင်ရှိသည်။ ကျန်ရှိစ်လတွင် ပြောင်းဖူးနှင့် အာလူးသာစားရသည်။ ယင်းတို့၏ အခြေခံစားသောက်ကုန် ဖူလုံစေရန် ဘိန်းပပျောက်ရေးနှင့်အတူ နိုင်ငံတကာအကူအညီ၊ ပြည်တွင်းအကူအညီ၊ ရိက္ခာအာမခံချက်ရှိစေရန် လုပ်ပေးစေချင်ကြောင်း ကြားသိရသည်။ ဘိန်းမှထွက်ရှိနေသော အကျိုးအမြတ်များကို ခွဲဝေစားနေသော ပုဂ္ဂိုလ်ဟောင်းများ၏ လုပ် နည်းလုပ်ဟန်များကြောင့်သာ ဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာ၏ အဓိကအကြောင်းရင်းမှာ နယ်စပ်ဒေသဖြစ်ခြင်း၊ တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း၊ စီးပွားရေးတွက်ခြေကိုက်သည့် သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်သည့် ပတ်ဝန်းကျင်ကောင်း မရှိခြင်း၊ ထွက်ရှိသည့် သီးနှံများအတွက်လည်း ဒေသခံများနှင့် အလှမ်းဝေးခြင်း၊ ဒေသခံများအနေဖြင့် ဆင်းရဲမွဲတေခြင်းတို့ကြောင့် ဘိန်းစိုက်ပျိုးမှုသာမက မူးယစ်ဆေးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်မှု သယ်ဆောင်ရောင်းဝယ်မှုများအတွက် အခြေအနေ ပေးနိုင်မှုများ ဖြစ်ပေါ်လျက် ရှိနေခြင်း ဖြစ်သည်။

ထို့ပြင် မူးယစ်ဆေးဝါးများကို အကြိမ်ကြိမ် ဖမ်းဆီးရမိသော်လည်း ဖမ်းဆီးရာတွင်

> ဘိန်းခင်းအများစုသည်
> လက်နက်ကိုင်
> တိုင်းရင်းသားအဖွဲ့နှင့်
> ပြည်သူ့စစ်အဖွဲ့များ
> ထိန်းချုပ်ရာနယ်မြေတွင်
> တည်ရှိသည်

သုံးစွဲသူ၊ သို့လှောင်ရောင်းချသူများကိုသာ ဖမ်းမိပြီး အဓိကထုတ်လုပ်သူများကို ဖော်ထုတ် ဖမ်းဆီးခြင်းမရှိချေ။ ဖမ်းဆီးရမိသော အမှုများသည်လည်း ဥပဒေဘက်တော်သားများဖြစ်ကြသည့် အချို့သော အမှုလိုက်ရဲများ၊ ရှေ့နေများ၊ ဥပဒေပညာရှင်များ၊ နောက်ဆုံး တရားသူကြီးများအတွက် တန်ဖိုးကြီးမားသည့် လုပ်ငန်းဆိုင်ရာများ ဖြစ်သည့်အလျောက်၊ နိုက်ယူတတ်လျှင် လိုသလောက်ရနိုင်သည့် ရာဇဝတ်မှုမျိုး ဖြစ်နေသည်။ ကာလကြာသောအခါ မရေမရာ၊ မသေမချာသောအမှု ဖြစ်သွားကြသည်က တစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၍ လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးမှု အားနည်းသည့် နယ်စပ်ဒေသများကို အခြေပြုကာ မူးယစ်ဆေးဝါး



ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ကြပြီး၊ ထုတ်လုပ်မှုလုပ်ငန်းအတွက် အနိုင်အမာ အဆောက်အအုံဆောက်လုပ်ရန် မလိုအပ်ဘဲ ယာယီတဲများ၊ လူနေအဆောက်အအုံများ၌ပင် အသေးစား၊ အပေါ့စားစက်ကိရိယာများဖြင့် အလွယ်တကူ ရွှေ့ပြောင်းလုပ်ဆောင်နိုင်ခြင်း၊ နေရာအတည်တကျမရှိ မကြာခဏ လျှို့ဝှက်ရွှေ့ပြောင်း လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ အချို့သော လက်နက်ကိုင်အဖွဲ့အစည်း၏ အကာအကွယ်များကို ယူကာ ဒေသအတွင်း သတင်းကို အမှောင်ချ လုပ်ကိုင်ကြခြင်းတို့ကြောင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ဆောင်သည့်တပ်ဖွဲ့များတွင် ဖော်ထုတ်ချေ



မှုန်းနိုင်မှုများ ကြုံကြိုက်ခဲ့ရသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာ ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ ၎င်းဥပဒေ၏ ရည်ရွယ်ချက်မှာ–

(က) လူသားတို့အား အညွန့်တုံးစေနိုင်သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်ဖြင့် တားဆီးကာကွယ်ရန်၊

(ခ) မူးယစ်ဆေးကို တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဂ) အသိပညာပေးရေးနှင့် ဆေးဝါးသုံးစွဲသူများ ကုသပေးရေး၊ ပြန်လည်ထူထောင်ပေးရေးတို့အတွက် ထိရောက်စွာဆောင်ရွက်ရန်၊

(ဃ) မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသည့်ပြစ်မှု ကျူးလွန်သူများကို ပိုမိုထိရောက်သော ပြစ် ဒဏ်ချမှတ်ရန်၊

(င) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်သည်။

ယင်းအပြင် လူမှုဝန်ထမ်း ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ဗဟိုအဖွဲ့မှ ချမှတ်ထားသော လမ်းညွှန်ချက်နှင့်အညီ ဆေးဝါးသုံးစွဲသူများအား ဥပဒေပုဒ်မ (၇)အရ ဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးထားသော ထူထောင်ရေး၊ ဆက်လက်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍–

(က) ဆေးကုသမှုခံယူသူများနှင့် ၎င်းတို့အား မှီခိုနေသော မိသားစုအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်း(သို့) အခြားလုပ်ကိုင်နိုင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်နှင့် ပံ့ပိုးပစ္စည်းရရှိနိုင်ရန် အကူအညီပေးခြင်း။

(ခ) ဆေးကုသမှုခံယူပြီး ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိ၍ လုပ်ကိုင်စားသောက်နိုင်ရန် အသက်မွေးဝမ်းကျောင်းပညာ သင်ပေး၍ ပြန်လည်ထူထောင်ရေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊

(ဂ) ပြန်လည်ထူထောင်ရေးသင်တန်းတက်ပြီး သူများအား ၎င်းတို့တတ်ကျွမ်းသည့်ပညာဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပြန်လည်နေရာချထားပေးခြင်းနှင့် ဆက်လက်စောင့်ရှောက်ခြင်း။

(ဃ) စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ကျွမ်းကျင်မှု သင်တန်းပေးရန်ဖြစ်သည်။

အကျဉ်းဦးစီးဌာန၏ ပုဒ်မ(၁၅)အရ ပြစ်ဒဏ်ကျခံနေရသောသူများအား အထက်ပါ ဥပဒေပုဒ်မ (၇)ကဲ့သို့ တိကျမှန်ကန်သော ဆောင်ရွက်ချက်များကို တိတိကျကျ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးလုပ်ငန်းများကို လုပ်ဆောင်သကဲ့သို့ တစ်ဖက်မှလည်း ပြည်ပမှ ဝင်ရောက်လာသည့် မူးယစ်ဆေးဝါး ကုန်သွယ်မှုများကို ထိထိရောက်ရောက် ဥပဒေအရ ကာကွယ်တွန်းလှန်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီးကို အရှိန်အဟုန်ဖြင့် လူငယ်များ မူးယစ်ဆေးဖွဲ၍ လမ်းများသို့မရောက်စေရေး ကြိုးပမ်းနေချိန်တွင် လူငယ်လူရွယ်များကလည်း မိမိတို့၏ဘဝများကို အညွန့်တုံးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီး၏ စက်ကွင်းအတွင်းသို့ မကျရောက်စေရေး ရှောင်ရှားရမည်ဖြစ်သည်။ ဖြစ်မှ ကုသရခြင်းထက် မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ''တစ်ယောက်အားဖြင့် ယူသော်မရ၊ အများအားဖြင့် ယူသော်ရ၏''ဆိုသည့်အတိုင်း မြန်မာနိုင်ငံ တိုင်းရင်းသူ၊ တိုင်းရင်းသား လူငယ်အားလုံး ပူးပေါင်းပါဝင်မှသာ နိုင်ငံတိုးတက်ဖွံ့ဖြိုးလာမှာဖြစ်သည်။ နိုင်ငံတိုးတက်ဖို့ လူသားအားလုံး၏ ဘဝအသွင်ပြောင်းလဲ၍ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်မှု၊ မူးယစ်ဆေးဝါးကင်းစင်မှုတို့သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေရာ၊ ထို မူးယစ်ဆေးဝါး အန္တရာယ်ဆိုးကြီး လူမှုပတ်ဝန်းကျင်သို့ မဝင်ရောက်နိုင်ရန် ပြည်သူတစ်ရပ်လုံးမှ စည်းလုံးညီညွတ်စွာဖြင့် ''မူးယစ်ကင်းစင် နိဗ္ဗာဝအသွင် အစဉ်ဖွံ့ဖြိုး ကြိုးပမ်းစို့'' ဟူသော ခေါင်းစဉ်ဖြင့် ရေးသားတင်ပြအပ်ပါသည်။

**စိန်မေရှီလွင်မိုး**




(၁)

ခက်တော့နေပြီ။

မြင်မြင်သမျှကို 'ကုန်ကြမ်းတွေ'လို့ တွေးနေတတ်တဲ့ ကျွန်မ၊ ဘာလေးပဲကြား လိုက်ကြားလိုက် စာရေးချင်နေတဲ့ ကျွန်မ။ ရေးမယ်ဆိုရင်လည်း ကိုယ်ကိုယ်တိုင် မသိဘဲ ရမ်းရှိုးပြီးတော့လည်း မရေးချင်။ ဘာကိုမဆို ကိုယ်တွေ့လေးမြင်လိုက်ရမှ၊ ကြုံလိုက်ရမှ၊ တကယ်ခံစားမိမှ စိတ်လိုလက်ရနဲ့ ရေးချပစ်ချင်တာလေ။ အဲဒါကြောင့်ပဲ ခက်နေရတာ။

ဆရာနွမ်ဂျာသိုင်းက စကားတစ်ခွန်း ပြောခဲ့ဖူးတယ်။ ''စာရေးတဲ့သူတစ်ယောက် မလေ့လာသင့်တာ ဘာမှမရှိ''တဲ့။ လှလိုက်တဲ့စကား။ အဲဒီစကားက နားဝမှာတင်မရပ်ဘဲ ရင်ထဲအထိ ထိုးဖောက်ပြီးဝင်လာတယ်။ ဟုတ်တာပေါ့။ စာရေးတဲ့သူဆိုတာ အရာရာကို စူးစမ်းနေရမှာပေါ့။ လေ့လာနေရမှာပေါ့။ ဒါမှလည်း ဝမ်းစာက ပြည့်နေမှာပေါ့။

အဲဒီလိုတွေးမိလာတော့ အရာရာကို သိချင်၊ တတ်ချင်၊ စူးစမ်းချင်တဲ့ မွေးရာပါ ဗီဇက ပိုလို့တောင် တားမနိုင်ဆီးမရ ဖြစ်လို့လာခဲ့ပြီ။ ဘာစာအုပ်ကို တွေ့တွေ့ဖတ်ဖြစ်လာတယ်။ ဘာသတင်းကိုပဲကြားကြား နားစွင့်ချင်လာတယ်။ ဘယ်ခရီးကိုပဲဖြစ်ဖြစ် သွားချင်လာတယ်။ အတွေ့အကြုံသစ်မှန်သမျှလည်း ယူချင်လာတယ်။

ရှင်းရှင်းပြောရရင်တော့ ကုန်ကြမ်းရှာချင်လာတယ်ပေါ့။ အခုလည်း အဲဒီ ''ကုန်ကြမ်း''ကိစ္စကြောင့်ပဲ မောင်နှမနှစ်ယောက် သားခေါင်းချင်းဆိုင်နေရပြန်ပြီလေ။

(၂)

''ဒါ လူငယ်ပွဲလေ။ မမက ဘာလိုက်လုပ်မှာလဲ''

လင်းသန့်က မျက်မှောက်ကျုံ့ရင်း မေးခွန်းပြန်ထုတ်တယ်။ ''လူငယ်ပွဲ''တဲ့။ သူ့စကားအရဆိုရင် အခု သူသွားဖို့ပြင်ဆင်နေတဲ့ပွဲက ကျွန်မနဲ့မသက်ဆိုင်ဘူးပေါ့။ အသက်(၃၀)ပြွန်းစ ကျွန်မက လူငယ်မဟုတ်တော့ဘူးပေါ့။ (၂)ထိပ်စည်းကနေ (၃)ထိပ်စည်းလေးပြောင်းသွားတာနဲ့ပဲ မောင်နှမအချင်းချင်းမှာတောင် သူက စည်းတစ်ကြောင်း လာခြားချင်နေသေးတယ်။ ကျွန်မကို လူငယ်စာရင်းကနေ အပြီးအပြတ် မောင်းထုတ်ချင်နေတယ်။

''အောင်မယ်-ငါက လူငယ်မဟုတ်လို့ ဘာလဲ''

''သားတို့လို အသက်အစိတ်အောက်ကိုမှ လူငယ်လို့ခေါ်တာမျ''

ပြောပုံက တကယ့်ကို ခေါင်းခေါက်ပစ်ချင်စရာ။ အထက်အောက် မောင်နှမ နှစ်ယောက်ရဲ့(၈)နှစ်ဆိုတဲ့ အသက်ကွာဟချက်က ဒီနေရာမှာလည်း ကန့်လန့်ကန့်လန့်နဲ့ ပါလာပြန်ပြီ။ သူ့ ငယ်ငယ်တုန်းက ကျွန်မ ကိစ္စတွေမှာ လိုက်ရှုပ်တိုင်း ''ကလေးက ကလေးလို နေ'' ဆိုပြီး သူ့ကို အရာမသွင်းခဲ့သမျှ အခုပြန်ပြီး လက်စားအချေခံနေရသလားပဲ။ နှိုက်စိတ်ရှိသာဆို သူ့ကို တစ်ချက်လောက် ဆွဲဆိတ်မိလိုက်မလား မသိပေမဲ့ ဒီအချိန်မှာတော့ သူနဲ့စကားရှည်မလုပ်ချင်သေးပါ။

''အေးပါ။ ငါက လူငယ်မဟုတ်ဘူးပဲ ထားလိုက်ပါတော့။ လူငယ်ဆိုတဲ့ နင်တို့က ရော အဲ့ဒီမှာ ဘာသွားလုပ်ကြမှာလဲ''

''ကာရာအိုကေခန်း ဆိုမှတော့ ဘာလုပ်ရမှာလဲ။ သီချင်းဆိုမှာပေါ့''

''အေးလေ။ ဆိုလေ။ နင်တို့ဘာသာ စိတ်ကြိုက်ဆိုကြလေ။ ငါကလည်း ထိုင်ကြည့်ရုံကြည့်နေမှာပဲ။ ဘာဖြစ်လို့လဲ။ ဧပရယ်ကလည်း မမလိုက်ခဲ့နော်လို့ သေသေချာချာ ဖိတ်သွားတာပဲ''

ဧပရယ်ဆိုတာက လင်းသန့်ရဲ့ သူငယ်ချင်း။ ဒီနေ့ပွဲရဲ့ မွေးနေ့ရှင်လေးလေ။ သူ့မွေးနေ့ပွဲကို ကာရာအိုကေခန်းမှာ လုပ်မယ်တဲ့။ (၂)ဆက်ရှင် ငှားထားတယ်တဲ့။ လင်းသန့်ကို လာဖိတ်ရင်း ပြောနေသံကြားတော့ ကျွန်မက '(၁)ဆက်ရှင်ကို အချိန် ဘယ်လောက်ကြာလဲ' စပ်စုမိတယ်။ (၁) ဆက်ရှင်ကို (၁)နာရီတဲ့။ အဲဒီ(၁)ဆက်ရှင်ကို ငှားခက (၂၀၀၀၀)တဲ့။ ဘုရားရေ-နှစ်ဆက်ရှင်ဆိုတော့ အခန်းငှားခတင် (၄၀၀၀၀)ပေါ့ လို့ တွေးတုန်း ''တချို့ဆိုင်မှာဆို (၁) ဆက်ရှင်ကို (၅၀၀၀၀)တောင် မရဘူး'' ဆိုတော့ မျက်လုံးတောင်ပြူးသွားတယ်။

ဧပရယ်က ဆက်ပြောသွားသေးတယ်။ ''အစားအသောက်ကိုလည်း လူအယောက် (၂၀)စာ မှာထားတယ်။ တခြား ပြင်မှာဆင်မှာနဲ့ဆိုတော့ (၃)သိန်း(၄)သိန်းလောက်တော့ကုန်မှာပေါ့'' တဲ့။ သူက ပေါ့ပေါ့ပါးပါးလေးပဲ။ ကျွန်မကိုတောင် လာဖြစ်အောင် လာဖို့ ဖိတ်သွားသေးတယ်။ ကျွန်မကသာ ကြားကနေ မဆီမဆိုင်နှမြောနေတာ။ အဲ့ဒီပိုက်ဆံတွေကို ဘိုးဘွားရိပ်သာတို့၊ မိဘမဲ့ဂေဟာတို့မှာများ လှူကာနဲ့ သွားလှူပစ်လိုက်ရင်ဘယ်လောက်တောင်များ အကျိုးရှိလိုက်မလဲဆိုတာ ကျွန်မခေါင်းထဲ ချက်ချင်းဝင်လာတဲ့အတွေး။ အဲ့ဒီအတွေးနဲ့တဆက်တည်း လိုလို ကပ်ပါလာတာကတော့''ဒီလောက် ပိုက်ဆံ အကုန်ခံပြီးလုပ်တဲ့ မွေးနေ့ပွဲက ဘာတွေထူးခြားနေလို့လဲ''ဆိုတာပါပဲ။ ဒါကြောင့်လည်းလိုက်မယ်တကဲကဲဖြစ်နေတာ။

နောက်ပြီး ကျွန်မတစ်ယောက်တည်းရဲ့ အစွမ်းအစသက်သက်နဲ့တော့ သူတို့လို ကာရာအိုကေခန်းသွားပြီး သီချင်းဆိုဖို့ ကိစ္စက ဘယ်လိုမှ ရုပ်လုံးမကြွလာနိုင်ဘူးလေ။ တစ်ယောက်အားနဲ့မရလို့ ကျွန်မ သူငယ်ချင်းတွေရဲ့ အကူအညီယူမယ်လို့လည်း ယောင်လို့တောင် မတွေးရဲဘူး။ ကျွန်မတို့ သူငယ်ချင်းတွေရဲ့ မွေးနေ့ပွဲဆိုတာက ဘုရားတက်မယ်၊ ကုသိုလ်ကောင်းမှု တစ်ခုခုလုပ်မယ်၊ မိဘမဲ့ကျောင်းတစ်ခုခုမှာ သွားလှူကြမယ်၊ ဒေါ်ဒါတွေရှိပြီး ဆိုင်တစ်ခုခုမှာ သွားစားကြမယ်။ ဒါမှမဟုတ် တစ်အိမ်အိမ်မှာ စုပြီး တစ်ခုခုချက်စားကြမယ်။ ဒါလောက်ပဲလေ။ အခုလို ကာရာအိုကေခန်းငှားပြီး ကဲကြတယ်ဆိုတာမျိုးက ရှိမှမရှိပဲကိုး။ ဒီတော့ အခု ဒီပွဲကို ကျွန်မ လက်လွှတ်ခံလိုက်ဖို့ မဖြစ်နိုင်ဘူးလေ။

''ဒီပွဲက သီချင်းလေးဆိုကြရုံလား မို

ဧပရယ်ဆိုတာက လင်းသန့်ရဲ့ သူငယ်ချင်း၊

ဒီနေ့ပွဲရဲ့ မွေးနေ့ရှင်လေးလေ။

သူ့မွေးနေ့ပွဲကို ကာရာအိုကေခန်းမှာ လုပ်မယ်တဲ့

ခိုးရှင်းရှင်းမွှေးနေ့ပွဲလေး မဟုတ်ဘူး။ ပိုက်ဆံသိပ်ပေါနေတဲ့သူတွေ ပိုက်ဆံဖြုန်းတဲ့ပွဲ။ ဟိုရောက်ရင် မမ မျက်စိရှုပ်နားရှုပ်တယ်ပဲပြောမှာ။ နောက်ပြီး ဒီပွဲက ပေရယ့်ကောင်လေးလုပ်ပေးတာ။ သူ့ဘက်က ကောင်တွေလည်း ပါလာကြမှာ။ အဲဒီကောင်တွေက သောက်ကြမှာ။ သူတို့အုပ်စုက သောင်းကျန်းတယ်။ ဇော်တွေကအစ အကုန်လုံးသောက်ကြတာ။ မူးကြရှူးကြဦးမှာ''

''သူတို့ဘာသာမူးမူးပေါ့။ နင်ပါတာပဲ။ ဘာဖြစ်လဲ။ အဲဒီမှာ ခဏပဲနေကြမယ်လေ။ တွေ့ဖူးကြုံဖူးတော့မှ မမလည်း ဝတ္ထုထဲ ထည့်ရေးလို့ရမှာပေါ့ဟယ်''

လေသံပျော့လေးနဲ့ပြောတော့ လင်းသန့်က သဲ့သဲ့လေးပြုံးတယ်။ သူ့အပြုံးက ငါ့အစ်မကတော့ စလာပြန်ပြီဆိုတဲ့ အပြုံးမျိုး။

''နောက်ဆုံးတော့ ဒါပဲ။ စာရေးဖို့ပဲ။ ကုန်ကြမ်းရှာဖို့ပဲ။ မမကလေ– ရေးစရာ မရှိရင် ကိုယ့်မောင်အကြောင်းထည့်ရေးမယ်။ ရေးလိုက်တိုင်းလည်း တစ်ခုမှကောင်းတာ မရှိဘူး။ အိမ်ပေါ်က ဆင်းသွားတာနဲ့ အချုပ်ထဲရောက်ရတာနဲ့၊ ကျောင်းထုတ်ခံရတာနဲ့ အမြဲတမ်းဆိုးပေ့၊ ပေပေ့တွေချည်းပဲ။ မမရေးတာတွေ ဖတ်ပြီးရင် ကိုယ့်ကိုယ်ကိုယ်တောင် သနားလာတယ်။ အခုလည်း သွားနဲ့ လိုက်မယ်ပြောတယ်နော်။ ပြီးရင် ထည့်ရေးတော့မယ်။ ''ကျွန်မမောင်လေးက ကာရာအိုကေခန်းမှာ ဘယ်လိုတွေသောင်းကျန်းခဲ့ပါတယ်''ဆိုပြီး တလောကလုံးကို ကြေညာတော့မယ်။ သားမသောက်တဲ့ ဗိုင်တွေ အရက်တွေလည်း သောက်ပါတယ်။ မူးပါတယ် ထည့်ရေးဦးမှာပဲ မဟုတ်လား''

ခဏခဏ ခံနေရတော့လည်း လင်းသန့်က ပြောပြီပေါ့။ ကျွန်မကလည်း ကျွန်မပဲကို။ သူ့အကြောင်းတွေကို ထည့်ထည့်ပြီး ရေးမိတာကို။

''ဒါကတော့ဟယ် – ရေးကွက်ပေါ်တော့လည်း– ရေးရတာပေါ့''

''သိနေတယ်။ ဒါကြောင့်မို့လို့ ဗိုတောင် မခေါ်ချင်သေးတာ။ ကိုယ့်ဒုက္ခကိုယ်တော့ မရှာဘူး။ မခေါ်ဘူး။ နေခဲ့''

နဖူးပေါ်ဝဲကျနေတဲ့ ရွှေဝါရောင်ဆံပင်တွေကို လက်နဲ့ထိုးသပ်တင်ရင်း လင်းသန့်က အတိအကျငြင်းတယ်။



''တကယ်မခေါ်ဘူးပေါ့''

''လုံး – ဝ။ လုံးဝပဲ။ ဘယ်သူ့ကိုမှ မခေါ်ဘူး။ တစ်ဖွေတည်းလစ်မှာ''

လက်တစ်ဖက်နဲ့ကာပြရင်း ပြောနေတဲ့ ပုံစံက အမြင်ကပ်ချင်စရာ။ ဒီအစ်မကလည်း မလိုက်ပါနဲ့ဆိုကာမှ ပိုလို့တောင် လိုက်ချင်တဲ့သူလေ။ နောက်ပြီး ကျွန်မရဲ့အဓိက ရည်ရွယ်ချက်ကြီးကလည်း ရှိသေးတယ် မဟုတ်လား''

''ကုန်ကြမ်း''လေ။ ကုန်ကြမ်း။ မျက်စိရှေ့ကိုရောက်လာတဲ့ အခွင့်ကောင်းကို ဘယ်အလွတ်ခံလို့ဖြစ်ပါ့မလဲ။

''မခေါ်လည်းရတယ်လေ။ နင်နဲ့ မလိုက်ဘူးပေါ့။ လုပ်မှာက '–––' ဟိုတယ်မှာမဟုတ်လား။ သီရိကိုဝင်ခေါ်ပြီး နှစ်ယောက်သား လာခဲ့မယ်။ အဲ့ဒီပွဲကို နင့်အရင်ကောင်မလေးလည်းလာမှာ မဟုတ်လား။ သီရိလည်း နင့်ရဲ့အဆက်ဟောင်းလေးကိုတွေ့ချင်ရှာမှာပေါ့။ မဟုတ်ဘူးလား''

ကောင်းကောင်းမွန်မွန် ပြောလို့မရမှ တော့ နိုင်ကွက်လေးထုတ်သုံးရုံပေါ့။

'' ဟာ– မမ၊ မညစ်နဲ့နော်။ သူက ဆေးထိုးမခံဘူး။ ပြဿနာတက်မှာ''

လင်းသန့်က ကပျာကယာတားတယ်။



TV ကနေ ထွက်လာတဲ့ အလင်းရောင်မှိန်မှိန်ကလွဲလို့ တစ်ခန်းလုံးကိုလည်း မှောင်အတိကျထားတယ်။ အသံလုံခန်းအကျိုး၊ အမှောင်ခန်းအကျိုးနဲ့ဗိုလ်လားတော့မသိ။ အားပါးတရ ဟဲနေ. . .

'သူ'ဆိုတဲ့ 'သီရိ'က လင်းသန့်ရဲ့လက်ရှိ ကောင်မလေး။ သူ့ထက်(၅)နှစ်ငယ်ပြီး အင်မတန်မှ အူတိုတတ်တဲ့ကောင်မလေး ပေါ့။ ဒါကြောင့်လည်း လင်းသန့်က ဒီပွဲကို တစ်ယောက်တည်း တိတ်တိတ်ကလေး သွားဖို့ ကြံစည်နေတာလေ။ အခု မွေးနေ့ပွဲ လုပ်တဲ့ ဖေရယ်ရော၊ အရင်ကောင်မလေး ရော၊ လင်းသန့်ရောက တက္ကသိုလ်အတူ တက်ခဲ့ကြတဲ့သူတွေ။ အရင်ကောင်မလေးနဲ့ လင်းသန့်က ပြတ်သွားကြပြီဆိုပေမဲ့လည်း သူငယ်ချင်းတွေ့ဆုံတဲ့အခုလိုပွဲ ဆိုရင်တော့ တွေ့နေကြရတာပဲလေ။ ဒါပေမဲ့ ကလေး ဆန်တတ်တဲ့သီရိကတော့ အဲ့ဒါမျိုးကို သိပ် ပြီး နားလည်မပေးတတ်ဘူး။

''သူကအသေရစ်တာ၊ သိရင် ရစ်လို့ ဆုံးမှာမဟုတ်ဘူး။ စိတ်ကောက်လို့ ချော့ရ ရင်လည်း နှစ်နာရီလောက်ကတော့ အသာ လေးပဲ''

''ချော့ပေါ့ဟ၊ ချစ်တယ်မဟုတ်လား''

ခပ်ဟာဟာရယ်ရင်းပြောတော့ လင်းသန့် က ဟက်ကနဲရယ်တယ်။

''ချစ်တာကချစ်တာပဲ။ ဒါပေမဲ့ ချော့ရ ပါများလာတော့ တစ်ခါတစ်လေလည်း မချော့ချင်တော့ဘူး''

အဲဒီစကားလေးပါ အဆစ်ထည့်ပြော ပေးမယ်လေ''

''တော် တော်-မမ။ မမလည်း တကယ့်အရစ်ပဲ။ မထူးပါဘူး။ ကဲ-မမ-မရ မကာလိုက်မယ်ဆိုရင်လည်း ခေါ်သွားပေး မယ်။ ဆေးတော့မထိုးနဲ့။ ဟိုရောက်လို့ အမြင်မတော်တာတွေ့ရင်လည်း ပွစိပွစိ မပြောနဲ့။ ကဲ-ပြင်တော့။ မြန်မြန်တော့ ပြင် နော်။ ဆယ့်ငါးမိနစ်ပဲ စောင့်မယ်။ ဒါပဲ-''

''အိုး - ဆေး အဲဒါကြောင့် ငါ့ မောင်လေးကို ချစ်ရတာ''

(၃)

ရွှေရောင်ကြိုးမျှင်လေးတွေ တန်းလန်း ကျနေတဲ့ ရောင်စုံမိုးပျံပူပေါင်းလေးတွေက အခန်းရဲ့မျက်နှာကျက်မှာ တွဲလွဲလေးတွေ ဖိုနေကြတယ်။ ကြမ်းပြင်ပေါ်မှာလည်း ''ဟက်ပီဘက်ဒေး''လို့ ပြိုင်တူအော်ကြရင်း ''ရှူးရှူးဒိုင်းဒိုင်း''နဲ့ ပစ်ဖောက်ထားကြတဲ့ ရောင်စုံစက္ကူမှုန်လေးတွေကလည်း ပျံ့ကြ လို့။ ခွဲပြီးသား မွေးနေ့ကိတ်အပိုင်းအစ လက်ကျန်နဲ့ မွေးနေ့လက်ဆောင်တွေကို တော့ အခန်းအဝင်ဝနားက စားပွဲအသေး လေးပေါ်မှာ သီးသန့်တင်ထားလိုက်ကြပြီ။

အခန်းအလယ်တည့်တည့်မှာက မြူး ကြွအသက်ဝင်နေတဲ့ Flat TV နှစ်လုံး။ အပေါ်တစ်လုံးမှာမြင်နေရတာက Sky Net က လွှင့်နေတဲ့ မြန်မာဇာတ်လမ်းဆိုပေမဲ့ အသံမပါဘဲ အရုပ်ရှည်ပဲလာနေတော့ ဘာ ကိုပြောလို့ပြောနေမှန်းတောင်မသိရဘူး။ မင်းသားက 'မြင့်မြတ်'ဆိုတာလောက်ပဲ သိ လိုက်ရတယ်။ 'ရုပ်ဖမ်းသံဖမ်း'ဆိုတာ ဒီလို အခြေအနေကိုပြောတာနေမှာ။

အောက်က တစ်လုံးကတော့ ကာရာ အိုကေ ဆိုနေကြတဲ့အလုံး။ ကြိုးတန်းလန်း မိုက်တွေကိုကိုင်ပြီး TV ရှေ့မှာရပ်ရင်း ခုန်ပေါက်ရင်း ဆိုနေ၊ ကနေကြတယ်။ TV ကနေ ထွက်လာတဲ့ အလင်းရောင်မှိန်မှိန် ကလွဲလို့ တစ်ခန်းလုံးကိုလည်း မှောင်အတိချ ထားတယ်။ အသံလုံခန်းအားကိုး၊ အမှောင် ခန်းအားကိုးနဲ့ဗိုလ်လားတော့မသိ။ အားပါးတရ ဟဲနေလိုက်ကြတာ။ ဆိုနေကနေကြတာ တွေကလည်း ကပေါက်တိကပေါက်ချာတွေ၊ အဆိုအကတွေကသာ ချာတာ။ ဝတ်ထား စားထားတွေကတော့ အဆိုတော်တွေထက် တပြားသားမှမလျော့။ အားလုံးက အပေါ် တစ်ထွာအောက် တစ်ထွာလေးတွေချည်းပဲ။

အင်းပေါ့လေ။ သူငယ်ချင်းတွေကိုး။ သက်တူတန်းတူလေးတွေ ကဲနေကြတဲ့ပွဲကိုး။ လွတ်လွတ်လပ်လပ်ပဲပေါ့။ သူတို့အသံတွေ က အပြင်ကလူတွေအတွက် ဘာသက် ရောက်မှုမှမရှိပေမဲ့ အတွင်းထဲမှာ ရောက်နေ ရတဲ့သူတွေကတော့ တကယ်နားမသက်သာ တာပဲ။ နားမသက်သာရုံတင်လားဆိုတော့ လည်းမဟုတ်။ မှန်တီမှန်ဝါး ပတ်ဝန်းကျင်ကို အားမြူပြီး စူးစိုက်ကြည့်နေရတော့ မျက်လုံး တွေပါ စပ်လာတယ်။ နားဒုက္ခ၊ မျက်စိဒုက္ခ ဆိုတာ ဒါမှအစစ်။

ဒါပေမဲ့လည်း အဲ့ဒီ'ဒုက္ခ'ဆိုတာကြီးက လည်း သူ့ ဘာသာသူ ခြေထောက်ပေါက်ပြီး ရောက်လာတာတော့မဟုတ်။ ကျွန်မကိုယ် တိုင်က လိုလိုလားလားနဲ့ ဖိတ်ခေါ်ယူခဲ့တာ လေ။ ဒီတော့ ခံပေါ့။

''စားလေ မမ''

လင်းသန့်က နားနားကိုကပ်ပြီးပြော တယ်။ သူပြောလည်းပြောစရာ။ ဟိုဟိုဒီဒီကို စူးစမ်းနေမိတဲ့ ကျွန်မရဲ့ထမင်းပန်းကန်လုံး က အခုထိအရာမယွင်းချင်သေး။ လင်းသန့် ဦးချရင်း ထည့်ပေးထားတဲ့ ဇက်နံ့ရိုးကြော် ကလည်း ထမင်းဖြူပေါ်မှာပေါ်မှာ ဒီအ တိုင်း။ လင်းသန့်ကတော့ နောက်ထပ် ထမင်းပန်းကန်လုံးတစ်လုံးကိုတောင် လက် လှမ်းလို့နေပြီ။ ဒီတော့မှ ချဉ်စပ်ဟင်းချို ပန်းကန်လုံးပေါ်တင်ထားတဲ့ တူကို ကောက် ကိုင်ရင်း စားပွဲခုံပေါ်က ဟင်းပွဲတွေကို လှမ်း ကြည့်လိုက်မိတယ်။

ဖွန်းရှည်တွေတပ်ထားတဲ့ ဟင်း



မွေးနေ့ရှင် ပေရယ်ကလည်း ရယ်လို့ပဲ။
သူ့ကောင်လေးရဲ့ပေါင်ပေါ်မှာ တက်ထိုင်ပြီး
ဖန်ခွက်ချင်း တိုက်နေကြတယ်။

ပန်းကန်ပြားတွေက အမျိုးအမယ်စုံလို့ပဲ။ ကုန်သွားတဲ့ ပန်းကန်ပြားတွေ၊ ထမင်းပန်းကန်လုံးတွေကို စားပွဲရဲ့တစ်ဖက်ထိပ်မှာ စုပြီးထပ်ထားသလို ဟင်းပွဲအသစ်တွေကိုလည်း ထပ်ထပ်ပြီးမှာပေးနေတယ်။ စားစရာတွေနဲ့အပြိုင် သောက်စရာဗူးတွေ၊ ပုလင်းတွေကလည်း စီလို့ပဲ။ ကုန်သွားလိုက် မှာလိုက်နဲ့ပဲ။ သီချင်းဆိုနေတဲ့ ကောင်မလေးတစ်ယောက်ကလည်း ဖန်ခွက်ကိုကိုင်ရင်း တစ်ငုံမော့လိုက်။ တစ်ပိုဒ် ဆိုလိုက်နဲ့။ တော်တော်လေးကို သောက်နိုင်တဲ့ပုံပဲ။

"ဟော့- ဘယ်လိုလဲ။ တိုက်ပွဲကျသွားပြီလား။ စုမြတ်-စုမြတ်"

ဘေးမှာထိုင်နေတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ရယ်သံစွက်နေတဲ့အသံကြောင့် လှည့်ကြည့်လိုက်တော့ 'စုမြတ်'လို့ အခေါ်ခံရတဲ့ ကောင်မလေးက ထိုင်ခုံပေါ်မှာ ခေါင်းငိုက်စိုက်ကျနေတယ်။ သူ့ဘေးမှာ ကပ်ထိုင်နေတဲ့ ကောင်လေးကတော့ သူ့ပခုံးကို ဖွဖွယမ်းရင်း ထပ်ပြီးကမ်းပေးနေပြန်တယ်။

"လုပ်စမ်းပါ။ နောက်တစ်ခွက် -ရော့"

"အေးလေ-နှင့်စံချိန်တွေ ကျနေပါလားဟ။ လုပ်စမ်းပါ"

သူတို့အချင်းချင်း တွန်းထိုးရင်း ရယ်ပွဲဖွဲ့နေကြပြန်တယ်။

"ငါ မမူးပါဘူးဟ -"

မူးနေတဲ့သူကလည်း ခေါင်းငိုက်စိုက်ကျနေရင်းကနေ ကြူးအော်တော့ အားလုံးက တဝါးဝါးတဟားဟားနဲ့။

"စုမြတ်- နင် ကားမောင်းလာတာလား"

"မမောင်းဘူး။ ငါ taxi နဲ့လာတာ။ ဒီလိုနေ့မှာ ကားယူလာစရာလား။ ဟား ဟား -"

ပြောရင်းနဲ့ခေါင်းငိုက်ကျသွားပြန်တယ်။ တကယ်ကို ခေါင်းနေတဲ့ပုံပဲ။

"အရက်ကို အရက်နဲ့ပဲဖြေရတယ်ဟ။ ထပ်တိုက်လိုက်-ရော့"

သူတို့ကိုကြည့်ရတာ ဒီလိုအခြေအနေမျိုးနဲ့ အသားကျနေသလိုပဲ။ သူငယ်ချင်းကို စိတ်ပူနေတာမျိုးလည်းမရှိကြဘူး။ မွေးနေ့ရှင်ပေရယ်ကလည်းရယ်လို့ပဲ။သူ့ကောင်လေးရဲ့ပေါင်ပေါ်မှာ တက်ထိုင်ပြီး ဖန်ခွက်ချင်း တိုက်နေကြတယ်။ ကောင်လေးကလည်း သူ့ကိုပြန်ပြီး ကြူးဖက်လိုက်ရော ကျွန်မဘက်ကို လှမ်းကြည့်ပြီး ကောင်လေးရဲ့လက်ကို မသိမသာနဲ့ခါချပစ်နေတယ်။ သူတို့ အနေခက်မှာစိုးတော့ ကျွန်မကပဲ မတွေ့လိုက်သလို နေလိုက်ရရော။

"လင်းသန့် – ငါ့ရဲ့ သူငယ်ချင်းကြီး။ နည်းနည်းပါးပါးလုပ်စမ်းပါ။ သောက်စမ်းပါ။ ရော့- ငါထည့်ပေးမယ်။ ဘာလဲ မသောက်ဘူးလား။ အေးလေ-နှင်က သောက်မှမသောက်ရဲတာ-ဟား ဟား။ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ။ ဟော-မမရော။ မမ-လုပ်စမ်းပါမမရဲ့။ တစ်ခွက်လောက်။ တစ်ခွက်တည်းနဲ့မမူးပါဘူး"

ဝိုင်ပုလင်းကိုမြှောက်ပြရင်း ကျွန်မတို့ မောင်နှမကို လှမ်းဆွဲတဲ့သူက လင်းသန့်ရဲ့အရင်ကောင်မလေး။ သူ့ကြည့်ရတာလည်း ခပ်ထွေထွေ။ သူ့ဘေးကနေ သူ့ခါးကို ဖက်ထားတဲ့ ခပ်ဖြူဖြူကောင်လေးကလည်း ရီဝေဝေနဲ့ပဲ။ နှစ်ယောက်သား လိုက်လည်း လိုက်ပဲ။ ကဲ(၅)ပါးကို လုံအောင်ထိန်းထားတဲ့ ကျွန်မအတွက် ဝိုင်ဆိုတာကလည်း ခပ်ဝေးဝေးပဲမဟုတ်လား။ အပြုံးလေးစွက်ရင်း ငြင်းလိုက်တယ်။ လင်းသန့်ကလည်း ကောင်းကောင်းမွန်မွန် ငြင်းလိုက်တယ်။ ရေခဲတုံးလေးတွေစိမ်ထည့်ထားတဲ့ ရေသန့်ကိုပဲ မော့သောက်နေတဲ့လင်းသန့်ကိုကြည့်ရတာ ဝိုင်မသောက်ရပါဘဲ ရင်တွေပူနေသလိုလို။

(၄)

"ဟိုတစ်ယောက်လည်း မူးနေပြီ။ သူ မူးရင် သွေးဆိုးတယ်။ သူ့ဘဲကလည်း သောက်ထားတဲ့ပုံပဲ။ နှစ်ယောက်လုံးမူးလို့ကတော့ လှအုံးမယ်"

အပြန်လမ်းမှာ လင်းသန့်က စကားစတယ်။ 'ဟိုတစ်ယောက်' ဆိုတာက သူ့ရဲ့အရင်ကောင်မလေးကို ရည်ညွှန်းနေကျအသုံးအနှုန်း။ သူတို့နှစ်ယောက် လမ်းခွဲဖြစ်တဲ့ ပြဿနာတွေထဲမှာ အဲဒီကောင်မလေး သွေးဆိုးတာကလည်း တစ်စိတ်တစ်ပိုင်းတော့ပါတယ်ဆိုပဲ။ အခုမြင်ခဲ့ရသလောက်တောင် သူမူးလာတာနဲ့ သူ့ဘေးကလူတွေကို ရစ်ချင်နေတဲ့ပုံပေါ်နေတာ။ သူ့ရဲ့ကောင်လေးကလည်း လက်ရဲဇက်ရဲပုံစံလေး။ ပိုများမူးလာကြရင်တော့- လင်းသန့် မှတ်ချက်ချသလို လှဦးမှာပဲ။

"ကြာရင် ပွဲကပိုကြမ်းတော့မယ်။ ဒါကြောင့် စောစောပဲပြန်တာ။ ဘယ်ခေတ်ရောက်နေပြီပဲပြောပြော မိန်းကလေးဆိုတာ မသောက်တတ်တာပဲကောင်းတယ်။ သောက်တတ်ရင် အမှားဖြစ်လွယ်တယ်။ အခုပုံစံအတိုင်းသာဆို သူနဲ့နှင်ပြတ်သွားတာကပဲ ခပ်ကောင်းကောင်း။ သူ ဘယ်လောက်ပဲချမ်းသာချမ်းသာ၊ သူ့မိဘက ဘာ

ကြိုးပဲပြစ်ပြစ် ဒီလိုသောက်တတ် ရစ်တတ်ရင်တော့ လက်မခံနိုင်ဘူး။ ယောင်းမ မတော်နိုင်ဘူး။ နင့် သိရိုကရော သောက်တတ်လား''

''မသောက်တတ်ဘူး။ သူက စိတ်ကောက်တာရယ်၊ ရစ်တာရယ်။ အဲဒါလောက်ပဲ။ ရစ်တယ်ဆိုတာကလည်း သားကို ချစ်လို့ အူတိုပြီးရစ်တာ။ နားလည်ပေးလို့ရတယ်။ ဒါပေမဲ့ သောက်ပြီးမူးပြီးရစ်တာကိုတော့ သည်းခံလို့ကိုမရဘူး။ သူက စိတ်ကောက်တတ်တာလေးဖယ်လိုက်ရင် ကျန်တာကတော့ အဖြူထည်လေးပဲ။ ဒီခေတ်မှာတော့ တော်တော်ရှားရှားပဲ။ တစ်ခါတလေများ၊ ရိုးသားလွန်းလို့တောင် ခက်နေတာ။ အဲ့ဒါကြောင့်လည်း မရမက လိုက်ထားရတာ။ သားသူ့ကိုပဲယူမှာ''

> ဒါတောင် ကာရာအိုကေခန်းနော်။
>
> မှူးတာလေးပဲ ရှိသေးတယ်။ ကလပ် မဟုတ်သေးဘူး။

မွေးနေ့ပွဲမသွားခင်တုန်းကတော့ ''ချော့ရပါများလာလို့ မချော့ချင်တော့ဘူး'' လို့ အသံကောင်းဟစ်ပြနေပြီးတော့ အခုကျတော့လည်း သိရိုမှ သိရိုဖြစ်ပြနေပြန်ပြီ။ နှိုင်းယှဉ်စရာလေးတွေသွားတာနဲ့ တန်ဖိုးကို သိပြနေလိုက်တာ။ တတ်လည်း တတ်နိုင်ပါ့။

''ဒါနဲ့ ပေရယ်ပြောတုန်းက (၂) ဆက်ရှင်ပဲ။ (၇)နာရီအထိပဲဆို–အခုကြည့်–(၇)နာရီကျော်နေပြီ''

''(၈)နာရီအထိ ငှားလိုက်တယ်လေ။ (၈)နာရီလည်းပြီးမှာမဟုတ်ပါဘူး။ ဒီအုပ်စုက တော်တော်နဲ့သိမ်းနိုင်မှာလည်း မဟုတ်ဘူး။ ဒီမှာအချိန်စေ့ရင်လည်း တခြားတစ်နေရာကို ထပ်သွားကြဦးမှာပဲ၊ ကန်ဘောင်လား ဘာလား။ တစ်နေရာရာပဲ။ အိမ်ကို ည(၁၁)နာရီ ပြန်ရောက်ကြရင် ကံကောင်းလို့ပဲ''

လင်းသန့်က အသံမှုန်လေးနဲ့ ပြောလာတယ်။

''အိမ်တွေကိုရော ချော့ချော့မော့မော့မှ ပြန်ရောက်ကြပါမလားမသိ။ သူတို့အိမ်တွေက မိဘတွေကလည်း လက်ခံကြတယ်နော်။ အံ့ပါရဲ့''

''တချို့တွေဆို မဟန်နိုင်တော့ရင် အိမ်မပြန်တော့ဘူးလေ။ သူငယ်ချင်းအိမ်မှာပဲ အိပ်တော့မယ်ဆိုပြီး အိမ်တွေကိုဖုန်းဆက်ရော။ အိမ်ပိုင်တဲ့သူ့အိမ်မှာပဲ စုအိပ်ကြ။ မိုးလင်းတော့မှဘာမှမလုပ်ထားမသောက်ထားတဲ့ရုပ်တွေနဲ့ အိမ်ပြန်ကြတာ။ အဲ့လိုတွေဗျ''

''သီချင်းဆိုရုံဆိုရင်တော့ ကောင်းပါရဲ့။ ဘေးပတ်ဝန်းကျင်ကို မငဲ့ရတော့ လွတ်လွတ်လပ်လပ် ဆိုကလို့ရတယ်။ စိတ်အပန်းပြေတာပေါ့။ ဒါပေမဲ့ သူတို့တွေက အသောက်လေးတွေပါ ဖက်လာတော့ မကောင်းတော့ဘူး။ မူးကြ၊ အချင်းချင်း ဖက်ကြဖြကြနဲ့ အမြင်မတော်တော့ဘူး''

အချိုကြီးမျက်လုံးနှိုလို့လား၊ အသောက်အစားကောင်းတဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရလို့လားတော့မသိ။ အဲ့ဒီလို မူးနေ ရစ်နေကြတဲ့ပုံစံတွေ၊ လက်ရဲဖက်ရဲ အနေအထားတွေကို ကြည့်လို့ကိုမရတာ။

''အဲ့ဒါကြောင့်လည်း မယကို မခေါ်ဘူးပြောတာပေါ့။ သောက်ကြမယ်လို့ အရိပ်အမြွက်လောက်ပြောကတည်းက သိမှာပေါ့။ ဒါတောင် ကာရာအိုကေခန်းနော်။ မူးတာလေးပဲရှိသေးတယ်။ ကလပ်မဟုတ်သေးဘူး။ ကလပ်မှာ သောင်းကျန်းတာတွေ မမြင်သေးလို့''

''ကလပ်သွားတတ်တဲ့သူတွေရောပါလို့လား''

''ပါတာပေါ့။မယဘေးက တစ်ယောက်ကျော်မှာ ထိုင်တဲ့ဖော်လည်းပါတာပဲ။ ခကတ်အနီလေးဝတ်ထားတဲ့ကောင်လေ''

သူပြောတာက ပြိပ်ပြိပ်ကလေးထိုင်ပြီး တားလိုက်သောက်လိုက် လုပ်နေခဲ့တဲ့ ကောင်မလေးပဲ။ သီချင်းထဆိုတာတောင် မတွေ့ရသလိုပဲ။

''ဟုတ်လို့လားဟ။ အေးအေးလေးထိုင်နေတာပဲကို''

''ကြည့်လိုက်ရင်တော့ အေးအေးလေးပဲ။ အငြိမ်ပဲ။ ဟိုထဲရောက်တော့မှ အသားကုန်ကတာ။ လန့်ထွက်နေတာပဲ။ ဘယ်လောက်သောက်သောက်လည်း အိမြေမပျက်ဘူး။ နောက်ပြီး ကလပ်က ဟိုမိန်းမတွေ၊ လိုင်းတွေလေ။ သားပြောချင်တာ သိတယ်မဟုတ်လား။

သူပြောချင်တာက ကြေးစားမလေးတွေကိုပဲ။ ကျွန်မက ခေါင်းညိတ်ပြတော့

''အဲဒီမိန်းမတွေဆိုလည်း အဲလိုပဲ။ တချို့တွေဆိုရင် အဲဒါတွေလို့ လုံးဝကိုမထင်ရဘူး။ တော်တော်ကြည့်ယူရတာ။ မမဆို ကြည့်တတ်မှာတောင် မဟုတ်ဘူး''

''အေး–ဟုတ်သားပဲ။ အဲ့ဒီ ကောင်မလေးတွေ အကြောင်းလည်း ရေးဦးမှပဲ။ ငါလည်း ကြည့်တတ်ချင်တယ်။ နင်တို့ဘယ်လိုသိတာလဲ။ ဘယ်လိုခွဲတာလဲ''

''အဲ့ဒါကို သိချင်ရင်တော့ ကလပ်ကို လိုက်ကြည့်မှပဲရမယ်''

ခပ်ထေ့ထေ့လေးပြုံးရင်းပြောတယ်။

''လိုက်တာပေါ့။ တို့မောင်နှမတွေ တစ်ရက်လောက် သွားကြတာပေါ့''

မဆိုင်းမတွပြောလိုက်တော့ လင်းသန့် မျက်ခုံးက ဒိုင်းကနဲ ထောက်လာတယ်။

''နည်းနည်းလေး မစ,လိုက်နဲ့။ စ,လိုက်တာနဲ့ သွားမယ်ဆိုတာချည်းပဲ။ ရှဲ ပြောလို့ ပြောနေမှန်းလည်းမသိ– မမနဲ့ ကလပ်နဲ့က ဘာဆိုင်လို့လဲ၊ စာရေးဖို့ချည်းပဲ တွေးမနေနဲ့။ သွားသင့်ရဲ့လားဆိုတာ လည်း တွေးဦး။ ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတာလည်း ထည့်တွေးဦး''

လာ လာချည်သေး။ သူ့ကပဲ အစ်ကိုကြီးလေသံမျိုးနဲ့ ကျွန်မကို တပြန်ပြန်ပြီးဆုံးမနေသေး။

''ဟဲ့– နင်ပါတာပဲ။ ဘာဖြစ်လဲ၊ ကိုယ့်မောင်တစ်ယောက်လုံးပါတာပဲ''

''ဒီစကားနဲ့ပဲ လာလာချည်နေတယ်။ မမတတ်ထားတဲ့ပုံစံကိုလည်း ကြည့်ဦး။ ဒီလို ပုံစံနဲ့များ ကလပ်သွားဦးမယ်။ ဖြစ်လိမ့်မယ်။

အားကြီးကြီး''

မြန်မာဆန်ဆန် ဝတ်စားထားတဲ့ ကျွန်မကို ခေါင်းအစခြေအဆုံးကြည့်ပြရင်း ငေါ့တော့တော့စကား ဆိုတယ်။ ဟောဟော ကလည်း ဟိုတယ်က ဧည့်ကြိုကောင်လေး တွေ ကျွန်မကို ပြုံးစစနဲ့ကြည့်နေတာကို သတိထားမိသားပဲ။ အင်းပေါ့လေ။ အပေါ် တစ်ထွာ အောက်တစ်ထွာလေးတွေကြားမှာ လုံလုံခြုံခြုံဝတ်စားထားတဲ့ ကျွန်မက ဘိုး တော်ဘုရားလက်ထက်ကို ပြန်ရောက်နေမှာပေါ့။

''ဩော်– ရောမရောက်တော့လည်း ရောမလိုကျင့်ရမှာပေါ့။ ငါ စတိုင်ဘောင်းဘီ ဝတ်မှာပေါ့''

မဆိုင်းမတွဘြေတော့ လင်းသန့်က ဟက်ကနဲရယ်တယ်။ ဓဓာနေစာက တည်နေ တဲ့မျက်နှာလေးကပြန်ပြီး ချိုလာတယ်။ မျက်လုံးတွေမှာလည်း အရောင်တွေလက် လာတယ်။ တစ်ခုခုကို တွေးမိလိုက်သလိုမျိုး။

''စတိုင်ဘောင်းဘီလောက် လုပ်မနေနဲ့။ အခုပွဲမှာ ပေးရယ်တို့ ဝတ်ထားကြတာ တွေလား။ တစ်ထွာလောက်လေးတွေ။ လုံ တယ်ဆိုရုံလေးတွေ။ အဲလိုဝတ်လေ။ တစ်ထွာဆိုများသေးတယ်။ မမက ကိုယ်လုံး လှပြီးသားပဲ။ ဒီတော့ အပေါ်တစ်ဖြတ် အောက်တစ်ဖြတ်သာ ဝတ်ပစ်။ ဖော်သင့် တာတွေ အကုန်ဖော်ပစ်လိုက်''

စလာပါပြီ။ ခပ်ရွဲ့ရွဲ့ပြောလာပါပြီ။ အစ်မကိုများ မဟုတ်ကဟုတ်က ပြောရမယ် ဆိုရင် လင်းသန့်တို့နှုတ်က နဂိုကတည်းက သွက်ပြီးသား။ ဒီနေ့လည်း ကျွန်မက သူ့ နှိုင်ကွက်ကို ထုတ်သုံးထားတာ ဆိုတော့ ပိုလို့တောင် ပြောချင်နေမှာပေါ့။ သည်းခံ လိုက်ပါ့မယ်။ ပြောပါစေ။

''ဆံပင်အရှည်ကိုလည်းဖြတ်ပြီး ဆေး ဆိုးပစ်လိုက်။ မိတ်ကပ်တွေပြင်၊ အိုင်းရှဲဒိုး တွေလည်း ရဲတောက်နေအောင် ဆိုးပစ် လိုက်။ အောက်ကလည်း (ဒ)လက်မဒေါက် ဖိနပ်စီးလိုက်။ ဟား ဟား– ငါ့အစ်မ ပုံစံကို စိတ်ကူးထဲမှာ မြင်ကြည့်လိုက်တာ တော် တော်မိုက်တာပဲ''

ပြောနေရင်းနဲ့ သူဘာသာ သဘော တွေကျနေတယ်။ တဟားဟားနဲ့ရယ်လို့။ သူ ကသာ ပြောရင်းအရှိန်တက်နေတာ။ သူ့ ပါးစပ်ဖျားက ကျွန်မရဲ့ပုံစံကတော့ ဖြစ်ချင် တိုင်းကိုဖြစ်နေပြီ။

''ငါ့ကိုများ – –''

''ဟုတ်တယ်လေ–လုပ်မယ့်လုပ်တော့ အပီသာလုပ်ပစ်။ ကုန်ကြမ်းရှာချင်တာ မဟုတ်လား။ ကိုယ်တွေမှ ရေးချင်တာ မဟုတ်လား။ ရှာလေ။ ရေးလေ။ ဟိုရောက် ရင်လည်း ဒီအတိုင်းတော့ ထိုင်မနေနဲ့။ ထိုင် ကြည့်နေရုံနဲ့ သူတို့ခံစားချက်ကို မသိနိုင် ဘူး။ ဒီတော့ ဝင်သာ က, ပစ်။ ဒါမှ ကလပ် တက်တဲ့သူတွေ၊ ကတဲ့သူတွေရဲ့ ခံစားချက် ကို တကယ်သိမှာပေါ့''

''က, ရမယ်– ဟုတ်လား''

ကျွန်မက ကုန်ကြမ်းလိုချင်ရုံသက် သက်လေး။ ရောက်ဖူးချင်ရုံသက်သက်လေး။ ကတတ်တာမှ မဟုတ်ဘဲ။ ကျွန်မခပ်တွန့် တွန့်ဖြစ်သွားပြီ။

''အေးလေ– ကလပ်သွားပြီး မက, ဘဲ ဘာလုပ်မှာလဲ။ က,ရမှာပေါ့။ က, ရင် ရှိုးရှိုးမကနဲ့။ တိုင်ပတ်ပြီးတော့သာ က, ပစ်။ သူတို့လည်းက ကိုယ်လည်းက။ သူတို့ လည်းဒွန့် ကိုယ်လည်းဒွန့်။ ဟုတ်တယ်။ ဒွန့်သာဒွန့်ပစ်။ စိတ်ချ။ လိုက်ကိုပို့ပေးဦးမှာ။ အဲ့ဒါမှ။ အဲ့ – ဒါ – မှ –''

ဆက်မပြောသေးဘဲ သံရှည်ဆွဲထား တယ်။ သူ့ကြည့်လိုက်တော့လည်း မချိုမချဉ် မျက်နှာပေးနဲ့

''အဲ့ဒါမှ ဘာဖြစ်လဲ''

''အဲဒါမှ – အယျိုကြီးလည်း မြန်မြန် လင်ရ– သားလည်း နားအေး။ တစ်ချက် ခုတ် နှစ်ချက်ပြတ်။ အေးရော ––''

''ဘာ – –''

ဒေါသထွက်ထွက်နဲ့မို့ ခပ်ဆောင့် ဆောင့်ပိတ်အော်ပြီး သူ့လက်မောင်းကို ဆွဲ ဆိတ်ပစ်လိုက်တယ်။ လင်းသန့်ကတော့ အသားအနာခံရင်းနဲ့ကို တဟားဟား အော် ရယ်နေတယ်။ အဲဒီ တဒင်္ဂမှာတော့ ကုန် ကြမ်းရှာချင်လွန်းတဲ့ စိတ်ကလေးက တကယ့်ကို ကြက်ပျောက်ငှက်ပျောက်ပါပဲ။



**ကောင်းကင်မေ**
**(စီးပွားရေးတက္ကသိုလ်)**



(၁)

သူ့နာမည်က 'ဦးသောင်'၊ ဦးသောင်က လူသာမန်တစ်ယောက်။ ကောက်သပြေကုန်း ရွာတွင်နေသည်။ သူက အတန်းပညာ မြင့်မြင့်မားမား မတတ်။ အတတ်ပညာတစ်မျိုးတော့ တတ်သည်။

ထို့ကြောင့် ဦးသောင်ကို ကောက်သပြေကုန်း၊ ရွာသူရွာသားများသာမက 'တောင်ပို့ကြီး'၊ 'ကျွဲတနိုး'၊ 'ခမောက်စု'၊ 'နှန်းတော်ကုန်း' စသော ရွာများရှိ ရွာသူရွာသားများက ဦးသောင်ကို အားကိုးကြသည်။

ဦးသောင်တတ်သည့်ပညာက "လက်မှု ပညာ"။

(၂)

တစ်နေ့သ၌ ပေါက်တောရွာသား ကပ္ပိယကြီး ဘကြီးကျိုင်း ရောက်လာသည်။

"ဆရာသောင်၊ ခင်ဗျားကို ဆရာတော် ခေါ်ခိုင်းလိုက်တယ်ဗျ။ ကျုပ်နဲ့ တစ်ပါတည်း လိုက်ခဲ့ပါတဲ့"

ပေါက်တောရွာရှိ မဏိရတနာ ဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တရေဝတနှင့် ဦးသောင်ဟု ခေါ်သော ဆရာသောင် ရင်းနှီးသည်မှာကြာပြီ။

"ဘာကိစ္စတုံး ဘကြီးကျိုင်းရဲ့"

"ကျောင်းက ဆွမ်းစားကျောင်း ဘုန်းကြီး ရုတ်တရက်လေဖြတ်သွားလို့"

ထို မဏိရတနာကျောင်း၏ ဆွမ်းစားကျောင်းဘုန်းကြီး ဦးသောဘိတနှင့်လည်း ဆရာသောင် ရင်းနှီးပြီးသား။

"ခဏလေးစောင့် ဘကြီးကျိုင်း"

ဤသို့ဖြင့် ဘကြီးကျိုင်းဟုခေါ်သော ကပ္ပိယကြီး ဦးဖိုးကျိုင်းနှင့်အတူ ဆရာသောင် ပေါက်တောရွာရှိ မဏိရတနာ ကျောင်းသို့ လိုက်ပါခဲ့ရသည်။

(၃)

"ဦးပဥ္စင်းကြီး ရုတ်တရက် လေဖြတ်သွားတာနဲ့ ကပ္ပိယကြီးကိုလွှတ်ပြီး ဆရာသောင်ကို ပင့်ခိုင်းရတာ"

ခရီးရောက်မဆိုက် ဆရာတော် ဘဒ္ဒန္တရေဝတက ဆရာသောင်ကိုပြောသည်။ ဆရာသောင်က ဘုရားဝတ်ပြုသည်။ ဆရာတော်နှင့် ဦးပဥ္စင်းကြီးကို ကန်တော့သည်။ ပြီးမှ သိလိုသည်တို့ကို မေးမြန်းသည်။

**အင်း. . .ညကတည်းက ဖြစ်တာလား။ မိုးလင်းခါနီးမှဖြစ်တာလား**

**ဒါတော့ မသိဘူး။ သိတာက အရုဏ်ဆွမ်း ဘုန်းပေးဖို့ သွားပင့်လျှောက်ခိုင်းတော့မှ**

**အခုမြင်ရတဲ့အတိုင်း ကိုယ်တစ်ခြမ်း လေဖြတ်သွားတာ . . .**

"ဦးပဥ္စင်းကြီး ဖြစ်တာကြာပြီလား ဘုရား"

"အင်း…ညကတည်းက ဖြစ်တာလား။ မိုးလင်းခါနီးမှဖြစ်တာလား ဒါတော့ မသိဘူး။ သိတာက အရုဏ်ဆွမ်း ဘုန်းပေးဖို့ သွားပင့် လျှောက်ခိုင်းတော့မှ အခုမြင်ရတဲ့အတိုင်း ကိုယ်တစ်ခြမ်း လေဖြတ်သွားတာကို သတိထားမိတာ။ သတိထားမိတယ်ဆိုတာနဲ့ ဆရာ သောင့်ကို ပင့်ခိုင်းလိုက်တာပဲ"

"ဒါဆို မကြာသေးဘူး။ ဦးပဥ္စင်းကြီး စိတ်ချတော်မူပါနဲ့ ဘုရား။ အလွန်ဆုံး တစ်ပတ် ဆယ်ရက်ဆို ပုံမှန်အတိုင်း ပြန်ဖြစ်မှာပါ"

ဆွမ်းစားကျောင်း တာဝန်ယူထားရသော ဦးပဥ္စင်းကြီး ဦးသောဘိတက စကားပီပီသသမပြောနိုင်။ အင်း–အင်း–အင်း–

အင်း၊ ဟူသော စကားသံမင်လျှင် အီး–အီး–အီး ဖြစ်နေသည်။ နှုတ်ခမ်းတစ်ခြမ်း ရွဲ့သွားသောကြောင့်ဖြစ်၏။

ထိုစဉ် ဆရာသောင်က ဘုန်းကြီးကျောင်းသားများအနီး၌ အသက်ဆယ့်လေးငါးနှစ်အရွယ် ပုပုကွကွ အရုပ်ဆိုးဆိုး လူငယ်တစ်ယောက်ကိုမြင်၍ မေးလိုက်သည်။

"ဒီကလေးက ဘုန်းကြီးကျောင်းသားပဲလား ဘုရား"

ဆရာတော် ဘဒ္ဒန္တရေဝတက ခပ်ဖြရှင်းပြုသည်။

"ဟုတ်တယ် ဆရာသောင်ရဲ့ အင်း–ဒီသူငယ် မောင်ရုပ်ဆိုးလေးက သနားစရာ သိပ်ကောင်းတယ်၊ သူ့အမေက ကျုပ်ရဲ့ ညီမကွဲ တော့တ်တဲ့၊ တော့တ်က လယ်လုပ်ရင်း မိုးထိသေတာ၊ တော့တ်သေပြီး လေးနှစ်ကြာမှ ခင်မိန်ဆုံးတာ၊ ခင်မိန်ဆိုတာက တော့တ်ရဲ့ မိန်းမ၊ ရုပ်ဆိုးရဲ့အမေ၊ ခင်မိန်သေသတော့ ရုပ်ဆိုးက ကိုးနှစ်သားလေး၊ ဒါနဲ့ပဲ ကျုပ် ခေါ်မွေးထားရတာ၊ ဘုန်းကြီးကျောင်းသား ပေါ့၊ ခုတော့ ဒီကောင် ဆယ့်ငါးနှစ်တောင် ပြည့်တော့မယ်၊ အတန်းပညာလည်း မရှိ၊ အတတ်ပညာလည်းမတတ်၊ ဒီကြားထဲ ရုပ်ကလည်း ဆိုးသေးတာဆိုတော့ သူ့ စားဝတ်နေရေးက မတွေးတတ်အောင်ပါပဲ၊ အင်း– ဆရာသောင်က အကြောင်းမတိုက်ဆိုင်လို့ ကျုပ် ကျောင်းနဲ့ဝေးနေလို့ ရုပ်ဆိုး ဒီကျောင်းရောက်နေတာ မသိတာကို။"

ဆရာတော်၏ စကားဆုံးသည်နှင့် ဆရာသောင်က…

"ဆရာတော် ခွင့်ပြုမယ်ဆိုရင် တပည့်တော်က သူ့ကို တပည့်တော်တတ်တဲ့ လက်မှုပညာ သင်ပေးချင်ပါတယ်ဘုရား"

ဟု လျှောက်ထားလိုက်ရာ ဆရာတော်က–

"ခွင့်ပြုပါတယ် ဆရာသောင်၊ ခွင့်ပြုပါတယ်၊ ဆရာသောင်ရဲ့ စေတနာကို ကျုပ် ကြိုဆိုပြီး သာဓုခေါ်ပါတယ်၊ သာဓု၊ သာဓု၊ သာဓု"

ဟု သာဓုသုံးကြိမ် ခေါ်ခဲ့ပါသည်။

(၄)

ဆရာသောင်က သူတတ်ကျွမ်းသော လက်မှုပညာများကို မောင်ရုပ်ဆိုးအား သင်ကြားပေးခဲ့သည်။

"လူ့အပါအဝင် သက်ရှိတွေကို ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတာကွ၊ ဓာတ်ကြီးလေးပါးနဲ့ လွတ်တဲ့လူဆိုတာ မရှိဘူး၊ ဟော ဒီမှာကြည့် တွေ့လား၊ အဲဒါကို ပထဝီကြော လို့ ခေါ်တယ်"

ဗသည်ဖြင့် လက်မှုပညာရှင်ဖြစ်သော

ဆရာသောင်းက ကျနသေချာစွာ သင်ကြား ပြသပေးခြင်းဖြစ်သည်။

''ဒီနေ့ခေတ်က သိပ္ပံနဲ့နည်းပညာတွေ အချိန်နဲ့အမျှ တိုးတက်ပြောင်းလဲနေတဲ့ ကာလ၊ တစ်နည်းအားဖြင့် စက်မှုအတတ် ပညာတွေ အရှိန်အဟုန်နဲ့ အစွမ်းကုန် တိုး တက်နေတယ်လို့ပြောတာ၊ အဝတ်အထည် တွေကို ဟိုးတုန်းက လက်ယက္ကန်းနဲ့ လုပ် ကိုင်ခဲ့ရာက အခုဆို စက်ယက္ကန်းနဲ့ လုပ်ကိုင် လာကြပြီ၊ တိုးတက်တဲ့ လက်မှုပညာက အဲဒီ ချုပ်ပိုင်းဆိုင်ရာ လက်မှုပညာမှာ မပါဘူး။ လက်ချောင်းလေးတွေကို လိုသလို အသုံးပြု ရတဲ့ ပညာ၊ လိုသလိုသုံးနိုင်ဖို့ဆိုတာ မလွယ် ဘူး။ မဆောင်ရွက်နိုင်ဘူးဆိုရင် သာမန်လူ နဲ့ မထူးဘူး။ စာတွေ့လည်း သိမယ်၊ ဒါမှ မဟုတ် လုပ်ရမယ့်အလုပ်ကို ဘယ်လိုလုပ် ရမယ်ဆိုတာလည်း သိမယ်၊ လက်တွေ့ လည်း တိတိကျကျ လုပ်တတ်မယ်ဆိုမှ လက်မှုပညာရှင်ဖြစ်တယ်၊ ဒါတောင်မှ လက် မှုပညာရှင် အစစ်ဖြစ်အောင် ရုပ်ကိုလည်း ပိုင်ဖို့ ဓာတ်ကိုလည်း နိုင်ဖို့လိုသေးတယ်၊ တို့ လက်မှုပညာရှင်တွေကို အရပ်ထဲမှာ အနှိပ်သည်တွေလို့ ပြောတတ်ကြတယ် မဟုတ်လား။ အနှိပ်သည်ကောင်းမဟုတ်ဘဲ နှိပ်ချင်သလိုနှိပ်ရင် ကောင်းကျိုးမရဘဲ ဆိုး ကျိုးရတတ်တယ်၊ ဒါက အာရုံကြော၊ ဒါက မေ့ကြော၊ ဒါက သွေးကြော စတာတွေမသိ ဘဲ နှိပ်ချင်သလို နှိပ်လို့ကတော့ အပ်မှဲ့တွင်းရ မှာကို ပုဆိန်နဲ့ ပေါက်မှရတဲ့အထိ ဆိုးကျိုး ဒုက္ခ ဖြစ်စေတတ်တယ်''

မောင်ရှပ်ဆိုးက လက်မှုပညာရှင် ဖြစ် လာသောအခါ၊ အနှိပ်ပညာသည် ဖြစ်လာ သောအခါ ထိုအလုပ်ဖြင့် အသက်မွေးနိုင်ခဲ့ သည်မှာ ကြာပြီ။ ယခုဆိုလျှင် မောင်ရှပ်ဆိုး လည်း ကိုရှပ်ဆိုဖြစ်လာပေပြီ။ အသက် နှစ် ဆယ့်ငါးနှစ်အရွယ် ကိုရှပ်ဆိုးကို မည်သူကမျှ မောင်ရှပ်ဆိုးဟု မခေါ်တော့၊ ဆရာကိုရှပ်ဆိုး ဟု ဆရာတပ်၍ ခေါ်ဆိုသည်မှာကြာပြီ။

(၅)

''ဆရာကိုရှပ်ဆိုးကို လာပင့်တာပါ''

လာပင့်သူက ကောက်သပြေကုန်းရွာ သား ကိုကျော်ဘိ။ ယခင်က မောင်ရှပ်ဆိုး ဆိုသော ဆရာကိုရှပ်ဆိုးနှင့် မဇ္ဈိမရေးနာ ကျောင်းတွင် အတူနေခဲ့သော ဘုန်းကြီး ကျောင်းသား။

''ဟား‥ဟား‥ဟား‥ဟား 'တော်၏ ပျော်၏'ရာ မင်းနဲ့ငါက ဆွမ်းတော်ကြွလာ ပါပြီလို့ ဆွမ်းတော်ဟစ်ဘက်တွေပါကွ၊ ဆရာတွေ၊ ဘာတွေ လုပ်မနေပါနဲ့၊ မင်းနဲ့ ငါနဲ့ပဲ ပြောပါ၊ ငါ ဘယ်ကိုလိုက်ရမလဲ၊ ဘယ်သူ ဘာဖြစ်လို့လဲ''

''ဆရာကိုရှပ်ဆိုး''ဖြစ်လာတဲ့ မောင် ရှပ်ဆိုးက ကျော်ဘိကို 'တော်၏ပျော်၏'လို့ ပြောင်ခေါ်နေကြ။

''ငါ့အဘွား ဒေါ်မယ်ရင် ဘာဖြစ်မှန်း မသိလို့''

''ကောင်းကွာ၊ ကဲ--ကဲ ငါလိုက် မယ်''

ရွာတောင်ပိုင်းရှိ ကျော်ဘိတို့ အိမ် ရောက်သောအခါ အိပ်ရာပေါ်ရှိ အဘွားဒေါ် မယ်ရင်ကို မြင်ရသည်။ အဘွား၏ ရောဂါက လေဖြန်းခံရသည့်ရောဂါ။

''စိုးရိမ်စရာတော့ မရှိဘူး၊ လေဖျန်းခံရ တာ၊ ဒါပေမဲ့ တစ်ခါဖြစ်ပြီးရင် နောက်ထပ် ဖြစ်တတ်တယ်၊ အစားအသောက်၊ အနေအ ထိုင် သတိထားနိုင်း''

လက်မှုပညာရှင် ဆရာကိုရှပ်ဆိုး၏ အနှိပ်ပညာ ကျွမ်းကျင်မှုနှင့် ဆေး၀ါး၊ အစား အသောက်တို့ကြောင့် ကျော်ဘိ၏အဘွား ဒေါ်မယ်ရင် ကျန်းမာခဲ့ရှာသည်။

(၆)

'ပိတုး'က အရပ်အမောင်းကောင်း ကောင်း။ ထွားထွားကျိုင်းကျိုင်း။ စီးလာ သော ဆိုင်ကယ်ကလည်း မြင့်မြင့်ကြီးကြီး။ စီးလာသော ဆိုင်ကယ်ကို စက်သတ်ရပ်၊ ဒေါက်ထောက်ပြီး ပိတုးက အိမ်ထဲပြေးဝင် ရင်း အော်သည်။ ထိုအိမ်သည် ရှပ်ဆိုး၏ အိမ်။ ရှပ်ဆိုးက ဘုန်းကြီးကျောင်းတွင် မနေ သည်မှာ ကြာပြီ။

''ဆရာကိုရှပ်ဆိုး၊ ဆရာကိုရှပ်ဆိုး''

''ပေါလကွာ''

အသံပေးပြီး အိမ်ထဲမှထွက်လာသော ရှပ်ဆိုးက ပိတုးကိုမြင်သည်နှင့်

''ဟေ့ကောင် ဗလကြီး၊ ဘယ်လိုဖြစ် လာတာလဲ''ဟု မေးသည်။

ပိတုးသည်လည်း ငယ်စဉ်က ဘုန်း ကြီး ကျောင်းသား။ အားခွန်ဗလကြီးသူဖြစ် ၍ ရှပ်ဆိုးက ပိတုးကို ဗလကြီးဟု ခေါ်သကဲ့ သို့ ပိတုးကလည်း အရုပ်ဆိုးသောရှပ်ဆိုးကို ငဆိုးဟု ခေါ်ခဲ့သည်။

''အမေ လေဖြတ်လို့ လာပင့်တာပါ''

ပိတုးက သူ့ကို မင်းနှင့်ငါဟုမပြော။

''အဒေါ် ဒေါ်စိန်ဖစ်လား''

''ဟုတ်ကဲ့''

''ဟေ့ကောင်၊ ဟုတ်ကဲ့တွေ ဘာတွေ လုပ်မနေနဲ့၊ ငယ်ငယ်တုန်းကလို မင်းနဲ့ငါနဲ့ပဲ ပြော၊ တော်တော်ကြာပြီလား''

''ခြောက်ရက်ရှိပြီ''

''ဘယ်သူနဲ့မှ မကုဘူးလား''

''မကုဘူး၊ ဟိုလူပြော ဒီလူပြောနဲ့ တောဆေးတွေလိမ်းလိုက်၊ တိုက်လိုက်လုပ် တာ မသက်သာတဲ့အပြင် ပိုဆိုးလာတယ်''

''ဘယ်လိုဖြစ်တာလဲ''

''ကိုယ်တစ်ခြမ်း၊ ခြေတစ်ဘက် လှုပ် လို့မရဘူး၊ နာမှန်းလည်းမသိဘူး၊ ပါးစပ်ဟ တာလည်း မရဘူး၊ အစာမစားနိုင်ဘူး၊ အရည်ပဲ မနည်းကြီးတိုက်ရတယ်''

''မင်းကွာ…''

ဆိုပြီး ဆရာကိုရှပ်ဆိုး ပိတုးကိုတောင် မစောင့်ဘဲ အိမ်ကထွက်လာတာ ရွာမြောက် ပိုင်းက ပိတုးတို့အိမ် ရောက်တဲ့အထိ၊ ပိတုး က ဆိုင်ကယ်နဲ့လိုက်ပို့ပေါ်တော့ ရှပ်ဆိုးက မင်းနဲ့မလိုက်ခဲ့ဘူး၊ ဆိုင်ကယ်ကမြင့်တယ်၊

**လက်မှုပညာရှင်တွေကို အရပ်ထဲမှာ အနှိပ်သည်တွေလို့ ပြောတတ်ကြတယ် မဟုတ်လား။ အနှိပ်သည်ကောင်းမဟုတ်ဘဲ နှိပ်ချင်သလိုနှိပ်ရင် ကောင်းကျိုးမရဘဲ . . .**

မှောက်မှာ ကြောက်တယ်ဆိုပြီး အပြေးလျှောက်တာ။

ပီတူးက ဆိုင်ကယ် တဖြည်းဖြည်းစီးပြီး လိုက်ခဲ့ရတယ်ဟု ရှုပ်ဆိုးက ပြန်ပြောပြပါသည်။

သုံးလ…။ မှတ်မှတ်ရရ သုံးလအကြာ၌ ဒေါ်စိန်ဖစ် မှလအတိုင်း ပြန်ဖြစ်လာသောအခါ ဆရာကိုရှုပ်ဆိုး၏ ကောင်းသတင်းက သင်းပျံ့ရွာထွက်ပေါ်ခဲ့တော့သည်။

''ဆရာကိုရှုပ်ဆိုးကတော့ ဖမ္ဗူတစ်လူ ဆိုတဲ့ ပုဂ္ဂိုလ်ပဲဟေ့''

''ဟုတ်တယ်ကွ၊ ဆရာကိုရှုပ်ဆိုးနဲ့ တွေ့တဲ့လူတိုင်း မသက်သာ၊ မပျောက်ကင်းတဲ့လူ မရှိဘူး''

''အဲဒါကြောင့် ဆရာကိုရှုပ်ဆိုးကို သိကြားမင်းနဲ့နှိုင်းတာ၊ ဆရာကိုရှုပ်ဆိုးနဲ့ တွေ့ရတာ သိကြားမင်းနဲ့ တွေ့ရသလိုပဲတဲ့''

အတွေ့အကြုံများလာသော ဆရာကိုရှုပ်ဆိုး၊ လက်မှုပညာဟုခေါ်သော အနှိပ်ပညာ ပိုမိုတတ်မြောက်လာသော ဆရာကိုရှုပ်ဆိုးတစ်ယောက် ''အနှိပ်ပညာ ဂါဆရာ''ဟု မာနတက်လာလေသည်။ သူ့ကို လက်မှုပညာရှင်၊ အနှိပ်ပညာရှင်ဖြစ်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့သော ဆရာသောင်ကို မေ့နေလေပြီ။ မေ့လိုက်လေပြီ။

ဆရာသောင်ဆိုသည်မှာ သူ့ဘဝ၌မရှိတော့။

(၇)

ဆရာသောင်ကတော့ တပည့်ဖြစ်သော ကိုရှုပ်ဆိုး၏ အောင်မြင်မှုများကို ကြားသောအခါ ဝမ်းသာပီတိဖြစ်နေသည်။ မုဒိတာပွားနေသည်။

ထိုစဉ် ခမောက်စုမှ ဦးမြဝင်းဆိုသူ ဆရာကိုရှုပ်ဆိုးဆီ ရောက်လာသည်။

''ဆရာကိုရှုပ်ဆိုးဆိုတာလားခင်ဗျာ''

''ဟုတ်ကဲ့၊ ဘာကိစ္စရှိလို့လဲ''



''ကျွန်တော် အိမ်ကိုပင့်ချင်လို့ပါ''

''အလှူရှိလို့လား''

''မရှိပါဘူး''

''မရှိဘဲ ဘာလို့ခေါ်တာလဲ''

''လူနာရှိလို့ပါ။ ကျွန်တော့်မိန်းမ လေငန်းရောဂါသည်အတွက်ပါ''

''ခင်ဗျားဗျာ၊ တိုတိုနဲ့ လိုရင်းပြောရင်ပြီးရော။ အိမ်က ဘယ်မှာလဲ''

''ခမောက်စုမှာပါ''

''လေငန်းရောဂါသည် အခြေအနေ''

''အိပ်ရာထဲမှာ မထိုင်မထနိုင်ဘူး။ အညှော်ပဲဝင်တယ်၊ လုံးဝလှုပ်လို့မရဘူး''

ဆရာကိုရှုပ်ဆိုးက စဉ်းစားပြီး မေးသည်။

''ဘယ်လောက်ကြာပြီလဲ''

''ရှစ်လ''

''ဆေးရုံမတက်ဘူးလား''

''မတက်ဘူး''

''ဆရာနဲ့ မပြဘူးလား''

''ပြတယ်၊ နှစ်ယောက်ရှိပြီ''

''ဘယ်သူတွေလဲဗျ''

''နာနတ်တောက ဆရာမောင်ပုနဲ့ ထိပ်ဝကြီးက ဆရာမြ''

''ဘယ်လိုအခြေအနေရောက်လဲ''

''ဘာမှမသိသာဘူး။ အခု သူတို့နဲ့ မကုတော့ဘဲနေရာက ဆရာ့သတင်းကြားလို့ လာ ပင့်တာပါ''

''ဘယ်လိုကြားတာလဲ''

''ဆရာက အနှိပ်ပညာ သိပ်ကျွမ်းတဲ့ဆရာတဲ့၊ ဆရာနဲ့ အနှိပ်ခံရတဲ့ လူနာတိုင်း သက်သာတယ်၊ ခြေလက်တွေ အကောင်းပြန်ဖြစ်တယ်၊ စားချင်သောက်ချင်စိတ် ဖြစ်လာတယ်တဲ့၊ အဲဒါကြောင့် ဆရာ့ကို အားကိုးတကြီးနဲ့ လာပင့်တာပါ၊ ကျွန်တော့်မိန်းမကို ဆရာ့လက်ထဲ အပ်ပါတယ်ဆရာရယ်၊ ကျေးဇူးပြုပြီး သနားသဖြင့် လိုက်ကြည့်ရှုပြုစုပေးပါဗျာ''

ထိုအခါ ဆရာကိုရှုပ်ဆိုးက–

''ဟဲဟဲ––ဟဲဟဲ၊ ကျုပ်က လက်မှုပညာရှင်၊ အနှိပ်ပညာရှင် ဒီနယ်တစ်ခွင်မှာ အနှိပ်ဘုရင်ဖြစ်တဲ့ ကျုပ်နဲ့လာမယှဉ်နဲ့၊ ဟဲ–ဟဲ လိုက်မယ်၊ ဒီလို လူနာမျိုးနဲ့မှ ကျုပ်တွေ့ချင်နေတာ''

အတိတ်ကံ ကောက်မရွှံလားမသိ၊ ခမောက်စု ဦးမြဝင်း၏ဇနီးမှာ စကားပီပီ

**မာနတက်လွန်းသော ရုပ်ဆိုးက ဆရာ သောင်ကိုပင် သူ့ဆရာမဟုတ်၊**

**သူ့မှာ ဆရာ မရှိဟု ပြောသည့်အပြင် အနိုပ်ပညာချင်း ပြိုင်ရဲတယ်၊ ဆရာရှိရင် ခေါ်ခဲ့ဟု . . .**

သသ ပြောနိုင်သည်။ ခြေလက် လှုပ်ရှားနိုင်သည်။ ထိုင်နိုင်သည်အထိ ဖြစ်လာသော ကြောင့် ရပ်နီးရပ်ဝေးမှ ပုဂ္ဂိုလ်များ ရောက်လာကြသည်။

ရောက်လာသူများက ဆရာကိုရုပ်ဆိုးကို ချီးကျူးကြသည်။ ကိုရုပ်ဆိုးကလည်း–

"ဒီဇမ္ဗူမှာ ငါ့လိုဆရာမရှိ"ဆိုသော ပုံစံဖြင့် ကြွားကြွားဝံ့နေသဲ။

ကိုမဲဆိုသော ကောက်ကြီးကျန်းသား တစ်ယောက် ရောက်လာသည်။ ကိုမဲသည် ဆရာသောင်၏ တပည့်တစ်ဦးဖြစ်သည်။ သူက ကိုရုပ်ဆိုး၏ သတင်းကြားသော ကြောင့် စုံစမ်းရန်ရောက်လာခြင်းဖြစ်သည်။ သူက နာမည်အမှန်နှင့် နေရပ်အမှန်ကို မပြော။

"ဆရာကိုရုပ်ဆိုး၊ ဆရာက တော်တော် တော်တဲ့လူပဲဗျ"

"ဟဲ-ဟဲ၊ တော်လို့ ကျော်နေတာပေါ့ဗျ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ၊ ဘာလုပ်လဲ၊ ဘယ်မှာနေလဲ"

"ကျွန်တော့်နာမည်က အောင်ကျော်တဲ့၊ တော်အရှေ့မှာနေပါတယ်၊ ကုန်ရောင်းကုန်ဝယ် လုပ်ပါတယ်၊ ဆရာ့သတင်းကြားလို့ ဦးခြုဝင်အိမ်ကို လာတာပါ"

"လာတော့ တွေ့တာပေါ့"

"ဟုတ်ကဲ့၊ ဆရာ့လိုတော်တဲ့ ဆရာနဲ့တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ဒါနဲ့ ဆရာ့မှာ ဆရာတော့ရှိမှာပေါ့နော်"

ထိုအခါ ဆရာကိုရုပ်ဆိုးက ခပ်တည်တည်ဖြင့်–

"မရှိဘူး။ ကျုပ်မှာ ဆရာမရှိဘူး"

"ဟုတ်လား။ ကျွန်တော်က ဆရာ့မှာ ဆရာရှိတယ်ထင်လို့"

"မရှိဘူး။ ကျုပ်နဲ့ အနိုပ်ပညာ ပြိုင်ရဲတဲ့ ဆရာရှိရင် ခေါ်ခဲ့၊ နေရာမရွေး အချိန်မရွေး ပြိုင်ရဲတယ်"

မာနတက်လွန်းသော ရုပ်ဆိုးက ဆရာသောင်ကိုပင် သူ့ဆရာမဟုတ်၊ သူ့မှာ ဆရာမရှိဟု ပြောသည့်အပြင် အနိုပ်ပညာချင်း ပြိုင်ရဲတယ်၊ ဆရာရှိရင် ခေါ်ခဲ့ဟု စိန်ခေါ်သော အခါ ကိုမဲ ထိုနေရာတွင် ဆက်လက် မနေချင်တော့။ ထို့ကြောင့် ဒေါသကိုမြိုသိပ်ပြီး နှုတ်ဆက်ထွက်ခွာခဲ့သည်။

"ကိစ္စလေးရှိသေးလို့ ကျွန်တော့်ကို ခွင့်ပြုပါအုံး ဆရာ"

ကိုမဲ၏ ခြေလှမ်းများက ခပ်သုတ်သုတ်၊ ကောက်ကြီးကျန်းသို့ ဦးတည်နေလေသည်။

(၈)

"အဲဒါပါပဲ ဆရာရယ်၊ ဒီလူက ဆရာ့ ကျေးဇူးကိုတောင် မထောက်ဘူး။ ဆရာမရှိဘူးတဲ့၊ အနိုပ်ပညာပြိုင်ရဲတဲ့ ဆရာရှိရင် ခေါ်ခဲ့တဲ့"

ဆရာသောင်ကို ကိုမဲက အကြောင်းစုံ ပြောပြသော်လည်း ဆရာသောင်က ကိုရုပ်ဆိုးကို ဒေါသမထွက်။

"မောင်မဲရာ စိတ်မဆိုးပါနဲ့၊ ဆရာက ကိုယ့်တပည့်တစ်ယောက် အဆင်ပြေပြီး ကျန်းမာ ချမ်းသာတဲ့သတင်း ကြားရတာနဲ့ပဲ သူ့အတွက် ဂုဏ်ယူနေတာ၊ သူကုသလို့ သူနှိပ်ပေးလို့ ကျန်းမာကြတဲ့ ရောဂါသည်တွေ ရှိတယ်ဆိုတာ ကြားတာနဲ့ သူ့ကို ကျေးဇူးတင်နေတာ၊ သူ့ကို ဥပေက္ခာပြုထားလိုက်ပါ၊ သူ့ဘဝနဲ့သူ ရှိပါစေ၊ ဆရာ ဘာမှ မဖြစ်ပါဘူး"ဟု ဆရာသောင်က ဆရာတူ တပည့်ဖြစ်သော ကိုမဲကို ပြောပြလိုက်သည်။

ဆရာသောင်ကတော့ ဘာမှမဖြစ်။ ထိုရက်ပိုင်းအတွင်း၌ ရုတ်တရက်မမျှော်လင့်ဘဲ ဖြစ်လာသည်မှာ ဆရာကိုရုပ်ဆိုး။ အခြေအနေ ဆိုးသွားသည်။ စကားမပြောနိုင်။ ပြင်းပြင်းထန်ထန် လေငန်းရောဂါ ချခဲ့လေသည်။

"ဟာ…ဆရာကိုရုပ်ဆိုး လေငန်းဖြစ်လို့တဲ့"

"ဆရာကိုရုပ်ဆိုး လေငန်းဖြစ်တာ တော်တော်အခြေအနေဆိုးတယ်တဲ့"

"ဆရာကိုရုပ်ဆိုး သနားပါတယ်ကွာ၊ သူများ လေငန်းဖြစ်တော့ သူကုလို့ရတယ်၊ သူဖြစ်တော့ သူ့ကိုယ်သူ မကုနိုင်တော့ဘူး"

"ကုနိုင်မလားကွ၊ လက်မလှုပ်နိုင်၊ စကားမပြောနိုင်တဲ့ဟာ"

"ဒီတစ်ခါတော့ ဆရာကိုရုပ်ဆိုး တော်တော် ငိုတယ်ဟေ့"

ဆရာကိုရုပ်ဆိုးသတင်းကို ကိုရုပ်ဆိုး ကုသပေး၍ ပျောက်ကင်းခဲ့သော လေငန်း ဝေဒနာရှင် မချစ်စု၏ဖခင် ဦးမောင်မောင်စုက ကောက်ကြီးကျန်းသို့ ရောက်အောင်လာပြီး ဆရာသောင်ကို ပြောပြကာ ပင့်သည်။

"ဆရာကိုရုပ်ဆိုးဆိုတာ ကျွန်တော့် သမီးရဲ့ ကျေးဇူးရှင်ပါ၊ ပြောရရင် ကျွန်တော့် ကျေးဇူးရှင်ပါ၊ အခု ကျေးဇူးရှင်ဖြစ်တဲ့ ဆရာကိုရုပ်ဆိုး လေငန်းရောဂါဒဏ် အလူးအလဲခံနေရရှာပါတယ်ဆရာ၊ အဲဒါ ကျေးဇူးပြုပြီး လိုက်ကုသပေးဖို့ ကျွန်တော် လေးလေးစားစား အားကိုးအားထားပြုပြီး ပင့်ပါတယ် ဆရာ"

တပည့်တစ်ဦး၏ သတင်းဆိုးကို ကြားသောအခါ ဆရာသောင် မနေသာတော့။ ချက်ချင်း ထလိုက်လာသည်။

သူစော်ကားပြောဆိုမိခဲ့သော ကျေးဇူးရှင် ဆရာသောင်ကို မြင်သည်နှင့် ကိုရုပ်ဆိုး ငိုပြန်သည်။ သည်တစ်ခါ ငိုသည်မှာ ရှိုက်ကြီးတငင်။

"အင့်…အင့်…အင့်…အင့်"

လှုံးဝ မလှုပ်ရှားနိုင်သောလက်က

## တပည့်မိုက်ကို ခွင့်လွှတ်ပါဆရာရယ်၊

## နောက်ကို ဘယ်တော့မှ မမိုက်ရိုင်းတော့ပါဘူး။

တဆတ်ဆတ်တုန်လာသည်။ လက်အုပ်ချီလို့၍ ဖြစ်မည်။ မထိုင်နိုင်သည့်တိုင် ဒေါး တိုက်အနေအထားဖြင့် ဆရာသမားကို ကန်တော့လိုသည့်ဆန္ဒဖြင့် ကိုယ်ကို ပက်လက်အနေအထားမှ စောင်းနိုင်အောင် လှုပ်ရှားသည်ကို ဆရာသောင်မြင်သည်။

"မောင်ရှပ်ဆို။ မင်းဘာမှအားမငယ်တော့နဲ့၊ ဒီလို ဝေဒနာရှင်တွေကို မင်းကိုယ်တိုင် ကုသပေးဖူးတာပဲ၊ ဝေဒနာသက်သာရာက လုံးဝပျောက်ကင်းကြတယ် မဟုတ်လား။ အေး···အခု ဆရာက ဆရာတတ်မြောက်ထားတဲ့ လက်မှုပညာဖြစ်တဲ့ အနှိပ်ပညာနဲ့ မင်းရဲ့ အွေးကြော၊ လေကြောတွေ ပွင့်သွားအောင် ဖွင့်ပေးမယ်၊ ဆေးကောင်း ဝါးကောင်းတွေ လိမ်းပေးမယ်၊ တိုက်ပေးမယ်၊ အားဆေးတွေကျွေးမယ်၊ မင်း တဖြည်းဖြည်း အာဟာရဖြစ်တဲ့အစာတွေ စားသောက်နိုင်တဲ့အထိ ဆရာ သေသေချာချာ ဂရုတစိုက် အစွမ်းကုန်ပြုစုစောင့်ရှောက်ပေးမယ်၊ ဒီ ရောဂါလောက်ကတော့ကွာ ပျောက်တယ်၊ ပျောက်တာမှ သေသေချာချာ ပျောက်တယ်၊ ဒီမှာ လက်မှုပညာရှင် ဆရာသောင်ဆိုတဲ့ ငါ့အစွမ်းကို မင်းယုံတယ် မဟုတ်လား"

ဆရာသောင့်စကားကြောင့် ကိုရှပ်ဆို၊ အားတက်လာသည်။ ဆရာသောင်၏ အနှိပ်ပညာ ကျွမ်းကျင်မှုကို ယုံကြည်သည့်သဘောအဖြစ် ခေါင်းညိတ်ပြရန် ခေါင်းကို လှုပ်ရှားလာသည်။

ထိုအခါ ဆရာသောင်က ပြုံးပြီး–

"ကဲ···ငါ့လက်မှုပညာအစွမ်းကို ခု အချိန်ကစပြီး ပြပြီပေါ့"



ဟုပြောရင်း နှိပ်တော့သည်။ အကြော အခြင် ကိုင်တော့သည်။ အပြောမဟုတ်၊ အလုပ်နှင့် သက်သေပြတတ်သော ဆရာသောင်၏ အစွမ်းကြောင့် လေငန်းသမား ဆရာကိုရှပ်ဆိုးမှာ နှစ်လပင်မကြာ ဝေဒနာ သက်သာလာခဲ့သည်။ ဆေးဝါး အားဆေး အကူအညီများကြောင့် သုံးလကျော်သည်နှင့် ဆရာကိုရှပ်ဆိုး၏ ရုပ်သကန္ဓာမှာ ပုံမှန် အတိုင်းဖြစ်ခဲ့သည်။

ထိုင်၍ရသည်။ ထ၍ရသည်။ လမ်း လျှောက်၍ရသည်။ စကားပြော၍ရသည်။ သည်သို့ဖြစ်လာသည်နှင့် ဆရာကိုရှပ်ဆိုးက ဆရာသောင်၏ခြေဖမိုးကို ဦးဆိုက်ကန်တော့ကာ လှိုက်လှိုက်လှဲလှဲ ပြောကြားလိုက်လေသည်။

"တပည့်မိုက်ကို ခွင့်လွှတ်ပါဆရာရယ်၊ နောက်ကို ဘယ်တော့မှ မမိုက်ရိုင်းတော့ပါဘူး။ အနန္တငါးပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့၊ တပည့်ကို လက်မှုပညာဖြစ်တဲ့ အနှိပ်ပညာ သင်ကြားပေးတဲ့ ကျေးဇူးရှင်ဆရာသမားကို ဘယ်တော့မှ မစော်ကားတော့ပါဘူး။ တပည့်က ဆရာ့ကို ဘယ်တော့မှ ပြိုင်ဖို့ မကြိုးစားရဲတော့ပါဘူး။ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားမိတာတွေကို ခွင့်လွှတ်ပါ ဆရာရယ်"


ဆရာကိုရှပ်ဆိုး၏ ဦးခေါင်းပေါ် လက်တင်ပြီး ဆရာသောင်ကလည်း···

"ခွင့်လွှတ်ပါတယ် တပည့်ရာ၊ ခွင့်လွှတ်ပါတယ်၊ ငါ့တပည့်ကြီး အတတ်ပညာတွေ ပိုမိုတတ်မြောက်လို့ ကုသပေးတဲ့ ဝေဒနာရှင်တိုင်း ရောဂါဝေဒနာတွေ သက်သာ ပျောက်ကင်းပါစေ၊ သက်ရှည်ကျန်းမာပါစေ"ဟု လှိုက်လှိုက်လှဲလှဲ ဆုပေးလိုက်လေသည်။

**ပန်းတနော်နောင်လတ်**

# ဝင်းထက်မြင့်

## သင်္ပြီးချုပ် အမျှဝေရ.....



ကျွန်တော်တို့ ရပ်ကွက်ကလေးတွင် နန်းထီးတော်ကို တစ်ချိန်တစ်ခါက မိုးကြိုးပစ်ခံခဲ့ ရပ်ကွက်အတွင်း နေထိုင်သူများက မိုးကြိုးပတ်လည်ခန့်ရှိသော ပရဝုဏ်အတွင်း သက်နှံများသည် အချို့မှာ ကွာကျနေ၍ တော်ဦးဆိုသည့် စေတီလေးတစ်ဆူ ရှိလေသည်။ ဘုရား၏ ရဖူးသည်။ ထိုသို့ မိုးကြိုးပစ်ခံထားရသည်ကို အကြောင်းပြု၍ ပစ်ဘုရားဟုလည်း ခေါ်ကြသည်။ အကျယ်အဝန်း ပေ ၆ဝ တည်ထားခြင်းဖြစ်သည်။ ကပ်လှူထားသော ရွှေဆေး အကွက်ကလေးများ ဖြစ်လျက်ရှိသည်။

ထီးတော်မှာ အနည်းငယ်စောင်းနေသည်။ ဖောင်းရစ်တော်တွင် အပင်ငယ်လေးများက စိမ်းစိမ်းစိုစိုဖြင့် ပေါက်ရောက်လျက်ရှိသည်။ တစ်ခါတစ်ရံတွင် ငှက်ကလေးများက ယင်းအပင်ငယ်လေးများပေါ်တွင် အသိုက်ကလေးများ ဆောက်လုပ်ထားတတ်ကြသည်။

ပိုင်ရှင်က ပစ်ထားသော မြေကွက်ကို အမှိုက်ပုံကြီးအဖြစ်လည်း မြင်နိုင်သည်။ အကြောင်းမှာ ရပ်ကွက်အတွင်း နေထိုင်သူအတော်များများက ယင်းတို့၏ အမှိုက်များကို မသိမသာဖြင့်တစ်မျိုး၊ သိသိသာသာဖြင့်တစ်ဖုံ စွန့်ပစ်တတ်···

နန်းတော်ဦးစေတီ၏ တောင်ဘက်တွင် ပိုင်ရှင်ရှိသည့် မြေကွက်ကြီးတစ်ခုရှိသည်။ ယင်းမြေကွက်ကို မြက်ကျည်းပင်အကြီးကြီးက သက်သေပြနေသည်။ မြေကွက်အတွင်း၌ ပေါက်ရောက်လျက်ရှိသော မြို့နွယ်ပိတ်ပေါင်းများသည်လည်း တောကြီးတစ်တော ပြောင်းရွှေ့ထားသကဲ့သို့ပင် ရှိနေသည်။ ထိုသို့ ပိုင်ရှင်က ပစ်ထားသော မြေကွက်ကို အမှိုက်ပုံကြီးအဖြစ်လည်း မြင်နိုင်သည်။ အကြောင်းမှာ ရပ်ကွက်အတွင်း နေထိုင်သူအတော်များများက ယင်းတို့၏ အမှိုက်များကို မသိမသာဖြင့်တစ်မျိုး၊ သိသိသာသာဖြင့်တစ်ဖုံ စွန့်ပစ်တတ်ကြသောကြောင့်ဖြစ်သည်။ စေတီ၏ အနောက်ဘက်နှင့် မြောက်ဘက်တွင် ကတ္တရာလမ်းများရှိသည်။ အရှေ့ဘက်တွင် လူနေထိုင်သည့် အိမ်ရှိသည်။ ထို့ကြောင့် နန်းတော်ဦးစေတီသည် ကြက်ခြေခတ်လမ်းပုံစံ၏ ထောင့်လေးတစ်ခုတွင် တည်ရှိနေပြီး မုခ်ဦးများကို အနောက်ဘက်နှင့် မြောက်ဘက်တွင်သာ တည်ဆောက်ထားသည်။ အုတ်တံတိုင်းမှာလည်း လမ်းများဘက်နှင့် လူနေအိမ်ဘက်၌သာ ကာရံထားပြီး မြေကွက်ဘက်တွင် ကာရံထားခြင်းမရှိပေ။ ထို့ကြောင့် မြေကွက်ဘက်မှ အမှိုက်များနှင့် မြို့နွယ်ပိတ်ပေါင်းများသည် စေတီပရဝုဏ်ကို ကူးစက်လျက်ရှိသည်။

နန်းတော်ဦးစေတီကို အရှေ့ဘက်အရပ် ခပ်လှမ်းလှမ်းနှင့် တောင်ဘက်အရပ် ခပ်လှမ်းလှမ်းတို့က ဖူးမြော်လျှင် မမြင်နိုင်။ လူနေအိမ်များနှင့် အပင်ကြီးများက ကွယ်ထားသည်။ မြက်ရိုင်းပင်ကြီးများကလည်း စေတီတော်ကို ကာရံထားသည့် အုတ်တံတိုင်းမှ ကတ္တရာလမ်းများအစပ်အထိကို အပြည့်နေရာယူထားကြသည်။ ပရဝုဏ်အတွင်းရှိ မြို့နွယ်ပိတ်ပေါင်းများကလည်း မြေကွက်လွတ်ကြီးထဲမှ အပင်များနှင့်အပြိုင် ပေါက်ရောက်လျက်ရှိသည်။ စေတီပရဝုဏ်၏ အရှေ့တောင်ထောင့်ရှိ ပေပင်ကြီးပေါ်တွင် ဆင့်၍ပေါက်နေသော ညောင်ပင်တစ်ပင်ရှိသည်။

မြို့အတွင်းရှိ အခြားစေတီပုထိုးများတွင် အမှုဆောင်ချင်သည့် ဂေါပကများ၊ ဘုရားလူကြီးများ ပေါများကြသည်။ အလှူရှင်များလည်း ပေါများကြသည်။ သို့သော် နန်းတော်ဦးစေတီမှာမူ ဘုရားလူကြီး လုပ်မည့်သူလည်း မရှိပေ။ လှူမည့်သူလည်း မရှိသလောက်ပင် နည်းပါးသည်။

''ဘာဖြစ်လို့ ဘုရားလူကြီးလုပ်မယ့်သူ မရှိတာလဲ''

ဟု အမေ့ကို မေးကြည့်သောအခါ-

''မိုးကြိုးပစ်ပြီးတဲ့နောက်ပိုင်း ဘုရားလူကြီးလုပ်တဲ့သူမှန်သမျှဟာ တစ်ခုမဟုတ်တစ်ခု နိုက်ကြလို့ မလုပ်ကြတာလို့ ပြောကြတာပဲ၊ အမေကတော့ သိပ်ပြီး အယုံအကြည် မရှိပါဘူး။ တိုက်ဆိုင်တာလည်း ဖြစ်နိုင်တာပဲဟာ''

ဟု အမေက ကျွန်တော့်ကို ပြောခဲ့ဖူး၍ ဘုရားလူကြီးမရှိသည့် အကြောင်းအရင်းကို သိခဲ့ရသည်။

အမေ မယုံကြည်သကဲ့သို့ပင် ကျွန်တော်လည်း မယုံကြည်။ အကြောင်းမှာ ကျွန်တော်သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ခြင်းကြောင့် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်သည့်အတွက် ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်ဟူသော ကံကံ၏အကျိုးကို ယုံကြည်လက်ခံထားသည်။ ထို့ကြောင့် နိုက်သည်ဆိုသည်များကို လုံးဝမယုံကြည်ခြင်းဖြစ်သည်။

ထိုသို့ နိုက်သည်ဆိုသော ကောလာဟလကြောင့် နန်းတော်ဦးစေတီအား ပြုပြင်မွမ်းမံမည့်သူမရှိ၊ ရှိလျှင်လည်း ဘေးပတ်ဝန်းကျင်၏ ပယောဂကြောင့် မပြုပြင်ကြ၊ ဘုရားလူကြီးလည်းမရှိ၊ ထိန်းသိမ်းစောင့်ရှောက်မည့်သူလည်း မရှိ၊ လှူဒါန်းမည့်သူလည်း မရှိဘဲ ကာလရှည်တစ်ခုကို ဖြတ်သန်းလာခဲ့ရာ ယခုဆိုလျှင် အင်မတန်မှ ယိုယွင်းပျက်စီးလျက် ရှိနေပြီဖြစ်သည်။

မည်မျှထိ ပျက်စီးနေသလဲဆိုလျှင် စေတီအား ဖူးမြော်မည့်သူများပင် မရှိသော အခြေအနေသို့ ရောက်ရှိခဲ့သည်။ ဖူးမြော်မည့်သူရှိလျှင်လည်း မြို့နွယ်ပိတ်ပေါင်းများ ထူထပ်နေ၍ မြွေအန္တရာယ်၊ ကင်းအန္တရာယ်များကို စိုးရိမ်ကြသဖြင့် မဖူးမြော်ရဲကြ။ ညဆိုလျှင်လည်း လျှပ်စစ်မီး ပူဇော်မည့်သူမရှိ၍ မှောင်မဲနေတတ်သည်။ ထိုသို့ မှောင်မဲနေသည်ကို အကြောင်းပြု၍ ရပ်ကွက်အတွင်းရှိ အချို့လူများက သရဲခြောက်သည်ဟုလည်း၊ ပြောတတ်ကြသည်။ သရဲခြောက်သည်ဆိုသောသတင်းမှာ ဟုတ်/မဟုတ် မသိရ။ သို့သော် သေချာသည့်အချက်မှာ လျှပ်စစ်မီးမရှိသော နန်းတော်ဦးစေတီတော်ရင်ပြင်တွင် လူကောင်းဟု မဆိုနိုင်သူများ ရှိတတ်ကြသည်။ မှောင်ရိပ်ကိုသာရမည်ဆိုလျှင် မည်သည့်အရာကိုမှ မကြောက်တတ်တော့သည့် စုံတွဲများလည်း ရှိကြသည်။ တစ်ခါတစ်ရံ ဝိုင်းဖွဲ့နေကြသော အရက်သမားများကို တွေ့ရတတ်သည်။ တစ်ခါတစ်ရံ ဂစ်တာတီးနေသည့်လူများကို တွေ့ရ

**ထိုအလုပ်သည် 'သာနာ တောက်တို' အလုပ်ဖြစ်သည်။**

**သာနာတောက်တိုအလုပ်သည် အခြားသူများအတွက်**

**အလုပ်ဟု မဆိုနိုင်သော်လည်း ကျွန်တော်တို့နှစ်ယောက်အတွက်မှာ**

**အလုပ်ကြီး အကိုင်ကြီးဖြစ်...**

သည်။ ဤသို့ဖြင့် သူတော်ကောင်းများ မွေ့လျော်သောနေရာသည် သူယုတ်မာများ ပျော်ပါးသည့်နေရာ ဖြစ်နေတော့သည်။

(၂)

''ကိုဖြိုး အစ္စရာယ်အကောင်းဆုံးနေရာက ရှိနိုင်ဆုံးနေရာဆိုတာကို မင်းကြားဖူးလား''

''မင်းဟာက ရိုးနေပြီ၊ လူတိုင်းသိတယ်''

''ဒါဆို အဲလိုပြောတာ ဘာဖြစ်လို့လဲ''

''နီးလွန်းလို့ မမြင်နိုင်တာကို ပြောတာလေ''

''အေး…အဲဒါ၊ ငါလိုချင်တာ အဲဒါ၊ ခု မင်းလည်း နီးလွန်းလို့ မမြင်နိုင်ဘူးဖြစ်နေတယ်''

ကိုဖြိုးတို့အိမ်ရှေ့ရှိ ခုံတန်းလျားပေါ်တွင် ထိုင်၍ စကားပြောနေကြခြင်းဖြစ်သည်။ ကိုဖြိုးတို့အိမ်သည် နန်းတော်ဦးစေတီတော်၏ အရှေ့ဘက်ကပ်လျက်တွင် ရှိနေသော အိမ်ဖြစ်သည်။ ကျွန်တော်နှင့် ကိုဖြိုးသည် သူငယ်တန်းမှ ဘွဲ့ရသည်အထိ မကျောမကွဲဘဲ ကျောင်းအတူတူ တက်ခဲ့ကြသော အချစ်ဆုံး ငယ်သူငယ်ချင်းလည်းဖြစ်၊ တစ်ရပ်ကွက်တည်းသားချင်းလည်းဖြစ်၊ တစ်လမ်းတည်းသားချင်းလည်းဖြစ်သောကြောင့် အင်မတန်မှ သံယောဇဉ်ကြီးကြသည်။ ကျွန်တော်နှင့်သူ ဘွဲ့ရပြီးသည်မှာ သိပ်မကြာသေးပေ။ ကျွန်တော်တို့နှစ်ယောက်သည် ဘွဲ့ရပြီးသည်နှင့် အလုပ်ကိုယ်စီ ရရှိခဲ့ကြသည်။ ရပ်ကွက်အတွင်း၌သာ လုပ်ရသော အလုပ်ဖြစ်သည့်အပြင် လူချစ်လူခင်လည်း ပေါများလှသောကြောင့် အလွန်ကြိုက်နှစ်သက်လာခဲ့သည်။ ထိုအလုပ်သည် 'သာနာ တောက်တို' အလုပ်ဖြစ်သည်။ သာနာတောက်တိုအလုပ်သည် အခြားသူများအတွက် အလုပ်ဟုမဆိုနိုင်သော်လည်း ကျွန်တော်တို့နှစ်ယောက်အတွက်မှာ အလုပ်ကြီးအကိုင်ကြီးဖြစ်သည့်အတွက် တန်ဖိုးထားသည်။ လေးစားသည်။ မြတ်နိုးသည်။ တွယ်တာသည်။ ပျော်ရွှင်သည်။ ထို့ကြောင့် ရပ်ကွက်အတွင်းရှိ သာနာတောက်တိုအလုပ်များကို ကျွန်တော်တို့နှစ်ယောက်တည်းပင် ကန်ထရိုက်ဆွဲထားကြသည်။

သာနာတောက်တိုဆိုသည်မှာ သာရေး နာရေးတွင် တောက်တိုမည်ရ လုပ်ရသည့် အလုပ်ဖြစ်သောကြောင့် ကျွန်တော်တို့သည် မင်္ဂလာဆောင်၊ အသုဘနှင့် အခြားသော သာရေးကိစ္စ၊ နာရေးကိစ္စများကိုသာ စနည်းနာလျက်ရှိသည်။ ရပ်ကွက်ထဲမှ လူများကလည်း သာနာတောက်တိုအတွက် အကူအညီလိုလျှင် ကျွန်တော်တို့နှစ်ယောက်ကိုသာ အလုပ်အပ်ကြသည်။ နေရာရလာသည့် သဘောပင်ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်ကလည်း အကူအညီအတောင်း ခံရလျှင် ပျော်နေတတ်သည်။ သာနာတောက်တို လုပ်သည့်အတွက် လူအများ၏ အသိအမှတ်ပြုခြင်း ခံရသည့်အပြင် ယခုအခါ ကျွန်တော်တို့နှစ်ယောက်သည် ရပ်ကွက်အတွင်း၌ ဘွဲ့ရသာနာတောက်တို နှစ်ယောက်ဟု အမည်ရနေပြီဖြစ်သည်။

''မင်း-ငါ့ကို ဘာတွေပြောနေတာလဲ၊ ဘာလဲကွ နီးလွန်းလို့ မမြင်နိုင်ဘူးဖြစ်နေတယ်ဆိုတာ''

''မင်းအိမ်နားမှာ ကပ်နေတဲ့ ဒီ နန်းတော်ဦးစေတီကို ပြောတာကွ၊ ကြည့်ပါဦး၊ မြို့တွေ မြက်တွေဆိုတာ လမ်းသွားလမ်းလာတွေ ကြည့်လိုက်ရင်တောင် မြင်လို့မကောင်းတော့ဘူး။ အဆိုးဆုံးက ဘုရားဖူးချင်တဲ့သူ ထိုင်ရှိခိုးဖို့ နေရာလွတ်တောင် မရှိတာဘဲ''

''အေး…အဲဒါတော့ ဟုတ်တယ်ကွ၊ အချို့ ဘာသာတရားကို အင်မတန်ကိုင်းရှိုင်းတဲ့ သူတွေဆို ဘုရားပေါ် တက်မလိုလုပ်ပြီးမှ လမ်းမပေါ်ကနေ လက်အုပ်လေးချီပြီး ပြန်သွားကြတာကို တစ်ခါတလေ မြင်ရတယ်''

''အဲဒါ ပြောတာပေါ့ကွာ၊ ငါတို့ရပ်ကွက်အတွင်းမှာ ပြေးကြည့်မှ ဒီစေတီလေး တစ်ဆူရှိတာ၊ ဒါပေမဲ့ ခုလိုကြီးဖြစ်နေတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ အခါကြီးရက်ကြီး နေ့တွေဆိုလည်း သူများရပ်ကွက်က စေတီတွေမှာ ကြိတ်ကြိတ်တိုးနေတဲ့အချိန် ငါတို့ရပ်ကွက်က စေတီမှာကတော့ အတွဲတွေနဲ့ အရက်သမားတွေနဲ့ပဲ ဖြစ်နေတယ်''

''ဟုတ်တယ်ကွ၊ ငါတို့ရပ်ကွက်ထဲက လူတွေတောင် နန်းတော်ဦးစေတီကို လာမဖူးကြဘူး၊ သူများရပ်ကွက်သွားပြီး ဖူးကြတာ''

''မင်းစဉ်းစားကြည့်စမ်းပါ၊ ကိုယ့်ရပ်ကွက်မှာ ကိုးကွယ်စရာ စေတီရှိရဲ့သားနဲ့ သူများရပ်ကွက်ကစေတီကို သွားဖူးရတယ်ဆိုကတည်းက ငါတို့ရပ်ကွက်ကလူတွေရဲ့ အသုံးမကျမှုတွေကို ထုတ်ဖော်ပြသနေသလိုပဲလို့ မင်း မထင်ဘူးလား''

''သိပ်ထင်တာပေါ့ကွာ''

''ထင်ရင် ငါတို့နှစ်ယောက်ရဲ့ တတ်နိုင်သလောက်အားနဲ့ ရပ်ကွက်ထဲကလူတွေ ဖူးချင်လာအောင် မြို့တွေကို ရှင်းရအောင်ကွာ''

''အင်း…ရှင်းတာတော့ ဟုတ်ပါပြီ၊ ငါတို့နှစ်ယောက်တည်းနဲ့ ဒီလောက်ထူတဲ့ မြို့တွေကို ဘယ်လိုရှင်းမလဲကွ''

''မင်းကလည်း စစ်မရောက်ခင်က မြားကုန်နေပြန်ပြီ၊ မပူပါနဲ့ကွ၊ ဒီစေတီ ခုလိုဖြစ်နေတာ ဦးဆောင်မယ့်သူ မရှိလို့ပါ၊ ဦးဆောင်မယ့်သူသာရှိရင် သူဟာနဲ့သူ ဖြစ်လာပါလိမ့်မယ်''

''အဲဒါဆိုလည်း ပြီးတာပါပဲ၊ ဘယ်တော့ စမလဲ''

''လူလောကကြီးဆိုတာ သိပ်ပြီး ရေရာတာမဟုတ်ဘူး ကိုဖြိုးရ၊ ကျွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကျွေးမီသေနိုင်တယ်တဲ့၊ တော်ကြာ ကုသိုလ်လုပ်ဖို့ စဉ်းစားပြီးခါမှ သဟာသီကဒါနမပြောက်ဘဲ သေသွားရင် နှမြောစရာကြီး၊ မနက်ဖြန် စမယ်ကွာ''

''အေး…စဆိုလည်း စမယ်ကွာ၊ ခုတော့ အချိန်တွေလည်း တော်တော်နောက်ကျနေပြီ။ ဗိုက်လည်း ဆာလာပြီ၊ မင်းလည်း ပြန်တော့၊ ငါလည်း အိမ်ထဲဝင်ပြီး ထမင်းစားတော့မယ်''

ဟု ဆိုကာ ကိုဖြိုးတစ်ယောက် အိမ်ထဲသို့ ဝင်သွားခဲ့သည်။

ကျွန်တော်တို့နှစ်ယောက် စကားစမြည်ပြောနေကြသည်မှာ မည်မျှကြာသွားမှန်းမသိ။ တော်တော်ပင် မှောင်နေပေပြီ။ လက်ကနာရီကိုကြည့်လိုက်သောအခါ နာရီလက်တံအတိုသည် ၈ ဂဏန်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ အိမ်ပြန်ရန်အတွက် ခြေလှမ်းများကို ပြင်လိုက်စဉ်မှာပင် သတိတစ်ချက်ရ၍ နန်းတော်ဦးစေတီတော်သို့ လှည့်ကြည့်မိဖူးမြော်လိုက်ရာ ပကာတိအခြေအနေတွင် ပိန်းပိတ်အောင် မှောင်မဲလျက်ရှိသော်လည်း စိတ်ကူးထဲတွင် ရောင်စုံလျှပ်စစ်မီးများဖြင့် လင်းထိန်းလျက်ရှိသောကြောင့် ကြည်နူးပီတိစိတ်ကလေး ပေါ်လာခဲ့ပြီး ပြုံးလိုက်မိ၏။

(၃)

''ဟဲ့…သားကြီး၊ ပေါက်ပြားကြီး ထမ်းပြီး ဘယ်သွားမလို့လဲ''

ထိုအသံသည် အမေ့အသံဖြစ်သည်။ သားဖြစ်သူ ပေါက်ပြားကြီးထမ်းပြီး အိမ်ပေါက်ဝမှ ထွက်မည်အလုပ်တွင် စိုးရိမ်စိတ်ကြီးစွာဖြင့် လှမ်းမေးနေခြင်းဖြစ်သည်။ ကျွန်တော် လှည့်ကြည့်လိုက်သောအခါ အမေ့၏ မျက်လုံးများမှာ အပြုံးသားလေးအတိုင်း ရှိနေသေးသည်။

''အမေကလည်း သားကို မဆိုးမိပါနဲ့၊ သားက ခြင်လာကိုက်ရင်တောင် မသတ်ရက်လို့ လက်ကလေးနဲ့ ခြောက်လွှတ်လိုက်တတ်တဲ့သူမျိုးပါ''

''အမေသိပါတယ် သားရယ်၊ ဒါပေမဲ့ သားက ပေါက်ပြားကြီးနဲ့ဆိုတော့…''

''ပေါက်ပြားယူသွားတယ်ဆိုတာက ဒီလိုပါ အမေ၊ ကျွန်တော်နဲ့ကိုဖြိုး နန်းတော်ဦးစေတီက မြက်တွေကိုရှင်းဖို့ တိုင်ပင်ထားကြလို့ပါ''

''ဟုတ်လား၊ တယ်တော်တဲ့ ငါ့သား ပါလား၊ ကောင်းတယ်…ကောင်းတယ်၊ လုပ်ပါ သား၊ မင်းတို့အရွယ်က ဘာအပူအပင်မှ သိပ်မရှိသေးတော့ လုပ်နိုင်တယ်၊ အမေတို့အရွယ်က အပူအပင်တွေ များတော့ မလုပ်နိုင်သေးဘူး၊ သားတို့ရှင်းပြီးတဲ့နောက်ကျရင် အမေ ပထမဦးဆုံး လာဖူးမယ်''

''ဒါဆို သွားပြီနော် အမေ''

ဟု ဆိုကာ တာ့တာပြ၍ ထွက်ခွာခဲ့သည်။

ကျွန်တော့်၏ မနက်ခင်းအရုဏ်ဦးသည် လန်းဆန်းတက်ကြွလျက်ရှိသည်။ ကျွန်တော်လှမ်းသော ခြေလှမ်းတိုင်း၏အသံကို ပြန်ကြားနေရသည်။ ကျွန်တော် သွားနေသည်မှာ နန်းတော်ဦးစေတီရှိရာ အရပ်မျက်နှာသို့ ဖြစ်သည်။ သွားနေသည့် လမ်းတစ်ဖက်တစ်ချက်တွင်ရှိသော သစ်ပင်များက ယိမ်းနွဲ့လှုပ်ရှား၍ ကြိုဆိုနေကြသည်၊ သစ်ပင်များပေါ်ရှိ ကျေးငှက်ကလေးများ မြူးတူးပျော်ရွှင်နေကြသည်မှာ ခါတိုင်းထက် ပို၍

ကျွန်တော် သွားနေသည်မှာ
နန်းတော်ဦးစေတီရှိရာ
အရပ်မျက်နှာသို့ ဖြစ်သည်။
သွားနေသည့်
လမ်းတစ်ဖက်တစ်ချက်တွင်ရှိသော
သစ်ပင်များက
ယိမ်းနွဲ့လှုပ်ရှား၍ကြိုဆို…

သာယာနေသယောင်၊ ကျေးငှက်ကလေးများ၏ အော်မြည်သံများကလည်း ကျွန်တော့်အား ကြိုဆိုပေးနေသည့်အလား။

ထိုစဉ် ကျွန်တော့်နောက်ကျောမှာ အနည်းငယ် ပူ၍လာသည်။ ဤသည်မှာ အရှေ့ဘက်အရပ်မှ သူရိန်နေမင်းကြီး ထွက်ပေါ်လာနေခြင်းကြောင့် ဖြစ်နိုင်သည်။ ကျွန်တော့်ခြေလှမ်းများသည် ရည်ရွယ်ရာသို့ ရောက်လုနီးပြီ။ ဟော…ယခုပင် လှမ်း၍ မြင်နေရပြီ။ ဇကာနံစင်စစ် ကိုဖြိုးဖြစ်သည်။ သူ့အိမ်ရှေ့ရှိ ထန်းလျှာပေါ်တွင် ဓားအရှည်ကြီးတစ်ချောင်းနှင့် ပေါက်ပြားတစ်လက်ကို ထောင်၍ စောင့်နေရှာသည်။

ရောက်ပြီ…ရောက်ပြီ

''မင်းကလည်း နောက်ကျလိုက်တာ၊ ပြောတုန်းကတော့ နေမပူခင် စောစောစီးစီး ၆နာရီကျော်လောက် စလုပ်မယ်ဆိုပြီး၊ ခုနေတောင်ထွက်နေပြီ''

ကျွန်တော့်ကို ခရီးရောက်မဆိုက်ပင် စည်း၍ပြောလိုက်သည်။ မှန်ပါသည်။ ကျွန်တော် ပေါက်ပြားကို အရိုးပြန်တပ်နေ၍ အနည်းငယ်ကြာသွားခြင်းဖြစ်သည်။

''အေး–ဟုတ်တယ်ကွ၊ နည်းနည်းနောက်ကျသွားတယ်၊ ဒါပေမဲ့ နေစမ်းပါဦး။ မင်းက ခါတိုင်းဆို ၉နာရီလောက်မှ ထတတ်တဲ့ကောင်က ခုမှ ၇ နာရီကျော်ပဲရှိသေးတယ်၊ ကြားသားစိုးကြိုးပါရော''

''ဒါကတော့ကွာ…နာရီကို ၁၁ပတ်ပေးထားတာပေါ့''

''ခြော်…ခြော်၊ ကဲ–မပြောမပြီး၊ မတီးမမြည်၊ မလုပ်မဖြစ်တဲ့၊ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲကွာ၊ စကြရအောင်''

''ဘယ်အပိုင်းကို စလုပ်မလဲ''

''လမ်းတွေဘက်ကို စလုပ်မယ်ကွာ''

ဤသို့ဖြင့် ကျွန်တော်တို့နှစ်ယောက်သည် တီတီဆိတ်ဆိတ်ငြိမ်သက်လှသော မနက်ခင်းကို ပေါက်ပြားနှင့် မြေကြီးထိသံများ၊ ဓားနှင့်သစ်ပင်ထိသံများဖြင့် ဖြိုခွင်းလိုက်ကြသည်။ တစ်ခါတစ်ရံ ကျောက်ခဲများကို ပေါက်မိသောအသံများကလည်း သွားကျိန်းလှ၏။ ထိုသို့ရှင်းလင်းစဉ် ထွက်လာသည့် ကင်းခြေများအကောင်တွေကို ရှောင်ရသည်မှာလည်း သုံးကြိမ်ရှိပြီဖြစ်သည်။

သူရိန်နေမင်းကြီးကလည်း အလုံးစုံ ထွက်ပေါ်လာပြီဖြစ်သောကြောင့် ကျွန်တော်

တို့ ရပ်ကွက်ကလေးသည် အသက်ဝင် လှုပ်ရှားလာ၏။ ထို့အတူ နန်းတော်ဦးစေတီတော် လမ်းဆုံလေးသည်လည်း ဖြတ်သွားဖြတ်လာများဖြင့် စည်ကားလာသည်။ ယင်းဖြတ်သွားဖြတ်လာများသည် ကျွန်တော်တို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားတတ်ကြသည်။

"ဟဲ့…ကိုဖြိုး၊ ရော့–ရော့ နင်တို့စားဖို့ လက်ဖက်သုပ်နဲ့ ရေနွေး"

ဟု ဆိုသောကြောင့် ကျွန်တော်တို့နှစ်ယောက်သည် ပြိုင်တူပင် လှည့်ကြည့်လိုက်ကြသည်။

"ဟင်…အန်တီကြီးက ကျွန်တော်တို့လုပ်နေတာကို အယ်လိုလုပ် သိတာလဲ"

"ငါ ခုနက ဈေးကပြန်လာတော့ တွေ့လို့၊ လျှာရှည်မနေနဲ့ မြန်မြန်ယူ"

ဟု ဆိုကာ ကျွန်တော့်လက်ထဲသို့ လက်ဖက်သုပ်ပန်းကန်ပေးပြီး၊ ကိုဖြိုးလက်ထဲသို့ ရေနွေးအိုးနှင့် ရေနွေးပန်းကန်များကို ပေးခဲ့ကာ သုတ်သီးသုတ်ပြာဖြင့် ပြန်သွားသည်။

အန်တီကြီးမှာ ကိုဖြိုး၏ အဒေါ်အရင်းတစ်ယောက်ဖြစ်သည်။ သူသည် တူ၊ တူမများ၏ သံယောဇဉ်ကြောင့် ယောကျ်ားမယူဖြစ်သည့် အပျိုကြီးတစ်ယောက်ဖြစ်သည်။ သူ့ကိုကြည့်လျှင် အမြဲတမ်း ပျာယာခတ်နေတတ်သည်။ ယခုလည်း အိမ်တွင် မည်သည့်ဟင်းအိုးတည်ထားခဲ့သည်မသိ၊ အရေးတကြီး ပြန်သွားသည်။

(၄)

"ဟေ့ကောင်၊ နားရအောင်ကွာ၊ မောလာပြီ"

"အေး–ဟုတ်တယ်၊ ငါလည်း မောလာပြီ၊ အန်တီကြီးပေးတဲ့ ရေနွေးနဲ့ လက်ဖက်သုပ်လည်း စားချင်လာပြီ"

ကျွန်တော်တို့နှစ်ယောက်သည် မြက်ခင်းပေါ်ကို ခြေပစ်လက်ပစ်ထိုင်လိုက်ပြီး ခွေးများဖြင့် စိုရွှဲနေသော အင်္ကျီများကို ချွတ်လိုက်ကြသည်။ ထို့နောက် ခြေထောက်ကိုစင်း၊ လက်ကို နောက်ပစ်၍ ခေါင်းကိုမော့ကာ လေကို အကြာကြီးရှူလိုက်ပြီး ပါးစပ်မှ အသားကုန်မှုတ်ထုတ်လိုက်ရာ အနည်းငယ်မျှ အမောပြေသွားခဲ့သည်။ အမောပြေသွားသည့်အတွက် နောက်ပစ်ထားသော လက်တစ်ဖက်ကို မြေကြီးနှင့်ခွာလိုက်ရာ စပ်ဖျင်းဖျင်းအရသာတစ်ခုကို ခံစားလိုက်ရ၍ လက်ဝါးကိုကြည့်လိုက်မိသည်။

"ဟေ့ကောင်–ကိုဖြိုး၊ ငါ့လက်ဝါးတွေမှာ အရည်ကြည်ဖုတွေ ထနေတယ်ကွ၊ တချို့အဖုတွေက ပေါက်တောင်ကုန်ပြီ"

"ဟုတ်တယ်ကွ၊ ငါ့လက်မှာလည်း အဲလိုပဲ"

"အေးပေါ့ကွာ၊ ငါတို့က လုပ်လေ့လုပ်ထ မရှိတာ ဖြစ်မှာပဲ၊ လက်ကို အဝတ်သာစည်းထားလိုက်တော့"

ကျွန်တော်တို့သည် အမောပြေရင်းက အန်တီကြီးပေးသော လက်ဖက်သုပ်နှင့် ရေနွေးကို စားလိုက်၊ သောက်လိုက်လုပ်နေကြ



သည်။ ထို့စဉ် ရပ်ကွက်ထဲမှ လူများက ကျွန်တော်တို့အတွက် စားစရာများကို လာ၍ ပေးကြ၏။ အချို့က လိုအပ်သည့်နေရာတွင် သုံးရန်အတွက်ဟုဆိုကာ အလှူငွေများ ပေးသွားတတ်ကြ၏။ အချို့က ကျွန်တော်တို့ကို သာဓုခေါ်သွားတတ်ကြ၏။ အချို့လူကြီးများက "လုပ်ကြကွာ၊ ဒီလိုကုသိုလ်ဆိုတာ ဒီလိုအရွယ်ပဲ လုပ်လို့ရတာကွ။ အသက်ကြီးလာလို့ ဒီလိုကုသိုလ် ယူချင်ပါတယ်ဆိုရင်တောင် လုပ်နိုင်မှာ မဟုတ်ဘူး"ဟု အားပေးသွားတတ်ကြ၏။ ထို့အပြင် ရပ်ကွက်ထဲမှ လူငယ်လေး ၄ ယောက်ကလည်း ကျွန်တော်တို့နှင့်အတူ လုပ်အားပေးချင်သည်ဟုဆိုကာ ဘောင်းဘီတိုလေးများဖြင့် ရောက်လာကြ၏။ ဤသည်များသည် ကျွန်တော်တို့ နှစ်ယောက်အတွက်အားဖြစ်စေခဲ့သည်။ အလုပ်များကို နှစ်ဆပိုလုပ်ချင်သည့်စိတ်များ ပေါ်ပေါက်လာစေခဲ့သည်။

ကျွန်တော်တို့အဖွဲ့တွင် လူအင်အားများလာခဲ့ပြီဖြစ်သောကြောင့် အလုပ်လုပ်ရသည်မှာ ယခင်ကထက် တက်တက်ကြွကြွဖြစ်လာခဲ့သည်။ လူငယ်များအချင်းချင်း ပွင့်ပွင့်လင်းလင်း ပြောကြဆိုကြ စကြနောက်ကြဖြင့် ပျော်ပျော်ရွှင်ရွှင် လုပ်ကြရသည့်အတွက် ပင်ပန်း၍ ပင်ပန်းမှန်းပင် မသိကြ။ စားချင်လျှင်စား၊ နားချင်လျှင်နား၊ လုပ်ချင်လျှင် လုပ်ကြသည်။ မည်သူမျှ ဆရာလုပ်မည့်သူ မရှိပေ။

"ကိုဇင် . . .မင်းတို့ လေးယောက် ကျောင်းဘယ်တော့ တက်ရမှာလဲ"

ကျွန်တော် ပေါက်ပြားပေါက်နေရင်းက လှမ်း၍မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့က သမိုင်းဆိုတော့ နောက်ဆုံးအသုတ် ကိုကြီးရေ၊ သင်တန်းကျွတ်ပြီးလောက်မှ သွားတက်ရမှာ"

"လေးယောက်လုံး အတူတူပဲလား"

"ဟုတ်တယ် ကိုကြီးရေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ လေးယောက်လုံးက ၁၀ တန်းမှာ အမှတ် ၂၅၀ ကျော်နဲ့ပဲ အောင်ကြတာလေ၊ အဲတော့ သမိုင်းမေဂျာပဲ ရကြတာပေါ့ . . .ဟဲ . . .ဟဲ"

"ဒါနဲ့ မင်းတို့က ဘယ်လိုလုပ်ပြီး လုပ်အားပေးချင်သွားကြတာလဲ"

"ကိုကြီးတို့ကို အားကျလို့ပေါ့ဗျာ၊ ခုဆိုရင် ကိုကြီးတို့ကို ကျွန်တော်တို့ အမေတွေကိုယ်တိုင်က တော်လိုက်ကြတာတဲ့၊ ရပ်ကွက်ထဲက လူကြီးတွေများ ဒီကလေးတွေလောက်တောင် အသိစိတ်ဓာတ် မရှိကြဘူးတဲ့၊ နင်တို့အဖွဲ့ရော အားအားယားယားနဲ့ နေနေကြတာ သူတို့လို မလုပ်ချင်ဘူးလားတဲ့၊ ဆိုမြှမ်းလိုက်ကြတာများ စုံလို့၊ အမှန်တကယ်ကတော့ ကျွန်တော်တို့လည်း ရပ်ကျိုးရွာကျိုး သယ်ပိုးချင်ပါတယ်၊ ဒါပေမဲ့ ဘယ်သူကမှ လူရာမသွင်းကြတာ၊ ခုလိုဆိုတော့ ဘယ်သူမှ လူရာမသွင်းလည်း ကိုယ့်ဘာသာ ကိုယ်လုပ်လို့ ရတယ်လေ၊ မဟုတ်ဘူးလား"

ကျွန်တော်တို့သည် စကားများပြောနေကြသော်လည်း အလုပ်နှင့်လက် မပြတ်ကြပေ။

"ဟုတ်တယ်ကွ၊ မင်းပြောတာ ဟုတ်တယ်"

ဟု ဆိုကာ နဖူးကချွေးများကို လက်ဖြင့် သုတ်လိုက်ပြီး ကိုဖြိုးနှင့် ကျန်သည့်လူများကို ကြည့်လိုက်ရာ အားလုံးသည် ခေါင်းများမဖော်နိုင်အောင်ပင် အားကြိုးမာန်တက်ဖြင့် အလုပ်လုပ်နေကြသည်။ ကိုဖြိုးဆိုလျှင် ချွေးများကိုပင် မသုတ်နိုင်။ သူ၏ နဖူးမှ ချွေးများသည် ခြေဖမိုးပေါ်သို့ တစ်စက်စက် ကျနေလျက်ရှိသည်။ ယခုကဲ့သို့ တက်ညီလက်ညီ ဆောင်ရွက်နေကြသည်ကို တွေ့ရသောအခါ စိတ်ထဲတွင် ကြည်နူးပီတိဖြစ်မိသည်။

ကျွန်တော် ပေါက်ပြားကို လွှတ်ချလိုက်ပြီး လက်အုပ်ချီလိုက်သည်။

"တပည့်တော်တို့၏ရည်မှန်းချက်လေး အောင်မြင်ပါစေတော့ဗျား"

(၃)

"ဟေ့ကောင် . . .ကိုကျော်"

ကျွန်တော့်ကို ခေါ်ခြင်းဖြစ်သောကြောင့် နောက်လှည့်ကြည့်လိုက်သည်။ သူက ဆက်၍–

"ငါတို့အဖွဲ့လည်း လုပ်အားပေးချင်လို့"

ယခုပြောနေသူသည် ကိုဇော်ကြီးဖြစ်သည်။ သူသည် ရပ်ကွက်ထဲတွင် နာမည်ဆိုး မရှိသော်လည်း ဟိုနေရာစပ်စပ်၊ သည်နေရာစပ်စပ်ဖြင့် နေရာတကာ ဝင်ပါတတ်ပြီး ဆရာကြီးလုပ်ချင်သူတစ်ဦးဖြစ်သည်။ ကျွန်တော်နှင့် ကိုဖြိုးတို့ထက် ၂နှစ်ခန့်ကြီးသည်။ အလုပ်ဟူ၍ မယ်မယ်ရရမရှိပေ။ သို့သော် လမ်းထိပ်တွင် ဖဲထောက်ခုံလေးတစ်ခုံတော့ ဖွင့်ထားသည်။ သူ့နောက်တွင် ပါလာသည့် ကျွန်တော်တို့နှင့် မတိမ်းမယိမ်း လူများသည် သူ့ဖဲခုံတွင် အမြဲတမ်း ဖဲထောက်နေသောသူများ ဖြစ်သည်။ တစ်ချို့ တစ်ခါက ကျောင်းတွင် သူငယ်ချင်းဖြစ်ဖူးသူများလည်း ပါသည်။ ကိုဇော်ကြီးအပါအဝင် အားလုံးပေါင်း ၇ ယောက်ဖြစ်သည်။

"ရပါတယ် ကိုဇော်ကြီးရဲ့၊ ပြောစရာ မလိုပါဘူး၊ ကျွန်တော်တို့ ရပ်ကွက်ထဲက လူတွေချည်းပဲကို"

"ကဲ . . .ဟေ့ကောင်တွေ လုပ်ငန်းစမယ်"ဟု သူ့အဖွဲ့ကို ညွှန်ကြားလိုက်ရာ အားလုံးသည် အသင့်ပါလာသော ပေါက်ပြားများ၊ ဓားများဖြင့် ခုတ်ကြ ပေါက်ကြတော့သည်။

ကိုဇော်ကြီးတို့အဖွဲ့သည် စလုပ်စဉ်က အားကြိုးမာန်တက် လုပ်ကြသော်လည်း နောင်သောအခါ အလုပ်ကို ဟုတ်တိပတ်တိ မလုပ်ကြတော့။ အလုပ်လုပ်သည်က တစ်မိနစ်ဆိုလျှင် နားသည်က တစ်နာရီဖြစ်နေတတ်သည့်အတွက် လူများပြီး ပွဲမစည်သကဲ့သို့ ဖြစ်နေသည်။ ထို့အပြင် ရပ်ကွက်အတွင်းမှ လူများ လာရောက်ပေးထားကြသော အစားအစာမျိုးစုံကိုလည်း သူတို့ကပင် စားပစ်တတ်ကြသည်။ ထိုသို့ လာရောက်ပေးထားသည်များကို စား၍အားမရ၊ လမ်းမှဖြတ်လာသော အသိမိတ်ဆွေများကို လုပ်အားပေးများအတွက်ဆိုပြီး ကွမ်း၊ ဆေးလိပ်များ တောင်းကြသည်။ လမ်းသွားလမ်းလာများက လိုအပ်သည့်နေရာတွင် အသုံးပြုရန်အတွက် လှူဒါန်းခဲ့ကြသည့် ငွေများကိုလည်း ကိုဇော်ကြီးကပင် သိမ်းထားတတ်သည်။ ထိုအချက်များကြောင့် ကျွန်တော်တို့သည် စိတ်ညစ်လာသော်လည်း အားလုံးကို သည်းခံထားရသည်။ သို့သော် ကိုဇော်ကြီးတို့အဖွဲ့သည် တစ်နေ့တခြား ပို၍ဆိုးဆိုးလာသည်။

"တော်ပြီဗျာ၊ ကျွန်တော်တို့မလုပ်တော့ဘူး"

"ဘာဖြစ်လို့လဲ ကိုဇင်ရ"

"ဘာဖြစ်ရမှာလဲ ကိုကြီးရေ၊ ကိုဇော်ကြီးတို့က ဟိုနေရာပေါက်၊ ဒီနေရာပေါက်နဲ့

ဆရာကြီးလုပ်ပြီး ညွှန်ကြားနေတာ သူ့ တပည့်ကျနေတာပဲ ပြီးတော့ နားရင်လည်း နားပြန်ပြီး စားရင်လည်း စားပြန်ပြီနဲ့ သူ့ အဖွဲ့ကလူတွေကျတော့ ဘာမှမပြောဘူး။ ဒီကြားထဲ ကွမ်းလေးသွားဝယ်ပေးပါအုံး။ ဆေးလိပ်လေး သွားဝယ်ပေးပါအုံးဆိုပြီး ခိုင်းသေးတယ်၊ တော်ပြီ…တော်ပြီ၊ ဒီ အတိုင်းသာဆက်သွားရင် ကျွန်တော် ရူးထ ဖြစ်မိလိမ့်မယ်''

ဟု ဆိုကာ လက်သီးကို ကျစ်ကျစ်ပါ အောင် ဆုပ်ထားလျက်ရှိသည်။

''ဟုတ်တယ်၊ ငါလည်း ကြာရင် ကို ဇော်ကြီးကို ဆွဲထိုးမိလိမ့်မယ်''

ဟု ကိုပြုံးကပါ ဝင်ပြောသည်။

''နေကြပါအုံးကွာ၊ ငါတို့ဆရာ ပြည့်ခါ နီးပါပြီ၊ အိမ်ဝိုင်းဘက်တစ်ခြမ်းလေးပဲ ကျန် တော့တာပါ၊ အဲဒါလေးတော့ ပြီးအောင် ရှင်းသွားရအောင်ကွာ၊ ငါတို့သာမလုပ်ရင် တန်းလန်းကြီးဖြစ်နေလိမ့်မည်၊ သူတို့က လက်ကြောတင်းတဲ့ကောင်တွေမဟုတ်တော့ ဒီအတိုင်းထားခဲ့ကြမှာ''

''ကျွန်တော်တို့ကလည်း ကိုကြီးတို့ မျက်နှာကြောင့် သည်းခံနေတာကြာပြီ''

''အေးပါ ကိုဇင်ရာ၊ မင်းကို ကိုယ်ချင်း စာပါတယ်၊ ငါတောင်မှ အစပိုင်းတွေးထား တာက ဒီစေတီလေးကို ထုံးသင်္ကန်းပြန် ကပ်၊ မုခ်ဦးကို သေချာပြန်လုပ်၊ အုတ် တံတိုင်းကိုလည်း ဆေးပြန်သုတ်၊ လျှပ်စစ် မီးထွန်းဖို့တာတွေအထိ လုပ်မလို့ ရည်ရွယ် ထားတာ။ ခုတော့ မလုပ်တော့ဘူးကွာ၊ ဆက်လုပ်ရင် သူတို့က ပါနေအုံးမှာ။ ပြီးတော့ ကိုပဲ ပြီးအောင်ရှင်းခဲ့တော့မယ်''

ဟု ပြောပြီး ခေါင်းကိုငုံ့လိုက်ကာ သက်ပြင်းအရှည်ကြီး ချလိုက်မိသည်။

''စိတ်မညစ်ပါနဲ့ သူငယ်ချင်းရာ''

ဟု ဆိုပြီး ကိုပြုံးတစ်ယောက် ကျွန် တော့်လက်မောင်းကို သူ့လက်များဖြင့် တင်း တင်းညှစ်ထားသည်။ ဝမ်းနည်းစိတ်တို့မှာ လည်း အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး မျက် ရည် ကျချင်လာသည်။ သို့သော် ကျွန်တော် ခေါင်းကိုပြန်မော့လိုက်ပြီး လက်အုပ်ချီလိုက် သည်။ ထို့နောက် မျက်လုံးများကို မှိတ် လိုက်သည်။

''နောင်ဘဝဆက်တိုင်း၌ ကုသိုလ် ကောင်းမှုလုပ်လျှင် စိတ်ချမ်းချမ်းသာသာ ဖြင့်သာ လုပ်ရပါလို၏'' ဟု စိတ်ထဲတွင် ရွတ်ဆိုလိုက်ရာ မျက်ရည်ပုလဲတစ်လုံးသည် အလျှင်အမြန် လျှောဆင်းသွားခဲ့သည်။

(၆)

''ကိုဇော်ကြီး…ခင်ဗျားဗျာ လုပ်ရက် လိုက်တာ''

''မင်းဟာက ပလိန်ကြီးပါရော၊ ငါ ဘာလုပ်လို့လဲ''

''ဘာ…ငါဘာလုပ်လို့လဲ ဟုတ်လား။ ခင်ဗျား ရုပ်ကွက်ထဲက လူအချို့ဆီကနေ အလှူငွေတွေ တောင်းထားတယ်ဆို''

''မင်းကလည်း အဲဒါကို မျက်လုံးပြူးနဲ့ လာပြောနေသေးတယ်၊ ဟုတ်တယ်လေ ဘာဖြစ်လဲ''

''အဲဒါဆို ဘယ်မှာလဲ အဲဒီငွေတွေ''

''ဟေ့ကောင်- မင်းရော၊ ငါရော ဘုရားအတွက် လုပ်နေတာကွ၊ အဲလို ဘုရား အတွက် လုပ်နေတာချင်းအတူတူကို လာ ပြီး စစ်လား။ မေးလားလုပ်ရအောင် မင်းက ဘာကောင်မို့လို့လဲ၊ ဒါပေမဲ့ မင်းသိချင်ရင် ပြောပြမယ်…ရော့''

ကျွန်တော့်ကို စာရွက်တစ်ရွက် လှမ်း ပေးသည်။ ကျွန်တော်ယူ၍ ဖတ်ကြည့်လိုက် ရာ ပေါက်ပြားနှင့် ခါးဝယ်သည့်စာရင်း၊ ကွမ်းနှင့် ဆေးလိပ်ဝယ်သည့်စာရင်း၊ လက် ဖက်ရည် ဝယ်သည့်စာရင်း၊ ထမင်းဝယ်စား သည့် စာရင်း၊ စသည်တို့ကို ထွက်ချက်ထား သော စာရင်းများသာဖြစ်သည်။

''ဩော်…ကျွန်တော်ကတော့ ခင်ဗျား တို့ ပိုက်ဆံနဲ့ ခင်ဗျားတို့ လုပ်ကြတယ် အောက်မေ့နေတာ၊ လက်စသတ်တော့ ဘုရားအတွက်ဆိုပြီး ခင်ဗျားတို့က အပျင်း ပြေ အလုပ်လုပ်ရင်းနဲ့ ကိုယ့်အတွက် အမြတ်ထုတ်သွားကြတာပေါ့လေ''

''ဘာကွ…ခွပ်…''

ကိုဇော်ကြီးထိုးလိုက်၍ ကျွန်တော် လဲ ကျသွားသည့်အတွက် ကိုပြုံးနှင့် ကိုဇင်တို့ လေးယောက်က ကိုဇော်ကြီးကို ဝိုင်း၍ထိုး ကြသည်၊ တစ်ဖန် ကိုဇော်ကြီးအား ဝိုင်းထိုး နေကြသည်ကိုမြင်သည့် သူ့အဖွဲ့သားများက လည်း နီးရာတုတ်များကိုဆွဲ၍ ပြေးလာကြ ပြီး ရိုက်ကြနှက်ကြသည်။ ကျွန်တော်လည်း မနေနိုင်တော့။ နီးရာတုတ်ဆွဲပြီး ဝင်ရိုက် တော့သည်။ အားလုံးမှာ လုံးထွေးနေကြပြီး ကိုယ့်လူ သူ့လူခွဲရန်ပင် အခက်ခက်ခဲ သည့် အနေအထားဖြစ်သည်။ ထိုသို့ ရိုက် ကြ နှက်ကြ၍ အနာတရကြီးကြီးမားမား ရပြီးလောက်သည့်အချိန်တွင် ရပ်ကွက်ထဲမှ လူများ အော်ကြီးဟစ်ကျယ်ဖြင့် ပြေးလာ ကြသည်၊ ထိုအချိန်တွင် ကိုဇော်ကြီးတို့အဖွဲ့ သည် ကျွန်တော်တို့ကို အားရအောင်ရိုက် ပြီးကြပြီဖြစ်သည့်အတွက် ဦးအောင်ထွက် ပြေးကြတော့သည်။ ထို့နောက်တွင် ကျွန် တော်လည်း မည်သည့်အရာမှ မမြင်ရတော့ ပဲ-

''ဒီကောင်တွေ ကုသိုလ်ကောင်းမှု လုပ်နေပြီတော့''

''ငါတို့က တည့်တည့်မတ်မတ်နဲ့ အတူ တူ လုပ်နေကြတယ် အောက်မေ့နေတာ''

''အတူတူလုပ်နေရင်းက ဘယ်လိုဖြစ် သွားကြတာလဲ မသိဘူး''ဆိုသည့် အသံများ

**လက်စသတ်တော့ ဘုရားအတွက်ဆိုပြီး**
**ခင်ဗျားတို့က အပျင်းပြေ အလုပ်လုပ်ရင်းနဲ့**
**ကိုယ့်အတွက် အမြတ်ထုတ်သွားကြတာပေါ့လေ…**

ကိုသာ ကြားနေခဲ့ရသည်။

ကျွန်တော်သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်တော့ သေးနားတွင် ကိုဖြိုးနှင့် အမေ့ကို တွေ့ရသည်။ ကိုဖြိုးကို မေကြည့်လိုက်သောအခါ ကျွန်တော်က ခေါင်းကွဲသွားပြီး ကိုဖင်က နဖူးကွဲသွားသည်မှလွဲ၍ ကျန်သောသူအားလုံးက ပွန်းရုံပဲ့ရုံသာ ရှိခဲ့သည်ဟု သိလိုက်ရသည်။ ထို့ကြောင့် အားလုံးစိတ်ချရ၍ မျက်လုံးမှိတ်ပြီး ပြန်မှေးမည်အလုပ်တွင် "သား"ဟု ခေါ်လိုက်သောကြောင့် မျက်လုံးပြန်ဖွင့်လိုက်ရာ အမေက–

"နိုက်တာလား မသိဘူးနော်"

"ဟာ・・・ဘယ်ကလာ နိုက်ရမှာလဲ အမေရာ။ အဲဒါတွေ မယုံစမ်းပါနဲ့"

"အဲဒါဆိုလည်း ဘယ်လိုဖြစ်ကြတာလဲ ဖျိုးသားရဲ့"

"ထားလိုက်ပါအမေရာ၊ အဲဒါတွေ မပြောချင်တော့ဘူး။ အကုသိုလ်များတယ်"

ဟု စိတ်မရှည်သောလေသံဖြင့် ပြန်ပြောလိုက်သည်ကို အမေက "အေးပါ・・အေးပါ သားရယ်၊ မပြောချင်လည်း မပြောပါနဲ့ နား・・・နား"ဟု ကရုဏာသက်စွာဖြင့် ပြောရှာသည်။

ကျွန်တော်လည်း မျက်လုံးများကို အသာလေးပြန်မှိတ်လိုက်ရာ စိတ်ပင်ပန်းနေ၍လားမသိ၊ ပြန်ပြီးအိပ်ပျော်သွားသည်။

(၇)

နံနက်ခင်း အလင်းရောင်သည် နေ့ခင်း အလင်းရောင်ကဲ့သို့လည်း မပူလောင်၊ ညနေခင်းအလင်းရောင်ကဲ့သို့လည်း မနွေးထွေးပေ။ ထိုအလင်းရောင်သည် ကျွန်တော့်အတွက် အေးချမ်းသည်။ ကြည်နူးစရာကောင်းသည်။ သာယာလှပသည်။

ကိုဇော်ကြီးတို့နှင့် ရန်ဖြစ်ပြီးကာတည်းက အပြင်သို့မထွက်ဘဲ အိမ်ထဲမှာပင် နေခဲ့သည်မှာ တစ်လခန့်ကြာခဲ့ပြီဖြစ်သည်။ သို့သော် သူငယ်ချင်း ကိုဖြိုးက သူ့မွေးနေ့တွင် ကျွန်တော်နှင့်အတူ ငါးသွားလွှတ်ချင်သည်ဟု တောင်းဆိုလာ၍ နေထိုင်ရာမြို့အရှေ့ဘက်ရှိ ကန်တော်ကြီးတွင် သူနှင့်အတူ ငါးလွှတ်ခဲ့ကြသည်။

ယခုအခါ ငါးလွှတ်ပြီးပြန်လာ၍ ကိုဖြိုးတို့ အိမ်ရှေ့က ထိုင်ခုံလေးပေါ်တွင်ထိုင်ကာ နံနက်ခင်း၏အရသာကို ခံစားနေခြင်းဖြစ်သည်။ ထိုသို့ ခံစားနေစဉ်–

"သူငယ်ချင်း သီတင်းကျွတ်ဖို့ ၁၅ ရက်လောက်ပဲ လိုတော့တယ်နော်"

"အင်း・・・ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ ကိုဖြိုးရ"

"ငါ အရင်နှစ်တွေတုန်းကတော့ ဘာမှ သိပ်ပြီး ခံစားချက်မရှိဘူး။ ဒါပေမဲ့ ဒီနှစ်ကျတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲကွ။ ငါတို့တွေ ကိုယ်တိုင် မနည်းရှင်းလင်းထားရတဲ့အတွက်ကြောင့်လား မသိဘူး။ နန်းတော်ဦးဘုရားကို ဆီမီးတွေနဲ့ လင်းထိန်သွားအောင် လုပ်ချင်နေတယ်"

ကျွန်တော် ထိုင်ခုံပေါ်မှ ထလိုက်ပြီး နန်းတော်ဦးဘုရားဘက်သို့ ခြေသုံးလှမ်းပြည့်အောင် လျှောက်လိုက်သည်။ မတ်တပ်ရပ်သည့်အနေအထားမှ ဘုရားကိုငေးကြည့်နေရင်းက–

"အရင်တုန်းကဆိုရင် မြို့တွေနဲ့ ရှုပ်ရှက်ခတ်နေတဲ့နေရာ၊ ခုကြည့်လိုက်စမ်း။ ဘာမြို့မှမရှိတော့ဘူး။ ပင်လယ်ကမ်းစပ်မှာ ရေပြန်ကျသွားသလိုပဲ၊ ပြောင်တလင်းခါနေလိုက်တာ၊ ဘယ်လောက်ကြည်နူးစရာကောင်းလဲ၊ ပြီးတော့ အရင်တုန်းကဆိုရင် တစ်ရက်နေလို့ တစ်ယောက်ဘက်ပြီး ဘုရားရှိခိုးကြတာ မဟုတ်ဘူး။ ခုဆို နှစ်ယောက်၊ သုံးယောက် တွေ့နေရပြီ၊ ဒါလည်း ကြည်နူးစရာပဲ"

စကားကိုရပ်လိုက်ပြီး စေတီကိုသာ တွေတွေကြီး ငေးကြည့်နေမိလျှက်ရှိသည်။ ခဏအကြာမှ ဆက်၍

"ငါလည်း သိပ်ပြီးထွန်းချင်တာပေါ့၊ မင်းက ခုမှပြောတာ၊ ငါက အရင်ကတည်းက ရည်ရွယ်ခဲ့တာ၊ ဒါပေမဲ့ ကိုဇော်ကြီးတို့တွေ ဒီရပ်ကွက်ထဲမှာ ရှိနေသရွေ့တော့ ဖြစ်တော့မယ် မထင်ပါဘူးကွာ"

ဟု ပြောရင်း ကိုဖြိုးဘေးနားသို့ ပြန်ထိုင်လိုက်သည်။

"အဲဒါကတော့ မင်းအတွေးအခေါ်မှားတာပဲ၊ ဖြစ်နိုင်အောင် နည်းလမ်းရှာရင် ဖြစ်မှာပါကွ၊ စဉ်းစားပါအုံး။ ငါကတော့ ဒီနှစ်ထွန်းဖြစ်အောင်ကို ထွန်းလိုက်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ဆိုတာက ငယ်သေးတယ်၊ ဘဝမှာ အလုပ်တွေလုပ်ရအုံးမှာ၊ အဲဒီအခါကျရင် ဘယ်သောင်ဆိုက်လို့ ဘယ်ကမ်းကပ်မလဲဆိုတာ မပြောနိုင်ဘူး။ ရေလည်း မရေရာဘူး။ အဲဒါကြောင့် ခုလို လုပ်နိုင်တဲ့အချိန်မှာ လုပ်ဖြစ်အောင်လုပ်သွားမယ်ကွာ"

"ကောင်းလိုက်တာ ကိုဖြိုးရာ၊ မင်းစကားတွေက ငါ့ကို နိုးဆော်နေသလိုပဲ၊ အေးပါ ငါလည်းလုပ်ဖြစ်အောင် ထပ်ကြိုးစားကြည့်ပါအုံးမယ်၊ ဒါပေမဲ့ ဒီတစ်ခါ ငါတို့တွေ စဉ်းစဉ်းစားစားလုပ်မှ ရတော့မယ်၊



အဲဒီတော့ မင်းလည်း တတ်နိုင်တဲ့နည်းလမ်းတွေကို ကြံဖန်စဉ်းစား၊ ငါလည်း သေသေချာချာ စဉ်းစားမယ်''

''အဲဒီလိုလုပ်စမ်းပါ သူငယ်ချင်းရ''

ဟု ဆိုကာ ပခုံးကိုလာ၍ ဖက်လိုက်သောကြောင့် ကျွန်တော့်၏ အေးချမ်းနေသော မနက်ခင်းလေးသည် နွေးထွေးသွားခဲ့သည်။

ကိုဖြိုးနှင့်လမ်းခွဲပြီး အိမ်သို့ပြန်လာခဲ့သည်။ အိမ်ပြန်လမ်းတစ်လျှောက်လုံးတွင် ဆီမီးထွန်းရန်အတွက် အဖြစ်နိုင်ဆုံးနည်းလမ်းများကို စဉ်းစားသည်။ သို့သော် စဉ်းစား၍ လုံးဝမရ၊ ကိုဇော်ကြီးနှင့် သွားညှိရန်မှာလည်း လူမိုက်အားပေးအလုပ်ဖြစ်၍ မည်သို့မျှ မဖြစ်နိုင်။ ကျွန်တော်တို့လုပ်မည်ဆိုလျှင်လည်း သူတို့က နောင့်ယှက်ဦးမည်မှာ အမှန်။ သူတို့မသိအောင် လုပ်မည်ဆိုကလည်း တိတ်တိတ်ပုန်းလုပ်၍ရသော အလုပ်မဟုတ်။ သူတို့ စိတ်ဓာတ်များပြောင်းလဲ၍ အမှန်တကယ်လုပ်မည်ဆိုလျှင် အားလုံးအဆင်ပြေနိုင်သော်လည်း သူတို့က ပြောင်းလဲမည့်ပုံ မပေါ်သေး။ ယခုကဲ့သို့ အဖက်ဖက်မှ စဉ်းစားသော်လည်း နည်းလမ်းမှာ ရှာ၍မတွေ့ရဘဲ ဖြစ်နေသည်။

သို့သော် ကျွန်တော်တို့သည် ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး အပုပ်မခံနိုင်ပေ။

(၈)

''ဘုရားအလောင်းတော်ကြီးများသည် ဒါနပါရမီကိုသာ ဦးစွာအစ ဖြည့်ခဲ့ကြပါသတဲ့၊ အလောင်းတော် သုမေဓာရှင်ရသေ့သည်လည်း ပါရမီ ၁၀ ပါးအနက် ဒါနပါရမီကို အစအဦး အထူးအရေးတကြီး ဖြည့်ကျင့်ပါသတဲ့၊ ဒါနမပါဘဲ သံသရာခရီးသွားရင် ဒါနကင်းသည့်အတွက် သုဂတိဘဝကောင်းကို ရရန်ခက်ပါတယ်၊ ရပြန်လျှင်လည်း အသုံးအဆောင်ပြည့်စုံဖို့ရန် ခက်ပြန်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့လို သံသရာခရီးသွား မရပ်စဲသေးသော ပုထုဇဉ်များအနေဖြင့် ဒါနတရားကို အထူးအားထုတ်ဖို့ အရေးကြီးလှပါတယ်ဗျာ…''

နန်းတော်ဦးမှဦးရွှေရှိ အလှူခံမဏ္ဍပ်မှ ဆရာကြီးဦးသိန်းအောင်၏ နှီးနှော်သံဖြစ်သည်။ ဆရာကြီးသည် အသက် ၂၀ ကျော် ကတည်းကပင် စာသင်ပြသည့် အလုပ်ကို လုပ်ခဲ့ရာ ယခုအခါ အသက် ၇၀ ကျော်ပြီဖြစ်သည့်အတွက် ရပ်ကွက်အတွင်းရှိသူများမှာ သူ့သင်ပြမှုနှင့် လွတ်သူမရှိသလောက် နည်းပါးသည်။ ရွှေမီးနောက်ဝိ ပုဂ္ဂိုလ်ကြီးလည်းဖြစ်ပြီး ကျွန်တော့်အမေကအစ ကျွန်တော်ကအဆုံး သူ့တပည့်များဖြစ်သည်။ ရပ်ကွက်အတွင်း၌ ဩဇာကြီးသူတစ်ဦးဖြစ်ပြီး အားလုံးက ရိုသေလေးစားကြသည်။ ရိုသေလေးစားထိုက်အောင်လည်း စာပေကျမ်းဂန်နှင့် ပြည့်စုံသူဖြစ်သည်။ အသက် ၇၀ နှစ်ကျော်ပြီဖြစ်သော်လည်း



**ဒါနမပါဘဲ သံသရာခရီးသွားရင်**
**ဒါနကင်းသည့်အတွက်**
**သုဂတိဘဝကောင်းကို**
**ရရန်ခက်ပါတယ်၊ ရပြန်လျှင်လည်း**
**အသုံးအဆောင်ပြည့်စုံဖို့ရန်**
**ခက်ပြန်ပါတယ်၊**
**ဒါကြောင့် ကျွန်တော်တို့လို…**

မည်သည့်ရောဂါမှ ထွေထွေထူးထူးမရှိသည့်အတွက် ကျန်းမာသန်စွမ်းလျက်ပင် ရှိသည်။

''မင်း ဘယ်လိုစိတ်ကူးရသွားတာလဲ''

ကိုဖြိုးတစ်ယောက် ကျွန်တော့်ကို တအံ့တသြကြီးဖြင့် မေးရှာသည်။

''ငါ မနေ့က မင်းနဲ့တွေ့ပြီး ပြန်သွားတော့ တစ်လမ်းလုံးစဉ်းစားတာ စဉ်းစားလို့မရဘူး၊ အဲဒါနဲ့ အိမ်ရောက်တော့ အမေ့ကို အကြံဉာဏ်တောင်းကြည့်တယ်၊ သားတို့ချည်းပဲလုပ်ရင် ဖြစ်မှာမဟုတ်ဘူးတဲ့၊ လူကြီးလေး တစ်ယောက်လောက်တော့ ပါမှရမှာတဲ့၊ ဒါမှ လူရှိသေ ရှင်ရိုသေဖြစ်မှာပေါ့တဲ့၊ လူကြီးတစ်ယောက်လောက်ပါတော့ ဇော်ကြီးတို့လည်း သူတို့လုပ်ချင်တာ လုပ်လို့ရမှာမဟုတ်တော့ဘူးပေါ့တဲ့၊ အဲဒါနဲ့ ငါလည်း စဉ်းစားတာပေါ့၊ စဉ်းစားရင်းနဲ့ ငါတို့ကို စာသင်ခဲ့ဖူးတဲ့ ရပ်ကွက်ထဲကလူကြီး သင်ပုံးကြားဆိုရင် ရပ်ကွက်လူကြီးအပြင် ဘယ်သူ့ကိုမှ ကြောက်ရွံ့ခြင်း မရှိဘဲ ငါတို့ ချစ်ကြောက်ရိုသေရတဲ့ ဆရာကြီးကို သွားသတိရတယ်၊ အဲဒါနဲ့ ဆရာကြီးအိမ်ကိုသွားပြီး ငါတို့လုပ်ချင်တာလေးကို ရှင်းပြတယ်၊ ဆရာကြီးက ဟန်ပြပဲ ထိုင်ပေးပါပေါ့၊ ကျန်တာ ကျွန်တော်တို့ လုပ်ပါမယ်ပေါ့၊ အဲဒီမှာ ဆရာကြီးက ဘာပြောလဲဆိုတော့ ငါက နန်းတော်ဦးဘုရားကို ဦးစီးပြီးလုပ်ဖို့ ချိန်နေတာကြာပြီတဲ့၊ ဒါပေမဲ့ အရင်ကတပည့်တွေက သူတို့သားသမီးတွေကို လာလာထားတော့ နားမယ်ဆိုတာတောင် မနားရဘဲ စာသင်နေရသေးတယ်တဲ့၊ ဒီလိုနဲ့ မအား၊ မအားတာနဲ့ မလုပ်ဖြစ်သေးတာတဲ့၊ လော်စပီကာတွေ၊ မိုက်တွေက ငါ့မှာရှိတယ်တဲ့၊ အလှူခံမဏ္ဍပ်ဆောက်ဖို့သာ လုပ်လိုက်တော့ဆိုတာနဲ့ ငါလည်း အားချင်းလုပ်လိုက်တာ၊ မင်းကို မပြောဘဲ ငါတစ်ယောက်တည်း မဏ္ဍပ်ဆောက်လိုက်တာ မင်းကို ခုလိုခေါ်ပြရင် အံ့သြစေချင်လို့၊ ကဲ- ငါတို့လုပ်ငန်း စလို့ရပြီ သူငယ်ချင်း၊ ၁၄ ရက်ပဲလိုတော့တာဆိုတော့ ဘုရားကိုလည်း ထုံးသင်္ကန်း ပြန်ကပ်ရမှာနဲ့၊ အုတ်တံတိုင်းတွေ ဆေးသုတ်ရမှာနဲ့၊ ပြန်ပေါက်လာတဲ့ မြက်တွေကို ထပ်ရှင်းရမှာနဲ့ အချိန်က သိပ်မရှိတော့ဘူး၊ ကိုဇင်တို့ကိုပါ ခေါ်လိုက်တော့''

''အေးပါကွာ…အေးပါ''

ဟု ဆိုကာ ကိုဇင်တို့အိမ်ဘက်သို့ ပြေးသွားပါတော့သည်။

ကျွန်တော်တို့သည် ပြန့်ကျဲပေါက်လာသော မြက်ကလေးများကို ရှင်းလင်းကြပြီး ယခင်က ကျန်ရှိခဲ့သည့် ဘုရားကိုကွယ်နေသော သစ်ပင်ကြီးများကို ခုတ်ပစ်လိုက်ကြသည်။ ဆရာကြီး အလှူခံ၍ ရသမျှငွေလေးဖြင့် မုခ်ဦးများနှင့် အုတ်တံတိုင်းများကို ဆေးသုတ်သည်။ စေတီတော်အား ထုံးသင်္ကန်းပြန်၍ကပ်လှူသည်။ ပရဝုဏ်အတွင်း၌ မြို့နွယ်များ ပြန်မပေါက်ရန်အတွက် သဲများကို ခင်းကြသည်။ ဘုရားရှိခိုးရန်အတွက် သစ်သားခုံ အပြားလေးများကိုရိုက်၍ တန်းစီချထားသည်။ ထို့အပြင် လာရောက်ဖူးမြော်သူများ နားနေရန်အတွက် ယာယီဇရပ်လေးတစ်ဆောင်ကို ဆောက်လုပ်ကြသည်။



**မည်မျှပင်**

**ဆိုးသွမ်းနေစေကာမူ**

**ဆရာဟု သိလိုက်သည်နှင့်**

**ရှိသေကြောက်ရွံ့ကြသည့်**

**ထုံးစံရှိ…**

ယခုကဲ့သို့ ကျွန်တော်တို့ ဆောင်ရွက်နေသည်ကို ကိုဇော်ကြီးက ကွက်ကြည့်ကွက်ကြည့် လုပ်နေတတ်သည်။ သူသည်လည်း ဆရာကြီး၏ တပည့်အရင်းဖြစ်သည်။ ထို့အပြင် သူ့အဖွဲ့မှ လူများသည်လည်း ဆရာကြီး၏ တပည့်များပင်။ သို့သော် သူတို့သည် ဆယ်တန်းစာမေးပွဲကို အကြိမ်ကြိမ် ရှုံးနိမ့်ထားကြသည့် ကျောင်းသားများဖြစ်သည်။

ကိုယ်က မဟုတ်တာလုပ်ထားသော ကျောင်းသား၊ ကျောင်းသူများသည် ဆရာများကိုမြင်လျှင် ရှောင်နေတတ်ကြသည့် ထုံးစံရှိသည်။ တပည့်ချင်းအတူတူ ကိုယ်က အခြားကျောင်းသားများကဲ့သို့ ပညာဆုံးခန်း မတိုင်ဘဲ လမ်းခုလတ်တွင် ကျနေခဲ့လျှင် အကြင်ဆရာများကို မျက်နှာမပြဝံ့ကြသည့် ထုံးစံရှိသည်။ မည်မျှပင် ဆိုးသွမ်းနေစေကာမူ ဆရာဟု သိလိုက်သည်နှင့် ရှိသေကြောက်ရွံ့ကြသည့် ထုံးစံရှိသည်။

ဤထုံးစံများကြောင့်ပင်…

(၉)

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်၏။

ကျွန်တော်တို့၏ ရောင်စုံပန်းချီကားလေးကလည်း လပြည့်နေ့ကို ကြိုဆိုလျက်ရှိ၏။

ထိုပန်းချီကားတွင် အဖြူရောင်များဖြင့် သပ္ပါယ်လှသည့် စေတီလေးတစ်ဆူကို အဝါနုရောင် အုတ်တံတိုင်းများက ဝန်းရံထား သည်။ မုခ်ဦးနှစ်ဖက်ကို ကာလာရောင်စုံ၊ ကနုတ်ပန်းမျိုးစုံဖြင့် မွမ်းမံခြယ်သထားသည်။ မုခ်ဦးနှစ်ဖက်ရှေ့တွင် မျဉ်းဖြောင့်များကို အသုံးပြုထားသည့် လမ်းနှစ်ခု။ စေတီနှင့် အုတ်တံတိုင်းကြားရှိ အဝါရောင်များက ရင်ပြင်တော်တွင် ခင်းထားသော ရေစိုနေသည့် သဲများ။ ထိုရင်ပြင်တော်ပေါ်တွင် ဘုရားရှိခိုးရန်အတွက် ပြုလုပ်ထားသော သစ်သားခုံ အပြားလေးများနှင့် စေတီပရဝုဏ်၏ အရှေ့မြောက်ထောင့်ရှိ ဧ ပေပတ်လည် ဇရပ်လေးတစ်ခုမှာ အညိုရောင်များဖြင့်။ စေတီပရဝုဏ်၏ အရှေ့တောင်ထောင့်တွင် အစိမ်းရောင်ကို ဦးစားပေးအသုံးပြုထားသော အပင်နှစ်ပင် ဆင့်ပေါက်နေသည့်မြင်ကွင်း။ ထိုမြင်ကွင်းမှလွဲ၍ ကျန်သည့်နေရာတွင် အစိမ်းရောင် ရှိမနေခြင်းက စိတ်ထဲတွင် ကြည်လင်ရှင်းလင်းဖြတ်သားလျက်။

အရှေ့ဘက်မှ နေဝန်းကြီးသည် ကျွန်မြေကြီးကို အလင်းရောင်တစ်ဝက်မျှသာ ပေးထားလျက်ရှိသောအချိန်တွင် -

''ကဲ…ငါတို့မျှော်လင့်နေတဲ့ နေ့လေးကိုတော့ ရောက်လာပြီ၊ အဲတော့ တာဝန်တွေ ခွဲကြရအောင်''

ကျွန်တော်တို့အဖွဲ့သည် ကိုဖြိုးအိမ်ရှေ့ရှိ မြေကြီးပေါ်တွင် မည်သည့်အရာမှမခင်းဘဲ ဝိုင်းဖွဲ့ထိုင်နေကြခြင်းဖြစ်သည်။

''အမလေး…တာသေးတယ် ဆရာကြီး စတိုင်နဲ့''

ဟု ကိုဖြိုးက ကျွန်တော့်အပြောကို စကားနောထိုးသည်။

''မဟုတ်ပါဘူးကွ၊ လုပ်ရမှာတွေက အများကြီးဆိုတော့ မပြီးမှာကြောက်လို့ပါ။ ဟို စကားတောင်ရှိသေးတယ်လေကွာ။ ဘာတဲ့…အလုပ်တစ်ခုကို စနစ်တကျစီစဉ်ထားရင် တစ်ဝက်ပြီးတယ်ဆိုတာလေ၊ အဲဒါကြောင့်ပါ''

''အဲဒါကတော့ ကိုဇင်တို့ကို သက်သက်ချိုးတာပဲ၊ မင်းဆိုလိုတာက ကိုဇင်တို့ကပဲ ပရမ်းပတာလုပ်နေသလိုလိုနဲ့''

''ဟေ့ကောင်…ဟေ့ကောင် ကိုဖြိုး၊ မင်း ငါ့နဲ့ ကိုဇင်တို့ကို ရန်တိုက်မပေးနဲ့''

''တိုက်ပါစေ ကိုကြီးရာ၊ ကျွန်တော်တို့က ဒီအဆင်နဲ့ ဒီအဆင်ကို သိပြီးသားတွေပါ''

ဟု ကိုဇင်က ပြောလိုက်သည်ကို ကျွန်တော်တို့တစ်ဖွဲ့လုံး အားရပါးရ ရယ်ပစ်လိုက်ကြသည်။

''ကဲ– တော်ပြီ ကိုဖြိုးရာ၊ မနောက်နဲ့တော့ ငါအတည်ပြောမလို့၊ ဒီလိုကွာ မင်းက ရှုံ့သွားတော့။ ကိုဇင်တို့က ဗန်ဒါရွက်သွားခူးလိမ့်မယ်၊ ဖယောင်းတိုင်အထုပ်တွေကိုတော့ မင်းကိုယ်တိုင် အလှူခံမဏ္ဍပ်ကိုသွားပြီး ဆရာကြီးဆီက တောင်းလိုက်၊ ပြီးတော့ ရပ်ကွက်ထဲက ကလေးတွေကိုခေါ်ပြီး မင်းတို့နဲ့အတူ မီးပုံးလုပ်နိုင်းကွာ၊ ငါက ကိုအောင်ကြီးကိုခေါ်ပြီး လျှပ်စစ်မီးကိစ္စတွေ လုပ်လိုက်မယ်၊ ညနေကျရင် မီးခွက်ထဲ ဆီလိုက်ထည့်တာတို့၊ မီးပုံးလိုက်ချိတာတို့ကို ဝိုင်းလုပ်ကြတာပေါ့''

''ကောင်းတယ် ကိုကြီး၊ ကျွန်တော်တို့ ဗန်ဒါရွက်ခူးပြီး ကလေးတွေခေါ်ခဲ့မယ်''

ကိုဇင်တို့အုပ်စု ပြောပြောဆိုဆိုဖြင့် ထသွားကြသည်။ ကျွန်တော်နှင့် ကိုဖြိုးသာ ကျန်ခဲ့ရာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး

''ကဲ–မင်းလည်း ရွှံ့သွားတုံးတော့၊ ငါလည်း ကိုအောင်ကြီး သွားခေါ်လိုက်တော့မယ်''

ကျွန်တော်တို့မြို့တွင် သီတင်းကျွတ်လပြည့်နေ့ဆိုလျှင် မိမိတို့နှင့် သက်ဆိုင်သည့် လမ်းများ၏ တစ်ဖက်တစ်ချက်(လမ်းပေခုံး)ပေါ်တွင် ဖန်ဒါရွက်မီးပုံးလေးများကို တန်းစီ၍ ထွန်းလေ့ရှိကြသည်။ ဖန်ဒါရွက်မီးပုံးဆိုသည်မှာ ရွှံ့များကို လေးထောင့်ပုံစံ ဖြစ်အောင်ထုပြီး အနားတစ်ဖက်လျှင် တစ်ရွက်နှုန်းဖြင့် စုစုပေါင်း ဖန်ဒါရွက်လေးရွက်ကို စိုက်ထားကာ ယင်းဖန်ဒါရွက်များ၏အလယ်တွင် ဖယောင်းတိုင်ကို စိုက်ထားခြင်းဖြစ်သည်။

(၁၀)

နန်းတော်ဦးစေတီ ရင်ပြင်တော်ပေါ်ရှိ လူနှစ်ယောက်သည် လျှပ်စစ်ဝါယာကြိုးများ၊ ရောင်စုံမီးသီးများ၊ မီးအလှဆင်ကြိုးများ စသည်တို့ဖြင့် အလုပ်ရှုပ်နေကြသည်။

''ကိုအောင်ကြီး ခင်များ ကျွန်တော်တို့ကိုတော့ ချစ်တီးမကျွေးခဲ့နော်''

''မင်းကလည်း ကိုယ့်ရပ်ကွက်က စေတီမို့လို့ ကုသိုလ်ယူပါမယ်ဆိုမှပဲ''

ကိုအောင်ကြီးတစ်ယောက် ကျွန်တော်ယပ်လာသော ပစ္စည်းများကို စစ်ဆေးနေရင်းက ပြန်ပြောခြင်းဖြစ်သည်။

ကိုအောင်ကြီးသည် ကျွန်တော်တို့ ရပ်ကွက်တွင် စီးပြင်စားသည့် လူတစ်ယောက်ဖြစ်သည်။ လျှပ်စစ်မီးနှင့်ပတ်သက်၍ ပြင်ချင်၊ တပ်ချင်၊ ဖြုတ်ချင်လျှင် ကျွမ်းကျင်သည့် သူ့ကိုခေါ်ရသည်။ ရောင်စုံမီးအလှဆင်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်နေသူဖြစ်သည်။ အင်မတန်မှ နှမြောတွန့်တိုနဲ့ ကပ်စေးနှဲသောသူဖြစ်သည်။ တစ်ကျပ်တန်သည့်အလုပ်ကို နှစ်ကျပ်ရအောင် နွာယူတတ်သောသူ ဖြစ်သည်။

''ခုချိန်မှာ ကျွန်တော်က ခင်များရဲ့ တပည့်ပဲ၊ အဲတော့ ခင်များ ခိုင်းချင်တာခိုင်း၊ အကုန်လုပ်ပေးမယ်''

''အဲဒါဆို စေတီပရဝုဏ်ရဲ့ ထောင့်



လေးထောင့်မှာ တိုင်တွေစိုက်ပြီး သွပ်ကြိုးတန်းထားလိုက်ကွာ၊ အဲဒါမှ ရောင်စုံမီးသီးတွေ တန်းလို့ရမှာ''

''အင်း…ဟုတ်ပြီ၊ စိုက်လိုက်မယ်''

ဤသို့ဖြင့် တိုင်များစိုက်ပြီး သံကြိုးတန်းများကို တန်းလိုက်သည်။ ထိုသံကြိုးတန်းတွင် ကိုအောင်ကြီး ပြင်ဆင်ထားသော ရောင်စုံမီးသီး ဓာတ်ကြိုးတန်းကို သံကြိုးနှင့်ပူးကာ တိတ်များဖြင့် လိုက်ကပ်ကြသည်။ ထိုသို့ ကပ်လိုက်ပြီးသောအခါ နှစ်ပေစီခြား၍ တွဲလောင်းကျနေသော ရောင်စုံမီးသီးများသည် စေတီကို တစ်ပတ်ပတ်လိုက်သည့် အနေအထားသို့ ရောက်ရှိသွားခဲ့သည်။

''ကဲ…ဟော့ကောင်၊ ဒါကတော့ ပြီးသွားပြီ၊ စေတီရဲ့ စိန်ဖူးတော်ထီးပ်မှာ မာကျူရီ မီးသီးတပ်ဖို့နဲ့ မီးအလှဆင်ကြိုးတွေချိတ်ဖို့ ကျန်သေးတယ်၊ အဲတော့ အိမ်ပြန်ပြီး လှေကားယူရင်း ထမင်းစားလိုက်အုံးမယ်၊ မင်းလည်း ကိုဖြိုးအိမ်ကနေ လှေကားတစ်စင်း သယ်ထားလိုက်''

ဟု ပြောပြီး သူ၏အားကိုးရာ လက်နက်ဖြစ်သော ပလာယာကို ခါးကြားထိုး၍ ထွက်သွားလေတော့သည်။

ကိုအောင်ကြီးထွက်သွားမှ ကျွန်တော်သည်၊ ကိုဖြိုးတို့ကို သတိရသွားပြီး စေတီအုတ်တံတိုင်းပေါ်တက်၍ ကိုဖြိုးတို့အိမ်ရှေ့သို့ လှမ်းကြည့်လိုက်ရာ ကျွန်တော် မျက်လုံးပြူးသွားသည်။

သူ၏အိမ်ရှေ့တွင် ရပ်ကွက်ထဲမှ ကလေးပေါင်းစုံ ရောက်ရှိလျက်ရှိပြီး ပွဲတော်ကျင်းပနေသည့်အလားထင်ရအောင် စည်ကားလျက်ရှိသည်။ အားလုံးသည် မြေကြီးပေါ်တွင် ပယ်ပယ်နယ်နယ်ထိုင်၍ ရွှံ့များကို ထုနေသူက ထုလျက်၊ ခုတ်လာသည့် ဖန်ဒါကိုင်းများကို တစ်ရွက်ချင်း ခြွေသူကခြွေလျက်၊ ထုပြီးသော လေးထောင့်ပုံစံ ရွှံ့ပြားပေါ်တွင် ဖန်ဒါရွက်စိုက်နေသူက စိုက်လျက်၊ ဖယောင်းတိုင်စိုက်နေသူက စိုက်လျက်ဖြင့် ဆရာကြီး၏ အလှူခံမဏ္ဍပ်မှ ဖွင့်ထားသော နဂါးနီသီချင်းကို လိုက်၍ဆိုနေကြသည်။ ကိုဖြိုးနှင့် ကိုဇင်တို့သည်လည်း ကလေးများနှင့်အပြိုင် သီဆိုပျော်ရွှင်နေကြလျက် ရှိပါသည်။

(၁၁)

ကျွန်တော်နှင့် ကိုအောင်ကြီးသည် လှေကားနှစ်စင်းကို သံကြိုးဖြင့်တုပ်၍ ဆက်လိုက်ကြသည်။ ထို့နောက် လှေကားကို ထောင်၍ စေတီနှင့်ကပ်လိုက်ပြီး ကြိုးများဖြင့် ပတ်ချည်ထားလိုက်သည်။

''ကဲ…ဆရာသမား တက်လို့ရပြီ''

''ဟင်…ကိုအောင်ကြီး မတက်ဘူးလား''

''မင်းတက်လိုက်ပါကွာ၊ မင်းက လူကောင်သေးတော့ ပေါ့ပေါ့ပါးပါးနဲ့ တက်လို့ရတယ်၊ ပြီးတော့ ငါက သားနဲ့မယားနဲ့ကွ၊ တစ်ခုခုဖြစ်ရင် မလွယ်ဘူး''

''ကြော်…ထားပါတော့၊ ကျွန်တော်က တက်ပြီး ဘာလုပ်ရမှာလဲ၊ လျှပ်စစ်နဲ့ ပတ်သက်လို့ ကျွန်တော်မှ နားမလည်တာ''

''ဟာ မင်းကလည်း၊ ဘာနားလည်စရာလိုလို့လဲ၊ ငါအကုန်ဆင်ပြီးသား မင်းက တက်ချိတ်လိုက်ရုံပဲ''

''ဒါဆိုလည်း ပေး''

ဟု ဆိုကာ သူ့လက်ထဲမှ အားလုံးပြင်ဆင်ထားသော မာကျူရီမီးသီးကို လှမ်း၍ယူလိုက်ပြီး–

''ခင်များ သေချာတော့ ကိုင်ထားပေးအုံးနော်၊ ကြိုးတွေ သိပ်စိတ်မချရဘူး''

ဟု ပြောရင်း မာကျူရီမီးသီးကြီးတစ်ဖက်ဖြင့် လှေကားပေါ်သို့ ဖြည်းဖြည်းချင်း တက်သွားခဲ့ရာ လှေကားအလယ်ကျော်

ကျော်တွင် ခြေတစ်ဖက် ချော်သလိုဖြစ်လိုက်သည့်အတွက် ချွေးသီးချွေးပေါက်ကျကာ ရင်တုန်၍ မောခဲ့ရသည်။ သို့သော် သတိပြန်ကပ်၍ ဆက်တက်ခဲ့ရာ စိန့်ဖူးတော်ထိပ်နားအထိ ရောက်သွားခဲ့ပြီး ပါလာသော မာကျူရီမီးသီးကို တုန်တုန်ရင်ရင်ဖြင့် ချိတ်လိုက်ရာ အောင်မြင်သွားခဲ့သည်။ တစ်ဆက်တည်းတွင်ပင် စောင်းနေသော ထီးတော်လေးကိုပါ ပြန်တည့်ထားခဲ့လိုက်သည်။

''မော့ကောင်''

ဟု အောက်ကနေ၍ အော်ခေါ်လိုက်သည့်အသံကြောင့် ငုံ့ကြည့်လိုက်ရာ ကျွန်တော့်ကို လက်လှမ်းပြနေသော ကိုဖြိုး၊ ကိုဇင်တို့အဖွဲ့နှင့် ကလေးများကိုတွေ့ရသည်။ သူတို့သည် ဖန်ဓါတ်မီးပုံးများကို လမ်းများပေါ်တွင် လိုက်သံ၍ နေရာချထားပေးလျက်ရှိသည်။

''မော့ ငါလာပြီမော့''ဟု ပြန်ပြောပြီး အောက်သို့ပြန်ဆင်း၍ လှေကားများကို ဖြုတ်သိမ်းလိုက်သည်။

''ကိုအောင်ကြီး ပြန်တော့မှာလား''

''အေး ပြန်တော့မယ်။ ညကျမှ မိန်းမနဲ့ ကလေးတွေနဲ့ လာခဲ့တော့မယ်''

ဟု ပြောရင်း သူ့လှေကားကြီးကိုဆွဲ၍ ထွက်မည်အလုပ်တွင်-

''ဪ-ဒါနဲ့ မီးတွေဖွင့်ရင်လည်း ဂရုစိုက်ဖွင့်နော်၊ တော်ကြာ ဓာတ်လိုက်နေအုံးမယ်''

ဟု မှာပြီးထွက်သွားသည်။

ကျွန်တော်လည်း သူထွက်သွားပြီးသည်နှင့် ကျန်ရှိသည့် လှေကားတစ်စင်းကို ကိုဖြိုးတို့အိမ်ထဲကို ပြန်ထားလိုက်သည်။ ထို့နောက် ကိုဖြိုးတို့နှင့်အတူ ဖန်ဓါတ်မီးပုံးများကို လမ်းများတွင် လိုက်လံချထားသည်။ ဆီမီးခွက်များကို စေတီပရဝုဏ်အတွင်း၌ နေရာများချထားပြီး မီးစာနှင့်ဆီများ ဖြည့်ကြသည်။ ရင်ပြင်တော်ပေါ်နှင့် စေတီပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်ပြီး တံမြက်စည်းများဖြင့် လှဲကျင်းကြသည်။ ထိုအချိန်တွင် အလှူခံမဏ္ဍပ်က နောက်ဆုံးသီမ်းခါနီးအနေဖြင့်ဖွင့်သော သီတင်းကျွတ်ပြီကွယ် သီချင်းသည် လေထဲတွင်ပျံ့လွင့်လျက် ရှိသည်။

''မင်းဖုံကိုလည်း ကြည့်ပါအုံးကွာ၊ မီးရိုးရောင် သရဲကြီးကျနေတာပဲ''

ဟု ကိုဖြိုးက ကျွန်တော့်၏ ဖုန်တက်နေသော ခန္ဓာကိုယ်ကို နောက်ပြောင်သည်။ ကျွန်တော်ကလည်း အသားအနည်းငယ်မဲသော ကိုဖြိုး၏ခန္ဓာကိုယ်တွင် ဖုံများပေနေပုံကို-

''အမလေး . . .ပြောရှာတယ်၊ ဖုံနဲ့အလှဆင်တဲ့ မီးသွေးတုံးက''

ထိုသို့ ကျွန်တော်နှင့်ကိုဖြိုး စနောက်နေကြစဉ် ကိုဇင်က

''ကိုကြီး ကျွန်တော်တို့ ရေသွားချိုးလိုက်တော့မယ်၊ ပြီးမှ ပြန်လာခဲ့မယ်''

''အေး . .အေး သွား၊ ငါတို့လည်း သွားတော့မှာ''

နေမင်းကြီးသည် အနီရောင်သန်းနေသော မကောင်းကင်ကြီးကို လက်ပြနှုတ်ဆက်နေပြီ ဖြစ်သကဲ့သို့ နန်းတော်ဦးစေတီ၏ အလှူခံမဏ္ဍပ်ကလေးလည်း သိမ်းဆည်းနေ၏။ မြို့ကလေးရှိ အသွားအလာများသည်လည်း ရုတ်ရည်းဆိုသကဲ့သို့ အားလုံ အလျှိုလျှို ပျောက်ကွယ်သွားကြကုန်၏။ ပျောက်ကွယ်နေခြင်းသည် အချည်းနှီးမဟုတ်၊ ရှေ့တိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်သည့်သဘောပင်ဖြစ်သည်။ မကြာမီတွင် အမှောင်ကိုခွင်းပြီး အလင်းဆောင်မည့် လမင်းကြီးပေါ်ထွက်လာမည်။ ထိုသို့ ပေါ်ထွက်လာလျှင် စောစောက အလျှိုလျှိုပျောက်ကွယ်သွားကြသောသူများအားလုံး ပြန်ထွက်လာကြလိမ့်မည်။

(၁၂)

ကျွန်တော်၊ ကိုဖြိုး၊ ကိုဇင်တို့အားလုံးသည် အဖြူရောင်လည်ကတုံးအင်္ကျီများကို တိုင်ပင်မထားဘဲ ဝတ်ဆင်ခဲ့ကြ၍ တူညီဝတ်စုံဖြစ်၍ နေပေသည်။ ကျွန်တော်တို့သည် စေတီတော်၏ မုခ်ဦးအရှေ့တွင် မှောင်သွားမည့် အခြေအနေတစ်ခုကို စောင့်ဆိုင်းလျက်ရှိသည်။ ကျွန်တော်တို့နှင့်အတူ ရပ်ကွက်ထဲမှ ကလေးများလည်းရှိနေသည်။

ထိုအချိန်တွင် ကိုဖြိုးတို့အိမ်ဘက်မှ လမ်းလျှောက်လာနေကြသော ကိုဇော်ကြီးတို့ အဖွဲ့ကို တွေ့လိုက်ရသည်။ သူတို့နှင့်အတူ ဆရာကြီးဦးသိန်းအောင်လည်း ပါသည်။ ဆရာကြီးက ရှေ့ဆုံးမှဦးဆောင်၍ ကိုဇော်ကြီးက ဆရာကြီးသောမှ စကားတပြောပြောဖြင့် လိုက်ပါနေခြင်းဖြစ်ပြီး ကျွန်တော့်

သည့် သူများက နောက်မှလိုက်လျက်ရှိသည်။ သူတို့အဖွဲ့သည်လည်း အဖြူရောင်လည်ကတုံးများဖြင့်ပင်။

''ကိုကျော်ရေ- မင်းတို့နဲ့အတူ ပါဝင်ချင်လို့တဲ့၊ ငါကတော့ ဒီကောင်တွေနဲ့ စကားပြောပြီးပြီ၊ ဆုံးမစရာရှိတာလည်း ဆုံးမပြီးပြီ၊ မင်းတို့တွေ ခဏစကားပြောနေကြအုံး ငါ ဘုရားရှိခိုးလိုက်အုံးမယ်''

ဆရာကြီးသည် ကျွန်တော်တို့နှင့် ခြေလှမ်း ၁၀ လှမ်းခန့်အကွာကတည်းကပင် အသံကျယ်ကျယ်ဖြင့် ပြောလာပြီး၊ ကျွန်တော်တို့ကို ဖြတ်သန်းကာ စေတီရင်ပြင်တော်ဘက်သို့ ထွက်သွားခဲ့သည်။ ကိုဇော်ကြီးတို့အဖွဲ့မှာ မုခ်ဦးအရှေ့တွင် ကျွန်တော်တို့နှင့်အတူ ကျန်နေခဲ့သည်။ ကိုဖြိုးနှင့် ကိုဇင်တို့ကတော့ သိပ်မကြည်၍ မျက်နှာလွှဲနေကြသည်။ ကျွန်တော်ကတော့ သူတို့အဖွဲ့ကို သေသေချာချာကြည့်၍ အကဲခတ်လိုက်သည်။ အားလုံးမှာ လည်ကတုံးအင်္ကျီအဖြူလေးများဖြင့် သပ်သပ်ရပ်ရပ်ရှိလှသည်။ ထိုစဉ် ကိုဇော်ကြီးသည် ခေါင်းကိုငုံ့ထားရာမှ မော့လိုက်ပြီး-

''ကိုကျော်၊ ငါ အရင်တုန်းကကိစ္စတွေအတွက် တောင်းပန်ပါတယ်၊ ငါ သေချာပြန်စဉ်းစားကြည့်တော့ မင်းပြောတာ မှန်တယ်ကွ၊ ငါတို့တွေက အပျင်းပြေအလုပ်လုပ်ပြီး ကိုယ့်အတွက် အမြတ်ထုတ်ခဲ့ကြတယ် ဆိုတာလေ''

''အဲဒါတွေ ထားလိုက်ပါတော့၊ ကျွန်တော့် စိတ်ထဲမှာလည်း ဘာမှမရှိတော့ဘူး''

''အေးပါ၊ ထားဆိုလည်း ထားလိုက်ပါ့မယ်၊ ဒါပေမဲ့ကွာ ငါတို့က မှားထားတဲ့လူတွေဆိုတော့ ပြင်ဆင်ခွင့်တော့ ပေးစေချင်တယ်၊ မင်းမှတ်မိအုံးမလားမသိဘူး၊ မင်းတို့တွေ အလုပ်ပြန်လုပ်တဲ့အချိန်တုန်းက ငါ ကြည့်ကြည့်နေတာကိုလေ၊ အဲဒါက အမှန်တော့ မင်းကိုတောင်းပန်ချင်လို့၊ ဒါပေမဲ့ မတောင်းပန်ဖြစ်ခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့မာနက ငါ့ကိုအနိုင်ယူနေလို့''

သူ ခေါင်းပြန်ငုံ့သွားပြီး သက်ပြင်းအရှည်ကြီးတစ်ချက် ချလိုက်သည်။ သူ့ကို ကိုဖြိုးနှင့် ကိုဇင်တို့လည်း စိတ်ဝင်တစားဖြင့် ကြည့်နေကြသည်။ ခဏအကြာတွင် ခေါင်းကိုပြန်မော့၍

''ဒီနေ့ နန်းတော်ဦးစေတီကိုလာဖူးတဲ့

သူတွေကို မုန့်ဟင်းခါးကျွေးဖို့အတွက် အား လုံး ပြင်ဆင်ပြီးသွားပြီ၊ အဲဒီအတွက် ငါတို့ တွေ ဘယ်သူဆီကမှ အလှူငွေကောက်မ ထားဘူး၊ မင်းတို့တွေ အလုပ်ပြန်လုပ်တဲ့နေ့ ကစပြီး ငါတို့တွေရဲ့ မုန့်ဖိုးပဲဖိုးတွေကို စု ထားကြတယ်၊ အဲဒီ စုထားတဲ့ငွေတွေနဲ့ ဒီ နေ့ မနက်ကတည်းက ငါတို့ကိုယ်တိုင် ချက် ထားကြတာ''

''ညော်…အဲဒါကြောင့်မို့လို့ ခင်များ တို့တစ်ဖွဲ့လုံး ပျောက်နေကြတာကိုး''

ဟု ကိုငြိမ်းက ဝင်ပြောသည်။

ကျွန်တော်တို့အားလုံး တိတ်ဆိတ်ငြိမ် သက် သွားကြပြီး အပြုံးကိုယ်စီဖြင့် မျက်လုံး ချင်း စကားပြောလိုက်ကြသည်။ ခဏ အကြာတွင် ကျွန်တော် ကိုဇော်ကြီး၏ လက် မောင်းကို လှမ်းဖျစ်လိုက်ပြီး–

''ကျွန်တော်ဝမ်းသာလိုက်တာ၊ အစော ကြီးကတည်းက ဒီလို စုစည်းစည်းလေး ဖြစ်ချင်ခဲ့တာ''

ဟု ပြောလိုက်သည်။ ထိုစဉ်…

''ဟေ့ကောင်တွေ၊ တော်တော်မှောင် နေပြီဟ၊ မီးမထွန်းကြသေးဘူးလား''

ဟု ဆရာကြီးက ရင်ပြင်တော်ပေါ်မှ လှမ်းအော်ပြောလိုက်ခြင်းဖြစ်သည်။

''ဟုတ်သားပဲ မှောင်နေပြီ၊ ကိုဇော် ကြီး ခင်များတို့က မုန့်ဟင်းခါးကျွေးမှာဆို၊ သွားယူတော့လေ၊ ကျွန်တော်တို့လည်း မီး လိုက် ထွန်းတော့မယ်''

(၁၃)


နန်းတော်ဦးစေတီတော်၏ စိန်ဖူးတော် ထိပ်ရှိ မာကျူရီမီးအလင်းရောင်သည် ကောင်းကင်တွင်ထွန်းလင်းနေသော လမင်း ကြီးနှင့်အပြိုင် အံတုလျက်ရှိသည်။ စေတီ တော်ကို ဝန်းရံထားသည့် ရောင်စုံမီးသီးများ နှင့် မီးဆိုင်းကြိုးများ၏ လှုပ်ရှားယိမ်းနွဲ့နေ သောအလှကလည်း စေတီတော်ကို ဖူးမြော် ရန် ဖိတ်ခေါ်လျက်ရှိသည်။ စေတီတော်၏ အုတ်တံတိုင်းနှင့် မုခ်ဦးများပေါ်တွင် စီရရီ ထွန်းထားသည့် ဆီမီးအဝါရောင်များက လည်း လမင်းကြီးကို ကျည်းရှုထောက်ပံ့မှု ပေးနေသည်။ စေတီမုခ်ဦးရှေ့ရှိ လမ်းများ ပေါ်တွင် တန်းစီ၍ထွန်းထားသော ဖန်အိ ချောက် မီးပုံးလေးများမှာ ကျောက်စိမ်းတုံးများ ကို စီထားသကဲ့သို့ လှပတင့်တယ်နေသည်။

ထို မီးပုံးလေးများက ဘုရားဖူးလာသူများ ကို ခရီးဦးကြိုဆိုလျက်ရှိသည်။ စေတီတော် ၏ အရှေ့မြောက်ထောင့်ရှိ ဇရပ်လေးနား တွင်လည်း မုန့်ဟင်းခါးစားနေသူများဖြင့် စည်ကားနေသည်။ စေတီတော်အနီးမှ ဖြတ် သွားသူမှန်သမျှသည်လည်း ''သာပြီယ်လိုက် တာ''ဟု တဖွဖွပြောကာ ကြည်ညို၍ ဝင် ရောက်ဖူးမြော်ကြလျက် ရှိသည်။

ဤသို့ဖြင့် နန်းတော်ဦးစေတီတော်၏ ဂုဏ်သတင်းမှာ ညတွင်းချင်းပင် ပျံ့နှံ့သွား ပြီး အခြားရပ်ကွက်များကပါ လာရောက် ဖူးမြော်ကြသည့်အတွက် ရင်ပြင်တော်ပေါ် တွင် ဘုရားရှိခိုးရန် နေရာလပ်မရှိအောင် ကျိတ်ကျိတ်တိုး စည်ကားခဲ့ပါသည်။

(၁၄)

သီတင်းကျွတ်လပြည့်နေ့၏ သန်းခေါင် ယံ အချိန်သို့ ရောက်ရှိခဲ့ပြီ၊ ဘုရားဖူးလာ သူများလည်း မရှိသလောက် နည်းပါးသွား ပြီ။ ထွန်းထားသော ဆီမီးများသည်လည်း မီးစာကုန် ဆီခန်းပြီဖြစ်သည့်အတွက် အချို့ မှာ မှိတ်တုတ်မှိတ်တုတ်ဖြစ်နေပြီ၊ အချို့မှာ လုံးဝငြိမ်းသွားလျက်ရှိသည်။ လမ်းများတွင် ထွန်းထားသော ဖန်အိုချောက်မီးပုံးများသည် လည်း မီးငြိမ်းသွားပြီဖြစ်သည့်အတွက် ရပ်



ကွက်အတွင်းမှ ကလေးများက လိုက်လံ သိမ်းဆည်းနေကြသည်။

ထိုအချိန်၌ ကြက်ခြေခတ် လမ်းဆုံ တည့်တည့်တွင် လူအုပ်တစ်စု မတ်တပ်ရပ် ၍ နန်းတော်ဦးစေတီတော်ကို အချို့က ပြုံး တုံ့ပြုံးတုံ့ လုပ်နေသည်။ အချို့က အင်မတန် အားရကျေနပ်လှသော မျက်နှာထားမျိုးဖြင့် ဖြစ်နေသည်။ အချို့က သီတင်းကျွတ် လပြည့်နေ့၏ နှစ်လိုဖွယ်ကောင်းသော နန်း တော်ဦးစေတီရှခင်းကို တစ်မှိန်မှိန်ခံစားနေ သည်။ လူအုပ်စုထဲတွင် ကျွန်တော်၊ ကိုငြိမ်း၊ ကိုဇင်တို့နှင့် ကိုဇော်ကြီးတို့အဖွဲ့အပြင် ဆရာ ကြီးလည်း ပါဝင်သည်။

''မင်းတို့တွေ ဒီလောက်နဲ့ ကျေနပ် မနေကြနဲ့အုံး၊ မင်းတို့တွေကငယ်သေးတယ်၊ နောင်ကျရင် တစ်နယ်တစ်ကျေးကို သွားကြ ရွှေ့ကြရအုံးမှာ၊ အဲတော့ ရပ်ကွက်ထဲက လူ ငယ်တွေကို မင်းတို့လိုလူငယ်တွေဖြစ်အောင် လက်ဆင့်ကမ်းခဲ့နိုင်မှ နန်းတော်ဦးစေတီဟာ အစွန့်ရှည်တည်တံ့ပြီး သီတင်းကျွတ်လပြည့် နေ့ရောက်တိုင်း ဆီမီးတွေနဲ့ ထိန်ထိန်ညီးနေ လိမ့်မယ်၊ ပြီးတော့ မင်းတို့တွေ ဘယ်နေရာ၊ ဘယ်ဌာနကိုရောက်ရောက် အများအတွက် လုပ်ပြီဆိုတာနဲ့ ကိုယ့်အတွက် လုံးဝမပါကြ စေနဲ့၊ ကုသိုလ်ယူတဲ့နေရာမှာလည်း အကု သိုလ် လုံးဝမဖြစ်စေကြနဲ့''

ဆရာကြီး ဦးသိန်းအောင်က ကျွန် တော်တို့ကို ဆုံးမနေခြင်းဖြစ်သည်။ ဆရာ ကြီးက ဆက်၍…

''မင်းတို့တွေ ဆယ်တန်းနှစ်တုန်းက သင်ခဲ့ရတဲ့ **ဆရာဇော်ဂျီ** ရဲ့ **သင်သေသွား သော်**ဆိုတဲ့ ကဗျာကို မှတ်မိကြသေးလား''

''ဟုတ်ကဲ့၊ မှတ်မိပါတယ် ဆရာကြီး''

ဟု ကျွန်တော်တို့အားလုံးက ဆရာ ကြီးအလိုကျသို့လည့်၍ ပြိုင်တူပြောလိုက်ကြ သော်လည်း ဆရာကြီးကမူ စေတီကိုသာ မျက်နှာမူလျက်ရှိသည်။

''အေး…အဲဒါဆိုရင် အဲဒီကဗျာရဲ့ နောက်ဆုံးအပိုဒ်လေးကို ရွတ်လိုက်ကြစမ်း ကွာ''

သင်ဦးချ၍ အလှူဝေရာ
စေတီသာနှင့် သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း၊
ပြောင်လျက် ဝင်းလျက် ကျန်စေသတည်း။

**မင်းထက်မြိုင်**



# ထူးချွန်ထက်မြက်လိုသူများအတွက်

## လက်ဆောင်မွန် 01

ကိုတေ(ပထဝိဝင်)

ထူးချွန်ထက်မြက်လိုသူများအတွက် စာပေရေးသားရာတွင် အစပျိုးရေးသားရသော နိဒါန်းအကြောင်းကို အတော်အသင့် ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ယခုဆက်ပြီးတော့ စာပေရေးသားမှု အမျိုးမျိုး အကြောင်းကို အတော်အသင့် သိရှိစေရန်နဲ့ ဗဟုသုတ ရရှိ စေရန် ရှင်းပြပေးမှာဖြစ်တယ်။

စာပေရေးသားမှု အမျိုးမျိုးရှိတယ်။ ဒါတွေကတော့-

၁။ စာမေးပွဲဖြေဆိုမှုဆိုင်ရာ အရေးအသား
၂။ စာပေးစာယူဆိုင်ရာ အရေးအသား
၃။ စာစီစာကုံး အရေးအသား
၄။ ကဗျာလင်္ကာ အရေးအသား
၅။ အစည်းအဝေးမှတ်တမ်းဆိုင်ရာ အရေးအသား
၆။ ဝတ္ထုဇာတ်ကြောင်း အရေးအသား
၇။ သုတေသနစာတမ်း အရေးအသား
၈။ ဓါဒဖြန့်ဆိုင်ရာ အရေးအသား
၉။ သတင်းဆိုင်ရာ အရေးအသား
၁၀။ ရသစာပေ အရေးအသားတို့ဖြစ်တယ်။

စာမေးပွဲဖြေဆိုမှုဆိုင်ရာ အရေးအသားမှာ လိုရင်းအချက်ကိုသာ အကျဉ်းချုပ်၍ ပြည့်စုံစွာရေးသားရခြင်း ဖြစ်တယ်။ စာမေးပွဲဖြေဆိုရာတွင် ရေးသားရမည့်အချိန်ကို ကန့်သတ်ထားတာကြောင့် အဓိကအကြောင်းအချက်များသာ ပြည့်စုံစွာပါဝင်နိုင်အောင် ကြိုးစားအားထုတ်ရေးသားရပေမည်။

စာပေးစာယူဆိုင်ရာ အရေးအသားတွင် အောက်ပါအချက်များနှင့် ကိုက်ညီအောင် ရေးသားရပေမည်-

၁။ လျော်ကန်သော မိတ်ဆက်ခေါင်းစဉ်တပ်ခြင်း
၂။ နေ့စွဲ၊ လိပ်စာများကို မှန်ကန်စွာတပ်ခြင်း
၃။ စာကိုယ်ကို လိုရင်းအချက်များ၊ ပြည့်စုံစွာရေးသားခြင်း
၄။ နိဂုံးစကားများကို သင့်မြတ်စွာရေးသားခြင်း
၅။ စာရေးသူ၏အမည်ကို ပီသစွာရေးသားခြင်း

စာစီစာကုံး အရေးအသားကိုတော့ ယခင်ကလည်း အတော်အသင့် ရှင်းပြထားပြီး ဖြစ်တယ်။ ယခုကတော့ အဓိကတင်ပြချက်များဖြစ်တဲ့ ရိုးရိုးတင်ပြခြင်းနဲ့ ဝေဖန်သုံးသပ်တင်ပြခြင်း အမှုနှစ်မျိုးကိုသာ အနည်းငယ်ရှင်းပြချင်တယ်။ ရိုးရိုးတင်ပြခြင်းမှာ အကြောင်းအရာ ဖြစ်စဉ်ဖြစ်ရပ်များကို သဘာဝအတိုင်း တင်ပြခြင်း

ဖြစ်ပြီး ဝေဖန်သုံးသပ် တင်ပြခြင်းကတော့ အကြောင်းအရာကို မှီး၍ ဆိုးကြောင်း၊ ကောင်းကြောင်းများကို ဝေဖန်သုံးသပ်တင်ပြခြင်းပင် ဖြစ်တယ်။ ဒီရေးသားချက် နှစ်ရပ်စလုံးတွင် ကိုယ်ပိုင်ထင်မြင်ယူဆချက်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဖော်ပြခြင်းပင်ဖြစ်တယ်။

ကဗျာလင်္ကာ ရေးသားမှုမှာတော့ လိုက်နာကျင့်ဆောင်ရမည့် စည်းကမ်းချက်များစွာ ရှိပါတယ်။ ကဗျာရေးဖွဲ့မှုဆိုင်ရာ စည်းကမ်းများ၊ တေးထပ်ရေးဖွဲ့မှုဆိုင်ရာ စည်းကမ်းများ၊ ရတု၊ ရကန် ရေးဖွဲ့မှုဆိုင်ရာ စည်းကမ်းများ စသည်ဖြင့် သတ်မှတ်ချက်စည်းများ ရှိကြပါတယ်။ စည်းကမ်းဥပဒေအပြည့်အစုံများကိုတော့ ကဗျာလင်္ကာ ရေးစပ်နည်းကျမ်းများတွင် ဆက်လက်လေ့လာကြပါလို့ တိုက်တွန်းပါရစေ။

အစည်းအဝေးမှတ်တမ်း ရေးသားရာတွင် သတိပြုရမည့်အချက် ၅ ချက်ရှိပါတယ်။

၁။ အစည်းအဝေးအမည်
၂။ အစည်းအဝေးတက်ရောက်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်း
၃။ အစည်းအဝေးကျင်းပရာ ဒေသ
၄။ အစည်းအဝေးကျင်းပသော ရက်စွဲ
၅။ အစည်းအဝေးမှ ချမှတ်သော ဆုံးဖြတ်ချက်များ

စသည့် အချက်များနဲ့ ပြည့်စုံပါဝင်မှသာ အစည်းအဝေးမှတ်တမ်းတစ်စောင် ရရှိပေမည်။

ဝတ္ထုဇာတ်ကြောင်းများ ရေးသားရာတွင်လည်း အောက်ပါအချက် ၅ ချက်ကို သတိပြုရေးသားရပါတယ်။

၁။ နိဒါန်းပျိုးခြင်း
၂။ ဇာတ်အိမ်ဖွဲ့ခြင်း
၃။ ဇာတ်ကွက်ဖော်ခြင်း
၄။ ဇာတ်သားပေးခြင်း
၅။ ဇာတ်သိမ်းခန်းတို့ ဖြစ်ပါတယ်။

နိဒါန်းပျိုးရာတွင် ဇာတ်ကြောင်းတွင် ပါဝင်မည့် ဇာတ်ကောင်များနှင့် သူတို့အကြောင်းကို မိတ်ဆက်ပေးခြင်းဖြစ်တယ်။ ဇာတ်အိမ်ဖွဲ့ရာတွင် ဇာတ်ကောင်များ၏ ဆက်စပ်မှုများကို ဖော်ပြပေးခြင်းဖြစ်တယ်။ ဇာတ်ကွက်ဖော်ရာတွင် ဇာတ်ကောင်များ တွေ့ဆုံဆက်စပ်ရာတွင် ဖြစ်ပေါ်လာသော အကြောင်းအချက်များအရ ညီညွတ်သော အစီအစဉ်အဆက်အစပ်များဖြင့် ဖော်ပြခြင်းဖြစ်တယ်။ ဇာတ်သားပေးရာတွင် ဇာတ်ကွက် တစ်ကွက်ကိုဖြစ်စေ၊ ကကွက်တစ်ကွက်ကိုဖြစ်စေ အမြင့်ဆုံး အထွတ်အထိပ်သို့ရောက်အောင် စီမံရေးသားခြင်းဖြစ်တယ်။ ဇာတ်သိမ်းခန်းသည် နိဒါန်းပျိုးလာသည်မှအစ ဇာတ်သားပေးခန်းအထိ အစီအစဉ်အဖြစ်အပျက်များ၊ ပဋိပက္ခမှုများကို ပြေလည်သင့်တင့်သွားစေခြင်းပင်ဖြစ်တယ်။

ဇာတ်ကြောင်းဝတ္ထုရေးသားမှုတွင် တွေ့ကြုံ ဆုံကွဲ၊ ချစ်မုန်းကြိုက်မှု၊ အသောအလွမ်းကဲ့သို့သော အခန်းများ ဖွဲ့နွဲ့ရေးသားရခြင်းဖြစ်တယ်။ ယင်းရေးသားရသော ဇာတ်ဝင်ခန်းများကို ရေးသားရာတွင် တစ်ခန်းနဲ့တစ်ခန်း၊ တစ်ကွက်နဲ့တစ်ကွက်ကို ရှုချင်စဖွယ်ဖြစ်အောင် လျော်ကန်သင့်မြတ်သော ပိုင်းခြားမှုများဖြင့် ရေးသားရန် အလွန်အရေးကြီးပါတယ်။

အခုဆိုရင် စာပေရေးသားမှု အမျိုးမျိုးအနက်က အချို့ကို အကျဉ်းချုံး၍ အတော်အသင့် သိရှိစေရန် ဖော်ပြခဲ့ပြီးဖြစ်တယ်။ ပိုမိုတတ်သိ နားလည်အောင် သက်ဆိုင်ရာ စာပေကျမ်းစောင်များတွင် တိုးချဲ့လေ့လာကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျန်စာပေရေးသားမှု အချက်များကိုလည်း အခြေအနေ အချိန်အခါရ ဆက်ဖော်ပြပေးပါ့မယ်။ ဒါကြောင့် ထူးချွန်ထက်မြက်လိုသူတိုင်း ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ၊ တုပရေးသားကြပါလို့ မှာကြားရင်း ထူးချွန်ထက်မြက်သော ဆေးကျောင်းသားလေး(ယခုဆရာဝန်) မောင်ငြိမ်းချမ်းဝင်းရဲ့ စာစီစာကုံးတစ်ပုဒ်ကို ဖော်ပြပေးလိုက်ပါတယ်။

❖ ❖ ❖ ❖ ❖ ❖

# မူးယစ်ဆေးဝါး တို့ရှောင်ရှား



ကျွန်ုပ်တို့သည် ဖျားခြင်း၊ နာခြင်း၊ ရောဂါခံစားရပါက ဆေးဝါးမှီဝဲရ၏။ ဆေးဝါးက ရောဂါပျောက်စေသည်။ အသက်ကို ချမ်းသာစေ၏။ ဆေးဝါးသည် လူတို့၏ ကျေးဇူးရှင်ပင်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးဆိုသည်မှာလည်း မူလစင်စစ် ဆေးဝါးပင်ဖြစ်ပါ၏။ မူးယစ်ဆေးဝါးဆိုရာတွင် ဆေးခြောက်၊ ဘိန်း၊ ဘိန်းဖြူ၊ ကိုကင်း၊ ပက်သဒင်း၊ မော်ဖင်းနှင့် ဖင်စီဒိုင်း စသည်တို့ ပါဝင်ပါသည်။ ပက်သဒင်း၊ မော်ဖင်းတို့မှာ ခွဲစိတ်ကုသရာတွင် နာကျင်မှုသက်သာစေရန်သုံးသော ဆေးများ ဖြစ်ပါသည်။ မူးယစ်ဆေးကို ဆေးဝါးအဖြစ်သုံးလျှင် အကျိုးရှိပါသည်။ ''တန်ဆေး လွန်ဘေး'' ဆိုသကဲ့သို့ အလွန်အကျွံ သုံးလျှင်ကား အကျိုးယုတ်ကာ အမျိုးပါပြုတ်နိုင်ပါသည်။ ဘိန်းဖြူ



စွဲသည့် ဗိုးငေးဲတို့က မူးယစ်ဆေးအဖြစ် သုံးစွဲကြသောအခါ သက်ကယ်ဆေးမှ သေဆေးဘဝသို့ ရောက်ရတော့သည်။

''ဘိန်းဘင်းကဖော်၊ လော်စာသောက်စား၊ ပြည်သူများ၊ စီးပွားပျက်မည်မှတ်''ဟု ဆိုးမစကားရှိခဲ့ပါသည်။ မူးယစ်စေတတ်သည့် အရာမှန်သမျှ ဘာမျှမကောင်းပါ။ အရက်လည်းပါဝင်သည်။ အရက်မူးလျှင် ခေတ္တမူးခြင်းပင်ဖြစ်၏။ အရက်က အရူးက်ရစေ၏။ ယာယီအားဖြင့် လူစိတ် ကင်းကွာသွားတတ်၏။ ဟီရိုးပြတ္တုပွတရား မရှိတော့။ အရက်မူးသော ဗိုးမောင်မောင်သည် ဖင်ပြောင်ကြီးနှင့် ကလို ကၐ။ ရှေးနိပါတ်ဇာတ်တော်တွင် သေရည်မူးသောဘုရင်သည် သားကိုသတ်၍ အရက်မြည်းမိသည်အထိ မှားခဲ့မိ၏။ ကဖော်ကို ပျော်စရာထင်ခဲ့သော တပင်ရွှေထီးသည် ရာဇဝင်မှာ အမည်းစက်ထင်ခဲ့ရ၏။ ''လူကိုဖျက်အရက်''ဖြစ်သဖြင့် ဘုရားရှင်ကိုယ်တိုင်က ငါးပါးသီလတွင် ''သုရာမေရယျ မဇ္ဇပမာဒဋ္ဌာန''ဟု တားမြစ်ခဲ့ပါသည်။

မူးယစ်ဆေးတွင် အန္တရာယ်အကြီးဆုံးကား ဘိန်းဖြူခေါ် ဟီးရိုးအင်း ပေတည်း။ ဘိန်းဖြူဆိုသည်မှာ ဘိန်းစိမ်းကို သိပ်သည်းဆ ၅၀ ချုံ့ထားသော အဆိပ်ပြင်းဖြစ်၏။ ဘိန်းဖြူသည် အလွန်အားကောင်းသော ငရဲမီးနှင့်တူသည်။ အသားတုံးပေါ်သို့ ဘိန်းဖြူမှုန့်ဖြူးကြည့်လိုက်စမ်းပါ။ အသားတုံးသည် ချက်ချင်းပြာနှမ်းသွား၏။ နောက် အက်ကွဲလာသည်။ ကိုင်လိုက်သောအခါ အသားတွေပွဲကျကုန်၏။ အပိုင်းပိုင်းပြတ်သွား၏၊ ကြောက်စရာ ဘိန်းဖြူပေတကား။

ဘိန်းဖြူဘီလူးကား ယနေ့ လူငယ်ထုကို ခြိမ်းခြောက်လျက်ရှိပေပြီ။ လူငယ်ဆိုသည်ကလည်း အဆန်းမြင်လျှင် စမ်းချင်ကြ၏။ အသစ်မြင်လျှင် ချစ်ချင်ကြ၏။ ''ဘိန်းဖြူအစ ဆေးလိပ်က''ဟု ဆိုသင့်သည်။ ''အတုမြင် အတတ်သင်''ရာမှ အချို့လူငယ်တို့သည် စီးကရက်သောက်ကြ၏။ နောက် ဘိန်းဖြူမှုန့် နည်းနည်းထည့်၍ စမ်းသောက်ကြည့်သည်။ ဘိန်းဖြူသည် ရှူမိလျှင်စွဲစေ၏။ ဦးနှောက်ကို မူးယစ်ရီဝေ ထုံထိုင်းစေပြီး တဖြည်းဖြည်း စိတ်ကူးယဉ်ကမ္ဘာလေးထဲ ခေါ်ဆောင်သွားတတ်သည်။ မျက်စိကလေး မှိန်းကာမှိန်းကာဖြင့် အလုနတ်သမီးကလေးနှင့် ပျော်မွေ့နေတော့သည်။ သူတွေ့သည်ကား ဘာရေဘီမဟုတ်၊ မယ်ကုဝဏ်သာတည်း။ ဤသို့ဖြင့် ဆေးမှိုင်းမိကာ ဆေးဝက်ပါထဲက ရုန်းမထွက်နိုင်တော့ဘဲ တပ်မက်စွဲလန်း၊ အာသာငမ်းငမ်းဖြစ်၍ သေပန်းပွင့်ကာ နောက်ဆုံးတွင် မဟာဒုက္ခတွင်းဆုံး ကျရပါတော့သည်။

မူးယစ်ဆေးသည် ပျားရည်ဆမ်းသော အဆိပ်ဖြစ်၏။ သင်တုန်းဓားထက်က ပျားရည်စက်ကို လျက်နေရသကဲ့သို့ အန္တရာယ်ကြီးလှသည်။ တဒင်္ဂအရသာကလေးကို အသက်တစ်ချောင်းနှင့် အရောင်းအဝယ်ပြုနေခြင်းပင်ဖြစ်သည်။ ဗိုးစွဲသူသည် စပါးကြီးမြွေ အညှို့ခံရသကဲ့သို့ ရုန်းမထွက်နိုင်တော့ဘဲ သေမင်းပါးစပ်သို့ အလိုလိုရောက်သွားတော့သည်။

ဘိန်းဖြူစားလျှင် စွဲ၏။ အချိန်ကျ၍မှ မရှူ၊ မစားရလျှင် ''ကိုက်ခဲနာကျင်၊ စားမဝင် အိပ်မပျော်၊ အော့အန်ဝမ်းပျက်၊ ကြက်သီးလည်းထ၊ မျက်ရည်ကျ၍ စိတ်လည်းချောက်ချား၊ တသမ်းဝေဝေ''ခံစားရပါလေတော့သည်။ ဘိန်းဖြူမရှူရလျှင် အရူးလိုဖြစ်လာသည်။ လူစိတ်ပျောက်၍ စိတ်ရိုင်းပေါက်လာသည်။ ဘိန်းဖြူရရန် ငွေလိုသည်။ မရ ရသည့်နည်းဖြင့် ရှာမည်။ ဒိုးရဲ့လုရဲ့



သတ်ရဲသည်အထိ ရဲသုံးရဲကို ကျူးလွန်လာသည်။ အသနားခံနေသော မိခင်အရင်းကိုသော်မှ ''ခင်များကြီး ကျုပ်တောင်းတာ ပေးရင်ပေး''ဟု ဘိန်းဖြူသရဲစီးကာ အနုကြမ်းစီးလာသည်။ ဆွေမျိုးမိဘ အရှက်ရ၏။ စီးပွားပျက်၏။ ဆိုဆုံးမ၍ မရတော့သော ဘိန်းဖြူ သားကောင်အား စိတ်ရောဂါဆေးရုံ၊ သို့မဟုတ် ရဲစခန်းသို့ အပ်ရသောအခါ သံတိုင်ကြားက ဘိန်းဖြူသားကို မိဘများမြင်လျှင် ရင်ကွဲရလေသည်။

ဘိန်းဖြူကို ရှူရုံဖြင့် အားမရနိုင်ဘဲ အကြောထဲသို့ အပ်စိုက်သွင်းခြင်းဖြင့် ကုရာနတ္ထိ ဆေးမရှိသည့် အေအိုင်ဒီအက်စ် ရောဂါဆိုးကြီး ရနိုင်သည်။ ဘိန်းဖြူစည်းစိမ်ဖြင့် ဇိမ်ယစ်နေသော ဖိုးငနဲ ကို သစ်ပင်ပေါ်က ဥင်းတကက သွားရည်တမြားမြားဖြင့် စောင့်ကြည့်နေလေသည်။ ဘိန်းဖြူဘီလူးကလည်း ဖိုးသမားဆိုလျှင် အရိုးအသားပါ ဝါးချင်နေတော့သည်။

မူးယစ်ဆေးသည် နယ်ချဲ့၏စစ်အေးလက်နက်နှစ်မျိုးဖြစ်၏။ ဘိန်းသည် တရုတ်ပြည်၏ အတိတ်သမိုင်းတွင် အဆိပ်ရှိန်းဖြစ်ခဲ့ဖူးသည်။ နယ်ချဲ့တို့သည် တရုတ်လူမျိုးတို့အား ဘိန်းမှိုင်းတိုက် အားလည်းကုန်ခန်း၊ စိတ်လည်းနွမ်းမှ ဖွဲ့ခြမ်းစိတ်ဖြာပြီး ကျွန်ဖာတ် သွင်းခဲ့သည်။ ''ဘယ်သူသေသေ၊ ငတေမာပြီးရော'' ဆိုသည့် ဝိသမလောဘ စီးပွားရေးသမားများကလည်း နိုင်ငံအနှံ့ ဘိန်းဖြူဖြန့်၍ သေဘေးကို တိုက်ကျွေးနေကြပါသည်။

လူတို့သည် စစ်ကိုမုန်း၏။ စစ်က ပြောင်တိုက်ခြင်းဖြင့် ရှောင် လျှင်ရ၏။ မူးယစ်ဆေးဝါးကား လူသားတို့ကို တဖြုတ်ဖြုတ်နှင့် ခြုံပုတ်တိုက်ပွဲ ဆင်နေခြင်းဖြစ်ပါသည်။ ဘိန်းဖြူသည် အသံတိတ် လူသတ်သမားဖြစ်၏။ ဘိန်းဖြူနှင့် ကျွံမိလျှင် လွတ်လမ်းမရှိသော မရဏာနိုင်ငံသို့ ရောက်နိုင်သည်။ ဘိန်းဖြူသည် သေမင်းတမန် ဖြစ်၏။ ဝေးဝေးကပင် ဝေရာမထိ ရှောင်ကြပါဟု ဆရာ၊ မိဘတို့က ဆိုဆုံးမသည့်ကြားကပင် အချို့က ပိုးဖလံများ မီးကိုတိုးနေကြသေးသည်။ မိတ္တဝိန္ဒကကဲ့သို့ ငရဲပန်းကို ရွှေပန်းထင်နေကြသော အကြင် ဖိုးငနဲတို့ကိုမူ ''သေဖို့သာ ပြင်ပေတော့'' ဟု ဝမ်းနည်းစွာ ပြောရပေတော့သည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးကို မျိုးဖျက်အန္တရာယ်အဖြစ် သတ်မှတ်ကာ ၁၉၇၄ ခုနှစ်ကပင် မူးယစ်ဆေးဝါးဥပဒေကို ပြဋ္ဌာန်း၍ ထိရောက်စွာ အရေးယူလျက်ရှိပါသည်။ အမျိုးသားရေးအသွင်ဖြင့် ပြပွဲများ၊ ဟောပြောပွဲများ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားတို့မှလည်း ပညာပေးနှိုးဆော်လျက်ရှိပါသည်။ ဘိန်းထွက်ဒေသများတွင် တပ်မတော်နှင့်ပြည်သူ လက်တွဲ၍ ''ဘိန်းပင်ကို ခုတ်၊ ဘိန်းငုတ်ကိုတူး၊ ဘိန်းဖူးကို ခြေ''၍ဖြင့် ဘိန်းဖြူရန်စွယ်ကို ကာကွယ်နေပါသည်။ နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများပူးပေါင်း၍ မူးယစ်ဆေးဝါးများ ဖျက်ဆီးမှုသရုပ်ပြပွဲကို နှစ်စဉ်ကျင်းပခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြွေဆိုး၊ ကျားဆိုးသည် လူကိုသာ အန္တရာယ်ပေးနိုင်သော်လည်း မူးယစ်ဆေးဝါးကား လူတစ်မျိုးလုံးကို အညွန့်တုံးစေပါသည်။ ဖိုးသောက်လျှင် အမျိုးပါပျောက်မည်။ အမျိုးကိုခင်လျှင် ဖိုးပါ ရှောင်ကြဉ်ရပေမည်။ ယနေ့ မျိုးဆက်သစ်လူငယ်များနှင့် မျိုးချစ်စိတ်ဓာတ် အသိတရားရှိသော လူသားတိုင်းသည် ''မူးယစ်ဆေးဝါး တို့ရှောင်ရှား''ဟူသော ဆောင်ပုဒ်ကို အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းကာကွယ်သင့်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

**ကိုဇော(ပထဝီဝင်)**







ယခင်လများမှ ဇာတ်လမ်းအကျဉ်း

ဂျိန်းအိုင်းယားသည် ၁၀ နှစ်အရွယ် သေးသေးလိုလို မိန်းကလေးတစ်ဦးဖြစ်သည်။ မိဘများနှင့် ဦးလေးဖြစ်သူတို့ ကွယ်လွန်သွားသဖြင့် ဦးလေး၏ဇနီး အဒေါ်ဖြစ်သူ 'မစ္စက်ရိဒ်'မိသားစုနှင့် အတူနေရသည်။ အဒေါ်၏သားဖြစ်သူ 'ဂျွန်ရိဒ်'၏ နှိပ်စက်မှုကို ခံရသည်။ အဒေါ်ဖြစ်သူနှင့်အတူ နေထိုင်သော 'ဂိတ်ရှက်'အိမ်ကြီးတွင် အစေခံလိုနေရသည်။

တစ်နေ့ 'လိုဝုဒ်'ကျောင်းတွင် သူမကို ကျောင်းအိပ်ကျောင်းစား ထားရန်အတွက် တာဝန်ခံ မစ္စတာဘရောက်ကယ်ဟတ်(စ်)နှင့် အဒေါ် မစ္စက်ရိဒ်တို့က စီစဉ်ဆောင်ရွက်ကြသည်။ လိုဝုဒ်ကျောင်းသည် မိဘမဲ့ကလေးများကို စောင့်ရှောက်သည့် ကုသိုလ်ဖြစ်ကျောင်း ဖြစ်သည်။ မစ္စတာဘရောက်ကယ်ဟတ်(စ်)သည် ပြန်ခါနီး၌ သူမကို 'ကလေးသူငယ်များအတွက် လမ်းညွှန်စာအုပ်'ကို ပေးခဲ့သည်။ ယင်းစာအုပ်တွင် လိမ်ညာပြောတတ်သော မိန်းကလေးတစ်ယောက်အကြောင်း ရေးဖွဲ့ထားသည်။

ယင်းစာအုပ်ကို ပေးခဲ့ခြင်း၏ အကြောင်းရင်းမှာ အဒေါ်ဖြစ်သူ မစ္စက်ရိဒ်က သူမ၏ 'ဂျိန်း'အပေါ် မတရားပြုမူနေမှုများကို ကလေးမလေးက လိုဝုဒ်တွင် ဖောက်သည်ချလျှင် သိက္ခာကျမည်စိုး၍ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဂျိန်းသည် လိမ်ညာပြောတတ်ကြောင်း ကျောင်းတာဝန်ခံသို့ ဦးအောင်ပြောထားနှင့်၍ ဖြစ်သည်။

ဤတွင် ဂျိန်းအိုင်းယားသည် မခံမရပ်နိုင်ဖြစ်၍ အဒေါ်နှင့် နှစ်ဦးတည်းရှိစဉ် မျိုသိပ်ထားသမျှကို ဖွင့်အန်ခဲ့သည်။ သူမသည် အိတ်သွန်ဖာမှောက် ပြောပြီးသည်နှင့် ပေါ့ပါးသွားသလို ခံစားရသည်။ မစ္စရိဒ်မှာ မည်သို့မျှ တုံ့ပြန်နိုင်စွမ်း မရှိတော့ဘဲ ရုတ်တရက်ထကာ ထွက်သွားတော့သည်။

ဇန်နဝါရီ ၁၉ ရက်နေ့တွင် ဂျိန်းအိုင်းယားသည် ဤ'ဂိတ်ရှက်'အိမ်ကြီးမှ စတင်ထွက်ခွာရမည်ဖြစ်သည်။ နံနက် ၆နာရီခန့်တွင် ရထားလုံးဖြင့် မိုင် ၅၀ ကွာဝေးသည့် ခရီးသို့ စတင်ထွက်ခွာခဲ့သည်။ ညနေစောင်းတွင် လူတစ်ယောက်သည် ရထားဂိတ်ကကြိုနေပြီး ဂျိန်းအိုင်းယားကို အဆောက်အအုံကြီးတစ်ခုသို့ ခေါ်သွားသည်။ အခန်းထဲတွင် မိန်းကလေး အကြီး အငယ် ၈၀ ခန့်ရှိသည်။ သူမကို လက်ခံသော ဆရာမမှာ 'မစ္စမီလာ'ဖြစ်သည်။

နောက်တစ်နေ့ နံနက် ၉နာရီတွင် 'လိုဝုဒ်ကျောင်း' ကျောင်းအုပ်ဆရာမကြီး 'မစ္စမာရီယာတင်ပယ်လ်'က စာစသင်သည်။ ဆရာမကြီးသည် မွန်းတည့် ၁၂နာရီအထိ သင်ကြားပေးပြီး ပေါင်မုန့်နှင့် ဒိန်ခဲများကျွေးသည်။ ထို့နောက် ဥယျာဉ်သို့ထွက်၍ မိမိတို့ ကြိုက်နှစ်သက်ရာ ကစားကြသည်။ ထိုအချိန်တွင် ဂျိန်းအိုင်းယားသည် ကျောင်းသူတစ်ဦးနှင့် စကားလက်ဆုံကျခဲ့သည်။ ဤ လိုဝုဒ်ကျောင်းသည် မိဘမဲ့ကလေးများအတွက်ဖြစ်ကြောင်းနှင့် ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးအပါအဝင် ဆရာမ ၅ ဦးရှိကြောင်း သိရသည်။

ဂျိန်းအိုင်းယား လိုဝုဒ်ကျောင်းသို့ရောက်ပြီး ၃ ပတ်အကြာတွင် မစ္စတာဘရောက်ကယ်ဟတ်(စ်) ရောက်လာသည်။ ဂျိန်းအိုင်းယားက သူမအကြောင်း လာရောက်ပြောဆိုသည်ဟု ထင်ခဲ့သည်။ အမှန်မှာ ကျောင်းတာဝန်ခံတစ်ဦးအနေဖြင့် လာရောက်စစ်ဆေးခြင်းသာ ဖြစ်သည်။ မိမိ၏ စစ်ဆေးတွေ့ရှိချက်များကို ဆရာမကြီးအား အကြံပေးပြောကြားသည်။ ထိုစဉ်တွင် အဖိုးတန်အဝတ်များ ဝတ်ထားသော မိန်းမ ၃ ဦးက စာသင်ခန်းထဲ ဝင်လာကြသည်။

ဆက်လက်ဖတ်ရှုပါရန်
တာဝန်ခံစာတည်း

(ယခင်လမှ အဆက်)

အမျိုးသမီးကြီးမှာလည်း ဆံပင်ကောက်နှင့် ကျက်သရေရှိလှသည်။ မစ်(စ်)တင်ပယ်လ်က ဝတ္တရားအရ နှုတ်ဆက်သည်။ သူတို့သည် မစ္စတာဘရောက်ကယ်ဟတ်(စ်)၏ ဇနီးနှင့် သမီးများသာဖြစ်၏။

ထိုအချိန်အထိ ကျွန်မမှာ ကျောက်သင်ပုန်းနှင့် မျက်နှာကိုကွယ်လျက် ဂဏန်းတွက်ချင်ဟန် ဆောင်နေခဲ့ပြီး အကဲခတ်နေသည်။ ကျွန်မကို မည်သူကမျှ မမြင်အောင် ကွယ်ထားလျက်နှင့် ဘယ်လိုကဘယ်လို ဖြစ်သည်မသိ။ ကျောက်သင်ပုန်းမှာ ကျွန်မလက်က လွတ်ကျခဲ့သည်။ "ဒါတော့ သွားပြီ"ဟု ကျွန်မ သိလိုက်သည်။

"ဘယ်လောက်ပေါ့တဲ့ မိန်းကလေးပဲ"မစ္စတာဘရောက်ကယ်ဟတ်(စ်)က ကျွန်မကို စေ့စေ့ကြည့်နေသည်။

"ဟော–ဒါ ကျောင်းသားသစ် မဟုတ်လား။ ငါ မှတ်မိပြီ၊ သူ့အကြောင်း အားလုံးကို ပြောစရာရှိတယ်၊ သူ့ကို ရှေ့ထွက်ခိုင်းလိုက်ပါ"

ကျွန်မ "ကြောင်"နေသည်။ လုံးဝလှုပ်မရ။ သို့သော် အကြီးမိန်းကလေးများက တွန်းထိုးသဖြင့် ရှေ့ရောက်လာသည်။ မစ်(စ်)တင်ပယ်လ်က နှစ်သိမ့်သည်။

"မကြောက်နဲ့ ဂျိန်း။ မကြောက်နဲ့ မတော်တဆဖြစ်တာပဲ၊ မင်းကို ဘာမှ မလုပ်ပါဘူး"

ဤနှစ်သိမ့်မှုသည် ကျွန်မအသည်းကို ဓားနှင့်ထိုးသည့်နှယ် နာကျင်လှသည်။ ကျွန်မ စဉ်းစားမိသည်။

"မကြာခင်မှာ ငါ့ကို လူလိမ် တစ်ယောက်လို့ သူလည်းထင်တော့မှာပဲ"ဟု။ ဤအတွေးက ဘရောက်ကယ်ဟတ်(စ်)နှင့် ရိဒ်တို့အားလုံးကို နာကြည်းစေသည်။

"အဲဒီ ခုံမြင့်ယူခဲ့စမ်း"

မစ္စတာ ဘရောက်ကယ်ဟတ်(စ်)က ခုံမြင့်တစ်ခုကိုညွှန်လျက် ပြောလိုက်သည်။

"ဒီကလေးကို အပေါ်မှာတင်ပေးလိုက်"

ကျွန်မကို တစ်ယောက်ယောက်က ခုံပေါ်တင်ပေးသည်။ ယခုအချိန်တွင် ကျွန်မသည် မစ္စတာ ဘရောက်ကယ်ဟတ်(စ်)နှင့် တစ်ကိုက်အကွာ သူ့နှာခေါင်းအောက်တွင် ရှိနေသည်။

**ကျွန်မ မည်မျှခံစားရသည်ကို မည်သို့ ဖော်ပြရမည် မသိတော့။ ထိုစဉ် ကျွန်မအနီးမှ တစ်ဦး ဖြတ်လျှောက်သွားရင်း ကျွန်မကို မော့ကြည့်လိုက်သည်ကို . . .**

"အားလုံး သူ့ကို မြင်ကြရဲ့လား"

သူက သူမိသားစု အပါအဝင် အားလုံးကို ရည်ညွှန်းလျက် မေးလိုက်သည်။ အားလုံး၏အကြည့်က ကျွန်မအပေါ် ရောက်နေသည်။

"အားလုံး တွေ့ကြတဲ့အတိုင်းပဲ၊ ကလေးမလေးဟာ ငယ်သေးတယ်၊ ဒါပေမဲ့ ငါ့ရဲ့တာဝန်အရ အသိပေးပြောစရာရှိတယ်၊ မင်းတို့အားလုံး သူနဲ့မကစားရဘူး၊ သူနဲ့ စကားမပြောရဘူး၊ ဆရာမများက သူ့ကို စောင့်ကြည့်နေပါ၊ သူ့ရဲ့ လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်ပါ၊ သူကောင်းဖို့အတွက် အပြစ်ပေးစရာရှိရင် ပေးပါ၊ သူ့ကို အပြစ်နာနာပေးမှ သူ လူကောင်းဖြစ်လာမယ်၊ ဘာကြောင့်တုန်းဆိုတော့ ဒီကလေးမလေးဟာ လိမ်တတ်၊ ညာတတ်တဲ့ အညာမလေးတစ်ယောက် ဖြစ်နေလို့ပဲ"

တစ်ခန်းလုံး ငြိမ်နေသည်။ မစ္စတာ ဘရောက်ကယ်ဟတ်(စ်)က ဆက်ပြောသည်။

"သူ့ကို အင်မတန်ကြင်နာတတ်တဲ့ အမျိုးသမီးကြီးတစ်ယောက်က သူ့သွေးရင်းသားရင်းလို မွေးစားထားတာ၊ ဒါပေမဲ့ ဒီကလေးမလေးက အကျင့်မကောင်းလို့ အမျိုးသမီးကြီးက သူ့ကလေးတွေနဲ့ ပေးမကစားနိုင်ဘူး။ ဒါကြောင့် သူ့ကို ဒီကျောင်းပို့လိုက်တာ၊ သတော့ကတော့ကျွာ ရှေးက ဂျူးတွေဟာ တစ်ယောက်ယောက် အနာရောဂါရရင် 'ဘေသက်စဒါ' ရေကန်ထဲကို ပစ်ချလိုက်သလိုပေါ့၊ ဒီတော့ ဆရာမတွေကို ကျွန်တော်ပြောချင်တာက ဒီကလေးကို ဒီကျောင်းရဲ့ စင်ကြယ်သန့်ရှင်းတဲ့ရေနဲ့ ဆေးကြောကုသပေးကြပါလို့ မှာချင်တယ်"

မစ္စတာ ဘရောက်ကယ်ဟတ်(စ်)က မစ်(စ်)တင်ပယ်လ်ကို ဦးညွှတ်နှုတ်ဆက်ပြီး နောက် တံခါးပေါက်သို့ လှည့်၍ထွက်ရန် ပြင်သည်။ သူ့ဇနီးနှင့် သမီးများက နောက်ပါးမှ ဆက်လိုက်သွားသည်။

"သူ့ကို အဲဒီခုံပေါ်မှာ နောက်ထပ် နာရီဝက်လောက် ဆက်ပြီးရပ်ခိုင်းထားအုံး၊ နောက်ပြီး ဒီနေ့အဖို့ သူ့ကို ဘယ်သူမှ စကားမပြောပါစေနဲ့"

ကျွန်မ မည်မျှခံစားရသည်ကို မည်သို့ ဖော်ပြရမည် မသိတော့။ ထိုစဉ် ကျွန်မ အနီးမှ တစ်ဦး ဖြတ်လျှောက်သွားရင်း ကျွန်မကို မော့ကြည့်လိုက်သည်ကို သတိထားလိုက်မိသည်၊ တစ်စုံတစ်ခုသော အားပေးသည့်အကြည့်ဟု ကျွန်မ နားလည်လိုက်သည်၊ မျက်ရည်ကို ကြိုးစားထိန်းရင်း ခေါင်းကို မော့ထားလိုက်သည်။ ဟယ်လင်ဘန်းစ်သည် မစ်(စ်)စမစ်သ်အား အလုပ်တာဝန်နှင့် ပတ်သက်သော တစ်စုံတစ်ရာကိုမေးမြန်းပြီး ပြန်လှည့်လာသည်။ အပြန်တွင် တစ်ချက် ပြုံးပြခဲ့သည်။ ယင်းအပြုံးသည် ကျွန်မ အတွက် အားဆေးတစ်ခွက်ပင်။

**အခန်း(၆)**

ငါးနာရီထိုးပြီး ကျောင်းဆင်းခေါင်းလောင်းတီးသည်နှင့် ကျောင်းသူအားလုံး လက်ဖက်ရည်သောက်ရန် စားသင်ခန်းမှ ထွက်သွားကြသည်။ ယခုမှပင် ကျွန်မလည်း ခုံပေါ်မှ ဆင်းရတော့သည်။ အတော်ပင် မှောင်နေချေပြီ။ ချောင်တစ်ချောင်တွင် သွားထိုင်နေလိုက်သည်။ ကျွန်မကိုအားပေးမည့် ဟယ်လင်ဘန်းစ်လည်း မရှိတော့၊ ကျွန်မ မျက်ရည်ကို မထိန်းနိုင်တော့ပေ။ လိုဝုဒ်သို့ ရောက်သည့်နေ့မှစ၍ ကျွန်မ အတတ်နိုင်ဆုံး ကောင်းအောင်နေသွားမည်၊ အပေါင်းအသင်းများနှင့် ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး နေသွားမည်ဟု ရည်ရွယ်ထားခဲ့သည်။ မနက်ပိုင်းကပင် အတန်းတွင်း ထေ့ကျင့်ခန်းတစ်ခု၌ ကျွန်မ ပထမရသဖြင့် ဆရာမ မစ်(စ်)မီလာက ကျွန်မကို ချီးမွမ်းခန့်မှန်ခဲ့သည်။ ဆရာမကြီး မစ်(စ်)တင်ပယ်လ်က လည်း ဝမ်းမြောက်သည့်အမူအရာဖြင့် ကျွန်မကို ပြုံးပြခဲ့သည်။ ဆရာမကြီးက ပုံဆွဲနှင့် နောက်ပိုင်းတွင် ပြင်သစ်စာကိုပါ သင်ပေးမည်ဟု ကတိပေးထားပြီးဖြစ်သည်။ ယခုတော့ ကျွန်မဘဝ အဖတ်ဆယ်၍ မည်သို့ ရနိုင်တော့မည်နည်း။ ကျွန်မကို မည်သူကမျှ အရေးလုပ်ကြမည် မဟုတ်တော့။ ကျွန်မ လဲသာ သေလိုက်ချင်တော့သည်။

ဟယ်လင်ဘန်းစ် ရောက်လာသဖြင့် ကျွန်မ ချောင်ထဲမှ ထွက်လိုက်သည်။ ကျောင်းခန်းတွင်း မီးရောင်မှိန်မှိန်မျှတွင် ကျွန်မအတွက် သူယူလာသော ကော်ဖီနှင့် ပေါင်မုန့်ကို ကျွန်မ တွေ့လိုက်ရသည်။

"လာလေ၊ စားလိုက်အုံး"

ကျွန်မက မစားနိုင်။ သူပြောခါမှ ရှိုက်ကြီးတငင်ငိုမိတော့သည်။ သည်တော့လည်း ဟယ်လင်မှာ ဘာမျှမပြောတော့ဘဲ ငုတ်တုတ်ထိုင်လျက် ကျွန်မကို ကြည့်နေသည်။ ကျွန်မက စပြီးပြောသည်။

"ဟယ်လင်၊ လူတိုင်းက လူလိမ်လို့ ယူဆထားတဲ့ မိန်းကလေးတစ်ယောက်နား ကို ဘာကြောင့် လာထိုင်နေတာလဲဟင်"

"လူတိုင်းက ဟုတ်လား၊ နင်မှားနေပြီ သူတို့အားလုံး နင့်အတွက် စိတ်မကောင်းကြဘူး၊ ထင်တယ်ပါ"

"မစ္စတာ ဘရောက်ကယ်ဟတ်(စ်)က အပုပ်ချပြီးတဲ့နောက် ကျွန်မကို ဘယ်သူက အကောင်းမြင်တော့မှာလဲ"



"ဟာ– သူက ဘုရားမှမဟုတ်တာ၊ ပြီး တော့ သူ့ကို ဒီအသိုင်းအဝိုင်းက သိပ် သဘောကျကြတာ မဟုတ်ဘူး။ သူက နင့် ကို ချီးမွမ်းခန်းဖွင့်ရင်တောင် နင့်ကို မလို တဲ့သူတွေ ရှိနိုင်တယ်၊ နင့်စိတ်က ရှင်းနေ ရင် နင့်ဘက်က ရပ်တဲ့သူတွေ ရှိလာမှာပေါ့၊ နောက်ဆုံးကွယ် တစ်လောကလုံးက နင့်ကို မုန်းတီးမယ်၊ မယုံကြည် ရှိနေမယ်ဆိုရင် တောင် နင်ကိုယ်တိုင်က မှန်နေရင် ကိုယ် ကောင်း ခေါင်းဘယ်ရွှေ့မလဲ၊ မဟုတ်ဘူး လား"

ဟယ်လင်သည် ပြောရင်းဆိုရင်း ကျွန်မလက်ကို ဆုပ်နယ်ပေးနေသည်။

"ဒါတော့ ဟုတ်ပြီလေ၊ ဒါပေမဲ့ ကျွန်မ ကို သူများတကာတွေက မုန်းတီးသွားပြီး ကျွန်မ အထီးကျန်ဖြစ်သွားမှာ သိပ်စိုးတယ်၊ သူများတွေက မခင်ကြတော့ဘူးဆိုရင်တော့ ကျွန်မ သေချင်စော်နံမှာပဲ"

"ဟာ–ကိုန်း၊ နင်က လူတွေရဲ့ မေတ္တာ တရားကို အလွန်တွက်ထားတာကိုး။ နောက် ပြီး ဒီလောကကြီးမှာ လူတွေ မသိမမြင်နိုင် တဲ့ အမှန်တရားဆိုတာ ရှိတယ်၊ အခု မစ္စတာ ဘရောက်ကယ်ဟာတ်(စ်) ပြောသွား တဲ့ စွပ်စွဲချက်ထဲမှာ နင်အပြစ်ကင်းတယ်ဆို တာ ငါသိတယ်၊ ဘာလို့တုံးဆိုတော့ နင့်ရဲ့ ရိုးသားတဲ့ မျက်လုံးထဲမှာ အမှန်တရားကို ငါတွေ့လိုက်တယ်၊ ငါတော့ ဘုရားသခင်ကို ယုံတယ်၊ သူဟာ အမှန်တရားကိုမြင်ပြီး တို့ တစ်တွေကို ကာယ်မလိမ့်မယ်လို့"

ဟယ်လင်သည် ကျွန်မကို ဖျောင်းဖျ နိုင်ခဲ့သည်။ ကျွန်မ စကားတစ်ခွန်းမျှ မဟာ တော့ပဲ သူ့ပခုံးပေါ်တွင် ခေါင်းတင်ထား လိုက်မိသည်။ ဟယ်လင်၏ စကားကို စဉ်းစားနေမိသည်။ သူ့စကား နောက်ကွယ် တွင် တစ်စုံတစ်ရာ ကြေကွဲဖွယ်ရာ ဇာတ်လမ်းရှိဟန်တူသည်။ ကျွန်မနှင့် ဟယ်လင်တို့ တစ်ဦးကိုတစ်ဦးဖက်လျက် အချိန်အတော်ကြာထိုင်နေမိသည်။ ဒီ အတွင်း ဟယ်လင်မှာ အသက်ကို ပြင်းပြင်း ရှူလျက် မကြာခဏချောင်းဆိုးနေသည်။ ထိုအခိုက် မစ်(စ်)တင်ပယ်လ်ဝင်လာသည်။

"ကိုန်းအိုင်းယား၊ ဆရာမ မင်းကိုလာ ရှာတာ၊ လာ– ဆရာမ အခန်းထဲကို လိုက်ခဲ့၊ ဟယ်လင်ပါ လိုက်ချင်လိုက်ခဲ့"

ကျွန်မတို့အားလုံး အဆောင်ဆောင် အခန်းခန်းကို ဖြတ်ပြီး ကျောင်းအုပ်ဆရာမ ကြီး အခန်းသို့သွားကြသည်။ အခန်းထဲတွင် မီးလင်းဖိုတစ်ခုရှိပြီး အခန်းမှာ နွေးထွေး လျက်ရှိသည်။ မစ်(စ်)တင်ပယ်လ်က ဟယ်လင်ကို မီးဖိုဘေးထိုင်ခုံတစ်ခုတွင် ထိုင် စေပြီး ကျွန်မကိုသူ့အပါးတွင် ထိုင်စေသည်။

"ကဲ– အားရပါးရ ငိုပြီးပြီလား"

သူမက ကျွန်မ၏ မျက်နှာကို ငုံ့ကြည့် လျက်စမေးသည်။

"ဟင့်အင်း။ကျွန်မ မငိုပါဘူး ဆရာမ"

"ဟော– ဘာလို့လဲ"

"ကျွန်မကို မတရားစွပ်စွဲထားတာပဲ ဆရာမ။ ဆရာမတို့က တစ်မျိုးတစ်မည်ထင် မှာပဲ ကျွန်မ စိုးတယ်"

"ကလေးမ။ ဒါကတော့ မင်းအပေါ် တည်တာပဲ၊ မင်း ကောင်းကောင်းမွန်မွန် နေပြလိုက်ပေါ့"

သူမသည်ကျွန်မကိုပွေ့ဖက်ထားသည်။

"ကဲ–ပြောစမ်းပါဦး။ မင်းကို မွေးစား ခဲ့တယ်ဆိုတဲ့ အမျိုးသမီးကြီးအကြောင်း"

"မစ္စက်ရိဒ်အကြောင်းလား။ ကျွန်မ ဦးလေးရဲ့မိန်းမပါ၊ ကျွန်မ ဦးလေးဆုံးသွား တော့ ကျွန်မကို အဲဒီ အဒေါ်ကပဲ ဆက်ပြီး မွေးထားရတော့တာပေါ့"

"မစ္စက်ရိဒ်က သူ့သားသမီးအရင်းလို သဘောထားရဲ့လား"

"ဘယ် သဘောထားမှာလဲ ဆရာမ"

ယင်းနောက် ကျွန်မက ဖြစ်ကြောင်း

ရယ်ကာနံစင်ကို ပြောပြလိုက်သည်။ အခန်းဝီ ကြီးအတွင်း သော့ခတ်ထားခဲ့ပုံနှင့် မစ္စတာ လျှိုက် ရောက်လာသည့် အကြောင်းကိုပါ ပြောပြဖြစ်သည်။ ကျွန်မ စကားဆုံးသော် မစ်(စ်)တင်ပယ်လ်က ကျွန်မကို ခေတ္တမျှ စိုက်ကြည့်ပြီးနောက် ပြောသည်။

''မစ္စတာလျှိုက်ကို ဆရာမသိတယ်၊ သူ့ဆီ စာရေးပြီး မေးကြည့်မယ်၊ သူက မင်းပြောတဲ့ စာတ်လမ်းနဲ့ပတ်သက်ပြီး မှန် တယ်ဆိုရင် မင်းကို အများရဲ့ရှေ့မှာ အပြစ် မရှိကြောင်း ကြေငြာပေးမယ် ကိုနိ။ ဆရာမ တစ်ဦးတည်းအဖို့တော့ အခုကို သံသယ ရှင်းပါတယ်''

သူမသည် ကျွန်မကို မွှေးမွှေးပေး သည်။ ကျွန်မကို ဖက်ထားရင်းမှ ဟယ်လင် အနီးစိကို ပြောသည်။

''ဟယ်လင်၊ ကနေ့ ဘယ့်နှယ်နေလဲ၊ ချောင်းများသိပ်ဆိုးနေလား''

''ချောင်း သိပ်မဆိုးပါဘူးဆရာမ''

''ရင်ဘက်က အောင့်သေးသလား''

''နည်းနည်းလောက်ပဲ အောင့်တော့ တယ် ဆရာမ''

မစ်(စ်)တင်ပယ်လ်သည် ထိုင်ရာမှ ထပြီး ဟယ်လင်၏ လက်ကောက်ဝတ်ကို ကိုင်ကာ သွေးခုန်နှုန်းကို စမ်းကြည့်သည်။ ယင်းနောက် ထိုင်ခုံတွင် ပြန်ထိုင်စဉ် သက် ပြင်းချသံကို ကျွန်မကြားလိုက်မိသည်။ ချက် ချင်းပင် မျက်နှာကို ရွှင်ရွှင်ပျပျထားလိုက်ပြီး–

''မင်းတို့နှစ်ယောက်လုံးဟာ ဒီညအဖို့ ဆရာမရဲ့ ဧည့်သည်တွေပဲ၊ ဆရာမ တစ်မှုမှု နဲ့ဧည့်ခံရမယ်''

ဆရာမက ပြောပြောဆိုဆိုနှင့် ဘဲလ် တီးလိုက်သည်။

''ဘာဘရာ''

ဝင်လာသော အစေခံကို ပြောလိုက် သည်။

''ဆရာမ လက်ဖက်ရည် မသောက်ရ သေးဘူး။ လင်ပန်းနဲ့ခွက်နှစ်ခွက် အပိုထည့် ပြီး ယူခဲ့ပါ''

မကြာမီပင် လက်ဖက်ရည်စန်း ရောက်လာသည်။ သို့သော် လက်ဖက်ရည် က ကျွန်မတို့ သုံးဦးလုံးအတွက် နည်းလွန်း လှသည်။ ဆရာမက ဘာဘရာကို ထပ်ခေါ် ပြီး လက်ဖက်ရည်နှင့် ပေါင်မုန့်ထပ်တောင်း သော်လည်း အိုးသူကြီးလုပ်သူက မပေး သဖြင့် ထပ်မရတော့။

''အေး–ကောင်းပြီ၊ ဒါဆိုရင် ဆရာမ တို့ ကိုယ့်ဟာကို စီစဉ်ကြမယ်''

**''ဆရာမက ပထမတုန်းက ဒီ ကိတ်မုန့် တချို့ကိုဖဲ့ပြီး မင်းတို့နဲ့ ထည့် ပေးလိုက်မလို့၊ ခုတော့ ဒီမှာပဲ စားသွား ကြတော့''**

ဆရာမက ကိတ်မုန့်ကို လှီး၍ ဧည့်ခံ ရင်း စားသောက်ပြီးသည်နှင့် ဟယ်လင်နှင့် စကားလက်ဆုံကျနေသည်။ **လတ်ဆတ် သော အစားအသောက်၊ နွေးထွေးသော မီးဖိုနှင့် သူချစ်သော ဆရာမ၏ မေတ္တာ ဖြင့် ဟယ်လင်၏မျက်နှာမှာ ကြည်ရွှင်နေ သည်။** ကျွန်မအမှတ်တမဲ့ဖြင့် သတိမပြုမိခဲ့ သော ဟယ်လင်၏မျက်နှာလှလှလေးကို ကျွန်မငေးစိုက်ရင်း သူတို့ စကားဝိုင်းကို နား ထောင်နေမိသည်။

သူတို့ပြောသော အကြောင်းအရာမှာ ကျွန်မအဖို့ စိမ်းနေသည်။ အလှမ်းဝေးလှ သော နိုင်ငံများအကြောင်း၊ သဘာဝ၏ လျှို့ ဝှက်ချက်များနှင့် ဟိုးအတိတ်ကအကြောင်း စသည်ဖြင့်စုံနေသည်။ သူတို့ စာဘယ် လောက်များ ဖတ်ထားကြပါလိမ့်၊ ဗဟုသုတ ကြွယ်လှပါလား။ ပြင်သစ်စာရေးဆရာနှင့် ပြင်သစ်စာအုပ်တွေကိုလည်း သူတို့ကျွမ်း ပါလား စသည်ဖြင့် ကျွန်မ တအံ့တဩဖြစ် နေမိသည်။ ထို့ပြင် လက်တင်ဘာသာစကား ကိုလည်းဟယ်လင်နားလည်ကြောင်း ကျွန်မ သိလိုက်ရသည်။ ဟယ်လင်က လက်တင် ဘာသာဖြင့် ရေးထားသော စာတစ်ပိုဒ်ကို ဘာသာပြန်ပြနေစဉ် အိပ်ချိန်ခေါင်းလောင်း သံကြားရ၍ စကားဝိုင်းကို သိမ်းလိုက်သည်။

မစ်(စ်)တင်ပယ်လ်က ကျွန်မတို့ နှစ်ဦး လုံးကို တံခါးပေါက်ထိလိုက်ပို့ပြီး နှုတ်ဆက် တံခါးပိတ်လိုက်သည်နှင့် ဟယ်လင်မှာ ဝမ်း နည်းညှိုးငယ်ဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ ကျွန်မအဖို့ အခန်းပြန်ရောက် တော့ ကျွန်မတို့၏ စာအုပ်စင်၊ အံဆွဲ စ သည်ကို လာရောက်စစ်ဆေးနေသော မစ်(စ်)စကက်ချတ်၏ ပြည့်တွန်တောက်တီး နေသံကို ကြားရသည်။ ကျွန်မတို့ ဝင်လာ သည်နှင့် အခန်းသပ်ရပ်မှုမရှိခြင်းအတွက် ဟယ်လင်ကိုဆူသည်။ နောက်တစ်နေ့တွင် ''မ–ညစ်ပတ်''ဟုရေးထားသော ကတ်ပြား ကို ဟယ်လင်၏ခေါင်း၌ စွပ်ပေးထားသည်။

**လတ်ဆတ်သော**

**အစားအသောက်၊**

**နွေးထွေးသော မီးဖိုနှင့်**

**သူချစ်သော ဆရာမ၏**

**မေတ္တာဖြင့်**

**ဟယ်လင်၏မျက်နှာမှာ**

**ကြည်ရွှင်နေသည်**

ဟယ်လင်ကမူ ထူးထူးထွေထွေရှက်ရွံ့ဟန် မပြ။ ကျွန်မကသာ ညနေစာသင်ပြီး၍ မစ်(စ်)စကက်ချတ် ထွက်သွားသည်နှင့် ဟယ်လင့်ခေါင်းမှ ထိုကတ်ပြားကို ဆွဲဖြုတ် လွှင့်ပစ်ခဲ့မိသည်။

တစ်ပတ်ခန့်ကြာပြီးနောက် မစ္စတာ လျှိုက်ထံမှ ပြန်စာကို မစ်(စ်)တင်ပယ်လ် လက်ခံရရှိခဲ့သည်။ ယင်းနောက် တစ်နေ့ တွင် မစ်(စ်)တင်ပယ်လ်က ကျွန်မအပေါ် စွပ်စွဲထားသည်များနှင့်ပတ်သက်၍ မဟုတ် မမှန်ကြောင်းနှင့် ကျွန်မတွင် အပြစ်မရှိ ကြောင်း၊ ကျောင်းသူအများရှေ့တွင် ကြေ ညာပေးသည်။

ယခုဆိုလျှင် ကျွန်မ၏ ကြိုးစားမှု ကြောင့် ဆရာမအများ၏ အားပေးချီးမွမ်း မှုကို ရရှိနေပြီဖြစ်သည်။ သီတင်းပတ် အနည်းငယ်အတွင်းမှာပင် ကျွန်မကို အတန်းတင်ပေးခဲ့သည်။ နှစ်လအတွင်းမှာ ပင် ပြင်သစ်ဘာသာနှင့် ပုံဆွဲသင်ခန်းစာကို သင်ယူရန် ကျွန်မကိုခွင့်ပြုခဲ့သည်။ ကျွန်မ အဖို့ လိုဝုဒ်ကျောင်းသည် ပျော်စရာ၊ နေချင် စရာကောင်းသော နေရာတစ်ခုဖြစ်လာလေ ပြီ။ တစ်ချိန်က မစ္စက်ရိဒ်၏မိသားစုနှင့်အတူ

# အိမ်ကြီးရှိုင်နှင့် စားကောင်းသောက်ဖွယ်
# အစေအပါးအစုံအလင်နှင့် ပြည့်စုံသော်လည်း
# မေတ္တာတရားခေါင်းပါးမှုကြောင့်
# ကျွန်မ အထီးကျန်ဖြစ်ခဲ့ရသည်။

နေရစဉ်က အိမ်ကြီးရှိုင်နှင့် စားကောင်းသောက်ဖွယ် အစေအပါးအစုံအလင်နှင့် ပြည့်စုံသော်လည်း မေတ္တာတရားခေါင်းပါးမှုကြောင့် ကျွန်မအထီးကျန်ဖြစ်ခဲ့ရသည်။ ယခုသည်နေရာတွင် အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ ကြုံရသည်မှန်သော်လည်း ဆရာမနှင့်ကျောင်းသူအပေါင်းအသင်းများကြောင့် ကျွန်မပျော်ပိုက်စပြုလာပြီ။ ကျွန်မ အထီးကျန် မဟုတ်တော့ပြီ။

## အခန်း(၇)

တစ်ဆောင်းပြောင်း၍ တစ်နွေသစ် ခလာပြီ။ ဝန်းကျင်တစ်ခွင် စိမ်းလန်းသော၊ ဖိုပြည်သော၊ တောက်ပသော အရောင်အသွေးများဖြင့် အလှဆင်နေပြီ။ သို့သော် လိုဂုဒ်ကျောင်းတည်ရာမှာ အနိမ့်ပိုင်းတောအုပ်အတွင်း ဖြစ်လေရာ နေရောင်ကို ကောင်းစွာမရနိုင်ပဲဖြစ်နေသည်။ သည့်အထဲ အစားအသောက်က မလုံလောက်။ အဝတ်အစားက မပြည့်မစုံနှင့်ကျောင်းသူများ တစ်ဦးပြီးတစ်ဦး ရောဂါရနေသည်။ နွေနှင့်အတူရောက်လာသော တိုက်ဖွိုက်ရောဂါကြောင့် လိုဂုဒ်မှာ ကျောင်းနှင့်မတူ။ ဆေးရုံနှင့်ပင်တူနေသေးတော့သည်။

တစ်ကြိမ်တွင် ကျောင်းသူ ၈၀-အနက် ၄၅-ယောက် ဖျားသဖြင့် သင်တန်းကို ခေတ္တနားထားရသည်။ အချို့ကို သက်ဆိုင်ရာ အုပ်ထိန်းသူများထံ ပြန်ပို့ခဲ့ရသည်။ အချို့ဆိုလျှင် ကျောင်းမှာပင် ဆုံးပါးခဲ့ကြသည်။

ကျွန်မတို့လို အဖျားရောဂါမရှိသူတို့ အဖို့မူ ဒါတိုင်းထက် ပို၍ လွတ်လွတ်လပ်လပ် နေခွင့်ရခဲ့သည်။ တောထဲသို့ အလည်အပတ်ထွက်နိုင်သည်။ စည်းကမ်းစည်းမျဉ်းများကို လျှော့ပေးထားသည်။ မစ္စတာဘရောက်ကယ်ဟတ်စ်နှင့် သူ၏ မိသားစုလည်း အဖျားရောဂါကူးမည်စိုးသဖြင့် ကျောင်းသို့ မလာကြတော့။ စားဖိုမှူးကိုလည်း လူထားလဲ ခန့်ထားခဲ့သည်။ ထို့ပြင် အဖျားရှိနေသူများက မစားမသောက်နိုင်သဖြင့် ကျွန်မတို့အတွက် စကောပိုလာသည်။

သို့သော် ဟယ်လင်က ဖျားနေသည်။ သူ့ကို အပေါ်ထပ်တစ်နေရာတွင် တံခါးပိတ်၍ ထားသည်။ သူမှာ တီဘီရှိသည်ဟုလည်း ပြောကြသည်။ ကျွန်မအဖို့ တီဘီရောဂါဆိုသည်ကို မသိနားမလည်သဖြင့် ပေါ့ပေါ့ပင် အောက်မေ့မိသည်။ မကြာခင်ပင် ပျောက်ကင်းသွားမည်ဟု ထင်ထားသဖြင့် သူ့အတွက် သိပ်ပြီးမပူပန်မိပေ။

ဇွန်လ တစ်ညနေတွင် ဆရာဝန်ရောက်လာသည်။ ကျွန်မမှာ တစ်နေကုန် တောတွင်း၌ နုတ်လာသော ပန်းပင်အချို့ကို ကျောင်းဥယျာဉ်အတွင်း ပြန်စိုက်နေသည်။ ယင်းနောက် ပန်းဥယျာဉ်အတွင်း လှည့်လည်ရင်း အလှအပနှင့် မွှေးရနံ့ကို အတန်ကြာ ခံစားနေမိသည်။ သည်အချိန်တွင် ကျွန်မလို ကလေးငယ်တစ်ဦး၏ ခေါင်းသို့ တစ်စုံတစ်ရာသော အတွေးအခေါ် ဝင်လာသည်။

''သေတော့မယ့် အဖျားရောဂါသည် တစ်ဦးအဖို့ ဘယ်လောက်ကြေကွဲဖို့ ကောင်းမလဲ၊ လောကကြီးဟာ သာယာလိုက်တာ၊ ဒီလောကကြီးက ခွဲခွာပြီး ဘယ်ကိုလို့ မပြောနိုင်ဘဲ ထွက်သွားရမှာ ကြောက်စရာကောင်းလိုက်တာ''

ကျွန်မအဖို့ ပထမဆုံး ဘဝ၏ ရှင်သန်မှုနှင့် သေခြင်းတရားကို စဉ်းစားမိလာခြင်းပင် ဖြစ်သည်။ ကျွန်မ အတွေးဆုံးသည့်အချိန်တွင် ဆရာဝန်ပြန်ထွက်သွားပြီ ဖြစ်သည်။ တံခါးဝတွင်ရှိနေသော သူနာပြုဆရာမကို ကျွန်မ အပြေးသွားတွေ့သည်။

''ဆရာမ၊ ဆရာဝန်လာတာ ဟယ်လင်အန်းစ်ဆီလားဟင်''

''အေး-ဟုတ်တယ်''

''သူပြောတာကတော့ ဟယ်လင် သိပ်ကြာကြာ မခံတော့ဘူးတဲ့''

ကျွန်မ ထိတ်လန့်တကြားဖြစ်မိသည်။ စိတ်မကောင်းကြီးစွာဖြစ်မိသည်။ ကျွန်မ ချက်ချင်းသွားတွေ့မှဖြစ်မည်။

''ကျွန်မ သူ့ကိုသွားတွေ့လို့ ရမလား ဆရာမ''

''အို-မရဘူး ကလေးမ၊ သွားမတွေ့လိုက်ပါနဲ့ကွယ်၊ သူက အခု ဆရာမကြီး မစ်(စ်)တင်ပယ်လ်အခန်းထဲမှာ ရှိနေတယ်၊ ကဲ-အထဲဝင် ကလေးမ၊ အပြင်မှာ မိုးများကျနေတယ်၊ ဒံနေမကောင်းဖြစ်မယ်''

ည ၁၁ နာရီအချိန်ခန့် အားလုံး အိပ်မောကျနေချိန်တွင် ကျွန်မ အိပ်ရာမှ ဖြည်းဖြည်းထသည်။ အပေါ်အင်္ကျီကို ကောက်စွပ်ပြီး မစ်(စ်)တင်ပယ်လ်၏အခန်းသို့ ဖိနပ်ချွတ်လျက် ခြေဖော့၍သွားခဲ့သည်။ မှောင်ပိုက်လင့်ကား၊ လရောင်၏ အကူအညီဖြင့် မစ်(စ်)တင်ပယ်လ်၏အခန်းသို့ ရောက်ခဲ့သည်။

မစ်(စ်)တင်ပယ်လ်၏အခန်းတွင် မီးရောင် ခပ်မှိန်မှိန်ကို တွေ့ရသည်။ တံခါးကိုလည်း အနည်းငယ်ဟထားသည်။ ဥယျာဉ်မှ အထွက်တွင် ကျွန်မနှင့်စကားပြောခဲ့သော သူနာပြုဆရာမမှာ လက်တင်ကုလားထိုင်တွင် အိပ်မောကျနေသည်။ တော်ပါသေး၏။ ကျွန်မအဖို့ ဟယ်လင်ကို တွေ့ကိုတွေ့ရမှ



ဖြစ်မည်။ ကျွန်မ သူ့ကို နောက်ဆုံးနှုတ်ဆက်ချင်သည်။ မစ်(စ်)တင်ပယ်လ်၏ အိပ်ရာဘေးတွင် ကျွန်မ၏ ချစ်သူငယ်ချင်း ဟယ်လင်ရှိနေသည်။ မစ်(စ်)တင်ပယ်လ်ကိုမူ မတွေ့ရ။ နောက်မှ သိရသည်မှာ ဆရာမကြီးကို ဖျားနာဆောင်မှခေါ်သဖြင့် သွားကြောင်းသိရသည်။

ကျွန်မက ဟယ်လင်၏ အိပ်ရာသို့ ကပ်သွားပြီး တိုးတိုးခေါ်မိသည်။

"ဟယ်လင်၊ အိပ်ပျော်နေလား"

သူမက အနည်းငယ် လှုပ်ရှားပြီး လက်တစ်ဖက်ကို ကမ်းလာသည်။ မျက်နှာ ဖြူရော်ရော်နှင့် အနည်းငယ်သွယ်လွှားသည်မှ အပ ပကတိ တည်ငြိမ်လျက်ရှိသည်။ ကျွန်မ လာစကလောက် မစိုးရိမ်တော့။

"နင် ဂျိန်း မဟုတ်လား"

သူမ၏အသံမှာ တိုးညှင်းလှသည်။

ကျွန်မ သူ့ကို ငုံ့ပြီးမွှေးသည်။ သူမ အသားမှာ အေးစက်နေပြီး အားနည်းနေပုံရသည်။ သို့သော် သူမ မသေနိုင်ဟု ကျွန်မ ထင်သည်။

"ဂျိန်း– နင်ဘာလို့ လာတာလဲ၊ သခနာရီတောင် ခွဲနေပြီ"

"ဟယ်လင်– ကျွန်မ ရှင့်ကိုလာတွေ့တာ၊ အစ်မ အတော်လေး မသက်သာဘူးဆိုတာ သိရတော့ ကျွန်မ အိပ်မပျော်နိုင်ဘူး"

"ဒါဆို နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ နင် ငါ့ဆီလာတာပေါ့၊ အေး–နင်ရောက်လာတာ အချိန်တော်ပဲ"

"ဟယ်လင် ဘယ်သွားတော့မလို့လဲဟင်၊ အိမ်ကိုပြန်တော့မလို့လား"

"အေး– ငါ့အိမ်ကို၊ ငါ့ရဲ့ နောက်ဆုံးအိမ်ကိုလေ"

"အို–မဟုတ်ဘူး။ မဟုတ်ဘူး"

ကျွန်မက မငိုမိအောင် ထိန်းချုပ်ရင်း စကားကိုရပ်ပစ်လိုက်သည်။ ဟယ်လင်က တစ်ချက် ချောင်းဆိုးလိုက်သည်။ သို့သော် ခပ်အုပ်အုပ်ဆိုးသဖြင့် သူနာပြုဆရာမနားသို့ မရောက်ခဲ့။ ယင်းနောက် သူမက လေသံဖြင့် ပြောသည်။

"ဂျိန်း၊ နင် ဖိနပ်မပါဘူး မဟုတ်လား၊ အောက်မှာ အေးတယ်၊ အပေါ်တက်၊ ငါ့ဘေးမှာ လာလှဲ"

ကျွန်မက သူပြောသည့်အတိုင်း သူ့ဘေးတွင် လှဲလိုက်သည်။ သူက ကျွန်မကို သိုင်းဖက်လျက်ထားသည်။ ထို့နောက် လေသံဖြင့်ပင် ဆက်ပြောသည်။

"ဂျိန်း–ငါဝမ်းသာတယ်၊ ငါသေတော့မယ်လို့ ပြောလိုက်တဲ့အခါ နင် ဝမ်းမနည်းနဲ့ သိလား။ တကယ်တော့ ဝမ်းနည်းဖို့ အကြောင်း ဘာမှမရှိဘူး။ တို့တစ်တွေ တစ်နေ့ သေကြရမှာပဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့အတွက် ငါ ဒုက္ခက လွတ်မြောက်တာပေါ့၊ ငါ့အဖို့ ရှေ့ဆက် အသက်ရှင်နေလို့လည်း မထူးတော့ဘူး။ အပြစ်သာ တစ်မျိုးပြီးတစ်မျိုး ဖြစ်နေမှာပဲ"

"ဟယ်လင်၊ ရှင်–ဘယ်ကိုသွားမှာလဲ၊ သိကော သိလား"

"အေး– ငါ ဘယ်ကိုသွားရမယ်ဆိုတာ သိတယ်၊ ငါ့မှာ ဘုရားရှိတယ်၊ ငါ ဘုရားသခင်ဆီပဲ သွားမယ်"

ကျွန်မမှာ ဘုရားသခင်ဟူသည်ကိုလည်း မသိ။ ဘုရားသခင် ဘယ်မှာရှိသည်ကိုလည်း မသိ။ ဟယ်လင်ကိုသာ တိုး၍ဖက်ထားမိသည်။

ချက်ချင်းပင် သူမက အချိုသာဆုံး စကားသံဖြင့် ပြောသည်။

"ဂျိန်း– ငါလေ သိပ်ကို အားရှိသွားတာပဲ၊ နင်ရှိနေရင် ငါ အိပ်လို့ရနိုင်တယ်၊ နင် ဘယ်မှထွက်မသွားနဲ့နော်၊ ငါ့အနားမှာပဲ နေ"

"အို– အချစ်ဆုံး ဟယ်လင်ရယ်၊ ကျွန်မ ရှင့်အနားမှာပဲ ရှိနေမယ်၊ စိတ်ချ"

"နင် မချမ်းဘူးလား"

"ဟင့်အင်း။ မချမ်းပါဘူး"

"ကောင်းသော ညပါကွယ် ဂျိန်း"

"ကောင်းသောညပါ ဟယ်လင်"

ကျွန်မတို့ တစ်လှည့်စီ မွှေးမွှေးပေးကြသည်။ နောက်မကြာမီ ကျွန်မတို့ နှစ်ယောက်လုံး အိပ်ပျော်သွားသည်။ ကျွန်မ နိုးသည့်အချိန်တွင် နေကောင်းစွာပွင့်နေပြီ။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကျွန်မ နိုးခဲ့ခြင်းဖြစ်သည်။ စင်စစ် သူနာပြုဆရာမက ကျွန်မကို ပွေ့ချီခေါ်သွားခဲ့သည်သာ။

ကျွန်မကို ကျွန်မ၏ အိပ်ရာပေါ်ပြန်ချ

ပေးသည်။ ဆုပွဲကြိုမ်းမောင်းခြင်းလည်းမပြုဘာကြောင့် သွားတွေ့ကြောင်းကိုလည်း မမေး။ နောက်မှ ကျွန်မသိရသည်မှာ မစ်(စ်)တင်ပယ်လ်သည် သူမအခန်းသို့ အရုဏ်တက်လာမှ ပြန်ရောက်ကြောင်းနှင့် ကျွန်မက ဟယ်လင့်ကို ဖက်လျက်အိပ်ပျော်နေကြောင်း။ ဟယ်လင်မှာ ယင်းညကပင် သေဆုံးခဲ့ကြောင်းဟူ၍ ဖြစ်သည်။

### အခန်း(၈)

ယခုအထိ ကျွန်မ၏ အစောပိုင်းဘဝအကြောင်းကို အသေးစိတ်နိုင်သမျှ စိတ်၌ တင်ပြခဲ့ပါသည်။ နောက်ပိုင်း ၈ နှစ်ကြာမျှ လိုဝုဒ်ကျောင်းတွင် နေထိုင်ခဲ့ရသည်နှင့် ပတ်သက်၍မူ ကျွန်မ အသေးစိတ်မရေးတော့။ ထူးခြားသည့် အချို့အချက်အလက်များကိုသာ ဖော်ပြသွားပါမည်။

ကျွန်မတို့ကျောင်းကို တိုက်ဖွိုက်ရောဂါက အဆိုးဝါးဆုံးဖြစ်ပွားပြီးနောက် လိုဝုဒ်ကျောင်း၏ အခြေအနေကို အများပြည်သူက စိတ်ဝင်စားလာခဲ့ကြသည်။ အစားဆင်းရဲသည့် ကိစ္စ၊ ရေမသန့်မှု၊ နေရောင်ကောင်းစွာ မရမှု အခြေအနေ စသည်ဖြင့် ကျန်းမာရေးနှင့် မညီကြောင်း၊ တွေ့လာကြသည်။ သို့ဖြင့် မစ္စတာ ဘရောက်ကယ်ဟတ်စ်၏ အုပ်ချုပ်မှုအောက်မှသည် ကော်မတီတစ်ရပ်၏ အုပ်ချုပ်မှုအောက်သို့ ရောက်ခဲ့သည်။ အစားအသောက်ကိုလည်း စနစ်တကျ ကျွေးလာသည်။ အဝတ်အထည်ကိုလည်း လုံလုံလောက်လောက် ထုတ်ပေးလာသည်။ တဖြည်းဖြည်းနှင့် စာသင်ကျောင်းနှင့် ပိုတူလာသည်။ ဤကျောင်းတွင်ပင် ကျွန်မသည် ၆ နှစ်တာမျှ ပညာ ဆက်လက်ဆည်းပူးခဲ့ပြီး ကျောင်းဆရာမအဖြစ် ၂နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ငင်းနောက် တစ်ရက်တွင် မစ်(စ်)တင်ပယ်လ် အိမ်ထောင်ကျပြီး ကျောင်းမှ အလုပ်ထွက်သွားရာ လိုဝုဒ်တွင် ကျွန်မ မပျော်ပိုက်နိုင်တော့ပေ။ ကျွန်မအဖို့ သူပင် အမေ၊ သူပင် ဆရာ၊ သူပင် အပေါင်းအသင်းဟူ၍ တွယ်တာနေခဲ့ရာမှ သူထွက်သွားသည်နှင့် တွယ်ရာမဲ့သွားသလို ခံစားမိသည်။

မစ်(စ်)တင်ပယ်လ်၏မင်္ဂလာလက်ထပ်ပွဲ ကျင်းပသည့်နေ့က နေ့တစ်ဝက် အနားရခဲ့သည်။ သူမ၏ ခင်ပွန်းနှင့်အတူ သူမထွက်ခွာသွားသည်ကို နှုတ်ဆက်ပြီးနောက် ကျွန်မ အခန်းတွင်းအောင်းခဲ့သည်။ ပြတင်းတံခါးကိုဖွင့်လျက် ပတ်ဝန်းကျင်းကို ရှုစားမိသည်။ ပထမတွင် ကျောင်းအဆောက်အအုံများ။ ထို့နောက် ဥယျာဉ်၊ ဆက်စပ်နေသောရွာကလေး။ ယင်းနောက် မိုးကုပ်စက်ဝိုင်းဆီမှ ကျွန်မ လွမ်းမောခဲ့ရသော တောင်စဉ်တောင်တန်းများကို တွေ့ရသည်။

ကျွန်မဘဝသည် နှစ်ပေါင်းများစွာ လိုဝုဒ်ကျောင်းတွင် အချိန်ကုန်ခဲ့ရသဖြင့် ရရှိ



**ကျွန်မအဖို့**

**သူပင် အမေ၊**

**သူပင် ဆရာ၊**

**သူပင် အပေါင်းအသင်း**

**ဟူ၍ တွယ်တာနေခဲ့ရာမှ**

**သူထွက်သွားသည်နှင့်**

**တွယ်ရာမဲ့သွားသလို**

**ခံစားမိသည်**

ခဲ့သော အတွေ့အကြုံမှာလည်း ကျောင်းစည်းကမ်းနှင့် ကျောင်းစနစ်များအတွင်းမှာသာ ဖြစ်ခဲ့သည်။ ယခုမှ ကမ္ဘာလောကကြီး ကျယ်ပြောကြောင်း၊ စိတ်ဝင်စားစရာကောင်းကြောင်း သတိပြုမိသည်။

ဘောင်၊ စည်းမျဉ်း၊ ကန့်သတ်ချက်များကို မလိုလားတော့။ လွတ်မြောက်ချင်သည်၊ ဝန်းကျင်အသစ်ကို တိုးဝင်ချင်သည်။ ၈ နှစ်တာမျှ နေထွက်မှနေဝင် ပုံမှန်လှုပ်ရှားနေရခြင်းကို ငြီးငွေ့လာသည်။ သို့ဖြင့် သတင်းစာထဲတွင် ကြော်ငြာရန် ဆုံးဖြတ်ချက် ချမိသည်။

နောက်တစ်နေ့ အိပ်ရာထ၊ ခေါင်းလောင်း မထိုးမီ အိပ်ရာမှထနှင့်သည်။ ခေါင်းလောင်းသံကြားချိန်တွင် အောက်ပါကြော်ငြာကို ကျွန်မ ရေးပြီးနေပြီ။

''အတွေ့အကြုံရှိသည့် ကျောင်းဆရာမ တစ်ဦး၊ အသက်၁၄နှစ်အောက် ကလေးငယ်များရှိသော မိသားစုအတွင်း အလုပ်လုပ်လိုသည်။ အင်္ဂလိပ်စာ၊ ပြင်သစ်စာ၊ ပုံဆွဲနှင့် ဂီတကို ကောင်းစွာသင်ကြားပေးနိုင်သည်။ ဆက်သွယ်ရန်လိပ်စာ–ဂျေ အီး၊ တစ်ဆင့် မြို့နယ်စာတိုက်၊ လိုတန်''

ကြော်ငြာထည့်ပြီးနောက် စောင့်မျှော်ရသော သီတင်းပတ်ကာလသည် ကြာညောင်းလွန်းသည်ဟု ကျွန်မထင်မိသည်။ ပထမတွင် ''လိုတန်''စာတိုက်မှ ခေါ်စာရောက်အောင် တစ်ပတ်စောင့်မည်ဟု ရည်ရွယ်ထားသော်လည်း ဆန္ဒစောနေသဖြင့် တစ်ညနေ အားချိန်ရသည်နှင့် ကျောင်းမှ နှစ်မိုင်ဝေးသော စာတိုက်သို့ လမ်းလျှောက်ထွက်လာခဲ့မိသည်။ ကံအားလျော်စွာပင် ကျွန်မအတွက် စာတစ်စောင် ရောက်နှင့်နေသည်။

စာကို ကမန်းကတန်းယူပြီး ကျောင်းသို့ အမြန်ပြန်ခဲ့သည်။ ယနေ့ည ကျွန်မ တာဝန်ချိန်ဖြစ်သည်။ ညစာကြည့်ချိန် ကျောင်းသူများနှင့် အတူရှိနေရမည်၊ ဆုတောင်းစာ ရွတ်ရမည်။ ကလေးများ အိပ်ရာဝင်သည်အထိ စောင့်ရှောက်ကြီးကြပ်ပေးရမည်။ ဤလို တာဝန်ကျသည့်နေ့မျိုးတွင် အားချိန်ဟူ၍ အနည်းငယ်မျှသာ။

နောက်ဆုံး ကျွန်မ အိပ်ရာပေါ်ရောက်တော့မှပင် စာကို ဖောက်ဖတ်ဖြစ်တော့သည်။ စာမှာ တိုတိုပင်–



**ယခု**
**ကျွန်မရောက်နေသည့်**
**လိုဝုဒ်နှင့်စာလျှင်**
**မီးလ်ကုတ်က**
**လန်ဒန်နှင့် ပို၍နီးသည်။**
**"သွန်ဖီးလ်"ဆိုသော**
**အရပ်ဒေသမှာမူ**
**မြို့ပြင်ဘက်တစ်နေရာတွင်**
**ဖြစ်နိုင်သည်**

''အကယ်၍ မစ်(စ်)ဂျေအီးက အကျင့်စာရိတ္တနှင့် အရည်အချင်းအတွက် ကျေနပ်လောက်သော ထောက်ခံချက်ပေးနိုင်လျှင် ၁၀ နှစ်အောက် မိန်းကလေးတစ်ယောက်ကို တာဝန်ယူသင်ကြားပေးရန်အတွက် အလုပ်ပေးလိုသည်။ လစာအဖြစ် တစ်နှစ်လျှင် ပေါင်သုံးဆယ်။ (ထိုစဉ်က ပေါင်သုံးဆယ်သည် များစွာ တန်ဖိုးရှိသည်။) နေရေးစားရေး တာဝန်ယူသည်။ ဂျေ၊ အီး၏ အမည်၊ လိပ်စာ၊ ကိုယ်ရေးအချက်အလက် အပြည့်အစုံနှင့် ထောက်ခံစာပါ ပူးတွဲလျက် အောက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။ မစ္စက်ဖယ်ယားဖက်စ်၊ သွန်ဖီးလ်ဟော၊ မီးလ်ကုတ်အနီး။''

ကျွန်မ စာကို ထပ်ခါထပ်ခါဖတ်သည်။ မစ္စက်ဖယ်ယားဖက်စ်ဆိုသည့် အဘွားကြီးကို စိတ်ထဲမှမြင်ယောင်ကြည့်သည်။ ''မီးလ်ကုတ်''မြို့ကို ကျွန်မသိသည်ထင်သည်။ လန်ဒန်နှင့် မိုင် ၇၀ ခန့်သာဝေးသည်။ ယခု ကျွန်မရောက်နေသည့် လိုဝုဒ်နှင့်စာလျှင် မီးလ်ကုတ်က လန်ဒန်နှင့် ပို၍နီးသည်။ ''သွန်ဖီးလ်''ဆိုသော အရပ်ဒေသမှာမူ မြို့ပြင်ဘက်တစ်နေရာတွင် ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်မအဖို့ တစ်စုံတစ်ရာသော အပြောင်းအလဲဖြစ်မည်။

နောက်တစ်နေ့တွင် ဆောင်ရွက်ရန် ရှိသည်များကို ဇယ်ဆက်သလို ဆောင်ရွက်ခဲ့ရသည်။ ကော်မတီသို့ အလုပ်မှ နုတ်ထွက်ကြောင်း စာတင်ရသည်။ ထောက်ခံချက်ကိုလည်း တောင်းခံခဲ့သည်။ အသစ်ရောက်ရှိလာသော ကျောင်းအုပ်ဆရာမကြီးအား ကျွန်မ၏လက်ရှိလစာငွေထက် နှစ်ဆပေးသော လုပ်ငန်းသစ်အကြောင်းကို ပြောပြရာ ဆရာမကြီးက သူမ တတ်နိုင်သမျှ အကူအညီပေးသွားမည်ဖြစ်ကြောင်း ဝမ်းသာစကားဆိုသည်။ ကျွန်မမှာ အသက် ၂၀–နှစ် မပြည့်သေးသဖြင့် ကျောင်းဝင်အုပ်ထိန်းသူ မစ္စက်ရိဒ်ထံသို့ ခွင့်ပြုချက်တောင်းရသေးသည်။ မစ္စက်ရိဒ်၏ ပြန်ကြားချက်မှာ တိုတိုရှင်းလှသည်၊ ကျွန်မ နှစ်သက်သလို လုပ်နိုင်ကြောင်း ကျွန်မ၏ ကိုယ်ရေးကိုယ်တာ ကိစ္စတွင် သူမ ဝင်မစွက်သည်မှာ ကြာပြီဖြစ်ကြောင်း ရေးခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်**
**မောင်သီဟ**

# ကြော်ငြာများဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

**ဆက်သွယ်ရန်လိပ်စာ**

City Magazine

**ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။**

Ph - 0973091587, 09421112979